www.burmeseclassic.com



နုနုရည်အင်းဝ

# နှစ်ဆယ့်ရှစ်နှစ်ရှိပြီဖြစ်တဲ့ မိန်းမတစ်ယောက်

(ဒုတိယအကြိမ်)

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို

နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄)ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော

နိုင်ငံတော်သစ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄)ရပ်**

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့်

အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍

စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်

နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄)ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ

အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အသက်မပါဘဲ မွေးဖွားလာတယ်ဆိုလို့
စွန့်ပစ်ခံခဲ့ရတဲ့ ကလေးတစ်ယောက်ကို
စာရေးဆရာ ဖြစ်ခွင့်ပေးခဲ့တဲ့ ...
ချစ်မေကြီး အမေကြီး သို့ ...

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

- ပုံနှိပ်ခြင်း - ဒုတိယအကြိမ်၊ စက်တင်ဘာ ၂၀၁၂
- အုပ်ရေ - ၅၀၀
- မျက်နှာဖုံးပန်းချီ - ဘိုဘော
- မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးဉာဏ်လှိုင်(၀၅၂၅၃)
  မျှော်တလှုပုံနှိပ်တိုက်
  အမှတ်(၁၁၁၀)၊ ရွှေတောင်ကြား(၅)လမ်း
  ၆၃ ရပ်ကွက်၊ ဒက်ခွင်ရုန်၊ တောင်ဒဂုံ၊
  ရန်ကုန်မြို့။
- ထုတ်ဝေသူ - ဦးချစ်ညွန့်(ဇင်ရတနာစာပေ)
  အမှတ်(၂၀၅)၊ က/၄ လမ်း၊
  မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊
  ရန်ကုန်မြို့။
- အစီအမြဲ - နဒီလှိုင်ကွန်ပျူတာစာစီ
- ပလင် - (Sunn Scangraphics)
- ဖြန့်ချိရေး - မျှော်တလှုစာပေ
  အမှတ် ၂၁၈၊ ၃၇ လမ်း(အထက်)၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်း-၂၄၆၂၆၉
- တန်ဖိုး - ၄၅၀၀ ကျပ်

BURMESE CLASSIC

ကဆုန်လရဲ့ စနေနေ့မနက် အရုဏ်ဦးဟာ ပူလောင်ခြောက်သွေ့ တိတ်ဆိတ်လို့ နေတယ်။

သစ်ရွက်လေးတစ်ရွက်မှ မလှုပ်ခတ်အောင် လေကလဲ ငြိမ်သက်လွန်းတယ်။ စိမ်းညို့အုံ့ဆိုင်းနေတဲ့ မန်ကျည်းပင် အုပ်အုပ်အောက်က နှစ်ထပ်အိမ် မည်းမည်းကြီးရဲ့ အောက်ထပ် နောက်ဖေး အခန်းဆွယ်ထဲကနေ ဝင်ဝင်ပန်းပန်း နာနာကျင်ကျင် ညည်းညူသံသဲ့သဲ့ ပျံ့လွင့်လာတယ်။

မွေးလူနာမိန်းမရဲ့ အားအင်ကုန်ခမ်းစပြုလာတဲ့ အခြေအနေကို စိုးရိမ်တကြီးကြည့်နေတဲ့ သူနာပြုဆရာမ ဝဝကြီးက အိန္ဒိယတိုင်းရင်းသား ဆရာဝန်ကြီးရဲ့ မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်တယ်။ ပြီးတော့ အိမ်အောက်ထပ်ပြည့်နီးပါး မအိပ်မနေ ထိုင်စောင့်နေကြတဲ့ မွေးလူနာရဲ့ မိဘဆွေမျိုးတွေကို ကြည့်တယ်။ မိန်းမတချို့ရဲ့ မျက်နှာမှာ မျက်ရည်စတွေနဲ့။

ရုတ်တရက်အိမ်ပြင်ဘက် မန်ကျည်းပင်အုပ်ဆီက "ဂီ" ခနဲ ငှက်တစ်ကောင် မြည်သံနဲ့အတူ မိန်းမအချို့ အထိတ်တလန့် လှုပ်ရှားသွားပြီး "ဖွဟဲ့" "ဆိုတဲ့ အသံတွေ ပြိုင်တူထွက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊ ယော စာမနာပေါ သကုဏဿ သဒ္ဒေါ။ ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊ ဗုဒ္ဓါနုဘာဝေန ဝိနာသမေန္တု။ အကြင်မကောင်းသော ငှက်ယုတ်ငှက်ဝါ မြည်လာခွေးအ ထိုမှအထူး တစ်တီတူးက လန့်စိုးရွံ့ထိတ် စိတ်မသန့်ဖွယ် ကျယ်ကျယ်လောင်လောင် ထက်ခေါင်အိမ်မိုး ဝင်တိုးပျံသန်း ငှက်သရမ်းက စသည်အပေါင်း မကောင်းသော ငှက်ဆိုးတို့၏ အော်မြည်သံသည် လည်းကောင်း၊ နေခြည်ထိရောက် နှင်းရည်ပေါက်သို့ သွေ့ခြောက်ပျက်ပြယ် ရှောင်ခွာဖယ်၍ အန္တရာယ်မရောက် ကင်းစဉ်လွှင့်ပျောက်ပါစေသတည်း"

"အို ကျွတ် ကျွတ် အဖေတို့ အမေတို့ ကျွန်မကို မကယ်နိုင်ကြတော့ဘူးလား ဟင်"

မွေးလူနာရဲ့ တိုးယဲ့ယဲ့ အော်သံအဆုံးမှာ အိမ်အောက်ထပ် အပေါက်ဝမှာ ရပ်နေတဲ့ မွေးလူနာဖခင်၊ မြေးရဲ့ ဘိုးအေလောင်း အိမ်ပြင်ဘက်ကို ကပျာကယာထွက်သွားပြီး တဝေ့ဝေ့ အန်နေပြန်တယ်။ စိတ်ညစ် စိတ်ထိခိုက်ရင် အန်တတ်တဲ့ ဖခင်ရဲ့ ဒီနေ့ညအဖို့ ဘယ်နှစ်ကြိမ်မြောက်မှန်းမသိတဲ့ အော့အန်သံ။

"အမေ . . . အမေ . . . အို . . . အမေ"

"ဘုရား ကယ်တော်မူပါဘုရား၊ တပည့်တော်မ သမီးလေး ခံစားနေရတာ သုံးရက်တောင်ရှိပါပြီဘုရား၊ တပည့်တော်မ သမီးလေး မောလှပါပြီ၊ မြေးကလေးလဲ မွန်းလှရှာပါပြီ၊ အင်း ပရိတ္တံ ယံ ဘဏာမ ဿ၊ နိသိန္နဋ္ဌာနဓောဝနံ။ ဥဒကမ္ပိ ဝိနာသေတိ၊ သဗ္ဗမေဝ ပရိဿယံ။ သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ၊ ယဉ္စ သာဓေတိ တင်္ခဏေ။ ထေရဿ' င်္ဂုလိမာလဿ လောကနာထေန ဘာသိတံ။ ကပ္ပဋ္ဌာယိံ မဟာတေဇံ ပရိတ္တံ တံ ဘဏာမဟေ။"

အင်္ဂုလိမာလသုတ်ကို အဆက်မပြတ် ရွတ်ဖတ်ဆုတောင်းနေတဲ့ မွေးလူနာ မိခင်နားကနေ ဆရာဝန်ကြီးက ခပ်တည်တည် ဖြတ်ထွက်လာပြီး အော့အန်နေတဲ့ ဖခင်ကြီးနားမှာ ရပ်လိုက်တယ်။

"လူနာ သိပ်ကို အားနည်းနေပြီ၊ အခြေအနေ မကောင်းဘူး၊ ကလေးကို ကျွန်တော်တို့ ညှပ်ဆွဲမွေးမယ်၊ ဒါပေမယ့် မိခင်ရော ကလေးပါ မရှင်နိုင်ဘူး။



တစ်ယောက်ပဲ ရှင်မယ် ခင်ဗျားသဘောတူလား၊ မြန်မြန်ပြောပါ"

လက်ကိုင်ပဝါတစ်ထည်နဲ့ ပါးစပ်ကို ဆို့ပိတ်ထားတဲ့ မွေးလူနာဖခင် မျက်လုံးအစုံက ပြူးကျယ်ဝိုင်းစက်လာတယ်။

"ဘာပြောရမလဲခင်ဗျာ၊ ဆရာဝန်ကြီး ကောင်းမယ်ထင်သလိုသာ လုပ်ပါ၊ ကျွန်တော့်သမီးလေး ဒီတောင်ကဲကျော်နိုင်ဖို့ပါပဲ၊ ကလေးကတော့ . ."

"အိုကေ ခင်ဗျား သဘောတူတယ်နော်၊ ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားမယ်၊ လူကြီးအသက်ကို ကျွန်တော်တို့ ရအောင်ယူရမှာပဲ၊ ကလေးဟာ ညှပ်ဆွဲတဲ့ဒဏ်ကို ဘယ်လိုမှ ခံနိုင်မယ်မထင်ဘူး၊ အို ခင်ဗျားတို့ကို ကျွန်တော် ပြောတယ်နော်၊ ဆေးရုံမှာမွေးပါလို့၊ ဆေးရုံကို ခင်ဗျားတို့ အားကြီးကြောက်တယ်၊ အိုကေ ဒုန့်ဝါရီ"

ဆရာဝန်ကြီးက အိမ်အောက်ကို ခပ်သုတ်သုတ်ပြန်ဝင်သွားတာနဲ့ မွေးလူနာ့ရဲ့ ဖခင်ရဲ့ ဝေ့ါခနဲ အန်သံထွက်လာတယ်။

"ဘာတဲ့လဲဟင် ၊ ဘာတဲ့လဲ ပြောကြပါဦး၊ မမခင် ငါ့သမီးလေး နေတော့ဘူးတဲ့လား"

"အိုအေ့၊ မဟုတ်ပါဘူး ညီမရဲ့၊ ညှပ်နဲ့ ဆွဲမွေးမှာလို့ ဆရာမကြီးက ပြောတာ၊ လူကြီးအသက် ဘာမှ မဖြစ်စေရဘူးတဲ့၊ ကလေးကတော့ ဘယ်တတ်နိုင်မလဲအေ၊ မြေးဦး သားဦး စိတ်တော့ မကောင်းဘူးပေ့ါ၊ အင်္ဂုလိမာလသုတ် ရွတ်ပါအေ"

မွေးလူနာရဲ့ မိခင်ကြီးက မျက်လုံးကို မှိတ်ထားရင်း ခေါင်းကို ခါယမ်းနေတယ်။

"မမတင်ကလဲ တကယ်တော့ ကလေးအဖတ်မတင်တာဘဲ ကံကောင်းတယ်မှတ်ပါ၊ ဒီနေ့က စနေနေ့၊ သားဦး စနေကြီးရယ်"

"ဟုတ်ပါတယ် မမြတင်ရယ်၊ သားဦးစနေ မီးလိုမွှေတဲ့၊ ဒီကလေးက နိုင်မယ့်ကလေးပါ၊ ကဲ . . . ခုဆို မအေဘယ်လောက် ခံရသလဲ၊ သူ့ကိုယ်ဝန်လွယ်ထားရတုန်းကို ကြည့်ပါအေ၊ သူများနဲ့တူသလား၊ ပူလိုက်တဲ့ ကအနေ့လ၊ ညည်းသမီး သောက်ရေအိုး ဖက်နေရတာမဟုတ်လား"

မွေးခန်းထဲက မိန်းမတွေရဲ့ တီးတိုးနှစ်သိမ့်သံ၊ မိခင်ရဲ့ အင်္ဂုလိမာလ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



သုတ်ရွတ်ဖတ်သံတွေနဲ့အတူ မိုးလင်းငှက်လေးတွေ အသံစာစာ ညံလာခဲ့တယ်။ မိုးလင်းပြီ။ အိမ်ပေါ်ထပ် ရှေးနာရီကြီးက ငါးချက်တိတိ သံစုံရင့်ကျူးလိုက်တယ်။

"အမေ၊ အမေ . . . အမေ. . ."

မွေးလူနာ မိန်းမရဲ့အသံက ပိုပြီး အားပျော့ချည့်နဲ့လာသလို အင်္ဂလိမာလသုတ် ရွတ်ဖတ်သံက ပိုကျယ်လာတယ်။ အိမ်ပြင်ဘက်က တဝေါ့ဝေါ့ အန်သံကလဲ ပိုကျယ်လာတယ်။

နွေမနက်ခင်းရဲ့ စူးရှတောက်ပတဲ့ နေရောင်တွေလဲ လင်းလက်ဖြာကျလာခဲ့ပြီ။ ရှေးနာရီကြီးဆီက နာရီထိုးသံခြောက်ချက်တိတိ၊ မွေးလူနာ မိန်းမရဲ့ အမေဆိုတဲ့ လေသံလေးဟာ တစ်ချက်တစ်ချက်မှ အင်မတန် တိုးလျစွာ ထွက်လာနိုင်တော့တယ်။

"ခဏလေး၊ ခဏလေးပါ သမီးရယ်၊ အားလေးတင်းထားပါဦးကွယ်၊ ခဏလေးနေရင် အားလုံးကောင်းသွားမှာသိလား"

သူနာပြုဆရာမ ဝဝကြီးရဲ့အသံကသာ အခန်းထဲမှာ မင်းမူနေတယ်။ ဆရာဝန်ကြီးရဲ့ လက်အိတ်စွပ် လက်ထဲက ညှပ်ကြီးက မိခင်ရဲ့ အသက်ရှင်ရေး အတွက် ဘာမှ မသိနိုင်ရှာသေးတဲ့ ကလေးပေါက်စလေးကို မညှာမတာ အတင်း ဆွဲထုတ်နေတယ်။ အပြင်ရောက်ခါစ ခေါင်းကလေးကို တစ်ချက်၊ နှစ်ချက်၊ သုံးချက်။

နဖူးလေးပေါ်လာတော့ နဖူးလေးကို တစ်ချက်။

ပြီးတော့ မထင်ရှားသေးတဲ့ မျက်ခုံးလေးနားက နားထင်ကို တစ်ချက်။

ခေါင်းကိုတစ်ချက်။

"ဟော၊ ရပြီ၊ ရပြီ၊ မွေးပြီ မိန်းကလေး၊ သမီးလေး"

"အူဝဲ" ဆိုတဲ့ အသံစီစီလေး လုံးဝမကြားရတဲ့ မွေးဖွားခြင်းကို အော်ဟစ် ရင့်ကျူးလိုက်တဲ့ ဆရာမကြီးရဲ့ အမိပွါယ်မဲ့ ရင့်ကျူးသံအဆုံးမှာ မိခင်က "အမေ့" ဆိုတဲ့ အသံလေးတစ်ချက်ပေးပြီး မေ့မျောသွားခဲ့ပြီ။

"မေ့သွားပြီတဲ့၊ ခေါ်လို့မရတော့ဘူးတဲ့၊ လုပ်ကြပါဦး"

အားလုံး လှုပ်ရှားဆူညံပြီး မိခင်နားကို ဝိုင်းရံလိုက်ကြတဲ့အချိန်မှာပဲ သားဦးသမီးဦး မြေးဦးအတွက် ကြိုတင်ပြင်ဆင်ထားခဲ့တဲ့ ဖြူဖွေးသေးငယ်တဲ့



ခေါင်းအုံးအနီးခွေလေးတွေနဲ့ စကောအသစ်လေးထဲကို မွေးစသမီးငယ်လေး အောက်မသာ ပစ်ချခံလိုက်ရတယ်။

နဖူးဆံစ အလယ်တည့်တည့်မှာ ချိုင့်ဝင်နေတဲ့ ဒဏ်ရာ။ ခေါင်းထဲမှာ ချိုင့်ဝင်နေတဲ့ ဒဏ်ရာ၊ ပြီးတော့ နားထင်မှာ ချိုင့်ဝင်နေတဲ့ဒဏ်ရာဟာ ပိတ်နေတဲ့ မျက်လုံးလေး တစ်ဘက်ကိုပါ ရွဲ့စောင်းစေခဲ့တယ်။ အို . . အသေမွေးဖွား ခံရှာတဲ့ မိန်းကလေးပေပဲ။ ဘာကြောင့်များ ကြည့်ပျော်ရှုပျော် ဖြစ်စရာ ရှိပါသေးလဲကွယ်၊ ခဏနေရင် သူ့ကို စွန့်ပစ်လိုက်ကြတော့မယ်လေ။

ဒါပေမယ့် သတိမေ့မျောသွားတဲ့ မိခင်နားကို မသွားဘဲနဲ့ အားလုံးက ပစ်လျစ်လျူရှုလိုက်တဲ့ ကလေးသေလေးဆီကို တစ်စုံတစ်ယောက်ကတော့ အမြန်ဆုံး ချဉ်းကပ်လာခဲ့တယ်။ မြေးဦးကို ချစ်ကြင်သနားလှတဲ့ မြေးရဲ့ ဘွားအေလေ။ မြေးဦးအတွက် သူကိုယ်တိုင်ပြင်ဆင်ခဲ့တဲ့ စကောအသစ်လေး ထဲကနေ မြေးကလေးကို တယုတယ ပွေ့ယူလိုက်တယ်။ ချစ်မဝတဲ့ ပီတိအဟုန် နဲ့ ကြည့်လိုက်တဲ့ အဘွားမျက်နှာဟာ စိတ်ထိခိုက်စွာ မကြည့်ရက်နိုင်စွာ။

ဖြစ်ရလေ မြေးကလေးရယ်။ မြေးကလေး လွယ်ကူချောမောစွာ မွေးဖွားဖို့ အင်္ဂလိမာလသုတ်ကို စိတ်တင်းရွတ်ဖတ်နိုင်ခဲ့တဲ့ အဖွားမျက်လုံးအိမ် ထဲက မျက်ရည်တွေ တစ်ပေါက်ချင်း လိမ့်ဆင်းကျလာခဲ့တယ်။

ငြိမ်သက်အေးစက်ပြီး ဒဏ်ရာဒဏ်ချက်တွေနဲ့ ပြည့်နှက်နေတဲ့ မြေးကလေးမျက်နှာကို အသာအယာနမ်းရှိုက်တယ်။ ရွဲ့စောင်းနေတဲ့ ညာဘက် မျက်လုံးနဲ့ မျက်ခုံးလေးကို ကြည့်တယ်။ ဖြစ်ရလေကွယ်၊ သမီးလေးသာ အသက်ရှင်ခဲ့ရင် ဘယ်လောက်များ ရှက်ရှာလိုက်မလဲ။ ဟင့်အင်း . . .။မရှက်ရ ဘူး သေတာတောင် အဘွားရဲ့ မြေးကလေးမရှက်ရဘူး၊ သမီးလေး လှလှပပနဲ့ပဲ သေစေချင်တယ်။

အဘွားအိုဟာ သူ့လက်ဖဝါးပေါ်မှာ မြေးကလေးရဲ့ ခေါင်းကလေးကို တင်လိုက်ပြီးတဲ့ ခဏမှာပဲ သူ့ရဲ့ ကွမ်းနဲ့သင်းပျံ့ နီရဲစွတ်စိုနေတဲ့ လျှာကလေးဟာ မြေးလေးရဲ့ ညာဘက်မျက်လုံး ရွဲ့စောင်းလေးအပေါ်မှာ မရပ်မနား လှုပ်ရှား နေတော့တယ်။

အဘွားရဲ့ မေတ္တာအဟုန်နဲ့ ကလေးရဲ့ နုနယ်လွန်းတဲ့ အသားလေး

www.burmeseclassic.com



တွေ နေသားတကျ ဖြစ်ပါစေတော့ရယ်လို့ ဘွားအေခမျာ မျက်လုံးကလေးကို မနားမနေ လျှာနဲ့လျက်ပြီး ပင့်တင်လိုက်၊ နီရဲနုနယ်တဲ့ အသားလေးတွေ တဖြည်းဖြည်း ပြေပြစ်လာတာကို ကြည့်လိုက်နဲ့ ရှိတုန်းမှာပဲ ကလေးရဲ့ ဗိုက်ကလေးပေါ် ဖိထိန်းထားတဲ့ အဘွားရဲ့ ညာဘက်လက်မှာ ထိတ်ခနဲ ခံစားလိုက်ရတယ်။

နွေးကွေးညင်သာလှတဲ့ နှလုံးသားနုနုလေး လှုပ်ခုန်မှု။ ဘုရား၊ ဘုရား ဒါဟာ တကယ်ပဲလား။ လှုပ်ရှားတုန်ယင်လာတဲ့ အဘွားဟာ ချက်ချင်းပဲ မြေးကလေးကို ရင်ခွင်မှာကပ်ပြီး ရင်ဘတ်ကလေးပေါ်ကို နားတင်တယ်။ ညာဘက်နား၊ ဘယ်ဘက်နား၊ အဘွားနားဟာ ဘယ်တော့မှ အကြားမလွဲပါ။ အဘွားတကယ်ကြားနေရတာပါ။ မြေးကလေးရဲ့ နှလုံးသားလေး အချက်ကျ မှန်မှန်လှုပ်ခုန်နေတာကို အဘွားတကယ်ကြားနေရတာပါ။

"ဒေါ်ယု ဒေါ်ယု၊ မြန်မြန် မြန်မြန်၊ ကျွန်မ မြေးကလေး မသေဘူး၊ သူ့နှလုံး ခုန်နေတဲ့အသံ ကျွန်မကြားရတယ်၊ သူမသေသေးဘူး"

သတိရစပြုလာတဲ့ လူနာနားက ဆရာဝန်ကြီးက အသံကျယ်ကျယ်နဲ့ အဘွားကို ဒေါသတကြီးလှမ်းကြည့်တယ်။ အဘွားကတော့ ဘာကိုမှ ဂရုမစိုက်ပါ။

"လာစမ်းပါ ဒေါ်ယု၊ လုပ်စမ်းပါ၊ ကျွန်မ မြေးကလေးကို ငိုအောင် လုပ်စမ်းပါ"

သူနာပြုဆရာမ ဝဝကြီးက အဘွားနား အမြန်ရောက်လာပြီး "တိုးတိုး မအော်ရဘူး" လို့ ကျိတ်မာန်လိုက်ပြီး အဘွားဆီက ကလေးကို ဖျတ်ခနဲ ယူလိုက်တယ်။ ခြေထောက်လေး နှစ်ချောင်းကနေ ကိုင်ပြီး ဇောက်ထိုးဆွဲချ လိုက်တယ်။ အို . . . ဖြည်းဖြည်း ဖြည်းဖြည်း။ ခုန်နေတဲ့ နှလုံးလေး ရပ်သွား မှဖြင့်။ အဘွားအသက်မရှူနိုင်တော့ဘဲ ကလေးဆီကိုသာ စူးစူးစိုက်စိုက်။

ဇောက်ထိုးဆွဲကိုင်ထားတဲ့ ကလေးရဲ့ ကျောကို သူနာပြုဆရာမကြီးက ခပ်ဆဆလေး ရိုက်တယ်။ နှစ်ချက်၊ သုံးချက်၊ လေးချက်၊ "အဲ့ . . . တဲ့"။ ဘုရား ရေ ဒီတစ်ခါ အဘွားနားဟာ အကြားလွဲတာလို့ပဲ ထင်ရလေတော့မလား။

"ရေချိုးဖို့ ဘယ်မလဲ၊ ပေးစမ်း ပေးစမ်း"



ရေချိုးဇလုံထဲမှာ မြေးကလေးကို ထည့်လိုက်ပြီ။

အူဝဲ အူဝဲ အူဝဲ တဲ့။

ဒီအသံ စီစီလေးဟာ အဘွားအတွက်တော့ ကမ္ဘာပေါ်မှာ အစူးရှဆုံး၊ ...ကျယ်လောင်ဆုံး၊ အချိုသာဆုံး၊ ကျက်သရေမင်္ဂလာနဲ့ အပြည့်စုံဆုံး အသံ။

ဖြူဖွေးတဲ့ အနှီးထုပ်ထဲကနေ ခြေကလန် လက်ကလန်နဲ့ အားယူ ...ုပ်ရှားနေတဲ့ မိန်းကလေးငယ်လေးရဲ့ အပြစ်ကင်းစင် ပြူးကျယ်ဝိုင်းစက်နေတဲ့ ညာဘက်မျက်လုံးလေးကို မယုံနိုင်သလို အဘွားကြည့်တယ်။ ပြီးတော့ ရှိုက်ကြီး ...ငင် ငိုချလိုက်တော့တယ်။

"ဘုရား ဘုရား မြေးကလေးရယ်၊ ဒါဟာ တကယ်ပဲလားကွယ်"

...တယ်ပဲ။ ၁၉၅၇ ခု၊ မေလ ဆယ့်ရှစ်ရက်၊ ၁၃၁၉-ခု၊ ကဆုန်လပြည့် ...ျော်ငါးရက်၊ စနေနေ့၊ မနက် ခြောက်နာရီခွဲတိတိမှာ ငယ်နာမည် "ညှပ်ကြီး"၊ ...တာနာမည် "နွဲ့နွဲ့ကြည်"၊ ကြီးနာမည် "နှင်းနှင်းဦး" ဆိုတဲ့ မိန်းကလေး ...ယ်လေးတစ်ယောက် ကမ္ဘာလောကကြီးမှာ အသက်ရှင်နေထိုင်ခွင့်ရရှိခဲ့ပါ တယ်။

"ကျွန်တော်ရဲ့ ကလေးဘဝကတော့ တခြားသူလို ငါလို ကလေး ဘဝတွေလိုပဲ ...ပါဗျာ၊ သိပ်ထူးထူးခြားခြားတော့ မရှိလှပါဘူး" လို့ "ချူတေး" ပြောခဲ့သလိုပါပဲ။

www.burmeseclassic.com



ကျွန်မ မမှတ်မိတဲ့ မွေးစကနေ ကျောင်းမနေခင်ထိ ငယ်ဘဝများဟာ ဘိုးအေ ဘွားအေများရဲ့ အစွမ်းကုန်အကြွင်းမဲ့ အလိုလိုက်ခံရပြီး အင်မတန် ဆိုးသွမ်းတတ်တဲ့ မြေးဦးတွေရဲ့ ဘဝမျိုးပါပဲ။

# ၁၉၆၂-ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

သမီးကို မွေးမွေးချင်းပဲ ဘဘနဲ့ မကြီးက မွေးစားလိုက်တာပေါ့။ သားဦးစနေ၊ နေတက်ဖွားဆိုတာ မိဘကို ခိုက်တတ်တယ်လို့ ပြောတာကိုး။ သမီး 'ဘ'ကတော့ အယုံအကြည်မရှိပါဘူး။ ငါ့မြေးကို ငါချစ်လို့ မွေးစားတာတဲ့။ မီးဖွင်းထဲမှာ သမီးကို ဓားထမ်းပြီး ကျော်နိုင်းတာတောင် မကျော်ဘူး။ သူ့မြေး ကို နာမ်နှိမ်ရမလားဆိုပြီး ဒေါတွေပွလို့။ ငါ့မြေး ထက်ချင်သလောက် ထက်စမ်း၊ ဦလဲ ခိုက်ချင်သလောက် ခိုက်စမ်းဟေ့တဲ့။

သမီး တစ်လပြည့်လို့ ပုခက်တင်လုပ်ခါနီး သူထိုးထားတဲ့ထီက တစ်သောင်းဆုပေါက်တော့ သူမှာ လူတကာကိုလှည့်ပြီး ဘယ်နှယ့်ရှိစ၊ စနေသမီး ခိုက်တယ်ဆိုဗျ၊ ဘယ်နှယ့်ရှိစနဲ့၊ သမီးပုခက်တင်ကို အကြီးအကျယ်လုပ်တာပဲ၊ ဘုန်းကြီးဆွမ်းကပ်ပြီး လူတွေကို ကြာဆန်တိုက်တာ၊ ကြာဆန်ငါးဒယ်ကုန်တယ်၊ သမီးပုခက်ကိုလဲ 'ဘ'ကိုယ်တိုင် မန္တလေးသွားဝယ်တာ၊ ကူးတို့ဆိပ်ကနေ အိမ်အထိ သူကိုယ်တိုင်ထမ်းလာတာ။ ဘယ်သူမှ လိုက်ပို့လို့ မရဘူး။

www.burmeseclassic.com

www.burmeseclassic.com



"သမီးကိုမွေးတုန်းက ဖေဖေက ဘာလို့မရှိတာလဲ"

"သူက အထက်သွားနေတာလေ။ သူ့အဖေတွေ အမေတွေနဲ့ပေါ့။ မေကြီးတုတို့၊ ဖေကြီးတင်တို့နဲ့လေ။ ကြိမ်တွေ၊ သင်တွေ၊ ဝါးတွေသွားဝယ်တာ၊ သမီးအဖေက သားကြီးဆိုတော့ သူက ဦးစီးလုပ်ရတာပေါ့။ သမီးအမေကိုတောင် အမေကြီးတို့က မထည့်နိုင်လို့ လိုက်မသွားတာ။ သမီးအဖေ ပြန်လာတော့ သမီး ဆယ်ရက်ရနေပြီ။ သမီးက တော်တော်လည်တယ်။ မချိုတတ် ချိုတတ်နဲ့ ဖအေက ပွေ့ပြီးနမ်းတော့ ငိုလိုက်တာ။ သူ့ဘိုးအေ လက်ထဲကျတော့ ငြိမ်လို့၊ စကားပြောတတ်စ ပထမဆုံး စခေါ်တာကလဲ 'ဘ'တဲ့။ ပြီးမှ မေကြီး၊ အဖေ အမေခေါ်တာ၊ ဘိုးအေကလဲ သဲပဲ့တော်။ သူ့မြေးကို တစ်ချက် အငိုမခံဘူး။ သူ့မြေးက 'အဲ့'ခနဲ တစ်ချက်ဖြစ်တာနဲ့ အိမ်ရှိလူကုန်၊ ဘယ်သူဖြစ်ဖြစ်၊ လုပ်လက်စအလုပ်၊ ဘာကြီးပဲဖြစ်ဖြစ်ချထားခဲ့ပြီး ကလေးနား သွားရမယ်တဲ့။ သမီးအမေဆို သမီးနားမနေဘဲ အိမ်အလုပ်တွေ ခိုးလုပ်ရပါ့မလားဆိုပြီး ခဏခဏ အော်ခံရတာပေါ့။ သမီး 'ဘ'က အလိုလိုက်လွန်းလို့လား မသိပါဘူး၊ သမီးကလဲ သိပ်ဆိုးတာပဲ"

"သမီးက ဘာဆိုးလို့လဲ"

"ဆိုးတာပေါ့၊ သမီးက သိပ်ကိုဆိုးတာ၊ ဟောဒီ အင်းဝ၊ တံတားဦး တစ်နယ်လုံးမှာ ခင်ဗျားမြေးလောက် ဆိုးတာတော့ မတွေ့ဖူးသေးပါဘူးဗျာလို့ သမီး'ဘ'မိတ်ဆွေတွေက အမြဲပြောကြတယ်။ စိတ်ကလဲ ကြီးလိုက်တာ မပြောနဲ့တော့။ ထစ်ခနဲဆို သူ့စိတ်အလိုမကျရင် တွေ့ရာနေရာမှာ ပစ်လှဲချလိုက်တာပဲ။ မြေကြီးပေါ်လဲ မရှောင်ဘူး။ ပြီးတော့ သူလုပ်ချင်တာ မလုပ်ရမချင်း၊ သူလိုချင်တာမရမချင်း အသံကုန်အော်ငိုပြီး ပစ်လှဲတဲ့နေရာမှာ လှိမ့်တော့တာပဲ။ တော်တော်နဲ့လဲ ချော့လို့ မရဘူး။ အံကြိတ်ပြီး ရှိုက်နေတာကိုက အကြာကြီး။ သမီးစိတ်အဆိုးဆုံးက သမီးကို အမေကြီးချီလာတဲ့အခါ "ဒါ. . မြေးလေးပေါ့ ဟုတ်လား' မေးရင် အမေကြီးက 'ဟုတ်တယ်' လို့ ပြောလိုက်တဲ့ အခါမျိုးပဲ။ အို. . . ဘာပြောကောင်းမလဲ ခါးပေါ်ကနေ လျှော့ချတဲ့ပြီး မြေကြီးပေါ် ပစ်လှဲတော့တာပဲ။ 'မဟုတ်ဘူး. . မဟုတ်ဘူး'ဆိုတာ ကို အသံပြာနေအောင်



အော်တော့တာပဲ။ အမေကြီးက အမြန် 'မဟုတ်ဘူးရှင့်၊ ဒါ ကျွန်မမြေး မဟုတ်ဘူး ကျွန်မသမီး၊ သမီးအငယ်ဆုံးလေးပါ၊ ကျွန်မ မေ့ပြောမိတာပါ' လို့ မေးတဲ့ သူကို ပြန်ပြောရတယ်။

သမီး သုံးနှစ်သမီးလောက်တုန်းကပေါ့။ ညည ဆိုလဲ သမီးက သိပ်ဒုက္ခပေးတာပဲ။ ညသန်းခေါင် တစ်အိမ်လုံး အိပ်ကောင်းနေတဲ့အချိန်ရောက် ပြီဆိုရင် ထငိုတော့တာပဲ။ ငိုရုံနဲ့လဲမပြီးသေးဘူး။ ငုတ်တုတ်ထထိုင်ပြီး လက်ညှိုး ကထိုးထိုးနဲ့ 'ရေဆိပ်၊ ရေဆိပ်သွားမယ်၊ ရေဆိပ်' နဲ့အော်တော့တာပဲ။ ဘာမှန်း သဲမသိဘူး။ ချော့လို့မရတော့ သမီးအမေက ဒေါသဖြစ်တယ်။ သမီးကလဲ 'ရေဆိပ်လိုက်ပို့၊ လိုက်ပို့' နဲ့မပြတ်အောင် အော်တာပဲ။ 'ဘ' နဲ့ 'မေကြီး' က ဘာလုပ်သလဲသိလား၊ မှန်အိမ်လေးထွန်းပြီး မေကြီးက နောက်ကမှန်အိမ်ကိုင်၊ ဘ က သမီးကိုချီပြီး အိမ်ကနေ တော်တော်ဝေးတဲ့ မြစ်ဆိပ်၊ ရေဆိပ်ကို သွားကြတယ်။ တစ်ရပ်ကွက်လုံးလဲ ငြိမ်လို့၊ မှောင်မည်းလို့။ မီးမရှိတဲ့အရပ်မှာ ညနက်သန်းခေါင် သွားရလာရတာ သိပ်ဆိုးတာ။ မြွေပါး ကင်းပါးကလဲ ကြောက်ရတယ်။ ပြီးတော့ သမီး 'ဘ' က မြွေကို အသေအလဲကြောက်တတ်တဲ့သူ၊ မြွေရုပ်မြင်တာတောင် လန့်ပြီးအော်တဲ့သူ။ ဒါပေမယ့် မြေးကို အလိုလိုက်ချင် တာနဲ့ မကြောက်ပေါင်တော်။ ရေနံဆီမှန်အိမ်အလင်း မှိတ်တုတ်လေးနဲ့ ရေဆိပ် ရောက်အောင်သွားတာပဲ။ ရေဆိပ်သွားတဲ့ တစ်လျှောက်လုံးမှာတော့ ခွေးမလေး တာ ငြိမ်နေတာပဲ။

ရေဆိပ်ရောက်လို့ မြစ်ကမ်းပါးထိပ်ရပ်ပြီး 'ကဲ ရောက်ပြီ။ ရေဆိပ်ကို သမီးဘာလုပ်ချင်လဲ' လို့ မေးရင်တော့ ဘုရားမီးတွေ လင်းလက်ထိန်ညီးနေတဲ့ စစ်ကိုင်းတောင်ရိုးဆီကို လက်ညှိုးထိုးပြတတ်တယ်။ 'အေး အေး သမီး၊ ဩကာ ဩကာလုပ်လိုက်' လို့ ပြောရင်လဲ ၊ အမယ်သေသေချာချာ ရှိခိုးလို့။ အဲဒါ သမီး'ဘ'က အိပ်ပျော်သွားအောင်လို့ ဘုရားစာတွေလဲရွတ်ရော 'ဝါး'ခနဲ အော်ငို ပြီး 'အိမ်ပြန်ပို့၊ အိမ်ပြန်ပို့'နဲ့ လုပ်တော့တာပဲ။ 'ကဲ ပြန်မယ် ပြန်မယ်' ဆိုပြီး အိမ်ပြန်လာ၊ အိမ်ပြန်ရောက်တာနဲ့ 'ရေဆိပ်ကို ၊ ရေဆိပ်ကို' နဲ့ လုပ်ပြန်ရော။ တစ်ခါပြန်သွားရပြန်ရော။ ဘနဲ့ မေကြီးလေ သမီးပြန်အိပ်မပျော်မချင်း အနည်း

www.burmeseclassic.com

www.burmeseclassic.com



ဆုံး သုံးခေါက်တော့ သွားရတယ်။ အဲဒါ တစ်ညတည်းမဟုတ်ဘူး။ ညတိုင်း။

သမီးက လူလဲလို့လဲမရဘူး။ သမီး အဖေ၊ အမေ၊ ဦးလေး၊ အဒေါ်တွေနဲ့လဲ မသွားဘူးတဲ့။ နောက်ရက်ညတွေကျတော့ ညဆယ့်နှစ်နာရီဆို မေကြီးတို့ တစ်အိမ်လုံးနဲ့ အိမ်နီးနားချင်းတွေ နိုးတော့တာပဲ။ အကျင့်ကိုဖြစ်လို့။ မှန်အိမ်ကို လဲ ညဦးကတည်းက ရေနံဆီတွေ ဘာတွေ သေချာထည့်ပြီး မှိန်ပြီးထွန်းထား။ မီးခြစ်တွေဘာတွေလဲ အဆင်သင့်လုပ်ထားရတယ်။ အဲလိုဖြစ်တာတော်တော် ကြာတယ်။ သမီး အဲဒီအကျင့်ပျောက်သွားတဲ့ညကများ သမီးအဒေါ်လေ 'ဝင့်ကျွတ်ပြီ၊ ဝင့်ကျွတ်ပြီ' ဆိုပြီး ထတောင်ကတယ်။ သူက အအိပ်မက် တယ်လေ။

'သမီးက အဲဒါပြီးတာနဲ့ လိမ္မာသွားတယ်များ မှတ်လို့လား။ သမီးအဒေါ်ပြောသလိုဆို 'ညဝင့်ပြီးတာနဲ့ နေ့ဝင့်လာပြန်ပြီဟေ့' တဲ့။ နေ့ခင်းဘက်ရေချိုးပြီးတာနဲ့ ဇာတ်လမ်းက စတော့တာပဲ။ သမီးအမေက ရှေးစကားပုံပြင်ကြိုက်တဲ့သမီးကို ဟိုပုံ ဒီပုံတွေ ပြောပြီး သနပ်ခါးလိမ်းပေးတဲ့ထိအကောင်း။ သနပ်ခါးလိမ်းပြီးလို့ အကျႌဝတ်တော့မယ်လဲဆိုရော သမီးဖောက်တော့တာပဲ။ မအေဝတ်ပေးတဲ့ အကျႌကို 'မဝတ်ဘူး' လုပ်တော့တာပဲ။ မအေက တစ်ထည်ပြီး တစ်ထည် ချော့ဝတ်လို့ မရတော့ စိတ်တိုပြီး သေတ္တာလိုက်ချပေးတယ်။ တစ်ခါတည်း သေတ္တာထဲက အကျႌတွေကို တစ်ထည်ပြီးတစ်ထည် ဆွဲချ၊ ဆွဲချ၊ လွှင့်ပစ်။ အဲ သေတ္တာထဲလဲ အကျႌကုန်ရော ထုံးစံအတိုင်း ကြမ်းပြင်ပေါ် ပစ်လှဲပြီး အော်ငို တာပဲ။ လှိမ့်တော့တာပဲ။ မျက်ရည်တွေ၊ နှပ်တွေနဲ့ သနပ်ခါးတွေလဲ အကုန်ပျက်။

'သမီးကိုချော့မော့ဖို့ နေ့တာဝန်ကို ထမ်းဆောင်ရတဲ့သူကတော့ သမီးဖေဖေလေ။ သမီး'ဘ'က အလုပ်သွားနေတော့ မရှိဘဲကိုး။ သမီးအဖေက သမီးကို ပွေ့ပြီးစက်ဘီးရှေ့ဘားတန်းမှာ ခေါင်းအုံးခွပြီးတင်။ ခါးကြားမှာ ဘောင်းဘီနဲ့အကျႌကို သမီးမမြင်အောင်ညှပ်ပြီး ခြေဦးတည့်ရာ စက်ဘီးလျှောက်စီးရတယ်။ ပါးစပ်ကလဲ ဟိုညောင်ပင်မှာ ရုက္ခစိုးရှိတဲ့အကြောင်း၊ အကျႌမဝတ်တဲ့ ကလေးကို ဘယ်လိုခြောက်လှန့်တတ်ကြောင်း၊ ဒီကုက္ကိုပင်မှာလဲ သရဲ



ကြီးရှိတဲ့အကြောင်း၊ ဘောင်းဘီမဝတ်ရင် အင်မတန်စိတ်ဆိုးတတ်ကြောင်းတွေကို ပြောပြီး အတော်ကြီးကြာလို့ သမီးငိုက်တော့မှ လမ်းဘေးတစ်နေရာမှာ ကော်ဘီးထိုးရုပ်၊ အကျႌဝတ်၊ ဘောင်းဘီဝတ်ပေးပြီးတော့မှ အိမ်ပြန်လာရတယ်။ အောက်ထဲကျမှ သနပ်ခါးတစ်ခါပြန်လိမ်းပေးရတယ်။ အဲဒီတုန်းက သမီးနေ့လယ်အိပ်ရာက နိုးလာတဲ့အခါ ပထမဆုံး အော်ခေါ်တတ်တာက 'ပေါပေါ' တဲ့။

'ပေါပေါဆိုတာ ဘယ်သူလဲ'

'ပေါပေါဆိုတာ သမီးဖေဖေ အထက်ကခေါ်လာတဲ့ 'တုပ်ပေါ' ဆိုတဲ့မောင်လေးလေ။ သမီးက 'တေးတေး'လို့ ခေါ်တဲ့ သမီးလေးလေးနဲ့ ရွယ်တူပေါ့။ သူက အထက်မှာဆင်းရဲရှာလွန်းလို့ သမီးဖေဖေတို့က ခေါ်လာခဲ့တာ။ သိပ်သဘော ကောင်းရှာတာ။ သမီးကိုလဲ 'အစီမ၊ အစီမ' နဲ့သိပ်ချစ်တာပဲ။ 'အစီမ' ဆိုတာ သူတို့အထက်မှာ ခေါ်သလိုခေါ်တာလေ။ သမီးအကြီးမိန်းကလေးကို ခေါ်တဲ့နာမည် တဲ့။ သမီးကလဲ သူ့ကျတော့ တော်တော်ခင်သား။ နောက်ပိုင်းနဲ့ နေ့ခင်းတစ်နေ့ခင်းလုံး အမေကြီးတို့၊ မေမေတို့ မအားတဲ့အချိန်သမီးကို သူက ထိန်းတာပေါ့။ သူက သမီးကို အမြဲတမ်း ပခုံးပေါ်ထမ်းပြီး ကစားတတ်တယ်။ သမီးကို ချီမြှောက်ပြီး ပခုံးပေါ် ပြန်ကျအောင်လုပ်ရင်သမီးက သိပ်သဘောကျတာကိုး။

သမီးစိတ်ထဲမှာ သူ့ကို နည်းနည်းမှတ်မိသလိုပဲ။ လှေကားထစ်ကြီးတွေကို သမီးက လူတစ်ယောက်ရဲ့ ပခုံးပေါ်ကနေပြီး ကြည့်တာ။ ပြီးတော့ လှေကားထစ်ကြီးတွေဘေးမှာ ဒန်းကြီးတွေရှိတယ်။ သမီးကို အဲဒီပေါ်တင်ပြီး ဆွဲပေးတယ်။

အဲဒါ မန္တလေးတောင်တက်တုန်းက သမီးရဲ့။ ဟုတ်တယ်။ တုပ်ပေါက မောင်ပေါ်ကို သမီးကို ပခုံးပေါ်ထမ်းပြီး တောက်လျှောက်ပြေးတာပဲ။ အဲဒီတုန်းက မန္တလေးတောင် စောင်းတန်းတွေဘေးမှာ ဒန်းကြီးတွေ ရှိတယ်လေ။

'နောက်ကျ ပေါပေါ ဘယ်ရောက်သွားလဲ'

'သမီး ဖေဖေတို့ အထက်တစ်ခေါက် ပြန်သွားတော့ သူ့ကို ခိုင်းဖို့ ပြန်ခေါ်သွားရတာပေါ့။ ငိုတယ်ဟေ့၊ သွားခါနီးမှာ သမီးကို နမ်းနမ်းပြီးတော့။

www.burmeseclassic.com

www.burmeseclassic.com



အမေကြီးတို့ကလဲ နင်ဆက်ဆက် ပြန်လိုက်လာခဲ့နော်လို့ မှာလိုက်တာပဲ။ ဒါပေမယ့် သူပြန်လိုက်မလာနိုင်တော့ဘူး။ သူမိန်းမရပြီး ဟိုမှာနေခဲ့ရော။ နောက်ပြီး 'ကိုတေနောင်' ကို မှတ်မိလား'

'ဦးတေနောင်ကြီးလေ'

'အေးလေ ဘယ်သူနဲ့မှ ခြောက်လို့ လှန့်လို့မရတဲ့ သမီးအကြောက်ဆုံး 'ဦးတေနောင်' ကြီးပေါ့။ ဘယ်လိုက ဘယ်လိုကြောက်သွားမှန်းမသိဘူး။ ကိုတေနောင်ရဲ့ 'ဟေ့' ဆိုတဲ့ အသံကြားတာနဲ့ သမီးက ငြိမ်ကုပ်သွားတော့တာပဲ။ သမီးအမေတို့ အဒေါ်တို့မှာ ကိုတေနောင်ကို ကျေးဇူးတင်လွန်းလို့။ ကိုတေနောင် အနားမရှိလဲ၊ သမီးဆိုးတိုင်း 'ဟင်း' ကိုတေနောင်နော်၊ ကိုတေနောင် လာပြီနော်' နဲ့ သူတို့မှာ ဆေးနည်းကောင်းရနေတော့တာပဲ။ သမီး'ဘ'ကတော့ သိပ်မကြိုက်ဘူး။ ကိုတေနောင်ကိုလဲ 'ဟေ့ကောင် တေနောင်၊ ငါ့မြေးကို လန့်အောင်လုပ်ရင်တော့ မင်းနဲ့ငါနဲ့ တွေ့မယ်နော်' လို့ ကြိမ်းတတ်တယ်။ ကိုတေနောင်ကတော့ တဟဲဟဲနဲ့ ရယ်နေရှာတာပါပဲ။

'သူ့ရယ်တာက ကြောက်စရာကြီး၊ သွားအနီကြီးတွေနဲ့ သမီးသူ့ကို သိပါတယ်။ မြို့သာက ကားစပယ်ယာကြီးလေ'

ကျွန်မ အမှတ်မိဆုံး လူတွေထဲ မှာ ဦးတေနောင်ကြီး ပါတယ်။ သိပ် အရုပ်ဆိုး ကြီး မဟုတ်ပေမယ့် ကွမ်းမပြတ် စားထားတဲ့သူ့သွားတွေက နီရဲပြီး ပါးစပ်တစ်ခု လုံးလဲ ကွမ်း သွေးတွေ ပေကျံ နေတတ်တယ်။ သူ့အသားကလဲ နီစပ်စပ်ကြီး။ ဘာလို့လဲ မသိဘူး။ အင်းဝနဲ့ (၂၄)မိုင်ဝေးတဲ့ မြို့သာကလူတွေ တော်တော် များများဟာ အသားမည်းကြပေမယ့် သူ့အသားကတော့ နီစပ်စပ်။ အသားလတ်လတ်ကို နေလောင်ထားတဲ့ အရောင်ပေါ့။ သူက ကားစပယ်ယာ ဆိုတော့ ကားနောက်မှာ အမြဲတွယ်လိုက်ရ တဲ့အတွက် သူ့တစ်ကိုယ်လုံးမှာ ချေးတွေနဲ့ အမြဲတမ်းဖွေးဖွေးလူးပ်နေတတ်တယ်။ ဆံပင်မှာ၊ မျက်လုံးမှာ၊ မျက်တောင်မွေးပေါ်မှာရော ဖုန်တွေတင်ပြီး မျောက်ဖြူ ကြီးလိုလို သရဲဖြူကြီး ဆိုလို့ သိပ်ကြောက်စရာကောင်းတာပဲ။

မြို့သာ ကားတွေကနေ့တိုင်း မန္တလေးကို သွားကြတယ်။ မန္တလေးသို့ သွားဖို့ ကျွန်မတို့ အင်းဝဆိပ်ကမ်းကနေ မြစ်ငယ် (ဒုဋ္ဌဝတီ) မြစ်ကို နှစ်ပင်းတွဲ မော်တော်ဖောင်နဲ့ ဖြတ်ပြီးကူးကြရတယ်။ အလှည့်စောင့်နေကြတဲ့ ကားတွေ၊

www.burmeseclassic.com

www.burmeseclassic.com



လှည်းတွေဟာ တစ်မျှော် တစ်ခေါ် သောင်ပြင်ကြီးပေါ်မှာ တစ်နေ့ တစ်နေ့ မနည်းဘူး။ တစ်ခါ တစ်လေ ကျွန်မတို့ အိမ်ရှေ့ထိတောင် ကားတန်း လှည်းတန်းကြီးက ရောက်လာတတ်တယ်။ ကူးတို့ဆိပ်အထက်နားမှာ ဆောက်ထားတဲ့ ကူးတို့အိမ်လေးထဲမှာ ကျွန်မ 'ဘ' ရဲ့ စာရေးခန်းလေး ရှိတယ်။ ကျွန်မရဲ့ 'ဘ' က ဆိပ်ကမ်းကူးတို့သူကြီးလေ။ 'ဘ'က အဲဒီစာရေးခန်းလေးထဲကနေ ကားတစ်စီး ဘယ်လောက်၊ လှည်းတစ်စီး ဘယ်လောက်၊ စက်ဘီးတစ်စီးဘယ်လောက်၊ နွားတစ်ကောင်ဘယ်လောက် ဆိုပြီး လက်မှတ်ဖြတ်၊ ပိုက်ဆံယူလိုက်၊ အပြင်ထွက် စီမံခန့်ခွဲလိုက်နဲ့ တစ်နေကုန် အလုပ်ရှုပ်နေတတ်တယ်။

မြို့သာနဲ့ အင်းဝကားလမ်းက အလွန်ဆိုးတဲ့ ဖုန်လမ်းမို့ မြို့သာ ကားပေါ်က လူတွေဆင်းလာရင် လူဖြူတွေ ဆင်းလာသလိုပဲ။ အားလုံး ဖုန်တွေနဲ့ ဖွေးဖွေးလှုပ်နေတယ်။

အဲဒီ လူဖြူဖြူတွေ ပါတဲ့ကား၊ အိမ်ရှေ့နားမှာ ထိုးဆိုက်လိုက်ပြီဆိုရင် ကျွန်မ အိမ်ပေါ်ကို အတင်းတက်ပြေးတော့တာပဲ။ အိမ်ပေါ်ကနေ လှမ်းမြင်ရင်လဲ အခန်းထဲ ဝင်ပုန်းနေတတ်တယ်။ ဒီလို လူဖြူဖြူတွေ ပါတဲ့ ကားတစ်စီးစီးမှာ ဦးတေနောင် အမြဲပါလာတတ်တယ်လေ။ သူပါလာရင် ကားဆိုက်ပြီးတာနဲ့ အိမ်ထဲကို ဘုန်းဘုန်း ဘုန်းဘုန်းနဲ့ ပြေးဝင်လာပါတယ်။

'ဟေး ဘိုးကျောက်မြေးရှိသလားဟေ့၊ ဘယ်သူ့မှ ဗိုလ်မထားဘူးဆိုတဲ့ ဘိုးကျောက်မြေးတော့ကွာ၊ လာခဲ့စမ်း'

သွားပြီ။ အဲဒီအသံဟာ ကျွန်မကို နေစရာမရှိအောင် ကြောက်လန့်တုန်ယင်စေပါတယ်။ ကျွန်မအသံမထွက်အောင် ကျိတ်ပြီး ငိုပါတယ်။ သူက အိမ်ပေါ်ကို တက်မလာလို့ တော်သေးတာပေါ့။ အဲဒီအချိန်မှာ ကျွန်မ တအား ကြောက်လန့်နေတာကို သဘောကျ ဝမ်းသာရွှင်မြူး နေသူများကတော့ မေမေရယ်၊ ဒေါ်ဒေါ်ရယ်၊ လေးလေးရယ်ပါပဲ။ ကျွန်မတအားမုန်းတာပဲ။ အမေကြီး တစ်ယောက်ကသာ ကျွန်မကို ဖက်ထားတတ်ပြီး 'ငါ့မြေးက ခုလိမ္မာပါပြီကွယ် ငယ်ငယ်ကလို မဆိုးတော့ပါဘူး။ ပြောလို့ဆိုလို့ ရပါပြီ၊ သွားဟေ့ ကိုတေနောင် သွား၊ ဒီနားမလာနဲ့ဟေ့' လို့ ပြောပေးတတ်တယ်။ အဲဒီအခါကျမှ ဦးတေနောင်



ကြီးက ကြောက်စရာရယ်သံကြီးနဲ့ 'ငိုရင် ခေါ်လိုက် ကြားလား၊ ချက်ချင်းလာခဲ့မယ်' လို့ ပြောပြီး ထွက်သွားတတ်တယ်။

တစ်ခါမှာတော့ ကျွန်မ အငိုက်မိသွားပြီးအကြီးအကျယ် ဒုက္ခရောက်ပါတော့တယ်။ ကျွန်မ ဘေးအိမ်က သူငယ်ချင်းနဲ့ သွားကစားနေတုန်း ဦးတေနောင်ကြီးတို့ကားကြီး ဆိုက်လိုက်တာ သတိမထားလိုက်မိဘူး။ ကစားပြီးလို့ အိမ်ပြန်မယ် ဆိုပြီး ထွက်လိုက်တော့မှ သူတို့ကားကြီးကို ဘွားခနဲ တွေ့ပါတယ်။

ဦးတေနောင်ကြီးကိုတော့ မမြင်ရတဲ့အတွက် ကျွန်မ အားတင်းပြီး ကျွန်မတို့အိမ် ဝင်းထရံထောင့်မှာ အသာလေးရပ်ပြီး အိမ်ဝင်းထဲကို ချောင်းကြည့်လိုက်တဲ့အခါ အမယ်လေး၊ ဦးတေနောင်ကြီးရယ်၊ မန်ကျည်းပင်အောက်မှာ ထမင်းထိုင်စားနေတယ်လေ။ သွားပြီ။ ကျွန်မဘယ်လိုလုပ် အိမ်ထဲဝင်တော့မလဲ။ ကျွန်မရင်တွေ တဒိတ်ဒိတ်နဲ့ ခုန်နေရင်း သူထမင်းစားတာကို ဝင်းထရံပေါက်ကနေ ချောင်းကြည့်နေလိုက်ပါတယ်။

ထမင်းဖက်ထုပ်ကို မြေကြီးပေါ် ဖြန့်ခင်းပြီး ဖုန်မှုန့်တွေ ပေကျံနေတဲ့ လက်ကြီးနဲ့ အားရပါးရ တစ်လုတ်ပြီးတစ်လုပ် လွေးနေတာကြီးကလဲ ကြောက်စရာကြီးပါ။ သူ့ထမင်းတွေက ဆီအဝါရောင်တွေနဲ့ ရွှဲအိနေပါတယ်။ ကျွန်မမုန်းတဲ့ ငရုတ်သီးတောင့် ရဲရဲကြီးတွေကိုလဲ သူ့ထမင်းထဲမှာ တွေ့ရတယ်။ သူကတော့ မစပ်ဘူးလား မသိပါဘူး။ တအားကိုက်ကိုက်ပြီး ငရုတ်သီးတွေကို စားနေတယ်။

သူစားတာက မြန်တော့မြန်ပါတယ်။ ခဏလေးနဲ့ ထမင်းထုပ်ကြီး ကုန်သွားတယ်။ ဟုတ်ပြီ။ သူလက်ဆေးဖို့ မီးဖိုချောင် တံစက်မြိတ်အောက်က ရေအိုးကြီးတွေနား အသွားမှာ ကျွန်မ အိမ်ပေါ်တက်ပြေးရမယ်။ ကျွန်မ ကြိုးစား အားတင်းပေမယ့် ခြေထောက်ကတော့ နေရာမရွေ့ပါဘူး။ ကျွန်မ အမေကြီးကို အော်ခေါ်ဖို့ ကြိုးစားလိုက်တယ်။ ဒါပေမယ့် ကျွန်မအသံက ထွက်မလာခဲ့ပါ။

ဦးတေနောင်ကြီး လက်ဆေးနေပါပြီ။ သူ ဆေးမပြီးခင် ကျွန်မ မပြေးနိုင်လို့ကတော့။ အိမ်ပေါ် ပြတင်းပေါက်နားမှာ လာရပ်တဲ့ ဒေါ်ဒေါ် ကို ကျွန်မ မြင်ရတယ်။ အားနည်းနည်းရှိလာပြီး ကျွန်မဂါဝန်လေးကို လက်နှစ်ဖက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



မလိုက်ရင်း အိမ်ထဲကို တအားဝင်ပြေးပါတယ်။

'ဟော့ ဟော့ ၊ အောင်မယ်၊ ဒါ ဘယ်က ပြန်လာတာလဲဟော့၊ ဒီလို ပြေးလို့ဘယ်ရမလဲ၊ လာခဲ့'

ကျွန်မ မအောင်မြင်ပါ။ အဲဒီအသံကြီးဟာ ကျွန်မနောက်နားမှာ အလွန်နီးကပ်စွာ ပေါ်လာပြီးတဲ့နောက် ကျွန်မလေ့ကား အုတ်ခုံခွေးကတက်မှာ ချော်လဲပါတော့တယ်။ ဒူးကွဲပြီး သွေးတွေရဲလာတာကို မြင်ရတာထက် ကျွန်မနား လာရပ်လိုက်တဲ့ ဦးတေနောင်ရဲ့ အနီးကပ်မျက်နှာကြီးကို မမေ့နိုင်သလို ကြောက်ကြောက်နဲ့ ကျွန်မမျက်လုံး စုံမှိတ်ခါနီး မြင်လိုက်ရတဲ့ ဒေါ်ဒေါ်ရဲ့ ရယ်ရွှင်မြူးတူးမျက်နှာကိုလဲ ကျွန်မ ဘယ်တော့မှ မေ့မှာ မဟုတ်ပါ။ အခါအခွင့် သင့်တိုင်း ပန်းချီတွေပေါ်က (သူအလွန့်အလွန် ကြောက်လန့်ထခုန်တဲ့) ဆိတ်တို့ကောင် အစိမ်းကြီးတွေကို ရှာဖွေပြီး သူ့ပါးမှာ ကပ်ပေးဖို့ကိုလဲ ကျွန်မ ဆုံးဖြတ်လိုက်မိပါတယ်။

ဦးတေနောင် လိုပဲ ကျွန်မမှတ်မိကြောက်လန့်တဲ့သူ တစ်ယောက် ရှိသေးတယ်။ အမေကြီးရဲ့ အိပ်ရာဝင်ပုံပြင်တွေထဲက 'ဒိုးဒေါက်' ဆိုတဲ့သရဲပေါ့။ ညအိပ်ခါနီးရင် အမေကြီးက ရှေးစကား၊ ပုံပြင်တွေ အမြဲပြောပြတတ်တယ်။ အဲဒီတစ်ခုသောပုံပြင်ထဲက 'ဒိုးဒေါက်' ကို ကျွန်မသိပ်ကြောက်တယ်။ 'ဒိုးဒေါက်' ... ကျွန်မရဲ့ ညသန်းခေါင် ထငိုတဲ့အကျင့် ပျောက်သွားတာတဲ့။

'ဟိုးရှေးရှေးတုန်းက 'ဒိုးဒေါက်' ဆိုတဲ့ သရဲကြီး တစ်ယောက်ရှိတယ်တဲ့။ အဲဒီ 'ဒိုးဒေါက်' ဟာ ငိုတဲ့ကလေးတွေကို သိပ်မုန်းတာ။ သူက ညအချိန်ကျမှ ထွက်တာ။ သူက ခေါင်းကဖြူဖြူ ကိုယ်လုံးကလဲ ဖြူဖြူကြီး။ သူ့လက်ထဲမှာ တောင်ဝှေးတစ်ချောင်းပါတယ်။ ည လူတွေ အကုန်လုံး အိပ်ကုန်ကြတဲ့အချိန် ကျရင် သူကလာရော။ လမ်းမပေါ်မှာ တောင်ဝှေးကို ဒိုးဒေါက် ဒိုးဒေါက်နဲ့ ထောက်ပြီး လျှောက်လာတယ်။ ပြီးတော့ တစ်အိမ်ပြီးတစ်အိမ် တက်လာပြီး သူ့ တောင်ဝှေးနဲ့ 'ဒိုးဒေါက် ဒိုးဒေါက်' ဆိုပြီး ခေါက်ပြီး၊ 'ဒီအိမ်မှာ ငိုတဲ့ကလေး ရှိလားလို့'မေးတယ်။ 'မရှိပါဘူး၊ မရှိပါဘူး' ဆိုရင် 'အေးအေး' ဆိုပြီး ထွက်သွား ရော၊ အဲ. . အိမ်ထဲမှာ ကလေးက ငိုနေရင်တော့ . . .'

www.burmeseclassic.com

www.burmeseclassic.com



'ဘာလုပ်သလဲ မေကြီး၊ အဲဒါဆို ဘာလုပ်သလဲ '

အဲဒီနေရာရောက်ရင် ကျွန်မ နေစရာမရှိအောင် ကြောက်နေပါပြီ။

'ဘာလုပ်တယ်မှတ်လဲ၊ အဲဒီကလေးရဲ့ ဗိုက်ကို သူ့တောင်ဝှေးနဲ့ တစ်ခါတည်း ထိုးဖောက်မွှေနှောက်ပြီး အသည်းတွေ အူတွေကို စားပစ်လိုက်တာပေါ့'

'စားပစ်လိုက်တယ်'

ကျွန်မ အမေကြီးနားကို အတင်းတိုးကပ်တတ်ပါတယ်။ ရင်တွေလဲ တဒိတ်ဒိတ် တုန်နေပြီ။ ခေါင်းရင်း တံခါးပေါက်ကနေ 'ဒိုးဒေါက်' ဆိုတဲ့ အသံထွက်လာတော့မယ်ချည်း ထင်နေမိတယ်။ 'သမီးကိုတော့ မစားဘူးမှုတ်လား' ဆိုတဲ့ ကျွန်မအသံတိုးတိုးလေး ထွက်လာရင်တော့ အမေကြီးက ရယ်ချင်စိတ်ကို ထိန်းထားတဲ့ အသံနဲ့ ဖြေတတ်တယ်။ 'သမီး မငိုရင်တော့ မစားဘူးလေ။ ငိုရင်တော့ စားမှာပဲ'

'သမီး မငိုပါဘူး'

ကျွန်မ မြန်မြန် ပြန်ပြောတတ်တယ်။

အမေကြီးပြောပြတဲ့ ဘုန်းကြီးကျောင်း နောက်ဘက် တတိုင်းမွှေးချုံထဲက ပုခက်လွှဲသီချင်း ဆိုချော့သိပ်တတ်တဲ့ မိန်းမသရဲတို့၊ လူမှတ်ပြီး မီးတစ်တို့လောက် တောင်းမိလို့ ထလိုက်တဲ့ မီးသရဲတို့၊ ထန်းပင်လောက်ကြီးမြင့်ပြီး နားရွက်တစ်ဖက်ခင်းအိပ် နားရွက်တစ်ဖက် ခြုံအိပ်တဲ့ ဘသားသရဲတို့ထက် 'ဒိုးဒေါက်' ကို ဘာလို့မှန်းမသိ ကျွန်မပိုပြီး ကြောက်တယ်။ ပိုပြီး မမေ့နိုင်စရာ၊ ကြောက်စရာ ဖြစ်ရတာက 'ဒိုးဒေါက်' ကို ကျွန်မ နဖူးတွေ့ ဒူးတွေ့ တွေ့လိုက်ရတဲ့အတွက်ပေါ့။

ကျွန်မ ကျောင်းမနေခင် တစ်လျှောက်လုံး အမေကြီးက သူသွားလေရာ ကျောပိုးခေါ်သွားတတ်တာဆိုတော့ တစ်နေ့ ကျွန်မကို ဘွားဘွားဥတို့အိမ် (ဘဘရဲ့ အစ်မ၊ အမေကြီးရဲ့ ယောက်မ) အိမ်ကိုခေါ်သွားတယ်။ ဘဘတို့ရဲ့ အဖေတွေ အမေတွေ နေခဲ့တဲ့အိမ်ပေါ့။ ဘွားဘွားဥက ဘဘရဲ့ အစ်မအကြီးဆုံး အပျိုကြီး။ ဘွားဘွားဥက သူတစ်ယောက်တည်း၊ ခိုင်းတဲ့မိန်းမတစ်ယောက်နဲ့နေတယ်။ သူက သင်ဖြူးကုန်သည် လုပ်တာဆိုတော့ အမေကြီးက အဲဒီနေ့က သင်ဖြူးလာယူတာ ထင်တာပဲ။ အမေကြီးနဲ့ ဘွားဘွားဥ စကားပြောနေတုန်း



ကျွန်မက လျှောက်ဆော့ဖို့ နောက်ဖေးခြံထဲ ထွက်လာခဲ့တာပေါ့။

ခြံကြီးက သိပ်ပျော်စရာကောင်းတာ။ တစ်ခြံလုံး သံပုရာပင်တွေချည်းပဲ။ သရက်ပင် ပုပုလေးတွေလဲ ရှိတယ်။ အဲဒီသရက်ပင်ခွကြားလေးတွေပေါ်ကို အသာလေးတက်လို့ရတယ်။ ပြီးတော့ ခြံထဲမှာ ရီရီတို့ အိမ်လဲ ရှိသေးတယ်လေ။ ရီရီက ဆရာမ အပျို၊ သူနဲ့သူ့အဒေါ်ကြီးနဲ့ နှစ်ယောက်နေကြတာ။ ကျွန်မတို့နဲ့ အမျိုးပေါ့။ ကျွန်မက ရီရီကိုသိတော့ အဲဒီအိမ်ကို တန်းတန်းမတ်မတ် သွားတာပေါ့။ ရောက်တော့ အိမ်အောက်မှာ ရီရီ့ ကြီးဒေါ် ဘွားဘွားသင်က ကျွန်မကို ချိုပွေ့နှုတ်ဆက်ပြီး 'ရီရီဆီသွားလေ၊ အိမ်ပေါ်တက်သွား' လို့ ပြောတယ်။ ကျွန်မကလဲ ပြေးတက်လာတာပေါ့။

အိမ်ပေါ်ရောက်တော့ ရီရီလဲ မတွေ့ဘူး။ ဒါနဲ့ ကျွန်မ တစ်ခေါက်မှ မရောက်ဖူးတဲ့ အိမ်နောက်ဘက် အခန်းရှည်ထဲကို သွားကြည့်လိုက်တယ်။

အဲဒီမှာ 'ဒိုးဒေါက်' ကို ကျွန်မ တွေ့လိုက်ရတော့တာပဲ။

အခန်းအလင်းရောင် မှောင်ရီရီမှာ တောင်ဝှေးကို ထောက်ရပ်နေတဲ့ ခေါင်းဖြူဖြူ တစ်ကိုယ်လုံး ဖြူဖြူ ဒိုးဒေါက်မှ ဒိုးဒေါက်အစစ်၊ မေကြီး ပြောတာထဲမှာ မပါတဲ့ သူ့မျက်နှာက အတွန့်အတွန့်ကြီးတွေကိုတောင် ကျွန်မ မြင်နေရသေးတယ်။

လိပ်ပြာလွင့်သွားတယ်ဆိုတာ အဲဒါမျိုးလို့ ကျွန်မထင်တယ်။

'ဒိုးဒေါက်ကြီး၊ ဒိုးဒေါက်ကြီး' လို့ စူးစူးရှရှ အော်ရင်း ကျွန်မ အိမ်ပေါ်က ဆင်းပြေးတော့တာပဲ။ အမေကြီးဆီရောက်တဲ့အထိ မရပ်မနား အော်ရင်း ပြေးတာပဲ။ ကျွန်မနောက်က ရီရီနဲ့ ဘွားဘွားသင်လဲ လိုက်လာကြတယ်။ သူတို့ကပြောတယ်။ 'အဲဒါ ဘွားနှုံးလေ သမီး၊ ဘွားနှုံး၊ ဒိုးဒေါက် မဟုတ်ဘူး' တဲ့၊ ကျွန်မ ဘယ်တော့မှ မယုံဘူး။ ဘွားနှုံးကို ကျွန်မ တစ်ခါမှ မတွေ့ဖူးဘူးလေ။ ဘွားနှုံးက ဘွားဘွားသင်ရဲ့ အဒေါ်၊ အသက်ကိုးဆယ်ကျော်အဘွားကြီး၊ ခေါင်းတုံးရိတ်ထားတယ်။ သူက လမ်းမလျှောက်နိုင်တော့လို့ တောင်ဝှေးနဲ့သွားရတယ်တဲ့။

ကျွန်မအလန့်ပြေအောင် ရီရီက ဘွားနှုံးကို သွားပြဖို့ ခွတ်ခွခေါ်သေးတယ်။ ဟင့်အင်း ကျွန်မ ဘယ်တော့မှ မလိုက်ဘူး။ သူဟာ ဒိုးဒေါက်ပဲ။ အမေ

www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ကျွန်မ တအားဖက်တွယ်ထားရင်း ငိုလို့ပဲ နေတော့တယ်။ အသက်တစ်ရာကျော်ထိနေသွားတဲ့ ဘွားနှုံးကို ကျွန်မကြီးတဲ့ထိ လုံးဝစေ့စေ့ မကြည့်တော့ဘူး။ အဲဒီနေ့ကစ ဘွားဘွားဥတို့ အိမ်ကိုလဲ ဘယ်သူခေါ်ခေါ် မလိုက်တော့ဘူး။

နှီးဒေါက်နဲ့ ဦးတေနောင်ကြီးကို ကြောက်လန့်သလောက် ကျွန်မ အင် မတန်မှတ်မိစွဲလမ်းချစ်ခင်နေတဲ့ အရာတွေကတော့ 'ဘဘ' ရဲ့ မခင်ကြီးတံဆိပ်၊ ဆေးလိပ်နံ့သင်းပျံ့နေတဲ့ ကိုယ်နံ့။ ဘ အမြဲဆောင်တတ်တဲ့ ဖော့ဦးထုပ်ကလေးနဲ့။ (ဘ ညနေကူးတို့သိမ်းပြီး ပြန်လာတာ မြင်ရင် ကျွန်မက အပြေးသွားကြိုတတ်တယ်။ အသားညိုညို၊ အရပ်အနေတော်၊ မျက်ခုံးထူထူ၊ မျက်လုံးဝိုင်း၊ ချွန်မြပုံကျတဲ့နှာတံ၊ ပိရိသေသပ်တဲ့ နှုတ်ခမ်းနဲ့ အကျီအဖြူလက်တိုကို အောက်ခံ စွပ်ကျယ်လက်စကခံပြီး ကြယ်သီးမတပ်ဘဲ ဝတ်ဆင်ထားတဲ့ လက်ကိုင်ပဝါအဖြူ သုံးထောင့်ချွန်းကို နှာခေါင်းမှာကပ်ပြီး နောက်မှာ ချည်ထားတဲ့ ဘဟာအဝေးကတည်းက ပြုံးလာတတ်ပြီး အပြေးလက်ဆွဲကိုင်လိုက်တဲ့ ကျွန်မခေါင်းပေါ်မှာ သူ့ ဖော့ဦးထုပ်ကို ချွတ်ဆောင်းပေးတတ်တယ်။ သူ့ လွယ်အိတ်ကိုလဲ ကျွန်မကို လွယ်ပေးတယ်။)

ပြီးတော့ ညအိပ်ရာဝင်ခါနီး ကျွန်မက ဘကိုနင်းရတဲ့အခါရတဲ့ လက်ဖက်နံ့နဲ့ ရောနှောပေါင်းစပ်နေတဲ့ အမျိုးအမည်မသိအနံ့ (နှောင်း နည်းနည်းကြီးလာတော့မှ လက်ဖက်နဲ့အရက် ပေါင်းစပ်ထားတဲ့ အနံ့ဆိုတာ ကျွန်မသိ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ညနေစောင်း ဘကူးတို့ကနေ လွယ်အိတ်ကြီးလွယ်ပြီး အလုပ်သိမ်း ပြန်လာ၊ ရေချိုးပြီးတာနဲ့ မေကြီးနဲ့ မေမေ ပြင်ပေးထားတဲ့ ထမင်းဝိုင်းမှာ ကျွန်မ နဲ့အတူတူ ဘကထိုင်တယ်။ စားပွဲပေါ်မှာ ဆီစိမ်လက်ဖက်နဲ့ အကြော်စုံရယ် ရေထည့်ထားတယ်လို့ ကျွန်မထင်ခဲ့တဲ့ အလွန်လှတဲ့ ဖန်ခွက်လေးသေးသေး ရယ်၊ ဆေးလိပ်နဲ့ ဆေးလိပ်ပြာခွက်ရယ်ရှိတယ်။ ဘက ကျွန်မလျှောက်ပြောတဲ့ စကားတွေကို နားထောင်ပြီး လက်ဖက်ကိုချည်း စားနေတတ်တယ်။ ကျွန်မ ကိုလဲ ပဲကြော်တွေ တစ်ချိန်လုံးခွံ့နေတယ်။ တော်တော်လေး ကြာတော့မှ ဖန်ခွက်သေးသေးလေးကို ဆတ်ခနဲမော့သောက်တယ်။ ဒါပဲပြီးရော။ ပြီးတာနဲ့ ထမင်းစားတာပဲ။ ကျွန်မက 'ဘ ရေကို ဝအောင်သောက်လေ' လို့ ပြောမိလို့ ဘက ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး 'ရေမဟုတ်ဘူး သမီးရဲ့၊ ဆေး၊ ဆေး ထမင်းစားကောင်းအောင် ဆေးသောက်တာလို့ ပြန်ပြောတာကို ကျွန်မမှတ်မိတယ်)

နောက် မနက်အစောကြီး အိပ်ရာထဲကနေ ရတဲ့ လက်ဖက်ရည်နှပ်တဲ့ အနံ့။ ဘနဲ့ ကျွန်မ နှစ်ယောက်ပဲ သောက်ခွင့်ရှိတဲ့ လက်ဖက်ရည်ချိုနှပ်နေတဲ့ ဘကို ကျွန်မ အိပ်ရာကလူးလဲထပြီး မီးဖိုထဲပြေးသွားတိုင်း တွေ့ရမြဲ။ ပြီးတော့ ကျွန်မ အင်မတန်နှစ်သက်တဲ့ အမေကြီးရဲ့ ကွမ်းနံ့။ နွေရာသီရောက်လို့ မျက်စိ ကျိန်းတိုင်း မနက်အိပ်ရာက မျက်ဝတ်တွေနဲ့ပိတ်ပြီး မဖွင့်နိုင်တဲ့ ကျွန်မရဲ့ မျက်စိကို အမေကြီးလျှာနဲ့ လျက်ပေးပြီး ဖွင့်စေတယ်။ အသားလတ်လတ်၊ ပါးမို့မို့ နှာခေါင်းလုံးလုံး၊ မျက်လုံးလေးတွေ ကျဉ်းကျဉ်း၊ သွားညီညီနဲ့ ကွမ်းအစ်တစ်လုံး ဘေးမှာချပြီး ကွမ်းမပြတ်စားတဲ့ အမေကြီးရဲ့ အာခံတွင်းနံ့ဟာ အမြဲ ကွမ်းနံ့ မွှေးနေတတ်ပါတယ်။ အမေကြီး ကွမ်းစားတာဟာ ဦးတေနောင်ကြီးလို ကြောက် စရာမကောင်းဘူး။ သွားမနီအောင် စားတတ်တယ်။ ပါးစပ်ဘေးမှာလဲ ကွမ်းသွေး တွေ ပေကျံမနေအောင် လက်မနဲ့ လက်ညှိုးလေးနဲ့ အမြဲသုတ်နေတတ်တယ်။ နောက် မေမေ့ရဲ့ ကျွန်မကို ပုခက်လွှဲသိပ်တဲ့ သီချင်းသံ။ အသားညို၊ မျက်လုံး ပြူးကျယ်ဝိုင်းစက်ပြီး နှာတံလုံးလုံး၊ အရပ်သွယ်သွယ်နဲ့ မေမေ့မျက်နှာက ဘနဲ့ပိုတူတယ်။ မေမေက ဖေဖေ အိမ်မှာမရှိဘဲ အထက်သွားတဲ့ အချိန်မျိုးမှာ



ဆိုရင် ကျွန်မကို ချော့သိပ်တဲ့ သီချင်းက 'ပုံပမာ'။ 'တစ်ညတာ ဝေးတာကိုပင် နှာပေါင်းခုနစ်ရာ ဆွေးရပါသတဲ့၊ မောင့်မှာ ခင်နဲ့ဝေးရတာ ကြာပါပြီကော ကွယ်' ဆိုတဲ့ အပိုဒ်ကို ကျွန်မနားယဉ်နေလောက်အောင် မေမေ ထပ်တလဲ လဲ ဆိုတတ်တယ်။

တော်တော်ကြီးတဲ့ထိ ပုခက်နဲ့အိပ်တဲ့ ကျွန်မက မေမေ ပုခက်လွှဲရင်း ဆိုင်နေတာ၊ တစ်ခါတလေ မျက်ရည်ကျတာကို ပုခက်ထဲကနေ တော်တော် နဲ့ မအိပ်ဘဲ ခိုးကြည့်နေခဲ့ဖူးတယ်။

ဖေဖေ အိမ်မှာရှိတဲ့အခါ ဆိုရင်တော့ မေမေက 'အင်းဝတံတား' သီချင်းကို အမြဲဆိုတယ်။ 'ဗမာလူမျိုးတွေ အလုပ်မရှိလို့ ၊ တံတားကိုကြည့် တာ ငိုမိပါသည်၊ ငိုမိပါသည်' ဆိုတဲ့ အပိုဒ်ရယ်၊ 'ထပါတော် မရာကျော် ဗဟေဆက်လို့ ရွှေကြက်ယက်ဘုရားဖူး စစ်ကိုင်းတံတားကူးတော့မည်' ဆိုတဲ့ အပိုဒ်ရယ်ကို ကျွန်မ မှတ်မိတယ်။ သဘောကျတယ်။ တံတားကြီးကို ကျွန်မ သိတာကိုး။ ပြီးတော့ ညောင်ရေသွန်းပွဲလုပ်တဲ့ ရွှေကြက်ယက်ကိုလဲ ကျွန်မ သိတယ်လေ။

အရပ်အလွန်ရှည်ပြီး မျက်ခုံးပါးပါး၊ မျက်လုံးမပြူးမကျယ်၊ နှာတံ၊ ခံစပ်လှပြီး သွားတွေညီညာတဲ့ ဖေဖေနဲ့ပတ်သက်ပြီး ချစ်ခင်ဖွယ်လမ်း မှတ်မိစရာ တို့တော့ ကျွန်မမှာ မရှိသလောက်ပဲ။ ဘာလို့လဲဆိုတော့ ဖေဖေက အိမ်မှာ နေရတဲ့အချိန်က နည်းခဲ့တယ်လေ။ တစ်ချိန်လုံး ကျွန်မတို့က 'အထက်' လို့ ခေါ်တဲ့ ရွှေလီ၊ ကသာ၊ အင်းရွာတကြောကို အရောင်းအဝယ် သွားနေရတယ်။

ဖေဖေရဲ့ အဖေနဲ့အမေက ဘိုးဘွားလက်ထက်ကတည်းက လုပ်ခဲ့တဲ့ ကြိမ်၊ ဝါး၊ သင်ကုန်သည် အလုပ်ကို လုပ်ကြတယ်။ ဆောင်းတွင်းနဲ့ နွေရာသီ မှာ မိသားစုအားလုံး အထက်မှာပဲနေပြီး ကုန်တွေဝယ်ကြတယ်။ မိုးဦးကျပြီဆိုမှ တို့ယ်အရပ်ကိုယ်ပြန်လာကြတာ။ သိန်းပေါင်းများစွာရှိတဲ့ ကြိမ်တွေကို အပုံလိုက် အလေးတွေ သက်ကယ်အုပ်တင်ထားတဲ့ ဝါးဖောင်အရှည်ကြီးနဲ့ ပြန်လာကြတာ။ အထက်မှာ ခြောက်လ၊ အင်းဝမှာခြောက်လ နေကြတယ်။ ဖေဖေတို့ မောင်နှမ လေးယောက်မှာ မိန်းကလေးအကြီးဆုံးတစ်ယောက်တည်း ပါတာဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



သားထဲမှာ အကြီးဆုံးအနေနဲ့ ဖေဖေက အိမ်ထောင်ကျလဲ အလုပ်မခွဲဘဲ မိဘနဲ့ပဲ အလုပ်တွဲလုပ်ရတယ်။

ဖေဖေက အိမ်ထောင်ကျပြီးချိန်မှာ အရင်လို ခြောက်လလုံး အထက်မှာမနေဘဲ ကြားထဲမှာ မီးရထားနဲ့ တစ်ခေါက်၊ နှစ်ခေါက် ပြန်လာတတ်တယ်လို့ ပြောပေမယ့် ကျွန်မကတော့ မမှတ်မိပါ။ ဖေဖေ့ကိုလဲ အမြဲတမ်း ခပ်စိမ်းစိမ်းပဲ ဆက်ဆံတတ်ပါတယ်။ ဖေဖေ ပြန်ရောက်ခါစဆို ကျွန်မကို ဘယ်လိုမှ ခေါ်လို့မရတတ်ဘူးတဲ့။

ပြီးတော့ ဖေဖေက အင်မတန်အေးဆေး၊ စကားနည်း၊ ရှက်ကြောက်တတ်၊ အားနာတတ်ပြီး တွတ်တီးတွတ်တာလဲ သားသမီးကို မပြောတတ်ဘူးဆိုတော့ ကျွန်မက ပိုစိမ်းတော့တာပေါ့။

ဖေဖေက ရာဇဝင်နဲ့လူပဲ၊ ဖေဖေ့လိုမျိုး ကုန်သည်ဘဝနဲ့ အသက်မွေးဝမ်းကျောင်းရတယ်ဆိုတာလဲ ရယ်ချင်စရာပဲ။

ကိုယ်ကဝယ်ရင် တစ်ဖက်ရောင်းတဲ့လူကို အားနာပြီး မဆစ်မဆွတ်ဘဲ ဝယ်ခဲ့တယ်။ ဈေးများသွားပြီဆိုရင် မေမေ့ကို ဝယ်ဈေးထက် လျှော့ပြောလိုက်တယ်။ ကိုယ်က ပြန်ရောင်းတဲ့အခါမှာတော့ ဝယ်သူက အားနာအောင် ပြောရင် ဆစ်ရင် ဆစ်တဲ့ဈေးနဲ့ ပေးလိုက်ရော။ သနားအောင် ပြောပြီး ကြွေးယူဦးမလား။ သိပ်ရတာပေါ့။ ယူသာသွား၊ အားမနာနဲ့။

ဒါပေမယ့် ထူးဆန်းစွာ ဖေဖေ့အလုပ်ဟာ ပျက်စီးဆုံးရှုံးမသွားဘူး။ မှန်မှန်လေးနဲ့ ရှေ့ကိုချီတက်နေမြဲပဲ။ အေးချမ်းငြိမ်သက်တဲ့ ဖေဖေ့နားမှာ ရောင်းသူဝယ်သူတွေ ဝိုင်းဝိုင်းလည်မြဲ။ ဖေဖေကလဲ စကားနည်းစွာ ၊ အားနာစွာ၊ ကုန်သည်မပီသစွာနဲ့ ရောင်းဝယ်နေမြဲပဲ။

ဖေဖေ ဘယ်လောက်များ အားနာတတ်ပါသလဲ။ အိမ်အောက်ထပ်မှာ မိတ်ဆွေတစ်ယောက်နဲ့ အရောင်းအဝယ်စကားပြောနေရာက အိမ်ပေါ်မှာ အဖျားတက်ပြီး ကယောင်ကတမ်း ညည်းညူနေတဲ့ မေမေ့ဆီကို အရေးတကြီး ရောက်လာပြီး မျက်စိမျက်နှာပျက်နဲ့ ဧည့်သည်ကို အားနာဖို့ကောင်းတဲ့အတွက် တိုးတိုးပဲ ညည်းဖို့ လာပြောဖူးသတဲ့။

ကျွန်မတို့အတွက် ဖေဖေဝယ်လာသမျှ၊ ပစ္စည်းမှန်သမျှ ထူးဆန်းစွာ



ဈေးသက်သာနေမြဲ။ ခုချိန်ထိလဲ ဖေဖေဟာ အတုများစွာကို ဝယ်ခြမ်းရင်း ပျော်ရွှင်စွာအလိမ်ခံမြဲ။ တစ်အိမ်တည်း အတူနေသူတွေကို လမ်းမှာတွေ့ရင် နှုတ်လို့ မခေါ်ဘဲ ခေါင်းငုံ့ရှောင်သွားတတ်တဲ့ ဖေဖေရဲ့ ရိုက်နှက်ဆုံးမခြင်းကို ကျွန်မတစ်ခါမှ မခံရပါ။ တစ်ခါမှလည်း မဆုံးမခဲ့ဖူးပါ။

ဒါပေမယ့် ဖေဖေ့ကို ကျွန်မချစ်ခင်မှတ်မိတဲ့ ရှားပါးအချိန်လေးတစ်ချိန်တော့ရှိတယ်။ ဖေဖေတို့ ကြိမ်ဖောင်၊ ဝါးဖောင်အရှည်ကြီး မြစ်ငယ်မြစ်ထဲ မြွေကြီးတစ်ကောင်လို တွန့်လိမ်ပြီး ဝင်လာတဲ့ အချိန်ပေါ့။

'သမီးရေ၊ ဖေဖေတို့ ပြန်လာပြီ' လို့ တစ်ယောက်ယောက်က အော်လိုက်တာနဲ့ ကျွန်မရေဆိပ်ကို ပြေးပြီး ရေဆိပ်ကမ်းပါးပေါ်က ခုန်ပေါက်ပျော်ရွှင်နေဖူးတယ်။ ဖောင်ကြီးကို မြင်သာနေရပေမယ့် ဖောင်ပေါ်ကို တက်ဖို့ စောင့်ရတာ အင်မတန်ကြာတာပဲ။ အကြာကြီးစောင့်နေပြီးမှ တက်ရတယ်။ ဒါပေမယ့် ကမ်းပေါ်ကနေပြီး အော်ဟစ်လက်ပြ နှုတ်ဆက်ခြင်းမရှိတဲ့ ဖေဖေနဲ့ မေကြီးတုတို့ ဖေကြီးတင်တို့ကို မြင်ရတယ်။

ဖောင်ကြီးပေါ်ကို ကျွန်မတက်လို့ရတဲ့အချိန် ကျွန်မကမူးရူးထိုးဆင်းပြေးလာရင်တော့ ဖေဖေက ဆီးကြိုပွေ့ခေါ်သွားတတ်တယ်။ ပြီးတော့ ညည်းနေတဲ့ သက်ကယ်တဲ အကြီးကြီးထဲကို ခေါ်သွားပြီးတော့ ကျွန်မကို အာပေးတယ်မှတ်လဲ။ ကျွန်မ ဖေဖေ့ကို အလွန်ချစ်ခင် မှတ်မိသွားစေတဲ့ 'မြေအိုးပုတ်' တွေကို တောင်းကြီးနဲ့တစ်လုံး ကျွန်မကိုပေးတယ်။ ကျွန်မ တအားပျော်တာပဲ၊ စဥ့်ရောင်ပြောင်လက်မာကြောနေတဲ့ လက်ဖက်ရည်ကရားအိုး လေးတွေ၊ ဒယ်အိုးလေးတွေ၊ ငရုတ်ဆုံလေးတွေ၊ ပုံစံအမျိုးမျိုး အိုးပုတ်ကလေးတွေကို ကျွန်မကြည့်လို့မဝ၊ မက်မောလို့ မဝတော့ဘူး။ ဒါတွေကို ဖေဖေ ကျောက်မြောင်းက ဝယ်လာတာပေါ့။ ကျွန်မတို့နဲ့ တစ်ဖက်ကမ်း တပ်ကြီးဆိုတဲ့ အိုးလုပ်တဲ့ အရပ်က ထွက်တဲ့ အိုးပုတ်တွေက မြေအိုးပုတ်တွေ၊ မလှဘူး။ ကွဲလွယ်တယ်။

အိုးပုတ်ပေါင်းကြီးနဲ့ ကျွန်မ ပျော်နေချိန်မှာလဲ ဖေဖေဟာ ဘေးကပ်ထိုင်ကြည့်နေတတ်တယ်။ ဒါပေမယ့် အဲဒီအချိန်မှာ ဖေဖေ့ကို ကျွန်မ ချစ်ပါတယ်။ ဖေဖေရဲ့အမေ မေကြီးတုကိုလဲ အဲဒီအချိန်မှာ ကျွန်မချစ်ပါတယ်။ သေတ္တာသေးသေးလေးထဲကနေ ဆွဲကြိုး၊ နားကပ်၊ လက်ကောက်၊ လက်စွပ်

www.burmeseclassic.com

www.burmeseclassic.com



တွေထုတ်ပြီး ဝတ်နေတတ်တဲ့ မည်းမည်းပုပု သေးသေးလေး မေကြီးတုက သေးကွေးခိုင်မာ လှပနေတဲ့ ဆန်ဆေးတောင်းလို့ ခေါ်ကြတဲ့ ကျပ်တင်တောင်း သေးသေးလေးတွေကို ကျွန်မဆီ ပစ်ပေးလေ့ရှိပါတယ်။

ဝါးနဲ့ရက်ထားတဲ့ အထက်ပစ္စည်း ဆန်ဆေးတောင်း အကြီးတွေ၊ နဘန်းတောင်းလို့ခေါ်တဲ့ နှစ်ဖက်ကိုင်းတောင်းအလုံးတွေဟာ တဲကြီးထဲမှာ အများကြီးပါပဲ။ အဲဒီတောင်းတွေနဲ့ တဲပြင်မှာ မှောက်ထားတဲ့ ရွှေကူအိုးခေါ် (သောက်ရေအိုး) ရေတကောင်းပြောင်ချောချောလေးတွေကို မေကြီးတုက ဖောင်ပေါ်ကို တစ်ယောက်ပြီးတစ်ယောက် တက်လာနှုတ်ဆက်ကြတဲ့ ရပ်ဆွေ ရပ်မျိုးနဲ့ တခြားလူတွေ အကုန်လုံးကို "ရော့၊ ရော့'နဲ့ လက်ဆောင်ပေးပါတယ်။ စကားပြောကြတာတွေကလဲ ကျွက်ကျွက်ညံနေတာပဲ။ ဖောင်ပေါ်တက်လာတဲ့ လူတွေလက်ထဲမှာ မေကြီးတုကို ပေးဖို့ ဟင်းခွက်တွေလဲ ပါတယ်။ ပြီးတော့ သူတို့က ကျွန်မဖက်ထားတဲ့ အိုးပုတ်တောင်းထဲကနေ အိုးပုတ်တွေ နှိုက်ဖို့ ကြိုးစားကြတယ်။ ဖေဖေကလဲ မပြန်သေး၊ အိုးပုတ်တောင်းကိုလဲ မနိုင်လို့ စိတ်ပျက်နေတဲ့ ကျွန်မကတော့ အိုးပုတ်တောင်းထဲက အိုးပုတ်တစ်လုံး ပါသွားတာနဲ့ ဝါးကြမ်း ပြင်ပေါ်ပစ်လှဲလိုမှဲ့ချဖို့ အသင့်ပြင်ဆင်ထားတတ်ပါတယ်။

အဲဒီအချိန်မှာ မေမေလဲ ရောက်လာပါပြီ။ ဒါပေမယ့် ကျွန်မ မပြန်ရသေးပါ။ မေမေက တခြားသူတွေ အိုးပုတ်တစ်လုံးနှစ်လုံးပေးဖို့ ကျွန်မကို ချော့မော့ဖျောင်းဖျရာက မျက်နှာတင်းတင်းနဲ့ ကျွန်မအိုးပုတ်တောင်းထဲကို လက် လှမ်းနှိုက်တဲ့ အချိန်မှာတော့ ကျွန်မအသံကုန် အော်လိုက်ပါပြီ။

အော်လိုက်တာနဲ့ ကျွန်မဆီ ဘယ်သူရောက်လာတယ်မှတ်လဲ။ ကျွန်မ ငိုသံကြားရာ အရပ်ကသိတဲ့ တစ်စက်ကလေးမှ အငိုမခံတဲ့ ကူးတို့ဆိပ်မှာ အလုပ်ရှုပ်နေရာက ပြေးလာရှာတဲ့ ကျွန်မရဲ့ 'ဘ' ပေါ့။

ဆယ့်ကိုးခု မွေးဆိုတော့ ငါးဆယ့်ခုနစ်နှစ်ပေါ့။ အင်း . . . ခု ခြောက်ဆယ့်သုံးခု ဆိုတော့ ခြောက်နှစ်ထဲမှာပေါ့။ ဟုတ်လား။ ကလေးက တော်တော်ထွားတာပဲ။ ငါးနှစ်လောက်ကတည်းက ကျောင်းပျော်အောင် လိုက်ခိုင်းဖို့ကောင်းတယ်။ ဘာလဲ ကျောင်းပျင်းသလား'

'ဟုတ်တယ် ဆရာကြီးရေ၊ ဘိုးအေ၊ ဘွားအေ အလိုလိုက်ထားတော့ ပျင်းချင်တယ်'

မေမေ့ကို ကျွန်မ စိတ်ဆိုးမိပါတယ်။ မပြောပါနဲ့။ ကျွန်မကျောင်းခန်း ထဲက ကျောင်းသား ကျောင်းသူတွေရော၊ ဆရာကြီးကရော ကြည့်နေတယ်လေ။ ကျွန်မ အမေကြီးရဲ့ ထဘီစကိုပိုပြီး တင်းကျပ်နေအောင် ဆုပ်ပြီး အမေကြီး ကို ကွယ်နေမိတယ်။ ရင်ထဲမှာလဲ ဒိတ်ဒိတ်၊ ဒိတ်ဒိတ်နဲ့။ ဒီနေ့မှ မေမေ အထူးစပါယ်ရှယ် လိမ်းပေးထားတဲ့ သနပ်ခါးထူထူနဲ့၊ မန္တလေး ဒေါ်ဒေါ်မိုးဂါဝန် ဆိုင်ကဝယ်တဲ့ နှင်းဆီနီရောင် ခါးရှုံ့ဂါဝန်အသစ်ကလဲ ကျွန်မကို စိတ်ကျဉ်းကျပ် စေပါတယ်။ လွယ်နေမကျတဲ့ လွယ်အိတ်ကလဲ အဆင်မပြေပါဘူး။ မျက်နှာ ညှိုးရှည်၊ ထိပ်ပြောင်ပြောင်၊ မျက်လုံးပြူးပြူးနဲ့ နားထဲကို နားကလော်တစ်

www.burmeseclassic.com



ချောင်းနဲ့ တစ်ချိန်လုံးထိုးလိုက်၊ စကားပြောလိုက် လုပ်နေတဲ့ ဆရာကြီးက ကျွန်မကိုကြည့်ပြန်တယ်။

'ကဲ နာမည်ပြော၊ နာမည်ပြော'

ကျွန်မ မပြောချင်ပါဘူး။ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ခေါင်းငုံ့ထားလိုက်တယ်။ မေမေက ကျွန်မကို မေးစေ့ကိုင်ပြီး မော့ခိုင်းတယ်။

'ပြောလိုက်လေ သမီး၊ ဆရာကြီးက သမီးနာမည်မေးနေတယ်'

ကျွန်မက ခေါင်းကိုပဲ တွင်တွင်ခါပြီး အမေကြီးကို ကျွန်မငိုချင် လာပြီဆိုတဲ့ အကြောင်း အချက်ပေးတဲ့အနေနဲ့ ဆိတ်လိုက်တဲ့အတွက် အမေကြီးက

'နှင်းနှင်းဦးပါ ဆရာကြီး'

'အင်း . . ညည်းကလူဆိုးပဲ။ အိမ်မှာ ဆိုးပေမယ့် ကျောင်းမှာ ဆိုးလို့ မရဘူးနော် သိလား၊ ကဲ အဖေ အမေ နာမည်ပြော'

'ကိုဘမောင်၊ မတင်ရွှေပါ ဆရာကြီး'

'ဟင့်အင်း . . . မဟုတ်ဘူး'

ဒီအခါမှာတော့ အကျင့်ပါနေတဲ့ ကျွန်မအသံ ရုတ်တရက် ထွက်သွားပါတယ်။

ဆရာကြီးက အသံထွက်လာတဲ့ ကျွန်မကို မျက်ခုံးပင့်ကြည့်ရင်း

'မဟုတ်ဘူး . . . ဟုတ်လား၊ ဒါဖြင့်ညည်းအဖေ အမေက ဘယ်သူလဲ'

'ဦးကျော် နဲ့ ဒေါ်မြတင်'

ဆရာကြီးက တဟားဟား ရယ်ပါတယ်။ 'ဟုတ်ပြီ၊ဟုတ်ပြီ၊ အဲဒီအတိုင်းရေးလိုက်မယ်' လို့ ပြောပြီး စာအုပ်ကြီးထဲ ရေးနေပါတယ်။ မေမေက လက်ဆွဲခြင်းထဲက လင်ပန်းအသစ်ကိုထုတ်ပြီး ဆရာကြီး စားပွဲပေါ်တင်တယ်။ ပြီးတော့ ခြင်းထဲကနေ မန္တလေးကနေ ဝယ်လာတဲ့ မုန့်တွေကို ပန်းကန်ထဲ ထည့်ပြီး လင်ပန်းပေါ်ကိုတင်ပါတယ်။ လက်ဖက်ရည်ချို ပန်းကန်စုံတွေလဲ မေမေယူလာပါတယ်။ အဲဒီပန်းကန်တွေကို ချိုင့်နဲ့ ဖော်ယူလာတဲ့ လက်ဖက်ရည် ချိုတွေကို လောင်းထည့်ပါတယ်။

ဆရာကြီးက စာအုပ်ကိုပိတ်ပြီး ကျောင်းသားတစ်ယောက်ကို လှမ်းခေါ်လိုက်ပါတယ်။ 'ဆရာကြီးက ဆရာနဲ့ ဆရာမကို ခေါ်ခိုင်းတယ် လို့



သွားပြော' လို့ ပြောလိုက်တယ်။ ခဏနေတော့ ဆရာနဲ့ ဆရာမ တစ်ယောက်ရောက်လာပြီး လက်ဖက်ရည်နဲ့ မုန့်တွေကို စားကြသောက်ကြပါတယ်။ မျက်မှန်နဲ့ ဆရာမ ဝဝကြီးကို ဆရာကြီးက လက်ညှိုးထိုးပြပြီး

'ညည်း ဟောဒီဆရာမကြီး ဒေါ်သောင်း အတန်းမှာ နေရမယ် သိလား'

မြင်မြင်ချင်းပဲ ဆရာမကြီး ဒေါ်သောင်းကို ကြောက်မိပါတယ်။ ဆရာမကြီးကတော့ ကျောင်းအပ်တဲ့ အတွေ့အကြုံတွေ အများကြီးရှိသူပီပီ ကျွန်မကို ကြည့်ရုံကြည့်ပြီး ဘာမှမပြောပါ။ ဆရာကြီးနဲ့ပဲ စကားဆက်ပြောနေပါတယ်။ မေမေတို့ မေကြီးတို့ကလဲ စကားပြောပါတယ်။ ကျွန်မ လေးတန်းအလယ်ခုံမှာ ထိုင်နေတဲ့ ကျွန်မအဒေါ် တစ်ဝမ်းကွဲ မမလဲ့ကို လှမ်း မြင်ပြီး ဝမ်းသာအားရ ပြုံးပြနေဆဲ။

'ကျောင်းအပ်ချင်လို့ပါ ဆရာကြီး'

ကျောင်းတံခါးပေါက်ဆီ ကျွန်မ လှမ်းကြည့်လိုက်ပါတယ်။ ဟိုကောင်မလေးနဲ့ သူ့အမေပါလား၊ ကျွန်မ သူ့နာမည်ကို မသိပေမယ့် အဲဒီကောင်မလေးကို မှတ်မိပါတယ်။ တစ်ခါတုန်းက သူတို့ သားအမိကို ဘဘ အလုပ်အပြန် ခေါ်လာပြီး ဆန်နဲ့ပဲ ပေးဖူးပါတယ်။ ကျွန်မက မေကြီးကိုမေးတော့ ရေဆိပ်နေတာလို့ ပြောပါတယ်။

'လာလေ . . ဝင်ခဲ့လေ'

ဆရာကြီး လှမ်းခေါ်တော့ သူတို့သားအမိ ဝင်လာကြတယ်။ အမေကြီးက သူတို့ကို 'ဟဲ့ ကလေး ကျောင်းအပ်မလို့လား' လို့မေးတော့ 'ဟုတ်ကဲ့' လို့ ဖြေတယ်။ အဲဒီမိန်းမရဲ့ အသံကတစ်မျိုးပဲ။ ပြီးတော့ သူဝတ်ထားတာ သိပ်မလှတာ မကောင်းတာ။ သူ့အသားက တော်တော်ဖြူတယ်။

'သူက ပူဆာလွန်းလို့ အမေကြီးရယ်၊ ကျွန်မတော့ ကလေးပဲ ထိန်းစေချင်တာပ၊ ကိုယ်ခွဲမရှိဘူးလေ၊ သူ့အဖေကလဲ မာချာတာ မဟုတ်။ အို . . ကျွန်မတော့ ကိုယ့်အထက်ရပ်ရွာပဲ ပြန်ပြေးချင်တာပနော'

ဟိုကောင်မလေးရဲ့ အမေက အထက်သူပဲ။ ဖေဖေတို့ ဖောင်နဲ့ ဆိုက်လာတဲ့ လူကြီးတွေပြောတဲ့ အသံမျိုးပဲ။ သူ့ အမေ စကားပြောနေတုန်း

www.burmeseclassic.com



ဟိုကောင်မလေးကတော့ ခေါင်းငုံ့ထားတယ်။ သူက စပ်ထဘီ အသေးလေးနဲ့ ရှင်မီးအင်္ကျီအတိုလေးနဲ့။

'နာမည် ဘယ်သူတဲ့လဲ'

'ဘုတ်သိုက်လို့ ခေါ်တယ်ပ'

'ဟာ ဒီနာမည်ပဲလား၊ နာမည်မပြောင်းတော့ဘူး လား'

'မပြောင်းတတ်ပါဘူးရှင်၊ ဆရာကြီး သင့်မယ်ထင်ရင်လဲ ပြောင်းပေးပါ၊ ကြာသပတေးသမီးပ'

ကျွန်မက ဘုတ်သိုက်ကိုကြည့်ပြီး ရယ်ချယ်လာတာတဲ့ သူနဲ့ မျက်လုံးချင်းလှမ်းအဆုံမှာ ပြုံးပြလိုက်တယ်။ အမယ်သူက မရယ်ဘူးတော့။ ခပ်တည်တည်နဲ့ ပြန်ကြည့်နေတယ်။

'ဆရာကြီးရယ်၊ ကျွန်မ များများစားစားလဲ မတတ်နိုင်လို့ ဟောဒီမုန့်ထုပ်လေးပဲ . . .'

ဘုတ်သိုက်မေမေက သူ့ခေါင်းပေါင်းတဘက်ထဲမှာ ရစ်ပတ်ထုပ်နှောင်လာတဲ့ အုန်းမှုန်ကူထုပ်လေးကို ဆရာကြီးစားပွဲပေါ် တင်လိုက်တယ်။

"နေ နေ ၊ မုန့်ထုပ်ကို ခင်ဗျားကလေးတွေ အတွက်ပြန်ယူသွားပါ၊ ကိစ္စမရှိဘူး၊ ကျွန်တော်တို့ ဒီမှာလဲ စားလို့သောက်လို့ ဝနေပြီ။ ဘယ်စားနိုင်မလဲ၊ ရော့ပြန်ယူသွား'

ဆရာကြီးက ဘုတ်သိုက်အမေ လက်ထဲ မုန့်ထုပ်ကို အတင်းပြန်ထည့်လိုက်တယ်။

'ကဲ ကလေး ထားခဲ့လို့ရပြီ။ ဒေါ်သောင်းခေါ်သွားပေတော့'

ဆရာကြီးပြောလိုက်လို့ အမေကြီးနဲ့ မေမေ ထလိုက်တာနဲ့ကျွန်မ လှုပ်လှုပ်ရှားရှား ဖြစ်သွားပါတော့တယ်။

'ဟင့်အင်း ၊ ဒီမှာ မနေခဲ့ဘူး။ မေကြီးနဲ့ပြန်လိုက်မယ်'

'မနေလို့ မရဘူးလေ သမီးရဲ့။ ကျောင်းနေတယ်ဆိုတာ ကျောင်းမှာပဲ နေရတယ်။ ညနေကျ အိမ်ပြန်ရမှာပေါ့'

'ဟင့်အင်း . . . ဟင့်အင်း'

ဆရာကြီးက ကျွန်မကို ခပ်တည်တည်ကြည့်ရင်း ဆရာမကြီး



ဒေါ်သောင်းနောက်က အစွင့်သားလိုက်သွားတဲ့ ဘုတ်သိုက်ကိုလက်ညှိုးထိုးပြပြီး

'ဟိုမှာ မြင်လား၊ ကျောင်းအပ်တဲ့သူချင်းအတူတူပဲ၊ ညည်းမရှက်ဘူးလား ဟေ'

အဲလိုကျတော့လဲ ကျွန်မ မခံချင်ဖြစ်လာပါတယ်။ ဒါပေမယ့် အဲဒီကောင်မလေးနဲ့တော့ တူတူမနေချင်ဘူး။ ကျွန်မက ဆတ်ခနဲဆို အမေကြီးလက်ကိုဖြုတ်ပြီး လေးတန်းခုံက မမလှဲ့ဆီကို ပြေးသွားလိုက်ပါတယ်။

'ဒီမှာပဲနေမယ်'

ဆရာကြီးနဲ့ မေမေ ၊ မေကြီးတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် ကြပါတယ်။

'ကဲ နေနေ ၊ ဒါပေမယ့် ခဏပဲ နေရမယ်'

အမေကြီးက ကျွန်မကို နမ်းပြီး ပြန်သွားကြပါတယ်။ မေကြီး ပြန်သွားတို့ ဘယ်လောက်မှ မကြာပါဘူးသ။ ဆရာမကြီး ဒေါ်သောင်းက ကျောင်းပေါ်ကနေ ဆင်းလာပြီး ကျွန်မကို ဆွဲခေါ်တော့တာပါပဲ။ မကျေနပ်ရင် လုပ်နေကျဖြစ်တဲ့ အသားကုန်အော်ငိုပြီး ပစ်လှဲ လူးလှိမ့်ချင်တဲ့စိတ်တွေ တဖွားဖွား ပေါ်လာကြပေမယ့် ထူးဆန်းစွာပဲ ကျွန်မ မလုပ်ရဲပါ။ ငြိမ်သက်စွာနဲ့ပဲ ဆရာမကြီးလက်ထဲမှာ ကျွန်မ လိုက်သွားရပါတယ်။

'ဒီမှာထိုင်၊ ကျောက်သင်ပုန်းထုတ်ကြ'

ဘုတ်သိုက်အနားမှာ ကျွန်မထိုင်ရပါတယ်။ ကျွန်မမှာ လွယ်အိတ်ပါပေမယ့် ဘုတ်သိုက်မှာ လွယ်အိတ်မပါပါဘူး၊ ကျောက်သင်ပုန်းလဲမပါ၊ ကျောက်တံလဲ မပါပါဘူး။

'ဝ လုံးရေးရမယ်၊ ညည်းက ဘာလို့ ကျောက်သင်ပုန်းမယူခဲ့ရတာလဲ၊ နောက်ယူခဲ့နော်၊ ဒီနေ့တော့ နှစ်ယောက်၊ တစ်ယောက် တစ်လှည့်စီရေးကြ။ ရော့ လက်ပေး'

ဆရာမကြီးက ကျွန်မတို့ လက်ကလေးတွေကိုကိုင်ပြီး ကျောက်သင်ပုန်းပေါ်မှာ ဝလုံးရေးတတ်အောင် ကျင့်ပေးပါတယ်။ ဆရာမကြီးကို ကြောက်လို့သာ မပြောရဲတာ။ ကျွန်မ အဲဒီအချိန်မှာ ဝ လုံးရေးတတ်နေပါပြီ။ 'ဘဘ'

www.burmeseclassic.com

www.burmeseclassic.com



က အိမ်မှာသင်ပေးထားပြီးသားပါ။ ဆရာမကြီးက ဘုတ်သိုက်နဲ့ ကျွန်မတို့ တစ်ယောက်တစ်လှည့် ရေးပြပြီး 'ရေးကြ' ဆိုပြီး ထားခဲ့ပါတယ်။

ဘုတ်သိုက်က ကျောက်သင်ပုန်းပိုင်ရှင် ကျွန်မကို ဦးစားပေးတဲ့ အနေနဲ့

'နင်အရင်ရေး'

'ဟင့်အင်း ၊ နင်ရေးပါ၊ ငါက ရေးတတ်ပြီးသား'

ကျွန်မက ခပ်ကြွားကြွား ပြောလိုက်ရင်း ဘုတ်သိုက်ဆီကို ကျောက်သင်ပုန်း တွန်းပို့လိုက်တယ်။ ဒါပေမယ့် ဘုတ်သိုက်က

'မယုံပါဘူး၊ နင်ပျင်းလို့ပါ'

ကျွန်မ ဒေါသဖြစ်သွားတာပေါ့။ 'ကြည့်' ဆိုပြီး ကျောက်သင်ပုန်း ပေါ်မှာ ဝလုံးတွေ တစ်လုံးပြီး တစ်လုံးကျွန်မ ရေးပြလိုက်တယ်။

'တွေ့လား၊ ဒီမှာ ငါ့ 'ဘဘ' က သင်ပေးထားတာ သိလား'

ဘုတ်သိုက် ဘာမှ မပြောတော့ဘဲ ကျွန်မဆီက ကျောက်သင်ပုန်းကို ဆွဲယူတယ်။ ပြီးတော့ တကုန်းကုန်းနဲ့ ရေးတော့တာပဲ။ တော်တော်ကြာလို့ သူ ကျွန်မကို လာပြတဲ့အခါ ကျွန်မ အံ့ဩသွားတယ်။ သူ့ ဝလုံးလေးတွေက ဝိုင်းဝိုင်း စက်စက်လေးတွေ။

'နင်ရေးတတ်ရက်သားနဲ့၊ နင့်ကိုလဲ နင့်အဘက သင်ပေးတာလား'

'ငါ့မှာမှ အဘမရှိတာ၊ ခုန ဆရာမကြီး သင်ပေးတဲ့ အတိုင်း ငါလိုက် ရေးတာပဲ'

'တကယ်'

ဘုတ်သိုက်က ကျွန်မကို နားမလည်သလို ခေါင်းညိတ်တယ်။ ကျွန်မ ရင်ထဲမှာလည်း ရှုပ်ထွေးနေတယ်။ မဖြစ်နိုင်ပါဘူး။ ဘုတ်သိုက်က ခုမှ စရေး တာဆိုရင် ကျွန် စရေးတုန်းကလို ဝလုံးအပိန်၊ အချိုင့်မျိုးတွေ ဖြစ်မှာပေါ့။

'နင့်နာမည်က ဘယ်သူလဲ'

'နှင်းနှင်းဦး'

'နင့်အဘ နာမည်ကို ငါသိပြီးသား၊ ဘိုးကျောက်တဲ့'

'အေး ဟုတ်တယ်'

ဘုတ်သိုက်က ဘနာမည်ကိုသိတဲ့အတွက် ကျွန်မ ဂုဏ်ယူစွာနဲ့



ခေါင်းတဆတ်ဆတ်ညိတ်ရင်း 'ငါ့ ဘက ငါ့ကို သိပ်ချစ်တာ' လို့ မဆီမဆိုင် ပြောလိုက်သေးတယ်။ ဘုတ်သိုက်က မျက်လုံးလေးပြူးပြီး

'ငါတော့ နင့်အဘကို နည်းနည်းကြောက်တယ်၊ နင့်အဘက ငါတို့ အဖေ ထန်းလျက်ကားတွေ၊ ဖရုံလှည်းတွေနားကပ်ရင် အော်တယ်ဟ'

'ဘာဖြစ်လို့လဲ'

'အဖေယူမယ်ထင်လို့ပေါ့'

'နင့်အဖေကရော ယူသလား'

'အင်း . . ယူတယ်၊ ငါက ထန်းလျက်စာချင်တာကိုး၊ ဟင်း . . နင့်အဘ၊ နေ့ခင်းသာ အော်နိုင်တာပါ၊ ညကျ သူမသိတော့ပါဘူး။ ညဆို အဖေ ထန်းလျက် ကားတွေပေါ်တက်ပြီး ထန်းလျက်နှိုက်ရင် ငါက အောက်ကစောင့်နေတာ။ သိပ်ပျော်ဖို့ကောင်းတာပဲ။ ထန်းလျက်က အကြီးကြီးတွေ။

ကျွန်မနဲ့ဘုတ်သိုက် စကားကောင်းနေတုန်း ရုတ်တရက် ကျွန်မ ဗိုက် နာလာတယ်။ ဗိုက်နာရင် ပြေးလေ့ရှိတဲ့ ကျွန်မရဲ့ မြေကျင်းအိမ်သာ အသေး လေးက အိမ်မှာရှိတာပဲ။ ကျွန်မ ဘယ်လိုလုပ်မလဲ။ ကျွန်မဗိုက်ထဲက ပိုပြီး နာလာပါတယ်။

'ဘုတ်သိုက်၊ ငါဗိုက်နာတယ်၊ အီးပါချင်တယ်'

'လာလေ ၊ သွားမယ်'

'ဘယ်ကိုလဲ'

'အီးပါတဲ့ဆီကိုပေါ့၊ ဆရာမကြီးကို မေးမယ်လေ' ဘုတ်သိုက်က ဆရာမကြီးဆီကို သွားမေးရဲပါတယ်။ ဆရာမကြီးက ကျွန်မတို့နှစ်ယောက်ကို ယိုင်ယိုင်၊ ယိုင်ယိုင်ဖြစ်နေတဲ့ အနောက်ဘက် ကျောင်းလှေကားကနေ ဖြည်းဖြည်းဆင်းခိုင်းပြီး 'ဟိုး အနောက်ဘက်ထဲကိုသွား' လို့ ပြောလိုက်ပါတယ်။

အနောက်ဘက်ထဲ ဆိုတာ ချုံတွေ ပိတ်ဖုံးနေတဲ့ အနောက်ဘက် မြို့ရိုးအခြေ၊ အနောက်ဘက် ကျုံးဟောင်းကြီးရဲ့အစပ်ကိုပြောတာပါ။ ကျွန်မတို့ မူလတန်းကျောင်းလေးက အင်းဝမြို့ဟောင်းဘေး အင်းဝကျုံးဟောင်းကြီးရဲ့ ဘေးမှာရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဘုတ်သိုက်၊ ဘယ်မှာလဲ အိမ်သာ၊ ချုံဖုတ်တွေနဲ့ မြွေတွေ ထွက်လာဦးမယ်'

မြွေကြောက်တဲ့နေရာမှာ ဘနဲ့တူတဲ့ ကျွန်မက တစ်ခါမှ မရောက်ဖူးတဲ့ ချုံတွေထဲကို မတိုးရဲဘူး။ မကောင်းတဲ့အနံ့တွေကလဲ လှိုင်နေတယ်။

'ဟာ. . နင်ကလဲ ၊ ဒီမှာပဲ သွားရမှာပဲ၊ မြန်မြန်သွားလိုက်၊ အုတ်ခဲရှာပေးမယ်'

ဘုတ်သိုက်က ပြိုကျနေတဲ့ မြို့ရိုးအခြေက ပေါများတဲ့ အုတ်ခဲတွေထဲက အုတ်ခဲနှစ်ခုကို မယူလာပေးပြီး ချပေးတယ်။ သူများတွေလုပ်ထားတဲ့ အိမ်သာပုံစံအတိုင်းပေါ့။ အုတ်ခဲနှစ်လုံးကို နေရာလွတ်မှာချပြီး သွားတဲ့အိမ်သာပုံစံ။

'ဟင့်အင်း ဟင့်အင်း ငါမသွားတတ်ဘူး၊ ရွံတယ်'

ပုရွက်ဆိတ်တက်စာဆို မစား၊ အိမ်သာဆင်းတိုင်း လက်ဆေး၊ နေ့အချိန် ရေသောက်ရင် ရေခွက်ကို နေရောင်မှာသွားကြည့်ပြီးမှ ညအချိန်ဆိုလက်နှိပ်ဓာတ်မီးနဲ့ ရေခွက်ကို ထိုးကြည့်ပြီးမှ သောက်တတ်တဲ့ ဖေဖေနဲ့ ရွံတတ်တဲ့ နေရာမှာတူတဲ့ ကျွန်မက အုတ်ခဲပေါ်တက်ဖို့ အပြင်းအထန် ငြင်းဆန်တာကို ဘုတ်သိုက် စိတ်ရှည်ပုံမရပါဘူး။

'မသွားရင်လဲ နေပေါ့။ နင်ပဲ ဒုက္ခရောက်မှာ'

အမှန်ပါပဲ။ ကျွန်မ ဗိုက်ထဲက တအားနာနေပါပြီ' ချွေးတွေလဲ ပြန်နေပါပြီ။

'ဒါဖြင့် ရေနဲ့ အဝတ်စုတ်က ဘယ်မှာလဲ'

'ဘာလုပ်ဖို့လဲ'

'ဟား အီးသုတ်ဖို့ပေါ့ဟ'

'ဒီမှာလေ ။ ဒါနဲ့သုတ်ပေါ့'

ဘာပဲဖြစ်ဖြစ်ဆိုပြီး အားတင်းလိုက်တဲ့ ကျွန်မ အကြီးအကျယ် နောက်တွန့်သွားပြီး သူပြတဲ့ သရက်ပင်ကိုင်းခြောက် အကျိုးလေးတွေကို စိတ်ပျက်လက်ပျက် ကြည့်နေမိပါတယ်။

ကျွန်မတို့နှစ်ယောက် ပြဿနာတက်နေကြတုန်းမှာ တခြားကျောင်း



သူတွေ ရောက်လာကြတယ်။ ချုံကွယ်နေရာလွတ်မှာ ကိုယ့်ကိစ္စကိုယ်ရှင်းပြီး အေးအေးလူလူ ထွက်သွားကြပါတယ်။ ကျွန်မကတော့ ခေါင်းမာစွာ ချုပ်တည်းထားမြဲ။ အဲလိုနေတုန်းမှာ ဟိုး ကျုံးအောက်ခြေလမ်းကနေ ကျောင်းသား ကောင်လေးတချို့ ပြေးဆင်းလာပြီး ကျွန်မတို့ထက် ပိုဝေးတဲ့ အနောက်ဘက်ဆီကို သွားတာလဲမြင်ရော ကျွန်မကုန်းပေါ်ကို ပြန်တက်ပြေးလာပါတော့တယ်။

'ဘုတ်သိုက် ၊ ငါအိမ်ပဲပြန်တော့မယ်'

'နင်ပြန်တတ်လို့လား'

'ဟင့်အင်း'

ဘုတ်သိုက် ခဏတွေပြီး စဉ်းစားတယ်။

'ငါ နင့်လွယ်အိတ် ကျောင်းပေါ်တက်ယူချည်မယ်၊ နင် ဒီကစောင့်၊ ငါလိုက်ပို့မယ်'

ပထမဆုံးအကြိမ် ဘုတ်သိုက်ကို ကျွန်မ သိပ်ခင်သွားပါတယ်။ အားလဲကိုးချင်စရာကောင်းတဲ့ ဘုတ်သိုက်ဟာ ကျွန်မလွယ်အိတ်ကို ဆရာမကြီး မသိအောင် အောင်မြင်စွာ ယူလာနိုင်ပြီး ကျွန်မတို့နှစ်ယောက် အိမ်ကို တချိုးတည်း ပြေးခဲ့ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

နှစ်တန်းရောက်တဲ့နှစ်ဟာ တော်တော် ပျော်စရာကောင်းပါတယ်။

ကျွန်မ စာဖတ်တတ်သွားပါပြီ။

အိမ်ရှေ့ကို မြို့သာကားဆိုက်လာရင် ‘ယာဉ်သုံးတန်၊ ကုန်သုံးတန်၊ ပေါင်းခြောက်တန်’၊ ‘သတိ ကပ်မလိုက်နဲ့’၊ ဆိုတဲ့ စာတွေကို အော်ဖတ်ရတာ သိပ်အရသာရှိလှပါတယ်။

မီးဖိုချောင်ခါးပန်းမှာ အမေကြီးရေးထားတဲ့ ပြာသိုလဆန်း နှစ်ရက် ဆီပုံးစဖောက်’ တို့။ အိမ်အောက်ထပ် ခါးပန်းမှာ ဘဘရေးထားတဲ့ ‘ကိုရင်ချစ် 5-10-65 နေ့မှာ ငွေငါးဆယ်ယူ’ ဆိုတဲ့ စာတန်းတွေကိုလဲ လိုက်ဖတ်ပါတယ်။

ဒါပေမယ့် ဘဘရေးထားတဲ့ စာတန်းထဲက 5တို့၊ 1 တို့ ၊ 65 တို့ကို ကျတော့ အင်္ဂလိပ်စာ မတတ်သေးတဲ့ ကျွန်မ မသိသေးတဲ့အတွက် ဘာတွေ ရေးမှန်းမသိပါဘူး။ မေမေတို့ မေကြီးတို့ကလဲ အင်္ဂလိပ်စာ မတတ်တော့ ကျွန်မ မေးတာကို မဖြေနိုင်ကြဘူး။ နောက်တော့ ဘဘက ကျွန်မကို အင်္ဂလိပ်လို တစ်၊ နှစ်၊ သုံး၊ လေး သင်ပေးပါတယ်။ ဘက သူငယ်ငယ်တုန်းက စစ်ကိုင်းဘက် က သူတို့အဒေါ်စာရေးကြီး ဦးဘနဲ့ ဒေါ်ဒေါ်ဆင်တို့ရဲ့ သားဆိုပြီး အင်္ဂလိပ်



...ကျောင်းမှာ နေရတဲ့အကြောင်း၊ စာရေးစာချီ၊ ဝန်ထောက်သားသမီး မဟုတ်ရင် ...လိပ်ကျောင်းက လက်မခံကြောင်း၊ ကျောင်းက ဆရာတွေ ဝင်လာရင် ဒူး ...တော်ရပြီး လက်ဆစ်ကိုလဲ ပေတံနဲ့ ကျင်နေအောင် ခေါက်တဲ့အတွက် ဘက ...နှစ်ပဲနေပြီး အင်းဝပြန်ပြေးလာခဲ့ကြောင်း၊ ဒါပေမယ့် ဘရဲ့ ညီအမွှာပူး ...ယောက် ဘဘကိုနဲ့ ဘဘညီတို့ကတော့ ဆက်နေတဲ့အတွက် မြို့ပိုင် တွေ ...သွားကြောင်းတွေကို ပြောပြရင်း ‘ဘ ငယ်ငယ်တုန်းကလဲ ငါ့သမီးလိုပဲ ...တာပဲ’ လို့ ကျွန်မကို အားပေးအားမြှောက် လုပ်တတ်ပါတယ်။

ကျွန်မ စာဖတ်ရတာ အကောင်းဆုံး အချိန်တွေက မေမေတို့ မေကြီး ...နဲ့ မန္တလေးကို ဈေးဝယ်သွားတဲ့ အချိန်၊ စစ်ကိုင်းဘက်ကို ဓာတ်ရှင် (ရုပ်ရှင်) ...ကြည့်တဲ့အချိန်တွေပါပဲ။

အင်းဝနဲ့ လေးမိုင်ဝေးတဲ့ တံတားဦးမှာ ဈေးငယ်လေးတစ်ခုနဲ့ နေ့ပွဲ ...တဲ့ ဓာတ်ရှင်ရုံလေးတစ်ရုံ ရှိပေမယ့် မေမေတို့ မေကြီးတို့က အသားငါး ...သီးဟင်းရွက် ဝယ်တာကလွဲရင် တခြားအဝတ်အထည်၊ ကုန်ခြောက် ပစ္စည်း ...တို မန္တလေးနဲ့ စစ်ကိုင်းဘက်မှာ သွားဝယ်တတ်ပါတယ်။ ကျွန်မတို့ အင်းဝ ...ဟောင်းမှာ ဈေးမရှိ၊ ဓာတ်ရှင်မရှိ၊ မီးလဲမရှိခဲ့ပါ။

ကျွန်မတို့ မန္တလေးကိုသွားရင် ‘ဘ’ရဲ့ ကူးတို့ကနေ ‘ငှက်’(သမ္ဘာန်) ...ဖြတ်ကူးပြီး ဟိုဘက် ကမ်းပါးထိပ်မှာ ရှိတဲ့အမှတ်(၈) ကားကြီးနဲ့ မန္တလေး ... သွားရပါတယ်။ တောင်မြို့(အမရပူရ) ဆိုရင် ငါးမူးပေးရတယ်။ ‘ဘ’ တို့ ...တို့ကို အိုးထုတ်တန်း ကူးတို့လို့ ခေါ်တယ်။ ကူးတို့အထက်က ကျွန်မတို့ ...ရပ်နာမည်ကလဲ အိုးထုတ်တန်းတဲ့။

အမှတ်(၈) ကားသွားတဲ့ (စစ်ကိုင်း၊ မန္တလေးကားလမ်းမ မရောက်ခင်) ...ခွဲလို့ခေါ်တဲ့ ဖုန်လမ်းမဟာ အင်မတန်ဆိုးတဲ့လမ်း။ နွေရာသီဆို ကားပေါ် ... လူတွေ အကုန်လုံး မြို့သာကားပေါ်ကလူတွေလို ဖုန်တွေနဲ့ ဖွေးဖွေးလှုပ် ...ပြီး မိုးတွင်းဆိုရင် မစို့မပို့ရွာထားတဲ့ ဖုန်နဲ့ ပေါင်းစပ်ထားတဲ့ ရွှံ့စေးတွေ ...မှာ အမှတ်(၈)ကားကြီး အသေအလဲ ရုန်းရတတ်ပါတယ်။ စစ်ကိုင်း-မန္တလေး ...ရာလမ်းမကြီးပေါ် ရောက်ဖို့ အချိန်အတော်ကြီး ကြာတတ်ပါတယ်။

အဲဒီ အမှတ်(၈)ကားကြီးနဲ့ မန္တလေးသွားလမ်း တစ်လျှောက်မှာ ရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဘုတ်တွေက စာတွေကို ကျွန်မ အားရပါးရ ဖတ်ရပါတယ်။ အမှတ်(၈) ကားကြီးက တအိအိနဲ့ နှေးတဲ့အတွက် ဆိုင်းဘုတ်တွေကို ပြတ်ပြတ်သားသား မြင်ရတယ်။

ဒေါ်မြမေ ဖိနပ်တိုက်ဆိုင်တို့၊ ရွှေထီးဆိုင်တို့၊ နဂါးဆေးလိပ်၊ ပွဲထိုင်တို့၊ ကျွန်မမှတ်မိတဲ့ ဒေါ်ဒေါ်မိုးဂါဝန်ဆိုင်ဆိုတဲ့ ဆိုင်းဘုတ်ကို မြင်ရင်တော့ ကျွန်မက ထိတ်ခနဲ ဝမ်းသာသွားပြီး 'မေကြီး ဂါဝန်ဆိုင်ရောက်ပြီ' လို့ ပြတတ်ပါတယ်။ ဒေါ်ဒေါ်မိုးမရောက်ခင် မြင်ရတဲ့ ဆိုင်းဘုတ်ကတော့ 'လူထု' ဆိုတဲ့ ဆိုင်းဘုတ်အခုံးလေးပါ။

စစ်ကိုင်းဘက်ကို ဓာတ်ရှင်ကြည့်သွားရတာတော့ မန္တလေးသွားရတာထက် ပိုပျော်စရာ ကောင်းပါတယ်။ ညနေစောင်း မှောင်ရီရီ အချိန်လေးမှာ ငှက်နဲ့ကူးသွားကြပြီး ညပွဲကြည့်ကြပါတယ်။ ကျွန်မတို့ ငှက်နဲ့ မြစ်ထဲမှာ သွားနေတဲ့အချိန်မှာပဲ တံတားကြီးပေါ်က မီးတွေ၊ စစ်ကိုင်းတောင်ပေါ်က မီးတွေ စစ်ကိုင်းမြို့ဘက်က မီးတွေ၊ တဖျတ်ဖျတ် ပွင့်လာတတ်ပါတယ်။ အဲဒီအချိန်မှာ ကျွန်မတို့ အင်းဝကတော့ မှောင်မည်းငြိမ်သက်နေမြဲမို့ မီးလင်းချင်တဲ့ ကျွန်မက 'ဘာဖြစ်လို့ သမီးတို့ဆီမှာကျ မီးမလင်းသလဲ' ဆိုတဲ့ မေးခွန်းကို ငှက်ပေါ်က စိတ်ရှည်ရှည်ထားနိုင်တဲ့လူတိုင်းကို မေးပါတယ်။ 'ရေဝင်လို့' ဆိုတဲ့ အဖြေကိုပဲ တညီတညွတ်တည်း ဖြေကြပေမယ့် ကျွန်မဘယ်တော့မှ နားမလည်ခဲ့ပါ။ 'ရေဝင်တာ' နဲ့ မီးမလင်းတာနဲ့ ဘယ်လိုများ ဆက်စပ်နေပါသလဲ။ ကျွန်မ နားမလည်ပါ။

'ဦးရာမရုံ' လို့ မေမေခေါ်တဲ့ ဓာတ်ရှင်ရုံရောက်တော့ မီးကိုစွမေ့သွားပြီး ကျွန်မပျော်လာပါတယ်။ ဓာတ်ရှင်ကြည့်ရတော့မယ်လေ။ ဓာတ်ရှင်ပြရင် ထိုးတဲ့စာတမ်းတွေကို ကျွန်မ ဖတ်ရတော့မယ် မဟုတ်ပါလား။

ဒါပေမယ့် တစ်ခုစိတ်ညစ်ဖို့ ကောင်းတာက ဓာတ်ရှင်ရုံထဲဝင်ပြီး ဓာတ်ရှင်ပြဖို့ အကြာကြီး စောင့်ရတဲ့အတွက်ရယ်၊ ကျွန်မ ထိုင်ခုံသတ်သတ် မထိုင်ရဘဲ မေမေနဲ့ ဒေါ်ဒေါ်ကြားက ကုလားထိုင်လက်တန်းပေါ်မှာ ခေါင်းအုံးသေးသေးခုပြီး ထိုင်ရတဲ့အတွက်ရယ်ပါပဲ။ လူကြီးတွေလိုပဲ ကျွန်မထိုင်ခုံသတ်သတ်ထိုင်ချင်ပါတယ်။



ပြီးတော့ ကျွန်မအောက် မေမေမွေးတဲ့ ညီမလေး ပါလာရင်လဲ စိတ်ညစ်ဖို့ကောင်းပါတယ်။ သူက ဓာတ်ရှင်ကို မကြည့်တတ်သေးဘူးလေ၊ ငိုနေ...ပဲ၊ တစ်ခါ'အင်္ဂုလိမာလ' ဆိုတဲ့ ဓာတ်ရှင်ကြည့်တုန်းက သူက ငိုနေတယ်၊ ...လိုလဲမရဘူး။ ဒါနဲ့ မေမေက သူတိတ်သွားအောင် ပိတ်ကားပေါ်က ကျားကြီးကို လက်ညှိုးထိုးပြပြီး'ဟိုမှာ ကျားကြီး၊ ကျားကြီး' လို့ ခြောက်တော့ သူက မကြောက်ဘဲ 'ကျားကြီးဖမ်းပေး၊ ကျားကြီးဖမ်းပေး' တအားအော်တာနဲ့ ကျွန်မတို့ ဓာတ်ရှင်ရုံထဲကနေ ထွက်ခဲ့ရရော။

ကျွန်မကတော့ ဓာတ်ရှင်ရုံထဲ ရောက်တာနဲ့ လက်မှတ်ပေါက်အဝက ...စိစွေစွေနဲ့လူကြီး ရုံထဲဝင်လာမှာကိုပဲ ကြည့်နေတာပဲ။ သူဝင်လာရင် ဓာတ်ရှင်ပြတော့မှာမို့ ရုံအနား တံခါးလေးတွေကိုပိတ်တဲ့ ကြိုးတွေလာဆွဲတာ၊ ...ကြိုးဆွဲပြီးရင် ရေခင်းသံဖွင့်ပြီး မီးတွေမှောင်သွားတော့တာပဲ။

ဒါပေမယ့် ဓာတ်ရှင်ရုံမှာ စာဖတ်ရတာ ဆိုင်းဘုတ်တွေ ဖတ်ရ...လောက်တော့ မကောင်းဘူး။ စာတွေပျောက်သွားတာက မြန်တယ်။

ကျွန်မ ပထမဆုံးမှတ်မိတဲ့ ဓာတ်ရှင်က ဖေဖေနဲ့ မန္တလေးတော်ဝင်ရုံ...ကြည့်ရတဲ့ 'ပုလဲမျက်ရည်' ဆိုတဲ့ကား။ ကျွန်မ မကြိုက်ပါဘူး။ တစ်ချိန်လုံး ...ဒိုင်းနဲ့ ပစ်ခတ်နေတာပဲ။ မီးတွေလောင်တယ်။ ကျွန်မ မှတ်မိတာ တစ်ခန်း ...ရှိတယ်။ မြေကျင်းထဲမှာ ကျော်ဆွေက သေတော့မှာလား မသိပါဘူး။ လဲနေ... ငိုနေတဲ့ ခင်ယုမေကို တခြားစစ်သားတစ်ယောက်က အတင်းခေါ်သွားတော့ ခင်ယုမေရဲ့ ဖိနပ်ကလေးတစ်ဖက် ကျွတ်ကျနေခဲ့တာ။ ဖိနပ်လေးကို ကျော်ဆွေ ...ပြီး မျက်ရည်ကျတဲ့အခန်း။

'နောက် ဒီရုံကို မကြည့်နဲ့ဖေဖေ၊ ဓာတ်ရှင်မကောင်းဘူး' လို့ ကျွန်မ ပြောမိသေးတယ်။ စစ်ကိုင်းဘက်က ရုံကပဲ ကောင်းတာပြတယ်လို့ ကျွန်မထင်တယ်။ ဒါပေမယ့် တော်ဝင်ရုံမှာ ဓာတ်ရှင်မပြခင် 'တော်ဝင်ခန်းမဆောင်က ...ဆိုပါတယ်ရှင်' ဆိုတဲ့ သီချင်းနဲ့ကားလိပ်လေး နှစ်ခြမ်းကွဲသွားတာကိုတော့ ကျွန်မသဘောကျတယ်။

စစ်ကိုင်းဘက်မှာ ကြည့်ရတဲ့ ကားတွေထဲမှာ ရည်မွန်ခားခားပြ၊ ...တစ်လှည့် ပြုံးတစ်လှည့်၊ ချစ်သောမောင်မောင်၊ ချစ်သမီးတို့ကို ကျွန်မ

www.burmeseclassic.com



မှတ်မိတယ်။

'ရည်းစားစာပြ' ကားဆိုရင် တအားလူတိုးရတာပဲ။ ကျွန်မ ခေါင်းတဲ ဟဲရားပင်လို့ခေါ်တဲ့ အဝတ်ဆံပင်ကုပ် ခရမ်းရောင်လေးတောင် ကျွတ်ကျန်ခဲ့ ရော။ ပြီးတော့ နေရာကောင်းလဲ မရဘူး။ ရှေ့ဆုံးတန်းကပဲရလို့ ကြည့်လို့လဲ မကောင်းဘူး။ အရုပ်ကြီးတွေ ကြီးပေမယ့် ရှည်မျောမျောကြီးတွေ၊ ခေါင်းမော့ နေအောင် ကြည့်ရတယ်။ လှည်းတန်းကြီးတွေရယ်၊ ဖွက်လာတဲ့ ကလေးလေး ပါတဲ့ ဘူးသီး ခရမ်းသီး တောင်းထဲကို လှံနဲ့ထိုးကြည့်တဲ့ အခန်းရယ်ပဲ မှတ်မိတော့တယ်။

အရေးထဲမှာ အဲဒီကားကြည့်တုန်းက မေမေတို့က 'ညွှန့်ညွှန့်' လို့ခေါ်ပြီး ကျွန်မက 'ဘွားဘွားညွှန့်' လို့ခေါ်ရတဲ့ မေမေရဲ့အဒေါ်က တစ်ချိန်လုံး လိုက်အော်နေတယ်။

'ချကွ၊ ချကွ၊ ထိုး၊ ထိုး' နဲ့လဲ အော်ပြီး လက်ခုပ်တီးလိုက်၊ တော်ကြာ မျက်ရည်တွေကျပြီး နှပ်တွေသုတ်လိုက်၊ တော်ကြာ တဟားဟားရယ်လိုက်နဲ့ ကျွန်မကိုလဲ ဖက်ပြီး 'ငါ့မြေးကောင်းတယ်မဟုတ်လား၊ ကောင်းတယ်နော်၊ ကောင်းတယ်နော်' နဲ့။ ကျွန်မမှာ ဟဲရားပင်လေးကို နှမြောပြီး စိတ်ညစ်နေရတဲ့ ကြားထဲမှာ။ နောက်ဆို မေမေတို့က ရှက်လို့ ဘွားဘွားညွှန့်ကို မခေါ်တော့ဘူး။

ကျွန်မအကြိုက်ဆုံး၊ အစွဲလမ်းဆုံးကတော့ 'ချစ်သမီး' ဇာတ်ကားပဲ။ ဝါဝါဝင်းရွှေကို မေမေ အင်မတန်ကြိုက်လို့ ကျွန်မသိပေမယ့် ချစ်သမီးဇာတ်ကား ထဲက ဦးကျော်လုံးကို ကျွန်မသိပ်မသိပါဘူး။

ဒါပေမယ့် ဦးကျော်လုံးက ဆေးရုံပေါ်မှာ သူနဲ့သူ့သမီးလေး ငယ်ငယ်က အကြောင်းတွေ ပြန်စဉ်းစားတဲ့အခန်းမှာ၊ ပုဆိုးကို ဆင်နှာမောင်း လုပ်ပြီး သူက ဆင်ကြီးအဖြစ်နဲ့ သူ့သမီးလေးကို ကျောပေါ်တင်စီးတော့ ကျွန်မက မဆီမဆိုင် အိမ်မှာကျန်ခဲ့တဲ့ ဘဘကို သတိရပြီး ရှိုက်ကြီးတငင် ငိုချလိုက်ပါ တယ်။ ဘဘနဲ့ ဦးကျော်လုံး ပြောတဲ့စကားတွေကလဲ တူနေသလိုပဲ။

အဲဒီအခန်းကစပြီး ဦးကျော်လုံးနဲ့ ဝါဝါဝင်းရွှေ ဆေးရုံအခန်း အတွင်းနဲ့အပြင်မှာ ပြောကြတာကို ကြည့်ပြီးလဲငို၊ ဦးကျော်လုံး ချိုင်းထောက် ကြီးနဲ့ သူ့သမီးလေးကို ခေါ်သွားမယ့် လေယာဉ်ကွင်းဆီကို လိုက်တော့လဲငို၊



ကျွန်မငိုလွန်းလို့ ဒေါ်ဒေါ်က ပေါင်ကိုဆွဲဆိတ်ပြီး တိတ်ခိုင်းပါတယ်။ ဒါပေမယ့် ကျွန်မတိတ်လို့မရဘူး။

ကျွန်မမှာ ဒီဇာတ်ကားကို စွဲလမ်း တသနေဖို့ ဘယ်လောက်များ ဖန် လာသဲဆိုရင် ဝါဝါဝင်းရွှေ လေယာဉ်ပေါ်ကနေ ဟိုကြည့်ဒီကြည့် ကြည့်နေတုန်း ဦးကျော်လုံးကလဲ ချိုင်းထောက်ကြီး တဒေါက်ဒေါက်နဲ့ လိုက်လာတုန်းမှာပဲ ဇာတ်ရှင်က ဖြုန်းဆို မီးပျက်သွားပါတော့တယ်။

တကယ့်နေရာကျမှ မီးပျက်တဲ့အတွက် လူတွေက ဆဲဆိုပြီး ပြန်ကြ ပါတယ်။ ကျွန်မတို့လဲ ပြန်ခဲ့ရတယ်။ ဒါပေမယ့် ကျွန်မစိတ်ထဲမှာ သိချင်ခြင်း ပြင်းပြစွာနဲ့ ဘယ်တော့မှ မမေ့တော့ပါ။ သူ့အဖေနဲ့ သူနဲ့တွေ့သွားသလား။ ဝါဝါဝင်းရွှေ နေရစ်ခဲ့သလားဆိုတဲ့ အဖြေကို ကျွန်မအင်မတန် သိချင်နေမိ ပါတယ်။

နှစ်တန်းနှစ်ဟာ စာဖတ်တတ်လို့ ပျော်စရာကောင်းပေမယ့် ကျောင်း သွားဖို့ကိုတော့ ကျွန်မတွန့်ဆုတ်တုန်းပါပဲ။ မနက်အိပ်ရာကထတာနဲ့ အကြောင်း အမျိုးမျိုးနဲ့ ကျောင်းလိုက်ဖို့ ကျွန်မငြင်းဆန်တတ်ပါတယ်။ အများဆုံးပြတဲ့ အကြောင်းကတော့ (ကျွန်မက သွေးစုနာ ခဏ ခဏ ပေါက်တတ်တဲ့အတွက်) အနာပေါက်နေပြီ ဆိုတဲ့ အကြောင်းပါပဲ။ မဟုတ်ပေမယ့် အမေကြီးကတော့ ယုံပါတယ်။ ဒါပေမယ့် မေမေက မယုံပါဘူး။ ကျွန်မကို ချော့မော့ပြီး ဆွဲခေါ်၊ သနပ်ခါးလိမ်း၊ အကျီလဲပေးတတ်ပါတယ်။ မေမေ့ကိုကြောက်လို့ သွားရပေမယ့် သနပ်ခါးလိမ်းခါနီးမှာလဲ ကျွန်မ အချိန်ဆွဲထားတတ်ပါတယ်။ မေမေ သနပ်ခါး သွေးနေတုန်း မှန်အသေးလေးကိုယူပြီး တစ်နေရာမှာ သွားကြည့်ပြီး အကြာကြီး နေပါတယ်။ မှန်ကိုကြည့်ပြီး သူငယ်တန်းနဲ့ တစ်တန်းတုန်းကလိုတော့ ရန်မဖြစ် တော့ပါဘူး။ သူငယ်တန်းနဲ့ တစ်တန်းမှာတုန်းကတော့ ကျောင်းသွားခါနီး မေမေ သနပ်ခါးသွေးနေချိန်မှာ မှန်ကြည့်ပြီး မှန်ထဲက ကျွန်မလို ကောင်မလေးနဲ့ အမြဲတမ်း ကျွန်မရန်ဖြစ်ပါတယ်။ ကျွန်မက 'နင်က ဘာတုံး' ဆိုရင် သူကလဲ 'နင်ကဘာတုံး' လို့ ပြန်ပြောပါတယ်။ ကျွန်မက 'ဟဲ့' ဆိုရင် သူကလဲ 'ဟဲ့' တဲ့။ ကျွန်မအံကြိတ်ပြရင် သူကလဲ အံကြိတ်ပြ၊ ကျွန်မလျှာထုတ်ပြရင် သူကလဲ လျှာထုတ်ပြနဲ့ မပြီးနိုင် မစီးနိုင် ရန်ဖြစ်တတ်လွန်းလို့ မေမေက မှန်ကို အတင်း

www.burmeseclassic.com

www.burmeseclassic.com



ဆွဲလုရတယ်။

ကျွန်မကျောင်းမလိုက်ချင်တာက ဘာရယ်ကြောင့်လို့လဲ မဟုတ်ဘူး။ အတင်းလိုက်ပို့လို့ ကျောင်းရောက်သွားတော့လဲ ပျော်သွားတာပါပဲ။ ဒါပေမယ့် ကျောင်းမှာ ကြောက်ရတဲ့ဆရာ၊ ဆရာမတွေရှိတာ တစ်မျိုးကြီးပဲ။ ပြီးတော့ ဆရာ့သမီးတို့၊ တူမတို့ကိုလဲ ကျွန်မမုန်းတယ်။ သူတို့ကို ဝိုင်းပြီး အရေးပေးတာကိုလဲ မကြိုက်ဘူး။ ကျွန်မကြောက်တဲ့ ၊ ကျွန်မကိုချစ်ရင် ကောင်းမှာပဲဆိုတဲ့ ဆရာဟာ သူ့အဖေနော်ဆိုပြီး ဆရာ့သမီး ကောင်မလေးကို အားကျတယ်။ ဆရာတို့သားဖ နှစ်ယောက် အတူသွား၊ အတူပြန်၊ အတူစားတာ ကြည့်ပြီးတော့လဲ အားကျတယ်။ အဲဒီအချိန်မှာ ကျွန်မ အဖြစ်ချင်ဆုံးဟာ ဆရာ၊ ဆရာမရဲ့ သမီးပဲ။ ဖေဖေ နဲ့မေမေ ဟာ ဘာဖြစ်လို့ ဆရာ၊ ဆရာမ မလုပ်ခဲ့ရသလဲဆိုပြီး မကျေနပ်ဘူး။ ကျောင်းသွားခါနီးရင် အဲဒီစိတ်တွေပေါ်လာပြီး မသွားချင်တော့ပါဘူး။ အိမ်သာတက်ရမှာ ကြောက်တဲ့စိတ်လဲ ပါတယ်။ ဒါပေမယ့် ကျွန်မ ကျောင်းမှာ ဘယ်တော့မှ အိမ်သာမတက်တော့ပါ။ ဝမ်းချုပ်တတ်တဲ့အကျင့်ဟာ အဲဒီကတည်းက အကျင့်ပါသွားတော့တာပဲ။ ကျောင်းမှာ အပေ့ါပဲသွားပြီး အိမ်ပြန်ရောက်မှ အိမ်သာတက်တဲ့ အကျင့်ကြီး ဖြစ်သွားပါတယ်။

ပြီးတော့ မေမေတို့၊ မေကြီးတို့က ဘုတ်သိုက်နဲ့လဲ ကျွန်မကို ကျောင်းအတူတူ မသွားစေပါဘူး။ မမလဲ့တို့နဲ့ပဲ သွားရတယ်။ ကျောင်းမှာကျ ရင်တော့ ဘုတ်သိုက်နဲ့ ကျွန်မ တူတူနေတာပဲ။ တစ်ခုံတည်းလဲထိုင်တယ်။ ဘာမှတ်သလဲ။ ဘုတ်သိုက်က စာသိပ်တော်တာ။ လက်ရေးလဲ လှတယ်။ ဂဏန်းတွက်ရင်လဲ သူပဲအရင်ပြီးတယ်။ ကျောက်တံသွေးတာ၊ ခဲတံချွန်တာ တော်တယ်။

ကျောင်းရှေ့က ကျောက်တိုင်အခြေ အုတ်သမံတလင်းမှာ ကျောက်တံသွားသွေးရင် သူက ကျွန်မကျောက်တံကို သေချာလေး သွေးပေးတတ်တယ်။ တခြားသူငယ်ချင်းတွေ သန်းသန်းမြင့်တို့၊ အန္တဲ့တို့ဆို သူသွေးမပေးဘူး။ ဘုတ်သိုက်ကို ကျွန်မပိုပြီး ခင်လာတာပေ့ါ။

နေ့လယ် ထမင်းချိုင့်မပါတဲ့၊ မုန့်ဖိုးမပါတဲ့ ဘုတ်သိုက်ဟာ သိပ်သနားဖို့ကောင်းတာပဲ။ နေ့လယ်ဆို ကျောင်းနောက် မြို့ရိုးပေါ်က ယင်းမာပင်ကြီးပေါ် သွားတက်နေတတ်တယ်။ ကျွန်မက 'ဘုတ်သိုက်ရေ၊ ဘုတ်သိုက်ရေ' နဲ့



...ကြော်ကြော် အော်ခေါ်လဲ မထူးဘဲ ယင်းမာရွက်တွေကြား ပုန်းနေပါတယ်။ ကျွန်မက 'ဟေ့ ဘုတ်သိုက်၊ နင်မလာရင် ငါနင့်ကို တစ်သက်လုံး မခေါ်တော့ဘူး၊ ငါ့ခွန်စက်နဲ့ လာမချွန်နဲ့' လို့ ပြောတော့မှ ဆင်းလာပါတယ်။ ဘုတ်သိုက်က ခဲတံချွန်စက်ကို သိပ်သဘောကျပါတယ်။

ဒါပေမယ့် သူ ကျွန်မ ထမင်းချိုင့်ထဲက ထမင်းကိုတော့ ဘယ်တော့မှ မစားပါဘူး။ ကျောင်းမုန့်စုံသည် ဒေါ်စိန်ဆီက မုန့်ဝယ်ကျွေးရင်တော့ စားပါတယ်။ ကျွန်မကို မေကြီးက မုန့်ဖိုး တစ်နေ့ တစ်မတ်ပေးပါတယ်။ မေမေက ဆယ်ပြား ပေးပါတယ်။ ဘာဘကိုတော့ ကျွန်မစည်းကမ်းပျက်မှာစိုးလို့ဆိုပြီး မပေးခိုင်းပါဘူး။ ဒါပေမယ့် ဘာဘ ညနေ ကူးတို့က ပြန်လာတဲ့အခါ လွယ်အိတ်ထဲက အနုပ်ထုပ်ကြီးထဲကနေ ကျွန်မကို ဘာဘက ကြိုက်သလောက်ယူခိုင်းတာကိုတော့ သူတို့ မသိကြပါဘူး။ တစ်မတ်ဆိုတာ အများကြီး သုံးရတယ်လို့ ထင်ထားတဲ့ ကျွန်မက 'ဘ' က ဘယ်လောက်ပဲ ကြိုက်သလောက် ယူခိုင်းယူခိုင်း ကျွန်မသိတဲ့ တစ်မတ်စေ့ တစ်စေ့ပဲ ယူလေ့ရှိပါတယ်။ ဒီတော့ ကျွန်မရဲ့ ...ည်ပင်း ကြိုးလေးနဲ့ ဆွဲရတဲ့ ပိုက်ဆံထည့် အိတ်ရှုံ့လေးထဲမှာ အမြဲတမ်း ပြား ...ကျောက်ဆယ်ပါတယ်။ မုန့်စုံသည် ဒေါ်စိန်ဆီမှာ ပူရှိန်းဆယ်လုံးတွဲ ငါးပြား၊ ဆီးပေါင်းငါးပြား၊ ရွက်လှေ့ဆီးငံပြား ငါးပြား၊ သီးသီးယိုငါးပြား၊ ပြည်တော်သာ ကျောက်ခဲလို့ ခေါ်တဲ့ ကြက်ဥမြေပဲ ငါးလုံးငါးပြား၊ အားလုံးငါးပြားပဲ ပေးရတော့ တစ်မတ်ဆို သုံးပါလေ့။

ကျွန်မက သီးသီးယိုနဲ့ပူရှိန်းရောင်စုံကိုကြိုက်တယ်။ ဘုတ်သိုက်က ပြည်တော်သာ ကျောက်ခဲနဲ့ ဆီးပေါင်းကို ကြိုက်တယ်။ ကျွန်မတို့ နှစ်ယောက် ...ဘာမှ တစ်နေ့ တစ်မတ်ပဲ ကုန်တယ်။ ကျွန်မက မေမေ စုဘူးထဲထည့်ရမယ် ...တဲ့ ဆယ်ပြားကို ချန်ပြီး ကျန်တဲ့ပိုက်ဆံ တစ်မတ်ကို ပေးရင်တောင် သူ ...ယ်တော့မှ မယူပါဘူး။ အဲဒီတော့ ကျွန်မက ညနေကျောင်းဆင်း အိမ်ပြန် ...ရောက်ပြီး ကျွန်မ ရေဆိပ်ကို လာကစားတဲ့အချိန် ရေဆိပ်က မုန့်ဆိုင်မှာ မုန့် ...ဝယ်စားကြဖို့ တိုင်ပင်တော့မှ မရွှေဘုတ်သိုက်က သဘောတူပါတယ်။

ရေဆိပ်ကို သွားကစားရတာကို ကျွန်မ သိပ်ပျော်ပေမယ့် ...မေကြီး ...တော့ မကြိုက်ပါ။ အိမ်မှာပဲ ကစားစရာတွေနဲ့ တစ်ယောက်တည်း ကစား

www.burmeseclassic.com



ခေချင်တယ်။ တစ်ယောက်တည်း ဘယ်လိုလုပ် ကစားမှာလဲ။ ညီမလေး ကလဲ ကျွန်မနဲ့ အသက်တော်တော်ကွာတော့ ကစားလို့မရနဲ့။ အမေကြီး ဘယ်လောက် ပြောပြော ကျွန်မကတော့ ကျောင်းကပြန်ရောက်၊ လွယ်အိတ်ချ၊ မေကြီးကျွေး တဲ့မုန့်တစ်ခုစား၊ ဇီးကွက်ရှပ် စုဘူးထဲ ပိုက်ဆံဆယ်ပြား တောက်ခနဲထည့်ပြီး ရေဆိပ်ကို ပြေးတော့တာပဲ။ မေကြီးကတော့ နောက်ကနေ 'ဟဲ့. . ၊ နင့် ဘဆီမှာ နေနော်' 'ဘ ဆီကိုပဲသွားနော်' နဲ့ အော်ကျန်ခဲ့ရော။ စိတ်ချ။ ကျွန်မ ဘဆီ ကို ဘယ်တော့မှ မသွားဘူး။ ဘဆီသွားတော့ စာရေးခန်းထဲမှာ ကပ်ပြားနဲ့ နာရီပုံ လုပ်တဲ့ ဟာနဲ့ နာရီသင်ရမယ်။ ပြီးရင် စားပွဲပေါ် တင်ထားတဲ့ အနုပ်စေ့တွေကို စီလိုက်ဖျက်လိုက် ကစားရမယ်။ ဒါပဲ။ အိမ်ကထွက်တာနဲ့ ကျွန်မ ပထမဆုံး လုပ်တဲ့အလုပ်က ရေဆိပ်မရောက်ခင် ညောင်ပင်ကြီး အောက်က ဘိုးဘနဲ့ ဘွား ခင်တို့ဆိုင်မှာ မုန့်တစ်မတ်ဖိုး ဝယ်တယ်။ ပြီးတော့ ဘုတ်သိုက်တို့ တဲဆီကို ပြေးတော့တာပဲ။

ဘုတ်သိုက်တို့ တဲလေးက ကမ်းပါးအစွန်းလေးမှာ၊ ကမ်းပါး အောက်ခြေကနေ မြစ်ဆိပ်အထိ ဆင်းသွားတဲ့ တစ်မျှော်တစ်ခေါ် သောင်ပြင်ကြီး ဟာ သိပ် ကြည့်လို့ ကောင်းတာပဲ။ သောင်ပြင်ပေါ်မှာ ကူးတို့ကူးဖို့ စောင့်နေတဲ့ လှည်း တန်းကြီးရှိတယ်။ ဆိတ်အုပ်တွေရှိတယ်။ ကားတွေ၊ မြင်းလှည်းတွေလဲ ရှိတယ်။ အဲဒီအနားမှာ ဘဘရဲ့ ကူးတို့ စာရေးခန်းလေးရှိတယ်။ ကူးတို့ကူးခ လူတစ်ယောက်မှ ပြားနှစ်ဆယ်။ ကားတစ်စီးမှ ခြောက်ကျပ်။ နွားလှည်းတစ်စီးမှ သုံးကျပ်ရယ်။

ကျွန်မ ဘုတ်သိုက်ဆီ ရောက်သွားတိုင်း ဘုတ်သိုက်က အမြဲ ကလေး ထိန်း၊ ဆန်ရွေးနေပြီး သူ့ အမေက မီးမွှေးနေတယ်။ သူ့ အဖေကတော့ ပိန်ချုံး ချိနဲ့နေတဲ့ ခန္ဓာကိုယ်လေး လှုပ်ခါနေအောင် ချောင်းတဟွတ်ဟွတ် ဆိုးနေ တတ် ပါတယ်။ သူတို့ တဲထဲမှာ အိပ်ဖို့ ကွပ်ပျစ်တစ်လုံး ထိုးထားတယ်။ သေတ္တာတစ် လုံး ရှိတယ်။ ရေနံဆီ မီးခွက်တစ်လုံးရှိတယ်။ သေတ္တာပေါ်မှာ ဘုတ်သိုက် လွယ်အိတ်လေးရှိတယ်။ ဒါပဲ။

'ဘုတ်သိုက် လာဟာ၊ သွားကစားမယ်' လို့ ကျွန်မ ခေါ်ရင်တော့ ဘုတ်သိုက်က သူ့အမေကို ကြည့်တယ်။ သူ့အမေက ကျွန်မကို လှမ်းပြုံးပြပြီး



ဘုတ်သိုက်ကိုတော့ မျက်နှာထားနဲ့။

'ကလေးခေါ် သွားပြီးကစား၊ ခဏနေ ပြန်လာခဲ့။ ငါကုန်စိမ်းတွေ သွား ပြင်ပေးရဦးမယ်၊ ကြားလား'

ဘုတ်သိုက်ကတော့ 'ဟုတ်ကဲ့အမေ' ဆိုပြီး ကျွန်မနောက် ကောက်ခနဲ လိုက်လာတတ်ပါတယ်။ တဲထောင့်လေးမှာ စုပုံထားတဲ့ သူ့ရဲ့ ကစားစရာ ထုပ်လေးတွေကိုလဲ ယူခဲ့ဖို့ ကျွန်မကို မျက်ရိပ်ပြတတ်ပါတယ်။ ဉာဏ် ကောင်းတဲ့ ဘုတ်သိုက်က ညည ကူးတို့ဆိပ်မှာ သူ့ အမေနဲ့ ကုန်စိမ်းသည်တွေ ကုန်စိမ်းပြင်ရင်း လွင့်ပစ်တဲ့ ငရုတ်သီးစိမ်းအပုပ်တွေ၊ ခရမ်းချဉ်သီး အပုပ်တွေ၊ ချဉ်ပေါင် အနွမ်းတွေ ကောက်ထားပြီး ဈေးသည် အစစ်နဲ့တူအောင် ကစားတတ် ပါတယ်၊ သူ့အဖေရဲ့ ရိနွမ်းနေတဲ့ပုဆိုးစုတ် လေးထောင့်တွေပေါ်မှာ ပုံပြီး ထားတယ့် ကုန်စိမ်းသည်နဲ့တူအောင် လုပ်တတ်ပါတယ်။ နည်းနည်းကောင်းတဲ့ ဟင်းသီးဟင်းရွက်တွေကိုတော့ သူတို့ချက်စားကြတယ်လို့ ပြောတယ်။ ရောင်း စရာတွေကို မှောက်ထားတဲ့ မော်တော်ပျက်ကြီးပေါ်မှာ ကျွန်မတို့ သွားရောင်းကြ တယ်၊ ဘုတ်သိုက်ဟာ ပါးစပ်ကလဲ ကုန်စိမ်းသည်တွေလို ပြောတတ်။ သူ့ မောင်လေးကိုလဲ ချီထားတာမို့ ဈေးသည်နဲ့ တော်တော်တူပါတယ်။ ဈေးရောင်း ရင်း ကျွန်မတို့ နှစ်ယောက် မုန့်စားကြပါတယ်။ သူ့မောင်လေးကိုလဲ ကျွေးတယ်၊ ကနေ သူ့အမေအော်ခေါ်ရင် ဘုတ်သိုက် ပြန်ပြေးပြီး ကျွန်မက ဘဆီကို သွားရော။ ဘ အလုပ်သိမ်းတော့မှ ဘနဲ့တူတူ အိမ်ပြန်တယ်။ တစ်ခါတော့ ကျွန်မ ဘုတ်သိုက်ရဲ့ ကစားစရာတွေကို အိမ်သယ်သွားမိလို့ မေမေ့ အရိုက် ခံရပါတယ်။

မေမေ လွှင့်ပစ်တဲ့ ကစားစရာတွေအတွက် နှမြောငိုယိုနေတဲ့ ကျွန်မ ကို ချော့ရင်း အမေကြီးက ပြောတယ်။

'သမီးယူလာတဲ့ ပုဆိုးစုတ်တွေက ဘုတ်သိုက်အဖေရဲ့ ပုဆိုးတွေ၊ ထွန်း ဆိုင်က တီဘီဖြစ်နေတာ သိလား၊ သမီး မကြောက်ဘူးလား'တဲ့။

ကျွန်မ ဘာကို ကြောက်ရမှာလဲ။

ပြီးတော့ ပုဆိုးစုတ်နဲ့ တီဘီဆိုတာနဲ့ ဘာဆိုင်သလဲ၊ ကျွန်မ နားမလည်ပါ။

www.burmeseclassic.com

www.burmeseclassic.com

သနပ်ခါး အဖွေးသား၊ စကပ်အပြာ၊ ရင်ဘတ်မှာ ဂျပန်မ ယပ်တောင် ခတ်နေပုံ အရုပ်ပါတဲ့ 'နောက်ကွဲ အင်္ကျီအဆန်း'ကို ဝတ်ထားတဲ့ ကျွန်မဟာ ဂနာမငြိမ် ဖြစ်လို့နေတယ်။ အိမ်ရှေ့လမ်းမထွက်ပြီး အနောက်ဘက်ကို မျှော် ကြည့်လိုက်၊ အိမ်ထဲပြန်ဝင်ပြေးလိုက်နဲ့။ အိမ်ထဲမှာတော့ အင်္ကျီအသစ်၊ လုံချည် အသစ်နဲ့ လူကြီးသနပ်ခါးနံ့ (နံ့သာဖြူ ကရမက်နံ့) တွေ မွှေးနေတဲ့ အမေကြီး နဲ့ ဒေါ်ဒေါ် စကားများနေကြပါတယ်။ ဒေါ်ဒေါ် စစ်ကိုင်းက ဝယ်လာတဲ့ 'နောက်ကွဲ အင်္ကျီအဆန်း ဆိုတာကို အမေကြီးက ကျွန်မကို မဝတ်စေချင်ပါ။ 'နမိတ်မရှိ နမာမရှိ ဖွဟဲ့။ လူသေကောင်တွေမှ ဝတ်ရတာဟဲ့၊ သိရဲ့လား'တဲ့။ ဒေါ်ဒေါ်ကလဲ 'စစ်ကိုင်းဘက်မှာ လိုက်ကြည့်စမ်းပါ အမေရယ်၊ အပျိုတွေရော၊ ကလေးတွေရော၊ လူတကာဝတ်နေတာပဲ' လို့ ပြောပါတယ်။ သုံးတန်းရောက်ရင် အင်္ကျီ တစ်ထည်ဝယ်ပေးမယ်လို့ ပြောထားတဲ့ ဒေါ်ဒေါ့် စကားအတိုင်း ရတဲ့ အင်္ကျီဆန်းကို ကျွန်မကတော့ အင်မတန် ကြိုက်နှစ်သက်နေမိပါတယ်။

'အမေကြီးရေ၊ အနီစကြီး လွင့်နေပြီ။ သွားကြစို့'

ကျွန်မ သည်တစ်ခေါက်လဲ ထွက်ကြည့်ရော၊ ဟိုးအနောက်ဘက် ကျုံး



...နားက ညောင်ပင်ကြီးအောက်မှာ အနီစကြီး တလွင့်လွင့် ဖြစ်နေတာ ...မြင်တာနဲ့ ဝမ်းသာအားရ အော်လိုက်မိပါတယ်။ အနီစကြီး လွင့်ရင် နတ်က ...သူတွေ ရောက်ပြီလေ။ ညောင်ပင်ကြီး အောက်မှာ နတ်ကနားပွဲရှိတယ်။

အိမ်ခေါင်းရင်း အုတ်ခုံပေါ်က အမေကြီး ချိုးထားတဲ့ ပန်းညိုပန်း၊ ...ပန်းနဲ့ ငှက်ပန်းကုံးတွေကို ကိုင်ပြီး အမေကြီးက ရှေ့က။ ကျွန်မက နောက် ... နတ်ကနားပွဲကို ကျွန်မနဲ့ အမေကြီးက အရင်ဆုံးရောက်တယ်။ နတ်ကနား ...မှာ ပူစီဖောင်းသည်၊ မုန့်တီသည်၊ မုန့်ပစ်သလက်သည်၊ မုန့်စုံသည်တွေ ...တ်တုန်ပြီ။ အမေကြီးက နတ်ကနားပွဲထဲက မိန်းမကြီးကို ပန်းတွေပေးနေ ...မှာ ကျွန်မက စင်ပေါ်က ထူးဆန်းတဲ့ နတ်ရုပ်တွေကို ငေးမောကြည့်နေ ...တယ်။

မေကြီးက 'သမီး၊ ရှိခိုး၊ ရှိခိုး' ဆိုတော့မှ အမေကြီးနဲ့ အတူ ထိုင်ရှိခိုး ...တယ်၊ 'စနေသမီးလေး စာမေးပွဲအောင်အောင် မ,ပါဘုရား' လို့ အမေကြီးက ...ပါတယ်။ နတ်ကနားပွဲထဲက မိန်းမကြီးက အမေကြီးကို တခြားပန်းတွေ ...ပေးတယ်။ အမေကြီးက သူ့ခေါင်းကို ပန်လိုက်တယ်။ 'ပန်တော်ကျ' လို့ ...တယ်။ ပြီးရင် ကျွန်မနဲ့ မေကြီး မုန့်တီစားပြီး ဆိုင်းဝိုင်းကြီးနားမှာ သွားထိုင် ...တယ်။ ဆိုင်းတီးပြီး နတ်တွေပူးရင်တော့ ကျွန်မ နည်းနည်းကြောက်တယ်။ ...ည့်လဲ ကြည့်ချင်တယ်။ နတ်ပူးတဲ့ မိန်းမကြီး ခုန်ပေါက်ပြီး မြေကြီးနား ပိုက်ဆံ ...တောင်းရင်တော့ ကျွန်မမကြည့်ရဲဘဲ ရင်တဒိတ်ဒိတ် ခုန်လာမိတော့တာပဲ။

အမေကြီးမှာ ဘာဘာ အနုပ်ထဲက အနုပ်တွေ အများကြီး ပါလာတယ်။ ...တ်ကိုင်ပဝါနဲ့ တစ်ထုပ်ပဲ။ အမေကြီးက နတ်ပူးတဲ့ လူတွေလာရင် မတ်စေ့ ...တွေနဲ့ ဆယ်ပြားစေ့လေးတွေ ထုတ်ထုတ်ပေးတယ်။ ကျွန်မစိတ်ထဲမှာ ...မေကြီးဟာ နတ်ပူးတဲ့ မိန်းမကြီးက ငေါက်ငေါက်ပြောလို့ ကြောက်ပြီး ပေးရ ...နေမှာလို့ ထင်နေမိတယ်။ နတ်ပူးတဲ့ မိန်းမကြီးရဲ့ ဓားပေါ်ကိုလဲ ဆယ်ပြား ...လေးတွေလဲ အများကြီး စီတင်ပေးရတယ်။ ဆေးလိပ် နှစ်လိပ် ပူးသောက် ...တဲ့ မိန်းမကြီးက အမေကြီးကို တစ်လိပ်ပေးသောက်သေးတယ်။ အိမ်မှာ ...တော့ ဆေးလိပ်မသောက်ဘဲနဲ့ မေကြီးက သည်မှာ ဆေးလိပ်သောက်တယ်။

နတ်ကနားပွဲမှာ ကျွန်မအကြိုက်ဆုံးကတော့ မိန်းမလျာတွေ မင်းသမီး

www.burmeseclassic.com

www.burmeseclassic.com



လိုဝတ်ပြီး ကတဲ့အချိန်ပဲ။ သိပ်ကြည့်လို့ ကောင်းတယ်။ ပြီးတော့ ပန်းတွေ စားတဲ့နတ် ကတာ သနားဖို့ ကောင်းတယ်။ ကျွန်မအကြောက်ဆုံးကတော့ နတ်ကနားပွဲထဲက လူကြီး ကျားလိုလုပ်ပြီး ဖုန်းသီးတွေကို ပါးစပ်နဲ့ဆွဲခွာပစ်တဲ့ အချိန်ပဲ။ လူကြီးက တကယ့်ကျားဖြစ်သွားတာလို့ မေကြီးက ပြောတယ်။ အဲဒီ လူကြီးက ငှက်ပျောသီးကို ပါးစပ်နဲ့ဖွဲ့ပြီး ကျွန်မဆီလဲ လာပေးရော ကျွန်မ ကြောက်လွန်းလို့ တုန်နေတာပဲ။ ငှက်ပျောသီးကိုလဲ မယူရဲဘူး။

နတ်ကနားပွဲကို ဘုတ်သိုက်ကလဲ လာတယ်။ ကျောင်းက အခြား သူငယ်ချင်းတွေလဲ လာကြတယ်။ ဘုတ်သိုက်က သူ့မောင်လေးကို ချီလို့။ ကျွန်မနဲ့ လှမ်းပြုံးပြရုံ ပြုံးပြရတယ်။ အမေကြီးက မသွားရဘူး။ ကျွန်မက ကျားကြီး ပေးထားတဲ့ ငှက်ပျောသီးကို ဘုတ်သိုက်ဆီ သွားပေးချင်နေမိတယ်။

အရပ်ထဲက မိန်းမကြီးတစ်ယောက် ဆံပင်ဖားလျားကြီးနဲ့ ပြေးချ လာပြီး နတ်ကနားပွဲထဲဝင် နတ်ပူးရင်တော့ လူတွေ အကုန်လုံး ရှတ်ရှတ်သဲသဲ ဖြစ်ပြီး ပြေးတဲ့သူ ထပြေးကုန်ကြတယ်။ ကျွန်မလဲ ကြောက်တာပဲ။ ဒါပေမယ့် မေကြီးက ဘာမှ မဟုတ်ဘူးတဲ့။ အဲဒီမိန်းမကြီးကို နတ်ကခေါ်လို့ လာရတာ လို့ ပြောတယ်။ ပြေးလာတဲ့မိန်းမကြီးက တအား ဝင်ကနေပြီး သူ့နောက်က လိုက်လာတဲ့ သူ့သမီးတွေလား မသိပါဘူး၊ မျက်ရည်တွေကျလို့။ နတ်ကနား ပွဲထဲက မိန်းမတွေကတော့ လက်ခုပ်ဝိုင်းတီးပေးကြတယ်။ ဆိုင်းထဲက လူတွေက လဲ 'ဟေ့ ဟေ့ . . နဲ့" အားပေးကြတယ်။

နေကုန်၊ ပိုက်ဆံအနုပ်တွေ ကုန်လို့ နတ်ကနားပွဲသိမ်းမှ ကျွန်မတို့ပြန်ခဲ့ ကြတယ်။ နတ်ကနားပွဲထဲမှာတော့ နတ်ပူးတဲ့မိန်းမကြီးတွေက နတ်ရုပ်တွေကို အမြန်သိမ်းနေကြပြီး အရက်မူးနေတဲ့လူတွေက ဆိုင်းကို အတင်းတီးခိုင်းရင်း ကနေခဲ့ကြတယ်။

ကျွန်မတို့ နတ်ပွဲအပြန်ဆို လေတွေကလဲ တအားတိုက်နေတယ်။ လေတွေကြားမှာ နတ်ဆိုင်းသံက တခြိမ့်ခြိမ့်။ ကျုံးတံတားပေါ်ကနေကြည့်ရင် ရေတွေ တအားပြည့်နေတဲ့ ကျုံးဟောင်းကြီးကို မြင်ရတယ်။ မကြာခင်မှာ ကျုံး ကြီးထဲကရေတွေနဲ့ မြစ်ထဲကရေတွေ ကျွန်မတို့ အိမ်တွေထဲကို ဝင်လာကြတော့ မယ်။ ရေကြီးတော့မယ်လေ။

အိမ်ရှေ့လမ်းမပေါ်မှာ လူတွေ၊ မြင်းတွေ၊ နွားတွေ၊ ရှုပ်ထွေး ဆူညံနေကြတယ်။

လမ်းမဘေးမှာ မြင်းတဲ၊ နွားတဲလေးတွေ ဆောက်ဖို့ ဝါးသယ်တဲ့သူ၊ ဘတ်ကယ်သယ်တဲ့သူ၊ သင်အူထုံးတွေ သယ်လာတဲ့သူတွေ၊ လူတွေ အများကြီးပဲ။

'တီကောင်တွေ၊ တီကောင်တွေ'

လမ်းမဘက်ကို ရေစပ်စပ်ကနေ ဆင်းသွားတဲ့ ဒေါ်ဒေါ်က လမ်းမ ရေစပ်နားမှာ ဆွေ့ဆွေ့ခုန်အော်နေတယ်။ လမ်းမရေစပ်နားမှာ တီကောင်တွေ၊ ခေါ်တင်အုံ့ မုန့်တီတောင်းထဲက မုန့်တီတွေလိုပဲ။ လိမ်တွန့်ရှုပ်ထွေးနေကြတယ်။ တီကောင်ကိုတော့ ကျွန်မ မကြောက်ပါဘူး။ ရွံတော့ ရွံတယ်။ တအားအူယားပြီး ခုံတတွန့်တွန့် ဖြစ်နေတဲ့ ဒေါ်ဒေါ့်ကို လေးလေးက သွားတွဲခေါ်တော့ မျက်စိ မှိတ်ပြီး ဒေါ်ဒေါ် လိုက်လာတယ်။ သိပ်ရယ်ရတာပဲ။

'ဒေါ်ဒေါ် ထမင်းစားရင် ထမင်းပန်းကန်ထဲ တီကောင်တွေ ထည့်ပေးမယ်'

www.burmeseclassic.com

ကျွန်မက စတာကို ဒေါ်ဒေါ်က ဝေ့ဝေ့ခဲ့တကယ်အနက်တော့ မေမေက ကျွန်မကို ဆူရော။

'ဟော့ . . . နှင်းနှင်း'

လမ်းမပေါ် မှာ ချစ်သူငယ်ချင်း ဘုတ်သိုက်ကို အထုပ်ကြီး မနိုင့်တနိုင် ရွက်လို့ မြင်ရတယ်။

'နင်တို့ ဘယ်သွားမလို့လဲ'

'မသွားပါဘူး၊ ဒီလမ်းမပေါ်နေမှာ၊ ငါတို့တဲ ရေမြုပ်တော့မယ်'

ဟုတ်သားပဲ။ ရေဆိပ်သောင်ပြင်တောင် ရေမြုပ်သွားပြီပဲ။ ဘဘတောင် အိမ်ကနေပဲ ကူးတို့ဖွင့်နေရတာ၊ ကားတွေတောင် ကူးလို့ မရတော့ဘူး။ တံတားဦးနဲ့ အင်းဝသွားတဲ့ မြင်းလှည်းတွေပဲ ရှိတော့တယ်။

'ထွန်းဆိုင်တို့မလဲဟယ်၊ ရေကြီးတိုင်း ဒုက္ခ၊ သူများတွေလိုပဲ တဲထိုးနိုင်တာမဟုတ်နဲ့၊ နေဦးရော့၊ လမ်းမပေါ်မှာ မိုးရွာအစို၊ နေပူအခြောက်'

'ဒါ ထမင်းလဲချက်ရသေးမှာ မဟုတ်ဘူး အမေ'

' ဟဲ့ . . ဟိုမယ် သေတ္တာတွေ၊ သင်ဖြူးလိပ်တွေရွက်လို့ မြောက်ပိုင်းရေဆိပ်က ဟာတွေနဲ့တူတယ်။ သူတို့တွေလဲ ထုံးစံအတိုင်း ရောက်လာကြပြီ။ လမ်းမပေါ်ကို သမီး. . မနှင်း ၊ ဘယ်ကိုလဲ'

အမေကြီးတို့ စကားပြောနေတာကို အခွင့်ကောင်းယူပြီး လမ်းမဘက်သွားဖို့ပြင်တဲ့ ကျွန်မ နှုတ်ခမ်းစူလိုက်တယ်။

'တံတားထိုးနေတာ မပြီးသေးဘူးလေ၊ ပြီးမှ သွား၊ အေး. . အနောက်တော့ မသွားရဘူးနော်'

ကျွန်မ နှုတ်ခမ်းကို ပူစူထားလိုက်မိပါတယ်။ ကျွန်မ အကြံကို မေမေ ရိပ်မိသွားပြီလေ။ အနောက်ကျုံးတံတားမှာက ဒီထက် ရေပိုပြည့်တယ်လေ။ ကွင်းပြင်မှာ ရေတွေတအားပြည့်နေပြီး၊ လှေတွေ စီးလို့ရနေပြီ။ ကျွန်မတို့ အိမ်ထဲမှာသာ ရေနည်းသေးတယ်။ ပြီးတော့ အနောက်က ရေထဲကို ကိုင်းနေတဲ့ စိန်ပန်းပင်ကြီးမှာ ကြိမ်ဒန်းကြီးရှိတယ်။ လူကြီးတွေရော၊ သတ္တိရှိတဲ့ ကလေးတွေရော စီးကြတယ်။ ကျွန်မစီးကြည့်ချင်တယ်။ အရာရာ သတ္တိရှိတဲ့ ဘုတ်သိုက်လဲ ဒီနေရာမှာ သတ္တိရှိသလားဆိုတာ ကျွန်မသိချင်တယ်။



'တံတားပြီးရင် သွားမှာနော်'

'ထမင်းစားသွားဦး၊ စားပြီးမှသွားရမယ်'

မေမေ့ကို 'ဟာ'ခနဲ လုပ်လိုက်ပြီးမှ ကျွန်မ အကြံတစ်ခုရလာပြီး အခန်းထဲက ကြောင်အိမ်ဆီကို ကျွန်မ မြန်မြန် ပြေးသွားလိုက်တယ်။

'သမီး ထမင်းမစားသေးဘူး၊ အဆိမ့်မုန့်ပဲ စားမယ်'

ကြောင်အိမ်ထဲက သုံးငါး အဆိမ့်မုန့်ပုံးကို ဖွင့်ပြီး မုန့်ချပ်သုံးခုစီ၊ ဂါဝန်အိတ်ထောင် နှစ်ဖက်မှာ ထည့်နေတုန်း မေမေ နောက်ကလိုက်လာတယ်။

'ကြည့်စမ်း ၊ မုန့်တွေ အများကြီး၊ဘာလုပ်ဖို့လဲ၊ နှစ်ခုပဲယူ၊ ပြန်ချစမ်း သမီး စည်းကမ်းမပျက်နဲ့'

'ဟင့်အင်း ၊ သမီးကုန်တယ်'

မေမေ့အနားကနေ ဖြတ်ပြီး အခန်းအပြင်ဘက် ကျွန်မ ထွက်ပြေးလာတုန်း လမ်းမပေါ်က ဘုတ်သိုက်ရဲ့ အာပြဲသံကို ကျွန်မ ကြားလိုက်ရပါတယ်။ ဘယ်ဘုတ်သိုက် အရိုက်ခံနေရပြီ။

'ငေးတိငေးမောနဲ့ နင်သွားလို့ပေါ့ဟဲ့။ မဟုတ်ရင် ဆီပုလင်းက ကွဲသွား၊ ကွဲမလား၊ ကောင်မလေးတော့နော်'

ဘုတ်သိုက်အမေက စကားဝဲဝဲ၊ ဝဲဝဲနဲ့အော်ရင်း လှည့်ပတ်ရှောင်နေတဲ့ ဘုတ်သိုက်ကို ရိုက်နေတယ်။

'ဆီလေး တစ်ဆယ်သားနဲ့ တော်ပါတော့အေ၊ တော်ပါတော့'

'ပိုက်ဆံလေးငါးမူးနဲ့အေ၊ ကလေးမယ် ခံလိုက်ရတာ တော်ပါတော့'

လမ်းမပေါ်က အခြားမိန်းမကြီးတွေ ဆွဲနေတဲ့ကြားကနေ ဘုတ်သိုက် ကျွန်မတို့ အိမ်ဝင်းထဲ ပြေးလာတယ်။ သူနဲ့ဆိုရင် ဒူးဆစ်လောက်ရှိတဲ့ ရေတွေကို ဖြတ်ပြီးတော့ပေါ့။

'ဘုတ်သိုက် ဒီကိုပြေးခဲ့'

အိမ်အောက်ထပ်ခွေးကတက် လှေကားခုံကနေ ကျွန်မ ဘုတ်သိုက်ကို မ်းအော်လိုက်တယ်။ ဘုတ်သိုက်က နောက်က သူ့အမေ လိုက်လာတယ် ထင်နဲ့ ရေထဲကနေ လှေကားခုံပေါ် အတက်၊ ကျွန်မအကျီကို ကြောက်အားန့်အား လှမ်းဆွဲပြီး တက်လိုက်တော့။

www.burmeseclassic.com



'ဟာ နင်ကလဲ၊ မုန့်တွေကြေကုန်ပြီ။ နင်ဖို့ယူလာတာ၊ ဝတ်တာပဲ ကောင်းတယ်'

ခြေသလုံးမှာ တီကောင်တစ်ကောင် ရစ်ပတ်ခံထားရတဲ့ ဘုတ်သိုက်ဟာ မျက်ရည်တွေကြားကနေ ကျွန်မကို ပြန်ကြည့်နေခဲ့တယ်။

မခင်နှင်းနှင်းဦး၊ မသီသီဝင်း၊ မသန်းသန်းဌေး၊ မရွှေဝါမြင့်တို့ အား ဝဇီရာ
သွားမြဖြင့် မြတ်နားသ မင်္ဂလာ ဆင်ယင်လိုသည် ဖြစ်ပါသောကြောင့်၊
သမီးနာမည်က ဘယ်လို'ခင်' ပါနေရတာလဲ'

ကျွန်မက အလှူဖိတ်စာတစ်လှည့်၊ မေကြီးတို့ ဘတို့ ကို တစ်လှည့် ကြည့်ရင်းမေးတော့ မေကြီးက ဘကို မေးငေါ့ပြတယ်။

'သမီး ဘ ရိုက်လာတာ၊ ဘာလို့ ထည့်တာမှန်းလဲ မသိဘူး။

အောင်မာ၊ ခင်ဆိုတာ ထီးသုံးနန်းသုံးကွ၊ ရှေးတုန်းက မိန်းကလေး ညည်တိုင်းမှာ ထည့်ရတယ်။ နန်းဆန်တယ်ကွ'

'ဟင့်အင်း ၊ သမီးမကြိုက်ဘူး'

'သမီးကလဲ'

ဖတ်လက်စ အလှူဖိတ်စာကို ပစ်ချပြီး မောင်လေးတဝါးဝါး ငိုနေတဲ့ ဆီကို လာခဲ့ပါတယ်။ ကျွန်မအောက်မှာ ညီမလေးနှစ်ယောက်၊ မောင်လေး တစ်ယောက် ရနေပါပြီ။ ဒါပေမယ့် ကျွန်မနဲ့ သိပ်မဆိုင်လှပါဘူး။ သူတို့ ဟာ ဘဘတို့ မေမေတို့ သားသမီးတွေပဲ၊ မောင်လေးကိုတော့ ကျွန်မချစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အလှူဖိတ်စာတွေ ရေးနေတဲ့ ဖေဖေက မောင်လေးကို ပုခက်ထဲကနေ ထချီပါတယ်။ လေးလေးနဲ့ လေးလေးရဲ့ မိန်းမ ဒေါ်ဒေါ်အုန်းတို့ကလဲ အလှူဖိတ်စာတွေ ရေးနေကြတယ်။ လေးလေးမိန်းမက ဆရာမဖြစ်ပေမယ့် ကျွန်မတို့ကျောင်းမှာ မဟုတ်တာ သိပ်နာတာပဲ။ ဒါပေမယ့် ရှေ့နှစ် ကျွန်မတို့ လေးတန်းရောက်ရင်တော့ ကျွန်မတို့ကျောင်းကို ပြောင်းရမယ် ပြောတယ်။ သိပ်ကောင်းတာပေါ့။ ကျွန်မ ဆရာမ တူမ ဖြစ်တော့မယ်လေ။

ကျွန်မတို့ အိမ်ပေါ်ထပ်တစ်ခုလုံး အလှူလှူမယ့် ပစ္စည်းတွေ၊ ဘုန်းကြီးထီးတွေ၊ သင်္ကန်းတွေ၊ ဘုန်းကြီးဖိနပ်ဘူးတွေ၊ တံမြက်စည်းအသစ်တွေ၊ ပြက္ခဒိန်တွေ၊ သပိတ်တွေ၊ မောင်ရင်ဆောင် သေတ္တာကလေးတွေ၊ အများကြီး စုပုံ၊ ရှုပ်ယှက်ခတ်နေပါတယ်။

ခဏနေတော့ မေမေနဲ့ ဒေါ်ဒေါ် စစ်ကိုင်းက ပြန်လာပြီး ကျွန်မကို ခြေချင်းအသစ် အသေးလေး နှစ်ကွင်း ဝတ်ပေးပါတယ်။ ကျွန်မကြိုက်ပေမယ့် လမ်းသွားရတာတော့ တစ်မျိုးကြီးပဲ။ ခြေချင်းက နည်းနည်းချောင်လို့ လျှောမကျအောင် ကြက်ပေါင်ကွင်းနဲ့ တွဲလိမ်ထားရသေးတယ်။ လက်ကောက် အသစ် သေးသေးလေးတွေလဲ ဝတ်ပေးပါတယ်။

'အမေရေ့၊ အားလုံး သုံးကျပ်သား ကျော်တယ်၊ ကိုးရာကျော်တောင် ကျတယ်'

'ကျပါစေအေ၊ သမီးမိန်းကလေးဆိုတာ ဆင်ရမှာပဲ'

'ခြေချင်း ချောင်တာက ကိစ္စမရှိဘူး၊ လက်ကောက်လေးတွေက နည်းနည်းကျပ်တယ်ထင်တယ်၊ ကလေးတွေက ထွားဦးမှာနဲ့'

'မကျပ်ပါဘူး၊ နောက်တစ်နှစ်၊ နှစ်နှစ်တော့ ကောင်းကောင်း ဝတ်လို့ရပါတယ်'

အမေကြီးတို့တွေ ကျွန်မကို တကြည့်ကြည့်လုပ်နေချိန်မှာ ကျွန်မက ခြေချင်းထုပ်လာတဲ့ ကာတွန်းစာရွက်ကို အငမ်းမရ ဖတ်နေမိပါတယ်။ သုံးတန်းနှစ်ဟာ နှစ်တန်းနှစ်ထက် စာပိုဖတ်တတ်လာတဲ့အတွက် စာရွက်တွေ့သမျှ ကျွန်မ ကောက်ကောက်ဖတ်ပါတယ်။ ကျွန်မတို့အိမ်မှာ ဘုရားစာအုပ်တွေနဲ့ ဒေါ်ဒေါ်သူ့သေတ္တာထဲ သော့ခတ်သိမ်းထားတဲ့ ဝတ္ထုစာအုပ်တွေပဲ ရှိပါတယ်။



အဲဒါတွေကိုတော့ ကျွန်မ မဖတ်ချင်ပါဘူး။ ကျွန်မတွေ့တဲ့ စာရွက်တွေထဲက ကာတွန်းကိုပဲ ကျွန်မအများကြီး ဖတ်ချင်ပါတယ်။ ဒါပေမယ့် ကာတွန်းစာအုပ်ကို ဘယ်သူကမှလဲ ဝယ်ပေးရကောင်းမှန်း မသိပါ။ ဘဘ ယူလာတဲ့ သတင်းစာတွေထဲက 'ခင်' ကာတွန်းတစ်ခုတည်းကိုပဲ နေ့စဉ်နဲ့အမျှ စွဲလမ်းပြီး ဖတ်ခဲ့ရပါတယ်။

ကျွန်မတို့ကို လှူတဲ့နေ့က ဆောင်းဦးပေါက်စမို့ တော်တော် ချမ်းနေပါပြီ။ ချမ်းချမ်းနဲ့ မနက်အစောကြီး အိပ်ရာထဲမှာ ကွေးလို့ ကောင်းတုန်း အတင်းနိုးပြီး မိတ်ကပ်လိမ်းရတာ စိတ်ညစ်ဖို့ ကောင်းပါတယ်။ ဒါပေမယ့် 'နားဖောက်သည်' ဆိုတာ ကိုယ်တိုင်ကိုယ်ကျ ဖြစ်တော့မှာကို တွေးပြီးတော့လဲ ပျော်သလိုလိုပါပဲ။

အရင်ကဆို ကျွန်မ 'နားရံ' ပဲ လိုက်လုပ်နေရတာကိုး။

အလှူမှာ နားဖောက်ရမယ့် 'နားဖောက်သည်' ကောင်မလေးတွေ ကို ရံပြီး ထိုင်ပေးရလို့ 'နားရံ' လို့ ခေါ်တာလို့ မေမေက ပြောပါတယ်။ ကျွန်မ 'နားဖောက်သည်' မလုပ်ရခင် မေမေနဲ့ 'နားရံ' ခဏခဏလိုက်လုပ်ရပါတယ်။ အလှူတွေကလဲ သိပ်ပေါတာပဲ။ ဆောင်းတွင်းဆို နေ့တိုင်း လိုလိုရှိတယ်။ အဲဒီအလှူတွေက စနိုးဘူးတို့၊ ပန်းခိုင်တို့၊ ဖန်ခွက်တို့၊ လက်ကိုင်ပဝါတို့နဲ့ 'နားရံ' ကိုဖိတ်တတ်ပါတယ်။ အလှူနေ့ကျရင် မနက်အစောကြီး မိတ်ကပ်လိမ်း၊ ထိုင်မသိမ်း ဝတ်စုံဝတ်၊ ဆွဲကြိုးလက်ကောက်တွေဝတ်၊ ခေါင်းမှာ 'ထိပ်အုပ်' ဆိုတဲ့ဟာ ဆောင်းပြီး သွားရတယ်။ 'နားဖောက်သည်' တွေဆောင်းတဲ့ 'စည်းပုံ' ဆိုတဲ့ ရွှေချည်ထိုး ခေါင်းစွပ်လှလှလေးကို 'နားရံ' တွေ မဆောင်းရဘူး။ 'ထိပ်အုပ်' ကလဲ လှတော့လှပါတယ်။ ရွှေပန်းခက် ပန်းနွယ်လေးတွေကို သရဖူပုံစံလေး လုပ်ထားပြီး အဲဒါလေးကို ထိပ်နားမှာတင်ပြီး ခေါင်းနောက်မှာ ဖဲကြိုးလေးနဲ့ စည်းရတယ်။ 'ထိပ်အုပ်' ရဲ့ထိပ်မှာ ရွှေနှင်းဆီပွင့် သုံးပွင့်ခိုင် သုံးခိုင်ပါတယ်။ ခေါင်းလှုပ်ရင် တုံတုံ၊ တုံတုံနဲ့နေတယ်။

ခဏခဏ နားရံလာဖိတ်တဲ့အတွက် ထိုင်မသိမ်း ဝတ်စုံ ခဏခဏ ငှားရတယ်ဆိုပြီး မေမေက ထိုင်မသိမ်း ဝတ်စုံ အပိုင်ဝယ်ထားပါတယ်။ အလှူကို ရောက်ရင် 'နားရံ' က ကိုယ်နဲ့ရွယ်တူတဲ့ 'နားဖောက်သည်' ရဲ့ ဘေးမှာ

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရတယ်။ သူနဲ့စကားပြော၊ သူထရင်ထ၊ သူထိုင်ရင်ထိုင်၊ သူသွားရင်သွား သူထမင်းစားရင် လိုက်စားရပါတယ်။

ကျွန်မတို့ အလှူအတွက် 'နားရံ' တွေကို 'မားတံဆိပ်စနိုးဘူး' နဲ့ ကျွန်မနဲ့ မေမေ လိုက်ဖိတ်ကြပါတယ်။ ကျောင်းက ကျွန်မသူငယ်ချင်းတစ်ယောက်ကို ကျွန်မအတွက် 'နားရံ' ဆိုပြီး မေမေ ဖိတ်ခိုင်းပါတယ်။ ကျွန်မ ဖိတ်ချင်တဲ့ ဘုတ်သိုက်ကိုတော့ မဖိတ်ရပါ။ 'စနိုးဘူး' လေးလဲရပြီး ထိုင်မသိမ်းဝတ်စုံနဲ့ ကျွန်မနားမှာ ထိုင်ရရင် ဘုတ်သိုက်ပျော်မှာပါ။ မေမေက 'ဘုတ်သိုက်မှာ ဘယ်မှာ ထိပ်အုပ်ရှိလို့လဲ'တဲ့။ အလှူမှာ 'နားဖောက်သည်' အဖြစ်နဲ့ 'စည်းပုံ' ကို ဆောင်းရတာလဲ သိပ်တော့ မထူးလှပါဘူး။ သူက ခေါင်းလုံတော့ အိုက်တောင် အိုက်သေးတယ်။ 'နားဖောက်သည်' လုပ်ရတာ ထမင်းလဲဝအောင် မစားရပါဘူး။ မိတ်ကပ်လိမ်းပေးတဲ့ မိန်းမကြီးတွေက ဖွန်းနဲ့ခွံ့ပေးပြီး 'တော်တော့' ဆို တော်လိုက်ရပါတယ်။ ထမင်းရုံကိုလဲ သွားမစားရဘူး။

တစ်ချိန်လုံး မောင်ရှင်လောင်းစင်အောက်က ဖုံဝိုင်းကြီးတွေပေါ်မှာ ထိုင်နေရတာ ပျင်းစရာကောင်းပြီး တခြိမ့်ခြိမ့်တီးပြီး ဧည့်ခံနေတဲ့ ဆိုင်းကလဲ ပါတော့ ကျွန်မတို့က 'ငါတို့ ကတမ်းခုန်တမ်း ကစားရင် ကောင်းမယ်လို့ နားရံ သူငယ်ချင်းကို ပြောလိုက်ခါ ရှိသေး ကျွန်မရဲ့ ညီမဝမ်းကွဲ အငယ်ဆုံးလေးတ ရုတ်ခနဲဆို ထကပါတယ်။ အလှူမဏ္ဍပ်ထဲက လူတွေက တဟားဟားနဲ့ ရယ်ကျန် ကြရော။

နေ့လယ်ရောက်လို့ ဘိသိက်ဆရာက ဘိသိက်မြှောက်ပြီး နားထွင်း ပေးတဲ့ အချိန်မှာတော့ ကျွန်မ နားရံဘဝတုန်းက အင်မတန်လုပ်ချင်တဲ့ အလုပ် တစ်ခု လုပ်ခွင့်ရပါတယ်။ ဟင်းချို ပန်းကန်လုံးထဲက ဟင်းချိုရည်တွေကို ဘိသိက် ဆရာက တွတ်တွတ် တွတ်တွတ်နဲ့ မန်းပြီး မောင်ရှင်လောင်းတွေ နားဖောက် သည်တွေကို ဇွန်းလေးနဲ့ လိုက်လိုက်တိုက်တဲ့အခါ 'နားရံ' တွေ မပါဘူးလေ။ ကျွန်မ 'နားရံ' ဘဝတုန်းက အဲဒီဟင်းချိုရည်ကို အလွန်သောက်ကြည့်ချင် ခဲ့တယ်။ အခု တကယ် သောက်ကြည့်ရတော့လဲ ထမင်းစားတုန်းက ဟင်းချို ရည်နဲ့ အတူတူပါပဲ။

ဘိသိက်ဆရာက သီချင်းတွေဆိုလိုက်၊ ဆိုင်းကတီးလိုက်နဲ့ ဘိသိက်



...တ်နေပြီး ခဏနေတော့ ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘ တွေကို ...န်တော့ခိုင်းတယ်။

'ကဲ ကဲ မိဘတွေကို ကန်တော့ပြီးရင် ဘိုးအေ၊ ဘွားအေများနဲ့ ...ယ်လွန်ပြီးတဲ့ ဘိုး၊ ဘေးတို့ကို ရည်မှန်းပြီး ကန်တော့လိုက်ကြပါဦး'

အဲဒီအခါမှာ ဆိုင်းဝိုင်းထဲက နှဲကြီးမှုတ်ပြီး မေကြီး၊ မေမေ ၊ ဒေါ်ဒေါ် ... မဏ္ဍပ်ထဲက အမျိုးတွေရော၊ တခြားမိန်းမကြီးတွေကရော ငိုကြတာတော့ ...ဆန်းလှတယ်။ ဒါပေမယ့် ဒီထဲမှာ ကျွန်မ တစ်ခါမှ မမြင်ဘူးတဲ့ ဘဘ ...ကို တွေ့ရတော့ ကျွန်မပါ ဝမ်းနည်းလာပြီး လိုက်ငိုမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

'၁၉၆၇ ခုနှစ်၊ မေလ ဆယ်ရက်နေ့ အိမ်ပြောင်းသည်။'

အိမ်သစ်လေးရဲ့ ခါးပန်းသစ်လေးမှာ ဖေဖေ မြေဖြူနဲ့ ရေးထားတာကို ကျွန်မအသံထွက် ဖတ်လိုက်ပါတယ်။ ပစ္စည်းပစ္စယတွေ နေရာချနေတဲ့ မေမေက 'မေလ ဆယ့်ရှစ်ရက်ဆို ငါ့သမီး ဆယ်နှစ်ပြည့်ပြီ' လို့ လှမ်းပြောတယ်။

ကျွန်မ လေးတန်းတက်ရတဲ့ နှစ်မှာ မေမေတို့ အိမ်ခွဲပြီး ပြောင်းသွားကြပါတယ်။ ကျွန်မကတော့ 'အနောက်အိမ်' လို့ နာမည်ပေးလိုက်တဲ့ ဘတို့ မေကြီးတို့ အိမ်မှာပဲ နေရစ်ခဲ့ပါတယ်။ ဘတို့အိမ်နဲ့ နည်းနည်းလှမ်းပြီး အရှေ့မြောက်ဘက်ကျတဲ့ မေမေတို့ အိမ်ကို အရှေ့အိမ်လို့ နာမည်ပေးလိုက်ကြပါတယ်။

မေမေတို့ နှစ်ထပ်အိမ်အသစ်လေးက သွပ်တံခါးတွေမှာ သုတ်ထားတဲ့ သင်္ဘောဆေး အစိမ်းနုရောင်လေးတွေတောင် မခြောက်တတ်သေးပါဘူး။ တစ်အိမ်လုံး သင်္ဘောဆေးနံ့တွေ မွှေးနေပါတယ်။ မေမေတို့ ခြံဝင်းထဲမှာ ကျွန်မတို့ အိမ်ခြံဝင်းထက် သစ်ပင်တွေ ပိုများပါတယ်။ နှင်းဆီပင် ပန်းရုံနှစ်ရုံရှိတယ်။ မန်ကျည်းပင် ပုပုလေးတစ်ပင်၊ သရက်နှစ်ပင်၊ ဆီးချိုပင် သုံးပင်နဲ့ ရှားရှားပါးပါး



ဘရုတ်ဆီးသီးပင်လဲ ရှိတယ်။ သနပ်ခါးပင် တစ်ပင်လဲရှိတယ်။ အိမ်မဆောက်ခင် ခြံစည်းရိုးမှာ ဖေဖေ ကြိုတင်ချထားတဲ့ အဝေရာပင်နဲ့ ဆူးပုပ်ပင်လေးတွေ ဘလဲ တော်တော်ကြီးနေပါပြီ။

သစ်ပင်တွေကို ကျွန်မ လျှောက်ငေးရင်း ဘဘမကြာခင်က ဝယ်လိုက်တဲ့၊ ကျွန်မ အင်မတန် သဘောကျတဲ့ 'ရေဒီယို' က ဇာတ်လမ်းကို နားထဲ မှာ ကြားလာမိပါတယ်။

'ခြံထဲမှာ သရက်၊ ဩဇာ၊ မာလကာ စတဲ့ သီးပင်၊ စားပင်တွေ၊ နှင်းဆီ၊ စံပယ် စတဲ့ ပန်းပင်တွေနဲ့ ဝေဆာလို့ နေပါတယ်ရှင်၊ ခြံရဲ့ အလယ်ခေါင်မှာတော့ သပ်ရပ်လှပတဲ့ တစ်ထပ်တိုက်ကလေး တစ်လုံး၊ အဲဒီ တိုက်ကလေးထဲမှာ နေထိုင်ကြသူတွေကတော့ ဦးအောင်ခိုင်၊ ဒေါ်ဝင်းဝင်းနဲ့ သမီးလေး ဝင်းဝင်းခိုင်တို့ပါ။ သူတို့ဟာ သူတို့ရဲ့ တစ်ဦးတည်းသော သမီးကလေး ဝင်းဝင်းခိုင်ကို အင်မတန်မှ . . .'

ဝင်းဝင်းခိုင်တဲ့။ ဘယ်လောက်လှတဲ့ နာမည်လေးလဲ။ မအေနဲ့ ဖအေ နာမည် နှစ်ခုပေါင်း မှည့်ထားတာ။ ပြီးတော့ သူက တစ်ဦးတည်းသောသမီး။ ဘယ်လောက်ကောင်းလဲ။

ဒီနာမည်လေးကို ကြားကတည်းက အစွဲကြီးလမ်းပြီး 'နှင်းနှင်းဦး' ဆိုတဲ့ နာမည်ကို ကျွန်မ မကြိုက်တော့ပါ။'ဘဘ' အလှူဖိတ်စာမှာထည့်တဲ့ 'ခင်နှင်းနှင်းဦး' ဆိုတဲ့ နာမည်ဆို ပိုမုန်းသေး။ နောက်ပြီး စိတ်ကူးထဲမှာ ကျွန်မ နာမည် မှည့်ကြည့်တော့လဲ ဖေဖေ့နာမည်ရော၊ ဘဘနာမည်ရော၊ နည်းနည်းလေးမှ ထည့်လို့မကောင်းတဲ့ နာမည်တွေ။ တစ်ယောက်က ဦးဘမောင်တဲ့။ တစ်ယောက်က ဦးကျောက်တဲ့။

နောက်ပြီး အခုတလော မေမေ ခဏခဏ ပြောတဲ့ 'ငါ့သမီးကအကြီးဆုံး၊ အကြီးဆုံးဆိုတာ ကိုယ့်မောင် ညီမလေးတွေကို ညှာရမယ်၊ အရာရာကိုယ်က သည်းခံရမယ်၊ အလျှော့ပေးရမယ်။ ကိုယ်က ရှေ့က ကောင်းတာလုပ်ပြမှ အငယ်တွေက ကောင်းတာလိုက်လုပ်မှာ ကိုယ်ကဆိုးတာလုပ်ရင် အငယ်တွေက ဆိုးတာလိုက်လုပ်မှာပဲ' ဆိုတဲ့ စကားတွေကိုလဲ ကျွန်မမကြိုက်ပါဘူး။

ဒီလိုဆိုရင် ကျွန်မက ကိုယ်လုပ်ချင်တာ ဘာမှမလုပ်ရတော့ဘူးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမုန့်ကို လာလုရင်လဲ ပေးရမှာပေါ့။ ကျွန်မအရုပ်ကို လာလုရင်လဲ ပေးရမှာပေါ့။ ကျွန်မကို လာရိုက်လဲ ဒီအတိုင်းခံနေရမှာပေါ့။ ဟင့်အင်း၊ မရဘူး။ ကျွန်မနဲ့ ဘနဲ့မေကြီးက ကျွန်မကြိုက်တာအကုန်လုပ်လို့ ရတယ်။ ကျွန်မက ဘနဲ့ မေကြီးရဲ့သမီး။ တစ်ဦးတည်းသော သမီးဆိုတာ မေမေသိတားပါ။

'သမီး ဘာငေးနေတာလဲ၊ လာ ဒီမှာ ကုလားထိုင်က ဖုန်တွေ အဝတ်လေးနဲ့ သုတ်ပေးစမ်း'

'ဟင့်အင်း၊ သမီးမသုတ်တတ်'

'ကလေးကို မခိုင်းပါနဲ့အေ၊ ဖုန်သုတ်တာ နောက်မှ သုတ်စမ်းပါ'

အိမ်ကြမ်းပြင်ကို တံမြက်စည်းလှဲပေးနေတဲ့ အမေကြီးမျက်နှာဟာ အင်မတန် ချစ်ဖို့ကောင်းပါတယ်။ အမေကြီးဟာ အခုတလော ကျွန်မ စိတ်ဝင်စားနေတဲ့ အိပ်မက်တွေကိုလဲ ကျွန်မပြောသမျှ မငြီးမငွေ့နားထောင်တတ်ပါတယ်။ မနက်မိုးလင်းတာနဲ့ ညကမက်တဲ့ အိပ်မက်တွေကို ပြန်စဉ်းစားရတာကို ကျွန်မ သိပ်ကြိုက်နေတယ်။ ကျွန်မပြောပြတဲ့ အိပ်မက်တွေကို နားညည်းတဲ့ ဒေါ်ဒေါ်က နင်အိပ်ရာက နိုးနိုးချင်း ခေါင်းကိုပွတ်ပစ်လိုက်၊ အကုန်မေ့သွားရော တဲ့။ ကျွန်မမှာ ယောင်ပြီး ပွတ်မိမှာစိုးလို့ သတိထားနေတာပေါ့။ ကျွန်မခေါင်းက ဆံပင်တွေကို ပွတ်သပ်ဖွကစားတတ်တဲ့ ဘနဲ့ လေးလေးကိုတောင် ခုတလော ကျွန်မ ရှောင်နေပါတယ်။ အင်း မနေ့ညက မက်တဲ့ အိပ်မက်ဆို ကျွန်မ သိပ်သဘောကျတာပဲ။

'သမီး အိမ်ပြန်ချင် ပြန်တော့လေ၊ ရေဆိပ်တော့ မသွားနဲ့'

အမေကြီးက လှမ်းပြောတာကို ကျွန်မ ဂရုမစိုက်ဘဲ အမေကြီးနား တိုးကပ်လာမိပါတယ်။

'သမီး ညကမက်တဲ့ အိပ်မက်တစ်ခု ကျန်သေးတယ်၊ သိလား မေကြီး ဖေဖေ ဟိုတစ်ခါ အထက်ကပြန်လာတုန်းက ယူလာတဲ့ 'ဒေါင်းလေး' လေး အုတ်ခုံပေါ်က သူ့နေရာလေးမှာပဲ ပြန်တွေ့ရတယ်။ သမီးနဲ့သူနဲ့ စကားပြောတယ် သိလား။ သူက အိပ်မက်ထဲမှာ ပိုချစ်ဖို့ကောင်းတယ်။ ပြီးတော့ သူ့နားက နေ အုတ်ခုံအောက်ကို သမီးကြည့်လိုက်တော့ ဟာ ကာတွန်းစာအုပ်တွေ အများကြီး ပြန့်ကျဲနေတာပဲ။ 'ခင်' ကာတွန်းတွေလဲ ပါတယ်။ သမီးလေ သိပ်ပျော်ပြီး



တစ်မျိုးပဲ။ ဘယ်လိုလဲမသိဘူး။ အဲဒါ လေ သမီးက'

'ဟဲ့ တော်စမ်း ၊ ဘာဖြစ်လို့ ဒီအိပ်မက်တွေကို စုံလင်မက်ခန်း ဖြစ်နေရတာလဲ၊ နောက်မပြောရဘူး'

မေမေ့ကို ကျွန်မ အကြီးအကျယ် စိတ်ဆိုးသွားပါတယ်။ အိမ်သစ်ရွှေ့တာကို အပြင်းအထန် ဆောင့်နင်းပြီး 'အနောက်အိမ်' ကို တအား ပြန်ပြေးခဲ့ပါတယ်။

ဒီနှစ်မှာပဲ အမေကြီးမှာ 'မီးယပ်ရောဂါ' ဖြစ်လို့ မန္တလေးက ဆေးတိုက်ကို တစ်ပတ်တစ်ခါ သွားပြရတယ်။

'ဒေါက်တာ ဂူးဝါး' ဆေးတိုက်တဲ့။

ကျွန်မရယ်၊ ဘရယ်၊ မေကြီးရယ်၊ စနေနေ့တိုင်း မန္တလေးကို သွားကြတယ်။

အဲလိုသွားရင်း မန္တလေးမှာ ကျွန်မ ဘာတွေ့သလဲ သိလား။

'ဘာ . . . ဘ၊ မေကြီး၊ ဟိုမှာကြည့်လိုက်'

မန္တလေးမြို့ရဲ့ စည်ကားရှုပ်ထွေး ဆူညံနေတဲ့ လူတွေကြားမှာ ကျွန်မတို့ မြေးအဘိုးသုံးယောက် လျှောက်သွားနေရင်းက ကျွန်မ အလန့်တကြား အော်လိုက်ပါတယ်။ ကျွန်မ မမျှော်လင့်တဲ့ အိပ်မက်ထဲက မြင်ကွင်းကို မြင်လိုက်ရလို့ပေါ့။

ကာတွန်းစာအုပ်တွေ၊ ရုပ်ရှင်စာအုပ်တွေ ပြန့်ကျဲနေတဲ့ ဆိုင်တစ်ဆိုင်ရဲ့ အိပ်မက်ထဲကလိုတော့ ရှုပ်ယှက်ခတ် မနေပါဘူး။ အစီအစဉ်တကျ ပြန့်ကျဲ ခင်းကျင်းထားတာပါ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ ဆိုင်းဘုတ်က 'ရဲရင့်စာပေ' တဲ့။

'ဝယ်ပေးပါ ဘ၊ သမီးကို ကာတွန်းဝယ်ပေးပါ'

ဝမ်းသာတုန်ယင်လှုပ်ရှားနေတဲ့ ကျွန်မက ဘနဲ့မေကြီးကို ဆိုင်ထဲ အတင်းဆွဲခေါ်သွားပါတယ်။ အဲဒီအချိန်ထိ ကျွန်မမှာ ကာတွန်းစာအုပ်တစ်အုပ်မှ အပိုင်မရှိသေးပါ။ ဒီလိုမျိုးဆိုင်ကိုလဲ တစ်ခေါက်မှ မရောက်ဖူးသေးပါ။

'ဘာယူမလဲ၊ ကာတွန်းလား၊ ရုပ်ရှင်လား၊ မော်ဒန်ကာတွန်းရှိတယ် ဒီလုံး၊ မောင်ကမ္ဘာ၊ မောင်သတ္တိ၊ ရှုံစား ဒိန်းဒေါင်'

ကျွန်မမှာ ဘာယူလို့ ယူရမှန်းလဲ မသိပါဘူး။ နောက်ဆုံးတော့ ဦးစိတ်တို၊ မျောက်ညိုပါတဲ့၊ ဦးရှုံစား၊ ဦးဒိန်းဒေါင်လဲ ပါတဲ့ မော်ဒန်ကာတွန်းကိုပဲ ယူလိုက်ပါတယ်။ ဝတ်ရုံကြီးနဲ့ မိုးပေါ်ပျံတဲ့ ဒီလုံးကိုလဲ လိုချင်နေပါတယ်။ ပြီးတော့ ရုပ်ရှင်စာအုပ်တွေ။ ကျွန်မသိပ်ကြိုက်ပါတယ်။ ဝါဝါဝင်းရွှေ မျက်နှာဖုံးနဲ့ 'ချစ်သမီး' ဇာတ်ကားမှဆိုတဲ့ စာနဲ့ ရုပ်ရှင်စာအုပ်ကို ကျွန်မတအား လိုချင်နေမိပါပြီ။ ကျွန်မသိချင်နေဆဲ ချစ်သမီး ဇာတ်ပေါင်းခန်းဟာ သည်စာအုပ်ထဲမှာ ပါနိုင်ပါတယ်။

'ဒီစာအုပ်ကော ယူမယ်နော်၊ ဘနော်'

ဘက အင်မတန်ချစ်ဖို့ကောင်းပါတယ်။ မော်ဒန်ကာတွန်းတစ်အုပ် ပြားခြောက်ဆယ်၊ ရုပ်ရှင်စာအုပ် တစ်ကျပ်ပေးရပါတယ်။

စာအုပ်နှစ်အုပ်ကို တယုတယ ပွေ့ပိုက်ရင်း စာအုပ်ဆိုင်ထဲကနေ ကျွန်မအပျော်ကြီး ပျော်ပြီး ထွက်လာခဲ့ပါတယ်။ 'ရဲရင့်စာပေ' ကို ကျွန်မသေချာ မှတ်ထားလိုက်ပါပြီ။

ဘနဲ့မေကြီးက ဆေးတိုက်ကအပြန် ဈေးချိုမှာ ဈေးဝင်ဝယ်တဲ့အချိန် 'ရဲရင့်' နဲ့တွေ့တာဆိုတော့ ကျွန်မမှာ စာအုပ်တွေကို မကြည့်ရသေးဘဲ ဘတို့ ဈေးဝယ်တဲ့နောက် လျှောက်လိုက်နေရတယ်။ ဈေးဝယ်ပြီးလို့ ခေါက်ဆွဲစားပြီး တော့လဲ ဆိုင်ထဲမှာ လူတွေရှုပ်နေလို့ စာအုပ်ကို မကြည့်ရပါဘူး။ အိမ်အပြန် အမှတ်(၈)ကားပေါ်ရောက်တော့မှပဲ ကျွန်မဇိမ်ကျတော့တယ်။ အရင်အခေါက် တွေလို ကားပေါ်မှာ ကျွန်မမငိုက်တော့ဘဲ တစ်လမ်းလုံး ကာတွန်းဖတ်လိုက် ရုပ်ရှင်စာအုပ်ကြည့်လိုက်နဲ့ သိပ်ကောင်းပါတယ်။ ဒါပေမယ့် ဘေးက မိန်းမကြီး



တွေက ရုပ်ရှင်စာအုပ်ကို ခဏခဏ ငှားကြည့်ကြပါတယ်။ သူတို့က ဘုတ်သိုက် တို့အမေ၊ ကုန်စိမ်းကူပြင်ပေးရတဲ့ ကုန်စိမ်းသည်တွေပေ့ါ။ မန္တလေးကို ကုန်စိမ်း သွားရောင်းပြီး အင်းဝ၊ တံတားဦးမှာ မထွက်တဲ့ မုန်ညင်းတို့၊ နာနတ်သီးတို့၊ ဘိုးတားပဲတို့၊ ဂျုံမြစ်တို့တွေကို ဝယ်ပြီး ပြန်လာကြတာ။ ကားပေါ်မှာ သူတို့ ထောင်းကြီးတွေနဲ့ ကျပ်ညှပ်နေတာပဲ။

သူတို့က ဘနဲ့သိကြတော့ ကျွန်မက စာအုပ်ငှားရတာပေ့ါ။ ဘနဲ့ အမှတ် (၈)ကားမောင်းတဲ့လူကြီးတွေနဲ့လဲ သိတယ်။ ဘနဲ့သွားတဲ့အခေါက်တိုင်း ပိုက်ဆံမယူဘူး။

အမှတ်(၈) ကားကြီး ရေဆိပ်မှာ ဆိုက်တော့လဲ ကျွန်မတို့ ကမ်းပါး ထိပ်က ကူးတို့တဲထဲမှာ ထိုင်ပြီး ငှက်စောင့်တုန်းမှာ ကျွန်မစာအုပ်နှစ်အုပ် ဘတ်ကိုမလည်ရတော့ဘူး။ ကူးတို့ထဲက ငှက်သမားတွေ၊ ကားသမားတွေက ယူပြီး ကြည့်ကြတယ်။ ကျွန်မ သိပ်စိတ်တိုတာပဲ။ ကျွန်မမကြိုက်ဘူး။ ကျွန်မ စာအုပ်လေးစုတ်ရင် သူတို့က လျှော်ပေးမှာမို့လား။ ငှက်နဲ့ကူးတဲ့အချိန် ရေလယ် ခေါင်ကျမှ၊ ကျွန်မစာအုပ်နှစ်အုပ်ကို ခေါက်ပြီး ဗိုက်ရှေ့စကပ်ကြားမှာ ထိုးထည့် လိုက်တယ်။ ပြီးတော့ အပေါ်က နောက်ကွဲအကျႌနဲ့ ဖုံးလိုက်တာကို ကြည့်ပြီး ဘတို့၊ မေကြီးတို့၊ ငှက်ပေါ်က လူတွေက ရယ်ကြရော။

စာအုပ်တွေကို မေကြီးက ကျောင်းကိုတော့ ယူမသွားရဘူး။ သေတ္တာ ထဲမှာသေချာသိမ်းထားတယ်။ ကျွန်မကတော့ သိပ်ယူချင်တာပေ့ါ။ ကျောင်းမှာ ကျွန်မပြန်ကလဲ့စားချေစရာ တစ်ခုရှိတယ်လေ။ ကျွန်မတို့အတန်းက 'အောင်နိုင်ဦး' ဆိုတဲ့ကောင်လေးမှာ စာအုပ်လေး တစ်အုပ်ရှိတယ်။

ကျွန်မဘယ်တော့မှ မမေ့တဲ့ စာအုပ်လေးပေ့ါ။

စာအုပ်ထဲမှာ ကျွန်မအလွတ်ရတဲ့ 'ရွှေလမှာယုန်ဝပ်လို့၊ ဆန်ဖွပ်တဲ့ အဘိုးအို' ကဗျာတို့၊ 'အဘိုးကြီးအိုခါးကုန်းကုန်း' ကဗျာတို့၊ နောက်ပြီး သိပ်ဖတ်လို့ ကောင်းတဲ့ ကဗျာလေးတွေလဲ ပါတယ်။ ကဗျာလေးတွေရဲ့ ဘေးမှာ ရောင်စုံ အရုပ်လေးတွေလဲ ဆွဲထားတယ်။ အဝါရောင်တွေများတယ်။ စက္ကူလေးတွေက သဲ ချောမွတ်နေတာပဲ။ စာအုပ်အဖုံးက အစိမ်းရောင်တောက်တောက်။ အဖုံးမှာ ဘာရေးထားမှန်း ကျွန်မ မမှတ်မိတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



အလွန်လှတဲ့ အဲဒီစာအုပ်လေးကို မြင်မြင်ချင်း လှည့်ကြည့်ပြီးပြီးချင်း ကျွန်မတအားလိုချင်ပါတယ်။ 'ဘယ်ကရသလဲ' လို့မေးတော့ သူ့ရဲ့ကြီးဒေါ် အဖိုးကြီးက ဝယ်ပေးတာတဲ့။ အဲဒီကောင်လေးကလဲ ကျွန်မလို မြေးဦးပဲ။ သူ့ကိုလဲ အဘိုး၊ အဘွားနဲ့ အဲဒီကြီးဒေါ်ဆိုတဲ့ မိန်းမကြီးက သိပ်အလိုလိုက်တာတဲ့။

သူ့ကြီးဒေါ်က ကျောင်းကို နေ့တိုင်းလိုလိုပို့တာ။ ကျွန်မမြင်ဖူးတယ်။ နေ့လယ်ကျလဲ ကျောင်းကို သူကိုယ်တိုင်လာပြီး မုန့်ဝယ်ကျွေးတယ်။ မတည့်တာတွေ ဝယ်စားမှာစိုးလို့တဲ့။ အောင်နိုင်ဦးဟာ အမြဲတမ်းပဲ (ယောကျ်ားလေးဖြစ်ပြီးတော့) သနပ်ခါးတွေ ဖွေးနေတယ်။

ကျွန်မက စာအုပ်လေးကို သိပ်လိုချင်မှန်းသိတော့ အောင်နိုင်ဦးက 'တစ်မတ်နဲ့ရောင်းမယ်'တဲ့။ ဒီကောင်က ပိုက်ဆံမကိုင်ရဘူးလေ။ ဒီတော့ သူက ပိုက်ဆံလိုချင်တာပေါ့။ ကျွန်မက ဝမ်းသာအားရနဲ့ 'ရော့ တစ်မတ်၊ ပြန်တောင်းရင် နင့်မျက်စိစွန်မှာနော်' လို့ ပြောပြီးဝယ်လိုက်တာပေါ့။

ကျွန်မလေ အဲဒီစာအုပ်လေးကို ဘယ်လိုချစ်မှန်းမသိဘူး။ 'ငါပိုင်ပြီ ငါပိုင်ပြီ' ဆိုပြီ လွယ်အိတ်ထဲကနေ ခဏခဏ ထုတ်ကြည့်နေမိတယ်။

ဒါပေမယ့် နေ့လယ်လဲရောက်ရော ပြဿနာဖြစ်တော့တာပဲ။

အောင်နိုင်ဦး ကြီးဒေါ်ကြီးက နေ့လယ်မုန့်ဝယ်ကျွေးဖို့လာရင်း သူ့ရဲ့ လွယ်အိတ်ကို စစ်တာကိုး။ သူတို့က အေဆိုတော့ ကျောက်တံပျောက် မပျောက်၊ ခဲတံပျောက်မပျောက်၊ ချွန်စက်ပျောက် မပျောက် စစ်ကြည့်တာပေါ့။ အဲဒီမှာ ကဗျာစာအုပ်လေးကို မတွေ့တော့ သူ့တူကို မေးတာပေါ့။ 'ဘယ်ရောက် သွားလဲ ဘယ်သူယူလဲ' မေးတာပေါ့။ အဲဒါကို တော့်အောင်နိုင်ဦးက မျက်လုံးကြီး ပေကလပ် ပေကလပ်နဲ့ မပြောဘဲနေတယ်။ လက်ထဲမှာလဲ ကျွန်မရဲ့ ပိုက်ဆံ တစ်မတ်ကို သိသာအောင် လက်သီးဆုတ်ထားတာ အကြောတွေထောင်လို့။ သူ့ ကြီးဒေါ်ကြီးက မြင်တာပေါ့။ ဒါကို ဖြန့်ပြပြီး သူရောင်းထားတယ်လို့တော့ မပြောရဲဘဲနဲ့ ကျွန်မဆီပြေးလာတယ်။ တစ်မတ်ကိုဖျတ်ဆို ခုံပေါ်ပစ်ချပြီး 'ငါ့စာအုပ်ပြန်ပေး' တဲ့။

ကျွန်မလေ။ သူ့ကြီးဒေါ်ကြီးကို ကြောက်လို့ပေါ့။ နို့မို့ဆို ဘယ်တော့မှ ပြန်မပေးဘူး။ ညတိုင်းညတိုင်း အဲဒီစာအုပ်လေးကို အိပ်မက်မက်တယ်။ အောင်



နိုင်ဦး တော့်ကိုတော့ ဘယ်တော့မှ မခေါ်တော့ဘူး။

အဲဒီစာအုပ်လေးကို 'ရဲရင့်'မှာ လျှောက်ကြည့်သေးတယ်။ မေကြီး ဆေးတိုက်သွားရတဲ့ နောက်အပတ်တွေမှာပေါ့။ ဒါပေမယ့် စာအုပ်လေးကို တွေ့ပါဘူး။ ဘ နဲ့ မေကြီးက ဆေးတိုက်သွားတဲ့အခါတိုင်း ရဲရင့်ဝင်ပြီး ကာတွန်း တစ်အုပ်၊ ရုပ်ရှင်တစ်အုပ်နှစ်အုပ်၊ ကျွန်မကို အမြဲတမ်း ဝယ်ပေးရပါတယ်။ မဟုတ်လို့ကတော့ ဆေးတိုက်မှာ ပြဖို့စောင့်နေချိန်မှာ တစ်ချိန်လုံး ကျွန်လိမ် စိတ်ကောက်နေတဲ့ ကျွန်မကို အမေကြီး အကြာကြီး ချော့နေရတတ်ပါတယ်။

ကမ္ဘာပေါ်မှာ အဲဒီဆေးတိုက်လောက် စောင့်ရတာ ကြာတဲ့ဆေးတိုက် မျိုး မရှိဘူးလို့ ကျွန်မထင်မိတယ်။ အမေကြီးရဲ့ နာမည် မခေါ်မချင်း ကျွန်မမှာ ခုံတန်းလျားပေါ် အိပ်လိုက်၊ ဆေးတိုက်ရှေ့ရပ်ထားတဲ့ ကားမှန်ဗိုင်းထဲမှာ ရွှေဆံပင်တွေကို လက်နဲ့ချေဖွကြည့်လိုက်၊ မုန့်ဦးနှောက်သည်လာရင် ခေါ်စားလိုက်နဲ့ ပျင်းပြီးငိုချင်လာအောင် နေရပါတယ်။

ဆေးတိုက်ပြပြီး 'ရဲရင့်' ရောက်တော့မှ ရွှင်ရွှင်လန်းလန်း ဖြစ်လာတဲ့ ကျွန်မကို စာအုပ်နှစ်အုပ် ဝယ်ပေးပြီးချိန်မှာ အမေကြီးပြောတဲ့ စကားကို ရဲရင့်က လူကြီးက အမြဲရယ်တတ်တယ်။

'ကဲ တစ်ကျပ် ခြောက်ဆယ် ကုန်ပြီးတော့မှပဲ နားအေးတော့တယ်တော်' ဆိုတဲ့စကားကိုလေ။

နောက်ကျတော့ အမေကြီးနဲ့ ဘ ဈေးဝယ်နေချိန်မှာ ကျွန်မကို ရဲရင့်မှာ ထားပစ်ခဲ့တယ်။ ရဲရင့်စာပေရဲ့ ထောင့်လေးတစ်ခုမှာ ခုံလေးတစ်လုံးနဲ့ ထိုင်ပြီး ကာတွန်းနဲ့ ရုပ်ရှင်စာအုပ်တွေ အများကြီးဖတ်ရတယ်။ ဝယ်ပြီးသား စာအုပ်ထက် ကြိုက်တဲ့စာအုပ်တွေ တွေ့ရင်လဲ လဲလို့ရတယ်။ လိုချင်တာတွေ ရွေးပြီး ကျွန်မက ဟိုဟာနဲ့လဲလိုက် သည်ဟာနဲ့လဲလိုက်။

ပြီးတော့ ရဲရင့်မှာ အပတ်တိုင်း မွှေနှောက်ကြည့်ရင်းကနေ ကျွန်မ အင်မတန် သဘောကျသွားတဲ့ 'ပုံပြင်စာအုပ်' တွေကို သွားတွေ့ပါတယ်။ 'အောင်စိတ်ကောင်းပုံပြင်များ၊ နံ့သာဖြူ ပုံပြင်များ'၊ 'လက်တို ညီအစ်ကိုသ ပုံပြင်များ လူထုဦးလှရဲ့ ကချင်ပုံပြင်၊ ကရင်ပုံပြင်၊ ရခိုင်ပုံပြင်များ၊ ပုံပြင်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



သိပ်ဖတ်လို့ကောင်းပါလားဆိုပြီး ကျွန်မတအားစွဲလမ်းသွားတာ ညအိပ်ရာဝင်တိုင်း ငါ့မှာ ပုံပြင်စာအုပ်တွေ အိမ်ကြီးတစ်လုံးနဲ့ အပြည့် ဖတ်ဖို့ရရင် ဘယ်လောက်များ ကောင်းမလဲဆိုတာပဲ အမြဲတွေးအိပ်တော့တယ်။ အိပ်မက်အမြဲမက်တော့တယ်။

ဘ နဲ့ မေကြီးက ကာတွန်းနဲ့ ရုပ်ရှင်စာအုပ်ပြင် တစ်ကျပ်ခွဲပိုလာစေတဲ့ ပုံပြင်စာအုပ်ကိုလဲ ကျွန်မအတွက် မညည်းမညူ ဝယ်ပေးခဲ့ပေမယ့် ပုံပြင်ထက်နောက်ထပ် တစ်ဆင့်တက်လာတဲ့ မဂ္ဂဇင်းစာအုပ်နှစ်ကျပ်တန်ကို ကျွန်မကို ဝယ်မပေးတော့ပါဘူး။ 'မဂ္ဂဇင်းထဲမှာ ဝတ္ထုတွေပါလို့ ဝယ်မပေးပါနဲ့' ဆိုတဲ့ မေမေ့ရဲ့ တားမြစ်ပိတ်ပင်ချက်နဲ့ပါပဲ။ 'ငယ်ငယ်လေးနဲ့ ဝတ္ထုဖတ်တတ်သွားရင် အမေ့မြေး ပျက်စီးသွားမှာပေါ့' ဆိုတဲ့ စကားဟာ အရာရာအလိုလိုက်ချင်တဲ့ မေကြီးနဲ့ ဘအတွက် ထိရောက်လှပါတယ်။

ကျွန်မကတော့ စာအုပ်တစ်အုပ်တည်းမှာ ကာတွန်းရော၊ ပုံပြင်ရော ဝတ္ထုဆိုတဲ့ ဖတ်လို့ကောင်းတဲ့ အကြောင်းလေးပါတဲ့ မဂ္ဂဇင်းဆိုတာကို အင်မတန်စွဲလမ်းနှစ်ခြိုက်လို့ နေမိပါပြီ။

မန္တလေးက အပြန် အမှတ်(၈) ကားကြီးပေါ်မှာ အရင်ကလို စာအုပ်မဖတ်တော့ဘဲ၊ ငိုက်လဲမငိုက်တော့ဘဲ 'ရဲရင့်' က မဝတဝ ဖတ်ခဲ့ရတဲ့ မဂ္ဂဇင်းထဲက အကြောင်းတွေကို စဉ်းစားစိတ်ကူး ငေးမောရတာ သိပ်ကောင်းပါတယ်။ ကျွန်မစွဲလမ်းတဲ့ ရေဒီယိုဇာတ်လမ်းထဲက ဝင်းဝင်းခိုင်အကြောင်းလဲပါတယ်။ ပုံပြင်တွေထဲမှာ ပါတတ်တဲ့ ပန်းပင်လေးတွေအနားမှာ ပေါက်နေတဲ့ စမ်းချောင်းလေးတွေလဲပါတယ်။ မန္တလေးကားလမ်း တစ်နေရာမှာ ကျွန်မအမြဲဖတ်ရတဲ့ 'ရွာသာကြီးသို့ နှစ်မိုင်' ဆိုတဲ့ ဆိုင်းဘုတ်ကနေ လှမ်းလှမ်းကြည့်မိတဲ့ စိမ်းညို့ညို့သစ်ပင်အုပ်တွေ အကြောင်းလဲ ပါတယ်။

ကျွန်မခေါင်းထဲမှာ နာမည်လေးတစ်ခု ပေါ်လာတယ်။

'ကျော့ကျော့လှိုင်'၊ လှလိုက်တဲ့ နာမည်လေး။

သူ့အဖေနာမည်က ဦးဘလှိုင်၊ အင်း အမေနာမည်က ဒေါ်ခင်ကျော့ ဒါကြောင့်မို့ သူ့နာမည်က ကျော့ကျော့လှိုင်။

ူက။ သူက စမ်းချောင်းလေးတွေနဲ့ သာယာတဲ့ 'ရွာသာကြီး' မှာ နေတာပေါ့။ ကျော့ကျော့လှိုင်က တစ်ဦးတည်းသောသမီးဆိုတော့ သိပ်ကံကောင်း တာ၊ ူလိုချင်တာ အကုန်ရတယ်။ သူ့တို့တိုက်ကလေးနာမည်က 'လှိုင်ဂေဟာ' တဲ့ဟ။ ကုန်းမြင့်လေးပေါ်မှာ ဆောက်ထားတာ။ အဲဒီကုန်းမြင့်လေးကို မ်းချောင်းလေးကရစ်ပတ်ပြီး စီးဆင်းနေတာပေါ့။ သူက လှလဲလှတယ်။ အသားလဲဖြူတယ်။ ဆံပင်ကလဲ ထူထူလေး၊ မပါးဘူး။ သွားလေးတွေကလဲ စီပြီး ညီနေတာပဲ'

ကျွန်မတို့ ကျောင်းလေးဘေးက လက်ပံပင်ကြီးအောက် ပစ်အုပုံကြီး ေါ်မှာ သန်းသန်းမြင့်၊ အန္တ၊ ဘုတ်သိုက်၊ မာဆွေ၊ ခင်စန်းဦး၊ ပြီးတော့ ကျောင်း နေပေမယ့် ကျွန်မတို့ဆီ နေ့လယ်ကျောင်းဆင်း လာကစားတတ်တဲ့ အေးအေး၊ ူတို့အားလုံး 'ကျော့ကျော့လှိုင်' ကို စိတ်ဝင်စားကြတယ်။ ကျွန်မတို့ရှေ့နားက ျုံးရေစပ်မှာ မိန်းမကြီးတစ်ချို့ ကျုံးရေစိမ်ထားတဲ့'သင်'တွေကို ယူပြီး သင်ငင်နေတယ်။ သင်ဖြူးရက်ဖို့ အတွက်လေ။ သူတို့လွှင့်ပစ်တဲ့ သင်အုပုံကြီး ာ ကျွန်မတို့ စကားဝိုင်းဖွဲ့ဖို့ အင်မတန်ကောင်းတဲ့ ထိုင်စရာပေါ့။ အေးစိမ့်စိမ့်

www.burmeseclassic.com

www.burmeseclassic.com



အိစက်စက် 'ပစ်အူပုံ' ကြီးဟာ လက်ပံပင်ကြီးအောက်မှာ တစ်မျှော်တစ်ခေါ်။

'သူ့ဆံပင်ပုံစံကလဲ လှတယ်ဟသီလား၊ ဘာခေါ်လဲတော့မသိဘူး။ တိုတိုကပ်ကပ်၊ ဝိုင်းဝိုင်းလေး၊ ငါတို့လို ဂျပန်ဆံတောက်မထားဘူး။ နဖူးပေါ်လဲ ငါတို့ဂျပန်ဆံတောက်လို ဆံရစ်တွေ အများကြီးမကျဘူး။ ကျစရာလဲမလိုပါဘူးလေ၊ သူ့နဖူးမှာ ဘာအမာရွတ်မှ မရှိတာကြီး'

သူငယ်ချင်းတွေက ကျွန်မရဲ့ မျက်ခုံးစွန်းအထက် နဖူးပေါ်ပေါ်က မွေးရာပါ အမာရွတ်ကို ဖွတ်ခနဲ လှမ်းကြည့်ကြတာကိုတော့ ကျွန်မမကြိုက်ဘူး။ သန်းသန်းမြင့်က ရုတ်တရက် သတိရလာသလို

'နှင်နဲ့ ကျော့ကျော့လှိုင် ဘာတော်လဲ'

ကျွန်မ ခွကျသွားပြီး စိတ်ထဲမှာ အလျင်အမြန် စဉ်းစားရတယ်။

'ဟိုဟာလေ ဆွေမျိုးအရင်းတော့ မဟုတ်ဘူး။ ဖေဖေတို့ဘက်က တော်တာပေါ့'

'ရွာသာကြီးက ဘယ်နားမှာလဲ၊ နှင်တို့ ဘယ်လိုသွားလဲ'

မာဆွေရဲ့အမေးကိုတော့ ကျွန်မခပ်တည်တည်နဲ့ ဖြေနိုင်ပါတယ်။

'နှင်ကလဲ မန္တလေးသွားတဲ့လမ်းမှာလေ၊ တောင်မြို့ကျော်တော့ လမ်းဘေးမှာ 'ရွာသာကြီးသို့' ဆိုတဲ့ဆိုင်းဘုတ် မတွေ့ဘူးလား၊ အေး. . အဲဒီလမ်းကနေ သွားရတာ၊ ကျော့ကျော့လှိုင် တို့က ငါတို့ကို ကားနဲ့လာခေါ်တာပေါ့'

'သူတို့မှာ ကားရှိလို့လား'

'ရှိတာပေါ့၊ ဂျစ်ကားအစိမ်းရောင်လေး၊ ငါတို့လမ်းမှာ ခဏနားပြီး ထမင်းဆိုင်ဝင်စားကြတယ်။ ဟင်းတွေက သိပ်ကောင်းတယ်။ ဒါပေမယ့် ငရုတ်သီးတော့ နည်းနည်းစပ်တယ်'

'ဘာဟင်းတွေလဲ နှင်းနှင်း'

ဟင်းတွေကို စိတ်ဝင်စားတဲ့ အေးအေးကို ကျွန်မသနားသွားတယ်။ အေးအေးက တစ်တန်းတက်နေတုန်း သူ့အမေဆုံးတာနဲ့ ထွက်လိုက်ရတာ။ သူ့အဖေက ငှက်အငှားခတ်တယ်။ သူ့ညီမလေးတွေ မောင်လေးတွေကို သူပဲကြည့်ရတာ။

'ဟင်းတွေကတော့ အစုံပေါ့ဟယ်၊ ကြက်သား၊ ဝက်သား၊ အမဲသား၊



...း ဇာကလေး၊ ငါးပိချက်၊ ချဉ်ရည်ဟင်း၊ အစိမ်းကြော်'

အေးအေး စိတ်ချမ်းသာသွားအောင် တစ်အိမ်ပြီးတစ်အိမ် တစ်လ...ခါလောက် ဘုန်းကြီးဆွမ်းကပ်လေ့ရှိတဲ့ ကျွန်မတို့အိမ်အပါအဝင် အမျိုးတွေ...နဲ့ ဘုန်းကြီး ဆွမ်းပွဲဟင်းတွေကို ကျွန်မလျှောက်ရွတ်ပြလိုက်တယ်။

'ငါနဲ့ ကျော့ကျော့လှိုင်နဲ့က ငရုတ်သီးအစပ် မစားနိုင်တာကျ တူတယ်...တို့နှစ်ယောက်က ထမင်းမစားဘဲ ထမင်းဆိုင်ဘေးနားမှာ လျှောက်ကြည့်ကြတယ်။ အဲဒီနားက ဆိုင်မှာ ငှက်ပျောသီးပြုတ်ရောင်းတော့ ဝယ်စားကြတာ...။ သိပ်ကောင်းတာပဲ၊ မန်ကျည်းရွက်ကြမ်းနဲ့ပြုတ်ထားတာ ရဲပြီးအိနေတာပဲ၊ ...စ်လုံးငါးပြားပေးရတယ်'

(မန်ကျည်းရွက်ကြမ်းနဲ့ပြုတ်တဲ့ ဖီးကြမ်းငှက်ပျောသီးပြုတ်ကို ကျွန်မ...လွန်ကြိုက်ပါတယ်။)

'နောက်ပြီး သူတို့အိမ်ရောက်တော့ ကျော့ကျော့လှိုင်ကလေ သီလား၊ ...ါကို အခန်းတစ်ခုထဲ ခေါ်သွားတယ်။ အခန်းထဲမှာ ဘာတွေရှိတယ် မှတ်လဲ'

'ဘာတွေလဲ၊ ရွှေတွေ ငွေတွေလား'

စိတ်အားထက်သန်စွာ မေးလိုက်တဲ့ ဘုတ်သိုက်ကို ကျွန်မခေါင်းခါပြလိုက်တယ်။

'အကျီအဝတ်အစား အကောင်းစားတွေလား'

မျက်လုံးပေကလပ် ပေကလပ်နဲ့ မေးတဲ့ ခင်စန်းဦးကိုလဲ ကျွန်မခေါင်းခါ ပြလိုက်တယ်။

'နှင်တို့ပြောတာ တစ်ခုမှမဟုတ်ဘူး၊ အဲဒီအခန်းဟာ မဂ္ဂဇင်းစာအုပ်တွေနဲ့အပြည့်'

'ဟာ'

သူတို့အားလုံး စိတ်ပျက်သွားကြတယ်။ ကစားတာ ပိုမက်တဲ့ အန္တဲ့က ...ါးခနဲသမ်းပြီး 'ငါတို့ အမြင့်ခုန်တမ်းဆော့ကြစို့ဟာ' လို့ ပြောလိုက်တဲ့အတွက် ...ျွန်မက ကပျာကယာ

'နေဦးဟ ၊ ငါ့ကို ကျော့ကျော့လှိုင်က အဝတ်အစားတွေလဲပြပါတယ်။ ...အားလုံး မန္တလေး ဒေါ်ဒေါ်မိုး ဂါဝန်ဆိုင်က ဝယ်တာချည်းပဲ၊ ဂါဝန်ရောင်စုံ

www.burmeseclassic.com

www.burmeseclassic.com



နှိတယ်။ ပြီးတော့ ကျောင်းဝတ်စုံစကတ်အစိမ်းလေးတွေနဲ့ အကျီအဖြူလေး တွေလဲပြတယ်။ အကျီအဖြူမှာ အိတ်ထောင်ကကျ အစိမ်း၊ သိလား'

ကျောင်းဖွင့်ရက် မန္တလေးသွားတုန်းက ကျွန်မမြင်ဖူးတဲ့ အကျီအဖြူ ပုံစံလေးကိုပြောတော့ သူတို့တစ်တွေ ကိုယ့်ကိုကိုယ် ငုံ့ကြည့်ကြတယ်။ ကျွန်မတို့ အားလုံးအဖြူ အစိမ်းကျောင်းဝတ်စုံနဲ့ မဟုတ်ကြပါ။ ကျွန်မတို့ ကျောင်းမှာ ကိုယ်ကြိုက်ရာ ကိုယ်ဝတ်လို့ရပါတယ်။ စွပ်ကျယ်အကျီနဲ့ကျောင်းသား ဘောင်းဘီရှည်နဲ့ကျောင်းသား၊ ဂါဝန်စကတ်နဲ့ကျောင်းသူ၊ ရင်စည်းအကျီ စပ်ထဘီ နဲ့ ကျောင်းသူ အစုံရှိတယ်။

'ငါတို့ကျောင်းလဲ အဖြူအစိမ်း ဝတ်ရရင်ကောင်းမှာနော်'

'ရှေ့နှစ်ခါ တံတားဦးကျောင်းကြီးရောက်ရင်တော့ ဝတ်ရမှာပေါ့ဟ'

'ကျောင်းကြီးကလဲ နေ့တိုင်းမဝတ်ရပါဘူး၊ တနင်းလာနဲ့ သောကြာ တင်ဝတ်ရတာ'

'ပြီးတော့ စကတ်မဝတ်ရတော့ဘူးတဲ့။ ငါးတန်းလဲ ထဘီအစိမ်းပဲ ဝတ်ရတာတဲ့'

ကျောင်းကြီးကို စိတ်ဝင်စားနေမြဲ လေးတန်းကျောင်းသူတို့ ထုံးစံအတိုင်း ကျွန်မတို့ အလုအယက် ပြောကြဆိုကြရင်းက ငြိမ်သက်နေတဲ့ အေးအေးနဲ့ ဘုတ်သိုက်ကို သတိရပြီး ရပ်သွားကြပါတယ်။ ဘုတ်သိုက်ကို သူ့အမေက လေးတန်းအောင်အောင်၊ ကျကျ ၊ နှစ်ကုန်ရင် ကျောင်းဆက်မနေရတော့ဘူးတဲ့၊ ဘုတ်သိုက်အတွက် အောင်အောင်ကျကျ ဆိုတဲ့ စကားကို မသုံးသင့်ပါဘူး။ ဘုတ်သိုက် သိပ်အောင်တာပေါ့။ လေးတန်းအစိုးရစစ်မှာ တစ်မြို့နယ်လုံး ပထမ နဲ့တောင် အောင်ချင်အောင်ဦးမှာ။ ဒါပေမယ့်လေ ဘုတ်သိုက်မျက်နှာလေးကို ကျွန်မလှမ်းကြည့်ရင်း

'ဘုတ်သိုက်၊ ကျော့ကျော့လှိုင်ကလေ နင့်လိုပဲ သင်္ချာတော်တယ် သိလား။ လေးတန်းမှာ သင်္ချာအများဆုံးရတဲ့သူဆို သူတို့ကျောင်းကြီးက ပိုက်ဆံ ထောက်ပံ့မှာတဲ့။ ငါတို့ကျောင်းကြီးမှာလဲ လုပ်ချင်လုပ်မှာပေါ့နော်'

'တကယ်လား'

အသားအရေ၊ အဝတ်အစား ညစ်နွမ်းမည်းညစ်နေပေမယ့် တဖျပ်ဖျပ်



တောက်ပနေတဲ့ ဘုတ်သိုက်ရဲ့ မျက်လုံးတွေ ပိုပြီး ဝင်းလက်သွားတာကို မြင်ရပါ တယ်၊

'ကျော့ကျော့လှိုင်က အပ်ချုပ်ကော တော်ရဲ့လား'

'သိပ်တော်တာပေါ့'

ကျွန်မ ချက်ချင်းဖြေလိုက်ပြီးမှ သန်းသန်းမြင့်ဟာ အင်မတန်အပ်ချုပ် တော်မှန်း သတိရပြီး ကပျာကယာ

'ဒါပေမယ့် နင့်လောက်တော့ မတော်ပါဘူး၊ ကျော့ကျော့လှိုင်က 'အပ်စောင်း' ချုပ်တာကျ ညံ့တယ်ဟ သိလား'

သန်းသန်းမြင့်က လက်ကိုင်ပဝါအဖြူ အနားလုံးပြီး ချည်အနီနဲ့ အပ် စောင်းချုပ်တာမှာ သိပ်တော်တယ်။ ကျွန်မတို့ကျောင်း ပြောင်းလာပြီဖြစ်တဲ့ ဆေးလေးရဲ့မိန်းမ ဒေါ်ဒေါ်အုန်းက ကျွန်မတို့ လေးတန်းကို အိမ်တွင်းမှု သင်တယ်။ ကိုယ့်တူမမို့ လက်ကိုင်ပဝါအနား တစ်ဘက်လုံးလုံး နမူနာချုပ်ပြ အတောင် ကျန်တဲ့ တစ်ဖက်မှာ အပ်စောင်းကို ဘယ်လိုမှ လှလှပပ မစောင်း တတ်တဲ့ ကျွန်မရဲ့ အနားတစ်ဖက် မည်းသဲနေတဲ့ လက်ကိုင်ပဝါကို ပြီးအောင် ချုပ်ပေးဖို့ သန်းသန်းမြင့်က တာဝန်ယူထားတယ်လေ။

'ကျော့ကျော့လှိုင်က ခွေနဲ့ပန်းထိုးတတ်လား၊ အရိုးချုပ်တို့၊ သံကွင်းစွပ် ကြိုးရော ချုပ်တတ်လား၊ ကြယ်သီးကွင်းပေါက်ရော တတ်ပလား၊ ပြောစမ်းပါ၊ သူဘာတွေ ချုပ်နေသလဲ'

ကျွန်မစိတ်ပျက်သွားတယ်။ ဒါပေမယ့်ပေါ့

'အင်း ကျော့ကျော့လှိုင်ကလေ'

www.burmeseclassic.com

www.burmeseclassic.com

'ကျော့ကျော့လှိုင်ကလေ' အစချီတဲ့ ကျွန်မရဲ့ 'ကျော့ကျော့လှိုင်' ပုံပြင် ဇာတ်လမ်းတွေဟာ နေ့လယ်ကျောင်းဆင်း၊ ထမင်းစားပြီးတိုင်း လက်ပံပင်ကြီး အောက်ကပစ်အူပုံကြီးပေါ်မှာ ပျံ့လွင့်လို့နေခဲ့တယ်။ ကျွန်မမှာလဲ 'ကျော့ကျော့လှိုင်' အကြောင်း နက်ဖြန်ဘာပြောမလဲဆိုပြီး ညအိပ်ရာဝင် စဉ်းစားရတာ အမောပါပဲ။ ကျော့ကျော့လှိုင်နဲ့ သူရဲ့ထူးဆန်းတဲ့ ကြောင်လေး မိုးမှောင် (ကျွန်မရဲ့ကြောင်လေး မိုးညိုကို လူဖမ်းသွားလို့ ကျွန်မသတိရနေချိန်ပေါ့) ။ ကျော့ကျော့လှိုင်နဲ့ သူ့ရဲ့စက်ဘီး မိန်းမစီးလေးကို တောင်းကောင်းစီးတတ်ပုံ အကြောင်း (ကျွန်မကိုလဲ ဘက ငါးတန်းကျောင်းကြီး တက်ဖို့ မိန်းမစီး စက်ဘီး ဝယ်ထားပေးပြီးပေမယ့် မစီးရသေးဘဲ၊ အစီးလဲမသင်ရသေးဘဲ၊ ထုပ်မှာဆွဲထားတယ်)။ ပြီးတော့ ကျော့ကျော့လှိုင် တစ်ပတ်တစ်ခါ မန္တလေးကို ဂျစ်ကားနဲ့ သွားပြီးမာတ်ရှင်ကြည့်ပုံ။

ကျော့ကျော့လှိုင်ကို ကျွန်မသူငယ်ချင်းတွေ စိတ်ဝင်စားပြီး စွဲလမ်းနေကြပါတယ်။ တစ်ခါတစ်လေ ကျွန်မစဉ်းစားလို့မရလို့ ပြောစရာရှိတဲ့နေ့မျိုးမှာတောင် 'အရင်က ပြောပြီးသားတွေ ပြန်ပြောဟာ' ဆိုပြီး ဇွတ်ပြောခိုင်း



တတ်ကြတယ်။ ကျွန်မအတွက် အပ်ချုပ်တာဝန်မှန်သမျှကို သန်းသန်းမြင့်တ တမ်းရှက်ပေးတယ်။ သချ်ာတာဝန်မှန်သမျှကို ဘုတ်သိုက်။ ခင်စန်းဦးကတော့ အတော်ဆုံးပဲ။ သူ့အိမ်က သူ့အဖေဖတ်တဲ့ မဂ္ဂဇင်းစာအုပ်ဟောင်းတွေနဲ့ မြားချောက်ဆယ်တန် ဝတ္ထုစာအုပ်အသေးလေးတွေ တစ်နေ့တစ်အုပ် ယူလာပေးတတ်တယ်။

အဲဒီစာအုပ်ကို ကျွန်မအိမ်မှာ ဘယ်လိုဖတ်သလဲဆိုတော့ မော်ဒန်ကာတွန်းစာအုပ်ကြားထဲမှာ ညှပ်ပြီးဖတ်တယ်။ ရုပ်ရှင်စာအုပ်ကြားထဲမှာ ညှပ်ဖတ်တယ်။ ပုံပြင်စာအုပ်ထဲကျတော့ ညှပ်ဖတ်လို့ မရဘူး။ စာအုပ်က ရှယ်တူနေတော့ ညှပ်လို့မရဘူးလေ။ ဖတ်လို့သိပ်ကောင်းတာပဲ ကျွန်မသိတယ်။ စာရေးဆရာ နာမည်တွေ၊ ဝတ္ထုနာမည်တွေကိုတော့ သိပ်အာရုံမစိုက်မိပါဘူး။ ဒါပေမယ့် ခင်စန်းဦးရဲ့ ဝတ္ထုစာအုပ်တွေက အသည်းကွဲပြီး အရက်သောက်တဲ့ဝတ္ထုတွေများတယ်။ ဒီပြင်အကြောင်းတွေပါတဲ့ ဝတ္ထုလေးတွေလဲ ပါပါတယ်။

ဒါပေမယ့် ကျွန်မကံဆိုးချင်တော့ အရက်သောက်ပြီး အသည်းကွဲ တဲ့ဝတ္ထုဖတ်နေတဲ့ ညနေမှာပဲ မေမေနဲ့ မိသွားပါတော့တယ်။

မှတ်မှတ်ရရ စာအုပ်အဖုံးက အနက်နဲ့အဖြူရောင် စပ်ထားတယ်။ ကောင်မလေးတစ်ယောက်ရဲ့ ပုံနဲ့၊ မြင့်ကျော်၊ မြင့်နီ၊ ကရက်မက်လို့ ရေးထားတယ်။ အမေကြီးက မီးဖိုချောင်မှာရှိနေချိန်၊ ကျွန်မက အိမ်ရှေ့ခန်းက ပြတင်းပေါက်သံတိုင်တွေကို မှီပြီး ဖတ်နေချိန်မှာ လှေကားကနေ မေမေ တက်လာပါတယ်။ အရင် ဒီလိုညနေချိန်မျိုး မေမေ 'အနောက်အိမ်' ကို မလာတတ်ပါဘူး။ ဒေါ်ဒေါ်တို့၊ မေကြီးတို့ မီးဖိုချောင်ထဲမှာ အလုပ်ရှုပ်နေချိန်၊ ကျွန်မ တစ်ယောက်တည်း အိမ်ရှေ့ခန်းမှာ အနှောင့်အယှက်ကင်းကင်း ဖတ်လို့ရပါတယ်။ မေကြီးအိမ်ရှေ့ခဏထွက်လာရင် မော်ဒန်ကာတွန်းစာရွက်နဲ့ ဖုံးလိုက်၊ ဒေါ်ဒေါ်ထွက်လာရင် ကာတွန်းစာရွက် တဖျပ်ဖျပ်လှန်လှောနေလိုက်။

ကျွန်မကို ဘယ်သူမှ မရိပ်မိကြပါဘူး။ မရိပ်မိဘူးလို့ပဲ ကျွန်မထင်ခဲ့ပါတယ်။

ဒါပေမယ့် အဲဒီနေ့က မေမေ လှေကားကတက်လာချိန်မှာ ကျွန်မရဲ့အမေကြီးဟာ ဘယ်လောက်ထူးဆန်းသလဲသိလား။

www.burmeseclassic.com

www.burmeseclassic.com



မီးဖိုချောင်ကနေ ကျွန်မဆီကို လက်နှီးစုတ်ကြီး တယမ်းယမ်းနဲ့ ခပ်မြန်မြန် ထွက်လာပြီး 'ဟေး. . ဟေး၊ ဟိုမှာ မအေလာနေတယ်၊ မအေ' တဲ့။

အလောသုံးဆယ်နဲ့ ကျိတ်ပြောလိုက်တဲ့ မေကြီးလေသံကို ကျွန်မဘယ်လိုမှ မမျှော်လင့်ဘဲ ကြောင်ကြည့်နေမိတုန်း လှေကားဝမှာ ဖြူနိုးဆို မေမေ ပေါ်လာတော့ ကျွန်မ ထိတ်ခနဲလန့်သွားပြီး စာအုပ်ကလဲ ကံဆိုးစွာ ကာတွန်း ကြားထဲကနေ အောက်ကို လျှောခနဲ။

'ကြည့်စမ်း မိနှင်းနှင်း၊ အဲဒါ ဝတ္ထုစာအုပ် မဟုတ်လားဟင်၊ အတတ် ကောင်းတွေ တတ်နေပါလား၊ မအေလုပ်တဲ့သူကတော့ ညနေကျောင်းဆင်းလာ နေကျ မလာဘူး။ လေးငါးညနေရှိပြီ။ ဘာများဖြစ်ပါလိမ့်ဆိုပြီး လိုက်လာတာ သူက ဖအေ မအေထက် စွဲစရာ တွေ့နေတာကိုး။ ထစမ်း၊ ရှေ့တိုးခဲ့စမ်း၊ ဖေ စမ်းစာအုပ်ကို။ ဘုရား ဘုရား ၊ ချစ်တဲ့ ကြိုက်တဲ့ ဝတ္ထုကို ဒီအသက်အရွယ် နဲ့ မဖတ်ရဘူးဟဲ့။ နားလည်လား။ ဖအေများသိရင် ဘယ်လောက် စိတ်ဆိုးလိုက် မလဲ။ ဝတ္ထုကို ငါမအေဖတ်တာတောင် ညည်းအဖေက ကြိုက်တာမဟုတ်ဘူး သိရဲ့လား။ ဝတ္ထုဆိုတာ မဟုတ်တရုတ်တွေ ရေးထားတာ၊ မိန်းကလေးဖတ်ရင် ပျက်စီးမယ်လို့ ထပ်တလဲလဲ ပြောနေတဲ့ကြားက'

'ကဲ တော်ပါအေ၊ တိုးတိုးသက်သာပြောလဲ ဒီစကားပါပဲ၊ ကလေးမှ မသိတတ်လို့ ဖတ်တာပဲ'

'မတော်နိုင်ဘူး အမေ။ ဒီကောင်မလေးကို အမေတို့ ဒါလောက် အလို မလိုက်နဲ့။ အလိုလိုက် အမိုက်စော်ကား၊ သူက ဒီလိုသာ ရှေ့ဆက်လုပ်ရင် 'အရှေ့အိမ်' ခေါ်ထားရလိမ့်မယ်'

'ဟင့်အင်း'

'အိုအေ မဟုတ်တရုတ်'

အမေကြီးနားကို ကျွန်မအမြန်ဆုံးရောက်သွားပြီး အမေကြီးကျောပေါ် မှာ မျက်နှာဖိကပ်ရင်း မျက်ရည်တွေ စိမ့်ကျလာပါတယ်။ ရင်ထဲမှာလဲ နာကျင် ဝမ်းနည်းပြီး မေမေ့စကားတွေအတွက် အခံရခက်လှပါတယ်။

ကျွန်မစိတ်တွေ ရှုပ်ထွေးနောက်ကျိလာတယ်။ ငါမှားပြီလား၊ ငါဟာ ကျောင်းမှာလဲ ကျော့ကျော့လှိုင်အကြောင်း အလိမ်အညာတွေပြော။ မေမေ



ပြောတဲ့ မကောင်းတဲ့၊ ပျက်စီးစေမယ့်စာတွေ ဖတ်နေမယ့်အစား ညနေ ကျောင်း ဆင်းမှာ ခိုးကြောင်ခိုးဝှက်လုပ်စရာမလိုတဲ့ မေမေတို့လဲ သဘောကျတဲ့ ခေါင်း ... ပန်းထိုးလေ့ကျင့်နေရင် ဘယ်လောက်ကောင်းမလဲ။

ပြီးတော့ မနေ့ကလဲ ကျောင်းမှာ မာဆွေက သူ့အဖေကို ကျောင်းပိတ် ...တစ်နေ့ ရွာသာကြီးကို လိုက်ပို့ပေးဖို့ ပြောထားတယ်တဲ့။ ရွာသာကြီးမှာ သူ့အဖေရဲ့ အမျိုးတွေရှိတယ်တဲ့။ မာဆွေက ကျော့ကျော့လှိုင်နဲ့ တွေ့ရတော့ မယ်ဆိုပြီး ပျော်နေတယ်။ မာဆွေ မသွားအောင် ကျွန်မဘယ်လိုလုပ်ရပါ့မလဲ။

တော်ပြီ၊ တော်ပြီ။ ဒီနေ့ကစပြီး ဝတ္ထုလဲ မဖတ်တော့ဘူး။ ကျော့ကျော့ လှိုင်အကြောင်းကိုလဲ ရပ်ပစ်လိုက်တော့မယ်၊ ဟုတ်ပြီ ကျော့ကျော့လှိုင်တို့ ရန်ကုန် ... ပြောင်းသွားကြပြီလို့ ပြောလိုက်တော့မယ်။

ဒါပေမယ့်နော်၊ အမေကြီးကတော့ ကျွန်မ ဝတ္ထုဖတ်တာကို သိရက် သားနဲ့ ဘာလို့မတားခဲ့သလဲ။ ကျွန်မ ပျက်စီးသွားမှာကို မေကြီး မစိုးရိမ် ဘူးလား။ ကျွန်မအင်မတန် သိချင်မိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

လေးတန်းနှစ် သီတင်းကျွတ် ကျောင်းပိတ်ရက်နဲ့ ဝါတွင်းမှာတော့ ကျွန်မဟာ ဥပုသ်နေ့တွေကို အလွန်စိတ်ဝင်စားလို့ နေမိပါတယ်။ ဥပုသ်နေ့ မနက်ဆို ဝတ်ကောင်းစားလှဝတ်ပြီး အမေကြီးက ဆွမ်းတောင်းလို့ ခေါ်တဲ့ ဆွမ်းအုပ် အနီရောင်ကြီးကိုရွက်။ ဒေါ်ဒေါ်၊ လေးလေးနဲ့ လေးလေးမိန်းမတို့က ချိုင့်ဆွဲ ခြင်းတွေဆွဲပြီး ဘုန်းကြီးကျောင်း ဥပုသ်စောင့်သွားကြပါတယ်။ မြို့ရိုး တွေ ပြိုကျပျက်စီးနေတဲ့ မြို့တွင်းထဲကိုဝင်ရင် အမေကြီးက ကျွန်မကို လယ်ကွက် ကြီးတစ်ခုကို ပြပြီး ပြောပြတတ်တယ်။

'ဟောဒီနေရာဟာ အရင်တုန်းက အမေကြီးတို့ အပျိုတုန်းက ဇာတ်ရုံ ကြီးပေါ့။ ညတိုင်း ကြည့်ကြတာပဲ။ ကျော်အုံးလှိုင်တို့ ဘယ်သူတို့ မင်းသားတွေ သိပ်ကောင်းတာပေါ့။ သူတို့ဇာတ်အဖွဲ့က လှေကြီးတွေနဲ့ လာကြတာ။ အမယ် လေး သူတို့များပြန်ရင် အောက်မေ့လို့။ သူတို့ လှေကြီးစုန်တာကို ကမ်းပေါ်ကနေ လိုက်ပြီးပို့ကြတာ။ တချို့ဆိုငိုကြတယ်။ မင်းသားကလဲ ပဝါလေးယမ်းပြီး လှေပေါ်က လက်ပြရှာတာ ဝေးဝေးရောက်တဲ့အထိပဲ။

ဒေါ်ဒေါ်တို့က ရယ်ကြတယ်။ မေကြီးကတော့ ဆက်ပြီး 'ဇာတ်ရုံကြီး



...ဘတ်က ယိုးဒယားဈေးပေါ့'လို့လဲ ပြောတတ်တယ်။ အဲဒီနေရာတလဲ ...ယ်တွက်ကြီးပဲ။ ကျွန်မတို့တတွေ 'ယေရှုဝင်း' ထဲကို ဖြတ်ရင်တော့ ကျွန်မတ ...ခဏ မြင်ဖူးနေပေမယ့် ခြံခတ်ထားပြီး လေးထောင့်အုတ်ဂူပေါ် ဖိထားတဲ့ ...ျောက်တုံးအကြီးကြီးကို ရပ်ကြည့်ပြီး အုတ်ဂူက စာကို ဖတ်လေ့ရှိပါတယ်။

'ဆရာ ယုဒသန်ကို အောက်မေ့ဖို့ရာ အဝ လက်မရှုံထောင်နေရာ'

အမေရိကန် နှစ်ခြင်း သာသနာပြု အသင်းကြီးက စေလွှတ်သော ...ရာယုဒသန်၊ မမယုဒသန်တို့ကို လွမ်းဆွတ်တသရန် ၁၈၂၄ခုနှစ်၊ ဇွန်လမှ ...၂၅ခု၊ မေလထိ ဆရာယုဒသန်သည် သခင်ဘုရားကို ယုံကြည်ခြင်းအားဖြင့် ...ည်းကောင်း၊ မိမိရဲ့ ရဲရင့်သော ခင်ပွန်း၏ လုပ်ကျွေးမွေးပြုခြင်းအားဖြင့် ...ည်းကောင်း၊ ဤအရပ်မှာ ကြီးစွာသော ဒုက္ခများကိုခံနိုင်လျက် မဖြောင့်မှန် ...ာ အကျဉ်းခံလေသည်။ ဤသူတို့သည် ကြီးစွာသော ဆင်းရဲကထွက်၍ မိမိတို့ ...ာ်လုံကို သိုးသူငယ်၏ အသွေး၌ လျှော်၍ ဖြူစေသူ ဖြစ်ကြသတည်း။

ဗျာ၊ ၇း၁၄။

အမေကြီးပြောပြတာကတော့ စာထဲမှာလို မဟုတ်ဘူး။

အင်းဝဘုရင်က အင်္ဂလိပ်မိစ္ဆာသူလျှိုမို့လို့ ယုဒသန်ကို ကျောက်တုံး ကြီးနဲ့ ဖိပြီး သတ်ပစ်လိုက်တာတဲ့။ ငယ်ငယ်တုန်းကဆို ကျောက်တုံးကြီးကို ကြည့်ပြီး ယောက်ျားလား၊ မိန်းမလားမသိတဲ့ ယုဒသန်ကို ကျွန်မသိပ်သနားမိ ပါတယ်။

ဘုန်းကြီးကျောင်းရောက်ရင်တော့ သီလမြန်မြန် ယူစေချင်ပါတယ်။ သီလယူပြီးရင် ရောက်လာမယ့် ထမင်းစားချိန်က သိပ်ပျော်စရာကောင်းတာကိုး။ ...ကြီးတို့ သီလယူနေချိန်မှာ ကျွန်မတို့ကလေးတွေက ထမင်းစား စားပွဲခုံ ...တောင်းရအောင် ဦးထားရတယ်။

ဥပုသ်လာစောင့်တဲ့ လူတွေကလဲ တအားများတော့ စားပွဲခုံတောင် ...လောက်ဘူး။ ထမင်းစားချိန်ဆို ဆူညံနေတာပဲ။ တစ်ယောက်နဲ့ တစ်ယောက် ...င်းပေးကြ၊ ဟင်းလာယူကြနဲ့။ ဟင်းတွေ ထမင်းတွေ ပေါင်းလန်နေတာမှ ...လို့ ...ောင်မကောင်းဘူး။ ဘုန်းကြီးကျောင်းက ပေးတဲ့ ဆွမ်းစဉ် ဘဲဥကြော်ပေါ့ကလဲ ...တာနဲ့အမောက်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ဆွမ်းအုပ်အထက်ဆင့်နဲ့ ထမင်းထည့်စားရတာကို ကြိုက်တယ်။ ပြီးတော့ ဆွမ်းအုပ်ထိပ်လုပ်ထားတဲ့ ယွန်းရေခွက်အလုံးလေးနဲ့ ရေသောက်တယ်။ အနီရောင်ယွန်းနဲ့မွှေးနေတာကို ကျွန်မ သိပ်သဘောကျတာပဲ။ ဝက်သားနီချက်၊ မျှစ်နဲ့ စွန်တာနီ ပဲပြုတ်နဲ့ကြော်၊ ချဉ်ပေါင်နဲ့မျှစ်ချဉ်ရည်၊ ဘိုစားပဲ ဆီပြန်အိုးကပ်ချက်နဲ့ ငါးပိချက်တို့ဟာ လှူတိုင်းချက်လာကြတဲ့ ဝါတွင်းဥပုသ်ဟင်း။ ထမင်းစားပြီးတာနဲ့ ဘုန်းကြီးကျောင်းဝင်းထဲမှာ 'ကောက်ပိုက်ဆံ'လို့ ကျွန်မအသံထွက်တတ်တဲ့ 'ကောက်ဝတ်ဆံ' ခဲလေးတွေကို လိုက်ရှာရတာကိုလဲ ကျွန်မစိတ်ဝင်စားတယ်။ 'ကောက်ပိုက်ဆံခဲ' က မြေဖြူလိုလဲ ရေးလို့ရတယ်။ ဒါပေမယ့် ဘယ်တော့မှ 'ကောက်ပိုက်ဆံ' ရလေ့မရှိပါဘူး။ သူများရှာပေးမှချည်းပဲ။ ခဏနေပြီး နေ့ခင်း ဆယ့်နှစ်နာရီမထိုးခင်မှာ ဘုန်းကြီးကျောင်းက ဥပုသ်သည်တွေကို လက်ဖက်ရည် တိုက်တယ်။ သာကူ၊ ငှက်ပျောသီး၊ ဘဲဥကြော်၊ လက်ဖက်၊ ဆီးယို စုံနေတာပဲ။ လက်ဖက်ရည်သောက်ပြီး မေကြီးတို့ ဥပုသ်သည်တွေ ပုတီးစိပ်ချိန်မှာတော့ အပျို လူပျိုတွေနဲ့ ကလေးတွေက နန်းမတော် မယ်နု အုတ်ကျောင်းပေါ်ကို တရုန်းရုန်းပြေးကြတယ်။ အုတ်ကျောင်းကြီးက အကြီးကြီး၊ အခန်းအဆောင်ဆင့်တွေနဲ့ လင်းနို့တွေ တဖျပ်ဖျပ်ပျံနေပြီး လင်းနို့ချေးနံ့တွေနဲ့ နံစော်နေတယ်။ အခန်းတွေကလဲ မှောင်မည်းနေတာပဲ။

နန်းမတော် မယ်နုဆိုတဲ့ မိဖုရားက သူ့ဆရာတော် ကျောင်းထိုင်ဖို့ ဆောက်ခဲ့တာလို့လဲပြောကြသလို၊ သူနဲ့ တိတ်တဆိတ်ကြိုက်နေတဲ့ မောင်အိုဆိုတဲ့သူနဲ့ နေဖို့ဆောက်ခဲ့တာလို့လဲ ပြောကြတယ်။

ကျွန်မကတော့ အုတ်ကျောင်းကြီးပေါ်ကို ဘယ်လောက်သွားချင်သွားချင်၊ ရောက်တာနဲ့ စိမ့်ခနဲ ကြောက်သွားမိပြီး ဒေါ်ဒေါ်လက်ကို ဆုပ်ထားတော့တာပဲ။ တော်ကြာခြောက်ပြီး 'ဟေး'ဆို ပြေးကြလို့ ကိုယ်က နောက်ကျန်ရစ်ရင် ဘယ်နှယ့်လုပ်မလဲ။ တဒိုင်းဒိုင်း ပြေးရင်း ချော်လဲပြီး ဒူးကွဲလို့ ငိုတဲ့သူကငို၊ ရယ်တဲ့သူက ရယ်နဲ့ ပျော်စရာလဲ ကောင်းဘယ်။ ရင်ထိတ်စရာလဲ ကောင်းတယ်။

အုတ်ကျောင်း ခေါင်မိုးပေါ်ကနေ တက်ကြည့်ရင် မြောက်ဘက်က စစ်ကိုင်းတောင်နဲ့ စစ်ကိုင်းတံတားကြီးကို မြင်ရတယ်။ တောင်ဘက်မှာ အင်းဝ



...ရှင် လက်ထက်က မျှော်စင် အယိုင်ကြီးကိုလဲ မြင်ရတယ်။ ဒါပေမယ့် ခေါင်မိုး...ပေါ်တို မိန်းကလေး မတက်ရဘူးဆိုလို့ ဘယ်တော့မှ ကြည့်ခွင့်မရခဲ့ပါဘူး။

အုတ်ကျောင်းရဲ့ အောက်ထပ်ထဲကိုတော့ ကျွန်မတို့ ဘယ်တော့မှ ...သွားရဲခဲ့ကြပါ။ အဲဒီအောက်ထပ် မြေတွင်းထဲမှာ ကျားသစ်ရှိတယ်တဲ့။

ဘယ်လိုပဲ ရင်ထိတ်ရပေမယ့် ဥပုသ်နေ့ဟာ ဘယ်နှစ်ရက် လိုသေးလဲ ...ရေတွက်နေရအောင် အုတ်ကျောင်းကြီးဟာ ကျွန်မကို စွဲလမ်းစေခဲ့ပါ တယ်။

www.burmeseclassic.com

www.burmeseclassic.com

လေးတန်းစာမေးပွဲအောင်တဲ့ နွေရာသီကျောင်းပိတ်ရက်မှာတော့ ကျွန်မဟာ စက်ဘီးစီးသင်တဲ့အလုပ်ကို သဲသဲမဲမဲ စိတ်ဝင်စားလို့နေပါတယ်။

ကျွန်မစက်ဘီးလေးကိုတော့ ဘဘကစီးခွင့်မပေးသေးပါဘူး။ စက်ဘီးစီးသင်တာကို လေးလေးရဲ့ ယောကျ်ားစီး စက်ဘီးနဲ့သင်ရတယ်။

ကျွန်မဟာ အိပ်မက်ထဲမှာလဲ တစ်ချိန်လုံး စက်ဘီးစီးနေပြီး မိုးလင်းတာနဲ့ စက်ဘီးကို ဆွဲထုတ်တော့တာပဲ။ ဒါပေမယ့် နောက်က လူကိုင်မပေးရတော့ဘဲ 'ကြားထိုး'ဂျောက်ဂျက် ဂျောက်ဂျက် စီးတတ်ဖို့ကိုက တော်တော်ကြာပါတယ်။ ခဏခဏလဲကွဲ၊ ဒူးအကြိမ်ကြိမ်ပြဲပြီးမှ ဂျောက်ဂျက်တတ်တော့တယ်။ ကျောင်းပိတ်မှ ကျွန်မအရပ်ကြီးရှည်လာတဲ့အတွက် တကယ်စီးရင် ဖင်ထိုင်ခုံက နေ ခြေနေကွင်းကို မီနိုင်ပါတယ်။

စက်ဘီးစီးသင်တာအပြင် မနက်အစောကြီး ထပြီး ကျွန်မလုပ်တဲ့အလုပ်တစ်ခုက ဘနဲ့အတူ ပဲတလင်းကိုလိုက်ပြီး လှည်းစီးတဲ့အလုပ်ပေါ့။ ဘမှာ ကုန်းတို့သူကြီးအလုပ်အပြင် မြေတွေယာတွေရှိသေးတယ်။ ထောပတ်ပဲတို့ စွန်တာနီပဲတို့ကို စိုက်ထားပြီး နွေရာသီကျရင် လူငှားပြီးပဲသိမ်းတဲ့အလုပ်လုပ်ရတယ်။



လာပြီး ပဲသိမ်းပေးတဲ့ ဘတို့ရဲ့လူငှားတွေက 'ကျည်းတော' ကလူတွေပေါ့။ သူတို့ ကျည်းတောမှာ ဒီလိုနွေရာသီဆိုရင် ရေသိပ်ရှားတာတဲ့။ မိုးတွင်းမှာ ခံထားတဲ့ မိုးရေကိုပဲ သောက်ရ၊ ချိုးရတာတဲ့။ မိုးတွင်းမိုးခေါင်လို့ကတော့ သူတို့တွေ လူရေ၊ နွားရေ၊ ဘယ်လိုမှ မလောက်တော့ဘဲ ရေပေါရာအရပ်၊ ရေနီးရာအရပ်ကို ပြေးလာရတော့တာပေါ့။ ကျွန်မတို့ဆီမှာ လာပြီး ပဲသိမ်းပေးတဲ့ သူတို့လိုလူတွေအများကြီးပဲ။ နွေရာသီဆို ပေါင်းမိုးတွေ တပ်ထားတဲ့လှည်းတွေ အသီတတန်းကြီးလာပြီ။ လှည်းပေါ်မှာ ကလေးတွေရော၊ အိမ်ထောင်ပစ္စည်းတွေရော၊ ကြက်ရော၊ ဝက်ရော၊ ခွေးရော စုံလို့။ ဆူလို့ညံလို့။

'ပဲတလင်း' လုပ်မယ့် ကွင်းပြင်နားမှာ သူတို့ နေဖို့ တဲကြီးတွေ ထိုးကြတယ်။ ပြီးတော့ မိန်းမတွေက အခင်းထဲသွားပြီး ပဲရိတ်၊ တချို့ယောကျ်ားတွေက ပဲထုံးတွေသယ်၊ တချို့ယောကျ်ားတွေက ပဲတလင်းလုပ်မယ့် ကွင်းပြင်ကို ချောမွတ်နေအောင် လုပ်ကြတယ်။ ပဲတလင်းချောမွတ်နေဖို့ ရေစည်လှည်းနဲ့ ရေဖျန်းထိုက်၊ လှည်းနဲ့နောက်ကလိုက်ပြီး အခေါက်ခေါက် ပတ်ချာလည် မောင်းလိုက်နဲ့ လုပ်ရတယ်။ မနက်အစောကြီး သူတို့လှည်း ပတ်ချာလည် မောင်းတဲ့အခါ လှည်းပေါ်မှာ ဗလာကြီး၊ ဘယ်သူမှ မပါဘူး။ လှည်းပေါ်မှာ အလေးချိန်စီးပြီး မြေပိုသိပ်အောင် သူတို့သားသမီးတွေကို အတင်းခေါ်တင်ရတတ်တယ်။ ကျွန်မကတော့ အမြဲတမ်း မညည်းမညူ လိုက်စီးတဲ့ လှည်းစီးပရိတ်သတ်ပေါ့။

လှည်းမောင်းတဲ့ ဦးလွန်းပြေကြီးက ကျွန်မသဘောကျအောင် လှည်းကို အမြန်မောင်းပေးတတ်တယ်။ လှည်းနံ့ရံတိုင်ကို မြဲမြဲကိုင်ပြီး လှည်းပတ်ချာလည်မောင်းနေတာကို အမြန်စီးရတာ ပျော်ဖို့သိပ်ကောင်းတာပဲ။ ဒီနှစ်ဦးလွန်းပြေကြီးမှာ သျှောင်ထုံးအကြီးကြီး မပါတော့ဘူး။ ဘိုကေနဲ့ ဖြစ်နေတာကို ကျွန်မက မြင်တော့

'ဦးလွန်းပြေ၊ သျှောင်ထုံးကြီး ဘယ်ရောက်သွားလဲဟင်'

လှည်းမောင်းရင်း ဦးလွန်းပြေကြီးက တဟားဟားရယ်တယ်။

'သျှောင်ထုံးကြီးက ဓားဖျားမှာ ပါသွားပြီ ကလေးရ၊ ကျုပ်လည်ပင်းအစားလေ၊ မှောင်ရိပ်ဝိုးဝါး ကျုပ်အပြန် ဓားနဲ့ဝင်ခုတ်တာ အသိမြန်ပြီး ကျုပ်ငုံ့ရှောင်လိုက်တော့ လည်ပင်းအစား သျှောင်ထုံးပါသွားတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဟယ်'

ဦးလွန်းပြေကြီးကို ကျွန်မ အထင်ကြီးသွားပါတယ်။

ဦးလွန်းပြေကြီး သတ္တိကောင်းသလိုပဲ သူ့သမီး အပျိုမ နှစ်ယောက်တလဲ သတ္တိကောင်းပြီး ချစ်စရာကောင်းပါတယ်။ သက်သက်နဲ့ ညက်ညက်တဲ့။ သူတို့က ဆံတောက်ဖားဖားနဲ့။ မျက်နှာလေးတွေ ဝိုင်းဝိုင်း။ မသက်နဲ့မညက်ကို ကျွန်မတို့အိမ်က ချစ်ကြတယ်။

မသက်တို့ မညက်တို့က ပဲကောက်သင်းကောက်လိုက်ရတယ်။ ဒီမှာအလုပ်လုပ်နေတုန်း စားဖို့နဲ့ ရွာအပြန် ယူသွားဖို့ပေါ့။ သူတို့စားတဲ့ဟင်းကနေ့တိုင်း ပဲဟင်းချည်းပဲ။ ကတက်ရွက်တွေပေါတော့ ခူးပြီး အချဉ်တည်ထားတဲ့ကတက်ချဉ်လဲ နပ်တိုင်းပါတယ်။ ကျွန်မလှည်းစီးပြီး အိမ်ပြန်။ စက်ဘီးယူပြီးတစ်ခေါက်ပြန်ထွက်ရင်တော့ မသက်တို့ မညက်တို့ ပဲခင်းသွားတာနဲ့ လမ်းမပေါ်မှာ ဆုံရော။ အဲဒီအခါကျရင် မညက်က စက်ဘီးကိုယူစီးကြည့်တတ်တယ်။ သူ့မှ မထိန်းနိုင်တော့ ကျွန်မနဲ့ မသက်နောက်က ဘယ်လိုထိန်းကိုင်ကိုင် တအားပစ်လဲတာပဲ။ သူ့လက်မောင်းကြီးအများကြီးပဲ ပွန်းသွားတာ။ ဒါပေမယ့် မညက်က သတ္တိကောင်းတယ်။ မငိုဘူး။

ညနေကျရင်တော့ မသက်တို့ မညက်တို့ အမေရယ်၊ သူတို့ ညီအစ်မရယ်က ပုဆိုးတွေ ခေါင်းပေါင်းပြီး ပဲလှေ့ကြတယ်။ ဦးလွန်းပြေတို့က ဖြန့်ခင်းထားတဲ့ ပဲနွယ်တွေပေါ်မှာ နွားနဲ့နင်းပြီး ပဲနယ်ကြတယ်။ နေသိပ်ပူတဲ့အချိန်မှာလုပ်မှ ပဲနွယ်တွေက ကြွပ်ခြောက်ပြီး ကြေလွယ်တာတဲ့။

အဲလိုအချိန်မျိုးမှာတောင် စက်ဘီးစွဲနေတဲ့ ကျွန်မက မြက်ခမောက်ဆောင်းပြီး နေ့လယ်တစ်ကျော့ စက်ဘီးစီးတဲ့ အလုပ်လုပ်တယ်။

လမ်းမပေါ်က ကျွန်မကို ပဲလှေ့နေတဲ့ မသက်တို့က လှမ်းပြီး 'ဝူး' 'ဝူး'နဲ့အော်ခေါ်တယ်။

လမ်းမတစ်လျှောက် အနောက်နဲ့ အရှေ့ ခေါက်တုံ့ခေါက်ပြန်စီးလိုက်၊ အိမ်ရှေ့ရောက်ရင် အမေကြီးက နေအေးမှစီးဖို့ပြောလိုက်၊ ကျွန်မက 'ဟုတ်' လို့ အော်ခဲ့ရင်း အနောက်ကို တစ်ကျော့စီးလာလိုက်နဲ့ ညနေမစောင်းမချင်း ကျွန်မစီးတယ်။



ညနေစောင်းစက်ဘီးသိမ်းတာနဲ့ ချွေးတွေရွှဲနစ်၊ ဖုန်တွေ၊ သဲတွေ [illegible]ပုံ ညစ်ပတ်နေတဲ့ ကျွန်မကို မေကြီးက ရေတစ်ခွက်တိုက်ပြီး ရေချိုးခိုင်းလေ့ [illegible]ပါတယ်။

တစ်ညနေ စက်ဘီးအသိမ်းမှာတော့ ကျွန်မအိမ်ဝင်းထဲကို စက်ဘီး[illegible]ပြီး ဝင်လာတဲ့အချိန်မှာ အိမ်ရှေ့မန်ကျည်းပင်အောက်၊ ကွပ်ပျစ်ပေါ်မှာ [illegible]လဲရှိတယ်။ မေကြီးလဲရှိတယ်။ ဒေါ်ဒေါ်လဲရှိတယ်။ ဖေဖေနဲ့မေမေလဲ ရှိတယ်။ [illegible]လေးတို့လဲရှိတယ်။ ညီမလေးတွေ၊ မောင်လေးတွေကလဲ ကွပ်ပျစ်ရှေ့နားမှာ [illegible]စားနေကြတယ်။

ကျွန်မက ထုံးစံအတိုင်းပဲစက်ဘီးကို ဒေါက်ထောက်ရင်း မေကြီးကို [illegible]ပြောလိုက်တယ်။

'မေကြီး ရေသောက်ပြီးရင် ရေချိုးတော့မယ်'

ကျွန်မက ပြောပြောဆိုဆိုနဲ့ စကပ်ပေါ်က ခေါင်းစွပ်စပို့ရှပ်အင်္ကျီလေး [illegible] ဆွဲချွတ်ပစ်လိုက်တယ်။

'ဟဲ့ . . .'

မေမေ၊ မေကြီးနဲ့ ဒေါ်ဒေါ်တို့ သုံးယောက်ပေါင်း ထွက်လာတဲ့အသံ[illegible]ကြောင့် ကျွန်မလန့်သွားတယ်။

'နှင်းနှင်း ၊ သမီး . . အင်္ကျီကို ဘာလို့ချက်ချင်း ချွတ်ပစ်ရတာလဲ၊ [illegible]မတိတ်သေးဘူး၊ မြန်မြန်ပြန်ဝတ်'

ဘာဖြစ်လို့လဲ၊ အရင်ကလဲ ဒီလိုပဲ ချွတ်တာပဲ။ တအံ့တသြနဲ့ ကျွန်မ [illegible]မေ့ကို လှမ်းကြည့်လိုက်တော့ မေမေဟာ အကြီးအကျယ် မျက်နှာပျက်ပြီး [illegible]တ်ဆိုးနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

'မျက်စိမှိတ်ထား သမီး'

ဘုရားရေ။ မေမေတို့ ကျွန်မကို ဘာလုပ်မလို့ပါလိမ့်။

အနောက်အိမ်က ဒေါ်ဒေါ်ရဲ့ အပျိုခန်းထဲမှာ ကျွန်မရယ်၊ မေကြီးရယ်၊ မေမေရယ်။

အခန်းတံခါးကိုပိတ်ပြီး ကန့်လန့်ထိုးထားတယ်။ တောင်ဘက် ပြတင်းပေါက်အသေးလေးကိုလဲ အလင်းရောင်နည်းနည်းဝင်သာရုံလေးပဲ ဖွင့်ထားတယ်။

'မေကြီးနဲ့ မေမေ အမူအရာက သိပ်ကို အရေးတကြီးနိုင်စွာ၊ လျှို့ဝှက်စွာ ဟိုကြည့်သည်ကြည့်နဲ့။

'မေမေ'

'ငြိမ်ငြိမ်နေစမ်း နှင်းနှင်း၊ မျက်စိမှိတ်ထားလို့ ပြောတယ်မဟုတ်လား'

မေမေ့ကို ကြောက်လို့ မျက်စိမှိတ်လိုက်ရပေမယ့် မမှိတ်ခင် အမေကြီးလက်ထဲက ကျွန်မရဲ့ လုံးဝမစီးရသေးတဲ့ ကတ္တီပါဖိနပ် အနက် အသစ်ကျပ်ချွတ်လေးကို မြင်လိုက်ရပါတယ်။



မေမေက စကပ်နဲ့ တွဲဝတ်ထားတဲ့ ကျွန်မရဲ့ နောက်ကွဲအကျီလေးကို ချွတ်လိုက်တာကို ကျွန်မသိတယ်။

'အသက်အောင်ထားနော်သမီး၊ ခဏလေးရယ်၊ လုံးဝမရှူနဲ့ ကြားလား'

ကျွန်မရင်တွေက တဒိတ်ဒိတ်ခုန်ပြီး ကြောက်သလိုလို ဖြစ်လာပါတယ်။ မေကြီးလက်ကို ကိုင်ထားချင်ပါတယ်။ အသက်ကိုတော့ တအားကြီးအောင့်ထားလိုက်ပါပြီ။ လုံးဝအသက်မရှူတော့ပါဘူး။

'ဖိနပ်ပေး အမေ'

ဟော မေမေက မေကြီးဆီကို ကျွန်မဖိနပ်လှမ်းတောင်းသံ။

'အသက်အောင့်ထားနော်'

ကျွန်မကို မေမေ ဒုတိယအကြိမ် သတိပေးသံ။

'တစ် ၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ် . . .'

ဘုရား၊ ဘုရား။ မေမေက ကျွန်မညာဘက်ရင်အုံကို ကတ္တီပါဖိနပ်နဲ့ ခုနစ်ချက်တိတိ ပြင်းပြင်းထန်ထန် ရိုက်လိုက်ပါလား။

ကျွန်မဟာ ထိတ်လန့်အံ့သြပြီး အော်ငိုဖို့နေနေသာသာ၊ နည်းနည်းလေးတောင် မလှုပ်ရဲပါ။ အသက်ရှူဖို့ဆိုတာ ဝေလာဝေး။

'တစ် ၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ် . . .'

ကျွန်မရဲ့ ဘယ်ဘယ်ရင်အုံကိုလဲ ခုနစ်ချက်တိတိ ကတ္တီပါဖိနပ်နဲ့ ပြင်းပြင်းထန်ထန် ရိုက်ပါတယ်။

'ရပြီ သမီး၊ မျက်လုံးဖွင့်တော့၊ အသက်ရှူတော့'

ကျွန်မလေ တစ်ကိုယ်လုံး တုန်ယင်နေပြီး မျက်လုံးကို ဖြည်းဖြည်းချင်းဖွင့်ရပါတယ်။ မေမေက ကျွန်မနောက်ကွဲအကျီလေးကို ပြန်ဝတ်ပေးနေတယ်။ ဘာဖြစ်တာလဲ၊ ဘာလုပ်တာလဲ၊ ဘာလုပ်တာလဲ။ နာကျင်နေပေမယ့် ကျွန်မ မငိုရဲပါ။

တောင်ဘက်က အခန်းပြတင်းပေါက်ကို မေကြီးက ဖွင့်ပစ်လိုက်တယ်။ မှောင်နေရာက လင်းသွားလို့ မျက်လုံးတွေ ပြာခနဲဖြစ်သွားတဲ့ ကျွန်မမျက်နှာကို မေမေ့ရဲ့ လေသံအေးအေးက ဝင်ရောက်လာခဲ့တယ်။

'မေမေ့တုန်းကလဲ သမီးရဲ့မေကြီးက ဒီလိုပဲ လုပ်ပေးတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးဆိုတာ အစောကြီး ဒီလိုဖြစ်လာရင် သိပ်ရှက်စရာကောင်းတာ။ အပျို ခေါ်ဝင်တယ်ဆိုတာ နောက်ကျလေ ကောင်းလေပဲ။ နောက်ကျတဲ့လူက သူမှာ အပျိုစိတ်မရှိဘဲ ကလေးစိတ်ပဲ ရှိနေလို့။ အစောကြီး ဖြစ်တဲ့သူက ကလေးစိတ် မဟုတ်တော့ဘဲ အပျိုစိတ်ဝင်လာလို့ ဒီလိုဖြစ်တာ။ လူတွေက သိပ်ကဲ့ရဲ့တာ'

သိပ်ရှက်စရာကောင်းတာ။ လူတွေက သိပ်ကဲ့ရဲ့တာ။ အပျိုစိတ်တဲ့ ကျွန်မရင်ထဲကို စူးရှနက်ရှိုင်းစွာ စွဲမြဲနစ်ဝင်သွားစေတဲ့ မေမေ့စကားတွေကို စိတ်ညှို့ခံရသူ တစ်ယောက်လို ကျွန်မနားထောင်နေမိပါတယ်။

'အပျိုစိတ် ဝင်လာပြီဆိုတာနဲ့ မကြာဘူး၊ အပျိုဖြစ်လာတော့မှာပဲ။ ပထမတော့ ဒီလိုမျိုးဖြစ်လာတာက စတာပေါ့။ အပျိုဖြစ်တယ်ဆိုတာ သမီးသိရဲ့ လား။ မေမေတို့ ဒေါ်ဒေါ်တို့ တစ်လတစ်ခါဖြစ်တဲ့ သမီးရွံတယ်ဆိုတဲ့ ကိစ္စမျိုး ဟာလေ အဲဒါဖြစ်မှာ။ မိန်းမမွေတာလို့ခေါ်တယ်။ အင်မတန် ယုတ်ညံ့ပြီး အင်မတန် ဒုက္ခရောက်ပြီး သိပ်စိတ်ပျက်ဖို့ ကောင်းတဲ့ကိစ္စ။ အဲဒီမမွေတာ လာပြီး အပျိုဖြစ်လာတာနဲ့ မိန်းကလေးဘဝကသွားပြီ။ အရာရာ ဆင်ခြင်သွားလာနေ ထိုင်ရတယ်။ တစိမ်းယောကျ်ားတွေနဲ့လဲ ဘယ်လိုမှနီးနီးစပ်စပ် နေလို့ မဖြစ်တော့ ဘူး။ တစိမ်းယောကျ်ားတွေနဲ့ နီးစပ်မိတာ၊ တွေ့ထိမိတာနဲ့ ကိုယ်ဝန်ဆောင်ရတဲ့ ဒုက္ခခံရတတ်တယ်။ သမီးကို မွေးတုန်းက မေမေခံရတဲ့ ဒုက္ခမျိုးလေ ဘယ်လောက်ဆိုးလဲ၊ သမီးအပျိုဖြစ်ရင် တစ်ယောက်တည်း ရေချိုးဆိပ်သွားလို့ မရဘူး။ တစ်ယောက်တည်း စက်ဘီးစီးလို့ မရဘူး။ တစ်ယောက်တည်းကျောင်း သွားလို့လဲ မရဘူး။ ဘာမှ လုပ်ချင်သလို လုပ်လို့မရတော့ဘူး၊ သမီးအပျိုဖြစ်ချင် သလား။'

'ဟင့်အင်း မဖြစ်ချင်ဘူး၊ မဖြစ်ချင်ဘူး'

ကျွန်မအသံတုန်တုန်နဲ့ မြန်မြန်အော်ပြောလိုက်တယ်။

'အေး ဒီတော့ သမီးမှာ အပျိုစိတ်မရှိအောင် မထားမိအောင် နေရ မယ်။ ညဆို ဘုရားရှိခိုး၊ ဘုရားစာရွတ်ပြီး အိပ်ရမယ်။ နူးနူးညံ့ညံ့နေရမယ် မနက်အိပ်ရာထ သနပ်ခါးမလိမ်း၊ သွားမတိုက်ဘဲ မျက်နှာတင်သစ်ပြီး မုန့်စားတာ တို့၊ စက်ဘီးဆွဲထွက်တာတို့ မလုပ်ရဘူး၊ မနက်မိုးလင်း မျက်နှာသစ် ပြီးတာနဲ့ သနပ်ခါးလိမ်းရမယ်။ ပြီးတော့ သမီးသောက်ရေခွက်နဲ့ ရေအိုးဖုံးရယ်



ဆွမ်းတော် တင်ပန်းကန်တွေနဲ့ ရေချမ်းခွက်တွေ ဆေးပေးရမယ်။ ဒါမှ ဘုသိလ်ရပြီး မြတ်စွာ ဘုရားက သမီးကို အပျိုမဖြစ်ခိုင်းမှာ။ ကြားလားသမီး'

'ဟုတ်ကဲ့'

'ပြီးတော့ ဝတ္ထုစာအုပ်တွေကို လုံးဝမဖတ်နဲ့နော်။ ဝတ္ထုထဲက အကြောင်းတွေဟာ သိပ်ကို အပျိုဖြစ်လွယ်စေတာ။ မှတ်ထားနော်'

'ဟုတ်ကဲ့'

'သွားတော့၊ ဒါဖြင့် ရော့ သမီးဖိနပ်။ သွားသိမ်းထားလိုက်။ ကျောင်းကြီး ရင်တော့မှ စီးရအောင်နော်။ သိလား'

မေမေ့ကို ခေါင်းညိတ်ပြလိုက်ရပေမယ့် ကျွန်မ ဒီဖိနပ်ကို ဘယ်တော့မှ စီးမှာ မဟုတ်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com

၁၉၆၈-ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

၁၉၆၈ ခုနှစ်၊ ဇွန်လ (၁)ရက်နေ့ကို ကျွန်မ မုန်းပါတယ်။

ကျောင်းကြီး စဖွင့်တဲ့နေ့ပေါ့။

ကျွန်မငါးတန်း စတက်ရတဲ့နေ့ပေါ့။ ကျွန်မဟာ မာစရိုက် ထဘီအစိမ်း အသစ်ကျပ်ချွတ် မာတာတာကြီးကို အချိုးမကျ ဝတ်ထားရပြီး မှန်ရှေ့မှာ စိတ်တင်းကျပ် မလွတ်လပ်စွာ ရပ်နေရပါတယ်။ အမေကြီးရဲ့ ငွေခါးပတ်ကြီးကို လဲ ကျွန်မ ပတ်မထားချင်ပါ။ သူများတွေ မပတ်ရင် ဘယ့်နှယ့်လုပ်မလဲ။

မေမေက ကျွန်မရဲ့ မန်ကျည်းရွက်ဖတ်လို့ ခေါ်တဲ့ အတွန့်တွေ များများ ပါတဲ့ ရှင်မီးအကျႌကို ချိုင်းအောက်ဖက်ဘေးမှာ တအားဆွဲယူပြီး ရင်ဘတ်က တအားကျပ်ကပ်နေပြီဆိုမှ အပ်ချိတ်နှစ်ချောင်းနဲ့ တွယ်ပေးပါတယ်။

ပြီးတော့မှ အကျႌအဖြူရောင် လက်မောင်းအတွန့်လေးကို အပေါ်က ဝတ်ပေးတယ် ။ ဝတ်ပေးပြီး အကျႌအပေါ်ကနေ ရင်ဘတ်နေရာကို တပြေးတည်း ရှိ မရှိ စမ်းကြည့်လိုက်သေးတယ်။

'ကျောင်းရထားလာပြီဟေ့၊ သမီး ပြီးပလား'

ကျွန်မ ကျောင်းစတက်မယ့်နေ့ကို ကူးတို့ကနေ တစ်ခေါက်ပြန်လာတဲ့



ဘဘ က အိမ်ရှေ့ မန်ကျည်းပင်အောက်ကနေ လှမ်းအော်ပါတယ်။ ကျွန်မ စက်ဘီး အောင်းကောင်းစီးတတ်နေပေမယ့် ကားတွေ ဘာတွေနဲ့ စိတ်မချရဘူးဆိုပြီး မစီး နေသေးပါဘူး။ တစ်လ တစ်ဆယ်ပေးရတဲ့ ကျောင်းရထား(မြင်းလှည်း)နဲ့ပဲ လိုက်ရ ရှာပါ။

'ဟာ. . . ငါ့သမီးက ထဘီကြီးနဲ့ဆိုတော့ အပျိုကြီးကျနေတာပဲဟေ့"

"ဟင့်အင်း . . . မဟုတ်ဘူး။ သမီးအပျိုမဟုတ်ဘူး"

ချစ်စနိုး နောက်ပြောင်လိုက်တဲ့ဘကို အလန့်တကြား အော်လိုက် မိပါတယ်။ ဘာလို့မုန်းလဲမသိ။ ကျွန်မ စိတ်ကောက်ချင်နေပါတယ်။

ကြည့်ပါဦး။ ကျောင်းရထားပေါ်မှာ ကျွန်မသူငယ်ချင်းတွေလဲ တစ်ယောက်မှမပါ။ ဘုတ်သိုက်ကိုလဲ သူ့အမေက ကျောင်းမထားတော့ဘူး လေ၊ ဘုတ်သိုက် စာမေးပွဲအောင်ပါတယ်။

မာဆွေတို့က မိသားစုလိုက် အထက်ပြောင်းသွားကြပြီ။ ဒီမှာ ဖြစ်ပွားရေး မကောင်းလို့တဲ့။ သန်းသန်းမြင့်က သူ့အစ်ကို စက်ဘီးနဲ့ လိုက်မှာ။ ရင်စန်းဦးကတော့ တံတားဦး သူ့အဒေါ်အိမ် သွားနေမှာတဲ့။

ကျွန်မ တစ်ယောက်တည်းရယ်။

ကျောင်းရထား ပေါ်မှာ အတန်းကြီးတွေများတယ်။ မိန်းမတွေများ တယ်။ ယောကျာ်းလေးတွေက စက်ဘီးနဲ့သွားကြတာချည်းပဲ။ ယောကျာ်းလေး ဆိုလို့ ကျွန်မသူငယ်ချင်း ဟိုကောင်ငတုံးအောင်နိုင်ဦး တစ်ယောက်ပဲ သနပ်ခါး အဖွေးသားနဲ့ပါလာတယ်။ သူ့ကိုတော့ ကျွန်မ မခေါ်ချင်ပေါင်။

"ကိုမောင် ဖြည်းဖြည်းပဲမောင်း၊ ကြားလား . . ."

ဘက ကျောင်းရထား တံခါးကိုပိတ်ရင်း ရထားသမားကြီးကို မှာနေ တယ်။ ပြီးတော့ စိတ်မကြည်သာနေတဲ့ ကျွန်မကို မေမေတို့ မမြင်အောင် "ရှော့" တဲ့၊ ကျပ်တန် အသစ်လေးနှစ်ရွက်။ နှုတ်ခမ်းစူစူနဲ့ ကျွန်မ ဇွတ်ခနဲ ဆွဲယူ လိုက်တယ်။

ကျောင်းရထားမောင်းနေတဲ့ တစ်လျှောက်လုံး ကျွန်မ စိတ်ထဲမှာ အကြီးအကျယ် ပူပန်နေမိတာက ကျောင်းရောက်ရင် ငါဘယ့်နှယ်လုပ်မလဲ၊ ငါးတန်း(အေ)ဆိုတဲ့ အတန်းက ဘယ်နားမှာလဲ။ ဘယ်သူနဲ့သွားမလဲ၊

www.burmeseclassic.com



အတန်းထဲက ဘယ်သူနဲ့ထိုင်မလဲ။ မမလှဲ့တို့ဆီက ကြိုတင်သတင်းကြားထားတဲ့ ငါးတန်းအင်္ဂလိပ်စာ ဆရာ ဦးမြသောင်း ရဲ့ ကြောက်စရာအတန်းမှာ ကျွန်မ ရောက်မှာလား။ ဆရာ ဦးမြသောင်းက သိပ်အရိုက်ကြမ်းတာတဲ့။ စာမရရင် တအားရိုက်တာ။ ဖျားတောင်ယူတယ်တဲ့။ အင်္ဂလိပ်စာဆိုတာ နကန်းတစ်လုံး မသိသေးတဲ့ ကျွန်မဟာ အလွန်ကြောက်လန့်နေမိပါတယ်။

ကျောင်းရထားနောက်က လိုက်လာနေကြတဲ့ ကျောင်းသွားစက်ဘီး တွေကြားမှာ မမလှဲ့ စက်ဘီးကို ရှာကြည့်နေမိပါတယ်။ ကျောင်းမဖွင့်ခင်လေး မိုးသည်းသည်း ရွာထားတော့ အင်းဝ တံတားဦးလမ်းဟာ မြေနီနဲ့ မိုးရေရောပြီး ရွှံ့စေးတွေချည်းပါပဲ။ ရွှံ့စေးထဲမှာ ကျွန်မတို့ ကျောင်းရထားရော၊ စက်ဘီးတွေ ရော မနည်းရုန်းနေရတယ်။

စက်ဘီးတွေဆို စီးရင်းစီးရင်း ရွှံ့ကာထဲ ရွှံ့စေးတွေ ပြည့်ကျပ်ပြီး စီးလို့ မရတော့တဲ့အတွက် ရွှံ့ကာထဲက ရွှံ့စေးတွေကို လမ်းဘေးက တွေ့ရာ တုတ်ချောင်းတွေနဲ့ ထိုးထုတ်နေကြပါတယ်။

တစ်နေရာမှာ ရွှံ့တွေကို ထိုးထုတ်နေတဲ့ မမလှဲ့ကို တွေ့ပြီး နောက် တစ်နေရာမှာတော့ သူ့အစ်ကိုစက်ဘီးဖင်ထိုင်ခုံနောက်မှာ ထိုင်လိုက်လာတဲ့ သန်းသန်းမြင့်ကို တွေ့ရပါတယ်။

"သန်းသန်းမြင့်"

ကျွန်မ ဝမ်းသာသွားပြီး အော်ခေါ်လိုက်တော့ သန်းသန်းမြင့်ကလဲ ကျွန်မကို "ဟေး" ဆိုပြီး ပြန်လက်ပြလိုက်တာ သူတို့စက်ဘီး ရွှံ့စေးတွေထဲမှာ လဲရော။

ရွှံ့စေးတွေထဲမှာ သုံးမိုင်ဝေးတဲ့ကျောင်းကို ကျွန်မတို့ ရထားအကြာကြီး မောင်းရတဲ့အပြင် လမ်းတဝက်လောက်မှာ ရထားဘီးကြက်ပေါင်ပြုတ်ထွက် သွားလို့ ရပ်ပြီးလုပ်ရသေးတယ်။ တံတားဦးအဝင် တံတားအတက်မှာ ကျတော့ လဲ နွားနို့ဘီး နင်းလာတဲ့ သူတွေနဲ့ တိုက်မိမလို ဖြစ်သေးတယ်။

ကျောင်းကြီးရှေ့ ကျွန်မတို့ ရထားရပ်လိုက်တဲ့အချိန် မှာတော့ ကျွန်မ တော်တော်ငိုချင်သွားပါတယ်။

ကျောင်းတက်နေပြီလေ။



ကန္တာရ ထနောင်းပင်လေးတွေကြားထဲမှာ မားမားကြီးရပ်နေတဲ့ ကျောင်းကြီးနဲ့ စာအုံသံ၊ ညီးညီးညံညံတွေဟာ ကျွန်မကို တစ်ခါ ပြန်လှည့်ပြေး ချင်အောင် လုပ်နေသလိုပဲ။

အတန်းကြီးသမားတွေကတော့ ရထားသမား ဦးမောင်ကိုကြီးကို ဝိုင်း အပြစ်ဖို့ကြရင်း ပျာယာပျာယာနဲ့ ကျောင်းထဲဝင်ကြတယ်။ ရယ်ရယ်မောမော ကျွန်မမှာသာ။

"နှင်းနှင်း၊ ငါးတန်း (အေ) ဘက် နင်သွားတတ်လား"

ငကြောင် အောင်နိုင်ဦး က မျက်နှာငယ်လေးနဲ့ ကျွန်မကို လာခေါ် ပါတယ်။

"သာနေစမ်း၊ ငါလာမခေါ်နဲ့၊ မမစု၊ မမစု၊ ကျွန်တော်တို့ကို ငါးတန်း ဘက်လိုက်ပို့ပါဦး"

ကျွန်မက ရှစ်တန်းက မမစုနဲ့ သိတယ်။ မမစုတို့ အဖေတွေ အမေတွေကလဲ ဖေဖေတို့လို ကြိမ်ကုန်သည်လုပ်တာပဲ။

မမစုက သဘောကောင်းတယ်။ ကျွန်မနဲ့ ဟိုငကြောင်ကို ငါးတန်း(အေ) အပေါက်ဝအထိ လိုက်ပို့ပေးတယ်။ ဒါပေမယ့် အခန်းဝရောက် ခါနီး မမစုပြောလိုက်တဲ့ စကားကြောင့် ကျွန်မ ရှေ့မတိုးရဲတော့ပါဘူး။

"နှင်းနှင်းတို့အခန်းထဲ စာသင်နေတဲ့ဆရာက ဦးမြသောင်း ဆိုတာလေ"တဲ့။

မမစုက ပြန်သွားပါပြီ။ ကျွန်မရော၊ အောင်နိုင်ဦးပါ ရှေ့မတိုးရဲကြပါ။

"ဆိုစမ်း . . . အေ"

"အေ . . ."

"ဘီ"

"ဘီ"

"စီ"

"စီ"

"ဒီ"

"ဒီ"

www.burmeseclassic.com

www.burmeseclassic.com



"အိး"

"အိး"

"အက်ဖ်"

"အက်"

"ဘာ . . . အက်လဲကွ။ အက်မဟုတ်ဘူး။ အက်ဖ် ၊ အက်ဖ်၊ ဒီမှာကြည့်၊ ရှေ့သွားလေးနဲ့ အောက်နှုတ်ခမ်းကို ဖိပြီး အက်ဖ် . . . ဆိုစမ်း"

"အက် . . . ဖွတ်"

"အက်ဖွတ် ဟုတ်လား၊ ဒါလောက်ပြောတဲ့ကြားက ဖွတ်ဦးကွာ၊ ဖွတ်ဦးကွာ၊ အက်ဖွတ်ဦးကွာ"

"ငါပြန်တော့မယ်"

ကျွန်မတေးက အောင်နိုင်ဦးရဲ့ အသံတိုးတိုးလေးကို ကျွန်မကြားလိုက်ရတယ်။ လွယ်အိတ်ကိုင်ရင်း ဆုပ်ကိုင်ထားတဲ့ ဒီကောင့်လက်တွေ တုန်နေပါလား။

"နင် . . . ဘာနဲ့ပြန်မှာလဲ"

ဘုရားရေ၊ ကျွန်မ အသံတွေလဲ တုန်လို့ပါလား . . . ။

"မသိဘူး" ဆိုပြီး အောင်နိုင်ဦးဟာ ကျွန်မ ရှေ့ကနေ တအားပြေးထွက်သွားခဲ့ပါတယ်။ ကျောင်းပေါက်ဆီကို နောက်မလှည့်ကြည့်စတမ်း တအားပြေးသွားနေတဲ့ အောင်နိုင်ဦးကို ကျွန်မ ကြည့်နေတုန်းမှာပဲ . . .

"ဒေါင် ဒေါင် ဒေါင် ဒေါင်"

သံချောင်းခေါက်သံ အကျယ်ကြီးကြောင့် ကျွန်မ လန့်ဖျပ်သွားမိပါတယ်။ အခန်းတွေက စာသင်သံတွေ ရပ်တန့်သွားပြီ "မင်္ဂလာပါ" ဆိုတဲ့ အသံတွေ ကြားလိုက်ရတယ်။ အခန်းတွေထဲက ဆရာ၊ ဆရာမတွေလဲ ထွက်လာပြီး . . .

ကျွန်မသိပြီ။ ဒါ အချိန်တစ်ချိန်ပြောင်းတာဖြစ်ရမယ်။ ဒီမှာက အချိန်တစ်ချိန်ကို ဆရာတစ်ယောက် သင်မှာလေ။

ကျွန်မ အင်မတန် စိတ်ချမ်းသာသွားပြီး ဟိုဆရာ ဦးမြသောင်း အထွက်မှာ လှစ်ခနဲ အခန်းထဲကို ပြေးဝင်လိုက်တော့ . . .



"နှင်းနှင်း"

သန်းသန်းမြင့် နဲ့ ခင်စန်းဦးရဲ့ ပြိုင်တူ အော်ခေါ်သံ။

အတန်းနောက်ခုံတစ်ခုံမှာ သူတို့နှစ်ယောက်တည်း ပူးကပ်ထိုင်လို့။

"တော်ပါသေးရဲ့ဟယ်"

ဒီတစ်ခါလောက် ပျော်တာမျိုး ကျွန်မ တစ်ခါမှ မတွေ့ဖူးသေးပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

၁၉၆၈ ခုနှစ်၊ သီတင်းကျွတ်လရဲ့ ရက်တွေကိုတော့ ကျွန်မ ချစ်တယ်။ ကျောင်းမှာ ပထမအစမ်း စာမေးပွဲဖြေရပြီး ကျွန်မ ပထမဦးဆုံးရဖူးတဲ့ ပညာရည်တိုးတက်မှုမှတ်တမ်း (ကျွန်မတို့အခေါ် "ကတ်ပြား") မှာ အဆင့် ၁ ရတယ်။

ပြီးတော့ ကျောင်းဆယ်ရက် ပိတ်တယ်။

အဲဒီကျောင်းပိတ်ရက်မှာပဲ ကျွန်မ အမှတ်မိဆုံးလဲ ဖြစ်တဲ့၊ အကြီးကျယ်ဆုံး၊ အစည်ကားဆုံးလဲဖြစ်တဲ့ ကျွန်မတို့ရပ်ကွက်ရဲ့ သီတင်းကျွတ်ဘုရားပွဲ ကျင်းပတယ်။

ပိုပြီး ကျွန်မ စိတ်ချမ်းသာသွားတာက ဘုရားပွဲမှာ ဝတ်ဖို့ မေမေနဲ့ မန္တလေးသွားပြီး အင်္ကျီဝယ်အပြန် ရေဆိပ်မှာ ဘုတ်သိုက်နဲ့တွေ့ရလို့ပေါ့။

ဘုတ်သိုက်က မြစ်ဆိပ်မှာ ရေချိုးနေတယ်။ သူလေ၊ ထဘီရင်ရှားထားတယ်။ ထဘီရင်ရှားနဲ့ ရေထဲမှာ ပူစီဖောင်းလုပ်ပြီး အထက်၊ အောက် စုန်ဆန်မျှောချနေတဲ့ ဘုတ်သိုက်က ငှက်ပေါ်က ကျွန်မကို မမြင်ပါဘူး။

ကျွန်မမှာ ကျောင်းဆိုရင် ငါးတန်းက ကိုယ်နဲ့ရွယ်တူ ကောင်မလေးတွေကို တွေ့တိုင်း သူတို့ အင်္ကျီရင်ဘတ်နေရာကို ကြည့်ရတာအမော။ ရှက်စရာ



…ကောင်းတဲ့ အဖြစ်ကို ကျွန်မတစ်ယောက်တည်း ဖြစ်နေသလား၊ သူတို့ မဖြစ်ဘူးလားဆိုတာ ကျွန်မသိပ်သိချင်တယ်။

ကျောင်းမှာလေ ရှက်စရာကောင်းတာမျိုး ဖြစ်နေတဲ့ ကောင်မလေးတွေ ငါးယောက်တောင် တွေ့တယ်။ ပြီးတော့ ဘုတ်သိုက်လဲ ရှက်စရာ ကောင်းတာ ဖြစ်နေပြီ။

ကျွန်မစိတ်ချမ်းသာစွာနဲ့ အိမ်ရောက်ရောက်ချင်း မန္တလေးက ဝယ်ခဲ့တဲ့ အင်္ကျီအဆန်းလေးကို ဝတ်ကြည့်ရင်း ပျော်လာပါတယ်။

အင်္ကျီက 'ဒေါ်ဒေါ်မိုး' ဆိုင်ကပဲ။ အရောင်က အုတ်ခဲရောင် ဖျော့ဖျော့၊ လည်ပင်းက 'ဗွီ' ပုံ အဟိုက်တဲ့။ ရှေ့ရင်ဘတ်ပေါ်မှာ ပန်းအဖီးအဖီးလေးတွေ နှစ်တန်းထိုးထားတာက ခါးနားထိ ရောက်တယ်။ ခါးကလဲ အနားပတ်ကြီးကြီးနဲ့ ရှုံ့ထားတယ်။ လက်ကလဲ အဆန်း၊ အင်္ကျီလက်က လက်မောင်းပေါ် ထွက်ရုံလေ ထွက်နေပြီး ထောင်ထောင်လေး။ ကျွန်မသိပ်ကြိုက်ပါတယ်။ အုတ်ခဲရောင်ဖျော့ဖျော့က ညိုတဲ့ ကျွန်မအသားကို နည်းနည်းဝင်းလာစေသလိုပဲ။

အဲဒီအင်္ကျီနဲ့ တွဲဝတ်ရမယ့် စကပ်ကလဲ အုတ်ခဲရောင် ရင့်ရင့်ပေါ်မှာ အဖြူပန်းပွင့်အဆုပ်တွေနဲ့ သိပ်လှတာပဲ။ စကပ်ရော၊ အင်္ကျီရော လောင်းတက်အရှုန်စနဲ့ ချုပ်ထားတာမို့ ဈေးကြီးတယ်တဲ့။ နှစ်ခုပေါင်း လေးဆယ့်ငါးကျပ်အောင် မနည်းဆစ်ရတာ၊ မေမေ က ပြောတယ်။ အဲဒီအင်္ကျီနဲ့ စကပ်ဖိုးဟာ ဆီတစ်ပုံးဖိုးစာတဲ့။

ကျွန်မကတော့ အုတ်ခဲရောင်ဖျော့ဖျော့ဝတ်စုံ၊ ပုံမကျပန်းမကျ ညှည်လျှားနေတဲ့ ဂျပန်ဆံတောက်ကို ရှန်ဟဲဆံပင်ညှပ်ဆိုင်မှာ ညှပ်လာခဲ့တဲ့ 'အိုမိဂါ' ဆံပင်ပုံနဲ့ ကောင်မလေး တစ်ယောက်ကို မှန်ထဲမှာ ကြည့်ရင်း ကျေနပ်ကြီး ကျေနပ်နေမိပါတယ်။ ဗီရိုက မှန်ကြီးနားကပ်ပြီး ကျွန်မ မျက်နှာကို အနီးကပ်ကြည့်မိပြန်တယ်။

ရှေ့ကဆံရစ်လေးတွေ အတိုအရှည် မညီတာကိုက တစ်မျိုးလှပါလား။ ဂျပန်ဆံတောက်ဆံရစ်လို တိတိရိရိညီညီကြီး မဟုတ်ဘူး။ ရှန်ဟဲက ဆံရစ်ကလေးက ကတ်ကြေးနဲ့ကိုက်တာမဟုတ်ဘူး။ ရှေ့ဆံပင်ကို သင်တုန်းဓားနဲ့ ရိတ်ပေးတာ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဒီအတိုအရှည်မညီတဲ့ ဆံပင်ကို ကျွန်မရဲ့ မျက်ခုံးစွန်းက အနာရွတ်ကို မဖုံးဘဲ ဖြစ်နေတာကတော့ မကောင်းဘူး။ ကျွန်မမျက်နှာဟာ ဒီထက် ပိုကြည့်ကောင်းမယ်လို့ ကျွန်မထင်တယ်။ ဒီအနာရွတ်ပျောက်သွားအောင် ဘယ်လိုလုပ်ရပါ့မလဲ။ သနပ်ခါးလိမ်းတိုင်းလဲ အနာရွတ်ပေါ်ကို သနပ်ခါး တစ်ကော်ကြီး ကျွန်မပုံပါတယ်။ ဒါတောင်မပျောက်နိုင်ဘူး။

အနာရွတ်ကို ပွတ်သပ်ကြည့်ရုံမက မျက်လုံး၊ နှာခေါင်း၊ ပါးစပ်၊ ပါးပြင်မေးစေ့၊ အားလုံးကို တစ်ခုချင်းပွတ်သပ်ပြီး ကျွန်မစေ့စေ့ကြည့်မိတယ်။ ပြီးတော့ ရယ်ကြည့်လိုက်တယ်။ ကျွန်မရဲ့ သွားအစွယ်နှစ်ဖက်က အပြူးသား။ ကျောင်းက သူငယ်ချင်းအသစ်တွေကတော့ ပြောတယ်။ 'နင့်သွားတက်ကလေးတွေက လှသားပဲ' တဲ့။ ကျွန်မကတော့သိပ်မကြိုက်လှဘူး။ သွားလေးတွေ အားလုံးညီနေစေချင်တယ်။ ကျွန်မထပ်ပြီး ရယ်ကြည့်လိုက်ပြန်တယ်။ အင်း. . . သွားတက်ပါတာ သိပ်တော့မဆိုးပါဘူး။ ဒါပေမယ့် တစ်ခုလောက်ဆို တော်လောက်ပြီ။ သွားတက်နှစ်ခုဆိုတော့ သိပ်မကောင်းဘူးလားလို့။

ကုပ်ပေါ်မှာ ဖောင်းခုံးနေပြီး နားရွက်နှစ်ဖက်မှာကွေးဝင်နေတဲ့ ဆံပင်လေးတွေကိုတော့ ကျွန်မသိပ်သဘောကျတာပဲ။ နေဦး ဟောဒီဘက်တလေတိုက်ထားတဲ့ ဆံပင်တွေကို နည်းနည်းပြန်ဖြီးလိုက်ဦးမယ်။

ခေါင်းဖြီးပြီးတော့ မှန်နားကနေ နောက်ကိုခွာပြီး တစ်ကိုယ်လုံးကို ကြည့်မိပြန်တယ်။ လှရဲ့လား၊ ငါလှရဲ့လား၊ ငါ့ကိုလှတယ်လို့ လူတွေပြောကြပါ့မလား။

'ရွှေချိုက ဘယ်နှစ်ပြည်ထိုးမှာလဲ အမေ'

ကျွန်မလက်ထဲက ဘီး လွတ်ကျသွားတယ်။ အိမ်အောက်က မေမေ့အသံကျယ်ကျယ်က ကျွန်မကို သတိပေးလိုက်သလိုပဲ။ မှန်နားကနေ အမြန်ခွာရင်း ကျွန်မကြောက်လန့်လာတယ်။ ဘုရား ဘုရား၊ ခု ကျွန်မဖြစ်နေတာတွေဟာ မေမေ ပြောတဲ့ အပျိုစိတ်ဆိုတာတွေများလား။ ဟင့်အင်း . . . မဟုတ်ပါစေနဲ့။ မဟုတ်ပါစေနဲ့. . .။ အဲဒီအပျိုစိတ်ဆိုတာတွေ ထားလာရင် ကြောက်စရာ ခွဲစရာကောင်းတဲ့ 'ဟိုဟာ' ဖြစ်ပြီး မလွတ်လပ်တဲ့ အပျိုဆိုတဲ့ ဘဝကိုရောက်လိမ့်မယ်လို့ မေမေပြောထားတယ်လေ။



မှန်ကြည့်ချင်တာ၊ အကျႌလှလှဝတ်ချင်တာ၊ ဆံပင်လှလှ ဖြစ်ချင်တာတွေကတော့ ပျော်စရာကောင်းသားပဲ။ ဒါပေမယ့် အဲဒါဟာ အပျိုစိတ်ဆိုရင်တော့ ကျွန်မ မြန်မြန် ဖျောက်ပစ်မှဖြစ်မှာ။

အပျိုစိတ်ဆိုတာ ဘာလဲ။ ကျွန်မစိတ်ထဲ ရှုပ်ထွေးလာတယ်။ သေချာတာကတော့ ကျွန်မအပျိုမဖြစ်ချင်ပါ။

'စိန်ဖေကြီးလဲ နည်းနည်းထိုးဦးမှပေါ့'

'တစ်စိတ်လောက် တော်ပြီလား'

'ဟော . . . ဟိုမယ်၊ စစ်ကိုင်းက အမျိုးတွေလာကြပြီ ဟော့'

ဘုရားပွဲအတွက် ပြင်ဆင်တိုင်ပင်နေကြတဲ့ မေကြီးတို့၊ မေမေတို့ အသံတွေကြားမှ အမျိုးတွေလာတယ်ဆိုတဲ့ အသံကြားတာနဲ့ ကျွန်မအိမ်ပေါ်က နေ ဒရောသောပါး ဆင်းပြေးလာမိတယ်။ ဘာလို့မှန်းမသိ၊ ရပ်ဝေးအမျိုးတွေထဲက ကျွန်မနဲ့ရွယ်တူအဖော်ကို ကျွန်မအင်မတန် ချင်ခင်မိပါတယ်။

ဘုရားပွဲရက်မတိုင်ခင် တစ်ရက်၊ နှစ်ရက်က ကြိုပြီး အမျိုးတွေ ရောက်လာတတ်ကြတာဆိုတော့ မမှတ်မိတမိ၊ ငယ်ဘဝတည်းက ကျွန်မသိပါတယ်။ တစ်အိမ်လုံး ရှုပ်ထွေးဆူညံ မုန့်တွေတစ်ချိန်လုံး စားနေရပြီး၊ ဘုရားပွဲလုပ်တဲ့ အုတ်ကျောင်းပေါ်က ထီးလှိုင်ရှင်ဘုရားကို သွားတာ၊ ဆိုင်းတွေတီးပြီး ဆိုင်းဝိုင်းဘယ်ခေါင်က ဦးရွှေရိုးကို ဖေဖေချီမြှောက်ပြတာတွေကို ဝိုးတဝါးမှတ်မိတယ်။ ဒီနှစ်မှာတော့ ကျွန်မအားလုံးကို သိနေပါပြီ။

ဘုရားပွဲနေ့ မတိုင်ခင်တစ်ရက် (သီတင်းကျွတ်လဆန်း ၁၁ရက်နေ့) ကတည်းက တစ်ရပ်ကွက်လုံး အုန်းအုန်းကြွက်ကြွက် ဆူညံပျော်ရွှင်နေကြတယ်။ တခြား အဝေးမြို့မှာနေတဲ့ လူတွေကလဲ ဒီရက်မှာ မရောက်ရောက်အောင် ပြန်လာ ကြတော့ ပိုပြီး ပျော်စရာကောင်းပါတယ်။

ကျွန်မတို့အိမ်မှာလဲ စစ်ကိုင်း၊ မန္တလေးက အမျိုးတွေ အများကြီး ရောက်လာကြလို့ အိမ်ပေါ်မှာ လူတွေနဲ့ ပြည့်နေတယ်။ မေမေတို့အိမ်မှာတောင် ခွဲထားရသေးတယ်။ ဖေဖေတို့ အမျိုးတွေလဲ မေကြီးတုတို့အိမ်မှာ ရောက်နေကြပါတယ်။ ကျွန်မနဲ့ အမျိုးထဲက ရွယ်တူ အဖော်မိန်းကလေးနှစ်ယောက်၊ မတုးနဲ့ ထွေးထွေးတို့ကတော့ တတွဲတွဲ မခွဲဘဲ အရှေ့အိမ်နဲ့ အနောက်အိမ်ကို ကူးချည်

www.burmeseclassic.com



သန်းချည် လုပ်နေကြပြီး မြင်မြင်သမျှကို ရယ်လို့ချည်း နေမိပါတယ်။

ပျော်လို့ရယ်မိတာလို့ ကျွန်မတော့ ထင်တာပဲ။ အိမ်ရှေ့မန်ကျည်းပင်အောက် မုန့်ဖုတ်တဲ့နေရာမှာ မီးခိုးတွေအူပြီး မီးထိုးနေတဲ့ ဘိုးကျွဲကြီး မျက်ရည်တွေ ကျတာ တွေ့တော့လဲရယ်။ ကျွန်မမောင်လေး ရေနွေးအိုးအကြီးကြီးထဲကို ဝင်ဆွဲပြီး အိုးမည်းတွေ ပေကုန်တာကြည့်ပြီးတော့လဲ ရယ်။

မုန့်ဖုတ်တာ အထက်မီးပေးဖို့ သွပ်ပြားအရှည်ကြီးဆွဲလာတဲ့ ဘွားဘွားညွှန့်ရဲ့ ပိုသီပတ်သီ ဟန်ပန်ကိုလဲ ကြည့်ပြီးရယ်။

အားလုံးကိုကြည့်ပြီး ကျွန်မတို့ သုံးယောက်ရယ်ကြပါတယ်။

ရယ်လို့ အကောင်းဆုံးကတော့ ထမင်းစားတဲ့နေရာပေါ့။ လူကြီးတွေနဲ့ဝိုင်းပြီး ထမင်းစားကြရင်း တစ်ယောက်ယောက် ဟင်းချိုဟင်းသောက်တဲ့အသံ 'ရှူး' ဆိုမည်သွားတာနဲ့ ကျွန်မတို့သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်ချင်စိတ်တွေ ထိန်းမနိုင်၊ သိမ်းမနိုင်ဖြစ်လာပါတယ်။ လူကြီးတွေဆိုမှာကြောက်လို့ အံကြိတ်ပြီး ရယ်ချင်စိတ် ထိန်းရင်းကနေ အူထဲက လိမ့်လိမ့်တက်လာပြီး တအားရယ်ချင်လာတော့ 'ခစ်' ခနဲ ထွက်သွားရော။

ထွေးထွေးနဲ့ မတူးကလဲ လိုက်ပြီး ခစ်ခနဲ ဖြစ်ရင်း မထိန်းနိုင်တော့ဘဲ အူတက်အောင် ရယ်မိကြပါတယ်။

မေမေက မကြိုက်ပါဘူး။ အမျိုးထဲက ကြီးကြီးသိန်းကတော့ ဒီအရွယ်တွေဟာ သစ်ရွက်လှုပ်ရင်တောင် ရယ်တဲ့အရွယ်တွေတဲ့။ မပြောနဲ့တဲ့။

ညနေစောင်းဆို တစ်အိမ်လုံးမှာရွှေချီ(ဆန္နင်းမကင်း)နံ့၊ စိန်ဖေကြီးနံ့၊ လက်ဖက်၊ နာနတ်ယိုနံ့၊ သီးမွှေး ငှက်ပျောသီးနံ့ တွေ ရောနှော ပျံ့လွင့်နေတတ်ပြီး မီးဖိုချောင်မှာတော့ အနံ့မသေသေးတဲ့ ငရုတ်သီးကြော်နံ့၊ ဝက်သားဟင်းနံ့၊ သရက်ချဉ်နံ့ သားပြွန်းဟင်း(ဝက်သားနဲ့ဘူးသီးဟင်း) နံ့တွေ။ အိမ်တိုင်းမှာလည်း မီးခိုးတွေ အူနေတယ်။

ဆောင်းမဝင့်တဝင်လေးမို့ အေးစိမ့်စိမ့်လေးလဲ ချမ်းနေတယ်။ အိမ်ပေါ်မှာ အောက်လင်းဓာတ်မီးကြီး ထိန်နေအောင် ထွန်းထားတာကလဲ တစ်မျိုးပျော်စရာကောင်းနေသလိုပဲ။

အောက်လင်းဓာတ်မီးရောင်အောက်မှာ မုန့်လင်ပန်းထဲက မုန့်တွေကို



...ဒေါ်တို့က လှီးကြတယ်။

လှီးနေတဲ့ နေရာမှာ ထိုင်ကြည့်ရင်း မလှတဲ့ အဖျားအနား မုန့်တုံးတွေ ...တ်စားကြတယ်။

'စိန်ဖေကြီး' ဆိုတဲ့ မုန့်ကို ကျွန်မကြိုက်တယ်။ ကောက်ညှင်းရယ်၊ ...ကြားရယ်၊ ထောပတ်ရယ်၊ အုန်းသီးရယ်၊ ရောကျိုပြီး အထက်မီးအောက်မီး ...တ်ထားတဲ့ မုန့်ပေါ့။ ဘိန်းစေ့လေးတွေကို အပေါ်ကဖြူးလို့။ ရွှေချီဖုတ်သလို ...ရတာပါပဲ။ ရွှေချီနဲ့လဲ တူတယ်။

စိန်ဖေကြီးကိုတော့ တစ်ရပ်ကွက်လုံး မဖုတ်တဲ့အိမ်မရှိဘူး။ ဘုရားပွဲ...မှာ လက်ဖက်ရည်တိုက်ဖို့လေ။ ကျွန်မတို့အိမ်က နက်ဖြန်ဘုရားပွဲကျရင် ...ရွှေချီ၊ သုံးငါးမုန့်တိုက်က သကြားဆူးပေါက် ဘီစကစ်နဲ့ နာနတ်ယို၊ ...ငှက်ပျောသီးရယ်၊ လက်ဖက်ရယ် ကျွေးမှာတဲ့။

ဘုရားပွဲနေ့ကတော့ ပျော်စရာ အကောင်းဆုံးပါပဲ။ နေ့လယ်ကတည်း ... တစ်အိမ်လုံး ပြင်ကြဆင်ကြနဲ့ ဆူညံနေတာ။ သနပ်ခါးကျောက်ပြင်ကို ...အားတော့ဘူး။

မေမေက ရေချိုးပြီးစ ထဘီရင်ရှားနဲ့၊ သူ့ရဲ့ ရှေ့ထိပ်က ဆံပင်လေး ...မီးဖုတ်ထားတဲ့ စက်ဘီး စပုတ်တိုင် သံချောင်းလေးနဲ့ လိမ်ပြီး ကောက်နေ...တယ်။

ဒေါ်ဒေါ်က ကျစ်ဆံမြီး နှစ်ချောင်းကို သေသေချာချာကျစ်ပြီး ပန်းပေါ်...တွဲလောင်းလေး နှစ်ခုလုံးထားတယ်။ ဒေါ်ဒေါ်ဝတ်မယ့် 'ကော့သောင်လုံချည်'...တာကို အမျိုးတွေက စိတ်ဝင်းစားနေကြတယ်။ 'ကော့သောင်လုံချည်' က ...ထည်ကို တစ်ရာတောင် ပေးရတဲ့အတွက် ဘယ်လိုဟာမျိုးလဲဆိုတာ သိချင်...ကြတယ်။

ဒေါ်ဒေါ့်လုံချည်က အဝါရောင်၊ အသားက ပိုးသားလေးလိုပဲ အိပြီး ...နေတာပဲ။ ထဘီအဆင်ကလဲ သိပ်ယဉ်တယ်။ ဒူးခေါင်းလောက်နားမှာ စိမ်း...တဲ့ သစ်ရွက်လေးနှစ်ရွက်နဲ့ အဝါရင့်ရင့် နှင်းဆီပွင့်ကြီးကြီးနှစ်ပွင့်။

ဒေါ်ဒေါ့်ထဘီကို ဝိုင်းပြီးချီးကျူးနေကြပြီး ကျွန်မရဲ့ အစိမ်းရောင် ...ဖျော့ဝတ်စုံကိုတော့ ဂရုမစိုက်ကြတဲ့အတွက် ကျွန်မ မကျေနပ်ဘူး။ မတူး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ထွေးထွေးတို့ ဝတ်ထားတဲ့ စကပ်နဲ့ အင်္ကျီကလဲ တော်တော်လှတဲ့အတွက် ကျွန်မပိုပြီး မကျေမနပ်ဖြစ်လာပြီး ဗီရိုမှန်ရှေ့မှာ တစ်ချိန်လုံး ရပ်ကြည့်နေ ပါတယ်။

'နှင်းနှင်းနော်၊ တော်တော် အပျိုလုပ် နင့်အမေကို တိုင်လိုက်ရမလား'

ဗီရိုတံခါးဖွင့်ချင်တဲ့ ဒေါ်ဒေါ့်အသံကြားရင်တော့ ကျွန်မ လန့်ဖျပ်ပြီး အမေကြီးဆီ ပြေးကပ်မိပါတယ်။ ခုလိုအချိန်မှာတော့ ဘဘကိုတော့ မတွေ့ တတ်ပါ။ ဘဘကဘုရားကုန်းပေါ်မှာ အသံတွေဝင်အောင် အော်ဟစ် အလုပ် များ နေတတ်ပါတယ်။

ဘုရားပွဲနေ့မှာ မေမေရောဒေါ်ဒေါ်ရောခြေကျင်းတွေ ဝတ်ကြ ပါတယ်။ ကျွန်မလဲ ဝတ်ရတယ်။ အမျိုးထဲက တချို့မိန်းမတွေလဲ ဝတ်ထား ကြတယ်။

ဒဲဒီအချိန်မှာ ဆိုင်းသံတွေကို ကြားနေရပြီ။ အင်းဝတစ်မြို့လုံးမှာရှိတဲ့ ရပ်ကွက်တွေက ဆွမ်းတော်ပွဲလာပို့ကြတဲ့ ဗြောပိုင်းသံပေါ့။ ကျွန်မတို့ အရပ်ပြီး တာနဲ့ ရက်ခြားရက်ခြား၊ တခြားရပ်ကွက်ကလဲ ဘုရားပွဲလုပ်ကြတော့မှာ။

အဲဒီရပ်ကွက် ဘုရားပွဲကျတော့လဲ ကျွန်မတို့ အရပ်က ဗြောပိုင်းနဲ့ ဆွမ်းတော်ပွဲ သွားပို့ရတယ်။ ဒီနေ့ ကျွန်မတို့က ဆွမ်းတော်ပွဲလာပို့တဲ့သူတွေ အကုန်လုံးကို လက်ဖက်ရည်တိုက်သလို သူတို့အလှည့်လဲ လက်ဖက်ရည်တိုက် တာပေါ့။

ကျွန်မတို့တွေ ဆွမ်းတော်ပွဲတွေယူပြီးတော့ ဘုရားကုန်းတော်ပေါ်သို့ မြန်မြန်သွားကြရတယ်။ အာရုံခံတန်ဆောင်းကြီးထဲမှာ ထိုင်ဖို့ နေရာရအောင်လို့ လေ။

လူတွေများလာရင် အာရုံခံတန်ဆောင်းထဲမှာ ဘုရားဝေယျာဝစ္စအဖွဲ့ က မလိုင်ကရေကရာ၊ လက်ဖက်နဲ့ လက်ဖက်ရည်တိုက်တယ်။ ဘုရားရှိခိုးတဲ့သူ က ခိုး၊ မုန့်စားသူစား၊ အသံချဲ့စက်ကလဲ အကျယ်ကြီးဖွင့်နေတယ်။

ကျွန်မတို့တွေကတော့ ဘုရားကုန်းထိပ်ကနေ တသီတတန်းကြီး လာနေတဲ့ ဗြောပိုင်းတွေထဲမှာ ထူးထူးခြားခြား ပါလာမယ့် 'အရုပ်ဆင်' ကြီးကို ရင်တထိတ်ထိတ်နဲ့ မျှော်နေမိတယ်။



အရုပ်ဆင်ကြီးကို ကလေးတွေရော၊ လူကြီးတွေရော သဘောကျတာ ...။

'ဟော . . . ဟော . . ဆင်လာပြီ' ဆိုတဲ့ အသံတွေနဲ့အတူ အနီနဲ့ ...တ် ခြယ်ထားတဲ့ မည်းမည်းလုံးလုံးဆင်ကြီး၊ ခေါင်းတယမ်းယမ်းနဲ့ 'က' လာ ...ဟာ ရင်ထိတ်စရာ ကောင်းလှတယ်။

'ဆင်ကြီး' ပါတဲ့ရပ်ကွက်က ဗြောပိုင်းရဲ့ ဦးရွှေရိုးကို သိပ်မကြည့်ကြ ...ဘူး၊ ဆင်ကြီးကိုပဲ အာရုံစိုက်ကုန်ကြတယ်။

ဘုရားကုန်းပေါ်တက်တဲ့ လှေကားထစ်တွေကျတော့ ဆင်ကြီးမတက် ...တော့ဘူး။ ဆင်ကိုယ်လုံးကြီးကိုဖြုတ်ပြီး အင်္ကျီတိုးလုံး၊ ဘောင်းဘီအနက်ကြီး ... ဝတ်ထားတဲ့လူတွေ ထွက်လာကြတယ်။ သူတို့မျက်နှာမှာ ချွေးတွေရွှဲလို့။

ဆင်ကြီးရဲ့ ကိုယ်လုံးကြီးထဲကို ဘုရားကုန်းပေါ်ရောက်တာနဲ့ လူတွေ ...ဝင်ကြတယ်။ လူတွေ ပြန်ဝင်ပြီးတာနဲ့ ဆင်ကြီးက ပြန်ပြီး ကြောက်စရာ ...ဝင်းသွားတာပဲ။

ကျွန်မ ဘယ်တော့မှ ဆင်ကြီးနားကို မကပ်ရဲပါ။ ဆင်ကြီးရဲ့ မျက်လုံး ...တ လူတွေကို မြင်ရပါတယ်။ သူလိုက်ပြီးထိုးရင် ဘယ်လိုကြောက်စရာ ...ဝင်းမှန်း မသိဘူး။

ဆင်ကြီးက အာရုံခံတန်ဆောင်းထဲက လူတွေကြားထိ ဝင်ကတတ် ...ယ်၊ သူ့ကို ပိုက်ဆံတွေ ဆုချကြတာလဲ အများကြီး။ ဆင်နဲ့ တခြားဗြောပိုင်း ... ဦးရွှေရိုးနဲ့ တွဲကကြတာကိုတော့ ကျွန်မအကြိုက်ဆုံးပဲ။

ပုဆိုးကွက်ကျဲ၊ အင်္ကျီတိုးလုံးပေါ်မှာ တိုက်ပုံအင်္ကျီဝတ်ပြီး၊ နှုတ်ခမ်းမွေး ...ပ်တုပ်၊ ပုသိမ်ထီးနဲ့ ဦးရွှေရိုးခမျာ ဆင်ကြီးကို ကြောက်ကြောက်၊ ကြောက် ...ကြောက်နဲ့ ရှောင်ကနေရရှာတာဟာ သနားစရာ။

ညနေရောက်တာနဲ့ ဘုရားကုန်းပေါ်က လူတွေအားလုံး အရပ်ထဲ ...တ်ကုန်ကြတော့တယ်။

'လာပါဦး၊ လက်ဖက်ရည် သောက်ပါဦး' ဆိုတဲ့အသံတွေကို နေရာ ...ကြားနေရတယ်။ ဘယ်အိမ်မှ မဝင်ဘဲ နေလို့မရဘူး။ တစ်အိမ်ဖက်ဆင်း ...ဝင်စားရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆင်ကြီးထဲက လူတွေလဲ ကိုယ်လုံးကြီး ဖြုတ်လိုက်၊ မုန့်ဝင်စားလိုက် လူတွေကခိုင်းလိုက်၊ ပြန်တပ်လိုက်နဲ့။ မှောင်ရီပျိုးလို့ အောက်လင်းဓာတ်မီးတွေ လင်းလာတဲ့အချိန်မှာတော့ ဆင်ကြီးထဲက လူတွေ ဆင်ကိုယ်လုံးမပါဘဲနဲ့ ဒီအတိုင်း ကွေးနေအောင် ကကုန်ကြပြီ။

သူတို့အရက်မူးကုန်ကြပြီလေ။ သူတို့ဝင်စားရင် ဘယ်အိမ်ကဖြစ်ဖြစ် ထမင်းကျွေးတယ်။

အဲဒီနေ့မှာ လက်ဖက်ရည် မတိုက်နိုင်ဘူးဆိုတဲ့ အိမ်ဟာ သိပ်မျက်နှာ ငယ်တာပဲ။ အနည်းဆုံး ရေနွေးကြမ်းနဲ့ လက်ဖက်လေးနဲ့ပဲဖြစ်ဖြစ် တိုက်နိုင် အောင် ကြိုးစားကြတယ်။ ဒါပေမယ့် လက်ဖက်ရည် မတိုက်နိုင်တဲ့ အိမ်နှစ်အိမ် တော့ ရှိခဲ့ပါတယ်။

ဘုတ်သိုက်တို့ အိမ်နဲ့ အေးအေးတို့အိမ်လေ။

ဘုတ်သိုက်တို့အိမ်ကို ကျွန်မ သားပြွန်းဟင်းနဲ့ မုန့်သွားပေးတော့ သိ တာပေါ့။

ဘုတ်သိုက်ရဲ့ အဖေနဲ့ ညီမတွေ မောင်တွေကတော့ မုန့်တွေ၊ ဟင်းတွေ ကို မြင်တော့ ဝမ်းသာကြတယ်။ ဘုတ်သိုက် အမေကတော့ အိမ်မှာမရှိဘူး။ အရပ်ထဲက အိမ်တစ်အိမ်မှာ သွားကူလုပ်နေတတ်တယ်။

မုန့်တွေကိုကြည့်ပြီး ဘုတ်သိုက်ကတော့ သိပ်ဝမ်းသာပုံမရဘူး။ သူကြည့်နေတာက ကျွန်မနဲ့ မတူး၊ ထွေးထွေးတို့ရဲ့ အဝတ်အစားတွေကို။ သူမျက်ရည်ဝဲနေသလိုပဲ။

'ဘုတ်သိုက်၊ နင် ငါတို့နဲ့ လိုက်ခဲ့ပါလား'

'ဟင်အင်း. . . . မလိုက်ချင်ဘူး'

သူ ခါးခါးသီးသီး ငြင်းတာကို ကျွန်မက 'နင်ကလဲ' ဆိုပြီးစိတ်မကောင်း ဖြစ်သွားတော့လဲ သူအားနာပုံရတယ်။

'ငါမအားလို့ပါဟယ်၊ နက်ဖြန်ကျရင်တော့ ပွဲအတူတူကြည့်မယ်လေ ငါနေရာဦးထားမယ် သိလား၊ ရှေ့ဆုံးက'

'အေး. . . ဦးထားလေ'

ကျွန်မ ဘုတ်သိုက်စိတ်ချမ်းသာအောင်သာ ပြောရပေမယ့် နက်ဖြန်



ဘုရားပွဲကထည့်တဲ့ အငြိမ့်ပွဲခင်းမှာ သူနဲ့တူတူ ကြည့်ရမှာမဟုတ်ဘူး။ မေမေ ... ပွဲခင်းနောက်ဆုံးနားမှာ ခုတင်သုံးလုံး ခင်းခိုင်းထားပြီးသားပါ။

အငြိမ့်ကြည့်ရင် ရှေ့ဆုံးက ကြည့်ရတာတဲ့။ ရုံဇာတ်ပွဲတွေမှာကျတော့ ...ကော ရောကောတွေတဲ့။

ရုံဇာတ်ပွဲ ဆိုရင်သာ ရှေ့ဆုံးက ကြည့်ရတာတဲ့။ ရုံဇာတ်ပွဲတွေမှာကျ ...တော့ ရှေ့ဆုံးကကြည့်တဲ့သူတွေဟာ ပိုက်ဆံတတ်နိုင်တဲ့ သူတွေတဲ့လေ။

ဘုရားပွဲည တစ်ညလုံး၊ ကျွန်မတို့အိမ်မှာ ဘယ်သူမှ မအိပ်ကြဘဲ ...ခွက်လေးတွေထဲ ဝက်သားဟင်းထည့်ကြပါတယ်။ နောက်နေ့မနက် ဘုန်းကြီး ...လောင်းရမယ်လေ။ ဘုန်းကြီးအပါး တစ်ရာ့တစ်ဆယ်ကို ဆွမ်း၊ ဆွမ်းဟင်း ...နဲ့ တခြားလှူဖွယ်တွေ လောင်းကြမှာ။

ဝက်သားကိုက ဆယ်ခွက်လောက်ရှိတတ်တယ်။ ကြက်သား၊ အမဲသား၊ ... ပဲကြော်၊ သရက်ချဉ်၊ ငရုတ်သီးကြော်၊ တခြားလှူဖွယ်တွေ၊ လက်ဖက် ...တ်တို့၊ ငှက်ပျောဖီးတို့ မုန့်မျိုးစုံတို့လဲပါတယ်။

နောက်နေ့မနက် ဘုန်းကြီး ဆွမ်းလောင်းပြီးတာနဲ့ အိမ်မှာ အကုန်ထိုး ...တုန်ကြရော။ ညကျ အငြိမ့်ကြည့်ဖို့အတွက်လေ။ အဲဒီနေ့မနက်မှာ တခြား ...တွက်တွေက ဆွမ်းလာလောင်းတဲ့သူတွေ လက်ဖက်ရည်သောက် ဝင်လာရင် ... လက်ဖက်ရည်တိုက်ကြသေးတယ်။

များသောအားဖြင့်ကတော့ မနက်လာတဲ့သူတွေကို ထမင်းကျွေးတယ်။ ...အချိန်မှာ ကျွန်မ အလုပ်ကတော့ မေမေတို့ 'အရှေ့အိမ်' ခြံထဲက နှင်းဆီပန်း ... သနပ်ခါးပန်းတွေကို ပြောင်သလင်းခါအောင် ခူးတဲ့အလုပ်ပါ။ နှင်းဆီပန်းကို ...ည်းလေးတွေ စည်းတတ်ပေမယ့် သနပ်ခါးပန်းကျ ခွေထိုးပေးကြတယ်။ ပြီး ...နဲ့ ပလတ်စတစ် အိတ်ထဲထည့်ပြီး ပန်းအိတ်တကိုင်ကိုင်နဲ့ ကျွန်မ ...ငြိမ့်ကားကို မျှော်ပါတယ်။ အငြိမ့်မင်းသမီးလေးတွေကို ကျွန်မပန်းပေးမယ် ...။ ကျွန်မ သူတို့ကို ချစ်တယ်။

အငြိမ့်နာမည်က 'သစ်လွင်အငြိမ့်' တဲ့။ မင်းသမီး နာမည်တွေက ...ကြည်၊ မြတ်မွန်စန်း။ လူရွှင်တော်နာမည်တွေကိုတော့ ကျွန်မ မမှတ်မိ ...ပါ။ ရေဆိပ်က သောင်ပြင်ကြီးပေါ်မှာ အငြိမ့်ခံပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သောင်ပြင်ပေါ်မှာ ကြိတ်ကြိတ်တိုးနေတဲ့ ပွဲခင်းကြီး။

မြစ်ပြင်ကိုဖြတ်တိုက်လာတဲ့ ဆောင်းဝင် လေလေးကလဲ အေးအေးစိမ့်စိမ့်၊ လဆန်း ဆယ့်သုံးရက် လရောင်ကလဲ မြစ်ပြင်ပေါ်မှာ တဖိတ်ဖိတ်တောက်လို့။

လူတွေအားလုံး ပျော်နေကြတယ်။

ပျော်စရာပြီးရင် ဝမ်းနည်းစရာဆိုတာ ဆက်လာတတ်လေသလား။

ဒါပေမယ့် ပျော်နေတဲ့သူတွေဟာ ဝမ်းနည်းစရာ ဆိုတာကို ဘယ်တော့မှ ကြိုတင် မတွေးတတ်ကြပါ။

ဂ ခုနှစ်၊ တန်ဆောင်မုန်းလနဲ့ တပို့တွဲလကို ကျွန်မ အမုန်းဆုံး ပါပဲ။

ကျွန်မတို့ အပျော်ကြီး ပျော်ခဲ့ကြတဲ့ ဘုရားပွဲပြီး နောက်တစ်ပတ်မှာ မိုးရွာပါတယ်။

မိုးရှားပါးတဲ့ဒေသမို့ မိုးသည်းသည်းရွာရင် အင်မတန် သဘောကျပါတယ်။ အရင်ဆို တစ်ရက်နှစ်ရက်လောက်ပဲရွာပြီး တိတ်သွားတဲ့မိုးက ဒီတစ်ခါကျတော့ သုံးရက်နဲ့လဲ မတိတ်ဘဲ သဲသဲမဲမဲ ရွာနေတယ်။

ဒါကိုလဲ လူတွေက သိပ်ဂရုမစိုက်ကြပါဘူး။ သီတင်းကျွတ်၊ တန်ဆောင်မုန်းဆို တစ်နှစ်တစ်ခါရွာတတ်ပြီး၊ ခုနှစ်ရက်တစ်ပတ်လုံး ဖွဲတတ်တဲ့ 'ဆွေမိုး' ပဲပေါ့။

ကျွန်မတို့အိမ်မှာဆို ဘလဲ အလုပ်မသွားဘူး။ မနက်ပိုင်း တစ်ခေါက်ပဲသွားကြည့်တယ်။ မိုးရေတွေကလဲ အေးစိမ့်ပြီး ရာသီဥတုက တအားချမ်းလာတယ်။

အိမ်ပေါ်မှာ သံပြားနဲ့ မီးဖိုရတယ်။ ကျွန်မစိတ်ထဲမှာတော့ ပျော်သလို၊ သံပြားမီးဖိုပတ်လည်မှာ ဂုန်နီအိတ်တွေခင်းပြီး မိသားစုတွေ ဝိုင်းထိုင်စကား

www.burmeseclassic.com



ပြောရတာ၊ မုန့်လက်ကောက်ကြော်တို့၊ မုန့်ပစ်စလက်တို့၊ မြေပဲလှော်တို့ လုပ်စား ရတာ တစ်မျိုးပျော်စရာပေါ့။

ဒါပေမယ့် မိုးက ရွာရင်းရွာရင်းနဲ့ ခုနစ်ရက်မကတော့ဘူး၊ ဆယ်ရက်ထဲ ရောက်လာပြီ။ မိုးက မတိတ်သေးဘူး။

အိမ်ထဲတင် ကုတ်ပြီး မိုးအရသာခံတဲ့လူတွေ နည်းနည်း စိတ်ပျက်လာ ကြတယ်။

အလုပ်ထွက်လုပ်ကြဖို့ ပြင်ကြဆင်ကြတယ်။ စားရေးသောက်ရေးလဲ ခက်ပြီပေါ့။

ကျွန်မတို့အိမ်ဆို မိုးစွေနေတုန်းလေးဆိုပြီး စားနေတဲ့ငါးခြောက်တို့ ငါးသေတ္တာတို့၊ ကုလားပဲဆံတို့၊ ပဲချဉ်ပေါင်ဆံတို့လဲ ကုန်ပြီ။ ဝက်သားသိပ်ကြိုက် တဲ့ ကျွန်မကလဲ တကျည်ကျည်လုပ်နေပြီ။ မေမေနဲ့ ဒေါ်ဒေါ်တို့ ဈေးသွားဖို့ စိုင်းပြင်းကြတယ်။

'တံတားဦးဈေးသွားရင် ငွက်တွေနဲ့ တအားဆိုးမှာ။ တို့ စစ်ကိုင်းဈေး သွားရင် ကောင်းမယ်ထင်တယ်'

'အေး ကောင်းတော့ ကောင်းတယ်။ ဒါပေမယ့် ငှက်ပေါ်မှ မိုးမိမှာပေါ့'

'နည်းနည်းပါးပါးတော့ စိုမှာပေါ့အေ၊ မြန်တာတော့ စစ်ကိုင်းဘက်သွား တာက ပိုမြန်မယ်'

မေမေနဲ့ ဒေါ်ဒေါ်တို့ တိုင်ပင်နေကြတုန်း ဘဘ ကူးတို့ဆိပ် သွားကြည့် ရာကနေ ပြန်လာတယ်။

'အဖေ၊ ကူးတို့မှာ စစ်ကိုင်းငှက်တွေ ထွက်လား'

'အိုး. . . ဘယ်ကထွက်ရမှာလဲ၊ ညက ရေစီးတွေ တအားကျလာလို့တဲ့ ငှက်ချည်တိုင်တွေ ပြန်စိုက်နေကြတယ်။ ညက ငှက်နှစ်စီးတောင် ရေစီးနဲ့ ပါသွားသတဲ့'

'ဟင်. . . ဟုတ်လား'

'အေး. . . ရေတွေကလဲ ရေနီတွေ၊ ကူးတို့တော့ ဒီနေ့ကစပြီး ဂိတ်လိုက် ရမှာပဲ'

ဘနားကို တစ်အိမ်သားလုံး ဝိုင်းလာကြတယ်။ ကျွန်မစိတ်ထဲမှာတော့



...ဒိပ်ကိုပြေးပြီး ရေစီးနဲ့ ရေနီကို ကြည့်ချင်စိတ်တွေ တားမနိုင်ဆီးမရ ပေါ်လာ ...တယ်၊

'ဘ သမီးသွားကြည့်ချင်တယ်'

'မိုးရွာနေတယ်လေ သမီးရဲ့'

'ဟာ ဘကလဲ၊ မိုးတိတ်တော့ပေါ့'

'မိုးတိတ်လဲ မသွားရပါဘူး၊ နှင်းနှင်းနော်'

မေမေက ကျွန်မကို ဝင်မာန်တယ်။ ကျွန်မက နှုတ်ခမ်းစူရင်း ...တွေ မီးကင်နေတဲ့ ဘနားမှာ သွားထိုင်ချလိုက်တယ်။

'ရေတွေနီလာရင် သမီးငယ်ငယ်တုန်းကလို ငါးတွေ၊ ပုဇွန်ထုပ်တွေ ...ပေါ်တက် လာမှာလားဟင် ဘ'

'အမယ် ၊ ငါ့သမီးက မှတ်မိသားပဲ၊ သမီး အဲဒီတုန်းက ခြောက်နှစ် ...တ်ပဲ ရှိဦးမယ်ထင်တယ် ဟုတ်နော်။ အဲဒီ ရေနီမျိုးက 'ဟုန်းရေ' ကျတယ် ...ခေါ်တယ်သမီးရဲ့။ သူက ရေမစီးဘူး။ ဟိုတောင်ပေါ်က သစ်မြစ် သစ်ဖု ... မိုးရေနဲ့ ရောပြီး မျောပါလာတော့ မူးတတ် မော်တတ်တဲ့ သစ်ဥသစ်ဖု ...လဲ ပါလာတယ်။ အဲဒါကြောင့် မြစ်ထဲက ငါးတွေ ပုဇွန်တွေ မူးပြီး ရေပေါ် ...လာကြရော။ တချို့လဲ ကမ်းပေါ် ခုန်တက်ကြတာပေါ့။

ကျွန်မ မျက်စိထဲမှာ မြစ်ရေပြင်တစ်လျှောက် ပေါလောပေါ်နေတဲ့ ...တွေ၊ ကမ်းစပ်မှာ လာတင်နေကြတဲ့ ငါးနဲ့ ပုဇွန်ထုပ်ကြီးတွေကို အိပ်မက် ...လို ကျွန်မ ကြည့်နေမိတာ မြင်ယောင်လာတယ်။

ပုစွန်ထုပ်ကြိုက်တဲ့ ကျွန်မက ပုစွန်ထုပ်ကြီးတစ်ကောင် တရွေ့ရွေ့ ...နေတဲ့ နောက်ကို ပြေးလိုက်ပြီး ကောက်ချင်နေတာ အမှတ်ရတယ်။ ခြင်းတွေ ...တွေနဲ့ အလုအယက် ကောက်နေကြတဲ့ သူတွေရော။

'ခု ဒါဖြင့် အဲဒီတုန်းက ရေမျိုး မကျတော့ဘူးပေါ့ ဟုတ်လား'

'မကျတော့ဘူးလေ သမီးရဲ့၊ ခုဟာက ရေနီပြီး တအားစီးနေတာ'

'သမီးကြည့်ချင်တယ်'

'နေဦး ၊ ညနေ တစ်ခေါက်သွားမှ ဘ ခေါ်မယ်'

ဘဘက လေသံတိုးတိုးလေးနဲ့ ကတိပေးတော့ ကျွန်မ ကျေနပ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ညနေကျ မိုးကလဲ ရုတ်တရက် တိတ်သွားတယ်။ ဒါပေမယ့် မိုးသားတွေနဲ့ ညို့မှိုင်းနေတုန်း။

မိုးတိတ်တာနဲ့ တစ်ရပ်ကွက်လုံးလိုလို ထွက်လာပြီး မြစ်ဆိပ်ကို လာကြည့်ကြတယ်။ မကြုံဖူးအောင် စီးနေတဲ့ ရေစီးကိုလဲ အံ့ဩတကြီး ဖြစ်နေကြတယ်။

ရေစီးထဲမှာ မျောပါလာတဲ့ သစ်တုံးတွေဟာ ရိပ်ခနဲ ရိပ်ခနဲပဲ မြင်လိုက်ရတယ်။ သိပ်ကြည့်လို့ ကောင်းတာပဲ။

နောက်တစ်နေ့ ကျ ရေစီးပိုကြမ်းလာပြီး ရေတွေလဲ တိုးလာတယ်။ သောင်ပြင်ကြီး မြုပ်သွားပြီ။ သောင်ပြင်ပေါ်က ဘရဲ့ စာရေးခန်းလေးကို ကယောက်ကယက ရွှေ့ထားလိုက်ရတယ်။

ညနေတိုင်းဟာ ရေဆိပ်မှာ ပွဲတော်လေး တစ်ခုလို စည်ကားနေတော့တယ်။ ကမ်းပါးအစပ်က နေပြီး ရေစီးနဲ့ ရေစီးထဲ ပါလာတဲ့ သစ်ကိုင်း သစ်ခက် ခွေးသေ နွားသေတွေကို ကြည့်သူတွေ။

ကြည့်ရင်းနဲ့ ရေစီးထဲမှာ ပစ္စည်းတွေ ပိုစုံလာတယ်။ တောင်းတွေ ပလုံးတွေ၊ ပုတ်အကြီးကြီးတွေ၊ ခေါင်းအုံးတွေနဲ့ တစ်ယောက်စီး လှေကလေး တစ်စီး။ ပြီးတော့ . . . လူသေကောင် တစ်ကောင်။

ကမ်းပါးပေါ်က လူတွေနည်းနည်းစိုးရိမ်လာကြပြီး တစ်ယောက်စီး လှေအင်မတန် ကျွမ်းကျင်တဲ့ ကိုဖိုးလူဆိုတဲ့ လူကြီး ထင်းလိုက်ဆယ်မယ် တကဲကဲ လုပ်နေတာကို ဝိုင်းတားကြတယ်။ ရေစီးမှာ ထင်းတွေကလဲ အများကြီးပါလာတာကိုး။

ရေကြီးချိန်တစ်လျှောက်လုံး တစ်ယောက်စီး လှေကလေးနဲ့ ထင်းဆယ်နေကျ ကိုဖိုးလူက အစွမ်းပြချင်ဇောနဲ့ ဘယ်သူမှ တားမရဘဲ ရေလယ်ကို လှော်ချသွားခဲ့တယ်။

ကမ်းပေါ်ကလူတွေ အသက်တောင် မရှူမိကြဘဲ ကြည့်နေမိတယ်။ ကိုဖိုးလူက အင်မတန် ကျွမ်းကျင်စွာ လှေကို ထိန်းလှော်တယ်။ လှော်တယ်။ လှော်တယ်။

'ကိုဖိုးလူ . . . ကျွန်းတုံးကြီး ၊ ကျွန်းတုံးကြီး'



လူတွေ တအားဝိုင်းအော်တာက နောက်ကျသေးတယ်။ ကိုဖိုးလူရဲ့ လှေကလေးကို ကျွန်းတုံးကြီး အရှိန်နဲ့ ဝင်တိုက်ပြီး လှေလေးက ရေစီးထဲမှာ ထိုးခနဲ လိမ့်။

ကျွန်မ ကိုဖိုးလူဆိုတဲ့လူကြီး၊ ရေထဲလိမ့်ကျသွားတာကို မြင်လိုက်ရပါတယ်။

ဘယ်တော့မှလဲ မေ့မယ်မထင်တော့ပါ။

ထင်းတစ်ချောင်းမှလဲ မဆယ်လိုက်ရဘဲ၊ ဘယ်သူမှလဲ မကယ်လိုက်နိုင်ဘဲ ကိုဖိုးလူဆိုတဲ့ လူကြီးတစ်ယောက် ရေထဲမှာ သေသွားခဲ့ပါပြီ။

မထင်မှတ်တဲ့အဖြစ်ကြောင့် လူတွေအားလုံး ထိတ်လန့်တုန်လှုပ် ချောက်ချားနေကြတုန်းမှာပဲ ကမ်းပါးတစ်နေရာဆီက 'ဝုန်း' ခနဲ ပထမ စတင် ပြိုကျတဲ့ အသံကိုကြားလိုက်ရပါတယ်။

'ကမ်းပါး ပြိုတာဟေ့၊ ကမ်းပါးပြိုတာ'

ကမ်းပါး စပြိုပြီ။

အဲဒီနေ့က တန်ဆောင်မုန်းလဆန်း (၁၅)ရက်နေ့။

www.burmeseclassic.com

www.burmeseclassic.com

ကမ်းပါးတအားပြိုတာပဲဟော့၊ လင်းအားကြီး ထွန်းဆိုင်တို့ တဲလေး ရေ
ပါသွားတာများ တလိမ့်လိမ့်နဲ့တဲ့။ လူတွေမနည်းထွက်လိုက်ရသတဲ့။ သ
ပါတယ်ကွာ၊ ဆန်လေး၊ ပဲလေးသွားပေးဦးမှပါ'

ဟင် . . . ဘုတ်သိုက်တို့တဲလေး ရေထဲပါသွားပြီ။

ဘရဲ့ အသံကြားတာနဲ့ အိပ်ရာထဲကနေ ကျွန်မ လူးလဲထပြေးလာ
တယ်။

'ဘ ၊ ဟိုတလောလေးက မွေးတဲ့ ဘုတ်သိုက်မောင်လေး နီတာ
လေးရော၊ လွတ်ရဲ့လား ဘ'

'လွတ်မှာပါ သမီးရဲ့၊ လူတစ်ယောက်မှ တဲထဲပါမသွားဘူးလို့ ပြော
ပဲ။ ရေစီးကလဲ ပိုကြမ်းလာတယ်ဟော့၊ ငါ့စာရေးခန်းလေး အိမ်ထိရွှေ့ထား
တူတယ်'

'အို . . ဘာလို့ အိမ်ထိရွှေ့နေမှာလဲ၊ ပင်ပန်းအောင်ရှင်၊ ကူးတို့ဆိ
အထက်က တစ်အိမ်အိမ်ထဲ ထားလိုက်ပေါ့'

'ဟာ မင်းမသိပါဘူးကွာ၊ ပိုစိတ်ချရတာပေါ့ကွ၊ ဒီအတိုင်းသာ ကမ်း



...တ်ပြိုနေရင် ကူးတို့ဆိပ်အထက်က အိမ်တစ်လုံး နှစ်လုံးတောင် ဖျက်ရမယ်
...င်တယ်'

'ဟင် . . . တကယ်လား'

အမေကြီးက အံ့ဩပြီး ထုံးစံအတိုင် ဘုရားစင်ရှေ့ သွားထိုင်
...တောင်းတယ်။ ပြီးတော့ 'နတ်အုန်း' ကို ယပ်ဝှောင်နဲ့ ခတ်ရင်း တွတ်တွတ်၊
...တ်တွတ်၊ ကျွန်မ စာမေးပွဲဖြေသွားခါနီး ပြောသလိုမျိုးပေါ့။

'အမေ့သားသမီးများ ကြုံတွေ့နေရတဲ့ ဘေးဒုက္ခဆိုးကို ဖယ်တော်
...တော်မူပါအမေ၊ အမေ အေးမြသလို ခုနစ်ရက်သားသမီးများလဲ အေးမြပါရ
... စိတ်ချမ်းသာပါရစေ။ ဘေးဒုက္ခဆိုးကို နာရီပိုင်းအတွင်း ဖယ်တော်မူပါ
...မေ၊ ဖယ်တော်မူပါ။'

အိမ်ရှေ့လမ်းမကြီးက လူတွေ ရုတ်ရုတ်သဲသဲနဲ့ ပြေးသံလွှားသံတွေ
ကြားရတယ်။

'ဦးသန်းမောင်တို့အိမ် . . ရေထဲပါခါနီးနေလို့ ဝိုင်းဖျက်ပေးကြပါတဲ့ဗျို့'

'ဟော . . . အမေ'

ကျွန်မတို့ တစ်အိမ်သားလုံး အထိတ်တလန့်နဲ့ လမ်းမဘက် ပြေးထွက်
...ကြတယ်။ ဦးသန်းမောင်တို့ အိမ်ဆိုတာ ဘပြောတဲ့ ကူးတို့အထက်ကအိမ်
...ပေါ့။

'ခုပဲ ပြောနေသေး၊ မြန်လိုက်တာဟယ်'

လူတွေအားလုံး ရေဆိပ်ကိုပဲ ပြေးသွားနေကြတယ်။ မိုးကလဲ မသည်း
...သေမယ့် ဖွဲဖွဲ၊ ဖွဲဖွဲနဲ့ ရွာလို့။ ကမ်းပါးပြိုသံ တဝုန်းဝုန်းကို ကျွန်မတို့
...အိမ်ရှေ့ကတောင် ကြားလာရသလိုပဲ။

တကယ်ဆို ကျွန်မတို့အိမ်က ရပ်ကွက်အလယ်ခေါင်တည့်တည့်မှာ။
ကျွန်မတို့အိမ်ကနေ ကူးတို့ဆိပ်မရောက်ခင်ထိ လမ်းဟိုဘက် အိမ်နှစ်ဆယ်
...လောက် ရှိသေးတယ်။ ပြီးတော့မှ သောင်ပြင်ကြီး၊ ပြီးတော့မှ ကူးတို့ဆိပ်။

'ညကလေ . . ရေတွေစီးတဲ့ အသံကြားနေရတယ်။ တဟဲဟဲနဲ့
...ကြောက်စရာကြီး'

ကျွန်မတို့အိမ်နောက်က ကြီးဒေါ်မြိုင်က မျက်စိမျက်နှာပျက်နဲ့ ပြောနေ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊

'ငါအသက် ရှစ်ဆယ်ရှိပါပြီကွာ၊ ဒါလောက် ရေစီးမျိုး တစ်ခါမှ ကြုံဖူး ပါဘူး'

ကြီးဒေါ်မြိုင် ရဲ့အဖေ ဘိုးစိန့်တောင် တောင်ဝှေးလေးနဲ့ လမ်းမပေါ် ရောက်နေပြီ။

'နှင်းနှင်း၊ မလိုက်ခဲ့နဲ့နော်၊ အမေ . . . ကျွန်တော်တို့ သွားကြည့်လိုက် ဦးမယ်'

ဒေါ်ဒေါ်နဲ့ ဒေါ်ဒေါ်အုန်းက ဘေးအိမ်တွေက မိန်းမတချို့နဲ့ ရေဆိပ် သွားဖို့ပြင်တယ်။

'ဟင့်အင်း . . လိုက်မှာပဲပဲ၊ ဒီနေ့ ကျောင်းမသွားရဘူးမဟုတ်လား မေကြီး'

မေကြီးကို ကျွန်မအော်ပြောခဲ့ရင်း ဒေါ်ဒေါ်တို့ နောက်ကို ပြေးလိုက် တာပေါ့။

ရေဆိပ်မှာ လူတွေမှအများကြီး။ ကမ်းပါးပြိုသံ တဝုန်းဝုန်းက ရေဆိပ် ရောက်မှ ပိုကြောက်စရာကောင်းလာတယ်။ ဟင်း . . . ဦးသန်းမောင်တို့ အိမ်တင်မကတော့ပါလား၊ နောက်တစ်အိမ် ထပ်ဖျက်နေရပြီပဲ။

ကမ်းပါးပြိုတာကို ကျွန်မသေချာသွားကြည့်တယ်။

ပြိုတော့မယ့် ကမ်းခြေက ကြည့်ရင်းနဲ့ အက်ကြောင်းကြီးပေါ်လာတာ။ အဲဒီအက်ကြောင်းကြီးက ကြီးကြီးလာပြီး ကမ်းပါးကြီးက တဖြည်းဖြည်း ကျသွားရော။

ရေလှိုင်းတွေ ထသွားပြီး ရေမြှုပ်တွေ ထလာတယ်။ ပြိုကျတဲ့ မြေလုံး ကြီးတွေက အိမ်သေးသေး တစ်လုံးစာလောက်တောင်ရှိတယ်။ ဒါကြောင့် မြေတွေ များများပါပြီး အိမ်တွေ မြန်မြန်ဖျက်ရတာပေါ့။

'ကြည့်စမ်း . . . နှင်းနှင်း'

မေမေ့အသံ စူးစူးနဲ့အတူ ကျွန်မရှေ့နားမှာ မြေအက်ကြောင်းကြီး ပေါ်လာတာ ကြည့်နေတဲ့ ကျွန်မကို အတင်းဆွဲခေါ်သွားတာ ခံလိုက်ရတယ်။

'နှင်းနှင်းရယ်၊ သမီးနဲ့တော့ ဒုက္ခပါပဲ၊ မြင်လား၊ ဟိုမယ်'



ကျွန်မကြည့်နေတဲ့ ကမ်းပါးမြေလုံးကြီး ဝုန်းခနဲပြိုကျသွားတယ်။ ကျွန်မ ရပ်နေတဲ့ နေရာက မြေကြီးတွေလဲ ပါတယ်။

'မိုးကကျနေတယ်၊ ဦးထုပ်လဲမပါဘူး။ အမေတို့ကလဲ အလိုလိုက်စရာ ရှိ ရှာအလိုလိုက်တယ်။ ကဲ . . . ပြန်တော့သွား၊ မေမေတို့အိမ်ဖြစ်ဖြစ်သွား၊ ဦးလေးတို့နဲ့သွားကစား'

'ဟင့်အင်း . . . ဘနဲ့ ဒေါ်ဒေါ်တို့နဲ့မှပြန်မယ်'

အိမ်ဖျက်တဲ့နားမှာ ဝိုင်းကူနေကြတဲ့ ဘရယ်၊ လေးလေးရယ်၊ [illegible]ရယ်၊ ဒေါ်ဒေါ်တို့ရယ်ကို ကျွန်မမြင်နေရတယ်။ မေမေက သက်ပြင်း [illegible]ချက်ချင်း ကျွန်မကို စူးစူးစိုက်စိုက်ကြည့်တယ်။

'သမီးဟာ ငယ်တော့တဲ့ အသက်လဲမဟုတ်ပဲနဲ့၊ ပြောရဆိုရသိပ်ခက် တယ် ကလေးလေးလဲမဟုတ်ပဲနဲ့ တစ်ခါတည်း'

'သမီး . . . ကလေးပဲဥစ္စာ'

'ကလေးဆို ကလေးလိုနေရမှာပေါ့၊ ဘာလို့ လူကြီးတွေရှိရာလာလဲ၊ ဘာလဲ သမီးက လူကြီးဖြစ်ပလား အပျိုမကြီးလား'

'သေတောင် အပျိုမဟုတ်ဘူး'

'အေး အပျိုမဟုတ်ရင် ပြန်'

ကျွန်မ စိတ်ဆိုးဆိုးနဲ့ အိမ်ဘက်ကို တအားပြန်ပြေးလာခဲ့တယ်။ ကျွန်မ [illegible]ဘက်မှာတော့ ကမ်းပါးပြိုသံတွေက တဝုန်းဝုန်း။

www.burmeseclassic.com

www.burmeseclassic.com

သမီး ထ ထ ၊ မေမေတို့အိမ်လေး ဖျက်ရတော့မယ်တဲ့။

ကျွန်မကိုလာနှိုးရင်း၊ အမေကြီးက ငိုနေတယ်။ အိပ်မှုန်စုံမွှားနဲ့ ကျွန်မ က မယုံနိုင်ပါ။ တစ်ညပဲရှိသေးတယ်လေ။ တစ်ညအတွင်းမှာ မေမေတို့ အိမ် လေးဆီကိုတောင် ရောက်လာခဲ့ပြီလား။

လမ်းမပေါ်မှာ လူတွေ အများကြီးပဲ၊ ကားကြီးတွေရောပါလား။ တာ ဦးက လူကြီးတွေ လာကြတာတဲ့။ ရေဘေးဒုက္ခကယ်ဆယ်ရေးတဲ့။ ရေဘေးဒုက္ခ သည်တွေကို ကူညီဖို့တဲ့။ ကျွန်မတို့က ရေဘေးဒုက္ခသည်တွေပေါ့နော်။

'မေကြီး ၊ သမီးတို့ ဒီအိမ်ရော ဖျက်ရမှာလားဟင်'

ကျွန်မက စိုးရိမ်တကြီး မေးတော့ အမေကြီးက ခေါင်းကိုသွက်သွက် ခါတယ်။

'ဖွဟဲ့၊ မပြောကောင်း၊ မပြောကောင်း၊ မဖျက်ရပါဘူး သမီးရယ် မေကြီးတို့အိမ်သာ ဖျက်ရရင် အရပ်ပျက်ပြီပေါ့'

ကျွန်မနဲ့မေကြီး မေမေတို့ဆီသွားကြတယ်။ အံ့ဩစရာ။ မေမေတို့ ခြံအရှေ့ထိပ်၊ ဆူးပုပ်ပင်လေးနားကနေ ငုံ့ကြည့်ရင် မြစ်ရေတွေကို မြင်နေရပြီ



အဖျက်ခံနေရတဲ့ မေမေတို့ အိမ်သစ်လေးကို ကျွန်မသနားလိုက်တာ။

ဆေးရောင်အသစ်၊ ရေနံအသစ်၊ သံတိုင်အသစ်လေးနဲ့ အိမ်လေးကို ...စိ ဖျက်ပစ်နေကြတယ်။

မေမေတို့ ဒီအိမ်လေးမှာ တစ်နှစ်ကျော်ကျော်လေးပဲ နေလိုက်ရတာ ...။

မေမေက ဒေါ်ဒေါ်တို့၊ ဒေါ်ဒေါ်အုန်းတို့၊ မေကြီးတို့၊ တခြားမိန်းမတွေနဲ့ ...ည်းတွေ မြန်မြန်သိမ်းနေတယ်။

ဖေဖေ ဘယ်မှာလဲ။

အိမ်ဖျက်တဲ့ လူတွေထဲမှာ ဖေဖေမရှိပါ။

'ဖေဖေ'

ကျွန်မ တိုးတိုးလေး ခေါ်လိုက်မိတယ်။

ဖေဖေတစ်ယောက် ရေထဲပါတော့မယ့် သူ့တရုတ်ဆီးသီးပင် ...နားမှာ။

မငိုပေမယ့် ဖေဖေ့မျက်နှာက ငိုချင်သလို နီရဲနေတယ်။

ဖေဖေက ဒီနှစ်မှ အသီးကြီးသီးနေတဲ့ တရုတ်ဆီးသီး အခိုင်တွေကို ...ကြည့်နေတယ်။ ဖေဖေဟာ သစ်ပင်တွေကို အလွန်ချစ်ခင်မ်း မြတ်နိုးတတ်သူ။ ကြည့်နေရင်းကပဲ 'ဝုန်း'ခနဲ ပြိုကျသွားတဲ့ ကမ်းပါး မြေလုံးကြီးနဲ့အတူ တရုတ် ...ဆီးသီးပင်လေး ရေထဲကို ပါသွားခဲ့ပြီ။

'ဖေဖေ၊ အဲဒီနားမှာ ရပ်မနေနဲ့လေ။ ကမ်းပါးပြိုတဲ့ထဲ ပါသွားလိမ့်မယ်'

ဖေဖေက ကျွန်မကို လှမ်းကြည့်ပြီး မျက်စိမျက်နှာပျက်နဲ့ နောက်ဆုတ် ...တယ်။ ပြီးတော့ သနပ်ခါးပင်လေးနား သွားရပ်နေပြန်တယ်။ သနပ်ခါးပင် ...ကိုတော့ ဖေဖေ့ညီလေးမြင့်တို့က ဝိုင်းပြီးတူးနေကြတယ်။

ကျွန်မကြည့်နေတဲ့ တစ်ချိန်လုံး ဖေဖေဟာ သူ့သစ်ပင်တွေနား တစ်ပင် ...တစ်ပင် ရွှေ့ရွှေ့ပြီးရပ်နေတယ်။ သူ့သစ်ပင်လေးတွေဟာလဲ ရေထဲကို တစ်ပင် ...တစ်ပင်။ ဖေဖေ သနားပါတယ်။

'ဟိုဘက်ကမ်းက လေးမျက်နှာ စေတီကြီး ပြိုကျတော့မှာတဲ့'

'ဘာ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့နားက ပြေးဝင်လာတဲ့ လူတစ်ယောက်ရဲ့ အော်ပြောသံနဲ့ အတူ ဘ ဆီက အထိတ်တလန့် အော်သံပေါ်လာတယ်။ အိမ်ဖျက်တဲ့ နားကနေ ဘဘ ကမ်းပါးထိပ်ကို ပြေးလာတယ်။

'ဟိုဘက်ကမ်းက အိမ်တွေဘက် မပြိုဘူး။ လေးမျက်နှာ ဘုရားဘက် ရေစီးက တိုးနေတာ'

ဟိုဘက် ကမ်းနဖူးထိပ်မှာ ကြည်နူးကြည်ညိုဖွယ် အမြဲဖူးတွေ့နေရတဲ့ လေးမျက်နှာ စေတီတော်ကြီးနားမှာ လူတွေဝိုင်းအုံနေကြတာကို ကျွန်မတို့ဘက် ကနေ လှမ်းမြင်နေရတယ်။ ဘုန်းတော်ကြီးတွေကိုလဲ မြင်ရတယ်။

'ဟော'

မြစ်ဘက်က စေတီတစ်ခြမ်း ရေထဲပါသွားပြီ။ လက်အုပ်ချီထားတဲ့ ဘက မျက်လုံးတွေကို စုံမှိတ်ပစ်လိုက်တယ်။

'ဘတို့ ငယ်ငယ်တုန်းက အဲဒီစေတီကြီးနားက ဘုန်းကြီးကျောင်းမှာ စာသင်ရတာ'

ဘ ပြောတဲ့ လေးမျက်နှာ ဘုန်းကြီးကျောင်းပေါ်မှာ မကြာခင်ရက်ပိုင်း ကမှ ကျွန်မတို့ ရောက်ခဲ့ကြသေးတာ။ ဘုရားပွဲလေ။

ကျွန်မတို့ ဘုရားပွဲပြီးတာနဲ့ ဟိုဘက်ကမ်း လေးမျက်နှာဘုရားပွဲ။ ဘုရားပွဲလုပ်တဲ့ 'လက်ရွေး' ရပ်က တစ်ရပ်လုံး ယက်ကန်းလုပ်ကြတယ်။

ညပိုင်းမှာ လေးမျက်နှာဘုန်းကြီးကျောင်းက 'ဆီမီးမျှော' တာကို ကျွန်မ တို့ဘက်ကနေ ကြည့်ရတာ သိပ်ကောင်းတာပဲ။ ကမ်းနဖူးထိပ်က လေးမျက်နှာ စေတီကြီးကို ဆီမီးတစ်ထောင် ပူဇော်ထားတာလဲ သိပ်သပ္ပါယ်တာ။

အခု အဲဒီစေတီကြီး ရေထဲမှာ ပျောက်ဆုံးသွားတော့မယ်။

'ဘုရား . . . . ဘုရား'

ဘရဲ့ ဘုရားတသံက ငိုသံပါနေတယ်။ စေတီကြီးနားက ကမ်းပါး လုံးတွေ တဝုန်းဝုန်း ဆက်တိုက်ပြိုကျကုန်ကြပြီ။

နောက်ဆုံးမှာ ကြီးမားကျယ်လောင်လှတဲ့ 'ဝုန်း' ဆိုတဲ့ အသံကြီး။ စေတီတော်ကြီး ကမ်းနဖူးပေါ်ကနေ ပျောက်ကွယ်သွားခဲ့ပြီ။

လက်အုပ်ချီထားတဲ့ လက်ပေါ်မှာ မျက်နှာအပ်ပြီး ဘ ငိုနေပါ



[illegible]လား။

'လာပါ ဘ ရာ'

အိမ်သစ်ကလေးရဲ့ ကျိုးပဲ့ ပျက်စီးနေတဲ့ အပိုင်းအစတွေကို လူတွေ [illegible]ြန်သယ်ထုတ်နေကြတယ်။

'နှင်းနှင်းတို့ မြန်မြန်လာဟော့'

မုန်းစရာကောင်းတဲ့ ဝုန်းဆိုတဲ့ အသံကြားရပြန်ပြီ။ မနုတ်ရသေးတဲ့ [illegible]ခတို့ အိမ်သစ်လေးရဲ့ အိမ်တိုင်တွေ ရေထဲကို ပါသွားခဲ့ကြတယ်။

မေမေတို့ပစ္စည်းတွေ ကျွန်မတို့ အိမ်ရွှေ့ပြီး နေ့လယ်ပိုင်းလောက်မှာ [illegible]တို့ဆိပ်တည့်တည့်က ကမ်းပါးပြိုတာ ရပ်သွားပြီ ဆိုတဲ့ သတင်းကိုကြား [illegible]ယ်။

ဒါပေမယ့် ညနေပိုင်းရောက်တာနဲ့ ကူးတို့ဆိပ် အထက်ပိုင်း ကျွန်မတို့ [illegible]နဲ့ဆို အရှေ့မြောက်ပေါ့။ အဲဒီနေရာကို ရေတအား တိုးစီးလာပြီး ကမ်းပါးတွေ [illegible]လာပြန်ပြီတဲ့။

www.burmeseclassic.com

www.burmeseclassic.com

လူတွေ အထိတ်တလန့် ပြေးလွှားနေကြပြန်ပြီ။

ကျွန်မတို့ အိမ် ဖျက်ရတော့မယ်တဲ့။

ကျွန်မကို မွေးတုန်းက မေမေအိပ်ခဲ့တဲ့ အိမ်နောက်ဖေးအဖီ၊ ပျဉ်ပြား လေးတွေကို ဖျက်ခွာနေကြတာကို ကျွန်မ ဝမ်းနည်းပက်လက် ကြည့်နေမိတယ်။

ခဏကြာရင် ဘ အိပ်တဲ့နေရာ၊ မေကြီးနဲ့ ကျွန်မ အိပ်တဲ့နေရာ ဒေါ်ဒေါ် အိပ်တဲ့နေရာတွေ ပျောက်ဆုံးသွားကြတော့မယ်။

ဟိုမှာ အိမ်ခေါင်းရင်းက ကျွန်မတို့ ပန်းပင်စိုက်တဲ့ အုတ်ခုံကြီး သေသွားတဲ့ 'ဒေါင်းလေး' နေခဲ့တဲ့နေရာ။

အုတ်ခုံဘေးမှာ ကျွန်မချစ်တဲ့ မာလကာပင်။ သိပ်စားလို့ ကောင်း တဲ့ မာလကာသီးတွေ သီးတဲ့အပင်။

မာလကာပင်နဲ့ အုတ်ခုံကြီးဘေးက 'တောင်ချောင်' သွားတဲ့ လမ်းကြား လေး ဘယ်ရောက်သွားပြီလဲ။

လမ်းကြားလေးနေရာမှာ တဟဲဟဲ စီးဆင်းနေတဲ့ ရေပြင်ကျယ်ကြီး လူတွေ၊ အိမ်တွေ အများကြီးရှိတဲ့ 'တောင်ချောင်' ဆိုတဲ့ အစုလေး



...တော့ဘူးဆိုတာ တကယ်ပဲလား။

မာလကာပင်အောက်က လေးလေး ဘားကစားတဲ့ ဘားတန်းလေးတွေ ...ရာ။ လေးလေးက သူ့ဘားတန်းတွေကို ကြိုးစားပမ်းစား နှုတ်ယူနေတယ်။

'နှင်းနှင်းရေ၊ သမီးအိုးပုတ်လေးတွေ လာသိမ်းဦးလေ . . .'

လေးလေး ဘေးနားက မြေကြီးပေါ်မှာ ကျွန်မ ပစ်ထားတဲ့ စဥ့်အိုးပုတ် ...တွေကို မြင်ရတယ်။ အိုးပုတ်ကို ကျွန်မသိပ်မမက်မောတော့လို့ ပစ်ထား ...ပေမယ့် ကျွန်မ ကပျာကယာသွားပြီး ကောက်ယူလိုက်ပါတယ်။

ရေထဲမှာ ကိုဖိုးလူဆိုတဲ့ လူကြီးလို ကျွန်မအိုးပုတ်လေးတွေ ...လိမ့်လိမ့် ပါသွားမှာကို ကျွန်မ မကြည့်နိုင်ပါ။

'ရွှေလဆို ငါ့ဂေါ်သဇင်က ပွင့်တော့မှာ'

မန်ကျည်းပင်ကို နွယ်တက်နေတဲ့ ဆောင်းဂေါ်သဇင်ပင်နဲ့ ပန်းဖူးတွေ ... မော့ကြည့်ရင်း ဒေါ်ဒေါ်က မျက်ရည်တွေကျနေတယ်။

မေကြီးကတော့ အုတ်ခုံပေါ်မှာ။

'တိုင်ထောင်စိုက်ထားတဲ့ သူ့ကွမ်းပင်က ကွမ်းရွက်တွေကို မြန်မြန် ...ယူနေတယ်။ မေကြီးလဲ ငိုနေတာပါလား။

ကမ်းပါးပြိုသံတစ်ခု 'ဝုန်း' ခနဲ ကြားရပြန်တယ်။

အို . . . အုတ်ခုံကြီး ထောင့်စွန်း ပါသွားပြီ။ 'ဒေါင်းလေး' ...တဲ့ထောင့်။

'မေကြီး . . . မြန်မြန်ဆင်းခဲ့'

ကျွန်မ အလန့်တကြား အော်လိုက်မိတယ်။ ဘရဲ့ မေကြီးကိုဆူတဲ့ ...သံတွေ ပွက်လောရိုက်သွားတယ်။

မေကြီးက တုန်တုန်ယင်ယင်နဲ့ မန်ကျည်းပင်အောက် ကွပ်ပျစ်ပေါ်မှာ ...ထိုင်နေတယ်။

'မြန်မြန်ဖျက်ကြဟေ့၊ ကမ်းပါးပြိုတာ ပိုစိပ်လာတယ်'

မြန်မြန်ဖျက်ခိုင်းတဲ့ တံတားဦးက လူကြီးတစ်ယောက်ကို ကျွန်မမုန်း ...ယ်၊ အိမ်အောက်ထပ်က သစ်သားမျက်ကွက်လေးတွေကို ခွာနေပြီ။

အဲဒီ သစ်သားမျက်ကွက်အောက်ခြေက ရွက်လှပန်းအိုး နှစ်အိုးကြား

www.burmeseclassic.com

www.burmeseclassic.com



ဟာ ကျွန်မ ဓါတ်ပုံရိုက်ခဲ့တဲ့နေရာ။

ဖေဖေရိုက်ပေးတာ။

ဓါတ်ပုံထဲမှာ ကျွန်မက ဘိုကေနဲ့၊ မြင်ကွင်းကျယ် ဂါဝန်အနက်ကွက်နဲ့ ကတ္တီပါဖိနပ်ခုံထူအနက်နဲ့၊ ခြေချင်းနဲ့ ဖင်ထိုင်ခုံလေးပေါ်မှာ ရပ်နေတယ်။

ညာဘက်လက်မှာ စက်မသွားတဲ့နာရီလေးကို ပတ်ထားတယ်။ လည်ပင်းမှာလဲ မေကြီးဆွဲကြိုး၊ မေမေ့ဆွဲကြိုးနဲ့ ဒေါ်ဒေါ့်ဆွဲကြိုး သုံးကုံးတောင် ထပ်ပြီး ဆွဲထားသေးတယ်။ မျက်ခုံးအထက်က အနာရွတ်ကလဲ အထင်းသား နှုတ်ခမ်းကိုလဲ ချွန်နေအောင် စူထားလိုက်တာ။

'နှင်းနှင်း၊ သမီး. . . ဒီကိုလာလေ'

ဘ က ကျွန်မကို အရေးတကြီး လှမ်းခေါ်သံ။ ဘာဖြစ်လို့လဲ။

အို . . . မာလကာပင် ထိပ်ဖျားက အရွက်တွေ ဆတ်ခနဲ ခါယမ်း သွားတာကို ကျွန်မမြင်လိုက်ရတယ်။

မာလကာပင်အောက်ခြေနားမှာ ပေါ်လာတဲ့ မြေအက်ကြောင်းကြီး ကိုကြည့်ရင် ကျွန်မငိုချင်လာတယ်။ ဟင့်အင်း ကျွန်မ မကြည့်ချင်ပါ။

မေကြီးထိုင်နေတဲ့ ကွပ်ပျစ်ဆီကို ကျွန်မ ပြေးလာခဲ့တယ်။

မေကြီးပေါင်ပေါ်မှာ ကျွန်မမျက်နှာအပ်လိုက်တဲ့ အချိန်မှာပဲ 'ဝုန်း' ဆိုတဲ့ ကမ်းပါးပြိုသံကြီးကို ကြားလိုက်ရတယ်။

သွားပြီ။ ကျွန်မချစ်တဲ့ မာလကာပင်လေး။

ကျွန်မရှိုက်ကြီးတငင် ငိုချလိုက်ပါတယ်။

ကျွန်မနားထဲမှာ ဘရဲ့ တဝေါ့ဝေါ့ အန်သံကိုလဲ ကြားရတယ်။

...မင်းထုပ် . . . ထမင်းထုပ်'

'ဦးကျော်၊ ဦးဘမောင်'

ဆွဲခြင်းလေးကိုင်ပြီး ကျွန်မ လူတွေရှေ့ကို တိုးထွက်လိုက်ပါတယ်။ ...မင်းထုပ် တောင်းကြီးတွေနားက စာရင်းစာအုပ်နဲ့ လေးလေးကြည်က

'နှင်းနှင်းက နှစ်အိမ်ထောင်စာယူမှာ ဟုတ်လား'

ကျွန်မ ခေါင်းညိတ်ပြလိုက်တယ်။ လေးလေးကြည်က စာရင်းစာအုပ် ...ကြည့်ပြီး 'ဆယ့်နှစ်ထုပ်' လို့ အော်လိုက်တော့ ထမင်းထုပ်တွေ ထည့်ပေးရတဲ့ ...ကြီးလှဆောင်က ကျွန်မ ဆွဲခြင်းထဲကို ကျရာထမင်းထုပ် ဆယ့်နှစ်ထုပ် ဆွဲ ...ည့်ပေးတယ်။

'ကဲ . . ငါ့တူမစားမယ့် ထမင်းထုတ်ထဲမှာ ဝက်သားဟင်း ပါ ...စေဗျား'

ကျွန်မကိုစတဲ့ ဘကြီးလှဆောင်ကိုကြည့်ပြီး ပြောဝိုင်းက ဦးရွှေရိုးနဲ့ ...တဲ့ မာဖလာနဲ့၊ ပါးအိုနီတွေရဲ့တဲ့ မိန်းမလုပ်ကသူကို သတိရနေမိတယ်။

ဘကြီးလှဆောင်က ငှက်ခတ်တယ်။ သူက ရပ်ကွက်ပြောဝိုင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



သူများအရပ် ဘုရားပွဲ ဆွမ်းပွဲသွားပို့ရင် အမြဲတမ်း ဦးရွှေရိုးနဲ့တွဲတဲ့ မိန်းမယူ တယ်။ သူကအရပ်ပုပု၊ အသားမည်းမည်း ဝဝ။ မိန်းမနဲ့လဲမတူပါဘူး။

ဒါပေမယ့် သနပ်ခါးလိမ်း၊ ပါးအို့နီဆိုး၊ မာဖလာစီး၊ ဘော်လီတွေ၊ မိန်း မထဘီ၊ အင်္ကျီတွေ ဝတ်လိုက်ပြီး ကွေးနေအောင် ကရင်တော့ မိန်းမနဲ့ တကယ် တူတာပဲ။ ရယ်စရာလဲ ကောင်းတယ်။

'ဦးသောင်းတင်၊ ဦးသောင်းတင်'

ထမင်းထုပ်ဝေတဲ့နားကနေ ကျွန်မမြန်မြန်ပြန်ထွက်ခဲ့တယ်။ ကျွန်မ ထမင်းထုပ်တွေကို ဖြေကြည့်ချင်လှပြီ။

ကျွန်မတို့ ခုနေရတဲ့အိမ်က ဖေဖေရဲ့ တစ်ဦးတည်းသော အစ်မအကြီး ဆုံး အရီးသန်းတို့အိမ်။ အရီးသန်းတို့က တစ်အိမ်ထောင်လုံး အထက်မှာ သွားနေ ကြတော့ လူမရှိဘူး။

အရီးသန်းတို့အိမ်က အုတ်ခုံခံ၊ နှစ်ထပ်အိမ် အကြီးကြီး။ အုတ်ခုံကြီးထဲ က လူတစ်ရပ်ကျော် ရေလွှတ်လုပ်ထားတာ။

အိမ်အောက်ထပ်ကိုတက်ဖို့ အုတ်လှေကား အကြီးကြီး တပ်ထား တယ်။ အိမ်ပေါ်မှာ ဘုရားစင်ကလဲ အကြီးကြီးပဲ။

ဘုရားစင်က ကြေးဘုရားဆင်းတုကလဲ အကြီးကြီးပဲ။ ဒီအိမ်ကြီးကို သားသမီးမရှိတဲ့ ဖေဖေ့ အမေရဲ့အစ်မ၊ ဖေဖေတို့ကြီးဒေါ် ဘွားဘွားမေက အရီးသန်း တို့ကို ပေးခဲ့တာတဲ့။

အရီးသန်းတို့အိမ်နဲ့ ဖေဖေတို့ အဖေ့ အမေအိမ်က ကံသိပ်ကောင်း သွားခဲ့တယ်။ ကျွန်မတို့အိမ်နဲ့ တစ်တန်းတည်း၊ လမ်းညာဘက်ခြမ်းမှာ သူတို့ နှစ်အိမ်ပဲ ကျန်တော့တာ။

လမ်း ဘယ်ဘက်ခြမ်းကလဲ သုံးအိမ်ပဲကျန်တယ်။ 'မြောက်ပိုင်း' လို့ ခေါ်တဲ့ ရပ်ကွက် မြောက်ဘက်ပိုင်း အိမ်တွေကတော့ တစ်အိမ်မှ ပါမသွားခဲ့ ဘူး။ ခုဆို မြောက်ပိုင်းရေဆိပ်မှာ သွားပြီး ဘ တို့ကူးတို့ ဖွင့်ရတယ်။

အရီးသန်းတို့အိမ်ကနေ နည်းနည်းလျှောက်လိုက်တာနဲ့ မြစ်ဆိပ်ကို ရောက်သွားတော့တာပဲ။ အိမ်ဖျက်ရတဲ့လူတွေကို မြို့တွင်းထဲ နေရာပေးမယ်ဆို လို့ လူတွေစိတ်ညစ်ကြတယ်။



မြို့တွင်းဆိုတာ မြို့ရိုးပျက်ကြီးရဲ့ အတွင်းကိုခေါ်တာ။ အဲဒီမှာ လယ် ကွက်တွေပဲရှိတယ်။ မြို့ပျက်သွားတဲ့နေရာဆိုပြီး ဘယ်သူမှ မနေချင်ကြဘူး။

အနောက် လမ်းမဘေးမှာကပ်ပြီး အိမ်လေးတွေ၊ တဲလေးတွေ ဖြစ်က တတ်ဆန်း ဆောက်ပြီး နေကုန်ကြတယ်။ တချို့လဲ တခြားရပ်ရွာ ပြောင်းကုန် ကြတယ်။

ကျွန်မကိုတော့ မေကြီးတု (ဖေဖေ မေမေ) တို့ရဲ့ အိမ်ရဲ့ အနောက် ဘက်က မြေကွက်မှာ အိမ်ပြန်ဆောက်မယ်လို့ ဘ ကပြောတယ်။

မေမေတို့၊ လေးလေးတို့၊ ဒေါ်ဒေါ်တို့ကတော့ စစ်ကိုင်းဘက်ကို ပြောင်းနေချင်ကြတယ်။ ဒါပေမယ့် ဘ ကပြောတယ်။ 'ငါ အင်းဝသားကွ၊ ငါ့ အဖိုး ငါ့ဘွား၊ ငါ့မိ၊ ငါ့ဖ ခေါင်းချတဲ့ အရပ်မှာပဲ ငါခေါင်းချမယ်' တဲ့။ ပြီးတော့ ဘ ငိုတယ်။

'အဖေ့ကို ပစ်သွားချင်လဲ ပစ်သွားကြ၊ အဖေကတော့ သားသမီးတွေနဲ့ အသက်လုံး မခွဲဘဲ နေချင်တာပဲ။ အေး ညည်းတို့ပြောင်းရင် နှင်းနှင်းကိုတော့ ထားခဲ့'

ကျွန်မလေ မေမေတို့ ဒေါ်ဒေါ်တို့ကို သိပ်မုန်းနေမိပြီး မျက်နှာမသာ ဘာနဲ့ ကူးတို့ကို သွားနေတဲ့ ဘ ကို နေ့တိုင်းပဲ သနားလို့ နေမိတယ်။

ဘ နဲ့ပဲ နေမယ်ဆိုတဲ့ စကားကို အကြိမ်ကြိမ်ရေရွတ်နေမိတယ်။

'နှင်းနှင်းလာပြီဟေ့ . . ၊ ကောင်မလေးတစ်ယောက် ထမင်းထုပ် တွေ နဲ့ ရောက်ဘူးလား'

'ရှက်ပေါင်'

ကျွန်မ အိမ်ထဲဝင်လာတာနဲ့ ဒေါ်ဒေါ်က လှမ်းစတယ်။ သူတို့က ထမင်းထုပ်သွားယူရမှာ ရှက်လို့တဲ့၊ ပြီးတော့ကျ သူတို့လဲစားသေးတယ်။

ကျွန်မကတော့ ထမင်းထုပ်ထဲက ဟင်းတွေကို မကြိုက်လှပေမယ့် ထမင်းထုပ်ထဲက ပါလာတတ်တဲ့ စာလေးတွေ၊ ပန်းသည်းလေးတွေကို သိပ်သဘော ကျတာပဲ။

ထမင်းထုပ်ဖွင့်လိုက်ရင် ထမင်းအပေါ်ယံက ဖြစ်ဖြစ်၊ အလယ်ခေါင် က ဖြစ်ဖြစ် ပလပ်စတစ်ထုပ်လေးတွေ ပါလာတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပလပ်စတစ်ထုပ်ကို ဖြေလိုက်ရင်တော့ စာခေါက်လေးတစ်ခု၊ ပြီးတော့ ဓာတ်မီးခြစ်၊ နားဖာကလော်၊ လက်သည်းညှပ်ဖွန်းသေးသေးလေး၊ လက် ရည်သောက် ပန်းကန်သေးသေးလေးတို့လဲ ပါလာတတ်တယ်။ ပိုက်ဆံ အခေါက်လေးတွေနဲ့ ပါလာတတ်တယ်။

ရေးထားတဲ့ စာလေးတွေကလဲ အမျိုးမျိုး။

ဒီလို ပစ္စည်းမျိုးလေးတွေက လိုအပ်တတ်ပါတယ်။ အဖိုးတန်သည် မတန်သည်ဟု သဘောမထားပါနှင့်။

ဒုက္ခ၊ သုက္ခနှင့် သိမ်းရင်းဆည်းရင်း ရှာမတွေ့မှာစိုးသည့်အတွက် ကိုယ်ချင်းစာနာစိတ်နှင့် ဤနားဖာကလော်ကို ထည့်ပေးလိုက်ရပါသည်။

နည်းသည်များသည် မအောက်မေ့ပါနဲ့၊ ဒုက္ခရောက်နေချိန် လို သုံးရန် ငွေ ၅ကျပ် ။

အိမ်ဖျက်ရလို့ စိတ်ညစ်မနေပါနဲ့၊သည့်ထက်သာတဲ့ ဘဝမှာ တိုက် ကြီးကြီး ဆောက်နိုင်ဖို့ ဆေးလိပ်လေးဖွာပြီး အကြံထုတ်နိုင်ရန် အောင်လံ ဓာတ်မီးခြစ်လေး ထည့်ပေးလိုက်ပါတယ်။

ကျွန်မက အဲဒီလို စာမျိုးလေးတွေကို ဘာလို့မှန်းမသိ၊ သိပ်ဖတ်ချင် ပါတယ်။ တံတားဦးကစပြီး အင်းဝတစ်မြို့လုံးမှာရှိတဲ့ ရပ်ကွက်တွေက အလှူ ကျဆင့်ပြီး ယူလာတဲ့ ထမင်းထုပ်ကားကြီး လာပြီဆိုတာနဲ့ ကျွန်မ ခြင်းတွဲ ပြေးတာပဲ။

အိမ်ပြန်ရောက်ပြီးတာနဲ့ ထမင်းထုပ်တွေ အကုန်ဖွင့်။ ဖွန်းနဲ့ရှာ နှောက်ပြီး ပလပ်စတစ်ထုပ်လေးတွေ ပါမပါ ရှာတတ်တယ်။

ထမင်းထုပ်ရပေမယ့် မေကြီးတို့၊ မေမေတို့က အိမ်မှာလဲ ဟင်းချက် သေးတယ်။ ဆန်မျိုးစုံထမင်းမို့ မစားတတ်ဘူးဆိုပြီး ထမင်းလဲချက်တာပဲ။

ဒါပေမယ်လို့ အချိန်တန်ရင် ထမင်းထုပ်ရော၊ အိမ်က ထမင်းဟင်း တွေရော အကုန် ကုန်တယ်။ ဧည့်သည်တွေက အများကြီးလာတာကိုး။

'ရေဘေး' လာမေးကြတဲ့ စစ်ကိုင်း၊ မန္တလေးက အမျိုးတွေ၊ မြို့သာ တံတားဦးတို့က ဘရဲ့ မိတ်ဆွေတွေ၊ လေးလေးမိန်းမ ဒေါ်ဒေါ်အုန်းတို့ အမျိုး ဆွေ ပြီးတော့ ဖေဖေတို့ဘက်က အမျိုးတွေ။ အရီးသန်းတို့ အိမ်ကြီးမှာ ဆွေမျိုး



ဟာတွေနဲ့ နေ့တိုင်း စည်ကားစပြုလာတယ်။

သူတို့ ယူလာတဲ့ စားစရာသောက်စရာတွေ ကို ချက်ပြုတ်စားကြ ကြ၊ အိမ်ဆောက်ဖို့ တိုင်ပင်ကြနဲ့ မေကြီးတို့ မေမေတို့ စိတ်ကြည်လင် လာတယ်။

ဘ မျက်နှာကလဲ ကြည်လင်လာပြီး ဖေဖေလဲ အထက်တစ်ခေါက် သွားပြီ။

ကျွန်မလဲ ည လသာသာမှာ အရီးသန်းတို့ အိမ်ကြီးရှေ့က ထိုင်စရာ ခုံတန်းလျားမှာ သူငယ်ချင်းတချို့ (ဘုတ်သိုက်တို့ကတော့ အထက်ပြောင်း ပြီ) နဲ့ညီမလေးတွေကို ဇာတ်လိုက်တွေ လုပ်ခိုင်းပြီး အငြိမ့်ပြဇာတ် တဲ့ ကစားနည်းအသစ်ကို အင်မတန် သဘောကျလို့ နေခဲ့ပြီ။

ကျောင်းလဲ ပြန်တက်ရပြီလေ။ မေမေက ကျောင်းရထားလခ ချွေတာ နေနဲ့ ကျွန်မကို ကိုယ့်စက်ဘီးနဲ့ ကိုယ် ကျောင်းတက်ခွင့်လဲ ပေးလိုက်ပြီ။

ဒါပေမယ့် ကိုယ့်စက်ဘီးလေးနဲ့ကိုယ် ကျောင်းတက်ရတဲ့ ကျွန်မရဲ့ ပျော်ရွှင်မှုဟာ အတန်းတင် စာမေးပွဲကြီး ဖြေခါနီးထိပဲ ခံပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

တပို့တွဲလရဲ့ မနက်ခင်းဟာ ဆောင်းနှင်းကြွင်းတွေနဲ့ ပိန်းပိတ်လို့ နေခဲ့တယ်။

ချမ်းလိုက်တာလဲ ခိုက်ခိုက်တုန်လို့။ ဒီလဟာ မြတ်စွာဘုရားတော်ရဲ့ ခြေတော်လက်တော်အေးလို့ နံ့သာထင်းမီးပုံ ကပ်လှူရတဲ့လလို့ မေကြီးက ပြောဖူးတယ်။

ကျောင်းသွားဖို့ ပြင်ဆင်ရင်း ကျွန်မခေါင်းထဲက မူးတူး၊ မူးတူး ဖြစ်နေတယ်။

အိပ်ရေးမဝလို့ဘဲလို့ ထင်စရာအကြောင်းမရှိပေမယ့် ညကလို 'နွားမ ခြံရုံ' မှာ ဓာတ်ရှင်မကြည့်ဘဲ နေတော့လဲ မူးတူးမူးတူး ဖြစ်နေတတ်တာ ကြာပြီ။ မနက်အစောကြီး စာထကျက်လို့ များလားလဲ မသိပါဘူး။

'မနှင်း၊ သမီး ဘာဖြစ်နေလဲ၊ ရှုံ့မဲ့ရှုံ့မဲ့နဲ့

စက်ဘီးဖုန်သုတ်ရင်း မျက်နှာမကြည်နေတဲ့ ကျွန်မကို အမေကြီးက မြင်တယ်။

'သမီး ခေါင်းမူးနေတယ်'

'မူးမှာပေါ့၊ ညက ဓာတ်ရှင်လိုက်ကြည့်တာကိုး။ နောက်နေ့တွေ လုံး



...ကြည့်ရတော့ဘူးနော်၊ နှင်းနှင်း၊ စာမေးပွဲနီးနေပြီ၊ကြားလား '

'ဟုတ်ကဲ့ပါ'

သူပြောတာကို ဟုတ်ကဲ့ပြန်ပြောမှကြိုက်တဲ့ မေမေက ကျေနပ်သွားတယ်။ မေမေ့ကို ဟုတ်ကဲ့ လိုက်ရပေမယ့် နောက်နေ့ညတစ်ညမှာ ကျွန်မ ...ကြာကြီး မျှော်လင့်ခဲ့ရတဲ့ 'ချစ်သမီး' ဇာတ်ကား နွားမခြံရုံမှာ ပြခဲ့ရင်တော့ ...မ ဘာပြောပြော ကျွန်မလိုက်မှာပဲ။ လေးလေးတို့နဲ့လေ။

စန္ဒာမုနိ ဘုရားကုန်းပေါ်မှာ မီးစက်နဲ့ပြတဲ့ 'နွားမခြံရုံ' ရှိတယ်။ ထရံ ...ဘက်ကာပြီး အမိုးမပါတော့ နွေနဲ့ဆောင်းပဲ ဓာတ်ရှင်ပြတယ်။ လူကြီး ...စ်ကျပ်ခွဲ၊ ကလေး သုံးမတ်၊ ကျွန်မက စကပ်ဝတ်ထားပေမယ့် ရုံပေါက်စောင့် ...ကြီးက အမြဲလူကြီးတွက်တောင်းလို့ စိတ်တိုရသေးတယ်။ ဟင့်အင်း ကျွန်မ ...ကြီး မဟုတ်သေးပါဘူး။

'သမီး . . . အေးတယ်နော်၊ ဖလန်နယ် ဘောင်းဘီရှည် ခံဝတ်ရဲ့လား၊ ...တီအစိမ်းက ပါးပါးလေးရယ်၊ အနွေးထည်ကော နှစ်ထပ်ဝတ်လား'

'ဟာ . . အမေကြီးကလဲ အကျႌတော့ နှစ်ထပ်မဝတ်ချင်ဘူး။ ...ဘီးစီးတော့ နွေးသွားတာ၊ ချွေးတွေတောင် ပြန်လာဦးမယ်'

ကျွန်မ စက်ဘီးကို မြန်မြန်တွန်းထုတ်ခဲ့တယ်။ လမ်းမပေါ်မှာ အဖော် ...တဲ့ စက်ဘီးဘဲလ်သံတွေ တညံညံနဲ့။ အစ်ကို၊ အစ်မ ဝမ်းကွဲတွေရဲ့ စက်ဘီး ...တွေပေါ့။

ကျွန်မနဲ့ ရွယ်တူသူငယ်ချင်းတွေရဲ့ စက်ဘီးကတော့ တစ်စီးတစ်လေ ...ောင်မပါဘူး။ အမြဲပဲ အကြီးတွေနဲ့ပဲ ကျွန်မသွားရတယ်။

ကျွန်မနဲ့တူတူသွားရတဲ့ မမလဲ့က ဆယ်တန်းတောင်ရောက်နေပြီ။ ...လဲ့နဲ့ ကျွန်မ ချမ်းချမ်းနဲ့စက်ဘီးတအားနင်းကြတယ်။

စက်ဘီးလက်ကိုင်တွေက ရေခဲချောင်းကြီးတွေ ကိုင်ရသလိုပဲ။ နင်းခါ ...မှာ လက်တွေ၊ ခြေထောက်တွေ ထုံကျဉ်အေးစက်နေကြတယ်။

နှင်းတွေက ရှစ်နာရီ ကျွန်မတို့ ကျောင်းရောက်တဲ့အထိ မကွဲသေးဘူး။ ...ပေမယ့် ကျွန်မအခန်းထဲရောက်တဲ့အချိန်မှာ ကျွန်မ လက်တွေက နွေးနေပြီး ...ွေးတောင် စို့ချင်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဟေ့ . . သန်းသန်းမြင့် ၊ ဘာဖြစ်လို့လဲ'

ခုံပေါ်မှာ မှောက်အိပ်နေတဲ့ သန်းသန်းမြင့်ခေါင်းကို ကျွန်မ ပုတ်လိုက်တော့ သန်းသန်းမြင့်က ခေါင်းမော့ကြည့်တယ်။

'ခေါင်းကို မလုပ်စမ်းပါနဲ့ဟာ၊ ခေါင်းမူးလို့ပါဆိုနေမှ'

'နင် စာတအားကြိုးစားလို့ နေမှာပေါ့။ နင် ညဘယ်နှစ်နာရီထိ စာကျက်လဲ၊ စာတွေအကုန်ရပြီလား'

'ဟင့်အင်း . . မရသေးဘူးဟာ၊ ငါခေါင်းမူတာက စာကျက်တာနဲ့ မဆိုင်ပါဘူး။ ငါညကိုးနာရီဆို အိပ်တာပဲဟာ၊ ငါဖျားချင်လို့ပဲ ဖြစ်ရမယ်'

သန်းသန်းမြင့်က ခုံပေါ် ပြန်မှောက်သွားတယ်။ ကျောင်းတက်ပြီး ၁၅မိနစ် အနားပေးဆင်းတဲ့ထိ သူခေါင်းမူးနေလို့ အိမ်သာသွားတာတောင် ကျွန်မနဲ့မလိုက်နိုင်ဘူး။

ရှေ့တန်းက မတင်တင်ဆိုတဲ့ အစ်မကြီးကို ခေါ်သွားရတယ်။ ခင်စန်းဦးကလဲ မနေ့ကတော့ အကောင်း၊ ဒီနေ့ ဖျားလို့တဲ့။ ခွင့်တင်ထားတယ်။ ဒါနဲ့ သန်းသန်းမြင့်လဲ ဖျားတော့မယ်ထင်တယ်။

'နှင်းနှင်း၊ ငါအရင်ဝင်မယ်နော်၊ နင်တံခါးကို သေချာလဲ ဆွဲထားဦး'

'အင်းပါဗျာ'

အိမ်သာထဲ မတင်တင်က အရင်ဝင်တယ်။ ကန့်လန့်မရှိတော့တဲ့ အိမ်သာတံခါးကို ကျွန်မက ကျောနဲ့ဖိပြီး ပိတ်ထားပေးရတယ်။

ကန့်လန့်မရှိတော့တဲ့ အိမ်သာရှေ့မှာတော့ ကျောင်းသူတွေ အများကြီး စောင့်နေကြတယ်။ အဲလိုစောင့်ရင်း စောင့်ရင်းနဲ့ ဆယ့်ငါးမိနစ်ပြည့်ပြီး ကျောင်းက တက်ရော။

'နှင်းနှင်း နေဦးနော်၊ တံခါးမဖွင့်နဲ့ဦး'

'အင်းပါ'

မတင်တင်က တကယ်ရယ်ရတယ်။ သူက ကျွန်မတို့ အတန်းထဲမှာ အသက်ကြီးဆုံး၊ လူကြီးနဲ့တူတယ်။ တစ်ပတ်လျှိုဆံထုံးကို လက်ညှိုးလောက် ဆံမြိတ်လေး ငေါက်တောက်နဲ့ ထုံးထားတတ်ပြီး စကားပြောရင်လဲ အကျယ်ကြီး အော်ပြောတတ်တယ်။



'နင်မြန်မြန်လုပ်နော်၊ မုန့်တန်းဘက် သွားကြဦးစို့'

'အချိန်ရပါ့မလားဗျ'

'ရပါတယ်ဟာ၊ ခုမှ ငါးမိနစ်ကျော်ကျော်ပဲ ရှိသေးတယ်'

မတင်တင်က လူကြီးပီပီ နာရီလဲ ပတ်တတ်နေပြီ။ ကျွန်မကတော့ နာရီပတ်တာ မိန်းမကြီးနဲ့တူလို့ မပတ်ချင်ပါဘူး။ မေမေကလဲ ခုနစ်တန်းကျမှ ဝယ်ပေးမယ်တဲ့။

အိမ်သာကြောက်တဲ့ ကျွန်မက အသက်အောင့်ပြီး မျက်စိမှိတ်ပြီး အိမ်သာဝင်တက်တယ်။ အမြန်ဆုံးလဲ ပြန်ထွက်လေ့ရှိတယ်။ ဒါပေမယ့် တံခါးကို တွန်းဖွင့်မယ်လုပ်ပြီးမှ ရင်စီးအင်္ကျီအပ်ချိတ်က ပြုတ်ထွက်သွားတော့ အပ်ချိတ်ကို ပြန်တွယ်ရပြန်ရော။

'နှင်းနှင်း'

'. . . . . . .'

'နှင်းနှင်း ၊ နင်ဘာဖြစ်နေတာလဲ၊ ကြာလိုက်တာ၊ ကျောင်းတက်သွားတော့မယ်'

'အင်းပါ ၊ ခဏလေး'

'ဘာမှန်းလဲမသိဘူး'

'ဘာမှန်းသိမနေနဲ့၊ ဖွင့်တော့'

ကျွန်မက အိမ်သာအောက်ကို ခုန်ဆင်းလိုက်တယ်။

'ကဲ. . လာ၊ သွားမယ်လေ'

မမတင်က မသွားသေးဘဲနဲ့ ကျွန်မကို စူးစိုက်ကြည့်တယ်။

'လာလေဗျာ၊ မြန်မြန်ပြေးရအောင်၊ ကျောင်းတက်လိမ့်မယ်'

'နှင်းနှင်း'

'ဘာလဲ'

မတင်တင်က ရုတ်တရက် ကျွန်မတင်ပါးကို ဖတ်ခနဲ ရိုက်ပြီး ကြည့် လိုက်တယ်။

'နင် . . . ဟိုဒင်းမဟုတ်လား'

'ဘာ'

www.burmeseclassic.com



ကျွန်မ တအားဒေါသဖြစ်ပြီး တအားလဲရှက်သွားမိတယ်။

'ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ၊ ကျွန်တော်ဘာမှ မဖြစ်ဘူးဗျ'

'မယုံပါဘူး၊ နင်ညာတာ'

'မယုံလဲသေပေါ့၊ ခင်ဗျားသာဖြစ်တာ၊ ခင်ဗျားသာ အပျို'

မျက်နှာပျက်သွားတဲ့ မတင်တင်ကို ထားခဲ့ပြီး ကျွန်မ အတန်းဆီကို ပြေးလာခဲ့တယ်။ မုန်းလိုက်တာ၊ မတင်တင်ရဲ့ မယုံသင်္ကာအကြည့်ကို ကျွန်မ မုန်းလိုက်တာ။ ပြီးတော့ ကျွန်မကြောက်လဲကြောက်လိုက်တာ။

နေကြီး တစ်နေကုန် နေလှမ်းထားတဲ့ နေနဲ့မွှေးပြီး ပူနွေးနေတတ်တဲ့ စောင်ခြုံထဲကို ရောက်တာနဲ့ မျက်လုံးတွေ မှေးစင်းပြီး မနက်လင်းထိ တရေးမနိုးဘဲ အိပ်တတ်တဲ့ ကျွန်မတစ်ယောက် အဲဒီနေ့ညက တဖျပ်ဖျပ် လန့်နိုးနေတယ်။

ဆောင်းတွင်းအိပ်မက် ကယောက်ကယက်တွေကလဲ အများကြီး။

အိပ်မက်ထဲမှာ မတင်တင်နဲ့ ကျွန်မ နေ့ခင်းကလို စိတ်ဆိုး စကားများကြတယ်။ နေ့ခင်းကထက် ပြင်းပြင်းထန်ထန် ရန်ဖြစ်တယ်။ 'မဟုတ်ဘူး' ဆိုတဲ့ တစ်ခွန်းကိုပဲ ကျွန်မ ထပ်တလဲလဲ အော်နေတယ်။

ပြီးတော့ ကျွန်မတစ်ယောက်တည်း ခါးတစ်ဝက်နစ်တဲ့ ရေအေးကြီးထဲမှာ ဖြတ်ပြေးနေရပြန်ရော။ ရေစိုတစ်ပိုင်းနဲ့ ချမ်းခိုက်တုန်ပြီး ကျောင်းခန်းထဲမှာ ဝင်ထိုင်ရတယ်။

ဆရာ ဦးမြသောင်းက ဟိုကောင် ဝေတုံး အောင်နိုင်ဦးကို အတန်းရှေ့မှာ ထုတ်ပြီး ကြိမ်လုံးနဲ့ ကြိမ်ဖန်များစွာ ရိုက်နေတယ်။

သနပ်ခါးတွေပေါ်ကနေ မျက်ရည်စီးကြောင်းတွေ ကျလာပြီး အောင်နိုင်ဦး ကြိတ်ခံနေရာက တအားအော်ပြီး အတန်းအပြင်ဘက် ထွက်ပြေး

www.burmeseclassic.com

www.burmeseclassic.com



သွားပြီ။

ဒါ . . ဒါဟာ ၊ ဒီအဖြစ်ဟာ ဒုတိယအကြိမ်လား။ အရင်ဖြစ်ပြီးသာ မဟုတ်လား။ အောင်နိုင်ဦး၊ ကျောင်းစတက်တဲ့နေ့က ထွက်ပြေးသွားတာ ကျောင်းကို ဘယ်တော့မှ ပြန်မလာတော့ဘူးလေ။

အိပ်မက်ထဲမှာ ကျွန်မ စဉ်းစားမိနေတုန်း ဖျတ်ခနဲ နိုးပြီး ကန်ကျော ထားတဲ့ စောင်တွေကို ကျွန်မ ပြန်ဆွဲခြုံတယ်၊ စိတ်ထဲမှာ တစ်မျိုးကြီးပဲ။

သံဗုဒ္ဓေရယ်၊ ဟေတုပစ္စယောရယ်ဆိုပြီး ကျွန်မပြန်အိပ်တယ် ဒီတစ်ခါ အိပ်မက်ထဲမှာတော့ ညဦးပိုင်း အိပ်ခါနီးက ကျွန်မမြင်ရတဲ့ မေ ထဘီကိုချည်း မက်လို့နေတယ်။ ကျွန်မမုန်းတဲ့ ရွံစရာကောင်းကို မေမေ စိတ်ဆိုးမာန်ဆိုးနဲ့ ညဦးကလို 'မကြည့်ရဘူး' လို့ အော်တယ်။

ကျွန်မရင်ထဲမှာ ရှက်ရွံ့နာကျင်ပြီး ပြေးထွက်သွားရာက ရေထဲ ရောက်သွားပြန်တယ်။ ဒီတစ်ခါ ရေတွေကတော့ အေးမြနေတဲ့ ထမင်းရည်တွေ လမ်းလျှောက်လို့လည်း မကောင်းဘူး ။ပြေးလို့လည်း မကောင်းဘူး။

တော်ပါသေးရဲ့။ ကျွန်မကို မေကြီးက လက်လှမ်းပြီး ဆွဲခေါ်လို့ သမီးရေ . . သမီးလို့ မေကြီးက ခေါ်တယ်။

'သမီး၊ သမီးရေ . . . '

'သမီး၊ ထ. . . ထ၊ ငါးနာရီတောင် ထိုးတော့မယ်၊ စာကျက်ရအောင် ထလေ'

'ဟင် . . . '

ကျွန်မနိုးလာတော့ ခေါင်းတွေမူးနေတယ်။ ပြန်အိပ်ချင်နေတယ်။ သူ မိုးပေါ်ကို နှင်းစက်တွေ တဖောက်ဖောက်ကျသံကိုလဲ ကြားရတယ်။

မေကြီးက ညဦးက မှိန်ထားတဲ့ မှန်မီးအိမ် မီးစာကို မြှင့်လိုက်တော့ ကျွန်မတို့ အိပ်ရာနားမှာ လင်းသွားတယ်။ ဆောင်းတွင်း ငါးနာရီဟာ အပြ မှာ မိုးမလင်းသေးပါ။

'ထလေ . . . သမီး'

မေကြီးက မှန်အိမ်ကို ကျွန်မ အိပ်ရာဘေးက စားပွဲခုံလေးပေါ် မှာ လာချတယ်။



ကျွန်မ အားရပါးရ သမ်းလိုက်ရင်း စောင်တွေနဲ့လုံးထွေးပြီး ထလိုက် တယ်။ ကျွန်မစိတ်ထဲမှာ တစ်မျိုးကြီးပဲ။ စောင်တစ်ထပ်ကို ခွာပစ်ရင်း ကျွန်မ အိမ်နေရင်းဝတ် ဒူးနားပြောင်လုံချည် အစိမ်းနုနုလေးကို ပြင်ဝတ်လိုက် . . .

'မေကြီး'

ကျွန်မရဲ့ စူးရှကျယ်လောင်တဲ့ အသံက ငြိမ်နေတဲ့ အိမ်ကြီးထဲမှာ ယ်ကြီးပေါ်လာတယ်။

'မေကြီး . . မေကြီး'

အိမ်အောက်က မီးဖိုထဲမှာ မီးသွားမွှေးနေတဲ့ မေကြီးကို အဆက်မပြတ် က်ခေါ်ရင်း ကျွန်မ မျက်ရည်တွေ ကျလာတယ်။ သိပ်ဝမ်းနည်းစရာကောင်း ပဲ၊ သိပ်ရှက်စရာကောင်းတာပဲ။

'နှင်းနှင်း၊ သမီး၊ ဘာဖြစ်တာလဲ'

'မေမေ'

အိပ်ရာကနေ ကျွန်မအနား အရင်ရောက်လာတဲ့ မေမေ့ကို မြင်လိုက် နဲ့ ကျွန်မ လန့်ဖျပ်သွားပြီး စောင်တွေကို ဝုန်းခနဲ ဆွဲခြုံပစ်လိုက်တယ်။

'နှင်းနှင်း . . . ၊ ဘာဖြစ်လို့ ငိုနေတာလဲလို့ မေမေ မေးနေတယ်လေ။

'ဟင့်အင်း ၊ ဟင့်အင်း'

'ဘာဖြစ်တာလဲ သမီးရယ်၊ မထိတ်သာ မလန့်သာ'

'မေကြီး'

ကျွန်မ အိပ်ရာပေါ်ကို အပြေးအလွှား ရောက်လာတဲ့ မေကြီး လက် စ်ဖက်ကို ကျွန်မ အားကိုးတကြီး လှမ်းဆွဲဆုပ်ထားရင်း ကျွန်မရဲ့ ကျန်နေတဲ့ တ်တစ်ဖက်ကတော့ စောင်တွေကို တင်းကျပ်စွာ။

'ဘာဖြစ်လဲ သမီး၊ မေကြီးကို ပြောစမ်းပါ'

'ဟင့်အင်း ၊ မေမေက ဆူမှာ'

'ဩော် . . . မဆူပါဘူး၊ သမီးရယ်၊ ပြောစမ်း၊ ဘာဖြစ်တာလဲ'

'ဟင့်အင်း'

'ဩော် . . . ဒုက္ခပါပဲ၊ ဖယ်စမ်းပါဦး၊ စောင်တွေကိုလဲ ဘာလို့ အတင်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးဆွဲထားရတာလဲ'

'ဟင့်အင်း မကြေး'

မကြေး စောင်တွေကို ဆွဲယူလိုက်တာနဲ့ ကျွန်မ ကျယ်ကျယ်လောင်

လောင် ငိုချလိုက်တော့တယ်။

'သမီးကြောင့်မဟုတ်ဘူး၊ သူ့ဟာသူဖြစ်တာ၊ သူ့ဟာသူ၊ သမီးကြောင့်

မဟုတ်ဘူး'

'ဖြစ်မှဖြစ်ရလေသမီးရယ်'

မယုံနိုင်စရာကောင်းတဲ့ မေမေ့အသံ။ ပြီးတော့ မကြေးရဲ့ ရယ်မောသံ

ကျွန်မကတော့ တသိမ့်သိမ့်ဆက်ရှိုက်ရင်း မှန်အိမ်တစ်လုံးအောက်မှာ အဝတ်

ကတ်ကြေး၊ အပ်ချည်ဘူးတွေနဲ့ အလုပ်ရှုပ်နေကြတဲ့ မေမေနဲ့ မကြေး

ငေးကြည့်နေမိတယ်။

'အမေ့မြေးက သူများတွေထက် နည်းနည်းမစောဘူးလား'

'အိုအေ့ . . . ညည်းကလဲ'

မေမေ့စကားက ကျွန်မကို အခံရခက် နာကျင်စေတယ်။

အပ်ချည်ကို တံတွေးဆွတ်ပြီး အပ်ပေါက်ထိုးဖို့ ကြိုးစားရင်း မေ

ဆက်မပြောတဲ့ စကားတွေဟာလဲ တစ်ရစ်ချင်း၊ တစ်ရစ်ချင်း ကျွန်မရင်ထဲ

တစိမ့်စိမ့် ဝင်ရောက်သွားခဲ့ကြတယ်။

အိမ်ဟောင်းက ဒေါ်ဒေါ့်အပျိုခန်းထဲမှာတုန်းက ပြောတဲ့ စကား

တွေ၊ မေမေ့အသံကလဲ အဲဒီတုန်းကလိုမျိုး တထေရာတည်း။

'ဒီနေ့ကစပြီး သမီး အစစအရာရာ ဆင်ခြင်ရတော့မယ်။ မေ

တို့မသိဘဲ သမီးတစ်ယောက်ထဲ ဘယ်မှမသွားရဘူး၊ နောက်ပြီး ဘယ်ယောကျ်ား

လေးနဲ့မှ အပေါင်းအသင်းမလုပ်ရဘူး။ ဣန္ဒြေရှိရှိ၊ သိက္ခာရှိရှိ၊ မိန်းကလေး ပီ

သသ၊ လိမ်လိမ်မာမာ ဖြစ်အောင်နေရမယ်။ ကိုယ့်ကိုကိုယ် တန်ဖိုးရှိအောင်

နေရမယ်။ သမီးဟာ ကလေးမဟုတ်တော့ဘူး၊ လူကြီးဖြစ်ပြီ။ အပျိုဖြစ်ပြီ

တန်ဖိုးရှိတဲ့၊ သိက္ခာရှိတဲ့ လိမ္မာတဲ့အပျိုစင်ဘဝနဲ့စာတွေ ကြိုးစားပြီး တစ်သ

လုံး မိဘနဲ့အတူ နေနိုင်အောင် ကြိုးစားရမယ်'

ကျောင်းသွားရတာ အဲဒီနေ့ကလောက် လေးလံစိတ်ညစ်တာမျိုး ကျွန်မ တစ်ခါမှ

ခံစားခဲ့ဘူးပါ။

ကျွန်မအဲဒီနေ့က ကျောင်းကို ရထားနဲ့ပဲသွားရတယ်။

မေမေက သွားခိုင်းလို့သာ။ တကယ်တော့ ကျွန်မ ကျောင်းမသွားချင်

ဘူး၊

ရထားပေါ်မှာ မိန်းမကြီးတွေချည်းပဲ။ ဈေးသွားမယ့်သူတွေ။ သူတို့က

အချိန်လုံး စကားတွေပြောရင်း တဟားဟား ရယ်လာကြတယ်။

လမ်းပေါ်မှာ စက်ဘီးစီးလာတဲ့ တခြားကျောင်းသူတွေ ရယ်လာတာလဲ

မြင်ရတယ်။ ဪ သူများတွေကတော့ ပျော်နိုင်ကြတယ်နော်။

ကျွန်မမှာသာ မလွတ်လပ်တော့တဲ့ဘဝ။ သူများနဲ့ မတူတော့တဲ့ ဘဝ။

ရယ်စရာကောင်းတဲ့ အဖြစ်ရယ်။ မေမေ ဖြစ်စေချင်တဲ့ ရှစ်တန်းလောက်ထိများ

ဘာလို့ မနေခဲ့ရသလဲ။

'တံတားဦး တစ်ယောက်ရသေးလား'

'ရတယ်၊ ရတယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ ရထား တံ့ခနဲရပ်သွားပြီး လူကြီးတစ်ယောက် တက် တယ်။

'ငါ့တူမက ဟိုဘက်တိုးလိုက်နော်'

ရထားပေါ်တက်ပြီး ကျွန်မဘေးနားမှာ လူကြီးက ဝင်ထိုင်လိုက်တယ်။

'ဘယ်လဲ၊ ဈေးလား'

'ဟာ၊ ဟုတ်တယ် ခင်ဗျ၊ မိန်းမနေမကောင်းလို့ အစ်မကြီးရေ'

'ဟဲ့ အို ဒီမြင်းမ နာချင်ပြီထင်တယ်'

ကျွန်မဘေးက လူကြီးနဲ့ မိန်းမကြီးတစ်ယောက် နှုတ်ဆက်သံ၊ ရထား သမားကြီးရဲ့ မြင်းကို ငေါက်သံတွေကြားမှ ကျွန်မငြိမ်သက် တိတ်ဆိတ် လေးလံစိတ်ညစ်နေဆဲ။

မေမေ့စကားတွေက ရင်ထဲမှာ တိုးဝှေ့ခြောက်လှန့်နေဆဲ။ 'ကျွန်မ ကလေးမဟုတ်တော့ဘူးတဲ့။ အပျိုဖြစ်ပြီတဲ့။ 'ယောကျ်ားလေးတွေနဲ့ နီးနီးစပ်စပ် မနေရဘူး။ တစိမ်းယောကျ်ားတွေနဲ့နီးစပ်မိတာ၊ တွေ့ထိမိတာနဲ့ ကိုယ်ဝန်ဆောင် ရတဲ့ဒုက္ခ'

ဘုရားရေ. . . ဘုရား။ ကျွန်မ တုန်လှုပ်ချောက်ချားစွာ ကိုယ် ကျုံ့ပစ်လိုက်မိတယ်။ ကျွန်မ. . . ကျွန်မနဲ့ ဟိုဦးလေးကြီးနဲ့ အသားချင်းထိ ထိုင်နေရတယ်လေ။ သူဟာ တစိမ်းယောကျ်ားလေး။

မိုက်လိုက်တဲ့ ကျွန်မ။ ခု ကျွန်မ ဘယ်လိုလုပ်ရတော့မလဲ။ ကျွန် တစ်ကိုယ်လုံး ချွေးစေးတွေ ပြန်လာတယ်။ ဟင့်အင်း ကျွန်မ ဒီလိုဘဝ အရောက်မခံဘူး။

'ကြီးဒေါ်နဲ့ ကျွန်တော်နဲ့ နေရာချင်းလဲထိုင်မယ်၊ ဒီနေရာ ကျယ်တယ်'

ရုတ်တရက် ကျွန်မ သူတို့ကြားထဲ ဝင်ထိုင်လိုက်တာကို မိန်းမကြီး တွေက အံ့အားသင့်နေတယ်။ ပြီးတော့မှ တစ်ယောက်က ဟိုဘက် ကျွန် နေရာမှာ ပြောင်းထိုင်ရင်း 'သဘောပါတော်၊ သဘောပါတော်' တဲ့ ။ ရယ် ရယ်ကြတယ်။

ကျွန်မရင်ထဲမှာ သက်သာရာရသွားပြီး ခုမှ အသက်ရှူနိုင်တာကိုတော့



မသိကြပါဘူး။

ရထားဂိတ်မှာ ရထားရပ်ပြီး ဆင်းရတဲ့အခါ ရထားသမားကြီးကို ရထား တော့လဲ ကျွန်မလက်နဲ့ ရထားသမားရဲ့ လက်နဲ့မထိအောင် သေချာ ပြီး ပေးတယ်။

မြို့လယ်ရထားဂိတ်ကနေ ကျောင်းကို ရောက်အောင်လမ်းလျှောက် တယ်။ လွယ်အိတ်ကို နောက်မှာထားလွယ်ပြီး ကျွန်မ လမ်းကို ဖြည်းဖြည်း တ်တယ်။

'ဟေ့ နှင်း နှင်း'

ကျွန်မ ရင်တွေ ထိတ်ခနဲ ဖြစ်သွားတယ်။ ဘုရား၊ ဘုရား။ မတင်တင် ား၊ သူက ဈေးချိုက။

တောလမ်းကနေဖြတ်ပြီး ကျောင်းထိ ခြေကျင်လာနေကျလေ။ ကျွန်မ စက်ဘီးနဲ့ဆိုရင် သူနဲ့ဆုံစရာ မရှိပါဘူး။ သူက ကျွန်မကို မီအောင် ပြေး တယ်။

'နင် ဒီနေ့ စက်ဘီးမပါဘူးလား'

'အင်း'

'ဘာဖြစ်လို့လဲ'

ကြည့် ၊ ဘယ်လောက်များ မုန်းဖို့ကောင်းတဲ့ မတင်တင်လဲ။

'ဘိန်းစီးရမှာ ပျင်းလို့ ရထားနဲ့လာတာ'

'အမယ်လေး ၊ ဘိန်းစီးရမှာများ ပျင်းသေးသတဲ့၊ နင့်ဥစ္စာကလဲ'

မတင်တင်က ရယ်စရာတစ်ခုလို ရယ်နေတယ်။ ကျွန်မက သူ ကလို လုပ်မှာကို ကြောက်လန့်စွာနဲ့ သူနဲ့ခပ်ခွာခွာ လျှောက်တယ်။ မတင် တင် ကျွန်မကို မျက်မှောက်ကြုတ်ကြည့်တယ်။

'နှင်းနှင်း၊ နင့်ကြည့်ရတာ တစ်မျိုးပဲ'

'ဘာ တစ်မျိုးလဲ၊ ကျွန်တော်ဘာမှ မဖြစ်ဘူး။ သွားမယ်၊ ဟိုမှာ ခင်စန်းဦး ကျွန်တော့်ကို စောင့်နေတယ်'

ကျောင်းဝင်းထဲက ကန္တာရ ထနောင်းပင်အောက်မှာ ရပ်နေတဲ့ ခင်စန်းဦးကို လှမ်းမြင်တာနဲ့ ကျွန်မ သူ့ကို ထားခဲ့ပြီး မြန်မြန် လျှောက်လာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်။

ခင်စန်းဦး အတန်းထဲရောက်ဟန်မတူသေးဘူး။ လွယ်အိတ် ထမင်းဘူးလေးကို ကိုင်ထားတုန်း။

'နင် . . . နေကောင်းသွားပြီလား'

ကျွန်မက မေးတော့ ခင်စန်းဦးက ခေါင်းညိတ်ပြတယ်။ သူ့မျက် ညှိုးနေသလိုပဲ။ မတင်တင်က ကျွန်မတို့ကို မျက်စောင်းထိုးပြီး ဖြတ်တက်သွား တယ်။

'ငါ . . . သိပ်စိတ်ညစ်တာပဲ နှင်းနှင်းရယ်'

ခင်စန်းဦးက မျက်ရည်ဝဲရင်း ရုတ်တရက် ပြောလိုက်တာနဲ့ ကျွန်မ လွှတ်ခနဲ . . .

'ငါလဲ စိတ်ညစ်နေတယ်'

ခင်စန်းဦးက ကျွန်မကို မျှော်လင့်တကြီးကြည့်တယ်။

'နင်က ဘာဖြစ်လို့လဲ'

'နင်ရော . . .'

ခင်စန်းဦးနဲ့ ကျွန်မ တစ်ယောက်နဲ့တစ်ယောက် စိုက်ကြည့်နေမိတယ်

'နှင်းနှင်း ၊ နင်သူငယ်ချင်းတွေကို လျှောက်မပြောရဘူးနော်၊ ငါ က ခွင့်ယူတာ ဖျားလို့မဟုတ်ဘူး၊ ငါလေ . . .'

ခင်စန်းဦးအသံက ကျွန်မ မကြားရအောင် တိုးသွားပေမယ့် ကျွန် သိပ်နားလည်ပါတယ်။ ကျွန်မအင်မတန် စိတ်သက်သာရစွာ မျက်လုံးတွေ မှိတ်လိုက်မိတယ်။

'တော်ပါသေးရဲ့ ခင်စန်းဦးရယ် ၊ ငါတစ်ယောက်တည်းမဟုတ် တော်ပါသေးရဲ့ဟယ်'

'နှင်းနှင်း ၊ နင်လဲ တူတူပဲနော် . . . ဟုတ်လား'

ခင်စန်းဦးအသံကလဲ စိတ်သက်သာ ပျော်ရွှင်သွားတဲ့အသံ။

'ငါတို့ မတင်တင်ကြီးကိုတော့ ဂရုစိုက်ရမယ်ဟ၊ သူက လိုက်အ ခတ်နေတာ သိလား'

'အမယ် . . . သူကများ၊ သူကမှ လေးတန်းကတည်းက



...ပြီးသား'

'ဟုတ်လား'

ကျွန်မတို့နှစ်ယောက် စိတ်လွတ်လပ် ပေါ့ပါးစွာ ရယ်လိုက်ကြတယ်။

'ဒီနေ့လေ သန်းသန်းမြင့် ကျောင်းမလာဘူး၊ခွင့်တင်ထားတယ်'

'ဟုတ်လား'

ကျွန်မတို့နှစ်ယောက် တခစ်ခစ် ရယ်လိုက်မိကြပြန်တုန်း ကျွန်မတို့ ...တာ ကျောင်းခန်း တံခါးဖွင့်သံ ကြားရတယ်။

ကျွန်မ လှည့်ကြည့်လိုက်တော့ ကျောင်းခန်းထဲက ဗီရိုအမြင့်ကြီး ...ကို လှမ်းမြင်လိုက်ရတယ်။

ဗီရိုအမြင့်ကြီးထိပ်မှာ ရေးထားတာက 'တံတားဦး အ၊ ထ၊ က ...ညီတိုက်'တဲ့။ တစ်ဖက်ထောင့်မှာက 'ဝတ္ထု' တဲ့။

ကျွန်မ ရင်ထဲမှာ တဒိတ်ဒိတ် ခုန်လာတယ်။

ကျွန်မကို မေမေက အပျိုစိတ်ဝင်ပြီး အပျိုဖြစ်မှာ စိုးလို့ ဝတ္ထု ...ခိုင်းတာပဲ။

အခု ဝတ္ထု မဖတ်ဘဲနဲ့ ကျွန်မ အပျိုဖြစ်သွားပြီလေ။

ကျွန်မက ဘာအတွက် ဝတ္ထုဖတ်ဖို့ကို ထိန်းချုပ်အောင့်အည်း ...မှာလဲ။

ကျွန်မကို ဘယ်သူက တားနိုင်ဦးမှာလဲ။

www.burmeseclassic.com

www.burmeseclassic.com

၁၉၇၁-ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့ အိမ်သစ် ဆောက်ပြီးသွားပြီ။

ဖရိုဖရဲ ဖြစ်သွားခဲ့တဲ့ ကျွန်မတို့ တောင်ပိုင်းရပ်လေးရဲ့ အနောက်ဘက် အစွန်ဆုံးမှာ ကျွန်မတို့ အိမ်သစ်နှစ်လုံးကို အထီးတည်းမြင်နိုင်ပါတယ်။

မေမေတို့အိမ်က ဆင်ဝင်တစ်လုံး၊ ဝရန်တာအရှည်လေးနဲ့ မီးဖိုး သတ်သတ်၊ အမြင့်ဆောက်ထားတယ်။

အောက်မှာတော့ ဘာမှ မကာရသေးတဲ့အတွက် တိုင်လုံးကြီးတွေ ပေါ်လွင်နေပြီး ခြေတံရှည်အိမ် ဖြစ်နေတာပေါ့။ မေမေတို့ အရင်အိမ်ထက်တော့ ပိုကြီးပြီး ပိုလှတယ်။

တကယ်တော့ အောက်မှာ အုတ်ခုံအမြင့်ခံပြီး ဘေးက ပျဉ်ဖြစ်ဖြစ် အုတ်ဖြစ်ဖြစ် ကာရမှာပေါ့။ ဒါပေမယ့် မေမေတို့က ပိုက်ဆံမတတ်နိုင်သေး လို့တဲ့။

'ဘ တို့ အိမ်ကတော့ ဆင်ဝင်နှစ်လုံး၊ အလယ်မှာ ဝရန်တာခုံးလေး နဲ့ မီးဖိုကလဲ သတ်သတ်အမြင့်ပဲ။

ဘ တို့ကတော့ အောက်ထပ်မှာ ရေလွှတ်အောင် အုတ်ခုံအမြင့်



စောင်းလောက်ကို တစ်ခါတည်း ခံတယ်။ အောက်ထပ်ကိုလဲ တစ်ခါတည်း ဥ်တွေကာတယ်။ အောက်ထပ်အတက်မှာလဲ အရိုးသန့်းတို့အိမ်လို တ်လှေကား လှလှလေးတွေ လုပ်တယ်။

ကျွန်မကတော့ အိမ်နှစ်လုံးကို ကူးချည်သန်းချည်လုပ်ရင်း ဖေဖေတို့ မေတို့ အပေါ်ကို အရင်ထက်ပိုပြီး စိတ်ဝင်စားသလို၊ ချစ်သလို၊ သနားသလို ဖြစ်လာတယ်။

ဖေဖေရဲ့ အဖေအမေတွေလဲ အထက်ကို မသွားကြတော့ဘူး။ ထက်ကြီးလာတာရယ်၊ ဟိုတုန်းကလောက်လဲ အရောင်းအဝယ် မကောင်း တော့ လို့တဲ့။

ဖေဖေကတော့ ခိုင်းတဲ့လူတစ်ယောက် ခေါ်ပြီး အထက်ကိုသွားမြဲ။ တွေဝယ်ပြီးပြန်လာ၊ မန္တလေးဆိပ်ကမ်းမှာ ပြန်ရောင်း၊ တစ်ခေါက်ကို တစ်လ ခုလ ကြာမြဲ။

မိဘနဲ့ အတူတက်ရတဲ့ ကျွန်မရဲ့ငါးတန်း၊ ခြောက်တန်း၊ ခုနစ်တန်း ဘာရည်ချွန်ဆုပေးပွဲတွေကို ဖေဖေတစ်ခါမှ မတက်ရှာပါ။

ကျွန်မဟာ ငယ်ငယ်တုန်းက သတိမထားမိခဲ့တဲ့ ဖေဖေ အထက်သွား ခါနီး မေမေပြင်ဆင်ထည့်ပေးတဲ့ 'ထမင်းအိုးသေတ္တာ' လေးထဲက ငရုတ်ဆုံ ယောက်မ၊ ငါးပိအိုး၊ ဆားအိုးနဲ့ ငါးခြောက် ငါးခြမ်း၊ အကြော် အလှော်တွေ၊ ဆိပ်ရာလိပ် အစိမ်းရောင်လေး၊ သွားခါနီး ဖေဖေ့ခါးမှာ ပတ်ရတဲ့ ပိုက်ဆံတွေ ထည့်ချုပ်ထားတဲ့ အဝတ်စအနက်ရောင် အိတ်ရှည်ရှည်၊ ဘ တို့ မေကြီးတို့ကို ဦးင်ကန်တော့နေတဲ့ ဖေဖေ့မျက်နှာ။

ဒါတွေကိုမြင်တိုင်း ဖေဖေ့ကို သနားမဆုံးဖြစ်ပြီး ကျွန်မဟာ ဝင်ငွေ တွေ အများကြီးရှိတဲ့ မိန်းမကြီးတစ်ယောက် ချက်ချင်း ဖြစ်ချင်နေမိပြီး 'အထက်မသွားပါနဲ့တော့ ဖေဖေရယ်' လို့ ပြောချင်စိတ်တွေ ဖြစ်ပေါ်နေမိတယ်။

ခုချိန်၊ ခုအရွယ်မှာလဲ ကျွန်မဟာ တစ်ဖက်တစ်လမ်းက ဖေဖေ့ကို တော့ညီနိုင်ဘူးလားလို့ စဉ်းစားပြီး ကူညီနိုင်မယ်လို့လဲ ကျွန်မ စိတ်ထဲ ထင်ပို့နေ တယ်။

ဘယ်တော့မှ မမေ့တဲ့ ကျွန်မအသနားဆုံး ဖေဖေ့ရဲ့ မျက်နှာဟာ

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံတွေ ခါးပိုက်နှိုက်ခံရပြီး ပြန်လာတဲ့ အချိန်ပေါ့။

မန္တလေးဘူတာကြီးကို ဖေဖေအသွား၊ အမှတ်(၆) ဘတ်စ်ကားပေါ်မှာ အနှိုက်ခံရတာ။ ဖေဖေက အထက်အသွားမှာတော့ ပိုက်ဆံနည်းတယ်ဆိုပြီး တိုက်ပုံအင်္ကျီ မိုးခိုအိတ်နှစ်ဖက်မှာပဲ ထည့်သွားခဲ့တယ်။ ဖေဖေပြန်လာတော့ နေ့လယ် နှစ်နာရီလောက်။

ဖေဖေတို့က နဘား၊ ကသာ၊ သုံးနာရီ ရထားစီးဖို့အတွက် မနက် ဆယ့်နှစ်နာရီလောက် အိမ်က ထွက်သွားခဲ့တာ။

ဖေဖေပြန်လာတာကို ဘယ်သူမှ မမြင်ကြဘူး။ ဖေဖေ အိမ်တံခါးကို ခေါက်လိုက်တဲ့ အချိန်မှာ မေမေနဲ့ ညီမလေး နှစ်ယောက်၊ မောင်လေးတို့ အိပ်ပျော်နေကြတယ်။ ကျွန်မကတော့ မအိပ်ဘူးလေ။

ကျွန်မဟာ အကြီးဆုံးသမီးတစ်ယောက် အနေနဲ့ ဖေဖေမရှိခိုက်မှာ မေမေတို့ကိုလာပြီး စောင့်ရှောက်ရမယ့် ဝတ္တရားရှိတယ်လို့ ကိုယ့်ကိုကိုယ် ထင်နေတယ်။

ညမှာလဲ မေကြီးနဲ့ နှစ်ယောက် မေမေတို့အိမ်မှာ အိပ်ဖို့ တိုင်ပင်ထား တယ်။

စေ့ထားတဲ့ အိမ်ပေါ်သွပ်တံခါးကို ကျွန်မ သွားဖွင့်လိုက်တော့ . . .

'သမီး'

သနားစရာအကောင်းဆုံး၊ ဖေဖေ့ မျက်နှာနဲ့ အတူ ကျွန်မကို အားကိုး တကြီးခေါ်လိုက်တဲ့အသံ။ ဒီလိုပဲ ကျွန်မထင်တယ်။

'ဖေဖေ . . . ဘာဖြစ်လို့လဲဟင်'

'ပိုက်ဆံတွေ ခါးပိုက်နှိုက်ခံရလို့၊ ဖေဖေ့ပိုက်ဆံတွေ မရှိတော့ဘူး'

'တကယ်လား ဖေဖေ'

ကျွန်မ မယုံနိုင်ပါ။ ဖေဖေက တုန်ယင်နေတဲ့ လက်တွေနဲ့ သူ့တိုက်ပုံ မိုးခိုအိတ် အကွဲလေးတွေကို ပြရင်း 'သိပ်ရက်စက်တာပဲ' တဲ့။ ပြီးတော့

'ဖေဖေ့ကို သူတို့ ဝိုင်းကြတာကိုး၊ ဖေဖေက အားနာလို့ နောက်ကို တချိတ်ချိ ပေးနေတာ' တဲ့။

ဪ . . . ဖေဖေ ရယ်။



အဲဒီအခေါက် နောက်ပိုင်းမှာ ဖေဖေ အထက်သို့ မသွားတော့ပါ။

ဘ တို့ကပေးတဲ့ပိုက်ဆံရယ်၊ မေမေ့ ရွှေဆွဲကြိုး ရောင်းပြီး ရတဲ့ ပိုက်ဆံ ရယ် မေမေစုထားတဲ့ ပိုက်ဆံရယ်နဲ့ ဒီမှာပဲ အထက်ကလာရောင်းတဲ့ ဝါးတွေကို စုဆောင်ဝယ်ရောင်းတဲ့ 'ဝါးလက်ကား' လုပ်တော့တယ်။

ရေဆိပ်မှာ တဲဆိုင်လေးတစ်လုံးနဲ့ လာဝယ်တဲ့ ကားတွေ၊ လှည်းတွေကို ရေထဲဝါးဖောင်က ဝါးတွေ၊ တစ်စီးချင်း၊ တစ်စီးချင်း ရောင်းရတဲ့ အလုပ်ပေါ့။

ကျွန်မတို့ အိုးထုတ်တန်း ရေဆိပ်မှာတော့ မဟုတ်ဘူး။

ကျွန်မတို့ဆိပ်က အရင်လို မဟုတ်တော့ဘူးလေ။ ကမ်းပါးစောက်ကြီး တွေနဲ့ လူတက်ဖို့တောင် ခက်ခဲမတ်စောက်နေပြီး ဆိပ်ကမ်းက ပျက်သွားခဲ့ပြီ။

ဘ တို့ ကူးတို့ကတော့ မြောက်ပိုင်းရေဆိပ်မှာ သွားလုပ်ရတယ်။ ဖေဖေတို့ 'ဝါးလက်ကား' ရေဆိပ်ကတော့ မယ်နုအုတ်ကျောင်းကြီးရဲ့ အနောက် မြောက်ထောင့်၊ ဧရာဝတီကမ်းနဖူးမှာရှိတဲ့ 'တောင်တော်ဆိပ်' ဆိုတဲ့ အရပ်မှာ။

တောင်တော်ဆိပ်ဟာ ဧရာဝတီမြစ်ကမ်းဘက်ကျတဲ့ အရပ်လေး တစ်ခုပေါ့။ အင်းဝကို ခုထိ ရစ်ခွေ ကာရံထားဆဲဖြစ်တဲ့ ရှေးဟောင်းမြို့ရိုး တစ်စိတ်တစ်ဒေသ ပေါ်မှာ တောင်တော်ဆိပ်ကို တည်ထားတယ်။

တောင်တော်ဆိပ်ကမ်းက ပျံ့ပျူးရှည်လျားပြီး ဝါးဖောင်တွေအတွက် ဆိုက်လို့လဲ ရတယ်။ ဝါးဖောင်တွေ အများကြီးလဲ ဆိုက်လို့ရတယ်။

ကမ်းနဖူးရေတိမ်ပိုင်းမှာ 'တောင်တော်မောင်နှမ' ကျောက်ဆောင်ရှိ တယ်။ အဲဒီဆိပ်ကနေ လှမ်းကြည့်ရင် စစ်ကိုင်းဆိပ်ကမ်း၊ စစ်ကိုင်းမြို့ကလေး ပေါ် အုပ်မိုးထားတဲ့ ထူပါရုံစေတီ၊ မှိုင်းညို့ပြီး အမြဲလွမ်းစရာကောင်းတဲ့ စစ်ကိုင်း တောင်ရိုးနဲ့ စစ်ကိုင်းတံတားကြီးကို နီးနီးကပ်ကပ် မြင်နေရတယ်။

စိမ်းကြည်အေးမြတဲ့ ဧရာဝတီမြစ်ရေထဲ အစီအရီ တစ်မျှော်တစ်ခေါ် ဝါးဖောင်တွေ။

ရွှံ့နံ့နဲ့ရောနေတဲ့ ဝါးနံ့။

ကားတွေ၊ လှည်းတွေ၊ နွားတွေ၊ ဝါးသယ်သူ၊ ဝါးထိုးသူတွေနဲ့ ရှုပ်ယှက် ခတ် ဆူညံပြီး တထောင်းထောင်းထ မွှန်ထူနေတဲ့ ဖုန်တွေကြားမှာ မှုန်ဝါးဝါး မြင်နေရတဲ့ ဆိပ်ကမ်းပေါ်က 'ဝါးလက်ကား' တဲဆိုင်လေးတွေရဲ့ မြင်ကွင်းတို့

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ စိတ်ဝင်စားလို့ပဲ နေပါတယ်။

ဖေဖေတို့ အလုပ်မှာ ကျွန်မဝင်ပါချင်တယ်လေ။ ကျွန်မ တစ်ဖက် တစ်လမ်းက ကူညီရမယ်။ ဒီလုပ်ငန်းကို ကျွန်မ ဦးစီးနိုင်မယ်လို့လဲ ထင်နေ တယ်။ ကျွန်မရှစ်တန်းနှစ်ပေါ့။

တန်းနှစ်လယ်ရဲ့ တစ်ခုသော တနင်္ဂနွေနေ့လယ်မှာ ကျွန်မဟာ တောင်တော် တ ဖေဖေတို့ ဝါးဖောင်ပေါ်မှာ မြက်ခမောက်တစ်လုံးနဲ့ တကယ့် သည်မကြီး ဂိုက်အပြည့်ဖမ်းရင်းက ကြည်အေးရဲ့ 'မြနန္ဒာ' နဲ့ ဦးဖိုးကျားရဲ့ 'မင်းကတော်' တို့ကို စဉ်းစားစွဲလမ်းလို့ နေပါတယ်။

ဖေဖေ့ ညီအငယ်ဆုံး လေးမြင့် လစဉ် ဝယ်ဖတ်တဲ့ ရှုမဝမဂ္ဂဇင်း န်းဆက်ဝတ္ထုရှည်ထဲက ကြည်အေးရဲ့ မြနန္ဒာပြောချင်သေးသည် တစ်ပိုင်း ကျွန်မ စွဲလမ်းသလို မမလဲ့ရဲ့ ကျောင်းလွယ်အိတ်ထဲကနေ ရှာဖွေရလာတဲ့ းကျားကိုယ်တွေ့ ဝတ္ထု ကောက်နုတ်ချက်များ ဆိုတဲ့ စာအုပ်ထဲက 'မင်းကတော်' ညွန့်မေ တို့ သားအမိကိုလဲ ကျွန်မစွဲလမ်းနေမိပါတယ်။

'မြနန္ဒာ' ကို အားကျပြီး ကျွန်မရဲ့ ကျောင်းလေ့ကျင့်ခန်းစာအုပ်မှာ ာမောင်'၊ 'နန္ဒာမောင်' နဲ့ ကျွန်မလျှောက်ရေးထားတယ်။ ဘယ်လောက်လှ နာမည်လဲ၊ ကျွန်မငယ်ငယ်တုန်းက ထည့်မှတ်လို့ မရဘူးခဲ့တဲ့ ဖေဖေ့နာမည် ဝါတယ်လေ။

'မင်းကတော်' ထဲက ညွန့်မေကိုတော့ ဒေါသဖြစ်၊ သူ့အမေတို့

www.burmeseclassic.com



အသနားကြီးသနားပြီး သူ့အမေနေရာမှာ ကျွန်မ အမေကြီးကို အစားထိုးကြည့်မိရင်တော့ ကျွန်မ မျက်ရည်လည်ချင်လာရော။

ဦးဖိုးကျားစာအုပ်ထဲက ဝတ္ထုတွေကို ကျွန်မ အကုန်ကြိုက်နေမိတယ်။ 'အခမဲ့ ကူလီထမ်းခြင်း အကျိုး'၊ 'မောင်ဘစီ'၊ 'ဘုရားဖူးသွားခြင်း' တို့ကို မမေ့နိုင်ပါ။

ဦးဖိုးကျားစာအုပ်နဲ့အတူတူ မမလဲ့တို့ ရှစ်တန်းက သင်ရတဲ့ 'ရှေ့သို့ဝတ္ထုတိုများ' ကိုလဲ ကျွန်မကြိုက်တာပဲ။ ဆရာဇော်ဂျီရဲ့ 'အမြီးပေါက်သူ' ကို ဖတ်ရတာလဲ စိုးရိမ်ထိတ်လန့် လာသလိုလို အရသာတစ်မျိုးကို ခံစားရတယ်။ ကိုယ့်မြီးညှောင့်ရိုးကိုလဲ ခဏခဏ စမ်းကြည့်မိတယ်။

မေမေက လေးမြင့်ဝယ်ပေးတဲ့ ရှုမဝ မဂ္ဂဇင်းစာအုပ်ကိုပဲ ဖတ်ခွင့်ပေးပြီး လုံးချင်းဝတ္ထုတွေကိုတော့ ဖတ်ခွင့်မပေးဘူး။

ဒါပေမယ့် ဒေါ်ဒေါ်ဟာ ခုချိန်မှာ ရည်းစားရှိနေပြီဖြစ်တဲ့အတွက် သူ့ရည်းစားက လက်ဆောင်ပေးတဲ့ တက္ကသိုလ်ဘုန်းနိုင်ရဲ့ ဝတ္ထုတွေကို ကျွန်မ ကျောင်းစာအုပ်ထဲညှပ်ဖတ်တာပေါ့။

ကျွန်မအတွက် အလွတ်လပ်ဆုံး ဖတ်ရတဲ့ နေရာကတော့ ကျောင်းစာကြည့်တိုက်။ နေ့လယ် ကျောင်းဆင်း၊ မနက် ကျောင်းမတက်ခင် ဖွင့်ပြီးနေ အချိန်။ အချိန်အား ရသမျှ စာကြည့်တိုက်ကိုပဲ ကျွန်မ ပြေးတာပဲ။

ဒါပေမယ့် ကျွန်မတို့ ကျောင်းစာကြည့်တိုက်က သေးသေးလေး စာအုပ်လဲ သိပ်မစုံဘူး။

ကျွန်မ အထင်ကြီးမျှော်လင့်ခဲ့တဲ့ 'ဝတ္ထု' လို့ရေးထားတဲ့ ဗီရိုကြီးကလဲ အထဲမှာကျ ဝတ္ထုချည်းလဲ မဟုတ်ဘူး။ စာအုပ်မျိုးစုံ ရောထည့်ထားတာ။

ဗဟုသုတ စာအုပ်တွေပဲများတယ်။ အဲဒီဗီရိုကြီးထဲမှာ လေးလေးတို့ ဆယ်တန်းတုန်းက သင်ရတဲ့ 'ဝေဿန္တရာ' တို့၊ 'မဟာဇနက္က' တို့၊ 'ဝိဇယ' တို့ ဇာတ်တော်ဝတ္ထုတွေလဲ ရှိတယ်။

ဖတ်ခါစမှာ ပျင်းစရာကောင်းပေမယ့် တဖြည်းဖြည်းနဲ့ ဖတ်လို့ကောင်းလာတယ်။

ဆရာဇော်ဂျီရဲ့ စာအုပ်တွေကတော့ စာကြည့်တိုက်မှာ အများကြီးရှိ



တာပဲ။ 'စာတိုပေစ'၊ 'စာတွေ့ငါတွေ့'၊ 'ဇော်ဂျီစာ'၊ မြန်မာ့မှုကဗ္ဗင့်၊ 'စာလေ့'၊ 'လေ့'၊ 'ရွာလေ့'၊ 'ဗမာ့အရေးနှင့် အနုပညာအသွေး'။

ဒါပေမယ့် ဆောင်းပါးတွေဆိုတော့ 'သခွပ်ပွင့်ချိန်' လောက် ကျွန်မတို့ မှတ်သိမ်းစေပါ။

ဒဂုန်နတ်ရှင်နဲ့ စာပေဗိမာန်ထုတ် 'စာပေဝတ်ဆံ' အမှတ်စဉ်လိုက် စာအုပ်လေးတွေလဲ ရှိတယ်။ ဒါပေမယ့် ကျွန်မက စာပေဗိမာန်ထုတ် ပန်းချီ ပုံလေးတွေပါဆွဲပြီး သရုပ်ဖော်ထားတဲ့ ဝတ္ထုစာအုပ် အပါးလေးတွေကို ပိုကြိုက်တယ်၊ ပညာပေးတဲ့ ဝတ္ထုတွေ များတာပဲ။

ဆရာမင်းသုဝဏ်ရဲ့ 'ပန်းနဲ့ပင်စည်' တို့၊ 'ပျဉ်းမငုတ်တို' တို့၊ 'မြန်မာစာ မြန်မာမှု' တို့ကိုလဲ တွေ့ရတယ်။

စာအုပ်ဗီရိုတစ်ခုထဲက ကျွန်မ ချွေးတဒီးဒီးနဲ့ ရှာဖွေရင်း တွေ့ရှိလာတဲ့ စာအုပ်လေးနှစ်အုပ်ကိုတော့ ကျွန်မ မမေ့နိုင်ပါ။

ဝတ္ထုရှားပါးလွန်းလို့ ဝတ္ထုလိုက်ရှာရင်း ကျွန်မ တွေ့လာတဲ့ ဝတ္ထုလေး နှစ်အုပ်။ ဆရာ မောင်ထင်ရဲ့ 'ငဘ' နဲ့ 'ကိုဒေါင်း' ဝတ္ထုတိုများ။

ကျွန်မ အရှုအမူး ကြိုက်နှစ်သက်ပြီး အဲဒီအချိန်မှာ ဖတ်ခဲ့သမျှ ဝတ္ထုတွေအပေါ်ကို အဲဒီဝတ္ထုလေးနှစ်အုပ်က အနိုင်ယူသွားတော့တယ်။ အထူးသဖြင့် 'ငဘ'ပေါ့။

ဒါပေမယ့် ရွှေမြစ်ရေပြင် လှေတစ်စင်းပေါ်က 'ကိုဒေါင်း' ရဲ့ ကလ္လိတံ ဆေးလိပ်မီးရဲရဲကိုလည်း ကျွန်မ မမေ့နိုင်ပါ။

'ငဘ' ထဲက ငဘရဲ့သမီးကလေး ရေတိမ်နစ်ရတဲ့ အခန်းဟာ ကျွန်မ မျက်ရည် အရွဲသားနဲ့ ဖတ်ရတဲ့ အခန်းပေါ့။ ငဘဟာ စာမကျက်နိုင်အောင် ကျွန်မကို ဒုက္ခပေးခဲ့ပါတယ်။

စာကြည့်တိုက်မှာ ဖတ်ရတဲ့ စာအုပ်တွေထဲက ဖတ်လို့ အကောင်းဆုံး စာအုပ် ကတော့ ဒဂုန်တာရာရဲ့ 'ရုပ်ပုံလွှာ' နဲ့ တိုက်စိုးနဲ့ မင်းယုဝေ တို့ရဲ့ 'မြန်မာစာ မိတ်ဖွဲ့'။

ဒါပေမယ့် ဆရာဒဂုန်တာရာရဲ့ 'ရုပ်ပုံလွှာ' ထဲမှာပါတဲ့ သူတွေ အတုန်လုံးကို ကျွန်မ မသိပါ။ ကျွန်မသိတာက ဆရာကြီး သခင်ကိုယ်တော်မှိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်းနဲ့ သခင်နုတို့ကိုပဲ သိပါတယ်။

တခါတလေ စာဖတ်ရင်းနဲ့ ကျွန်မကြိုက်တဲ့ စာအုပ်လေးတွေကို အပိုင် လိုချင်စိတ် ဖြစ်ဖြစ်လာပါတယ်။ ရှေးဟောင်း ကျွန်းသေတ္တာ အဟောင်းလေး မှာ ထည့်သိမ်းထားတဲ့ မော်ဒန်ကာတွန်း၊ ရုပ်ရှင်စာအုပ်နဲ့ ပုံပြင်စာအုပ်များ ပေါ်မှာ အခု ကျွန်မကြိုက်တဲ့ စာအုပ်လေးတွေကို ထပ်ထည့်ထားချင်မိတယ်

ဒါပေမယ့် ကျွန်မ မထည့်နိုင်ခဲ့ပါဘူး။ ဝယ်ခွင့်မပေးတာ၊ မဝယ်နိုင်တာ လဲပါတယ်။ ပြီးတော့ တံတားဦးစာအုပ်အရောင်းဆိုင်မှာ မဂ္ဂဇင်း၊ ကာတွန်း ရုပ်ရှင်စာအုပ်ပဲ ရောင်းတယ်။ တခြား ဘာမှ မရောင်းဘူးလေ။

ခုနှစ်တန်းမှာတုန်းကတော့ ကျွန်မနေ့လယ် ကျောင်းဆင်းရင် 'ဦးသိန်း' စာအုပ်ဆိုင်သွားပြီး ရုပ်ရှင်စာအုပ်တစ်အုပ်နဲ့ စံရွှေမြင့် ရုပ်ပြကာတွန်း နှစ်အုပ်။ နှစ်ကျပ်ဖိုးကို တစ်လတစ်ခါ ဝယ်သေးတယ်။

ကာတွန်းမြင့်သိန်းရဲ့'နော်ကူးမ' 'မိသိန်းကြည်'၊ 'ရွှေဦးပေါက်နှင့် 'ရွှေပင်နားသော်လည်း' တို့နဲ့ ခုနစ်တန်းတစ်နှစ်လုံး စံရွှေမြင့်ကို စွဲလမ်းနေခဲ့သေး တယ်။

'စံရွှေမြင့်' နဲ့ ရုပ်ရှင်စာအုပ်နှစ်အုပ် ဝယ်ပြီးအပြန် ဆရာ့ရှေ့လွတ်ရာ လို့ ပြင်းပြင်းထန်ထန် အဆူခံရဖူးတယ်။

ဘာလို့မှန်းမသိပါဘူး။ ခုနစ်တန်းကျောင်းသူတစ်ယောက် ရုပ်ရှင်စာ အုပ်၊ ကာတွန်းစာအုပ် ဝယ်တာဟာလဲ ကျောင်းသူ ကျောင်းသားတွေအမြင် ဆရာတွေအမြင်မှာ ပြစ်မှုတစ်ခု ကျူးလွန်သလိုပဲ။ ဝယ်ရတဲ့ ကျွန်မမှာလဲ ဘေး အမြင် မခံရဲသလိုလို ဘာလိုလိုနဲ့။

အထူးသဖြင့် ဆရာတွေ ထိုင်တတ်တဲ့ 'ရွှေဆည်ဦး' ကားဂိတ်က ဦး တင်လက်ဖက်ရည်ဆိုင်နား ရောက်ရင် ကျွန်မစာအုပ်ဝှက်ရတယ်။

အဲဒီမှာ ကျွန်မတို့ ခုနစ်တန်း အတန်းပိုင်ဆရာ 'ဆရာချွန်' အမြဲထိုင် တယ်လေ။

အဲဒီနေ့လယ်က လက်ဖက်ရည်ဆိုင်နား ရောက်ခါနီးတာနဲ့ ကျွန်မက စာအုပ်နှစ်အုပ်ကို အနွေးထည်ထဲထည့်ပြီး ချိုင်းကြားမှာညှပ်လိုက်တယ်။

ပြီးတော့ ခပ်တည်တည်နဲ့ ဖြတ်လျှောက်လာရင်း ဘေးကသူငယ်ချင်း



နောက်ကရထားကိုကြောက်ပြီး ကျွန်မကို တွန်းလိုက်တာ ချိုင်းကြားထဲက စာအုပ်တွေ မြေကြီးပေါ်ကို လျှောခနဲကျရော။

လက်ဖက်ရည်ဆိုင်ပေါ်က 'ဆရာချွန်' ရဲ့ မျက်စိမှေးမှေးလေးတွေနဲ့ ဆုံခဲ့ သွားဆုံကြတယ်။

နေ့လယ် ကျောင်းပြန်တက်တာနဲ့ လက်ဖက်ရည်ဆိုင်မှာ ကျွန်မ ခဲ့ရတဲ့ မျက်လုံးမှေးမှေးလေးတွေထဲက စကားတွေကို ကျွန်မကြား တာပဲ။

အတန်းထဲ ဝင်လာတာနဲ့ သူထုံးစံအတိုင်း လက်ထဲက အင်္ဂလိပ်စာအုပ် စားပွဲပေါ် 'ဘုန်း' ခနဲ ပစ်ချလိုက်တယ်။ ပြီးတော့ စားပွဲပေါ် တင်ပါးလွှဲ ထိုင်ပြီးတာနဲ့ အတန်းထဲက လူတွေကို တစ်ယောက်ချင်း စေ့စေ့လိုက်ကြည့် တယ်။

ခေါင်းငုံ့မနေရဘူး။ သူ့ကို ကြည့်နေမှ ကြိုက်တယ်။ တဖြည်းဖြည်း ကြည့်လာလိုက်တာ ကျွန်မဆီလဲရောက်ရော. . .

'ဘာ . . . သောက်သုံးကျသလဲဟင် ၊ စာကြိုးစားရမယ့် အချိန်ကို လျှောက်တတ်ကရတွေဖတ်၊ စိတ်ကူးယဉ်၊ ထွီ၊ သွား၊ ကျောင်းထွက်၊ ပဲပြုတ်သည် အကြော်သည်လုပ်၊ ဈေးဗန်းရွက်ရောင်း၊ ကျောင်းဆက်နေရင် အလကား နှိန်ကုန်တယ်၊ ပိုက်ဆံကုန်တယ်၊ အို. . အကုန်လုံး ဟောဒီတစ်တန်းလုံး တူတူပါပဲကွာ၊ ငါ ပြောလိုက်မယ်'

ဆရာချွန်ရဲ့ မျက်လုံးမှေးမှေးလေးတွေဟာ တစ်တန်းလုံးကို ခြုံကြည့် လိုက်ပြန်တယ်။

'မင်းတို့ ဟောဒီအတန်းကလေ၊ ခုနစ်တန်းကို တစ်ယောက် မပြောနဲ့ စိပိုင်းအောင်ရင် ငါ့လည်ဖြတ်၊ မင်းတို့ဒီလိုကြိုးစားပုံမျိုးနဲ့ တစ်ယောက်မှ အောင်ဘူး စိတ်ချ။ ဒီတော့ ရှုပ်တယ်ကွာ၊ မင်းတို့သွား။ ထွက်ကြ၊ ကျောင်းထွက် ကြ။ ယောကျ်ားလေးတွေက နွားနို့ဘိန်းနင်းကြ၊ လယ်လုပ်ကြ၊ ငါးဖမ်းကြ။ မိန်း ကလေးတွေက ပဲပြုတ်ရောင်း၊ ဈေးသည်လုပ်ကြ၊ ကြားလား . . . ဟိုကောင်မ မုန့်ပြတ်ရောင်းတော့။ ငါးတန်း ၊ ခြောက်တန်းကနေ ဂုဏ်ထူးတွေနဲ့လာတာ ဟုတ် ရမယ်၊ ဒီခုနစ်တန်းမှာ ဂုဏ်ထူးမပြောနဲ့ ဇီးရိုးနဲ့ အကုန်ကျမှာ စိတ်ချ'

www.burmeseclassic.com

www.burmeseclassic.com



ခုနစ်တန်းအောင်လို့ ကျွန်မ မြန်မာစာနဲ့ သမိုင်းဂုဏ်ထူးပါတော့ ပြုံးစပ်စပ်ကျေနပ်တဲ့ မျက်နှာပေးနဲ့ 'အလကားကောင်မ၊ အင်္ဂလိပ်စာကျ ဂုဏ်ထူးရအောင် မဖြေနိုင်ဘူး' တဲ့။ ချစ်စရာ ရယ်စရာကောင်းတဲ့ ဆရာ။

ရှစ်တန်းနှစ်မှာ ငယ်ငယ်တည်းက တဖြည်းဖြည်းကြောက်ခဲ့တဲ့ သင်္ချာ ဟာ ကျွန်မ တော်တော်ကြောက်လန့်တဲ့အဆင့် ရောက်အောင်ညံ့လာတယ်။

ဒါပေမယ့် ကျွန်မတို့ဆီမှာ ဘာကျူရှင်မှလဲမရှိပါ။ ကျောင်းပိတ်ရက် မှာ အတန်းကြီးသမားတွေနဲ့ ဆရာတွေကို သွားမေးရတာမျိုးပဲ ရှိတယ်။

ကျွန်မကတော့ ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေမှာ မေမေတို့ဆိုင် ထမင်းချိုင့်လိုက်ပို့ရင်း ဝါးကူရောင်းတဲ့ အလုပ်ကိုပဲ စိတ်ဝင်တစားလုပ်တယ်။

ဝါးရောင်းရတာ တကယ်တော့ ဘာမှမခက်ပါဘူးလို့လဲ ကျွန်မထင် တယ်။

ကျွန်မထိုင်နေတဲ့ ဝါးဖောင်ပေါ်ကနေ တဲဆိုင်လေးထဲက မေမေ ဖေဖေတို့ကို လှမ်းမြင်နေရတယ်။ ဝါးဝယ်တဲ့ကားတွေ၊ လှည်းတွေက လှ လာရင် မေမေ ဖြစ်ဖြစ်၊ ဖေဖေဖြစ်ဖြစ်၊ ဝါးဖောင်ပေါ်ကို ခေါ်လာပြီး ဈေး ပြမယ်။ 'ဟောဒါက တင်းဝါး၊ ဒါက ဝါးနီ၊ ဒါက မြင်ဝါး၊ ဝါးဖြူကြီးတွေဆို တော့ ကုန်းပေါ်မှာရှိတယ်' ဆိုပြီး ဈေးပြောမယ်။ ဝယ်သူက ဈေးဆစ်ရင် အ အလျှော့လုပ်ပြီး ဈေးဝယ်ကြိုက်တဲ့ ဝါးစည်းကို အလုပ်သမားခေါ်ပြီး ဖြုတ် လိုက်ရုံပဲ။ ဆိုင်ထဲရောက်မှ ငွေချေ၊ ဘောင်ချာဖြတ်၊ ဒါပဲ။

ဒါတွေကို ကျွန်မ လုပ်နိုင်တယ်ထင်ပြီး ကျွန်မ လိုက်လုပ်တယ်။ ဒါပေမယ့် မေမေကတော့ ဘောက်ချာဖြတ်တဲ့အလုပ်ပဲ လုပ်ခိုင်းတယ်။

'သမီးရေ . . .'

ဖုန်လုံး မှုန်မှုန်ကြားထဲကနေ မေမေ ဆင်းလာပြီ။ ဆိုင်ထဲမှာ လူ ရှုပ်လို့ပါလား။ လမ်းပေါ်မှာ သုံးတန်ကားနှစ်စီးနဲ့ ရှုပ်ယှက်ခတ်လို့၊ ဖုန် ဒါကြောင့် တအား ထလာတာ။ တခြား ဝါးလက်ကားတွေရဲ့ ဆိုင်လေးတွေထဲ ဝယ်သူတွေ ဝင်သွားကြတာ မြင်ရတယ်။

'သမီး ၊ နေပူတယ်လေ ၊ ကုန်းပေါ်သွားတော့၊ ဖေဖေ့ကို ဘောက်ချာ ကူဖြတ်ပေးလိုက်။ မုန့်တီလဲစား၊ ဟိုမှာ ဧည့်သည်တွေကို ဖေဖေ မုန့်တီ ...တယ်'

'ကြီးဒေါ် ၊ ကျွန်တော်တို့ရော မကျွေးတော့ဘူးလား'

'စားပါတော်၊ ကျွေးပါတယ်'

ကျွန်မကို ပြောနေတဲ့ မေမေ့ကို ရေစိုတစ်ပိုင်းနဲ့ ကားပေါ်ကို ဝါးထိုး ...တဲ့ တောင်တော်ဆိပ်က လူကြီးတစ်ယောက်က လှမ်းအော်တယ်။

ဈေးဝယ်တွေကြိုက်တဲ့ ဝါးစည်းတွေကို ဖောင်ကနေ ဖြုတ်ယူပြီး ...ပိုင်းကနေ သူတို့ မျှောသွားရတယ်။ ကားရပ်ထားတဲ့ ရေစပ်နားရောက်မှ ...ည်းကို ဖြေပြီး ကားပေါ်ကို တစ်လုံးချင်း ထိုးတင်ပေးရတာ။

ဝါးတစ်စီးကို ဝါးလုံးရေ တစ်ရာကျပါတယ်။ ဝါးတစ်စီးထိုးခ သူတို့ ...တ် တစ်ကျပ်ရတယ်။ ကိုယ့်အလုပ်ရှင် ဝါးလက်ကားရောင်းရင် ရောင်းရ ... သူတို့ ပိုက်ဆံရတာပေါ့။

အရင်တုန်းကတော့ တောင်တော်ဆိပ်ရဲ့ အသက်မွေးမှု လုပ်ငန်းဟာ ...င်သူအလုပ် အဓိကပဲ။ ငှက်ခတ်တဲ့သူ၊ တံငါလုပ်တဲ့သူ၊ အိမ်မိုးကပ် ရက်တဲ့ ...ည်းနည်းပါးပါးရှိတယ်။

အခုတော့ တောင်သူလုပ်သူ နည်းနည်းပဲရှိတော့တယ်။ အားလုံးလိုလို ...ားလာတဲ့ ဆိပ်ကမ်းမှာပဲ အလုပ်လုပ်ကြတော့တယ်။ အိမ်မိုးကပ် ရက်တဲ့ ...တွေလဲ အများကြီးဖြစ်လာတယ်။ အရင်ကထက်လဲ ငွေရွှင်လာကြတယ်။

ငွေရွှင်လာတော့ လူတွေပျော်တာပေါ့။ ပင်ပန်းပေမယ့် ဆိပ်ကမ်းမှာ ...ကြကိုင်ကြ၊ ရယ်ကြမောကြနဲ့။ လာရောင်းသမျှ မုန့်သည်မုန့်သမျှလည်း ...ဈေး၊ လာရောင်းသမျှ အထည်သည်၊ ငါးခြောက်သည်၊ အလှကုန်သည် ...သည်လာလာ အကုန် ကုန်တာပဲ။

တချို့ကလဲ ကပ်နဲ့ပစ္စည်းလဲကြတယ်။ ထပ်ကြတယ်။ အိမ်မိုးကပ် ...ယ်နဲ့ တက္ကသိုလ်မိတ်ကပ်တစ်ဘူး။ ငါးခြောက်တစ်ပိဿာနဲ့ အိမ်မိုးကပ် ...တ်ဆယ်။ အင်္ကျီစတစ်စနဲ့ အိမ်မိုးကပ်တစ်ရာ။ အမျိုးမျိုးဈေးတွေနဲ့ ထပ် ...တယ်။ အိမ်မိုးကပ် တစ်ရာပေါက်ဈေးက သုံးဆယ်၊ လေးဆယ်ရှိတယ်။

ထပ်ထားတဲ့ ဝတ်ကောင်းစားလှတွေဝတ်။ ထပ်ထားတဲ့ အလှကုန် ...နဲ့ ဖြီးလိမ်းပြင်ဆင်ကြပြီး ညဘက်ကျရင် စန္ဒာမုနိ နွားမ[illegible]တ်ရှင်ရုံကို

www.burmeseclassic.com

www.burmeseclassic.com



သွားကြည့်ကြတယ်။

ကျွန်မ ကုန်းပေါ်ဆိုင်ထဲ ဖေဖေ့နားရောက်တဲ့အခါမှာ မုန့်တီသည်ကြီးတောင် မုန့်တီကုန်လုနေပြီ။ ဟင်းပျစ်သုတ်နဲ့ နန်းကြီးမုန့်တီတစ်ပွဲ... တစ်ကျပ် ပေးရတယ်။

ဝါးလာဝယ်သူတွေရော၊ အခြားအလုပ်သမားတွေရော မုန့်တီသည်ကြီးနားမှာ ဝိုင်းအုံနေကြတာပဲ။

'သမီး စားမလား နှင်းနှင်း'

'စားမယ်ဖေဖေ၊ ဖေဖေရော'

ဖေဖေက ခေါင်းခါပြတယ်။ ကြံဖန်ရွံရှာတတ်တဲ့ ဖေဖေဟာ ဖုန်... တသောသောကြားက အစားအသောက်တွေကိုလဲ ရွံတတ်ပါတယ်။

ကျွန်မကတော့ အမေကြီးနဲ့ နတ်ကနားပွဲတွေမှာ စားနေကျ ဒီမုန့်တီ...ကို အလွန်ပိုကြိုက်ပါတယ်။

'ကောင်းသဟေ့၊ မုန့်တီဖတ်လေးတွေက ဒီလိုမှပ၊ ဖွေးဖွေးအိ...လေးတွေ၊ တို့ဆန်တွေ ခုနစ်ကျပ်၊ ရှစ်ကျပ် ဖြစ်တဲ့ ဟိုတစ်နှစ်တုန်းကများ... မုန့်တီဆိုင် ဘယ်လိုက်ရှာရမှန်းမသိဘူး . . . ဟေ ဟေ'

'ဟုတ်ပ့ါဗျာ ပဲထမင်းတွေ၊ ချာပါတီတွေ၊ ခေါက်ဆွဲတွေ ကူလိုက်...တာ၊ ချာလပတ်ရမ်းသွားတာပဲ။ ဈေးမကျရင် အခက်ဆိုပြီး ဗိုး . . . ပူလိုက်...တာဗျာ'

'အမယ်လေး၊ မလုပ်ပါနဲ့တော်၊ ဆန်တစ်ပြည် ခုနစ်ကျပ်၊ သေရွာ...ရဲ့၊ ကျုပ်တို့ ဘယ်လိုမုန့်တီရောင်းတော့မတုံး'

မုန့်တီသည်ကြီးရဲ့ အထိတ်တလန့် အပြောကို ဝိုင်းရယ်လိုက်...တယ်။

'ဗျို့ . . . ဦးဘမောင်၊ အလှူမဏ္ဍပ်ဝါးနော်၊ ဈေးလျှော့ပေးဗျ'

ဝါးဝယ်တဲ့ ဦးကြီးတစ်ယောက်က ကွမ်းတဝါးဝါးနဲ့ ဖေဖေ ဘောတ်...ရေနေတာကို လှမ်းကြည့်ပြီး ပြောတယ်။

ဖေဖေကတော့ သူ့အကျင့်အတိုင်း မြုံစိစိ၊ ခပ်ပြုံးပြုံးနဲ့ 'လျှော့ပါတ...'တဲ့။ တစ်ခွန်းပဲ။



'ခင်ဗျားတို့ဘက် တယ်အလှူပေါပါလားဗျ၊ ဟိုဘက်ဆိုင်မှာလဲ ခင်ဗျား...ဘက်ကပဲ၊ အလှူမဏ္ဍပ်ဝါး ဝယ်နေတာကို ကြားခဲ့တယ်'

'ဟာ . . . ခင်ဗျား ဒါတောင် အရင်လေးငါးခြောက်နှစ်ကလောက် ...ကိုင်မကောင်းတော့လို့ဗျ ၊ နို့မို့ အလှူတွေဆိုတာ ဆက်နေတာ တစ်ရွာလုံး၊ ...တယ်ဆိုတာ ဟုတ်သေးဘူးဗျ'

'အင်း . . . ကျုပ်လဲ ဒီနှစ်လှူမလို့ဟာ ဖြစ်သေးပါဘူးဗျာ၊ အိမ်ပြင်တဲ့... လှည့်လိုက်ရတယ်။ သစ်ဈေးဝါးဈေးကလဲ အရင်လို မဟုတ်ဘူးဗျ'

'အေးလေဗျာ၊ ကျုပ်အရင်က တောင်သူသိမ်းရင် ရွှေတစ်ဆယ်သား ...ဝယ်တယ်ဗျ၊ ၁၅၀ဈေးတုန်းကလေ၊ အခုလေးရာဈေး၊ ဘယ်ဝယ်နိုင်...လို့တုံး'

'အေးဗျာ၊ ဦးဘမောင်တို့ ဝါးလက်ကားတွေပဲ ကောင်းတယ်ဗျို့၊ ...နယ်လဲ'

စကားတွေ တဖောင်ဖောင်ပြောရာက ဝါးဝယ်လူကြီးနှစ်ယောက်က ...နောက်တော့လဲ ဖေဖေက ဟဲဟဲ တဲ့။ ဒါပဲ။

သူတို့ပြောတာတွေအပေါ်မှာလဲ ဆိုးသည်ကောင်းသည် ဝင်မပြော၊ ...ရောက်ဆွေးနွေးဖို့ဆိုတာ ဝေလာဝေး။ ဆေးလိပ်တစ်လိပ်ပြီးတစ်လိပ် သောက်... ထိုင်လို့သာ နေတတ်တယ်။

'ဦးဘမောင် ၊ ဟိုစင်လေးထိုးတင်ထားတာ၊ ဘာကိုယ်တော်လဲဗျ၊ ...ပဂုတ်လား၊ ဒီနား ဘာလို့ကိုးကွယ်တာလဲဗျ၊ လှည်းလမ်း၊ ကားလမ်းမှာ'

'ဪ . . . အဲဒါမဟုတ်ဘူး၊ ဒီ'ရှင်ဥပဂုတ်' ကိုယ်တော်က ဟိုမြစ်...တ် အရပ်တွေက ဖောင်နဲ့မျှောပြီး ပူဇော်လိုက်တာလေ၊ အဲဒါ မြင့်တဲ့...က ထပ်ပြီးပူဇော်ချင်ရင် ဆယ်ပြီး ကုန်းပေါ်မှာ ခဏထားပူဇော်ရတယ်။ ...တလူတွေ ပိုက်ဆံကောက်နေကြတယ်။ အငြိမ့်ငှားဖို့လေ၊ ဒါက ခဏပူဇော်...တာပေါ့'

'ဪ . . . ဟုတ်လား'

မြစ်နဲ့ဝေးတဲ့ ကုန်းအရပ်က ဝါးဝယ် ဦးကြီးတွေက ခေါင်းတ...ညိတ် ...ယောင်နေကြတယ်။ တော်သေးတယ်။ ဒီအကြောင်းကိုတော့ ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြတတ်ပေလို့။

အဲဒီ 'ရှင်ဥပဂုတ်' ဖောင်တော် မြစ်ထဲမှာ မျောလာတဲ့အခါ ညဘ
ဆို သိပ်ကြည်ညိုဖို့ ကောင်းတာပဲ။

မျောင်နေတဲ့မြစ်လယ်မှ ဖယောင်းတိုင်မီးတွေ ထိန်ထိန်ညီးလို့။ အ
အခန့်လုပ်ထားတဲ့ ဖောင်ပေါ်မှာ လှူဖွယ်ပစ္စည်းတွေလဲ ပါတယ်။ မုန့်၊ သစ်
မျိုးစုံ၊ ဖယောင်းတိုင်ထုပ်၊ အမွှေးတိုင်ထုပ်စတဲ့ ပစ္စည်းတွေပေါ့။ သက်န်
တဘက်တို့လဲ ပါတတ်တယ်။ တစ်ခါတလေ မြသပိတ်ပါ ပါပြီး မြသပိတ်ထဲ
အလှူငွေတွေလဲ ပါတတ်တယ်။

'ရှင်ဥပဂုတ်' ရုပ်ပွားတော်ကိုလဲ ရွှေတွေ ဝင်းအိနေအောင်ချထား
ရုပ်ပွားတော်က ညဏ်တော်လဲ တော်တော်မြင့်တယ်။ ကျောင်းဆောင်ကလ
တော်တော်ကြီးပြီး စုလစ်မွမ်းချွန်တွေနဲ့ ကျကျနန လုပ်ထားတယ်။

ရှင်ဥပဂုတ် ဖောင်တော်ကို မြစ်ကမ်းနားတစ်လျှောက်မြင်တဲ့အ
တိုင်းက ဆယ်ပြီး ပူဇော်ခွင့်ရှိတယ်။ ပြီးမှ ပြန်မျှောရတယ်။

ပိုက်ဆံမတတ်နိုင်တဲ့၊ ပွဲလမ်းသဘင် မခံနိုင်တဲ့ အရပ်တွေကျ
လဲ ကမ်းပေါ်ကပဲ ဦးချပြီး မဆယ်ဘဲ နေလိုက်ရတာပေါ့။

တချို့ တတ်နိုင်လွန်းပြီး ပွဲအကြိမ်ကြိမ် ခံချင်တဲ့သူများကျ
တစ်ခါ ပွဲခံပူဇော်၊ ပြန်မျှော၊ ပြီးတော့ ဟိုအောက်နားလောက်ကနေ သွာ
ဆယ်လာပြီး တစ်ခါပူဇော်၊ ပွဲခံကြပြန်ရော။

'နှင်းနှင်းရေ . . .'

ရှင်ဥပဂုတ် ကျောင်းဆောင်လေးကို ငေးကြည့်နေတဲ့ ကျွန်မခေ
ဟာ ထူးခြားတဲ့အသံကြောင့် ချာခနဲလည်သွားတယ်။

'ဟော့ . . . ညိုလုံး'

'မုန့်လေပွေ၊ မုန့်လေပွေ . . .'

မုန့်လေပွေ ခြင်းကြားကြီးရွက်ပြီး သူရဲ့ ထူးခြားတဲ့ အသံနဲ့ တ
ကြော် အော်နေတဲ့ ညိုလုံးဆီ ကျွန်မ ပြေးသွားလိုက်တယ်။ ကျွန်မရဲ့ တ
တည်းသော ရှားပါးယောကျ်ားလေး သူငယ်ချင်း ညိုလုံးလေ။

ယောကျ်ားလေး သူငယ်ချင်း ထားတာ မကြိုက်တဲ့ မေမေက ညိုလုံး



တော့ ဘာမှမပြောဘူး၊ 'ညိုလုံး' က မိန်းမစိတ်ပေါက်နေတာကိုး။

ဒါပေမယ့် ညိုလုံးနဲ့ ခဏလေးပဲ ကျောင်းမှာပေါင်းလိုက်ရတာပါ။
တန်းမှာ ခင်ကြပြီး ခုနစ်တန်းကျတော့ညိုလုံးက ကျောင်းထွက်သွားရော၊

ညိုလုံးတို့က သားအမိနှစ်ယောက်ရှိတာ၊ သူ့အမေက အမြဲနေ
ာင်း ဖြစ်နေတတ်တယ်။

ညိုလုံးခြောက်တန်းတုန်းက သူ့အမေက အကြော်ကြော်တယ်။ ညိုလုံး
ကျောင်းမသွားခင် လျှောက်ရောင်းတယ်။

ခုနစ်တန်းကျတော့ သူ့အမေ အကြော် မကြော်နိုင်တော့တာနဲ့ ညိုလုံး
ကျောင်းထွက်ပြီး သူများဆီက အကြော်ယူရောင်းတယ်။ နေ့လယ်ကျ မုန့်လေပွေ
င်းတယ်၊ တံတားဦးကနေ ကျွန်မတို့ အင်းဝထိ သူလျှောက်လာရရှာတယ်။

မနက် ကျွန်မ ကျောင်းသွားရင် သူ့အမေရဲ့ ပင်နီရင်ဖုံးအကျႌ ပိုသိ
သီကြီးနဲ့ အကြော်ဗန်းကြီးရွက်ပြီး တံတားဦးအဝင် ပန်းဈေးချောင်း တံတား
ပေါ်မှာ ကျောင်းသား ကျောင်းသူတွေကို ငေးမောနေတဲ့ ညိုလုံးကို အမြဲ
ရတယ်။

ကျွန်မ ကျောင်းပိတ်ရက် နေ့လယ်တွေမှာတော့ သူ မုန့်လေပွေ
တ်ရောင်းရင်း ကျွန်မတို့အိမ်ကို ဝင်လာတတ်တယ်။ 'နှင်းနှင်းရေ' ဆိုတဲ့
ထူးခြားတဲ့အသံကို အရင်ကြားရတယ်။

ကျွန်မကလဲ မုန့်လေပွေ တစ်ကျပ်ဖိုး အမြဲတမ်းဝယ်စားမြဲ။ တစ်ခု
ဆယ်ပြား၊ မုန့်လေပွေ ကို ကျွန်မကြိုက်တယ်လေ။ ဆန်နဲ့လုပ်ထားတဲ့
လျက်ရည်ဆမ်းမုန့်ပေါ့။ ပါးလွှာပြီး ကြွပ်နေတယ်။ တယုတယ မကိုင်ရင်
ကြေကုန်ရော။

'နင် အိမ်ဝင်ခဲ့သေးလား'

'ဝင်တာပေါ့ဟဲ့၊ နင်တို့ အမေကြီးက လိုက်သွားတဲ့၊ ဒီဆိပ်ကမ်းဆို ပို
င်းရမယ်လို့ ပြောလိုက်လို့'

'အေး. . . ဟုတ်တယ်၊ နောက်နေ့တွေ နင်ဒီကို အမြဲလာရောင်း
း၊ ပေးဦးလေ၊ ငါ့ကို တစ်ကျပ်ဖိုး'

'ကောင်မ ဟင်း၊ သူ့အတွက် ဒီမုန့်လေပွေ တစ်တွဲကို တစ်လမ်းလုံး

www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်ပြီး သိမ်းလာရတာ ၊ ရော့'

ထန်းလျက်ရည်ဆမ်းထားတဲ့ ဆယ်ခုတွဲ မုန့်လေပွေ ကြိုးတွဲလေး[illegible] လှမ်းပေးတဲ့ ညိုလုံးရဲ့ နားရွက်ကို ကျွန်မ ဆွဲလိမ်လိုက်တယ်။ ချစ်စရာကောင်း[illegible]တဲ့ သူငယ်ချင်း ညိုလုံး။

ထုံးစံအတိုင်း သူ့အမေရဲ့ ရှေးရင်ဖုံးအကျႌ အပွင့်ပွပွကြီးကို ဝတ်[illegible]ပြီး မျက်လုံးပြူးပြူး ၊ အသားမည်းမည်း၊ ဖင်ကောက်ကောက်၊ နှုတ်ခမ်း[illegible]ထော်ထော်နဲ့ ညိုလုံးရဲ့ သနပ်ခါးကွက်ကျား မျက်နှာပေါ်မှာ ချွေးတွေ [illegible] နေကြတယ်။

'လာနော်၊ မုန့်လေပွေ ကြွပ်ကြွပ် ရွှရွလေး'

ညိုလုံးမျက်နှာက စပ်ဖြီးဖြီး၊ ရေဆိပ်ထုံးစံအတိုင်း ညိုလုံးနား လူ[illegible]ဝိုင်းအုံလာကြတယ်။ 'နင်ပြီးတော့ကျ ငါ့ဆီလာခဲ့' လို့ ကျွန်မ ပြောခဲ့ပြီး ဖေ[illegible]တို့ဆီ ပြန်လာခဲ့တယ်။

'ကလေးမလေးက ဦးဘမောင် သမီးလေးလား၊ ကျောင်းနေသေးလား'

မုန့်လေပွေကို တကြွပ်ကြွပ်ဝါးရင်း စကားများတဲ့ ဝါးဝယ်လူကြီး[illegible] ဒီတစ်ခါအမေးကို ကျွန်မက ဘာလို့လဲမသိ ရယ်ချင်သွားပေမယ့် ဖေဖေကတော့ စိတ်တိုသလို ခပ်မြန်မြန်ဖြေတယ်။

'ကျောင်းနေတာပေါ့၊ သမီးက ရှစ်တန်းရောက်ပြီ'

'ဟ . . . ရှစ်တန်း၊ ရောက်လှပါပကော၊ အမယ်လေး . . . ကျုပ်တို့[illegible] ကလေးမတွေ ဒီအရွယ် သားတွဲလောင်း၊ သမီးတွဲလောင်း ဖြစ်ကုန်ပေါ့'

ဖောင်ပေါ်က တက်လာတဲ့ မေမေ၊ တဲထဲကို ဝင်လာတယ်။ လူကြီး[illegible] စကား တစ်ပိုင်းတစ်စ ကြားဟန်တူတဲ့ မေမေက ရယ်ချင်နေတဲ့ ကျွန်မ[illegible] ခပ်တည်တည်ကြည့်တယ်။

'သမီး . . . အိမ်ပြန်တော့လေ'

'ဟင့်အင်း . . နေဦးမယ်၊ မေမေတို့နဲ့မှ ပြန်မယ်လေ'

'ဘယ်ဖြစ်မလဲ နှင်းနှင်းရဲ့၊ သမီးစာကျက်ရဦးမယ်လေ၊ ဒီနှစ် အ[illegible]ကြီးတာကို၊ စာမကြိုးစားဘဲနေရင် သမီးဝိဇ္ဇာပဲရမှာပေါ့၊ သိပ္ပံမရ[illegible] ဖြစ်သွားမှာပေါ့'



မေမေ့ကို ဘာမှ ပြန်မပြောမိပေမယ့် ကျွန်မစိတ်ထဲမှာတော့ ဝိဇ္ဇာရရင် [illegible]ကောင်းတာပေါ့လို့ ပြောနေတယ်။

ဝိဇ္ဇာက ကိုးတန်း၊ ဆယ်တန်းကျရင် သင်္ချာမသင်ရတော့ဘူးတဲ့၊ [illegible]ကြိုက်မြန်မာစာဆိုတာပဲ သင်ရတာတဲ့။ ဘယ်လောက်ကောင်းလဲ။

ကျွန်မစိတ်ကြိုက် မြန်မာစာပဲ သင်ချင်တယ်။ သင်္ချာကို မုန်းတီး [illegible]ကြောက်ရွံ့နေပြီ။

ဒါပေမယ့် ရှစ်တန်းအောင်တော့ သိပ္ပံနဲ့ပဲ ကံဆိုးစွာ ကျွန်မ အောင်မြင် [illegible]သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

၁၉၇၄-ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

‘ဘုရားရေ၊ နင် ဒီနှစ်ဆယ်တန်းကတော့ သေချာပေါက် ကျမှာပဲ နှင်းနှင်း’

ဟဲ့. . . ဖွ၊ ပါးစပ်ပုပ်ကြီးနဲ့ မပြောကောင်းဘူးဟဲ့ မိချစ်ရဲ့’

စာကျက်ဖို့ လာတဲ့ ကျွန်မလွယ်အိတ်ထဲက ဝတ္ထုစာအုပ်၊ သီချင်း စာအုပ်နဲ့ အော်တိုစာအုပ်တွေကို မြင်တာနဲ့ အလန့်တကြားအော်တဲ့ ချစ်ချစ် ရဲ့ ပါးစပ်ကို ခင်စန်းဦးက ကပျာကယာ သွားပိတ်တာကို ကြည့်ပြီး ကျွန် ရယ်ချင်လာတယ်။

‘ဆယ်တန်းကို နှစ်ချင်းပေါက် အောင်တဲ့သူဟာ ခေတ်မမီဘူးဟ’

‘အမယ်လေး၊ မမီချင် နေပါစေတော်’

‘နှင်းနှင်း ပေါက်ကရတွေ မပြောနဲ့ဟယ်’

သူငယ်ချင်း နှစ်ယောက်က ကျွန်မကို မကျေမနပ် ကြည့်နေကြတယ်

တွန်မတို့သုံးယောက်စလုံး မာစရိုက်ပုဆိုးချောကွက်စိပ် ခရမ်းရောင် အဆင် ရင်ဖုံးလည်ထောင်၊ စန္ဒာလက်ပုံစံအင်္ကျီဆင်တူနဲ့ ထဘီစိမ်း ဆင်တူဝတ်ထား ကြတယ်။

ဆံတိုကျောဝဲ ဆံပင်ပုံစံတွေကလဲ ဆင်တူ။ ကျွန်မတို့ လွယ်အိတ်



ာ ကွန်ပါဘူးထဲမှာ သေသေသပ်သပ် ခေါက်ထားတဲ့ ရေမွှေးဆွတ် လက်ကိုင် ဝါ တစ်ထည်စီလဲ ပါကြတယ်။

ကျွန်မတို့သုံးယောက် ခင်စန်းဦးတို့ အဒေါ်အိမ်မှာ ကျောင်းပိတ်ရက် ကျက်မယ်ဆိုပြီး စုကြတာ။

မေမေကလဲ ခင်စန်းဦးရော၊ ချစ်ချစ်ရော အိမ်ထိလာခေါ်လို့ ထည့် တ်တာ။ စာမေးပွဲကလဲ နီးနေပြီလေ။ မတ်လဆို ဖြေရတော့မှာ။ နှစ်လကျော် လိုတော့တယ်။

အင်း. . .  စာအတော်အသင့်တော့  ကျွန်မကျက်ပြီးပါပြီ။ စ်အတိုင်း မပိုင်သေးတာကတော့ သင်္ချာပေါ့။

‘နင် ကိုးတန်းတစ်နှစ်လုံး ဝတ္ထုတွေ တစ်ချိန်လုံးဖတ်နေတာတောင် မရသေးဘူးလား’

‘ငါသိပ်မဖတ်ပါဘူးဟာ၊ သီချင်းအတွက်လဲ အချိန်ပေးရသေး ယ်လေ’

‘နှင်းနှင်း၊ အသာနေစမ်းဟယ်၊ မိချစ်ကို မစ စမ်းနဲ့’

စိုးရိမ်တတ်၊ ပူပန်နေတတ်၊ လူကြီးသူမလေးလို ဆူပူကြိမ်းမောင်းတတ် မိချစ်နဲ့ ဝတ္ထုထဲက စကားလုံးမျိုးတွေကို အရသာခံပြောတတ်တဲ့ ကျွန်မတို့ ကို အမြဲ ဝင်ရသူက ခင်စန်းဦး။

ကျွန်မမှာ ခင်စန်းဦးတစ်ယောက်ပဲ သူငယ်ချင်းဆိုလို့ ကျန်တော့ ၊ မိချစ်က ရှစ်တန်းကျမှ ပေါင်းတဲ့သူငယ်ချင်း။ သန်းသန်းမြင့်ကတော့ န်းနွေရာသီကျောင်းပိတ်မှာ စက်ချုပ်သင်ရင်းကနေ ရည်းစားနဲ့ လိုက်ပြေး ယောကျ်ားယူသွားပြီ။

အိမ်မှာ အကျဉ်းရုံးဆောင်တဲ့ သူ့မင်္ဂလာဆောင်ကို ကျွန်မတို့ သူငယ် တွေ သွားကြသေးတယ်။ ပျော်ရွှင်နေတဲ့ သန်းသန်းမြင့်ကို ကြည့်ပြီး ကျွန်မ နေခဲ့မိတယ်။

‘သန်းသန်းမြင့်တစ်ယောက် ခုဆို ဘယ်လိုနေပါလိမ့်နော်’

ကျွန်မက သတိရပြီး တွေးတွေးဆဆပြောတော့ သန်းသန်းမြင့် ကျ်ားယူတာကို မကျေနပ်တဲ့ ခင်စန်းဦးက မျက်နှာကိုရှုံ့တယ်၊

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုနေရမှာလဲဟေ့၊ သူယောက်ျားကို စက်ချုပ်ပြီးလုပ်ကျွေး နေမှာပေါ့'

'နင်ကလဲ သူ့ယောက်ျားမှာ အလုပ်ရှိတာပဲဟာ၊ စစ်ကိုင်းဘက်မှာ စာရေးလုပ်တယ်ဆို'

'ဘာစာရေးလဲ၊ လျှောက်လွှာစာရေးပါ၊ ခုဖြုတ်ပစ်လိုက်လို့ ဘာအလုပ်မှ မရှိတော့ဘူး။ ခု. . . သန်းသန်းမြင့်ကလေ ဒါလေးတစ်ဖက်နဲ့'

သူ့ဗိုက်ကို ပုတ်ပြပြီးမှ ခင်စန်းဦး မျက်နှာနီသွားတယ်။

ကျွန်မ မျက်စိထဲမှာ လေးတန်းတုန်းက မူလတန်းကျောင်းဘေး လက်ပံပင်ကြီးအောက်မှာ လက်ကိုင်ပဝါကို သပ်သပ်ရပ်ရပ် အပ်စောင်းချုပ်နေ နေတဲ့ သန်းသန်းမြင့် ကို မြင်လာတယ်။

'တော်ပြီဟာ၊ လာ. . . သချ်ာတွက်မယ်၊ နှင်းနှင်း၊ နင်ပဲ သချ်ာ မပိုင် သေးဘူးဆို'

'အေးပါ'

မိချစ်အမိန့်အတိုင်း စိတ်ပျက်ပျက်နဲ့ သချ်ာစာအုပ်ကို ကြိုးစားဖွင့် လိုက်ပေမယ့် ကျွန်မမျက်လုံးတွေကတော့ ဒေါ်ဒေါ့်အလစ်မှာ ထည့်ယူလာခဲ့ တဲ့ 'ထဘီကျွတ်၍ လွတ်လိုက်သည်' ဝတ္ထုဆီကိုပဲ ရောက်နေမိတယ်။

မောင်သာရရေးတဲ့ ဝတ္ထုတွေကို ကျွန်မတစ်ခါမှ မဖတ်ဖူးသေးပါ။ ကိုးတန်းနှစ် တစ်လျှောက်လုံး ကျွန်မ သူငယ်ချင်း အငှားဆိုင်ကနေ ဖတ်နေခဲ့ တာကတော့ ခင်နှင်းယုရဲ့ ဝတ္ထုတွေနဲ့ တခြားဝတ္ထုပေါင်းစုံ။ မဂ္ဂဇင်းပေါင်းစုံ။

'ထဘီကျွတ်၍ လွတ်လိုက်သည်' စာအုပ်ကို ဒေါ်ဒေါ် ဝှက်ဖတ်နေ တာမြင်တော့ ကျွန်မက ဖတ်ချင်လိုက်တာ အရမ်းပဲ။ ဒေါ်ဒေါ်က မဖတ်သင့်တဲ့ စာအုပ်လို 'မဖတ်ရဘူး၊ မဖတ်ရဘူး' ဆိုပြီး ဝှက်ထားတယ်။

ကျွန်မက ပိုဆိုးတော့တာပေါ့။ ဘယ်ရမလဲ။ ကျွန်မတွေ့အောင် ရှာ တယ်၊ ဝတ္ထုနာမည်ကိုက ဆွဲဆောင်နေပြီလေ။

ဒါပေမယ့် တကယ်တမ်းဖတ်ရတော့ ဘာမှလဲ မဟုတ်ဘူး။

ကျွန်မ ကြိုက်လဲ မကြိုက်ပါ။ နားမလည်တာတွေများပြီး စကားပြော တဲ့ အခန်းကလဲ အလွန်နည်းတဲ့အတွက်ပါပဲ။ ရှားရှားပါးပါး စကားပြောတဲ့



အခန်းတစ်ခန်းကို ကျွန်မမှတ်မိတယ်။ ပျော်ပွဲစားထွက်တဲ့အခန်းမှာ မင်းသမီး ကို သူ့အစ်ကိုက ထမင်းလုပ်ထဲ ငရုပ်သီးမြှုပ်ကျွေးလို့ မင်းသားက နှိုဆီဖောက်ပြီး ငိုခိုင်းတဲ့အခန်းပေါ့။

ဒါပေမယ့် စာအုပ်တစ်နေရာမှာ အမှတ်မထင်တွေ့လိုက်ရတဲ့ စာကြောင်းလေးနှစ်ကြောင်းကိုတော့ ကျွန်မအလွန်သဘောကျသွားပါတယ်။ အလွတ်လဲ တစ်ခါတည်းရသွားပါတယ်။

မင်းသမီးက မင်းသားကိုပေးတဲ့ သူ့ဓာတ်ပုံနောက်ကျောမှာ ရေးထားတဲ့ စာနှစ်ကြောင်းလေ။'မလှပါဘူး ကိုကိုရယ် . . .၊ ခဏခဏ မကြည့်ပါနဲ့'တဲ့။

'စာမေးပွဲကလဲ ကပ်နေပြီဟယ်၊ ရက်တွေကလဲ မြန်လိုက်တာ'

ခင်စန်းဦးက ဂျီဩမေတြီ စာအုပ်ကို တဖျပ်ဖျပ် လှန်လှောရင်း အသည်းအသန် ညည်းတယ်။

'အေးဟယ် . . .၊ သစ်ရွက်တွေတောင် ကြွေနေပြီ၊ ဇန်နဝါရီကလဲ နှင်းပေါက်ကြီးကျနေတာပဲ'

မိချစ်က ဒီတစ်ခါ ကဗျာဆန်နေတယ်၊ ဟုတ်သားပဲ။ သူကြည့်နေတဲ့ ခုံပြင်ဘက်မှာ တမာရွက်တွေ ကြွေနေလိုက်ကြတာ၊ ဝါနေတာပဲ။

'ဒါပေမယ့်ဟယ် ဂိမာန်ခါတွင်းပေမယ့်၊ ဆောင်းရိပ်တွေ ကြွင်းထင်ဆဲ ပါ မိချစ်ရယ်'

'အဲဒါက ဘာဖြစ်ရတာလဲ'

ငေးနေတဲ့ မိချစ်က မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ ကျွန်မကို ကြည့်တော့ ကျွန်မက လျှာထုတ်ပြလိုက်တယ်။

'နှင်းနှင်း၊ နင့်ဦးနှောက်တွေ ဘာမှ မဖြစ်ပါဘူးနော်'

'ဟင့်အင်း'

'မသိဘူးလေ၊ ငါ့အကောင်းပြောတာ၊ စာတွေအများကြီး လျှောက် ဖတ်ရင် ရူးတတ်တယ်တဲ့။ မြို့လယ်က ကျောက်တိုင်ရှေ့ရပ်ပြီး စာတွေ ကဗျာ တွေ ရွတ်ရွတ်နေတဲ့ လူကြီးလိုလေ၊ နင်အဲဒီလိုဖြစ်မှာ မကြောက်ဘူးလား'

ဒီတစ်ခါ မိချစ်ကိုကြည့်ပြီး ကျွန်မ အားရပါးရ အော်ရယ်လိုက် တော့တယ်။ ခင်စန်းဦးက မျက်စောင်းထိုးရင်း 'ခုမှ ဒီကောင်မ တကယ်ရူးသွား

www.burmeseclassic.com

www.burmeseclassic.com



တာ'တဲ့။

ကျွန်မတို့သုံးယောက် သချ်ာတွက်ကြတယ်၊ ကျွန်မ နည်းနည်း စိတ်ဝင်စားတဲ့ ဂျီဩမေတြီ ဉာဏ်စမ်းပုစ္ဆာတွေ ကစပြီ တွက်ကြတယ်။

ဂျီဩမေတြီ ဉာဏ်စမ်းစဉ်းစားတိုင်း သီချင်းညည်းတတ်တဲ့ ကျွန်မအကျင့်အတိုင်း ကျွန်မက ခဲတံလေး ခုံမှာခေါက်ရင်း ဂျင်မီဂျက်ရဲ့ 'စက်ခေါင်းအမှတ်၁၀၉' သီချင်းကိုဆိုတော့ မိချစ် မျက်စောင်းထိုးသေးတယ်။

'မိုးနဲ့လေဒဏ်ကြောင့်လား၊ ရထားမှာ တအားတိမ်းမှောက်ကာ၊ မမျှော်လင့်ဘဲနဲ့ သူ့ခမျာ ××× နင်ငါမကွဲပြားနဲ့သာ×××ထိုစဉ် ရထားပျက်အောက်မှာ ××× အချစ်ဦးလေးအတွက် အမှာစကားပဲဖြစ်မှာ 'ဆိုတဲ့ သီချင်းစာသားကို နမိတ်မရှိ နမာမရှိတွပဲတယ်တဲ့။ ခင်စန်းဦးကတော့ ကြိုက်လို့ တော်ပါသေးရဲ့၊ ကျွန်မကတော့ ဂျင်မီဂျက် ဒါမှမဟုတ် လားရှိုးသိန်းအောင်ရဲ့ အသံကိုရော သီချင်းတွေကိုရော သိပ်ကြိုက်တယ်။

ရှစ်တန်းအောင်တဲ့ နွေရာသီ ကျောင်းပိတ်ရက်မှာ ကျွန်မ အင်မတန်လိုချင်နေတဲ့ 'ကက်ဆက်' ကို ဖေဖေက ဝယ်ပေးခဲ့တယ်။ ဖေဖေတို့ တောင်တော်ဆိပ် အရောင်းအဝယ်က ပိုဖြစ်လာတယ်လေ။ ကက်ဆက်လေးက နေရှင်နယ်အမျိုးအစား။ ထောင့်ရှစ်ရာ ငါးဆယ်ပေးရတယ်။

ကက်ဆက်ရတဲ့နေ့ဟာ ကျွန်မရဲ့ အပျော်ဆုံးနေ့ တစ်နေ့ပါပဲ။

ကိုယ်နားထောင်ချင်သည်ပဲ ဖြစ်ဖြစ်၊ မထောင်ချင်သည်ပဲဖြစ်ဖြစ် သူ့အစီအစဉ်အတိုင်း သည်းခံနားထောင်နေရတဲ့ ရေဒီယိုကို ကျွန်မဂရုစိုက်စရာမလိုတော့ပါ။

ကိုယ်ကြိုက်တဲ့'သီချင်းကို ကြိုက်တဲ့အချိန်မှာ ကြိုက်သလိုဖွင့်နိုင်ပြီလေ။ ပြန်နားထောင်ဦးမလား။ ပြီးတော့ အသံပါတောင် သွင်းလို့ ရသေးသတဲ့။

ကက်ဆက်ကလေးနဲ့ တိတ်ခွေသေးသေးလေး၊ ဣန္ဒြေရရ လည်ပတ်နေတာကိုပဲ ကျွန်မသဘောကျ စွဲလမ်းလို့ နေမိတယ်။

ကက်ဆက်ကို ဘက်ထရီနဲ့ဖွင့်ရတယ်။ ဖေဖေက တိတ်ခွေနှစ်ခွေပဲ ဝယ်လာတယ်။ ကက်ဆက်ဆိုင်က ပေးလိုက်တဲ့ အစမ်းခွေတစ်ခွေနဲ့ဆို သုံးခွေပေါ့။



ဖေဖေဝယ်လာတဲ့ အခွေနှစ်ခွေက မြို့တော်သိန်းအောင်ပြဇာတ်သီချင်းနဲ့ နှစ်ပါးသွားသီချင်းများ အခွေနဲ့ ဝင်းဦး၊ တင်တင်မြ၊ ချိုပြုံးတို့ရဲ့ ခေတ်ဟောင်းတေး စုံတွဲသီချင်းခွေ။

ကျွန်မကြိုက်ပါတယ်။ ဒါပေမယ့် ကျွန်မမှာလိုက်တဲ့ ဂျင်မီဂျက်နဲ့ နိုးပိုင်အခွေ ဝယ်မလာတဲ့အတွက် မကျေနပ်ဘူး။

ဖေဖေက မြို့တော်သိန်းအောင်ဇာတ်ကို သိပ်ကြိုက်တယ်လေ။ ကျွန်မတို့ တစ်မိသားစုလုံးလဲ မြို့တော်ဇာတ်ကို သိပ်ကြိုက်ကြပါတယ်။ တောင်မြို့ (အမရပူရ) မှာကျင်းပတဲ့ ဝါခေါင်လ၊ ရတနာ့ဂူနတ်ပွဲမှာ နှစ်တိုင်းမြို့တော်ဇာတ်ကို ကျွန်မတို့ သွားကြည့်ကြတာပဲ။

မြို့တော်ရဲ့ ရွှေရောင် တောက်နေတဲ့အချိန်။ သိပ်အောင်မြင်နေတဲ့အချိန်။ နံပါတ်တစ်မှာ ရောက်နေတဲ့ အချိန်ပေါ့။

မြို့တော်ရဲ့ ရှေ့ဆုံးဖျာကိုရဖို့ ဖေဖေ့မှာ မနက်လေးနာရီက ထပြီး လက်မှတ်သွားဝယ်ရတယ်။ ဒါပေမယ့် ဘယ်တော့မှ မရခဲ့ပါဘူး။

နှစ်တိုင်းနှစ်ဆယ်တန် ဖျာတစ်ချပ်ကို ရှစ်ဆယ်ပေးပြီးကြည့်ခဲ့ရတာချည်းပါပဲ။ ဒါပေမယ့် မြို့တော်ရဲ့ အနုပညာကြောင့် ဖျာတစ်ချပ် ရှစ်ဆယ်ကို ဘယ်သူမှ များတယ်ထင်မှာ မဟုတ်ပါ။

ညနေ သုံးနာရီလောက်ဆို ကျွန်မတို့ ပွဲသွားဖို့ ပြင်ဆင်ပြီးပြီ။ ဖေဖေ မေမေ ကျွန်မတို့ မောင်နှမတွေ၊ မေကြီး၊ ဒေါ်ဒေါ်၊ လေးလေးတို့ မိသားစုညီ၊ မမနွဲ့၊ မမလှဲ့ တို့ အဒေါ်အပျိုတွေ။

ဘ ပဲ အိမ်စောင့်ကျန်နေခဲ့တာ။

ပလပ်စတစ်ခြင်းနှစ်ခြင်းထဲမှာ ခင်းထိုင်ဖို့ ကော်ဇော၊ ရေဘူး၊ ဆေးလက်ဖက်သုပ်၊ နာနတ်သီးနဲ့ ဝါဆိုသရက်သီးထည့်ထားတဲ့ ထမင်းချိုင့်၊ ပွဲပြန်လမ်းမှာ ပန်ဖို့ ရေစိုအဝတ်တစ်ထပ်၊ ပလပ်စတစ် တစ်ထပ် ထုတ်ထားတဲ့ စံပယ်ပန်းကုံး အဖူးထုပ်၊ ယပ်တောင်၊ မေကြီးရဲ့ ကွမ်းအစ်သေးသေးလေး။ သနပ်ခါးသွေးပြီးသား ထည့်ထားတဲ့ဘူး။ စုံနေအောင်ပါတယ်။

ရတနာ့ဂူချိန်ဟာ အိမ်ထဲမှာ ရေရှိသေးတဲ့ အချိန်ပေါ့။ ဘ တို့ ကူးတို့ဆိပ်ကမ်းဂိတ်ဟာ ရေဝင်ထားတဲ့ ရွှံ့တွေနဲ့ ကားတွေ မသွားနိုင်သေးတော့

www.burmeseclassic.com

www.burmeseclassic.com



စစ်ကိုင်းတံတားကြီးအောက်ခြေက သပြေတန်း ခံတပ်ဘေးမှာ ယာယီကူးတို့ပြောင်းဖွင့်တဲ့အချိန်ပေါ့။

စစ်ကိုင်းတံတားကြီး ဒီဘက်ဂိတ်ပေါ်တက်ပြီး ကျွန်မတို့ စစ်ကိုင်းကားလေးတွေကို စီးကြရတယ်။

နတ်ပွဲအရှိန်က စစ်ကိုင်း-မန္တလေး ကားလမ်းတစ်လျှောက်ကိုပါ အသက်ဝင်စေတယ်။ ကားစောင့်နေကတည်းက အပျိုများတဲ့ ကျွန်မတို့ အုပ်စုအပြောင်အနောက်ခံရတော့တာပဲ။

ဒါထုံးစံပဲလေ။ စိတ်မဆိုးရဘူး။ စတဲ့သူတွေကလဲ ရိုင်းရိုင်းစိုင်းစိုင်းမဟုတ်ပါဘူး။ 'ချစ်ချစ်ရေ ကိုယ်တို့ တူတူ ပွဲကြည့်မယ်လေ' တို့၊ 'လာလေ. . . ကိုယ်တို့ ကားပေါ် လိုက်ခဲ့ပါလား' တို့၊ 'မယ်တော်နန်းမှာ ပန်းတူတူ သွားဆက်မယ်' တို့။ တချို့ကျလဲ ခပ်တည်တည်နဲ့'ကြည့်စမ်း၊ မင်းကတော့ ဒီမှာ လာပြီးပျော်လို့၊ ကိုယ့်မှာဖြင့် အိမ်မှာကလေးထိန်းနေရတယ်' တဲ့။

ရယ်စရာလဲကောင်းတယ်။ ပြီးတော့ ကြည်နူးစရာလဲကောင်းသလိုပဲ အပျိုဖြစ်လာတဲ့အချိန်၊ ကိုယ်နဲ့ရွယ်တူ အချင်းချင်းကစတဲ့ နောက်တဲ့အခါမျိုးပေါ့။

အသက်ကြီးကြီး၊ အရက်မူးသမားကြီးတွေဆိုရင်တော့ ဘယ်ကြည်နူးမလဲ။ ငယ်ငယ်လေးတုန်းကတော့ စခံရရင်သိပ်စိတ်ဆိုးတာပဲ။

ကလေးချပ်ကြီးတွေကိုင်ပြီး အပျိုတွေဆီကို 'ရော့ . . . မင်းကလေး မင်းကလေးနဲ့' လိုက်ပေးနေတဲ့ လူကြီးတွေ တွေ့ရင်တော့ ကျွန်မ ရယ်ချင်တယ်။

ငယ်ငယ်ရတနာ့ဂူပွဲသွားချိန်တွေကတော့ ကျွန်မစိတ်ထဲမှာ ကျောက်ပန်းခွေ ဆောင်းချင်တာရယ်၊ မေကြီးကို ရောင်စုံပုတီး ဝယ်ပေးဖို့၊ ရွှေမန်းကံချွန်ဆက်ကပ်ကြည့်ဖို့အတွက် ပူဆာဖို့ပဲ သိတာပဲ။

တံတားကြီးဂိတ်ကနေ စီးရတဲ့ကားဟာ တောင်မြို့ စကျင်ဝစီထိရောက်တာနဲ့ ဆင်းရတော့တာပဲ။ ကားဆက်သွားလို့ မရတော့ဘူးလေ။

လူတွေက လမ်းပေါ်မှာ ပြည့်ကျပ်လို့။ ကားလမ်းမြောက်ဘက် မီးရထားသံလမ်းဘေးမှာ စဥ့်ပစ္စည်းမျိုးစုံဆိုင်၊ နှစ်တိုင်းထွက်တယ်။ ကားလမ်းတောင်ဘက် ချိုင့်ဝှမ်းထဲမှာတော့ ရေတွေဖွေးနေတယ်။



ငှက်တွေ၊ လှေတွေက အစီအရီ။ 'အောက်နန်းကို အောက်နန်းတို့' တဲ့။ အောက်နန်းငှက်တွေနဲ့ လှေတွေနဲ့စရင်း ပြောင်ရင်း၊ ရေပက်ကျီစယ်ရင်းသွားရတာ သိပ်ပျော်ဖို့ကောင်းတယ်။

'အထက်နန်း' ကတော့ သံလမ်း လမ်းကြားလေးထဲကနေ လူတွေကို အတင်းတိုးဝှေ့ပြီး ခြေကျင်သွားရတယ်။ လမ်းဝဲယာနှစ်ဘက်မှာ ဈေးဆိုင်တွေနဲ့ ကျပ်ညပ် ဆူညံနေတာပဲ။

ရတနာ့ဂူပွဲမုန့်ဖြစ်တဲ့ မုန့်ဖတ်ထုပ်၊ စလူမုန့်၊ ကရေကရာ မုန့်သည်တွေကလဲ အများကြီး။

မေမေက ကျွန်မတို့ အပျိုဖြစ်လာချိန်မှာ သူ့ကို 'ယောက္ခမကြီးလို့' ခေါ်ခံရတာကို စိတ်ဆိုးလို့ မဆုံးဘူး။

ကျွန်မတို့ ဇာတ်ရုံမသွားခင် အထက်နန်းကိုဝင်ပြီး ပန်းဆက်ကြတဲ့အချိန်။ ကျွန်မနဲ့ ရွယ်တူကောင်လေးအုပ်စုက မေမေ့နားကပ်ပြီး 'ယောက္ခမကြီး' ခေါ်သွားလို့ မေမေလေ တအားစိတ်ဆိုးပြီး ကျပ်ညပ်နေတဲ့ လူအုပ်ကြီးထဲမှာ ကောင်လေးတွေ နောက်ကိုလိုက်တာ။ အတင်းလိုက်ဆွဲကြရတယ်။ ကောင်လေးတွေက ရယ်လို့။ ရှက်စရာကြီး။

လေးလေးကတော့ အဲလိုမဟုတ်ဘူး။ ယောကျ်ားလေးပေမယ့် သူ့နှမတွေ စနေတာကို ပြုံးပြီးနေတာပဲ။ ဖေဖေလဲတူတူပဲ။ မေကြီးလဲအတူတူပဲ။ ဘာမှ မပြောဘူး။

မေမေကတော့ ဇာတ်ရုံထဲရောက်လို့ နေရာချတော့လဲ သူ့မှာပြဿနာ။ မောင်းတွေနဲ့ ညီမတွေကို ဖျာအလယ်ခေါင်မှာ စုပို့ပြီး သူရယ်၊ လေးလေးတို့ မောင်မယားရယ်၊ ဖေဖေရယ်က ဖျာအစပ်မှာ ဝိုင်းထိုင်ရတယ်။

လူတွေကလဲ ကျပ်ညပ်ခဲနေတာ။ စားစရာခြင်းကို မနည်းချရတယ်။ ဒါပေမယ့် ဘယ်လောက်ပဲ မွန်းကျပ်အိုက်လှောင်ပြီး ယပ်တောင်တဖျပ်ဖျပ်ခတ်နေရပေမယ့် အစီအစဥ် ကြေညာသူရဲ့ 'ရွှေပွဲလာ ဧည့်ပရိသတ်များရှင့်' ဆိုတဲ့ အသံချိုချိုလေးကို ကြားလိုက်ရရင်တော့ လူအားလုံးဟာ ဒုက္ခတွေ မေ့ပျောက်ပြီး တစ်ရုံလုံး ငြိမ်ကျသွားတတ်တယ်။

ဇာတ်ရုံတစ်ရုံလုံးကို ကြည့်လိုက်ရင်တော့ ဗွန်ပန်းကုံးတွေကိုပဲ မြင်ရ

www.burmeseclassic.com



ရတယ်။ တစ်ရုံလုံး မွှေးနေတာပေါ့။ ဒွန်ပန်းနံ့ဟာ ရတနာ့ဂူနံ့၊ ပွဲနံ့ပဲ။

ဇာတ်ရုံရဲ့ မီးရောင်မှုန်ရီရီမှာ သိပ်ယစ်မူးလို့ ကောင်းတဲ့အနံ့။ ပြဇာတ် တစ်ခေတ်ကို ဦးဆောင်ထူထောင်ခဲ့တဲ့ မြို့တော်မောင်ယဉ်အောင်ရဲ့ 'မိုးလား တိမ်လား' 'ကောက်ပင်တရေးနိုး' 'ရိုးပြတ်တွင်းမှတောက်ခေါက်သံ' 'ကိုးဆယ်ဆ သာလိမ့်မယ်' 'ဆီမီးထွန်းချိန် ပန်းဖျိုးချိန်' 'သဘင်သည်မဝင်ရ' 'ရွှေဖိနပ် ရှုပ် တိုက်စီးမယ်' အများကြီးပါပဲ။ သူ့ပြဇာတ်အားလုံးကို ကျွန်မ တရိုက်မက်မက် စွဲလမ်းခဲ့ရတယ်။

'မြို့တော်သိန်းအောင် အနုပညာဂုဏ်ကိုဆောင် မန္တလေးမြို့ရဲ့ ကျော် သရေထွန်းပြောင် မြန်ပြည်ဘောင် စံတည်ထောင် မြို့တော် မြို့တော် ကိုသိန်း အောင်ဆိုတဲ့' ပြောသီချင်းဟာ ရတနာ့ဂူချိန်တစ်လျှောက်လုံး လူတိုင်းပါးစပ်ဖျား မှာ ရောက်နေခဲ့တယ်။

အဲဒီသီချင်းအပါ မြို့တော်သီချင်းစုံပါတဲ့ တိတ်ခွေကို ဖေဖေက ခဏ ခဏ ဖွင့်ပါတယ်။ ဘယ်သူမှ မကန့်ကွက်ကြဘဲ ကြာတော့ ကျွန်မတို့ တစ်အိမ် လုံး သီချင်းတွေ အလွတ်ရကုန်တယ်။

ကျွန်မကတော့ အခွေဖွင့်နေချိန်မှာ အိပ်ရာထဲမှိန်းပြီး နားထောင် တတ်တယ်။ ဇိမ်နဲ့ပွဲကြည့်နေရသလို ခံစားရတယ်။

ကျွန်မကြိုက်တဲ့ ဂျင်မီဂျက်၊ စိုးပိုင်နဲ့ စိုင်းထီးဆိုင်တို့ရဲ့ လက်ရွေးစင် သီချင်းတွေကို ရွေးသွင်းထားတဲ့ အခွေ မန္တလေးကနေ လေးလေးရွှေလာတဲ့ နေ့ကိုလဲ ကျွန်မ မမေ့နိုင်ပါဘူး။

အခွေဖွင့်တဲ့အချိန် တစ်နာရီဟာ တကယ့်ကို ခဏလေးလိုပဲ။ သိပ် အံ့ဩဖို့ကောင်းတာပဲ။ ပြီးတာနဲ့ တသိမ့်သိမ့်စွဲမက်နေမိပြီး ဒီအခွေဟာ ငါ့ သေအတူ၊ ရှင်မကွာ ယူသွားရမယ့် အခွေလို့တောင် စွဲမှတ်လိုက်မိတယ်။ ချစ် ချင်း ထပ်ဖွင့်နားထောင်တော့လဲ တသိမ့်သိမ့် ခံစားရမြဲ။

ဂျင်မီဂျက်ရဲ့ 'စက်ခေါင်း အမှတ်၁၀၉'၊ 'ပန်းဘုရင်မ'၊ 'အမေတစ် သားတစ်ခု'၊ စိုးပိုင်ရဲ့ 'အချစ်ဟောင်းရဲ့လက်ထပ်မင်္ဂလာ'၊ 'ဒီလူဟာ အချစ်တစ် ဆုံး'၊ 'မငြိမ်းချမ်းသော မောင်ငြိမ်းချမ်း'။ စိုင်းထီးဆိုင်'သဘာဝပါ'၊ 'မန္တလေး ရောက်ရှမ်းတစ်ယောက်'၊ 'နွံ့တင်အတွက် သီချင်းတစ်ပုဒ်'၊ 'သိပ်သိပ်ချစ် ရတယ်'



နွံ့တင်ရယ်'၊ အဲဒီထဲမှာ မင်းမင်းလတ်ရဲ့ 'ယုဇနပင်နဲ့ ဖဲကြိုးဝါ' သီချင်းတစ်ပုဒ် ထဲပါလာတယ်။ ကျွန်မအင်မတန်ကြိုက်ပါတယ်။

တစ်ချိန်တည်းမှာပဲ ငယ်ငယ်လေးကတည်းက နားထဲမှာစွဲခဲ့ပြီး မကြာ သေးခင်က စစ်ကိုင်း ထူပါရုံဘုရား ထီးတင်ပွဲမှာ ကြည့်လိုက်ရ၊ နားထောင် လိုက်ရတဲ့ 'မန္တလေးမြို့မ' သီချင်းတွေကို ကျွန်မ သဘောကျ စွဲလမ်းနေပြန် ပါတယ်။

ကျွန်မသိပ်ကြိုက်တဲ့ 'စစ်ကိုင်းတောင်' သီချင်းကို တန်ဆောင်မုန်းလ စစ်ကိုင်းတောင်၊ ပတ္တမြားစေတီဘုရားပွဲ သွားကြတဲ့သူတွေ၊ မြစ်ထဲ ဘက်ပေါ်ကနေ အသံချဲ့စက်နဲ့ ဖွင့်သွားတာ ခဏခဏ ကြားရဖူးတယ်။

သီချင်းစာသား တစ်ပိုင်းတစ်စကိုတော့ 'ထူး' စာစောင် အဖုံးမှာ စစ်ကိုင်းတောင် နောက်ခံနဲ့ ကောင်မလေးက ထီးလေးဆောင်းလို့။ စာစောင် ဆောင့်မှာ သီချင်းစာသားရေးထားတာ တွေ့ဖူးတယ်။

ရေဒီယိုကလာတဲ့ ကြွယ်ကြွယ်ရဲ့ 'ရှင်တစ်ခုပဲ' ကိုလဲ ကျွန်မ အမြဲ နားထောင်တတ်တယ်။ ပြီးတော့ 'မင်္ဂလာမောင်မယ်' နဲ့ 'မုန့်စား' ကိုလဲ သိပ် ကြိုက်တာပဲ။

'မင်္ဂလာမောင်မယ်' သီချင်းက 'သံသာကမ်းတိုင်' ဆိုတဲ့အစရယ်၊ ရေဒီယိုက လာတဲ့ သီချင်းတွေထဲက ကျွန်မရှားရှားပါးပါး ကြိုက်တဲ့ တစ်ပုဒ် တည်းသော သီချင်းကြီးဖြစ်တဲ့ 'အတိုင်းမသိ မင်္ဂလာဩဘာဘွဲ့' ထဲက 'အခါ တော်ပေးတာက' ဆိုတဲ့ အပိုဒ်ရယ်ကို ကြားတိုင်း ကျွန်မ ကြက်သီးထတတ်တယ်။

'နင် . . . တဖြည်းဖြည်း ကျောက်တိုင်ရှေ့ကလူကြီးနဲ့တူလာပြီ နော်နင်'

'ဘာလဲ'

ခဲတံကိုက်ရင်း ခံစားနစ်မျော ငိုင်တွေနေတဲ့ ကျွန်မကို မိချစ်က အမိ ဖမ်းတယ်။ ဆရာမကြီးလိုလဲ ကြည့်တယ်။ ကျွန်မစိတ်ညစ်လာတယ်။

'ဒီမှာ ငါကျော်မေတြီ ပုဏ္ဏာ ငါးပုဒ်ကြီးများတောင် ပြီးပြီလေဟာ'

'အကွာရာတွက်မယ်လို့ ငါပြောနေတာ ကြာလှပြီ၊ နင် နားလေးနေ တာ။ အေဗီ၊ ဂျီပီတွေ ပြန်ကြည့်မယ်'

www.burmeseclassic.com



'ငါ အမုန်းဆုံးပဲ၊ ကြီးကိုပုဏ္ဏာတွေဆို တော်သေး'

'စာမေးပွဲကျ၊ နင့်ကို ကြီးကိုနဲ့ ဂျော်မေကြီးတင် မမေးဘူးလေ'

ခင်စန်းဦးက အက္ခရာတွက်တိုင်း ဂျစ်ကန်ကန်လုပ်တဲ့ ကျွန်မထို ဝင်ငေါ့တယ်။

စိတ်ပျက်စရာ သိပ်ကောင်းတာပဲ။ လောကကြီးဟာ ကိုယ်လုပ်ချင်တာ ကို ဘာလို့များ လွတ်လွတ်လပ်လပ်လုပ်ခွင့်မရှိပါလိမ့်။ အက္ခရာသင်္ချာထက် မြန်မာစကားပြေ လက်ရွေးစင်စာအုပ် ဆို ကျွန်မဖတ်ချင်တယ်။

ဆယ်တန်း စနစ်သစ် အင်္ဂလိပ်ဖတ်စာ စာအုပ်ထက် ကိုးတန်းမှာ သုံးပုဒ်ပဲ သင်လိုက်ရတဲ့ ရှိတ်စပီးယား ပြဇာတ်တွေကို ကျွန်မဆက်သင် ချင်တယ်။

ခုလောလောဆယ်မှာ ကျွန်မ ဝတ္ထုပြီးအောင်ဖတ်ပြီး သူငယ်ချင်းတွေ ရဲ့ သီချင်းစာအုပ်ထဲမှာ ကျွန်မစိတ်ကြိုက် သီချင်းတစ်ပုဒ်စီကို ကူးပေးချင်တယ် အော်တိုစာအုပ်တွေထဲမှာ ဝတ္ထုတွေထဲက စကားလုံးမျိုးတွေနဲ့ ဖွဲ့နွဲ့ရေးပေးချင် တယ်။

ဒါပေမယ့် တကယ်ကျတော့ ကျွန်မမုန်းတဲ့ အက္ခရာသင်္ချာကို တွက်နေ ရတယ်။

ဘယ်လောက်စိတ်ပျက်ဖို့ ကောင်းသလဲ။

'ဒီတစ်ပုဒ်ပြီးရင် ခဏနားပြီး လက်ဖက်သုပ်စားမယ်ဟာ'

အက္ခရာသင်္ချာဆို မြန့်မြန်ပြီးတတ်တဲ့ မိချစ်က သူကြိုက်တဲ့ ကိစ္စကို အဆိုတင်သွင်းတယ်။ ခင်စန်းဦး အဒေါ်အပျိုကြီးက ဈေးထွက်နေတော့ အိမ်မှာ ဘယ်သူမှ မရှိဘူး။

အဒေါ်က ကျွန်မတို့ စာကျက်ရင်းစားဖို့ စားစရာတွေ စီမံထားခဲ့တယ်။

'နင်တို့ သုပ်စားလေ၊ ငါမှ လက်ဖက်သုပ်မကြိုက်ဘဲ၊ ငါ့ကို မုန့်ပဲပေး'

'နင်စားနိုင်အောင် ငရုတ်သီး ထည့်မသုပ်ဘူးလေ၊ လက်ဖက်ထဲ နည်းနည်းပဲထည့်မယ်၊ ဘယ့်နှယ်လဲ'

'ဟာ . . . ငရုတ်သီးမပါရင် နင်တို့ လက်ဖက်သုပ် ဘယ်ကောင်းမလဲ ငါမကြိုက်ဘူးဆိုမှ ၊ စားပါ နင်တို့နှစ်ယောက်၊ နင်တို့လက်ဖက်သုပ်နေတဲ့ အချိန်



ဒါအလုပ်လေးတွေ လုပ်လိုက်ဦးမယ်'

မိချစ်က ကျွန်မကို မျက်စောင်းထိုးတယ်။ လက်ဖက်သုပ်တင်မကတာ ထိတဲ့အရသာရှိတဲ့ အစားအစာမှန်သမျှကို ကျွန်မ လုံးဝမကြိုက်ပါ။

ငယ်ငယ်ကတည်းက ကျွန်မ ငရုတ်သီး မစားနိုင်တာပဲ။ ခုထိလဲ နည်းနည်းစပ်တာနဲ့ မျက်ရည်တွေ ပေါက်ပေါက် ကျလာတတ်ရော။

'ပိုင်ပိုင်' နဲ့ 'စန်းစန်းမြင့်' ရဲ့ သီချင်းစာအုပ် နှစ်အုပ်ထဲကို စိုးပိုင်သီချင်း တစ်ပုဒ်နဲ့ စိုင်းထီးဆိုင် သီချင်းတစ်ပုဒ် ကူးထည့်ပေးလိုက်တယ်။ ပြီးတော့ ခင်သန်းဆင့်၊ မခင်ယု နဲ့ မချိုတို့ရဲ့ အော်တိုစာအုပ်တွေကို ကျွန်မ တဖျပ်ဖျပ် လှန်လိုက်တယ်။ 'ခွဲကြရတော့မယ်' ဆိုတဲ့ စာကြောင်းတွေ အများကြီး တွေ့ ရတယ်။ 'အမြဲသတိရနေမယ်ယုံ' ဆိုတဲ့ စာကြောင်းတွေကလဲ အများကြီးပဲ။

တချို့ စာကြောင်းတွေပေါ်မှာ ရေစက်ကျထားသလို မင်တွေပြယ် နေပြီး 'ခွဲရမယ့်အရေးကို တွေးပြီး မျက်ရည်ကျနေတယ်သိလား' ဆိုတဲ့ စာကြောင်းမျိုးကိုလဲ တွေ့ရတယ်။ ရယ်စရာကြီး။

ကျွန်မ ဘာရေးရမလဲ။ တိုတိုနဲ့ ထိထိမိမိ ဖြစ်ရမယ်။ သုံးခုတောင် ရေးရမှာ။

လောလောဆယ် နှစ်ခြိုက်စွဲလမ်းပြီး လက်တွေ့ အသုံးချချင်တဲ့ စာကြောင်းလေးကို ပထမဆုံး ရေးဖြစ်သွားတယ်။ သူများတွေလို နာမည် ကို အရင်မရေးတာကိုက တမျိုးထူးခြားနေတာပေ့ါ။

ငါ့လက်ရေးက မလှပါဘူး မိဆင့်ရယ် . .

နင် ခဏခဏ ဖတ်မကြည့်ပါနဲ့ . . .

သိပ်ခင်တဲ့

နှင်းနှင်းဦး

အော်တိုစာအုပ်ကို ပြန်ဖတ်ပြီး ကျွန်မ ကိုယ့်ဘာသာကိုယ် သဘောကျ သွားတယ်။

'နှင်းနှင်း . . . နင် အဲဒီလို ပြုံးစိစိလုပ်ရင် ကျောက်တိုင်ရွှေ လူကြီး နဲ့တူသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



'သွားစမ်းပါ'

ခင်စန်းဦးနဲ့ မိချစ်က ကျွန်မနားလာထိုင်ပြီး ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်ကို တရှုးရှုး၊ တရှဲရှဲ စားကြတယ်။ ကျွန်မကိုတော့ ဘီစကစ်မုန့်ချပ် သုံးခု ပေးတယ်။

'နှင်းနှင်း၊ နင်ဘာတွေရေးနေတာလဲ၊ ကဗျာလား၊ ရည်းစားစာလား'

'သီချင်းစာအုပ်နဲ့ အော်တိုပါဟာ၊ နင်နားမလည်ပါဘူး၊ ခင်စန်းဦးကမှ သီချင်းစာအုပ် လုပ်သေးတယ်၊ သူဖြင့် အော်တိုလဲ မရှိဘူး'

'ငါမှ ဝါသနာ မပါဘဲ'

'အေး . . . ကောင်းတယ်'

'ဒါပေမယ့် နင့်ကို ငါတစ်ခု ချီးကျူးပါတယ်။ ကျောင်းနံရံကပ်စာစောင်မှာ နင်ပါအောင် ရေးနိုင်တာလေ။ ငါတကယ် အံ့ဩတယ်သိလား နင့်ကဗျာ နှစ်ပုဒ်လုံး ဖတ်လို့ကောင်းသားပဲ။ ခေါင်းစဉ်က ဘာဟာ၊ ငါမေ့သွားပြီ'

'ဒဿမသူတို့ လှမယ့်ပန်းနဲ့ အလောင်းဘုရား'

'ဟော့ . . . နှင်းနှင်း ၊ နင့်အဲဒီကဗျာ အောက်ခြေမှာ စာရေးသွားတာလေ၊ ဘယ်သူလဲ နင်သိလား'

ခင်စန်းဦးက ရုတ်တရက် သတိတရ ဝင်မေးတယ်။ တွေးမိပြီး ကျွန်မ ရယ်ချင်လာတယ်။

'မသိပါဘူးဟာ၊ ဘာတဲ့ ငါ့နာမည်အောက်မှာ အသည်းခွဲသွားတဲ့ ကဗျာဆရာမကြီးတဲ့၊ ဘယ်ကြောင်လဲမသိပါဘူး။ ဒါပေမယ့် ငါ့ကို ကဗျာဆရာမ လို့ ခေါ်တာတော့ ငါကြိုက်သားပဲ။

ရေတ်သီးစပ်နေတဲ့ မိချစ်မျက်နှာပိုပြီး ရှုံ့မဲ့သွားတယ်။

'နင် လူကိုပါ စုံစမ်းပြီး ကြိုက်လိုက်ပါလား၊ နင့်ကို စာလိုက်ပေးတဲ့ ဟိုကောင်လေး ဖြစ်ချင်ဖြစ်နေမှာ'

'ဘယ်ကောင်လေးလဲ၊ ကိုးတန်းတုန်းက ကောင်လေးလား၊ ရှစ်တန်းတုန်းတကောင်လေးလား၊ ခု ဆယ်တန်းက ကောင်လေးလား'

'သုံးယောက်စလုံးကြိုက်ဟယ် ကဲ'

'မစ စမ်းပါနဲ့ဆို နှင်းနှင်းရယ်'



မိချစ်က ဒေါပွပြီး ကျွန်မကို ဆွဲဆိတ်တယ်။ ရေနွေးပန်းကန်တစ်လုံး မှောက်သွားတယ်။ ခင်စန်းဦးက မိချစ်လက်ကို ဆွဲဖယ်ပြီး မျက်နှာခပ်တည်တည်နဲ့။

'ငါကတော့ ငါလက်ထပ်မယ့် ယောကျ်ားဟာ သဘောကောင်းရမယ်၊ ညောတတ်ရမယ်၊ ပိုက်ဆံရှိရမယ်'

'ငါကတော့ အပျိုကြီးလုပ်မှာ၊ ယောကျ်ားများ မယူပါဘူး'

ပြတ်သားခိုင်မာနေတဲ့ မိချစ်ကို ကျွန်မ ငေးကြည့်မိတယ်။ မေမေကတော့ မိချစ်ကို သဘောကျမှာပဲ။

'ငါကတော့ ခုချိန်မှာ ဘယ်လိုလူမျိုးဖြစ်ဖြစ် ငါ့ကို 'စိမ်း' သီချင်းနဲ့သာ ပိုးရင် ချက်ချင်းပြန်ကြိုက်လိုက်မှာပဲ'

'ဘာဖြစ်တယ်'

မိချစ်နဲ့ ခင်စန်းဦးက ကျွန်မကို မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ ကြည့်ကြတယ်။ သိပ်တုံးတာပဲ။

'စိမ်း' သီချင်းလေ၊ ရေဒီယိုက ခဏခဏ လာသားပဲ။ ကိုမြင့်ဆွေ ဆိုတာ။ မကြားဖူးဘူးလား'

'မကြားဖူးပါဘူး'

'အို . . . ဒီလောက်ကောင်းတဲ့သီချင်းကို ၊ အလွန်လှ၊ အလွန်မြင့် အလွန်လူကြိုက်များတဲ့ ကောင်မလေးကို ပိုးတာ။ တစ်ဦးမေတ္တာ တစ်ဦးမှာ ဥပေက္ခာပြုကာ၊ မကြည်မသာ ယိမ်းဖယ်၊ ဖီလာမတိမ်းနဲ့ စိမ်းရယ် . . . တဲ့။ ဘယ်လောက်ကြိုက်ချင်စရာ ကောင်းသလဲ။

'အဲ . . . ဒုက္ခပဲ'

'ပြီးတော့ ငါ့ချစ်သူကို ငါ အဖြေပေးတဲ့အခါမှာ ဖဲကြိုးအဝါလေးနဲ့ အဖြေပေးမယ်။ သစ်ပင်အောက်မှာ ချထားမယ်။ နင်တို့မသိဘူးသား။ ယုဇနပင်နဲ့ ဖဲကြိုးဝါလေ၊ သိပ်ကောင်းတဲ့ သီချင်း'

'အေး . . . အဲဒီသီချင်းတော့ ငါကြိုက်တယ်'

နည်းနည်းတိုးတက်လာတဲ့ ခင်စန်းဦးနဲ့ ကျွန်မ အပြုံးချင်း ဖလှယ်လိုက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ယုဇနပင် နင်မြင်ဖူးလားဟင် . . . ခင်စန်းဦး'

'ဟင့်အင်း'

'ငါလဲမမြင်ဘူးလို့၊ သိပ်လှမယ်ထင်တယ်နော်'

'အေးပေါ့'

'ပြီးတော့လေ ချစ်သူဘဝမှာ ငါ့ချစ်သူက ငါ့အမာရွတ်လေးကို ကြည့်ပြီး ဘာဖြစ်တာလဲဆိုတဲ့ မေးခွန်းကို စိတ်ထဲက မေးနိုင်တဲ့ ချစ်သူမျိုး ဖြစ်ရမယ်။ အဲဒီမေးခွန်းကို ငါကလဲ စိတ်ထဲကနေကြားပြီး ပြန်ဖြေချင်တယ်'

'ဘာ ဟ'

သူတို့နှစ်ယောက်က ကျွန်မ မျက်ခုံးစွန်း အထက်က အမာရွတ်လေးကို လှမ်းကြည့်ကြတယ်။ ကျွန်မကတော့ 'မြနန္ဒာ' ထဲက 'လင်း' နဲ့ 'မြနန္ဒာ' တို့ရဲ့ တစ်ခုသော သစ်ရိပ်ညိုညိုကို မြင်ယောင်လာတယ်။

'မြနန္ဒာ ဝတ္ထုထဲမှာဟ၊ လင်းနဲ့ မြနန္ဒာ ဟာ ရင်ထဲက တိတ်တဆိတ် ချစ်နေကြတဲ့ ချစ်သူနှစ်ဦးပေါ့။ သူတို့နှစ်ယောက်က ပါးစပ်ကနေ မပြောပေမယ့် တစ်ယောက် ရင်ထဲကစကားကို တစ်ယောက်က နားလည်နေတတ်တယ်။ တစ်နေ့မှာ နှစ်ယောက်သား သစ်ပင်ရိပ်အောက်မှာ ထိုင်နေကြရင်း ခေါင်းငုံ့နေတဲ့ နန္ဒာ့နားရွက်နောက်ဆံနားက အမာရွတ်သေးသေးလေးကို လင်းက မြင်တယ်။ သူစိုက်ကြည့်နေတုန်း ခေါင်းငုံ့နေတဲ့ နန္ဒာက ရုတ်တရက်'အဲဒါလား နန္ဒာငယ်ငယ်တုန်းက ကားမှောက်တာပေါ့' လို့ ပြောလိုက်တော့ လင်းကလဲလေး တကျွတ်ကျွတ်စုပ်သပ်ပြီး 'ဟင်. . . နန္ဒာ သိပ်နာမှာပဲနော်၊ သနားပါတယ်'တဲ့။ ပြောမိပြီးမှ နန္ဒာက အလန့်တကြား 'ဟင်. . . လင်း၊ နန္ဒာ့ကိုလဲ မမေးဘဲနဲ့ အို . . . မဟုတ်ဘူး မေးပါတယ်၊ နန္ဒာ ကြားလိုက်ပါတယ်'တဲ့။ ကဲ. . ဘယ် လောက်ကြည်နူးဖို့ ကောင်းသလဲ။

'ထူးဆန်းတယ်နော်၊ နန္ဒာက ဥစ္စာစောင့် ဝင်စားတာလားမသိဘူး'

ခင်စန်းဦးရဲ့ စိတ်ဝင်တစား မှတ်ချက်က ကျွန်မ အလွန်ဒေါသဖြစ် စိတ်ညစ်သွားပြီး ကျွန်မနဲ့ တစ်ယောက်ကို တစ်ယောက် နားလည်ပေမယ့် စိတ် ထုကိုယ်ထု သူငယ်ချင်းတစ်ယောက်ကို ပထမဦးဆုံးအကြိမ် တောင့်တမိတယ်။

'တော်ကြတော့ဟာ၊ ဘာတွေမှန်းလဲမသိဘူး၊ စာကျက်မယ်'



မိချစ်က ဆော်ဩရင်း သင်္ချာစာအုပ်ကို ပြန်ဖွင့်တယ်။

'ကျန်တဲ့ သင်္ချာနှစ်ပုဒ်တွက်ပြီး စာကျက်ရအောင်၊ အဲဒီနှစ်ပုဒ်တာ စာမေးပွဲမှာ ပါနိုင်တယ်တဲ့ဟ'

'နင့် ဘယ်သူက ပြောလို့လဲ'

သင်္ချာစာအုပ်ကို စိတ်ပျက်လက်ပျက်ဖွင့်နေတဲ့ ကျွန်မက စိတ်ဆိုးဆိုး နဲ့မေးတော့ မိချစ်က 'မန္တလေးကျူရှင်တွေက လာတာဟ' တဲ့။

ခုချိန်ထိ ကျွန်မတို့ဆီမှာ ဘာကျူရှင်မှမရှိသေးပါ။ ဆယ်တန်းထိ ကျူရှင်ဆိုတာလဲ တစ်ခါမှ မတက်ခဲ့ဘူးပါ။

ဒါပေမယ့် ကျူရှင်မတက်ဘူးတဲ့ ကျွန်မတို့ သူငယ်ချင်း သုံးယောက်လုံး အဲဒီနှစ်က ဆယ်တန်းအောင်ကြပါတယ်။

မိချစ်တစ်ယောက်ကသာ (က) စာရင်းနဲ့ လွတ်လွတ်ကျွတ်ကျွတ် အောင်တာပါ။ ကျွန်မနဲ့ခင်စန်းဦးက (ခ)စာရင်းနဲ့ ဖားတစ်ပိုင်း၊ ငါးတစ်ပိုင်း အောင်။ မိချစ် စီးပွားရေးတက္ကသိုလ်သွားတဲ့ အချိန်မှာ ကျွန်မတစ်ယောက်တည်း ကျောင်းပြန်တက်နေရတယ်။

ခင်စန်းဦးက ဆရာအတတ်သင် သွားတက်နေပြီလေ။

၁၉၇၅ ခုနှစ်၊ ဆယ်တန်းကိုတော့ကျွန်မ လွတ်လွတ်ကျွတ်ကျွတ် (က) စာရင်းနဲ့ အောင်ခဲ့ပါတယ်။

ဒါပေမယ့် ကျွန်မ မန္တလေးတက္ကသိုလ်မှာ သင်ခွင့်ရတဲ့ အဓိကဘာသာ ကာ 'သင်္ချာ' တဲ့။

www.burmeseclassic.com

www.burmeseclassic.com

၁၉၇၆-ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ပြာလဲ့နေတဲ့ ရှမ်းရိုးမ တောင်တန်းကြီးနဲ့ ကျွန်မတို့ ရထားလေး တဖြည်းဖြည်း
နီးလာနေတယ်။

ကတ္တရာလမ်းမနဲ့ စည်းချက်မှန်မှန် ရိုက်ခတ်ထိတွေ့နေတဲ့ မြင်း
သံတခွပ်ခွပ်လိုပဲ ကျွန်မရင်တွေ တဒိတ်ဒိတ်ခုန်နေတယ်။

စိတ်တက်ကြွမှု၊ အားငယ်စိုးရိမ်မှု၊ ဝမ်းနည်းလေးလံမှုတွေက ကျွန်
တကိုယ်လုံးကို ခြုံထားပြီး ခြေဖျားလက်ဖျားတွေ လိုတာထက်ပိုပြီး အေးစက်
ကြတယ်။

ကုတ်အင်္ကျီ အဝါနု၊ ကျွန်းသားရောင် တက်ထရွန် ပြောင်ထဘီ၊ ခုံမြ
ဒေါက်ဖိနပ်အဖြူ၊ ဆံပင်အလယ်ခွဲ ကျောဝဲဖားလျားနဲ့ သနပ်ခါးပါးပါး လိမ်
ကရင်းပတ်ဖိ မိတ်ကပ်တို့ထားတဲ့ ကျွန်မရဲ့ ဝတ်စားဆင်ယင်ပုံဟာ မန္တလေး
တက္ကသိုလ် ကျောင်းသူတစ်ယောက်ရဲ့ ဝတ်စားဆင်ယင်ပုံ ဟုတ်ပါလေရဲ့လား

မျက်နှာချင်းဆိုင်က ရထားမှန် အသည်းပုံလေးထဲမှာတော့ အဆီနည်
နည်းပြန်ချင်နေတဲ့ ကျွန်မမျက်နှာက လုံးသွားလိုက်၊ ရှည်သွားလိုက်။

'နှင်းနှင်း . . . သမီး၊ လိမ်လိမ်မာမာ နေနော်'



မေမေ့ဆီက ဘယ်နှစ်ကြိမ်မြောက်မှန်းမသိတဲ့ စကားသံကို ကြားရပြန်
တယ်။

'ဟုတ်ကဲ့ပါ'

ကျွန်မ ဒီ 'ဟုတ်ကဲ့ပါ' ကို အခါပေါင်းတစ်သိန်းလောက် ပြောခဲ့ရပြီး
ပြီ ထင်ပါရဲ့။ ဆယ်တန်းအောင်စာရင်းထွက်ပြီး တက္ကသိုလ်သွားဖို့ ပြင်ဆင်တဲ့
အချိန်ကစပြီးပေါ့။ မေမေ အပါအဝင် ဆွေမျိုးတွေရော၊ အိမ်လာလည်တဲ့ သူတွေ
ရော အများကြီးပါပဲ။

'နှင်းနှင်း ၊ စာကြိုးစားသင်နော်'

'ဟုတ်ကဲ့ပါ'

'နှင်းနှင်း . . . ရည်းစားမထားနဲ့နော်'

'ဟုတ်ကဲ့ပါ'

'တက္ကသိုလ်ဆိုတာ လူပေါင်းစုံ၊ အပေါင်းအသင်းကို ကြည့်ပေါင်းနော်'

'ဟုတ်ကဲ့ပါ'

ကျွန်မမှာ မဆုံးနိုင်အောင် ဟုတ်ကဲ့ပါ လုပ်နေရတယ်။ ကျွန်မကို
အဲလိုဟာမျိုးတွေ တစ်လုံးမှ မပြောတဲ့ သူတွေကတော့ ဘရယ်၊ မေကြီးရယ်၊
ဖေဖေရယ်။

ကျွန်မ ကျောင်းသွားခါနီး တစ်လျှောက်လုံးမှာ ဘ နဲ့ မေကြီး ပြောတဲ့
စကားတွေက ကျွန်မ ငယ်ငယ်တုန်းက အကြောင်းတွေ။ ဖေဖေကတော့ ဘာမှ
မပြောဘဲ 'သမီး ဘာလိုသေးလဲ' လို့သာ မေးတတ်တယ်။

မေမေ ကျွန်မ အတွက် သံသေတ္တာဝယ်တာ၊ ထင်းရှူးသေတ္တာဝယ်တာ၊
ခြင်ထောင်ချုပ်၊ အင်္ကျီအဝတ်အစား ချုပ်တာတွေ လုပ်ပေးနေချိန်မှာ မေကြီး
က ကျွန်မကြိုက်တဲ့ ဝက်သားဟင်းလေး ၊ ဂျုံယို၊ သီးစုံချဉ်ရည်၊ ခရမ်းသီးနှပ်
တို့ကို နေ့တိုင်း လုပ်ကျွေးနေတတ်တယ်။ ကျွန်မ သွားလာလှုပ်ရှားနေတာကို
အိမ်အောက်ခုံရှည်လေးမှာ ကွမ်းတမြုံ့မြုံ့နဲ့ ငြိမ်ငြိမ်လေး ထိုင်ရင်း လိုက်ကြည့်
နေတတ်တယ်။

အခု ရထားပေါ် ကျွန်မဘေးမှာ ထိုင်လိုက်လာသလိုမျိုးပေါ့ ကျွန်မ
သွားမယ့် ဒီနေ့မနက်ကျမှ မေကြီးထည့်ပေးတဲ့ပစ္စည်းက စိတ်ပုတီးအသေးလေး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ မေကြီးသုံးနေကျ နန်းတွင်လျှာပွတ်ဆေး။

လွန်ခဲ့တဲ့ တစ်နာရီခွဲလောက်က ကူးတို့ဆိပ် စာရေးခန်းလေးဘေးမှာ ကျွန်မ ခေါင်းကိုကိုင်ပြီး ကျွန်မ နဖူးနဲ့ သူ့နဖူးကို ပွတ်တိုက်ရင်း မျက်ရည်စတွေ နဲ့ 'နေကောင်းအောင်နေနော် သမီး' လို့ ပြောကျန်ရစ်ခဲ့တဲ့ ဘ ကို ကျွန်မ မြင်ယောင်လို့ လာပြန်တော့ ရင်ထဲမှာ ဆို့ကျပ်ကျပ် ကြီးဖြစ်လာတယ်။

အောင်စာရင်းထွက်ခါစက မေမေ စီစဉ်တာကို ကျွန်မလက်ခံလိုက် ရင်တော့ ဒီလိုခံစားနေရမှာ မဟုတ်ဘူးပေါ့နော်။

ကျွန်မတို့ အောင်တဲ့နှစ်မှာ 'စာပေးစာယူ တက္ကသိုလ် သင်တန်း' ပေါ် လာတယ်လေ။ အိမ်ကနေ စာပေးစာယူ ဖြေရုံနဲ့ သူများနည်းတူ ဘွဲ့ရမှာပေါ့ တစ်နှစ်တစ်ခါပဲ တစ်လလောက် စာမေးပွဲ သွားဖြေရမယ်တဲ့။

မေမေက အဲဒါကို သဘောကျတယ်။ ပိုက်ဆံကုန်သက်သာမယ် မျက်စိအောက်မှာပဲ ထားလို့ရမယ်၊ ဘွဲ့လဲရမယ်ပေါ့။ မေကြီးတို့ကလဲ သဘောကျတယ်။ ညအိပ်ညဥ့်နေ မခွဲရဘူးဆိုတဲ့ တစ်ချက်တည်းနဲ့ပေါ့။

ဒါပေမယ့် တစ်ချိန်လုံး တက္ကသိုလ် ကျောင်းသူဘဝကို စိတ်ကူးယဉ် နေခဲ့တဲ့ ကျွန်မက ဘယ်သဘောကျမှာလဲ။

ထုံးစံအတိုင်း စိတ်ကောက်ပူဆာရတာပေါ့။ ခက်တာက ကျွန်မတို့ ဆီက တခြားတက္ကသိုလ်တက်မယ့် သူတွေကလဲ ယောကျ်ားလေးတွေချည်း ဖြစ်နေတယ်လေ။

ကျွန်မဘက်က စစ်ကူပြီး ပြောပေးတဲ့သူက လေးလေး။

'မိန်းကလေးဆိုပြီး တစ်သက်လုံး အိမ်ထဲပိတ်ထားလို့ ဘယ်ဖြစ်မလဲ ကွာ၊ မင်းတို့ကလဲ ခေတ်နောက်မကျစမ်းပါနဲ့။ အိမ်ထဲချည်းနေတော့ ကလေး က တုံးသွားမှာပေါ့။ တက္ကသိုလ်ဆိုတာ လူပေါင်းစုံတယ်။ ဘာသာစုံတယ်။ ဘာဖြစ်သလဲ၊ လူပေါင်းစုံနဲ့ပေါင်းရတော့ ပေါင်းသင်းဆက်ဆံရေး တတ်လာမယ်။ လူတွေအကြောင်း နားလည်လာမယ်။ လူမှုရေးဆိုတာ နားလည်လာမယ်။ သင်္ခ အသက်လဲ သိပ်ငယ်တော့တာမှ မဟုတ်တာ။ ဒီလိုပဲ သူ့ ခြေထောက်ပေါ် သူရပ် တတ်အောင် လွှတ်ပေးရတယ်ကွ၊ မင်းတို့ တစ်သက်လုံးလဲ လိုက်ထိန်းမပေးနိုင် ဘူး။ ပြီးတော့ မန္တလေးတက္ကသိုလ်ပဲဟာ၊ ရန်ကုန်လဲမဟုတ်ဘူး။ တောင်ကြီးထဲ



မဟုတ်ဘူး။ အင်းဝနဲ့မန္တလေး၊ တွေ့ချင်ရင် ဖြတ်ဆို ထလိုက်သွား၊ ရောက်သွား တာပဲဟာ၊ ဘာခက်တာလိုက်လို့၊ သမီးကို တစ်ပတ်တစ်ခါ ပြန်လာခိုင်းလဲ ရတယ်'

လေးလေးကို ကျွန်မ ပိုချစ်သွားပါတယ်။ ဒါတောင် မေမေက အင် တင်တင်နဲ့။ လေးလေးရဲ့ ပေါင်းသင်းဆက်ဆံရေး။ သူ့မိသားစုပေါ် အုပ်ချုပ်ရေးဟာ ခေတ်ရှေ့ပြေးပြီး လျော့ရဲလွန်းတယ်ဆိုပြီး သိပ်ကြိုက်ကြတာ မဟုတ်ဘူးလေ။

လေးလေးက အပေါင်းအသင်းကို လူတန်းစားမရွေး၊ အယုတ်အလတ် အမြတ်မရွေး ပေါင်းတတ်တယ်။ သူ့အပေါင်းအသင်းတွေထဲမှာ သူဌေးလဲ ရှိတယ်။ အရာရှိလည်းရှိတယ်။ ဆင်းရဲတဲ့သူလဲ ရှိတယ်။ မိန်းမပျက်လဲ ရှိတယ်။

လေးလေးရဲ့ အပေါင်းအသင်းအားလုံးဟာ သူ့နေရာနဲ့သူ အသုံးဝင် ကြပေမယ် မေမေတို့ မေကြီးတို့ကတော့ သိပ်မကြိုက်ကြဘူး။ သူ့သမီးနဲ့ သားကို လွှတ်လွှတ်လပ်လပ် စဉ်းစားတွေးတော နေထိုင်ခွင့်ပေးထားတာကိုလဲ သဘော မကျကြဘူး။

ဒါပေမယ့် ကျွန်မတက္ကသိုလ်တက်ရေးမှာ လေးလေးပြောတာ တစ်ဝက် ပါတယ်။ ကျန်တဲ့တစ်ဝက်ကတော့ ကျွန်မရဲ့ လိုအင်ဆန္ဒဟူသမျှကို အမြဲလိုက်လျောနေကျ ဘနဲ့ မေကြီးတို့ရဲ့ သဘောတူ ခွင့်ပြုချက်ကြောင့်ပါ။

လေးလေးပြောတဲ့ထဲက တစ်ပတ်တစ်ခါ ပြန်လာနိုင်တယ် ဆိုတဲ့ အချက်လဲ ပါတယ်။

ကျွန်မ တစ်ပတ်တစ်ခါ ပြန်လာမယ်။ ဟင်း၊ အကြော်အလှော် တစ်ပတ်စာလုပ်ပြီး ယူသွားရမယ်။ ထမင်းအတွက်တော့ တခြားသူတွေ လုပ်သလိုပဲ ရေနံဆီမီးဖိုလေးနဲ့ ကိုယ့်ဘာသာ ချက်စားရမယ်လို့ မေမေက စီစဉ် တယ်။

ကျွန်မတို့ ကျောင်းတက်ရတဲ့နှစ်ကျမှ ကံဆိုးစွာနဲ့ အဆောင် မရဘူး လေ။ ပထမနှစ်အားလုံး ဘယ်သူမှ အဆောင်မပေးဘူးတဲ့။

အရင်နှစ်တွေကဆိုရင်တော့ ပထမနှစ်တွေကို လဖုန်းတ ကျောင်းဆောင် နဲ့ နန်းကေသီဆောင်မှာ ထားတယ်။ ဒုတိယနှစ်ကျတော့ ကျောင်းဝင်းထဲက

www.burmeseclassic.com



ရွှေမန်းနဲ့ သစ္စာကိုပြောင်းရတယ်။

အဆောင်မရတဲ့ တစ်ချက်ကြောင့် တက္ကသိုလ်တက်ဖို့ နည်းနည်းတော့ ကျွန်မ စိတ်ညစ်သွားတာ အမှန်ပဲ။

အခု ကျွန်မ ဗောဓိကုန်း အပြင်ဆောင်မှာပဲ နေရမယ်လေ။ အပြင်ဆောင်ဆိုတာ ဘယ်လိုဟာမျိုးလဲ ကျွန်မ မသိပါ။ သွားငှားပေးတဲ့ ရထားဦးမှာ အဆောင်လိုက်ပြဖို့ ထိုင်လိုက်လာတဲ့ မန္တလေးက ကျွန်မဦးလေး နှစ်ဝမ်းကွဲ ပြောတာကတော့ မဆိုးပါဘူးတဲ့။

ဒါပေမယ့် ကျောင်းက အဆောင်တွေလောက်တော့ မကောင်းဘူး ပေါ့လို့လဲ စိတ်ခတ်ကျစရာ ပြောတယ်။

'ကိုယ့်ပစ္စည်းကိုလဲ ဂရုစိုက်နော် နှင်းနှင်း၊ လုပ်စရာ ကိုင်စရာရှိတာကိုလဲ သွက်သွက်လက်လက်ပြော၊ သမီးက လုပ်တာကိုင်တာ နှေးလွန်း၊ ဖြည်းလွန်းလို့၊ အိမ်မှာလို ငေးနေလို့ မရဘူးနော်၊ ကြားလား'

'ဟုတ်ကဲ့ပါ'

ကျွန်မက 'ဟုတ်ကဲ့ပါ' တစ်ကြိမ်လိုက်ရင်း ရထားပေါ်ပါလာတဲ့ကျွန်မ ထိန်းသိမ်းရမယ့် ပစ္စည်းတွေကို လိုက်ကြည့်မိတယ်။

ကျွန်မခြေထောက်အောက် ရထားခြေချပုံးထဲက အဝတ်အစား သေတ္တာ။ စာအုပ်၊ ဆန်အိတ်၊ ကျောက်ပြင်နဲ့ တိုလီမိုလီ ထည့်ထားတဲ့ ထင်းရှူး သေတ္တာ။ ရှေ့ခြေချပုံးထဲမှာ ချထားတဲ့ ကြိမ်ခြင်းတစ်ခြင်း၊ ရေနံဆီမီးဖို၊ အိပ်ရာ လိပ်။

ဖေဖေ အထက်မသွားတော့ကတည်းက အနားရသွားရှာတဲ့ အိပ်ရာ လိပ် အစိမ်းလေးဟာ ခုပြန်ပြီး တာဝန်ထမ်းဆောင်ရ ရှာပြန်ပါပြီ။

အရင်တုန်းကတော့ သူဟာ ရွှေလီမြစ်ရိုးရဲ့ ကြိမ်တော ဝါးတောတွေ ကြားမှာ တာဝန်ထမ်းဆောင်ရပြီး အခုတော့ မန္တလေး တက္ကသိုလ်နယ်မြေရဲ့ တစ်ခုသော ခုတင်လေးပေါ်မှာပေါ့။

'ကျောင်းက ပြန်လာတဲ့အခါလဲ အဆောင်မှာပဲနေနော်။ ဘယ်သူက လာခေါ်ခေါ် ဒီနားလေး ခဏဆိုလဲ မလိုက်နဲ့၊ သမီးမှာ ဘာမှ ထွက်ဝယ်စရာလဲ မလိုဘူး လိုတာကို တစ်ပတ်တစ်ခါ ပြန်လာတဲ့အခါပြော။ မေမေ ဝယ်ပေးမယ်။



ခတ်ရှင်တွေ ဘာတွေလဲ သွားမကြည့်ရဘူးနော်'

'မမကလဲ နှင်းနှင်းကလေး မဟုတ်ပါဘူး၊ ဒါလောက်ကြီး ပြောနေစရာ မလိုပါဘူး မမရဲ့၊ ကျွန်တော်တို့လဲ မန္တလေးမှာ ရှိနေတာပဲ'

ရထားဦးကနေ နောက်ကိုလှည့်ပြောရင်း လေးလေးစိုးက ရယ်နေတယ်။

'အေးပါ မောင်စိုးရယ်၊ ဒါပေမယ့် မင်းတို့ကလဲ ကိုယ့်အလုပ်နဲ့ ကိုယ် ဆိုတော့'

'အို . . . မမကလဲ ဘိန်းလေးနဲ့ ရွှတ်ဆို သွားကြည့်လိုက် ခဏပါဗျာ'

'အေးပါ အေးပါ'

ကျွန်မရဲ့ မေကြီးကတော့ ငြိမ်သက်ဆိတ်ဆိတ်နေမြဲ သွားကြားထိုးတံ လေးနဲ့ တစ်ချိန်လုံး ပါးစပ်လေးတွန့်တွန့်ပြီး သွားကြားထိုးနေတယ်။

မေကြီး လက်တစ်ဘက်က ကျွန်မပေါင်ပေါ်ကို တင်ထားတယ်။ အုန်းဆီစွဲနေတဲ့ ဆံပင်ဖြူတစ်ဝက် နက်တစ်ဝက် ဆံပင်ကို ဆင်စွယ်ဘီးဖြူလေး နဲ့ ပတ်ထားပြီး သက္ကလပ် ရင်ဖုံးအကျီအညို၊ ကတ္တီပါ လုံချည်နီညိုပွင့်ကို မေကြီး ဝတ်ထားတယ်။

မျက်လုံးအိမ် မို့တဲ့ မေကြီးမျက်လုံးတွေပိုပြီး မို့နေတာကိုကြည့်ပြီး ကျွန်မ ဝမ်းနည်းလာမိတယ်။

ကျွန်မသိပါတယ်။ ညတုန်းက ဘုရားရှိခိုးပြီး ကျွန်မအတွက် ဆုတောင်းရင်း မေကြီးငိုနေတာ။ ကျွန်မ အိပ်ပျော်နေပြီမှတ်လို့။

မနက်လင်းလို့ 'ဘ' နဲ့ မေကြီးကို ကန်တော့ထားဆိုပြီး မေမေခိုင်းလို့ ကန်တော့တော့ကျတော့ မေကြီးက တည်တည်ငြိမ်ငြိမ်ပဲ၊ ကျွန်မသာငိုတယ်။

'ငါ့သမီးလေး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ပညာ့တံခွန်ချွန်ပါစေ၊ သူနဲ့ပြော ချောပါစေ၊ သူနဲ့ပြိုင် နိုင်ပါစေ၊ ဘေးခပ်သိမ်း ရန်ခပ်သိမ်း အန္တရာယ် ခပ်သိမ်း ကင်းငြိမ်းပြီး စိတ်သွားတိုင်း ကိုယ်ပါလို့ လိုရာဆန္ဒ တစ်လုံးတဝတည်း ပြည့်ပါစေ။

ဆုပေးသံကြားတာနဲ့ ကျွန်မက မျက်ရည်ကျလာတယ်။ နှင်းဦးတန်ဆောင်မှာ ဖေဖေတို့ မေမေတို့ လေးလေး ဒေါ်ဒေါ် တို့နဲ့အတူ 'ဘ'တို့ မေကြီးတို့

www.burmeseclassic.com

www.burmeseclassic.com



တို့ ရောက်နိုင်တော့တိုင်း ပေးနေကျ ဆုပေးသံထက် ဒီတစ်ခါ ဆုပေးသံက ပိုပြီး လေးနက်နေတယ်။ ပိုပြီး ဝမ်းနည်းစရာ ကောင်းနေတယ်။

'နှင်းနှင်းရေ ကျောင်းဘက် ကွေ့တော့မယ်ဟေ့၊ လမ်းတွေလဲ မှတ်ထားနော်၊ ဒီလမ်းက 'အေလမ်း'

လေးလေးစိုး ပြောသံနှင့်အတူ ရှမ်းရိုးမတောင်တန်းကြီးဆီကို တည့်တည့်သွားနေတဲ့ ကျွန်မတို့ ရထားလေး တောင်ဘက်ကို ကွေ့ချိုးလိုက်တယ်။ ဘယ်ရောက်နေမှန်း ကျွန်မ မသိပါ။

မန္တလေးဈေးတစ်ပိုက်ကိုပဲ ရောက်ဖူးမှတ်မိတဲ့ ကျွန်မ အဖို့ ဒီနေရာတွေဟာ မန္တလေးမဟုတ်တဲ့ တခြားမြို့ကို ရောက်နေရသလိုပဲ။

'ဒါ မဟာနွယ်စဉ်ရပ်လို့ ခေါ်တယ်။ ပုဏ္ဏားရပ်ကွက်ပေါ့'

ဟုတ်သားပဲ။ ပုဏ္ဏားဆိုတာကို ဇာတ်ထဲမှာပဲ မြင်ဖူးတဲ့ ကျွန်မက အိမ်ဝင်းတွေထဲမှာ ရပ်နေကြတဲ့ ပုဏ္ဏားအစစ်တွေကို သေချာကြည့်မိတယ်။

အိမ်ရှေ့တွေမှာ နောက်ချေးချပ်လေးတွေ အစီအရီ ခင်းပြီး လှမ်းထားတာကို မြင်ရသလို ပေဒင်ဆိုင်းဘုတ်တွေကိုလဲ အများကြီးတွေ့ရတယ်။

ကျောင်းနဲ့ပိုနီးလာလို့နဲ့ တူပါရဲ့။ ကျွန်မတို့ရထားမောင်းနေတဲ့ လမ်းတစ်လျှောက်မှာ ကျောင်းသား ကျောင်းသူ အများကြီးတွေ့ရတယ်။

စက်ဘီးတွေနဲ့က ပိုများတယ်။ ခြေကျင်သွားနေတဲ့ သူတွေရော၊ ကားနဲ့သွားနေတဲ့ သူတွေရော။

ကျွန်မတို့ ရထားနောက်ကနေ ဆူညံပြောဆိုရယ်မောပြီး စက်ဘီးနင်းလာတဲ့ ကျောင်းသားကြီး အုပ်စုတစ်စုက ရထားကို ဖြတ်တက်ရင်း မျက်စိသူငယ် ဖြစ်နေဟန်တူတဲ့ ကျွန်မကို 'အားမငယ်နဲ့ ဖရက်ရှာလေး' လို့ မကြားတကြား အော်သွားတယ်။

မေမေက မျက်စိမျက်နှာ ပျက်ပြီး နှုတ်ခမ်းစူစူနဲ့ 'ပါးစပ်ကို အငြိမ်မနေနိုင်ကြဘူး' တဲ့။

'နှင်းနှင်းရေ ဟိုမှာ ကျောင်းကို မြင်ရပြီ'

ကျွန်မ ရင်တွေ တဒိတ်ဒိတ် ပြန်ခုန်လာကြပြန်ပြီ။

ကျွန်မ တစ်သက် မမေ့နိုင်တော့မယ့် မန်းတက္ကသိုလ်ရဲ့ တွေ့စဦး



မြင်ကွင်း။

ရှည်လျားဖြောင့်တန်းနေတဲ့ ကတ္တရာလမ်း။

ကတ္တရာလမ်း ဝဲယာနှစ်ဖက်က ညီညာဖြောင့်တန်း နေတဲ့ တမာတန်းနှစ်သွယ်။

တမာလမ်းရဲ့ အဆုံးမှာတော့ ခံ့ညားထည်ဝါလှတဲ့ တိုင်လုံးကြီးတွေနဲ့ ဂန္ထဝင်သိက္ခာကြီးမားစွာ ကြို့ဆိုနေတဲ့ မိန်းအဆောက်အအုံကြီး။

လှလိုက်တဲ့ အမိတက္ကသိုလ်ရယ်။ တည်ငြိမ်တဲ့အလှ၊ ခံ့ညားတဲ့အလှ၊ ချောက်သွေ့ပြီး ရင်ခုန်စေတဲ့ အလှ။

'ဒါ ရေနီမြောင်းလေ နှင်းနှင်း'

အို . . . ဝတ္ထုထဲကနေပြီး ကျွန်မကို အင်မတန်စွဲလမ်း ဖမ်းစားခဲ့တဲ့ ရေနီမြောင်းပါလား။ ကြည့်စမ်း ဝတ္ထုထဲပါသလိုပဲ ရေနီမြောင်းဟာ မန်းတက္ကသိုလ်ကို ရစ်ခွေစီးဆင်းနေတာပါပဲလား။

ရေနီမြောင်းတံတားကို ကျွန်မတို့ရထားလေး ကျော်ဖြတ်ပြီး အရှေ့ဘက်လမ်းချိုးထဲကို ကွေ့ဝင်လိုက်တယ်။

'ဒါ ဗောဓိကုန်းပဲ'

ဘုရားဖြူဖြူလေးတစ်ဆူနဲ့ ဓမ္မာရုံ ဝါဝါလေးကို လှမ်းမြင်လိုက်ရတယ်။

'အဲဒါ အဆောင်တွေပဲလေ'

ကျွန်မ စိတ်ပျက်သွားတယ်။ အဆောင်ဆိုတာတွေကလဲ အိမ်တွေ သိုပါပဲလား။ နှစ်ထပ်အိမ်ကြီးတွေပဲ။ ကျွန်မ ခေါင်းငုံ့ကြည့်လာခဲ့တယ်။

နှင်းပုလဲ၊ နှင်းသီတာ၊ သပြေညို၊ စန်းသီတာ၊ စံပယ်တစ်ခက်၊ အဆောင် နာမည်လေးတွေကတော့ လှသားပဲ။

'ရပြီ . . . ရပြီ ၊ ရပ်တော့'

လေးလေးစိုးက ပြောလိုက်တော့ ရထားရပ်သွားတယ်။

'ပန်းရိပ်ညို' တဲ့

ဒီအဆောင်နာမည်လေးကို ကျွန်မ အကြိုက်ဆုံးပါပဲ။ နှစ်ထပ်ဆစ်သားအိမ်ရဲ့ ဝင်းခြံတွေပေါ်မှာ ပန်းရောင် တိုက်ပန်းတွေ ပွင့်နေကြတယ်။

ရထားပေါ်ကနေ ကျွန်မတို့ ဆင်းလိုက်ကြတယ်။ မေမေက ရထား

www.burmeseclassic.com

www.burmeseclassic.com



သမားကြီးကို ပိုက်ဆံငါးကျပ်ပေးတယ်။

အဆောင်ရှေ့မှာ တံတားသေးသေးလေးနဲ့ ထိုင်စရာ ခုံတန်းလေး တစ်ခု ရှိတယ်။ တံတားသေးသေးလေး အောက်ကနေ ရေနီမြောင်း သေးသေး လေး ဖြတ်စီးနေတယ်။

အဆောင်ဝင်ဝင်ချင်း အတွင်းဘက်မှာတော့ ထိုင်စရာ တဲကလေးတစ်လုံး။ 'ဧည့်သည်တွေ့ရန်' တဲ့၊ ဆိုင်းဘုတ်လေး မြေဖြူနဲ့ ရေးချိတ် ထားတယ်။

တံတားပေါ်မှာ အပြုံးမျက်နှာကိုယ်စီနဲ့ ထိုင်စကားပြောနေတဲ့ စုံတွဲ တစ်တွဲကို ကျွန်မ မကြည့်ဘဲ မေကြီးလက်ဆွဲပြီး ခပ်သုတ်သုတ် ကျော်ဖြတ် ခဲ့ပေမယ့် ကျွန်မရဲ့ မေမေဆိုတဲ့ မေမေကတော့ မျက်စိမျက်နှာပျက်စွာနဲ့ အဲဒါ ကို စိန်းစိန်းကြည့်လေရဲ့။

သိပ်ခက်တဲ့ မေမေပဲ။ အိမ်အောက်ထိုင်ပြီး ကြိမ်သပ်နေတဲ့ အဒေါ် ကြီးတစ်ယောက်က ထလာတယ်။

'ဘယ်သူပါလဲ'

'နှင်းနှင်းဦးလေ . . . သချာ ပထမနှစ်၊ အင်း၀။ တံတားဦး'

'အြော် . . . ဟုတ်ပြီ၊ လာပါ၊ လာပါ'

အဆောင်ပိုင်ရှင် အဒေါ်ကြီး ကြည့်ရတာတော့ မဆိုးပါဘူး။ သဘော ကောင်းပုံရပါတယ်။

'လာ . . . လာ၊ ဒီအောက်ထပ်မှာ သုံးယောက်ခန်းလေ၊ အတော်ပဲ ဟိုနေ့ကပဲ သချာသမားတစ်ယောက်လာလို့ နှင်းနှင်းဦးနဲ့ အဖော်ရအောင် အဲဒီ အခန်းထဲ သွင်းလိုက်တယ်။ တစ်ယောက်ကတော့ မြန်မာစာ'

မြန်မာစာတဲ့။ သူ့အစား ကျွန်မ ဖြစ်လိုက်ရင် ဘယ်လောက်ကောင်း မလဲ။ ရင်ထဲမှာ သချာကြောက်ရွံ့စိတ်တွေ အုံ့မှိုင်းလာပြန်တယ်။

'မခိုင်ရေ. . . တံခါးဖွင့်ပါဦး၊ အခန်းဖော်လာပြီ'

အဆောင်ပိုင်ရှင် အဒေါ်ကြီး တံခါးခေါက်လိုက်တော့ 'ဟုတ်ကဲ့ ဟုတ်ကဲ့' ဆိုပြီး သစ်သားတံခါးလေး နှစ်ချပ်ပွင့်သွားတယ်။ အင်မတန် ပိန်လှ တဲ့ ခန္ဓာကိုယ်လေးတစ်ခုနဲ့ ဆံပင်အရှည်ကြီးကို ပိုင်ဆိုင်တဲ့ ကောင်မလေး



တစ်ယောက်ကို ကျွန်မ တွေ့ရတယ်။

'ဒါ မခိုင်လေ၊ သူလဲ သချာ ပထမနှစ်ပဲ။ သူက နှင်းနှင်းဦးတဲ့၊ သူလဲ သချာက၊ မခိုင်တို့ အဖော်ရတာပေါ့ဟုတ်လား'

'ဟုတ်ကဲ့'

အေးအေးလေး ပြုံးပြတဲ့ မခိုင်ကို ကျွန်မ မြင်မြင်ချင်းပဲ ခင်သွား တယ်။

ကျွန်မ နေရမယ့် ခုတင်နေရာက ဟိုဘက်ခန်း။ ထရံနဲ့ ကပ်လျက် နေရာ။ အဆောင်အောက်ထပ်က ထရံတွေပဲ ကာထားတယ်။ ခုတင်ကို သေချာ ကြည့်လိုက်တော့ ခုတင် မဟုတ်ဘူး။ တိုင်လေးတိုင်စိုက်ပြီး ကြမ်းကွပ်ပျစ် ရိုက်ထားတာပဲ။

အမြင့်က ကျွန်မ ခါးလောက်ရှိတော့ ခုတင်ပေါ်ကို ခုန်ပြီး တက်မှ ရမယ်။ အောက်ကြမ်းပြင်ကလဲ အေးစိမ့်စွတ်စိုနေတဲ့ မြေကြီးတွေ။

အလယ်ခေါင် မခိုင် ခုတင်နဲ့ ကျွန်မ ခုတင်ကြားမှာ စားပွဲတစ်လုံး၊ ကုလားထိုင်နှစ်လုံးကို ကျပ်ကျပ်ညပ်ညပ် နေရာချထားတယ်။

'အန်တီလွင် . . . ဧည့်သည်'

အဆောင်ပိုင်ရှင် အဒေါ်ကြီးက 'ကဲ . . . ခဏနော်၊ နေရာချကြဦး' ဆိုပြီး ပြန်ထွက်သွားတာနဲ့ အမေကြီးဆီ က ပထမဆုံး စကားသံ ထွက်လာ တယ်၊

'အသက်ရှုကျပ်လိုက်တာ အေ ၊ ငါ့သမီးလေး သနားပါတယ်'

'ဒီလိုပေါ့ အမေရယ်၊ သူများတွေလဲ ဒီလိုပဲ နေရတာပဲ ၊ နော် . . သမီး'

မေမေက မခိုင်ကို လှမ်းပြောရင်း ကုလားထိုင် တစ်လုံးအပေါ်မှာ တင်ထားတဲ့ ရေနံဆီမီးဖိုကို ခုတင်အောက်ယူသွင်းတယ်။

'မှောင်လိုက်တာ၊ မီးလုံးက သိပ်လဲ မလင်းဘူး။ ဒီပြတင်းပေါက်က ဘာလို့ မဖွင့်တာလဲ သမီးရဲ့၊ ဖွင့်ထားမှ လင်းမှာပေါ့၊ ဘာဖြစ်လို့လဲ၊ ချမ်းလို့လား အန်တီ ဖွင့်လိုက်မယ်နော်'

မေမေ့ကို ဘာမှ ပြန်မပြောပေမယ့် မခိုင်မျက်နှာက ထိတ်လန့်သွား သလိုပဲ။ မေမေက ပြတင်းပေါက်ကို ဖွင့်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'အဲ . . ဟုတ်ပြီ၊ ဒီလိုဆို ၊ အသက်ရှူချောင်တာပေါ့'

ပြတင်းပေါက် ပွင့်သွားတာနဲ့ ဟိုဘက်ခြံဝင်းက အိမ်တစ်အိမ်ကို လှမ်းမြင်နေရတယ်။ အဲဒီ အိမ်ကလည်း တံခါးတွေ ပိတ်လို့။

'အဲဒါ ကလဲ အဆောင်ပဲလား'

'ဟုတ်. . ဟုတ်ကဲ့၊ အဆောင်ပဲ အန်တီ'

မခိုင် ဖြေသံက ထစ်ငေါ့နေတယ်။ ဟိုဘက်က အဆောင်ဆီကို မဝံ့ မလဲ လှမ်းကြည့်တယ်။

မေမေ ဆက်မေးမှာကို ကြောက်သလို သူ့ခုတင်ပေါ်က လွယ်အိတ် အမြီးလေးတွေကို ငုံ့ကြည့်နေတယ်။

ဘာဖြစ်လို့လဲ။ ဟိုဘက်အဆောင်က ပိတ်ထားတဲ့ တံခါးတွေကို နောက်တစ်ကြိမ် ထပ်ကြည့်မိတော့ ဘုရားရေ။ ကျွန်မ သိသွားပါပြီ။ ဟိုဘက် ဆောင်ဟာ ယောကျ်ားလေးဆောင်ပဲ။ တံခါးပေါ်မှာ အင်္ဂလိပ်လိုရေးထားတဲ့ နာမည်တွေ၊ စာတန်းတွေကိုသာ မေမေဖတ်တတ်ခဲ့ရင် ခုလောက်ဆို ကျွန်မတို့ အဆောင်ပြင်ဘက် ရောက်နေလောက်ပြီ။

မေမေ့ကို ပြောပြရကောင်းမလား။ သည်လိုမျိုးကြီးတော့ ကျွန်မလဲ မနေချင်ပါ။

ဒါပေမယ့် လေးစိုးက ပြောတယ်။ အဆောင်က သည်နှစ် နေရာရှာလို့ မလွယ်ဘူးတဲ့။ မေမေစိတ်ပြောင်းပြီး ကျွန်မကို အိမ်ပြန်ခေါ်သွားရင် ဘယ်နှယ် လုပ်မလဲ။

မေမေကတော့ ကျွန်မပစ္စည်းတွေကို နေရာချ၊ အိပ်ရာခင်း၊ ခြင် ထောင်ထောင်ဖို့ တုတ်တွေ ဘာတွေ ထရံမှာ စိုက်နေတယ်။ မေကြီးကတော့ ကျွန်မကို ကြည့်လို့သာနေရင်း သူ့အပေါ်ဝတ် သက္ကလပ် ရင်ဖုံးအင်္ကျီလေးကို ချွတ်ပြီး ခေါက်နေတယ်။

'ကဲ ဒီလိုဆို မေမေတို့ ပြန်မယ်နော်၊ အပြင်မှာ လေးစိုးလဲ စောင့်နေရှာတာ၊ သမီးတို့နှစ်ယောက် လိမ်လိမ်မာမာ တဲ့တဲ့ရဲ့ရဲ့နေကြနော်၊ ကျောင်းအတူ သွားအတူ၊ ပြန်အတူပေါ့ ဟုတ်လား၊ အဲနေဦး၊ ထမင်းဟင်းချက်တဲ့ နေရာတွေ ဘယ်မှာတုံး၊ သမီး မခိုင်ရော ချက်စားလား'



မခိုင်က 'ဟုတ်ကဲ့' ဆိုပြီး မီးဖိုချောင်ကို မေမေ့ကိုလိုက်ပြရသေးတယ်။ အားလုံးကို စိတ်ကျေနပ်တော့မှ မေမေက။

'ကဲ ပြန်မယ်နော် မေမေတို့ ဒီလိုဆို နောက်တစ်ပတ် သောကြာနေ့ညနေ သမီးပြန်ခဲ့ပေါ့၊ လေးစိုးလာခေါ်ပြီး အမှတ်(၈)ကားပေါ် တင်ပေးလိမ့်မယ်'

'စနေနေ့ အတန်းရှိတယ် အန်တီ' လို့ မခိုင်က တိုးတိုးလေး ဝင်ပြောတော့ မေမေက 'ဟုတ်လား၊ ဒုက္ခပါပဲ' ဆိုပြီး ခဏစဉ်းစားတယ်။

'ဒီလိုလုပ်၊ ဘာဖြစ်လဲ စနေနေ့ ညနေ ကျောင်းတက်ပြီးတာနဲ့ ပြန်လာခဲ့ ကိုယ့်အိမ်မှာ တစ်ညအိပ်ရတာပေါ့၊ တနင်္ဂနွေနေ့ ညနေကျမှ ပြန်ရတာပဲဟာ၊ သိလား သမီး'

'ဟုတ်ကဲ့'

'ဒါဖြင့် သွားမယ်၊ ကဲ. . . လာ၊ အမေ'

ကျွန်မက မေမေတို့ကို အဆောင်ပေါက်ဝထိ ပြန်လိုက်ပို့တယ်။ တစ်ချိန်လုံး နှုတ်ခမ်းလေး တတွန့်တွန့်နဲ့ သွားကြားထိုးနေတဲ့ မေကြီးက ကျွန်မနား ကပ်လာတယ်။

'သမီး . . . သမ္မုဒ္ဒေနဲ့ ၂၄ ပစ္စည်းရွှတ်ဖို့ မမေ့နဲ့နော်၊ အမွှေးထည်ထူထူ ဝတ်၊ စောင်လဲ ထူထူခြုံ'

'ဟုတ်ကဲ့'

မေကြီးက သွားကြားထိုးတံလေးကို ရှမ်းသားအင်္ကျီရှေ့ အိတ်ထောင်လေးထဲကို ထည့်လိုက်တယ်။

ဟင် . . . မေကြီးရဲ့ အိတ်ထောင်လေးထဲမှာ ထည့်နေကျ သွားကြားထိုးတံလေးတွေနဲ့အတူ ဆယ်တန်းတုန်းက ကျွန်မရဲ့ လိုင်စင်ဓါတ်ပုံ လေးပါလား။

www.burmeseclassic.com

'ပန်းရိပ်ညို' အဆောင်သူဘဝနဲ့ သုံးရက်မြောက်ညမှာ ကျွန်မ စိတ်ပျက်စပြုပြီး အိမ်ကိုလွမ်းနေပြီ။ အိပ်ရာစိမ်းနဲ့ ကျွန်မ ဘယ်လိုမှ နေသား မကျနိုင်ပါ။

အနံ့တစ်မျိုးနံ့တဲ့ ရေနီမြောင်းရေနဲ့ မျက်နှာသစ်၊ ရေချိုးရတာကိုလဲ ကျွန်မ နေသားမကျနိုင်သေးပါ။

သချာပထမနှစ် တက္ကသိုလ် ကျောင်းသူဘဝဟာလဲ ထင်သလောက် ပျော်စရာမကောင်းပါလား။ ကျွန်မ ကျောင်းသုံးရက်တက်ပြီးပြီလေ။

စတဲ့ ပြဿနာက ကျွန်မ တစ်ယောက်တည်း ကျောင်းသွားရတဲ့ ပြဿနာ။

မခိုင်နဲ့ သချာချင်းတူပေမယ့် အချိန်စာရင်းက မနက်ပိုင်း၊ ညနေပိုင်း ခွဲထားတော့ ကျွန်မက မနက်ပိုင်း၊ မခိုင်က ညနေပိုင်း ကျနေတယ်။ ဘယ်လို လုပ် တူတူသွားလို့ ရတော့မလဲ။

တစ်ယောက်တည်း ကျောင်းသွားရတာ ဘယ်လောက် ရှက်စရာ ကောင်းတယ် မှတ်လဲ။ အဆိုးဆုံးကတော့ ကလပ်စ်ထဲကျ ဘယ်သူနဲ့ ထိုင်မလဲ။ သိပ်စိတ်ပျက် အားငယ်ဖို့ကောင်းတာ။



အရာရာဟာ ကိုယ့်အတွက် စိမ်းနေတယ်။ လမ်းစိမ်း၊ လူစိမ်း၊ နေရာစိမ်း၊ စကားစိမ်း။

ကျွန်မ အင်မတန် ခြေချချင်လှတဲ့ မိန်းလမ်း တမာတန်းကနေပြီး ကျောင်းကိုတစ်ခါမှ မသွားရသေးဘူး။ မိန်းလမ်းပေါ်မှာ လူတွေတအားရှုပ်နေတာကြည့်ပြီး မသွားရလို့ အဆောင်ဘေး ဖြတ်လမ်းကနေပြီး ကျွန်မသွားနေရတာ။

အဆောင်ဘေးဖြတ်လမ်းကနေ တော်တော်လေးသွားပြီးရင် ရေနီမြောင်းတစ်နေရာရဲ့ တံတားကနေ ကျောင်းဘက်ကို ဖြတ်ကူးရတယ်။

အဲဒီအချိန်မှာ "ရွှေမန်းဆောင်" ကို လှမ်းမြင်နေရပြီ။ ရွှေမန်းဆောင်နဲ့ မျက်နှာချင်းဆိုင်မှာ "မြတမာ" ကပ်ဆောင်ရှိတယ်။ ရွှေမန်းဆောင် ရှေ့လမ်းကနေပြီး အနောက်ဘက်ကိုလျှောက်လာ၊ ပြီးတော့ သစ္စာဆောင်ဘက်ကို ချိုးရတယ်။ သစ္စာဆောင်ရှေ့ကလမ်းကို သစ္စာလမ်းတဲ့။

ရွှေမန်းနဲ့ သစ္စာဆောင်ထဲက ကျောင်းသူတွေကိုမြင်တိုင်း ကျွန်မ အားငယ်နည်းမြ။ ခန့်ညားလှပတဲ့ အဆောင်ကြီးနှစ်ဆောင်ကိုလဲ နေချင်စိတ်တွေနဲ့ မျှော်ကြည့်မြ။

သစ္စာလမ်းရဲ့ဘယ်ဘက်မှာ သစ္စာဆောင်၊ ညာဘက်မှာ ရူပဗေဒဌာနနဲ့ ကျွန်မတို့ သချာဌာန အဆောက်အအုံရှိတယ်။

ကျွန်မတို့ ပထမနှစ်တွေ သင်ရတဲ့ ကပ်တဲဆောင်ကတော့ သစ္စာဆောင် အဆုံးမှာပေါ့။

ကလပ်စ်က မနက်ရှစ်နာရီကနေ ဆယ့်တစ်နာရီ ငါးဆယ်တိ။ ကလပ်စ်ပြီးတာနဲ့ အလာလမ်းအတိုင်း ကျွန်မတစ်ယောက် ကုပ်ကုပ်၊ ကုပ်ကုပ်နဲ့ပြန်လာတယ်။

ကျွန်မ မြင်မြင်ချင်း စွဲလမ်းချစ်ခင်မိတဲ့ မိန်းအဆောက်အအုံကြီးပေါ်ကို ခုထိလဲ မရောက်ဘူးသေးပါ။

အဆောင်အခန်းထဲ ပြန်ရောက်တာနဲ့ ထမင်းစား၊ ထမင်းစားတဲ့ အလုပ်ပြီးရင် ကျွန်မမှာ ဘာအလုပ်မှ မရှိတော့ဘဲ ခုတင်ပေါ်မှာ တစ်အုပ်တည်းသော ဖတ်စရာဖြစ်တဲ့ တက္ကသိုလ် စကားပြေလက်ရွေးစင် စာအုပ်နဲ့ပဲ

www.burmeseclassic.com

www.burmeseclassic.com



အဖော်လုပ်ရတော့တယ်။

ယောက်ျားလေးဆောင်ကို ကြောက်ပြီး ပြတင်းပေါက် ပိတ်ထားတဲ့ အခန်းထဲက မီးအားနည်း မီးလုံးလေးတစ်လုံးနဲ့လေ။

ပထမနှစ်မှာ သင်္ချာချည်းမဟုတ်ဘဲ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ရူပ၊ ဓာတုနဲ့ ဘူမိဗေဒတို့ပါ တွဲသင်ရလို့ တော်သေးတာပေါ့။ ဒါပေမယ့် ဆယ်တန်းတုန်းက အပေါ်ယံလောက် နည်းနည်းပါးပါးပဲလုပ်ရတဲ့ ရူပ၊ ဓာတုလက်တွေ့တွေ ဒီမှာ တကယ်လုပ်ရတာ၊ တစ်ခုကတော့ စိတ်ပျက်ဖို့ ကောင်းတယ်။

အဲဒီဖန်ဘူးတွေ၊ ဘီကာတွေ၊ ပြွန်တွေကို ကျွန်မ လုံးဝ စိတ်မဝင်စားပါ။ ဘယ်တော့မှလဲ မလုပ်ချင်ပါ။

ကျွန်မ စကားပြေစာအုပ်နဲ့ အိပ်ရာထဲ လှဲနေရချိန်မှာ မခိုင်ကထဲ ကျောင်းသွားပြီ။ မြန်မာစာယူတဲ့ "ခင်ချိုအေး" ကလဲ ညနေပိုင်းဆိုတော့ ကျောင်းသွားပြီ။

အံ့သြစရာ ဖြစ်ရပုံက "ခင်ချိုအေး" ဟာ မြန်မာစာကို လုံးဝ ဝါသနာမပါဘူးတဲ့။ ဝိဇ္ဇာမို့ သူ့အမှတ်အတိုင်း ရလာတဲ့ ဝင်ခွင့်ကို ယူရတာတဲ့။ ခင်ချိုအေး က "သင်္ချာ" လဲ ဝါသနာမပါဘူး။ သူ သွားချင်တာက မိချစ်လိုမျိုး စီးပွားရေးတက္ကသိုလ်တဲ့လေ။

ရယ်စရာမကောင်းဘူးလား။ ခင်ချိုအေး က ကျွန်မတို့ အခန်းအနေ့ သူ့အသွက်ဆုံးဘဲ၊ လှလဲလှတယ်။ ဆံပင်တိုတိုလေးနဲ့ ခေတ်လဲဆန်တယ်။ ပြီးတော့ ဒီရက်ပိုင်းကလေးနဲ့ သူ့ဆီကို ဧည့်သည်လဲ အလာများတယ်။

မခိုင်ကတော့ အေးရှာပါတယ်။ နည်းနည်းလဲ နွမ်းပါးပုံရတယ်။ သူ့အင်္ကျီအဖြူနဲ့ လုံချည်အပြာပြောင်ကိုပဲ အမြဲတမ်းဝတ်တယ်။ သူကတော့ သင်္ချာ ရယ်။ မြန်မာစာရယ် မဟုတ်ဘူး။ ကျရာဘာသာမှာပဲ ပျော်မွေ့မယ့်သူ။ ကျောင်းစာတစ်ခုသာ သိတယ်ဆိုတဲ့ အမျိုးအစားပေါ့။

ကျွန်မအတွက် ဝမ်းနည်းစရာကောင်းတာက သူတို့ နှစ်ယောက်လုံး စာဖတ်ဖို့၊ ဝတ္ထုဖတ်ဖို့ တစ်ယောက်မှ စိတ်မဝင်စားကြတာပဲ။

ခင်ချိုအေး ကတော့ သီချင်းတွေ ဘာတွေ နည်းနည်း ဝါသနာပါတယ်။ သူ့မှာ ဓာတ်ခဲရေဒီယို သေးသေးလေး တစ်လုံးတောင်ပါတယ်။



မခိုင်ကတော့ နိုး။ အနုပညာဆို ဘာမှ လာမပြောနဲ့။ ဘာမှမသိဘူး။ သူသိတာက သင်္ချာ၊ ကျောင်းစာ။

တစ်ခုတော့ မခိုင်ကို ကျွန်မ ကျေးဇူးတင်ရမယ်။ မနက်အစောကြီး မထနိုင်တဲ့ ကျွန်မအတွက် နို့ဆီဘူး တစ်လုံး ထမင်းအိုးလေးကို သူက မနက်ပိုင်းမှာ ချက်ထားပေးရှာတယ်။

ကျွန်မ မချက်တတ်လို့ မဟုတ်ပါဘူး။ "ဘ" ရော၊ မေကြီးကပါ အားမြစ်ကန့်ကွက်ပြီး ကျွန်မ ငြင်းဆန်နေတဲ့ ကြားထဲက နွေရာသီ ကျောင်းပိတ်ရက်တွေမှာ ထမင်းနဲ့ ဟင်းတချို့ ချက်တတ်အောင် မေမေ ဖွတ်သင်ပေးခဲ့လို့ ကျွန်မ ထမင်းကောင်းကောင်း ချက်တတ်ပါတယ်။

ကျောင်းက ရှစ်နာရီဆိုတော့ ခုနစ်နာရီမှ နိုးတဲ့ ကျွန်မမှာ ထမင်း ဘယ်လိုလုပ် ချက်တော့မလဲ။ မျက်နှာသစ်၊ အဝတ်အစားလဲပြီး ကျောင်း ပြေးရတာပေါ့။ ဘာမှလဲ မစားရဘူး။

စားစရာလဲ မရှိဘူးလေ။ ဘီစကစ်တို့၊ မုန့်ကြွပ်တို့ကို ရေနဲ့မျှောချရင်ရပေါ့။ ကျွန်မ အမြဲတမ်းကျောင်းကပြန်မှပဲ ထမင်းစားရတယ်။ အိမ်က တစ်ပတ်စာ လုပ်ပေးလိုက်တဲ့ ဝက်သားကြော်၊ ငါးပိကြော်၊ သရက်သီးဆီစိမ်နဲ့။

ကျောင်းမှာလဲ မုန့်ဆိုင်တွေ ဘယ်နားမှာရှိမှန်း မသိသေးတော့ ဝယ်စားလို့လဲမရ။ ဝယ်စားချိန်လဲ မရပါဘူး။ ဝယ်လဲဝယ်စားရဲမယ် မထင်ပါဘူးလေ။ ကလပ်စ်မီအောင် ပြေးရင်း ပထမဆုံး ကျွန်မ စလွမ်းတာက 'ဘ' ကျွေးပေးတဲ့ လက်ဖက်ရည်နဲ့။

ပြီးတော့ ထမင်းကြမ်းနဲ့ အကြော်ပူပူနွေးနွေး။ ပြီးတော့ ထမင်းစားတဲ့ အခါမှာ သတိရလာတဲ့ မေကြီးရဲ့ အနှစ်ရဲရဲနဲ့ ဝက်သားအစိုဟင်း၊ ချဉ်ရည်ဟင်း၊ ခရမ်းသီးနှပ်၊ ဘဲဥပဲနှပ်။

ပြီးတော့ ခုလို ဆောင်းဦးညမျိုးမှာဆိုရင် အိမ်ရှေ့ဝင်းထရံနားက ဆောင်းမီးဖိုထဲမှာ မီးတရဲရဲ တောက်လောင်နေတတ်တဲ့ မန်ကျည်းမြစ်ဆုံတုံးကြီးကို မီးဝိုင်းလှုံကြရင်း ပြောင်းဖူးဖုတ်တို့၊ ထန်းပင်မြစ်ဖုတ်တို့၊ ပဲမြစ်ပြုတ်တို့ စားနေကြရော့မယ်။

ပြောင်းဖူးနဲ့ ပဲမြစ်ပြုတ်စီးစီးကြိုက်တဲ့ ကျွန်မကို မေကြီး သတိရနေ

www.burmeseclassic.com



မယ်ဖ ဘယ်။ ငယ်ငယ်တုန်းက အဲဒီမီးဖိုဘေးမှာ ထန်းပင်မြစ်ဖုတ် အုတ်ိုင်ထန်းရွက်နုနဲ့ မေကြီးလုပ်ပေးတဲ့ သမင်ရုပ်လေးကို အလွန်မက်မောခဲ့ဖူးတယ်။ အုတ်ိုင်ပေါင်းများစွာက ဖြစ်တဲ့ သမင်ပေါင်းများစွာကို အိပ်ရာထဲမှာ အတူသိပ်ပြီး 'ရွှေသမင်ဘယ်ကထွက်၊ မင်းကြီးတာကထွက်' ဆိုတဲ့ စကားကို ထပ်တလဲလဲ အော်ရင်း အိပ်ပျော်ခဲ့ရတယ်။

အို-ကျွန်မ အိမ်ပြန်ချင်တယ်။

စနေနေ့ရယ် ရောက်ခဲလှချည်ရဲ့။

ခြင်တွေ တဝီဝီအော်မြည်သံကို နားထောင်ရင်း ဆန္ဒင်းတက်မီးရှို့တဲ့အနံ့စူးစူးကို ရှူရှိုက်ရင်း ဒီဇာခြင်ထောင်ထဲမှာ တဏ္ဍသိုလ်စကားပြေ လက်ရွေးစင်စာအုပ်၊ စိပ်ပုတီးတစ်ကုံးနဲ့ ကြောင်စီစီနိုင်လှတဲ့ ခုလိုညမျိုး ဘယ်နှစ်ညရှိစောင့်ဆိုင်းရဦးမှာလဲ။ အင်း. . . ရှေ့ဆက်ပြီးတော့လဲ ဘယ်နှစ်ညဖြတ်သန်းရဦးမှာလဲ။

ကြည့်ပါဦး။ တစ်ကယ်တော့ ဘယ်လောက်လွတ်လပ်တဲ့အချိန်လဲ။ တစ်ညလုံးဖွင့်ထားလဲ စိတ်ပူစရာမလိုတဲ့ မီးသီးလေးတစ်လုံးနဲ့ ဝတ္ထုစာအုပ်ရွေတစ်အုပ်ပြီးတစ်အုပ် ဖတ်လိုက်ရရင် ဘယ်လောက်များ အရသာရှိလိုက်လေလဲ။ ဆူမယ့်သူမရှိ၊ ပူမယ့်သူမရှိ။

ခုချိန်ထိ ဝတ္ထုစာအုပ်ကို ညဘက် အိပ်ရာပေါ်မှာ လွတ်လပ်စိမ်ရှိရှိကျွန်မတစ်ခါမှ မဖတ်ခဲ့ဖူးပါဘူး။ ကျွန်မ သိပ်ဖတ်ချင်နေမိပါတယ်။

'အန်တီလွင်၊ အန်တီလွင်ရေ. . . ကျွန်မတို့ ပြန်လာပြီ'

'တံခါးလေး ဖွင့်ပေးပါဦးနော်'

'တစ်ခါတည်းပါနော်၊ နောက်တစ်ခါ နောက်မကျစေရပါဘူး'

'ဟောဒီ. . . ခင်မောင်မြင့်ကို ယုံစားမိလို့ပါ'

အဆောင်ပေါက်ဝက အော်ခေါ်သံ၊ တဝေါဝေါ ရယ်သံတွေနဲ့အတူ အိမ်ရှေ့အိမ်ကနေ အဆောင်ပိုင်ရှင်ရဲ့ 'ဟဲ့. . . လာပြီ. . . လာပြီ၊ လယ်ဝေး လောတွေ၊ မအော်နဲ့' ဆိုတဲ့ အသံကြားရတယ်။

ခုနစ်နာရီကျော်ပြီဆိုတော့ အဆောင်တံခါးပိတ်ထားပြီလေ။ ကျောင်းထဲအဆောင်တွေလိုပဲ အပြင်အဆောင်တွေလဲ ညနေခြောက်နာရီ အဆောင်



ပိတ်တယ်။ ဒြေသည်ကတော့ တစ်နေကုန်လာလို့ရတယ်။ ကျောင်းအဆောင်လိုမဟုတ်ဘူး။

'ကျွန်မတို့လေ. . . သုံးနာရီခွဲပွဲ ရုပ်ရှင်ကြည့်ကြတာ၊ အဲဒါပြီးတော့'

'ရုပ်ရှင်ပါဟဲ့၊ လယ်သူဝေးရဲ့'

ရယ်ရှိန်မပြေတဲ့အသံနဲ့ ရှင်းပြနေတဲ့ အသံသြသြကျယ်ကျယ်နဲ့ ကျောင်းသူ စကားမပီတာကို အန်တီလွင်ကပြင်ပေးသံ။ အသံသြသြကျောင်းသူရဲ့ 'ဟီး'ခနဲရှက်ရယ် ရယ်သံနဲ့ 'အဲလေ. . . ရုပ်ချင်၊ ဟင်. . မပြောတတ်တော့ဘူး' ဆိုတဲ့ အသံဝဲဝဲကို ကြားရရင်တော့ ကျွန်မ ပြုံးလိုက်မိတယ်။

သူတို့အုပ်စုက မနေ့ကမှ ရောက်လာကြတာ။ ခုနစ်ယောက်အုပ်စု။ ထမနှစ်တွေပဲ။ လယ်ဝေး၊ လော၊ ပျဉ်မနားကတဲ့။ အဆောင်အပေါ်ထပ်ကို သူတို့ ကြိုတင်ငှားထားပြီးသားလေ။

အဆောင်အပေါ်ထပ်ဟာ သူတို့ရောက်လာမှပဲ အသက်ဝင် လှုပ်ရှားလာတော့တယ်။ မနေ့ကရောက်ပြီး ဒီနေ့လျှောက်လည်ကြတော့တာပဲ။ မန္တလေးတိုသူတို့ တစ်ခေါက်မှ မရောက်ဖူးဘူးတဲ့။

မနက်က ကျွန်မ ကျောင်းသွားတော့ သူတို့အုပ်စု တဝုန်းဝုန်းထွက်သွားတာနဲ့ အဆောင်ပေါက်ဝမှာ ဆုံလိုက်တယ်။ သူတို့အုပ်စုမှာ ယောကျ်ားလေးနှစ်ယောက်လဲပါတယ်။ သူတို့ကို ကြည့်ရတာ ပျော်စရာကြီး။

'အဲဒါလေ. . . ရုပ်ချင်ပြီးတော့ မြင်းလှည်းငှားပြီး ပြန်ရအောင်ပါဆိုတာ၊ ခင်မောင်မြင့်လေ၊ ဆရာကြီးလုပ်ပြီး ဘတ်စ်ကားနဲ့ ပြန်မယ်တဲ့၊ ဟီး ဟီး၊ ပြီးတော့ အမှတ်(၃)ဆိုပြီး တက်စီးတာ၊ ဂိတ်ဆုံးကို ကားသိမ်းဖို့သွားတဲ့ကားကြီးဖြစ်နေလို့၊ အဲဒီကားက ကျောင်းကလာတာ၊ ဟားဟား'

'နင့်ကို ငါပြောပါတယ် ခင်သန်းတင့်ရယ်၊ နင် ခင်မောင်မြင့်နောက်လိုက်ရှင်တာတွေလေ'

'နင်လဲ. . . လိုက်ရှင်တာပါပဲ'

ရယ်သံတွေ ဆူညံသွားပြန်တယ်။ လှေကားနားမှာ၊ အိမ်သာတွေဘက်ဆီမှာ ဆက်ပြီး တဝေါဝေါ ဆူညံသံတွေ ကြားရပြီး ခဏနေတော့ အပေါ်ထပ်တစ်ခုလုံး ငြိမ်သက်သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



ဒုန်းခနဲ၊ ဂွမ်းခနဲ ၊ချွင်ခနဲ လွတ်ကျသံတွေ ဆူညံမြိုင်ဆိုင်လာတော့တယ်။ အသံဩဩ ကျောင်းသူရဲ့ အဝေ၊ ဆိုတဲ့ သူငယ်ချင်းကိုခေါ်တဲ့ 'အဝေး အဝေး' ဆိုတဲ့ အသံ မရပ်မနား ထွက်ပေါ်လာတယ်။

'အဝေး၊ ငါတို့ ဒီနေ့ သပြေအအေးဆိုင်မှာ စားခဲ့တဲ့ဟာ ဘာဟ'

'ပေါင်မုန့် ရေခဲညှပ်'

'ကောင်းတယ်နော်ဟယ်. . ငါနှစ်ပွဲစားချင်တာ ခင်မောင်မြင့်တို့ထိုင်ချက်လို့၊ ဟီ ဟီ'

ဟော့. . . နေဦး၊ ငါပြောဦးမယ်၊ ဟောဒီကောင်မ ရီရီဝင်းလေ ခင်မောင်မြင့်ပုဆိုးကို အအေးဆိုင်မှာ ထိုင်ကြတုန်းက တက်နင်းထားတာ'

ရယ်သံတွေမစဲအောင် ရှိနေပြီးမှ အသံစူးစူး သွက်သွက်ဝဲဝဲလေးတစ်ခုက ရယ်သံနဲ့. . .

'ငါမသိဘူးဟဲ့၊ ဒေါက်ဖိနပ် အသစ်ကြီးစီးမိပြီး ဖိနပ်ပေါက်လို့ ငါစိတ်ညစ်နေတာ၊ ဟီ ဟီ. . . ခင်မောင်မြင့် မတ်တတ်ရပ်လိုက်တော့မှ'

'ခင်မောင်မြင့်မှာ မျက်မှန်တောင်ကျွတ်ကျတယ်၊ ပုဆိုးကိုထိန်းလိုက်ရတာ'

'နဂိုကမှ အဲဒီကောင် ပုဆိုးက မြေကြီးပေါ်ပုံနေတာ'

'သနားပါတယ်ဟယ်'

'ခင်မောင်မြင့်ကို သနားတာတွေ'

သူတို့ ရယ်ကြပြန်တယ်။ သူတို့ဆီက ပျော်ရွှင်လွတ်လပ် ပွင့်လင်းမှုတွေ ကျွန်မဆီကို ကူးစက်လာသလိုပဲ။ ကျွန်မ ဒီလို စိတ်တူ ကိုယ်တူ သူငယ်ချင်းအုပ်စုနဲ့ နေချင်စမ်းပါဘိ။ တကယ်တော့ ကျွန်မမှာ သူငယ်ချင်းက မကောင်းခဲ့ပါဘူးလေ။

သူငယ်ချင်းတစ်ယောက်ကိုဘယ်တော့မှ ကြာရှည်မပေါင်းလိုက်ရဘူး တစ်နည်းမဟုတ်တစ်နည်းနဲ့ ခွဲခွာရတာချည်းပဲ။

ငယ်ငယ်လေးကတည်းက တစ်တန်းမှာ တစ်ယောက်အသစ်ပေါင်းနေရတာပဲ။ ဘုတ်သိုက်၊ သန်းသန်းမြင့်၊ ခင်စန်းဦး၊ စုစု၊ မိချစ်။ တက္ကသိုလ်ထိ ပေါင်းရမယ်ထင်တဲ့ ခင်စန်းဦးနဲ့ သန်းသန်းမြင့်ကလဲ နည်းတစ်မျိုးစီနဲ့ ကျွန်မကို



ခွဲသွားကြတာပဲ။

'ဟော့. . . ငါတို့လေ မန္တလေးတောင်ကို သွားကြဦးစို့'

'တောင်သမန် ဆိုတာရောလေ၊ ဦးပိန်တံတားလေ. .'

'မဟာမြတ်မုနိ ဘုရားလဲ မဖူးရသေးဘူး'

'ဟယ်. . . နေကြပါဦးဟယ်၊ ဖြည်းဖြည်းကျ သွားတာပေါ့၊ နင်တို့ ကျောင်းမတက်တော့ဘူးလား'

'အေးလေ၊ ကျောင်းကိုကျ တစ်ခေါက်မှ မရောက်သေးဘူး'

'အေး၊ ခင်မောင်မြင့်ကို ကျောင်းလခ သွင်းခိုင်းရဦးမယ်'

ကျွန်မလဲ သူတို့လို လည်ချင်ပတ်ချင်၊ အလုပ်ရှုပ်ချင်လိုက်တာ။

ဒါပေမယ့် ကျွန်မ ကျောင်းလခကို လေးစိုးက သွင်းပေးပြီးပြီ။ သူတို့ပြောနေတဲ့ မန္တလေးမြို့ရဲ့ လည်စရာ ပတ်စရာတွေကလဲ ကျွန်မရောက်ဖူးပြီးသားနေရာတွေ။ တော်တော်ဝ‌ကျတဲ့ ကျွန်မအဖြစ်။

တက္ကသိုလ်ကျောင်းသူတစ်ယောက်ရဲ့ ပျော်ရွှင်လွတ်လပ်မှုကို ကျွန်မဘယ်လိုလုပ် ရယူရမှာပါလိမ့်။ ကျွန်မသေတ္တာထဲက တစ်ခါမှ ကိုင်ပြီး လမ်းမထွက်ဖူးသေးတဲ့ စလင်းဘက်အိတ်အနက်လေးထဲမှာ ငါးကျပ်တန်အသစ်လေးတွေချည်း လေးရာရှိတယ်။

အဆောင်လခ အစိတ်ကလဲ လေးစိုး အဆောင်လာငှားကတည်းက ပေးထားပြီးသား။ ကျွန်မ ဒီသုံးရက်မှာ ကုန်စရာဆိုလို့ ရေနံဆီမီးဖိုအတွက် ရေနံဆီတစ်ပုလင်းဝယ်ရတာ သုံးကျပ်ပဲရှိတယ်။ ဒါတောင် မမေက ရေနံဆီဝယ်ရတာ ဈေးကြီးတယ်ဆိုပြီး အိမ်ကထည့်ပေးဦးမလို့၊ ကျွန်မက မယူချင်ဘူးဆိုပြီး ငွတ်ငြင်းလို့။

ဟိုတုန်းက ရေနံဆီတစ်ပုလင်းမှ ပြားခြောက်ဆယ်ရယ်၊ ပြားခြောက်ဆယ်ရယ်နဲ့ ဒီက ရေနံဆီဈေး သုံးကျပ်ကို အကြီးအကျယ် နှမြောနေသေးတယ်။

'အဝေး၊ နင်ကျောင်းသွားဖို့ အဖော်ရှာဦးလေ၊ မက်၊ မက်၊ မက် အဖော်ရှာဦး'

'အေး၊ ဟုတ်တယ်၊ ငါတို့ကတော့ နှစ်ယောက်အဖော်ရှာပြီ၊ မိန်းလှကားမှာ ခြေလှမ်းမှားချော်ကျရင် ထိန်းမယ့်သူရှိတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့. . ရီဝင်း၊ ကျောင်းသွားရင် နင့် ဒေါက်ဖိနပ်ကြီး မစီးနဲ့နော်၊ တစ်ခါ တည်းမိန်းလှေကားပေါ်မှာ ကျွမ်းပျံပြီး ဒိန်းတပ်တပ် ဆပ်ကပ်ဖြစ်သွားမယ်'

'ခင်မောင်မြင့်က လာတွဲမှာလေ'

တဟားဟားနဲ့ သူတို့ ရယ်သံတွေဟာ မဆုံးနိုင်အောင်ပဲ။

'နေဦး၊ ငါအောက်ထပ် ခဏသွားလိုက်ဦးမယ်၊ အန်တီလွင် ပြောတဲ့ အောက်ထပ်က မက်စ်ကျောင်းသူနဲ့ အင်ထရီ သွားလုပ်လိုက်ဦးမယ်။ ဟိုတစ်ယောက်လေ၊ မနက်ပိုင်းတက်တဲ့ တစ်ယောက်နဲ့ နှင်းနှင်းဦးတဲ့'

အဝေဆိုတဲ့ ကျောင်းသူရဲ့အသံ ပျောက်တာနဲ့ လှေကားသံ တဒုန်းဒုန်း ပြေးပြီး ခဏနေတော့ အခန်းတံခါး ခေါက်သံကြားရတယ်။

'နှင်းနှင်းဦး၊ နှင်းနှင်းဦး ရှိလားဟင်၊ ခဏလာမယ်နော်'

'လာပြီ လာပြီ'

အပေါ်ထပ်က အသံကြားကတည်းက အဆင်သင့်ပြင်ထားတဲ့ ကျွန်မ က ကပျာကယာ တံခါးဖွင့်ပေးလိုက်တယ်။ အရပ်အရှည်ကြီး မျက်နှာဝိုင်းဝိုင်း ကျွန်မလို ဆံပင်ကျောဝဲနဲ့ အဝေ(ခေါ်)အဝေးက အင်မတန်လှတဲ့ သွားညီညီ လေးတွေနဲ့ သွားဖုံးရဲရဲလေးတွေပေါ်အောင် ပြုံးနေတယ်။

'အိပ်ပြီလားဟင်'

'မအိပ်သေးပါဘူး၊ လာလေ ဝင်လေ'

အဝေက ဇာခြင်ထောင်တွေထဲမှာ ငြိမ်သက်နေကြတဲ့ မခိုင်နဲ့ ခင်ချို အေးတို့ကိုလဲ ကြည့်ပြုံးပြတယ်။ ညနေအဆောင်ပိတ်ခါနီးမှ ပြန်လာတဲ့ ခင်ချိုအေးက အိပ်ပျော်နေပြီ။ စာကျက်နေတဲ့ မခိုင်ကတော့ သူ့ပုံစံအတိုင်း အေးအေးလေး ပြုံးပြတယ်။

'တို့နာမည်က ခင်ဝေထွန်းတဲ့။ ဟီဟီ ဆယ်တန်းတုန်းကတော့ ခင်ဝေ ပေါ့။ အခုမှ ပြောင်းလိုက်တာ၊ သူများလို အဖေနာမည်ပါအောင်လို့လေ တို့အဖေနာမည်က ဦးထွန်းရင်တဲ့'

ခင်ဝေထွန်းက သူ့ဟာသူ သဘောကျပြီး ရယ်ပြန်တယ်။ ကျွန်မ လိုက်လိုက်လှဲလှဲ လိုက်ရယ်မိရင်း ခင်ဝေထွန်းကို ခင်သွားမိသလို ရှုမဝ အခန်း ဆက် ဝတ္ထုရှည် 'နွေတစ်ည' ထဲက နိုင်ဝင်းဆွေရဲ့ ခင်ဝေကို သတိရလာမိတယ်။



'တို့လဲ မက်စ်ပဲသိလား၊ မောနင်းဆက်ရှင် တူတူပဲနော်၊ ကျောင်းတွေတွေ သွားရအောင်သိလား၊ ကျောင်းတစ်ခါမှ မတက်ရသေးဘူး၊ စာအုပ်တွေငှားဦး နော်၊ ဟီဟီ ကျောင်းမတက်ရသေးပါဘူး၊ စာကူးရတော့မယ်'

'စာသိပ်မသင်သေးပါဘူး၊ စာအုပ်တွေ ယူသွားလေ'

'ဟော့ ကလပ်စ်ထဲမှာ ကောင်လေးတွေ ချောရဲ့လားဟင်'

'ဘာရယ်'

'ကောင်လေးတွေ ချောရဲ့လား၊ ရုပ်ချောရဲ့လားလို့ ဟီဟီ ချက်လိုက် တာ၊ ဒီက စကားကမပီဘူး'

'ဪ'

'ရှ' နဲ့ 'ချ' မပီတဲ့ ခင်ဝေထွန်းက တကယ်ရယ်ရတာပဲ။ စိတ်ထဲမှာ လွတ်လပ်ပေါ့ပါးလို့လာတယ်။ ဒီလို ကျောင်းသွားဖော် သူငယ်ချင်းမျိုးလေး ရရင်တော့ ပျော်စရာကောင်းလာမယ် ထင်တယ်။

'ဒီတစ်ယောက်က မက်စ် ညနေပိုင်းနော်၊ ဟိုဘက်က တစ်ယောက် ကရော'

'မြန်မာစာလေ'

'သူ့နာမည်ကဘယ်သူ၊ဒီတစ်ယောက်တော့သိတယ်၊ မခိုင်မဟုတ်လား'

'အင်း. . . ဟုတ်တယ်၊ မြန်မာစာက ခင်ချိုအေး၊ အဲ ခင်ဝေထွန်း ခေါ်ကြည့်ပါလား'

'ဟင်း ဟင်း ခင်ရှိုအေး'

ဒီတစ်ခါတော့ မခိုင်ကပါ လိုက်ရယ်တယ်။ ခင်ဝေထွန်းက ပြန်ဖို့ပြင် ရင်းက ပြုံးစပ်စပ်မျက်နှာနဲ့။

'ကဲ. . . သွားတော့မယ် နှင်းနှင်းလေးရေ၊ နှင်းနှင်းလေးလို့ပဲ ခေါ် တော့မယ်နော်၊ တို့ကိုလဲ မဝေလို့ခေါ်သိလား၊ ကိုအောင်ရဲ့ မဝေ၊ ဟီဟီ ပန်းတွေ နဲ့ဝေလေ'

မဝေက အခန်းအပြင်ဘက်ကို ရယ်မောရင်း ပြေးထွက်သွားခဲ့တယ်။ ဪ. . မဝေ၊ ကျွန်မက မခင်ဝေလို့ခေါ်ဖို့ စိတ်ကူးထားပေမယ့် သူတို့ခန်းတွေနဲ့ ဆဝ' ရဲ့ မဝေတဲ့။

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ ကလပ်စ် တက်ရတာကတော့ ကျွန်မအတွက် တော် တော်လေး ပျော်စရာကောင်းလာပါတယ်။

ကျွန်မ အင်မတန်လျှောက်ချင်လှတဲ့ မိန်းလမ်းမ၊ တမာတန်းကနေ ဟန်ပန်အပြည့်နဲ့လျှောက်ရင်း မန်းတက္ကသိုလ်ကျောင်းသူဘဝ ပီပြင်သွားခဲ့ပြီ။

ဒါပေမယ့် မိန်းလမ်းထိပ် မြင်းလှည်းဂိတ် လက်ဖက်ရည်ဆိုင်မှာတာ တည်းက ကျွန်မတို့နှစ်ယောက် အနောက်ခံရတယ်။

မဝေက အရပ်ရှည်ရှည်၊ ကျွန်မအရပ်က မပုပေမယ့် သူ့ထက်စာရင် ပုပြီး ကျွန်မကပိန်တော့ ကျွန်မတို့နှစ်ယောက်ကို 'ထန်းပင်နဲ့ဝက်မလွှတ်အုန်း'တဲ့။

ပြီးတော့ 'တူအရီးနှစ်ယောက်ကွ၊ အဒေါ်ကဆယ်တန်းမှာ ဆယ်နှစ် မြေ့ရလို့' တဲ့။

ကျွန်မက စိတ်နည်းနည်းတိုပြီး လက်ဖက်ရည်ဆိုင်ရှေ့မှာ ခြေလှမ်း မမှားအောင် ရှေ့တည့်တည့်ကိုသာ စူးစိုက်လျှောက်ပေမယ့် မဝေကတော့ လက်ဖက်ရည်ဆိုင်ဘက်ကိုလှည့်ပြီး ဂရုမစိုက်တဲ့ဟန် ပြုံးစပ်စပ်နဲ့ ကျွန်မပခုံးတို့ ဖတ်ရင်း. . .



'ငါ့ တူမလေး၊ လာလာ. . . ဟိုမှာ နင့်ဦးလေးတွေက လက်ဖက်ရည် တိုက်မလို့တဲ့'

'ဟာ. . . မဝေကလဲ'

လက်ဖက်ရည်ဆိုင်ထဲက ရယ်သံတွေကြားပြီး ကျွန်မအကြီးအကျယ် ရှက်သွားပေမယ့် မဝေကတော့ လွတ်လပ်ပွင့်လင်းစွာ တဟားဟားရယ်တယ်။ 'ဘာဖြစ်လဲဟ၊ ရယ်ရတာပေါ့' တဲ့။ ဟင့်အင်း. . . အဲဒီလိုကြီးတော့ မကောင်း ပါဘူး။

လက်ဖက်ရည်ဆိုင်ရှေ့မှာ အဲဒီလိုလုပ်ဖို့ ကျွန်မတွေးခဲ့ဖို့ဝေးလို့ လက်ဖက်ရည်ဆိုင်ရှေ့ရောက်တာနဲ့ မကြည့်သင့်တဲ့အရာတစ်ခုလို နှုတ်ခမ်းကိုက် ခေါင်းငုံ့ပြီး တစ်ဆိုင်လုံးက ကိုယ့်ကိုဝိုင်းကြည့်နေတာပဲလို့ အထင်နဲ့ မြန်မြန်သုတ် ခြေတင်တတ်မြဲ။

စက်ဘီးနဲ့ဆိုလဲ ခေါင်းငုံ့ပြီး မြန်မြန်ကြုံးနင်းမြဲ။ ကျွန်မအပျိုဖြစ်ပြီးမှ လက်ဖက်ရည်ဆိုင်ထဲ တစ်ခါမှမဝင်ဖူးတော့ပါ။

'ဟော့. . . တို့ မိန်းလှေကားပေါ်ကနေ တက်ပြီးသွားရအောင်'

'ဖြစ်ပါ့မလား၊ မိန်းပေါ်ကနေ ကလပ်စ်ကို တို့ဘယ်လိုလုပ်သွားမလဲ'

'အို. . နှင်းနှင်းလေးကလဲ လမ်းဆိုတာ ရှိရမှာပေါ့ကွယ်၊ မပူပင်စမ်း ပါနဲ့'

'သဘောပဲဟယ်'

မိန်းအဆောက်အအုံကြီးဟာ အနီးကပ်ကြည့်တော့မှပိုပြီး ကြီးကျယ် ခန့်ညားနေတယ်။ မိန်းလှေကားကြီးကလဲ အကြီးကြီးပဲ။ ဘုရားရေ. . . မိန်းလှေကားအပေါ်ဆုံးထစ်မှာ ထိုင်နေတဲ့ ကောင်လေးတွေ အများကြီးပါလား။

ပြီးတော့ မိန်းလှေကား လက်ရန်းမှာရော။ ကျွန်မတို့နှစ်ယောက် ဘယ်ကိုမှ မကြည့်ဘဲ ခပ်တည်တည်နဲ့ လှေကားပေါ်စတက်ကြတယ်။ အို. . လှေကားထစ်တွေကလဲ စိပ်လိုက်တာ။ ကျွန်မသိပြီ၊ ခြေချော်တတ်တယ်ဆိုတာ ဒါကြောင့်မို့ပဲ။

လှေကားထစ်စိတ်တော့ ခြေလှမ်းကျဲကျဲ လှမ်းလို့မရဘူး။ မြန်မြန်လှမ်း လို့မရဘူး။ ဘုရား. . . ဘုရား တကယ့်ကို တက္ကသိုလ်ကျောင်းသူတွေ ဆင်မ

www.burmeseclassic.com

www.burmeseclassic.com



ယဉ်သာ ကြွကြွကြော့ကြော့လေးလှမ်းဖို့ အထူးတည်ဆောက်ထားတဲ့ လှေကားဝါလား။

'ဘယ်. . . ညာဘယ်၊ ဘယ်. . . ညာဘယ်'

ကောင်လေးတွေဆီက ဘယ်ညာ အချိန်မှတ်ပေးတဲ့ အသံထွက်လာတာနဲ့ ခြေလှမ်းက မှားချင်ပြီ။

ဒုက္ခပါပဲ။ ဒီနေ့မှ တစ်ကိုက် တစ်ရှာင်းဆယ်ကြီးများနဲ့ မေမေချုပ်ပေးထားတဲ့ ဇာအဖြူအကျီလက်ပြတ်နဲ့လိုက်အောင် ယောအနက်ပေါ်မှာ အဖြူချိတ်ထဘီ အသစ်ကျပ်ချွတ်ကို ကျွန်မဝတ်ထားမိတယ်။ (ဒီဝတ်စုံကို အဆောင်တလုပ်မယ့် ဖရက်ရှာ ဝဲလ်ကမ်းမှာ ဝတ်ဖို့ဆိုပြီး ကြားဖူးနားဝနဲ့ ချုပ်ထားခဲ့တာ)။

လှေကားလေးထစ်လောက် တက်ရသေးတယ်။ ယောထမီအောက်နားတွေက အပေါ်ကို အကြီးအကျယ် လိပ်တက်လာခဲ့ပြီ။

'ဘယ်. . . ညာ. . . ဘယ်. . . ညာ. . . ဘယ်'

'ငါ. . . တစ်၊ နှစ်၊ သုံး၊ တစ်တို့ ပြန်အော်ချင်လိုက်တာဟာ'

အရေးထဲ မဝေက လုပ်လာသေးတယ်။ ကျွန်မက 'မအော်နဲ့'လို့ တိုးတိုးလေး ဟောက်လိုက်မှ ငြိမ်သွားတယ်။ သူလဲ ဒီလှေကားပေါ်မှာတော့ နည်းနည်းရှိန်နေပါတယ်။

'အမယ်လေး. . . ခုမှလွတ်လပ်သွားတယ်'

လှေကားဆုံးလို့ မိန်းတိုင်လုံးကြီးတစ်လုံးရဲ့နောက်ကိုရောက်မှ ကျွန်မတို့နှစ်ယောက် ရယ်နိုင်ကြတော့တယ်။

မိန်းနောက်ပေါက်ကနေ ကျွန်မတို့ အောက်ဆင်းခဲ့ကြတယ်။ အရှေ့ဘက်ကို ချိုးကွေ့လိုက်တော့ လမ်းရဲ့ညာဘက်ဘေးမှာ 'ရာဇဝတ်ခန်းမ' ဆိုတဲ့ အဆောက်အအုံကြီးကို တွေ့ရတယ်။ ကျွန်မဟာ ဖရက်ရှာ ပီသစွာ ရာဇဝတ်ခန်းမကို တက္ကသိုလ်စာကြည့်တိုက်မှန်း မသိပါ။

ရာဇဝတ်ဟောနဲ့ ကောင်လေးတွေ ဝင်ထွက် ရှုပ်ယှက်ခတ်နေတဲ့ အဆောက်အအုံလေးကြားကနေ ဖြတ်ထွက်လာပြီး လမ်းမကြီးတစ်ခုပေါ် ရောက်တာနဲ့ ကျွန်မမှတ်မိသွားတယ်။

'ဟော့. . . မဝေ၊ အဲဒါ တို့ဌာနပဲ ဟိုဘက်က ဖစ်ဆစ်'



လမ်းမ ဟိုဘက်က အဆောက်အအုံကြီးကို မေးငေါ့ပြရင်း ကျွန်မတာလူတတ်ကြီးလုပ်ပြီး မဝေကို ရှင်းပြလိုက်တယ်။

'လာ. . . တို့သိပြီ၊ ကလပ်စ်က ဟိုဘက်မှာ'

ဌာနအောက်ကနေ အရှေ့ဘက်ကို လျှောက်ခဲ့တော့ သစ္စာလမ်း၊ တိုမှာ သစ္စာဆောင်၊ ဒီလိုဆိုတော့လဲ တက္ကသိုလ် နယ်မြေဟာ ကျဉ်းကျဉ်းလေးပဲ။

ကလပ်စ်ထဲမှာကျတော့လဲ ဒီနေ့အဖို့ ကျွန်မတစ်ယောက် ခုံလွတ်တစ်ခုရဲ့ ထောင့်လေးမှာ တစ်ယောက်တည်း ခေါင်းငုံ့စရာမလိုတော့ပါ။

မဝေအားကိုးနဲ့ ကျွန်မအားရှိရဲရင့်လာပြီး ကလပ်စ်ဘေးတွေ၊ ဘာတွေပါ ကြည့်ရဲလာတယ်။ ကျွန်မတို့ ကလပ်စ်တဲဆောင်က မြေစိုက်ဆောင်ဆိုတော့ တပ်ပတ်လည် ပြတင်းပေါက်တွေမှာလဲ ဖြူတစ်ဖြူတစ် လာလုပ်တဲ့ ကောင်လေးတွေ အများကြီးပဲ။ ပြတင်းပေါက်ဘက်က ကျောင်းသူတော့ တော်တော် အနေရခက်မှာပဲ။

စာဖတ်ချိန် နှစ်ချိန်ပြီးတာနဲ့ မဝေဆီက 'ဆာလိုက်တာဟယ်' ဆိုတဲ့ အသံနဲ့အတူ သူ့လွယ်အိတ်ထဲက မြေပဲလှော်ထုပ်တွေနဲ့ အချဉ်ထုပ်တွေ ထွက်လာတယ်။

'တို့က အမြဲတမ်း ပါးစပ် လှုပ်နေရမှ သိလား'

မဝေက ရယ်သေးတယ်။ ပြီးတော့ မြေပဲလှော် တစ်ထုပ်နဲ့ အချဉ်ထုပ်နှစ်ထုပ်ကို ကျွန်မဘက် တွန်းပို့ပြီး

'စားလေဟာ'

'ဟင့်အင်း. . . ငါအချဉ်ထုပ်မစားဘူး'

'မစားဘူး၊ ဘယ်လိုမစားတာလဲ'

'မကြိုက်တာပေါ့၊ လုံးဝစားလို့မရဘူး'

'ရော်. . . အရှင်ထုပ်မကြိုက်တဲ့ မိန်းကလေးဆိုလို့ နင်တစ်ယောက်ပဲ ငါတွေ့ဖူးတယ်'

'ဟိုး. . . ငယ်ငယ်တုန်းကတော့ တို့စားပါတယ်၊ ဒါပေမယ့် တစ်ခုပဲစားတာ၊ ရွက်လှေ ဆီးငန်စေ့၊ အခု အဲဒီ ဆီးငန်စေ့မျိုးလဲ မရှိတော့ဘူး အခု

www.burmeseclassic.com

www.burmeseclassic.com



နောက်ပေါ့ အချဉ်ထုပ်တွေကို တို့လုံးဝ မကြိုက်တော့ဘူး။ နောက်ပြီး ... လုံးဝ အစပ်မစားနိုင်ဘူးလေ'

'မိုက်ပ့ါ နှင်းနှင်းလေးရယ်၊ အစပ်နဲ့ အရှင်ထုပ်မစားတဲ့အတွက် နှင်း... မိန်းမဘဝ ဘယ်လောက်ဆုံးရှုံးသွားပြီမှတ်လဲဟဲ့၊ လက်ဖက်ကို ငရုပ်သီးစပ်... သုပ်၊ ငါးပိထောင်းစပ်စပ်၊ ငရုပ်သီးစိမ်း ငါးပိချက်တို့၊ နင် ဘယ်လိုစားရ... မလဲ'

'ရတာပေ့ါ၊ အချိုသုပ်တယ်လေ၊ အချိုချက်တယ်လေ။ ငရုပ်သီး... မပါဘဲနဲ့ပေ့ါ။ ငရုပ်သီး မပါတဲ့ ငါးပိချက် ကောင်းလိုက်တာမှ၊ ငါတို့ အမေကြီး... ချက်ပေးတာ'

'သွားစမ်းပါ၊ မကောင်းနိုင်ပါဘူး၊ ပြီးတော့ ထမင်းစားပြီးတိုင်း အချ... ထုပ်စားရတဲ့ အရသာ ဘယ်လောက်ကောင်းတယ် မှတ်လဲ'

'ကောင်းရင် မဝေပဲစား၊ ရှော့. . . တို့က မြေပဲလှော်ပဲစားမယ်'

မဝေအချဉ်ထုပ်စားပုံဟာ ကြောက်ခမန်းလိလိပါလား။ အချဉ်ထုပ်... ငါးထုပ်ဟာ ခဏလေးအတွင်း ကုန်သွားတာပဲ။ ပြီးတော့ မြေပဲလှော်နှစ်ထုပ်... ကျွန်မ တစ်ဝက်ပဲစားတဲ့ မြေပဲလှော်ထုပ် အားလုံးကို တလှုပ်လှုပ်နဲ့ အမြန်ဆုံး... ဝါးပစ်လိုက်တယ်။

ကလပ်စ်ပြီးတော့လဲ မဝေက မုန့်ဆိုင်တန်းတွေဘက် သွားရအောင်... တဲ့။ ကျွန်မလဲဗိုက်ဆာနေပေမယ့် ကျွန်မက ထမင်းပဲစားချင်တယ်။ ဒါပေမယ့်... အဆောင်ပြန်ရောက်ရင် စားရမယ့် ထမင်းနဲ့ အထပ်ထပ် နွှေးထားတဲ့ ဟင်း... လဲ စားရမှာ စိတ်ပျက်နေမိတယ်။

'ဆိုင်တွေက လူရှုပ်တယ် မဝေရဲ့'

'ရော် . . . ဘာဖြစ်လဲ၊ ချုပ် ချုပ်ပေ့ါ၊ ကိုယ့်ပိုက်ဆံနဲ့ ကိုယ်စားတာ... တို နှင်းနှင်းကလဲ'

'မဝေ သိလို့လား၊ တို့တော့ ဆိုင်တွေကို တစ်ခေါက်မှ မရောက်ဖူး... သေးဘူး၊ ပြီးတော့ ဘာစားမှာလဲ'

'လာစမ်းပါ၊ တို့သိပါတယ်၊ အန်တီလွင်ကို သေချာမေးထားပြီးသား... မိန်းရဲ့အနောက်ဘက်ကိုသွားတဲ့။ အဲဒီမှာ အုန်းထမင်းနဲ့ ပဲကြော်၊ ငှက်ပျော...

...ကြော် ရှိတယ်တဲ့'

အုန်းထမင်းနဲ့ ပဲကြော်သံ ကြားတာနဲ့ ကျွန်မလဲ သဘောတူပြီး မိန်း... ပြန်လျှောက်ခဲ့ကြတယ်။ မိန်းအရှေ့ဘက်ရောက်တော့ နေက တအားပူနေ... ကျွန်မတို့မှာ ထီးလဲ မပါခဲ့ကြဘူး။

'ဟော့. . . မိန်းထဲကို ဒီဘေးပေါက်ကနေဝင်ပြီး မိန်းအနောက်ပေါက်... ထွက်မယ်လေ၊ နေပူသက်သာတာပေ့ါ၊ ဒီအပေါက်ကနေ အရှည်လိုက်... လျှောက်သွားရုံပဲဟ'

အတွက်အချက် အင်မတန်ညံ့တဲ့ ကျွန်မ လူစွာလုပ်ပြီး တွက်ချက်ပြ... တိုင်း မဝေကလဲ လိုက်နာလက်ခံပြီး မိန်းဘေးပေါက်ကနေ ကျွန်မတို့... ထင် ကျွန်မတို့ လာတုန်းက ဖြတ်လာခဲ့တဲ့ မိန်း ဒုတိယထပ်ဆိုပြီး ခပ်တည်... ဝင်လာခဲ့ကြတယ်။

ဝင်ခါစမှာ သိပ်မမှောင်ပေမယ့် လျှောက်ရင်းလျှောက်ရင်းနဲ့ စကြံက... ...င်ရီရီဖြစ်လာတယ်။ ဘေးအခန်းတွေကလဲ ပိတ်ထားတာတွေများတယ်။ ...ထားတဲ့ အခန်းတွေမှာလဲ မှောင်ရီရီနဲ့ လူတစ်ယောက်စ နှစ်ယောက်စပဲ... ...ရတယ်။ လျှောက်ရင်းနဲ့ အလယ်ခေါင်လောက်လဲရောက်ရော ကျွန်မနဲ့... ...ာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြတော့တယ်။

မိန်း ဒုတိယအထပ် အလယ်ခေါင်တည့်တည့်ဟာ လင်းထိန်နေပြီး... ...ပေါ်ထပ် ခါတုဗေဒ ဌာနတက်တဲ့ လှေကားကြီးလဲ ရှိတယ်။ ပြီးတော့ ကျွန်မ... မိန်းရှေ့ပေါက် လှေကားကြီးနဲ့ နောက်ပေါက် လှေကားကြီးလဲ ရှိရမယ်လေ။ ...တော့ ပိတ်ထားတဲ့ မှောင်ရီရီ အခန်းတွေပဲ ရှိတယ်။

'ရော်. . . တို့ ဘယ်ရောက်နေကြတာလဲ နှင်းနှင်း'

မဝေအသံက နည်းနည်းတုန်နေသလိုပဲ။ ဆရာလုပ်ခေါ်ခဲ့တဲ့ ကျွန်မ... ...စားရပြီ။

'တို့ အောက်ဆုံးထပ်ကို မှားရောက်သွားတာ ထင်တယ်'

'မဖြစ်နိုင်ဘူး၊ မိန်းက နှစ်ထပ်ပဲရှိတာ၊ ခုန လှေကားတက်ရင်း ငါသေ... ...ကြည့်ခဲ့ပြီးသား'

ဒါလဲ ဟုတ်တယ်။ ကျွန်မလဲ ကြည့်ခဲ့တာပဲ။ မိန်းက နှစ်ထပ်ပဲ။ ဒါဖြင့်

www.burmeseclassic.com



ဒီဒုတိယထပ်ကြီးက ဘယ်လိုဖြစ်သွားတာလဲ။ ကျွန်မ ချွေးပြန်ချင်လာတယ်။ ဒီထဲကနေ ဘယ်လိုလုပ်ပြန်ထွက်မလဲ။ လာလမ်းအတိုင်း ပြန်ထွက်မှာပေါ့။ ဒါပေမယ့် ဝင္ကပ်ထဲကလို ထွက်ပေါက်မှာ တံခါးတွေ ပိတ်ထားရင် ဘယ်လိုလုပ်မလဲ။ ဗိုက်ဆာနေတာလဲ ဘယ်ရောက်သွားမှန်း မသိတော့ပါ။

'လာ ဟာ. . . လုပ်မနေနဲ့၊ ရှေ့ဆက်လျှောက်ကြည့်မယ်'

ကျွန်မဆက်ပြီး ခေါင်းဆောင်တဲ့အတိုင်း မဝေလဲ နောက်ကလိုက်တယ်။

'အရှေ့မှာ အပေါက်ရှိရင်၊ အနောက်မှာလဲ ရှိရမှာပေါ့'

'သိပ်ထူးဆန်းတာပဲ၊ မိန်းက နှစ်ထပ်ပဲ ရှိတာပါ၊ လှေကားကြီးတော့ ရှိတာပဲဟာ'

'အေးလေဟယ်'

မိန်းရဲ့လှည့်စားခြင်းကို အကြီးအကျယ် ခံနေရတဲ့ ဖရက်ရှာလေးနှစ်ယောက်ဟာ ရင်တထိတ်ထိတ် ခုန်ရင်း မှောင်ရီရီစကြံမှာ ဇွတ်တိုး လျှောက်ခဲ့ကြတယ်။ အနောက်အစွန်ဆုံးရောက်တော့ မကောင်းတဲ့အနံ့တွေ နံလာပြီး ရေတွေစိမ့်ကျနေတဲ့ ပိုင်ကြီးတွေကိုပဲ ကျွန်မတို့နှစ်ယောက် ချောက်ချားဖွယ်တွေ့လိုက်ရတယ်။ အပေါက်ကိုတော့ မမြင်ရပါ။

'နှင်းနှင်း . . .'

မဝေအသံတုန်တုန်ကို ကျွန်မ ဂရုမစိုက်နိုင်ဘဲ မှောင်ရီရီမှာ ရုတ်ရက်မတွေ့ဘဲ ဖြစ်နေတဲ့ အပေါ်တက်လှေကားကြီးကို မြင်တာနဲ့ . . .

'မဝေ . . . ဟိုမှာ၊ လှေကား ၊ လှေကား ' လို့ ကျွန်မအော်လိုက်တယ်။

နှစ်ယောက်သား မတိုင်ပင်ရဘဲ လှေကားပေါ်သို့ အပြေးအလွှားတက်ပြေးခဲ့ကြတယ်။ လှေကားဆုံးတာနဲ့ ထိန်လင်းတောက်ပနေတဲ့ အလင်းရောင်ကို အားရှိစရာ တွေ့လိုက်ရပြီး အပေါ်ဆုံးထပ်ရောက်လာပြီ အမြန်အရှေ့ဘက်ကို ခပ်သွက်သွက်လျှောက်ခဲ့ကြတယ်။ စကားမပြောနိုင်သေးဘူး။

ဒါပေမယ့် အလယ်ခေါင်ရောက်တာနဲ့ ကျွန်မတို့ ဘွားခနဲ တွေ့လိုက်ရတာက အပေါ်ထပ်တက်တဲ့ လှေကားနဲ့ မိန်းရှေ့ပေါက်၊ နောက်ပေါက်



လှေကား နှစ်ခု။

'ဟောတော့'

ကျွန်မတို့ မှားရောက်ခဲ့တာ အင်မတန် အံ့သြစရာကောင်းတဲ့ မြေအောက်ထပ်ပါလား။

ချွေးဥတွေ အစီအရီ၊ မျက်နှာငယ်လေးတွေ ကိုယ်စီနဲ့ကျွန်မတို့ နှစ်ယောက် အားရပါးရ ရယ်မိကြတော့တယ်။

www.burmeseclassic.com

ပထမနေ့စ်ဝက် စနေ တနင်္ဂနွေ အိမ်အပြန်ခရီးဟာ ကျောင်းရောက်စ၊ စနေ
တစ်ပတ်၊ ပထမဆုံးအကြိမ် အိမ်အပြန်ခရီးလောက် ကျွန်မ စိတ်မလှုပ်ရှား
တော့ပါ။ အပတ်စဉ် သွားပြန်ရင်း ကျွန်မနေသားကျသွားခဲ့ပြီ။ ဗောဓိကုန်းထိပ်
ကားမှတ်တိုင်ကနေ အမှတ်(၃) ဘတ်စ်ကားကို လေးဆယ့်ငါးပြားပေးပြီး ရွှေ
ထိ တစ်ယောက်တည်း လိုက်လာရပြီး ၂၉လမ်း အင်းဝအအေးဆိုင်ဘေး
မှတ်တိုင်မှာ ရပ်ထားတတ်တဲ့ အမှတ်(၈)ကားပေါ်ကိုလဲ တစ်ယောက်တည်း
တက်ထိုင်ရပါတယ်။

အမှတ်(၃)ကားပေါ်က ကျွန်မဆင်းရမယ့် မှတ်တိုင်နားမှာ မနေ့
တဲ့'ရဲရင့်' ရှိတယ်။ 'ရဲရင့်'စာပေထဲကိုလဲ ကျွန်မဝင်ပြီး စာအုပ်တွေကို
မေးရဲ့ဝယ်ရဲ့ပါပြီ။ ကျွန်မက မှတ်မိတဲ့ ရဲရင့်က လူကြီးကတော့ ဂျပန်ဆံတောက်
ဂါဝန်လေးတကားကားနဲ့ မော်ဒန်ကာတွန်းတစ်အုပ်၊ ရုပ်ရှင်စာအုပ်တစ်အုပ်
အမြဲဝင်ဝယ်တတ်တဲ့ ချာတိတ်မလေးတစ်ယောက်ကို မမှတ်မိတော့ပါ။

စလင်းဘက် အနက်လေးလွယ်ပြီး လက်ထဲမှာ ချိုင့်တွေ၊ ပုလင်းတွေ
ထည့်ထားတဲ့ ကြိမ်ဆွဲခြင်းလေးတစ်လုံးနဲ့ ကျောင်းသူအပျိုမလေးကို ရဲရင့်က



ကြီးက 'ဘာလိုချင်ပါသလဲခင်ဗျာ' တဲ့။ သိပ်ရယ်ချင်စရာ ကောင်းတာပဲ။ ကျွန်မ ခေါင်းကို မပုတ်တကာလွဲရင် ရဲရင့်ကလူကြီးအသံဟာ ငယ်ငယ်တုန်းက အတိုင်းပါပဲ။ ရဲရင့်ကနေထွက်ပြီး ၈၄လမ်းမနဲ့ ၂၉လမ်းထိပ်ကို ရောက်တာနဲ့။

'အင်းဝကို အင်းဝကို၊ အင်းဝ ဂိတ်ဆုံးကားခင်ဗျား'

ထုံးစံအတိုင်း ဆူညံနေအောင် လှမ်းခေါ်နေတဲ့ စပယ်ယာအသံနဲ့အတူ ခရီးသည်တွေ၊ လူတွေ၊ ပြည့်ကျပ်နေမြဲ အမှတ်(၈)ကားအိုကြီး၊ ပျင်းရိပျင်းတွဲ ရပ်နေတာကို အဝေးကပင် မြင်နိုင်ပါတယ်။ ကားဘေး သစ်ပင်ရိပ်အောက်က ချာပါတီသည်ကုလားကြီးရဲ့ 'ချာပါတီ၊ ချာပါတီ' ဆိုတဲ့ အသံကျယ်ကျယ်၊ လေးလေးသြသြ ကြီးကိုလဲ အဝေးကပင် ကြားနိုင်ပါတယ်။

နှာခေါင်းတွေ၊ နဖူးတွေ၊ လက်မောင်းတွေမှာ ဂျုံမှုန့်ဖြူဖြူတွေ ပေကျံနေတဲ့ ကုလားကြီးက သံဒယ်ပြားမှာ ချာပါတီကို ဂေါ်ကလေးနဲ့ လှန်လှောပေးလိုက်၊ ဆီးကနဲ နှပ်ညှစ်လိုက်၊ ပြီးတော့ အင်တုံထဲက ဂျုံနှစ်တွေကို နယ်လိုက်နဲ့ လုပ်နေတတ်ပါတယ်။

ရယ်စရာ၊ ရွံစရာကောင်းတဲ့ ကုလားကြီးဘေးမှာ ကြက်ခြေခတ်ထောက်စင်လေးနဲ့ ဆိတ်သားကင်၊ စမူဆာလုပ်ရောင်းတဲ့ ကုလားကြီးတစ်ယောက်လဲ ရှိသေးတယ်။ မဆလာနဲ့ သင်းနေတဲ့ ဆိတ်သားကင်ကိုတော့ ကျွန်မ ခဏ ခဏ ဝယ်စားဖြစ်တယ်။ တစ်ကင်ကို တစ်ကျပ်။ ကျွန်မငယ်ငယ် 'ဘ'တို့၊ မေကြီးတို့နဲ့ မန္တလေးအပြန် ဝယ်စားရတုန်းက တစ်ကင် တစ်မတ်။

'လာနော်၊ ထွက်လိမ့်မယ်၊ အင်းဝကို အင်းဝ'

ကားပေါ်ကို ကျွန်မ တက်လိုက်တော့ ထိုင်စရာ မရှိတော့ပါ။ ကားနောက်ခေါင်မှာလဲ တံတားဦးက ကုန်စိမ်းသည်တွေရဲ့ ကုန်စိမ်းတောင်းတွေနဲ့ ထုံးစံအတိုင်း ပြည့်ကျပ်လို့နေတယ်။

'ဘိုးကျောက်မြေးလေး မဟုတ်လား၊ လာ ဒီမှာလာထိုင်'

ကုန်စိမ်းသည် အဒေါ်ကြီးတစ်ယောက်က ကျွန်မကိုနေရာ ကျဲ့ပေးတယ်။ အဲဒီအဒေါ်ကြီးကို ကျွန်မလဲ မြင်ဖူးတယ်။ ကျွန်မတို့ ငယ်ငယ်တုန်းက မန္တလေးက အပြန်တွေမှာ အမြဲတွေ့ရတတ်တဲ့ ကုန်စိမ်းသည် အဒေါ်ကြီးပေါ့။

'ကောလိပ်ရောက်နေပြီဆို ဟုတ်လား၊ ဒါ အိမ်ကိုပြန်မလို့လား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ရှင့်၊ စနေ တနင်္ဂနွေ ပိတ်လို့ပါ'

ကားပေါ်မှာ လူတွေရော၊ ပစ္စည်းတွေရော တအားကျပ်တောက်နေ ပေမယ့် ကားက မထွက်သေးဘူး။ ထုံးစံအတိုင်း အကြာကြီးရပ်နေပြီး မောင်း တော့လဲ အကြာကြီးမောင်းဦးမှာ။

ကြိမ်ခြင်းထဲက မေမေ နှစ်ပတ်စာ ကြော်ပေးလိုက်တဲ့ ဘာလချောင် ကြော် ပုလင်းခွံကို ကျွန်မကြည့်မိတော့ အဆောင်မှာ ကျန်ခဲ့ရှာတဲ့ မခိုင်ကို ကျွန်မ သတိရလာတယ်။ ချို့တဲ့နွမ်းပါးမှုတွေနဲ့ အမြဲအားငယ်၊ အားနာတတ် တဲ့မခိုင်။ သူ့မှာ ဟင်းချက်ဖို့ လုံးဝပိုက်ဆံမရှိတော့တာကိုသိလို့ ကျွန်မက ဘာလချောင်ကြော်တွေ ထားပစ်ခဲ့တာကို အားနာပြီးမျက်ရည်ဝဲကျန်ခဲ့တယ်။ ဒါပေမယ့် မခိုင်ဟာ မျက်ရည်ဝဲတတ်ပေမယ့် ဘယ်တော့မှ မကျတတ်ဘူး မခိုင်ရယ်။

စတိုင်ပင်လျှောက်တာ မရတုန်းက သူ သိပ်စိတ်ထိခိုက်သွားတာပဲ ဒါပေမယ့် မျက်ရည်ဝဲရုံပဲ။ သူ မငိုခဲ့ဘူး။

ဟန်ဆောင်ထားတဲ့ နွမ်းပါးမှုတွေနဲ့ စတိုင်ပင် ရသွားကြတဲ့ သူတွေ ကိုလဲ သူဘာတစ်ခွန်းမှ မပြောခဲ့ဘူး။ ကျွန်မနဲ့ ခင်ချိုအေးကသာ ဒေါသဖြစ် စိတ်တိုပြီး ပြောမိကြတယ်။

မခိုင်တို့ အဖေက စာရေး၊ အမေက အိမ်ဆိုင်ရောင်းတယ်တဲ့။ မခိုင်က မောင်နှမငါးယောက်မှာ အကြီးဆုံး၊ ဆယ်တန်းတုန်းကတော့ သူ့အိမ် အခြေအနေရယ်၊ သူ စာကြိုးစားတာရယ်သိလို့ ကျောင်းလခ လွတ်ငြိမ်းခွင့် ရခဲ့ဖူးတယ်တဲ့။ တက္ကသိုလ်လာတတ်တာလဲ စတိုင်ပင် ရမယ်အထင်နဲ့ပေါ့၊ အဆောင်လဲရမယ် အထင်နဲ့ပေါ့။ စတိုင်ပင် ၇၅/- ရရင် အဆောင်ကြေး စားစရိတ် တစ်ရာ့နှစ်ဆယ် (အရင်ငါးဆယ့်ခုနစ်ကျပ်၊ ကျွန်မတို့နှစ်ကစပြီး တစ်ရာ့ နှစ်ဆယ်ဖြစ်သွားပြီ) နဲ့ ကျောင်းလခ က ၁၅/ ပေါင်း ၁၃၅/- ထဲ ကိုယ့်အိမ်က ခြောက်ဆယ်ပဲ စိုက်ရတော့မှာပေါ့။ မုန့်ဖိုး၊ စာအုပ်ဖိုးရော အိမ်ကတစ်ရာ၊ တစ်ရာ့ငါးဆယ်ပဲ ပို့ရတော့မှာဆိုတော့ မဆိုးဘူးပေါ့ မခိုင်တို့အိမ်က တစ်လကို တစ်ရာပဲ ပို့နိုင်တယ်။ မခိုင်ကိုချစ်တဲ့



အဒေါ်တစ်ယောက်က တစ်လ ငါးဆယ် ပို့ပေးတယ်။ အဆောင်ရှေ့ကဆို စာပို့သမားရဲ့ "မခိုင်၊ ပန္နစ်သချာ၊ ပန်းရိပ်ညို၊ မန်နီအော်ဒါလာတယ်၊ "ငါးဆယ်" ဆိုတဲ့ ရှက်စရာအသံကို ကြားရင်လဲ မခိုင် ဟာ မျက်ရည်ဝဲတတ်တယ်။

စတိုင်ပင်မရတဲ့ မခိုင်ဟာ တစ်လ တစ်ရာ့ငါးဆယ်နဲ့ ရပ်တည်ဖို့ ထမင်းဟင်းဖြစ်သလိုစားရင်း ကြိုးစားကြည့်နေလေရဲ့။

အဆောင်လခက အစိတ်၊ ကျောင်းလခ ဆယ့်ငါးကျပ်၊ ကျန်တဲ့ တစ်ရာ့တစ်ဆယ်နဲ့ ထမင်းစားရမယ်၊ မုန့်ဖိုး၊ စာအုပ်ဖိုး ကုန်ရမယ်။ အဝတ်အစားဖိုး မခိုင် ထည့်စဉ်းစားလို့မရပါ။ မခိုင်ကတော့ ထဘီအပြာ၊ အင်္ကျီအဖြူ နှစ်စုံ၊ အနွေးထည် တစ်ထည်နဲ့ ကျေနပ်နိုင်သူပါ။

ဒါပေမယ့် ထမင်းစရိတ်ကိုက (ကိုယ်ဟာကိုယ်ချက်စားရတာ) ဘယ်လိုပဲ ချွေတာစားစား တစ်ရာတော့ ကုန်တယ်လေ။ ကျန်တဲ့ တစ်ဆယ်နဲ့ တစ်လလုံး အထွေထွေစရိတ်ကို သင်္ချာကျောင်းသူ မခိုင်တစ်ယောက် ဘယ်လိုများ တွက်ချက်သုံးစွဲပါ့မလဲ။

"အိုက်လို့သေတော့မယ်ဟယ်၊ ကားကလဲ မထွက်သေးဘူးလား"

"ထွက်တော့ပေါ့၊ လူတွေ အရည်ပျော်တော့မယ်"

ထုံးစံအတိုင်း၊ လူတွေ မနေနိုင်ဖြစ်ပြီး အော်တော့မှ ကားက ဂူးခနဲ နိုးချင်၊ နိုးချင် စက်နိုးလာတယ်။

"လာနော် . . . လာနော်၊ အင်းဝကို ရောက်တယ်၊ တောင်မြို့လဲ ရောက်တယ်၊ လာ လာ၊ မြန်မြန်လာ အင်းဝ . . . အင်းဝ"

အမှတ် (၈)ကားကြီး တအိအိနဲ့ စထွက်လာတယ်။ စပယ်ယာကတော့ အဆက်မပြတ် အော်ရက်ပဲ။

ဝင်းလိုက်ရုံနားရောက်တော့ စိန်ပန်းဂိတ်က လာပြီး ကျောင်းဂိတ်ရုံ ကို သွားမယ့် အမှတ် (၃)ကားကို လမ်းဘယ်ဘက်ခြမ်းမှာ လှမ်းမြင်ရတယ်။

စနေနေ့ဆိုတော့ ဝင်းလိုက်ရုံရှေ့မှာ လူပိုစည်နေပြီး အထူးသဖြင့် တက္ကသိုလ် ကျောင်းသူ ကျောင်းသားတွေ ပေါဟိုမှာ မဝေတို့ လယ်ဒေ ဿာအုပ်စု၊ ကြည့်စမ်း၊ ဒီဘက်မှာလဲ ထီးကလေးတစ်ချောင်းနဲ့ သီတာနဲ့ မြင့်ဦးရွှေတို့အတွဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ လှမ်းအော်ချင်စိတ် ဖြစ်လာတယ်။ ဒါပေမယ့် ကားက ကျော်လာခဲ့တယ်။ တက္ကသိုလ်ရောက်မှ စနေ၊ တနင်္ဂနွေ ဝင်းလိုက်ရုံ အတွေ့ အကြုံကို ကျွန်မ တစ်ခါမှ မဖြတ်သန်းဖူးသေးပါ။ ဝင်းလိုက်ရုံက နိုင်ငံခြားကား ကိုလဲ ကျွန်မ တစ်ခါမှ မကြည့်ဖူးသေးပါဘူး။

မန္တလေးရောက်မှ ဓာတ်ရှင်နဲ့ ဝေးရတဲ့ ကျွန်မအဖြစ်က ရယ်စရာ ပဲ ကောင်းသေးတော့။

မဝေတို့ လယ်ဝေး၊ ဇေလာအုပ်စုထဲမှာ နောက်ထပ်ရောက်လာတဲ့ မြင်းခြံက အစ်မကြီး မခင်မှတ်ကို ရိုးရိုး ရှင်းရှင်းကြီး မြင်လိုက်သေးတယ်။ အစ်မကြီးနာမည်ရသွားတဲ့ မခင်မှတ်ကလဲ ကျွန်မတို့လို သချ်ာပဲ။ ကျွန်မရယ် မဝေရယ်၊ အစ်မကြီးရယ် ကျောင်းတူတူသွားကြတယ်။

အသားညိုညို၊ မျက်ခုံးထူထူနက်နက်၊ မျက်လုံးလှလှ၊ မျက်နှာရိုးသား ပွင့်လင်း ချိုအေးပြီး မြင်းခြံလေနဲ့ဂျိမ်းဘွန်းကို ဂျိမ်းစဘွင်း၊ ရေတွင်းကို ရေတွန်း ကွမ်းယာကို ကွင်းယာ၊ အခွံကို အခွင်လို့ ခေါ်တတ်တဲ့ အစ်မကြီးကို တစ်ဆောင် လုံးက ချစ်ကြတယ်။

အစ်မကြီး အဆောင်ပိုင်ရှင် အန်တီလွင်ကို စကားပြောရင် "အန်တီ လွန် အန်တီလွန်" နဲ့ခေါ်ပြီး "ကျုပ်တော် . . . ကျုပ်တော်" နဲ့ ပြောတတ် တယ်။ ခု ကျွန်မတို့ တစ်ဆောင်လုံးက အန်တီလွင်ကို အစ်မကြီးလေနဲ့ "အန်တီ လွန်" လို့ပဲ ခေါ်ကြတော့တယ်။

မဝေတို့ အုပ်စုထဲက မခင်သန်းတင့်နဲ့ တခြားကျောင်းသူတစ်ယောက် ကတော့ ပထမနှစ်တစ်လလောက်တက်ပြီး ပထဝီအစား ဘီအီးကွမ်းဘွဲ့တို့ ရအောင်ဆိုပြီး စာပေးစာယူ ပြောင်းသွားခဲ့ကြတယ်။

နှစ်ယောက်လျော့သွားတဲ့ လယ်ဝေး၊ ဇေလာအုပ်စုထဲကို မြင်းခြံက အစ်မကြီးရောက်လာတယ်။

ကျွန်မတို့အဆောင်မှာ အားလုံး လူနှစ်ဆယ်ရှိတယ်။ နှစ်ယောက်ခဲ ရုံးမှာ အလုပ်လုပ်ပြီး ညကျောင်းတက်တဲ့ သူပါတယ်။ ကျန်တဲ့ ဆယ့်ရှစ်ယောက် က မေဂျာစုံက ပထမနှစ်ကျောင်းသူတွေချည်းပဲ။ မြင်းခြံ၊ လယ်ဝေး၊ ဇေလာ ပျဉ်းမနား၊ မိတ္ထီလာ၊ တပ်ကုန်း၊ ရပ်စောက်၊ အင်းဝ၊ ရွှေဘို၊ မုံရွာ၊ မြေလတ်သူ



အညာသူတွေ။

ရောက်ခါစလိုမဟုတ်တော့ဘဲ အားလုံး ရင်းနှီးခင်မင်နေကြပြီး အဆောင်ရဲ့ ညအချိန်တွေဟာ ပျော်စရာကောင်းလာတယ်။ ရေနီမြောင်း ရေနဲ့လဲ ကျွန်မရင်းနှီးခဲ့ပြီ။

ကျွန်မအတွက် အကောင်းဆုံးကတော့ နှစ်အိမ်ကျော်မှာ စာအုပ် အငှား ဆိုင်ကလေးတစ်ဆိုင်ကို ရှာဖွေတွေ့ရှိသွားတဲ့အတွက်ပါပဲ။

ညအိပ်ရာဝင်တာနဲ့ခြင်ထောင်ထဲမှာ ဝတ္ထုနှစ်အုပ်အမြဲထားပြီး ဇိမ် နဲ့ဖတ်တယ်။ လွတ်လပ်စွာ၊ အရသာရှိစွာ၊ ဆူပူသူမရှိ၊ တားမြစ်သူမရှိ။

အဆောင်နဲ့ကပ်ရက် ယောကျ်ားလေးဆောင်ကိုတော့ ကျွန်မတို့ ပထမနှစ်ကျောင်းသူတွေ ကြောက်ကြတုန်းပဲ။ ခေါင်းရင်းပြတင်းပေါက်တွေကို ကျွန်မတို့ ပိတ်ထားမြဲ။ ဟိုဘက်ကလဲ အမြဲပိတ်ရက်သားတွေ့ရပြီး ယောကျ်ား လေးဆောင်လို့ ထင်စရာမကောင်းအောင် ငြိမ်သက်တိတ်ဆိတ်နေတတ်ပါ တယ်။ တစ်ခါတစ်လေ ညဥ့်နက်တဲ့အချိန်မှာတော့ ချင်းသံဝဲဝဲ၊ ရှမ်းသံဝဲဝဲ နဲ့ ပြောနေတဲ့အသံမျိုး ကြားရတယ်။ အဲဒီအဆောင်ကို ကျွန်မတို့ "အိမ်ငြိမ်ကြီး" လို့ နာမည်ပေးထားကြတယ်။

"ဟိုး . . . ဟိုး . . . ခဏလေး လိုက်ဦးမယ်"

မှတ်တိုင်ကထွက်ပြီးမှ ကားက ဆောင့်ကြီးအောင့်ကြီး ပြန်ရပ်တယ်။ ကားနောက်ပိုင်းက မတ်တပ်ရပ်နေတဲ့ လူတွေကြားထဲကို မိန်းမတစ်ယောက် ကလေးလေး ချီပြီး တက်လာတယ်။ "ခဏလေး . . . ကလေးကျန်သေးတယ် ဆရာရေ့" ဆိုပြီး စပယ်ယာက ကလေးတစ်ယောက်ကို တင်ပေးပြန်တယ်။ အေ့ထဘီကို အားကိုးတကြီး ဆွဲလိုက်တဲ့ကလေးကို မအေလုပ်သူက မကျေ နပ်နဲ့ အဆဲတစ်ခု ဆဲလိုက်တယ်။ ပိန်လှီနွမ်းဖျော့နေတဲ့ မိန်းမရဲ့ လက်တစ်ဖက် မှာ အထုပ်တစ်ထုပ်နဲ့ ခြင်းတစ်ခြင်းကို ကိုင်ထားရသေးတယ်လေ။ ကားကလဲ ခြေချစရာ နေရာမရှိအောင်ကို ကျပ်လိုက်တာလွန်ရော။

"ဘုရားကြီးအနောက်မုခ် ပါတယ်နော်"

"ဘုရားကြီးအနောက်မုခ် ပါတယ်ဆရာရေ့"

"ဩော် . . . ငါရိုက်ထုပစ်တော့မယ် ကောင်လေး၊ ထဘီတို့

www.burmeseclassic.com



မဆွဲနဲ့ဆို"

ပိန်လှီနွမ်းဖျော့ မိန်းမရဲ့ ကလေးကို အော်တဲ့ အသံထွက်လာတယ်။ အသံက ခပ်ဝဲဝဲ။ ဒါအထက်က ပြောတဲ့ အသံပဲ။ ဖေဖေတို့ဆီ ဝါးရောင်းလာတဲ့ အထက်က လူတွေရဲ့ ဒီလိုအသံတွေနဲ့ ကျွန်မနဲ့ ရင်းနှီးကျွမ်းဝင် နေကျ။

"ပြောလေ . . . ကဲလေဆို"

မိန်းမရဲ့ စိတ်တို ဒေါသဖြစ်နေတဲ့ မျက်နှာကို ကျွန်မကြည့်မိတယ်။ သူနဲ့ ကျွန်မ ဖျတ်ခနဲ မျက်လုံးချင်းဆုံတော့။ ဘုရားရေ . . . ဒီမျက်လုံးတွေဟာ တစ်ခုခု ကစားဖို့ အကြံရလာရင်၊ သချာတစ်ပုဒ် အဖြေရလာရင် တောက်ပလာတတ်တဲ့ မျက်လုံးတွေ။

'ဘုတ်သိုက်'

'ဟယ်. . . နှင်းနှင်း မဟုတ်လား'

ကျွန်မရဲ့ သိတတ်စ အရွယ်က ချစ်သူငယ်ချင်း ဘုတ်သိုက်။ အို. . . မျက်လုံးကလေးတွေကလွဲလို့ ငယ်ငယ်တုန်းက ဘုတ်သိုက်မဟုတ်တော့ပါ။ ကလေးနှစ်ယောက်နဲ့ အဆမတန် ပိန်လှီနွမ်းဖျော့ ညစ်ထေးထေး မိန်းမဟာ ကျွန်မသူငယ်ချင်း ဘုတ်သိုက်လား။

'ဘုတ်သိုက်၊ နင် ဘယ်ကလာတာလဲ၊ တစ်ယောက်တည်းလား၊ နင့်အမေတို့ရော၊ ပေးပေး နင့်အထုပ်၊ ငါကိုင်ပေးထားမယ်လေ'

ကျွန်မက သူ့အထုပ်ကို ဆွဲယူပေမယ့် ဘုတ်သိုက်က မပေးဘူး။

'ငါ အခု အထက်ကလာတာ၊ အမေတို့ကတော့ ဟိုမှာ နေရစ်ခဲ့ကြတယ်။ ငါတို့ အထက်ပြောင်းသွားတာ မှားတာပါပဲဟယ်၊ ဟိုမှာ အဖေလဲသေတယ်။ ငါလဲ ယောကျ်ားရတယ်၊ အလုပ်အကိုင်လဲ အဆင်မပြေပါဘူး'

'ခု နင့်ယောကျ်ားကရော'

'သူသေတာ မကြာသေးဘူး၊ ကြိမ်တောတိုးရင်း ကျားဆွဲသွားတာ။ အဲဒါနဲ့ ငါ စိတ်နာပြီး ပြန်လာတာပ'

'ဟယ်. . . ဆောရီး'

နားမလည်သလို ကြည့်လိုက်တဲ့ ဘုတ်သိုက်ရဲ့ မျက်လုံးလေးတွေကို ကြည့်ရင်း ယဉ်ကျေးသိမ်မွေ့တဲ့ တက္ကသိုလ် ပညာတတ်အသိုင်းအဝိုင်းရဲ့



'ဆောရီး'ကို အလွန်အာတွေ့ခါစ၊ အလွန်သုံးနှုန်းချင်ခါစ၊ ပထမနှစ်ကျောင်းသူ ကျွန်မကိုယ်ကျွန်မ စိတ်ဆိုးမိတယ်။ ခွင့်လွှတ်ပါ ဘုတ်သိုက်ရယ်။

'နှင်းနှင်း နင်ရော၊ ဘယ်ကပြန်လာတာလဲဟင်၊ နင်ဘယ်နှစ်တန်းရောက်ပြီလဲ'

'ငါ ခု ပထမနှစ်ပေါ့ဟာ၊ မန္တလေးတက္ကသိုလ်မှာ'

'နင်က တက္ကသိုလ်ကျောင်းသူကြီးပေါ့၊ ပျော်စရာကြီး'

ဒီလိုဆိုတော့လဲ ဘုတ်သိုက်မျက်နှာလေးက ငယ်ငယ်တုန်းက မျက်နှာလေး။ ဘုတ်သိုက်ရေ ငါဟာ သချာအမိကနဲ့ ကျောင်းတက်နေတာများ သိရင် နင်ရယ်ချင် ရယ်လိမ့်မယ်ထင်ပါရဲ့။ နင် သချာတော်သလောက် ငါသချာဖျင်းတာ နင်အသိဆုံးနော်။

'အမေ ဟိုဟာ ဘာကောင်လေးတွေလဲ'

ဘုတ်သိုက်သားလေး ရုတ်တရက် လက်ညှိုးထိုးပြလိုက်တဲ့ဆီ ကျွန်မလှမ်းကြည့်လိုက်တော့ ဘုရားရေ၊ ကျွန်မတို့ ကားဖြတ်နေတဲ့ လမ်းဘေးက ဘုရားဆင်းတုတော်အရွယ်စုံထုတဲ့ ကျောက်ဆစ်တန်းပါလား။

'ဟဲ့. . . ကောင်လေး၊ ဘာတွေ လျှောက်ပြောနေတာလဲ၊ ငရဲကြီးလိမ့်မယ်၊ ငါတို့နေတဲ့နေရာက သိပ်ခေါင်တာ နှင်းနှင်းရဲ့၊ ဟိုး ရွှေလီချောင်းဖျားအခေါင်ဆုံးနေရာပ၊ ဘာမှမရှိဘူး၊ ကလေးတွေ ဘာမှမမြင်ဖူးဘူး'

'ဖြစ်မှ ဖြစ်ရလေဟယ်'

ဘုတ်သိုက်လည်ပင်းကို တင်းတင်းကျပ်ကျပ် ဖက်ထားတဲ့ ကလေးရဲ့ မျက်လုံးဝိုင်းလေးနဲ့ ဘုတ်သိုက်ထဘီကို တအားဆွဲဆုပ်ထားတဲ့ ကလေးအကြီးလေးရဲ့ မျက်လုံးဝိုင်းလေးဟာ ဘုတ်သိုက်လို ဉာဏ်ထက်မြက်မယ့် မျက်လုံးမျိုးလေးတွေ။

ဒါပေမယ့် ဒီကလေးတွေဟာ ကျောင်းနေနိုင်ပါ့မလား။ ကျွန်မသူငယ်ချင်း မုဆိုးမလေးဟာ ဒီကလေးတွေကို ဘယ်လိုများ ကျွေးမွေးပြုစု ပျိုးထောင်မလဲ ဘုတ်သိုက်ရယ်။

စနေနေ့ နေ့လယ်မှာ သူငယ်ချင်းတစ်ယောက်ကို ဝမ်းနည်းဖွယ်ကောင်းစွာနဲ့ ပြန်တွေ့ခဲ့ရတဲ့ကျွန်မဟာ တနင်္ဂနွေ ညနေမှာတော့ သူငယ်ချင်းတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ဝမ်းနည်းဖို့ကောင်းစွာနဲ့ ဆုံးရှုံးခဲ့ရတယ်။

ပျော့်ရွှင်စည်ကား ဆူညံနေတဲ့ အဆောင်ညနေခင်း ညှော်လာချိန်တို့ မြတ်သန်းလာတဲ့ ကျွန်မ၊ အခန်းတံခါးကို ဖွင့်ဝင်လိုက်တော့ အလယ်ခေါင် ခုတင်ကြမ်းကွပ်ပျစ်လေးဟာ ပိုင်ရှင်မဲ့စွာ ကျွန်မကိုကြိုဆိုလို့။

'မခိုင်ရော'

'မခိုင်အိမ်ပြန်သွားပြီ၊ အပြီးပြန်သွားတာ'

'အပြီးပြန်သွားတာ'

အလှည့်အပြောင်းဆိုတာ ဒီလိုပဲ မြန်ဆန်စွာ ပြောင်းလဲတတ်ပါလား။

# ၁၉၇၇-ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

မတ်လ၊ ပထမသီတင်းပတ်၊ ပထမနေ့။

မနှင်းနှင်းဦး

ထပ်ပြီး ရေးလိုက်မိပြန်ပြီဗျာ. . .။

ဖတ်ပြီးရင် သူငယ်ချင်းတွေကိုပြပြီး မနှင်းနှင်းဦး တစ်ယောက် ရယ်ချင်ရယ်နေမှာပေါ့။

ကျွန်တော့် ခံစားချက်တွေဟာ မနှင်းနှင်းဦးအတွက် ရယ်စရာများဖြစ်နေမလားဘဲ။ ဘာပဲဖြစ်ဖြစ် မနှင်းနှင်းဦးအတွက် ပျော်စရာဖြစ်မယ်ဆိုရင် ကျွန်တော် ကျေနပ်ပါတယ်. . .။

ရယ်စရာတစ်ခုအဖြစ် မောင်းခတ်တဲ့ထဲမှာ ကျွန်တော့်နာမည် ထိပ်ဆုံးက ဆိုရင်တောင် ကျွန်တော်က ကျေနပ်မယ့်သူပါ။

မနှင်းနှင်းဦးရယ်. . .

ကျွန်တော် သိပ်သတိရနေမိတယ်။

မနှင်းနှင်းဦးနဲ့ တွေ့ပြီးတဲ့ နောက်ပိုင်းမှာ ထိန်းချုပ်လို့မရတဲ့ စိတ်အချင်တစ်ခုကို ကျွန်တော်ပိုင်ဆိုင်နေပြီလေ။

နောက်ပြီး အကွာရာမပြောင်းလဲ၊ အသံမပြောင်းလဲတဲ့ ဘာသာစကား

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကိုလဲ ကျွန်တော်တတ်နေပြီ။

အဲဒီဘာသာစကားက 'မနှင်းနှင်းဦးကို ကျွန်တော်ချစ်တယ်' တဲ့။

'ပန်းရိပ်ညို' ညနေချိန်ကို ကျွန်တော် မုန်းနေမိတယ် မနှင်းနှင်းဦး။

အမျိုးသားတစ်ယောက်နဲ့ စကားပြောနေတာမြင်ရတဲ့ ညနေဟာ ကျွန်တော့်အတွက် ဝေဒနာဆည်းဆာတွေပါပဲ။ ရင်ထဲက တအားတုန်လှုပ်မိတယ်။ ငယ်ငယ်တုန်းက ကိုယ့်လက်ထဲက အရုပ်ကလေး တစ်ရုပ်ကို လုယူခံရတဲ့ ခံစားမှုမျိုးကို ကျွန်တော်ခံစားနေရတယ်။

ဆုံးရှုံးရမှာကို မတွေးရဲအောင်ဘဲ။

မနှင်းနှင်းဦးနဲ့ ပတ်သက်လာရင် အသေးအဖွဲ့လေးတွေကစပြီး ကျွန်တော် သတိထားတတ်လာတယ်။

စိတ်ပညာအရ ဆိုရင်တော့ အသေးအဖွဲ့လေးတွေကို ဂရုစိုက်တတ်လာရင် လူဟာ စိတ်ပုံမှန် မဟုတ်တော့ဘူးတဲ့။

နည်းနည်းတော့ ကျွန်တော် ရူးနေပြီထင်ပါရဲ့။

ဒီနှစ်ဟာ ကျွန်တော့်အတွက် နောက်ဆုံးနှစ်လေ။

ကျွန်တော်ချစ်ခင်စွဲလမ်းတဲ့ တမာရိပ်၊ ရေနီမြောင်းနဲ့ ရှမ်းရိုးမတောင်ပြာပြာ၊ ပြီးတော့ ကျွန်တော်ဘယ်လိုမှ မေ့လို့ရမှာ မဟုတ်တဲ့ မနှင်းနှင်းဦး။

အားလုံးကို ကျွန်တော် ခွဲသွားရတော့မယ်။

အခုဌာနမှာလဲ အလုပ်တွေ သိပ်များတာပဲ။

qualified ဖြစ်ရင်တော့ Master ဆက်တက်ရမယ်ပေါ့။

ဒါပေမယ့်. . . မနှင်းနှင်းဦးရယ်. . . 'ချစ်နှစ်သက်တဲ့သူကို မရဘဲ မြင်တွေ့နေရခြင်းဆင်းရဲ' ကို ကျွန်တော် မခံစားချင်ဘူးလေ။

ကျွန်တော် ကဗျာလေးတစ်ပုဒ် ဖတ်ဖူးတယ် မနှင်းနှင်းဦး. . .။

မင်းမရှိလို့ တက္ကသိုလ်မှာ လသာနေသည်။

မင်း. . . မရှိရင်. . .

တက္ကသိုလ်ဆိုတာ

လမိုက်ညများရဲ့ အမှောင်ဆုံးကမ္ဘာ. . . တဲ့။

သိပ်ချစ်တယ် မနှင်းနှင်းဦးရယ်. . .။



စာအဆုံးမှာ အင်္ဂလိပ်လို လက်မှတ်ရေးထိုးထားတဲ့ ခပ်ရှုပ်ရှုပ် လက်မှတ်တစ်ခုကို ဒီတစ်ခါလဲ ကျွန်မ မဖတ်တတ်ပြန်ပါ။ နှစ်လအတွင်း ပဥ္စမမြောက်ရောက်လာတဲ့ ရည်းစားစာ အပြာလေးတွေကို ခေါင်းအုံးဘေးက 'မသိန်းရှင်ဆီပို့ပေးပါ' ဝတ္ထုစာအုပ်လေးပေါ်ကို ကျွန်မ အသာအယာ တင်လိုက်တယ်။

အပြာရောင် ရည်းစားစာများရဲ့ ပိုင်ရှင်ဟာ ဘယ်သူလဲ။ အင်း. . . ဒီစာထဲက အဆိုအရတော့ သူဟာနောက်ဆုံးနှစ် ကျောင်းသားတစ်ယောက်လို့ ယူဆရတယ်။

ကျွန်မရဲ့ နာမည်၊ နေရာနဲ့ မေဂျာပါ သိနေပြီး အင်မတန်လွတ်လပ်တဲ့ တက္ကသိုလ်လိုနေရာမျိုးမှာ စာတိုက်ကနေ ရည်းစားစာ ပေးနေတဲ့အဖြစ်က နည်းနည်း ထူးဆန်းပြီး ရယ်စရာလဲ ကောင်းတယ်။

ဒါပေမယ့် သူ့ရည်းစားစာတွေဟာ ကျွန်မရဖူးသမျှ ရည်းစားစာတွေထဲမှာတော့ အဆင့်အရှိဆုံးနဲ့ ဖတ်လို့လဲ ကောင်းသားပဲ။

သူ့ရဲ့ ပထမဆုံး ရည်းစားစာဆိုရင် ကျွန်မကို တော်တော်လေး ဆွဲဆောင်ပါတယ်။

'လောကကို အေးမြစေတဲ့၊ သာယာကြည်နူးစေတဲ့ ၊ရင်ဖိုလှိုက်မောစေတဲ့၊ တသိမ့်သိမ့် လှိုင်းဂယက်တို့ကို ရင်မှာဖြစ်ထွန်းစေတဲ့ အလှတရားနဲ့ မေတ္တာတရားကို အဝေးမှာ၊ စာအုပ်ထဲမှာ ၊ ရုပ်ရှင်ထဲမှာ၊ အဘိဓမ္မာထဲမှာ၊ ဘုရားကျောင်းကန်၊ တိမ်တောင်တိမ်လွှာထဲမှာ ရှာခဲ့တဲ့ကျွန်တော်ဟာ အဲဒီအတုမဲ့မေတ္တာနဲ့ အလှမျိုးကို ရုတ်တရက် ကျွန်တော်နဲ့ မနီးမဝေးမှာ တွေ့လိုက်ရတဲ့အခါ မသိသားဆိုးရွားတဲ့ ကျွန်တော့်ကိုယ် ကျွန်တော် အပြစ်တင်မိတယ် မနှင်းနှင်းဦး'

'ဗောဓိကုန်း အလယ်ရပ် ဘုရားပွဲရဲ့ ဇာတ်ပွဲညလေ။ လမ်းဘေးကနေ တစ်ယောက်တည်း ရပ်ငေးရင်း ရင်ထဲမှာ ဆူဝေ မီးတောက် တင်းကျပ်နေတဲ့ စိတ်အစဉ်ကို လျှော့ချနေမိတာ။ ကျွန်တော်နဲ့ သူငယ်ချင်း တစ်စုတို့ရဲ့ မတရား အနိုင်တစ်ခုအတွက်ပါ။

ကျွန်တော့်နားမှာ ပွဲကြည့်မိန်းကလေးတစ်စု လာရပ်တယ်။ အဆောင်မှူးရှင်ဖြစ်ဟန်တူတဲ့ အဒေါ်ကြီးတစ်ယောက် ဦးဆောင်တဲ့ တက္ကသိုလ်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



သူတစ်စု။ ပွဲဆီကို ခေါင်းမော့ ငေးကြည့်နေတဲ့ ထဘီအညိုနု၊ ဆွယ်တာအဝါနဲ့ မိန်းကလေး တစ်ယောက်ကို ကျွန်တော်အမှတ်မထင် ကြည့်မိတယ်။ အပြစ်ကင်းစင် ချစ်စရာကောင်းတဲ့ အေးတိုက်မျက်နှာလေးဟာ ဘယ်လိုမှ မယုံကြည်နိုင်အောင် ကျွန်တော့်ရင်ကို တသိမ့်သိမ့် လှုပ်ရှားစေခဲ့တယ်. . .'

M နဲ့ N ပဲ ဖတ်လို့ရတဲ့ အင်္ဂလိပ်လို လက်မှတ် ရှုပ်ရှုပ်ထိုးတတ်သူဟာ စာရေးကောင်းပါတယ်။ ဒါပေမယ့် အနည်းငယ် သာယာကြည်နူးမိတာကလွဲရင် ကျွန်မကို ရင်မခုန်စေနိုင်ပါဘူးလေ။

တကယ်လို့ ရင်ခုန်လွှမ်းမိုးနိုင်ခဲ့ရင်တောင်မှ ဒုတိယနှစ် တက္ကသိုလ်ကျောင်းသူတစ်ယောက်အနေနဲ့ ရည်းစားထားဖို့ စောသေးတယ်ထင်တယ်။ မေမေကလဲ ကြိုက်မှာ မဟုတ်ပါဘူး။

စာရွက်ပြာလေးတွေကို စာအိတ်အဖြူလေးထဲ ပြန်ထည့်ပြီး ပထမစာလေးစောင် သိမ်းဆည်းထားရာ စားပွဲခင်းအောက်ထဲကို ကျွန်မထိုးထည့်လိုက်တယ်။

တခြား အခန်းတွေကို လျှောက်ကြည့်နေကြတဲ့ 'ချို'နဲ့ မခိုင်နေရာမှာ ရောက်လာတဲ့ 'မေသူ'တို့ကို ဒီတစ်ခါ ကျွန်မ မပြချင်တော့ပါ။ ကျွန်မ သိပ်မရယ်ချင်တော့ဘူးလေ။

ခေါင်းအုံးအောက ဝတ္ထုစာအုပ်လေးကို ဒုတိယအကြိမ် ကြိုက်တဲ့နေရာလေးတွေ ထပ်ဖတ်ဖို့ ကျွန်မတဖျပ်ဖျပ် လှန်လှောလိုက်တယ်။

နိုင်ဝင်းဆွေရဲ့ နွေတစ်ညာ မြစပယ်ရုံ၊ မဟူရာမေတ္တာ တို့ကို ကျွန်မရင်ထဲမှာ မှေးမှိန်သွားအောင် လုပ်လိုက်တဲ့စာအုပ်ပေါ့။ နှင်းထူထူထဲကနေ ရထားဆီသို့ တဖြည်းဖြည်း နီးလာတဲ့ အကျႌအနီလေး။ အကျႌအနီလေးတစ်ထည်ကို အမြဲဝတ်ဆင်ရင်း သုံးလွန်းတင် ထမင်းကိုစားရင်း ရှက်ရွံ့အားငယ်တတ်တဲ့ ထန်းလျက် မှောင်ခိုသမလေး 'ညို'။ ကျွန်မရင်ထဲမှာ ခံစားနာကျင်လို့ နေတယ်။

စာအုပ်တိုင်းက မရနိုင်တဲ့ အဲဒီခံစားနာကျင်မှု အရသာမျိုးကို ကျွန်မ စွဲလမ်းနှစ်သက်တယ်။

အလှတရားနဲ့ မေတ္တာတရားကို စာအုပ်ထဲမှာ ရှာတတ်တယ်ဆိုတဲ့ ကျွန်မကို ရည်းစားစာပေးသူ တစ်ယောက်ဟာ ကျွန်မလိုပဲ စာအုပ်ချစ်တတ်သူလား။ စာအုပ်မချစ်သူ ယောကျ်ားတွေကို ကျွန်မ အလွန်အထင်သေး ရွံမုန်းပါတယ်။



'နှင်းနှင်းဦး. . . ဧည့်သည်'

'နှင်းနှင်းရေ. . . ကိုဝေလွင် လာနေတယ်ဟေ့'

အဆောင်ရှေ့က အော်ခေါ်သံ စူးစူးနဲ့ အတူ 'ချို' နဲ့ 'မေသူ' အခန်းထဲကို ဒရောသောပါး ပြေးဝင်လာကြတယ်။

'ကြည့်စမ်း၊ နင် ရေလဲမချိုးရသေးဘူး၊ ဘာလုပ်နေတာလဲ'

ကျွန်မကို စိတ်ပျက်လက်ပျက် မြည်တွန်တောက်တီးလိုက်တဲ့ 'ချို'ကို ကြည့်ရင်း တစ်စုံတစ်ခုကို သတိရလာပြီး ကျွန်မရင်ထဲက မခံချင်ဒေါသ ရုတ်တရက်ပေါ်ပေါက်လာတယ်။

'ငါကရေမိုးချိုး၊ အလှပြင်ပြီး ထွက်တွေ့ရအောင် ဝေလွင်က ငါ့ရည်းစားမို့လို့လား၊ မတွေ့ဘူး၊ ငါဝတ္ထုဖတ်နေတယ်၊ မအားဘူးလို့ပြောလိုက်' 'ဘယ်လိုဖြစ်တာလဲဟဲ့။ နင်ကလဲ အားနာစရာကြီးဟယ် ဟိုတစ်ယောက်မှာ၊ နင့်ကိုဘယ်သူကမှလဲ ရည်းစားစကားပြောရမယ်လို့ မဆိုလိုပါဘူး၊ အရင်နေ့တွေလိုပေါ့တယ်၊ ဘာညာ၊ ဘာညာ ထွက်ပြောလိုက်ဦးမှပေါ့'

'မပြောချင်တော့ပါဘူး၊ ပျင်းတယ်'

'မပျင်းပါနဲ့ဟယ်၊ သနားစရာလေးပါ၊ ပုဆိုးအဝါကွက်၊ ရှပ်အင်္ကျီ အဝါနုရောင် အစင်းလေးနဲ့ သူသိပ်ချောနေတယ်၊ ချောင်းကြည့်လိုက်'

မေသူက စပ်ဖြီးဖြီးနဲ့ ကျွန်မလက်ကို လာဆွဲတယ်။

'မျက်နှာမှာ ပေါင်ဒါတွေရော ဖွေးမနေဘူးလား၊ ယောကျ်ားလေးတွေ ပုဆိုးနဲ့ အင်္ကျီ တအားဆင်တူကြီးဝတ်တာ ငါသိပ်မုန်းတာပဲ။ သူ့ရေမွှေးနံ့ကြီးကိုလဲ ငါခေါင်းမူးတယ်၊ တော်ပြီ ငါမသွားချင်ဘူး'

'နင်တော်တော်မိုက်မဲပါလား နှင်းနှင်းရယ်၊ မွှေးကြိုင်သန့်ရှင်း ချောနေခြင်းကို နင်မကြိုက်ရှာဘူး၊ ကျွတ်ကျွတ် ငါနင့်ကို ညာနေလို့နော်'

ရည်းစားသုံးယောက်ထားဖူးတဲ့ မြန်မာစာ ကျောင်းသူ ခင်ချိုအောတစိတ်ပါလက်ပါ စိန်ခေါ်နေတာကို ကြည့်ပြီး ကျွန်မနဲ့ မေသူ ရယ်လိုက်ကြသည်။

'ရယ်မနေနဲ့၊ ကြောင်တောင်တောင်နဲ့ ကဲ. . . တကယ်မသွားဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'မသွားဘူးလို့ဆို၊ သွား နင်သွားလိုက်'

'နှင်းနှင်းဦး၊ ဧည့်သည်'

'ဟော. . .၊ အော်နေပြန်ပြီ၊ လုပ်ဟယ် နှင်းနှင်း၊ သွားလိုက်ပါ၊ ခေါင်းလေးဘာလေးဖြီး၊ ပေါင်ဒါလေးရိုက်လိုက်၊ အင်္ကျီလုံချည် မလဲနဲ့တော့. . .'

'ဟင်အင်း. . .'

'ဒုက္ခပါပဲဟယ်၊ ဒီမိန်းမနဲ့တော့၊ လာဟယ်မေသူ၊ သွားပြောမယ် နင်ရောလိုက်ခဲ့'

'သွား. . . .၊ မေသူ လိုက်သွားလိုက်'

'အေး. . . စားစရာ ပါလာလို့ကတော့ နင်တစ်မှုန့်မှတောင် စားရမယ်မထင်နဲ့'

ခင်ချိုအေးက ကျွန်မကို ကြိမ်းမောင်းပြီး မေသူ့လက်ဆွဲထွက်သွားတယ်။ ကျွန်မ စိတ်ချမ်းသာစွာနဲ့ စာဖတ်ထားတဲ့ မျက်လုံးတွေကို မှိတ်ထားလိုက်တယ်။

ပိုပိုမိုမိုလေး စဉ်းစားရရင်တော့ ကိုဝေလွှင်နဲ့ ကျွန်မတွေ့ဆုံပုံ ဇာတ်အဖွင့်လေးဟာ တော်တော်လေးလှသားပဲ။ တော်တော်လေးလဲ ဝတ္ထုဆန်ပါတယ်။ ကျွန်မရင်ခုန်ချင်စရာပါပဲ။

တစ်ခုသော စနေ အိမ်အပြန် ဈေးချိုမှတ်တိုင်မှာ အမှတ်(၃) ကားပေါ်ကအဆင်း ကျွန်မရုတ်တရက် ခြေချော်ကြပြီး ကျွန်မဆွဲခြင်းထဲက ပုလင်းခွံတွေ၊ ဘူးတွေ၊ ချိုင့်တွေ အကုန်လွင့်စဉ် ပြန့်ကျဲကုန်ကြတယ်။

ရှက်ရှက်နဲ့ ကျွန်မ ထူပူတုန်ယင်နေတုန်း တစ်စုံတစ်ယောက်က ကျွန်မခွက်တွေ၊ ဘူးတွေ၊ ပုလင်းတွေကို လိုက်ကောက်ပြီး ကျွန်မဆွဲခြင်းထဲ စီစဉ်တကျ ပြန်ထည့်ပေးနေတယ်။ 'ကျေးဇူးတင်ပါတယ်' လို့ကျွန်မ သူ့ကိုပြောတဲ့အချိန်မှာ အင်မတန် ချောမွတ်လှပတဲ့ သူ့မျက်နှာပေါ်က အလွန်ကော့တဲ့ မျက်တောင်များ စိုင်းရံထားတဲ့ သူ့မျက်လုံးတွေနဲ့ ကျွန်မဆုံရတယ်။

ဒါပေမယ့် ကျွန်မရင်မခုန်ခဲ့ပါ။ ယောကျ်ားလေးတစ်ယောက် မိန်းမဆန်ဆန်လှတာဟာ သိက္ခာမရှိဘူးလို့ ကျွန်မထင်တယ်လေ။ ကိုဝေလွှင်က မိန်းသားပြီးခင်စရာ ကောင်းပါတယ်။ စကားပြောရင်လဲ ကျွန်မအကြိုက်ကို လိုက်ပြီး



ပြောတတ်တယ်။

ဒါပေမယ့် သူဟာ ဓါတုဗေဒ စာအုပ်တွေကလွဲလို့ ဘာစာအုပ်တို့မှ စိတ်မဝင်စားဘူးတဲ့။ ကျွန်မစိတ်ပျက်တဲ့ ဖန်ဘူးတွေ၊ ဘီကာတွေကို အလွန်ကြိုက်ပြီး ဓါတ်ရှင်ကိုမကြိုက်ပါ။ သီချင်းလဲ ဝါသနာမပါဘူးတဲ့။

ကျွန်မကလဲ သူ့မျက်တောင်တွေ ကော့နေတာကို မကြိုက်ပါ။ အသားဖြူလျက်သားနဲ့ ပေါင်ဒါတွေ တို့တာကိုလဲ မကြိုက်ပါ။ အင်္ကျီ၊ လုံချည်၊ အစင်းအကွက် ရှုပ်ရှုပ်ထွေးထွေးတွေနဲ့ အရောင်နုလွန်း၊ တောက်လွန်းတာတွေကိုလဲ ကျွန်မမုန်းပါတယ် ။အဆိုးဆုံးက သူရယ်လိုက်ရင် ပါးချိုင့်နှစ်ခုပေါ်လာတတ်တာ ပါပဲ။

'ကဲ. . . ရော့ မမဖုရား၊ ဝတ္ထုဖတ်ရင် သုံးဆောင်တော် မူရအောင်လို့တဲ့'

ခင်ချိုအေးနဲ့မေသူ အခန်းထဲကို ပြန်ဝင်ပြေးလာကြပြီး ကျွန်မအိပ်ရာပေါ်ကို စက္ကူအိတ်တစ်အိတ် ပစ်ချတယ်။ စက္ကူအိတ်ထဲက ထွက်လာတာတွေက များပြားလှတဲ့ အချဉ်ထုပ်တွေ။

'သေလိုက်ပါလား၊ ဒါတွေ ငါက ဘာလုပ်ရမှာလဲ'

'ငါတို့အတွက်တော့ ပျော်စရာကြီးပေါ့ဟယ်'

ကျွန်မတို့ သုံးယောက်ရယ်လိုက်ကြရင်း ချိုနဲ့မေသူ တစ်ယောက်တစ်ထုပ် လက်မြန်ခြေမြန် ကောက်လိုက်ကြတယ်။

'ဟေ့. . . ဟေ့ နေကြဦး၊ ငါလာပြီဟေ့၊ ဟီဟီ. . .၊ ဟိုဘက်ဈေးဆိုင်က ကိုဝေလွှင်ကြီး အရှင်ထုပ်တွေ သွားဝယ်နေတာမြင်ကတည်းက ငါပျော်နေတာ'

အခန်းထဲ တဟီးဟီးရယ်ရင်း မဝေ ရောက်လာတယ်။ သနက်ခါးဘဲကြား အထူကြီး၊ ဆံပင်နောက်တွဲထုံးနဲ့ အစ်မကြီးကလဲ စပ်ဖြဲဖြဲနဲ့ ပါလာတယ်။

'ဒါမျိုးများဆိုရင်တော့ မြင်တတ်တယ် သူက'

မဝေက အချဉ်ထုပ် နှစ်ထုပ်သုံးထုပ်ကို ကောက်ဆွဲယူလိုက်ရင်း

'ဟေဟေ. . . ခင်မောင်မြင့်တို့ကို အမြန်စကားဖြတ်လိုက်ရတာ ငါ့ဟယ် အရေးထဲ သင်းက လေကြောချနေသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



မဝေတစ်ယောက်ပဲ သူ့အရပ်ရှည်ကြီးနဲ့ မြင့်မားလှတဲ့ ကျွန်မရဲ့ ကြွ ကွပ်ပျစ် ခုတင်ပေါ်ကို တင်ပါးလွှဲ ဝင်ထိုင်နိုင်တယ်။ အရပ်ပုတဲ့ အစ်မကြီးခမျာ ကုလားထိုင်ပေါ်ကနေ တစ်ဆင့် တက်ရတယ်။

'စားလို့ကောင်းတယ် နှင်းနှင်းလေးရယ်၊ နောင်အမြဲထွက်တွေ့ပါကွယ် ဒီနေ့လို ရိုင်းပြတာမျိုးကို မမဝေ မကြိုက်ဘူးနော်. . . ကလေး'

'အေးလေဟယ်၊ ကိုဝေလွင်သနားပါတယ်။ သိလားနှင်းနှင်း၊ ကိုဝေ လွင် ငါ့ကိုပြောသွားတယ်။ ကျွန်တော် ခုဝက်သားစားဖို့ ကြိုးစားနေတယ်တဲ့ နှင်းနှင်းက ဝက်သားကြိုက်လို့တဲ့၊ တစ်သက်လုံး မစားခဲ့တော့ စားခါစမှာ အ အန်ထွက်တယ်တဲ့ သိလား'

'ကြည့်စမ်း၊ ဟိုတစ်ယောက်မှာတော့ ရှစ်လွန်းလို့ ဝက်သားကြီးမှာ တောင် စားပြရရှာတာ၊ နင်ကတော့ အရှင်ထုပ်ကို ကိုင်တောင် မကြည့်ဘူ ခွေးမ၊ ရော့. . . ဒီဆီးသီးတစ်လုံးတော့ စားရမယ်၊ ရော့. . .'

'မလုပ်ပါနဲ့ဟာ မဝေ၊ အေးနော်၊ နင့်လက်ကြီးကို ငါကိုက်ပစ်မှာ'

'မလုပ်နဲ့လေဟယ် အဝေကလဲ၊ သူမကြိုက်တာကို '

အစ်မကြီးက မဝေလက်ကို ဖယ်ပေးရင်း ဖျန်ဖြေတယ်။ ပြီးတော့ မျက်တောင်လေးကို ပုတ်ခတ်ပုတ်ခတ်နဲ့။

'ကိုဝေလွင်ကို နင်တကယ် မကြိုက်ဘူးလား၊ မချစ်ဘူးလား'

'ဟာ မချစ်ပါဘူး အစ်မကြီးကလဲ၊ ဒီအတိုင်းပဲခင်တာ၊ ကြိုက်လဲ ကြိုက်ဘူး၊ နာမည်ကစ မကြိုက်တာ၊ ဝေလွင်တဲ့ မိန်းမနာမည်ကြီး'

'ဘာလဲ၊ နင်က ကိုဘစိန်ဆိုတဲ့ နာမည်မျိုးမှလား၊ ယောကျ်ားဆန်ဆ လေ'

အော်ရယ်နေကြတဲ့ သူတို့ကို ကျွန်မ မျက်စောင်းထိုးပစ်လိုက်တယ်

'နင်တို့ နားလဲမလည်ဘဲနဲ့၊ ယောကျ်ားဆိုတာ အသားလဲ သိပ်မဖြူ ဘူး၊ ရုပ်လဲ သိပ်ချောစရာမလိုဘူး၊ ဖက်ရှင်တွေဘာတွေလဲ ဝတ်စရာ မလိုဘူး အသားညိုညို၊ မျက်လုံး၊ မျက်ခုံး၊ မေးရိုး၊ ခိုင်မာပြတ်သား တည်ကြည်ပြီး ခပ် ပိန်၊ အရပ်မြင့်မြင့်'

'ဟေ့. . . နင်အဲလိုဆိုရင် မနက် အဆောင်ရှေ့ လာရောင်းတဲ့ မု



တင်းခါးသည် ပိန်ချော်ကိုတင်အောင်ကြီးကို ကြိုက်ပေါ့၊ စတစ်ကော်လာ အ လေးလဲ ဝတ်တယ်လေ'

'နင်ကြိုက်ပါလား'

ဗောဓိကုန်းမှာ အရပ်အရှည်ဆုံး၊ အပိန်ဆုံးဆိုတဲ့ ကိုတင်အောင်ကြီးကို မြင်ယောင်ရင်း ကျွန်မတို့ ရယ်လို့မဆုံးနိုင်ပါ။ တကယ်ပဲ မဝေဆိုတဲ့ လောသူ တတော့။

"နှင်းနှင်း၊ နင်ကိုဝေလွင့်ကို မကြိုက်ရင် သော်သော့်ကို ကြိုက်လိုက်၊ အဲဒါအကောင်းဆုံးပဲ"

ကျွန်မ အော်ရယ်ပစ်လိုက်တယ်။ ခင်ချိုအေးစကားကို အားလုံးက "ဟုတ်တယ်၊ ဟုတ်တယ်" နဲ့ ထောက်ခံကြတယ်။

သော်သော်ဆိုတာ အစ်မကြီးရဲ့ နှစ်ဝမ်းကွဲမောင်။ ဒါပေမယ့် သူက တတိယနှစ် ရူပဗေဒမှာ။ ပိန်ညှော်ညှော်၊ ညှောင်ညိုညို၊ ပေါ်တောတောနဲ့ ပန်းရိပ်ညို ကျောင်းသူတွေအားလုံးရဲ့ နောက်ဖက်။ သူက ပန်းရိပ်ညိုက ကျောင်းသူ တစ်ယောက်ပြီးတစ်ယောက် အစ်မကြီးကို ပြောခိုင်းတတ်တယ်။

"ဟုတ်တယ်တဲ့၊ သော်သော်က ခုတလော နှင်းနှင်းကိုပဲ ပြောခိုင်း နေတာပဲ"

အစ်မကြီးက ရှုံ့မဲ့မဲ့နဲ့ ပြောနေတယ်။

"သော်သော်တို့မှာ ဆေးလိပ်ခုံရှိတယ်ဟဲ့၊ နှင်းနှင်း နင်စိတ်ကူးမလွဲနဲ့"

"သွားဟာ၊ နင်တို့ ငါ့ကို အဲလို လိုက်ကြိုက်ခိုင်းနေတာနဲ့ သူများက အထင်လွဲရော"

"ဘယ်သူကလဲ"

ဘာလို့မှန်းလဲမသိ။ လွှတ်ခနဲ ထွက်သွားမိပြီး ခင်ချိုအေး မေးတော့ ကျွန်မ မဖြေတတ်တော့ပါ။ အကင်းသိပ်ပါးတဲ့ ခင်ချိုအေးကသာ . .

"ဘာလဲ၊ နင့်ရဲ့ ကိုယ်ပျောက်ဝိဇ္ဇာလား၊ ဒီနေ့ စာလာသေးလား"

"မလာပါဘူး"

ခင်ချိုအေးက မပိရိတဲ့ ကျွန်မကို ကြည့်ပြီး "ဩော် . . . ဒုတ္ထ ဒုတ္ထ" တဲ့၊

www.burmeseclassic.com

www.burmeseclassic.com



"နှင်းနှင်းခများ ဒုက္ခဟဲ့၊ သူကြိုက်တဲ့ ကဗျာတွေပါတဲ့ စာပိုင်ရှင်ကထဲ ပြန်ချစ်ပါ၊ အမည်မဖော်လိုသူ တစ်ဦးဖြစ်နေရှာတယ်။ သတင်းစာကနေ အချစ် ပေးလိုက်တယ်"

'သွားစမ်းပါချိုရယ်၊ ပေါက်ကရတွေ၊ ငါဘယ်သူ့မှ မကြိုက်ဘူး၊ စိတ်ချ ငါကြိုက်ချင်တဲ့လူကျ နင်တို့တောင်မသိလိုက်ရဘူးမှတ်'

သူတို့အားလုံး မျက်နှာ ပြန်တည်လိုက်သွားကြပြီး ခင်ချိုအေးက အလေးအနက် ပြောတယ်။

'တကယ်တော့ နင်ကိုဝေလွင်လို လူမျိုးကို ရွေးသင့်တယ်'

ချက်ချင်းပဲ ကျွန်မပြန်အဖြေပေးလိုက်တယ်။

'မရွေးသင့်ဘူး၊ ငါလုံးဝ စိတ်မဝင်စားဘူး'

'မနှင်းနှင်းဦး စာ'

စာပို့သမားအသံဟာ ကျွန်မကိုဒီလောက် လှုပ်ရှားသွားစေလိမ့်မယ်လို့ ကျွန်မမထင်ခဲ့ပါ။ လျှို့ဝှက်ခြင်းကို သိချင်စိတ်ပဲ နေမှာပါလေ။ စာအိတ်ပေါ်က လက်ရေးကို ကျွန်မ မကြည့်ချင်တော့ပါဘူး။

စာအိတ်ကို လှမ်းယူလိုက်ပြီး အခန်းထဲ ပြန်ဝင်ခဲ့တယ်။ မနှင်းနှင်းဦး ဒုတိယနှစ်သချ်ာ၊ ပန်းရိပ်ညို၊ ဗောဓိကုန်းအနောက်ရပ်လို့ ရေးထားတဲ့ လက်ရေး ဆောင်းစောင်းတွေပဲ ဖြစ်မှာပါ။

အခန်းထဲမှာ 'ချို'တစ်ယောက်မရှိတာ ကျွန်မအတွက် တော်တော်ကံ ကောင်းပါတယ်။ အိပ်ပျော်နေတဲ့ မေသူအတွက်လဲ စိုးရိမ်စရာမရှိပါ။ သနား တော့သနားပါတယ်။ မေသူ ဘူတာကပြန်လာပြီး စိတ်ညစ်ညစ်နဲ့ အိပ်ပျော်သွား ရှာတာ။ သူ့အစ်ကိုတွေနဲ့ မတွေ့ခဲ့ဘူးတဲ့။

မေသူ့မှာ အဖေအမေ မရှိရှာတော့ဘူး။ အစ်ကိုသုံးယောက်က ကျောင်းထားပေးတာ။ အစ်ကိုသုံးယောက်စလုံးက မီးရထားလက်မှတ်စစ်လုပ် တယ်။ သူတို့တွေက မန္တလေး-ရန်ကုန်၊ ရထားလမ်းတစ်လျှောက်မှာ တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်မဟုတ်တစ်ယောက် ဂျူတီကျနေတော့ မေသူက အစ်ကိုတွေဆီကို တစ်ပတ်တစ်ခါ ပိုက်ဆံသွားယူရတယ်။

ဟိုလူတွေကလဲ အိမ်ထောင်တွေနဲ့ဆိုတော့ နှစ်ရာမျိုး၊ သုံးရာမျိုး လုံးခနဲ၊ ခဲခနဲ မပေးနိုင်ဘူးပေါ့။ ဒီတော့ တစ်ပတ်ကို တစ်ယောက်က ငါးဆယ်ပေးသွားလိုက် ရှစ်ဆယ်လောက်ပေးသွားလိုက် တစ်ယောက်က အကျႌစလေး ပေးသွားလိုက်နဲ့ မေသူကျောင်းတက်ရတယ်။

တစ်ခါတလေကျတော့လဲ အဆင်မသင့်ဖြစ်ပြီး တစ်ယောက်မှ ရထားနဲ့ပါမလာတော့ မေသူ ဒုက္ခရောက်ရော။ ဒါပေမယ့် မေသူက လိမ္မာပါတယ်။ စာရင်းစာအုပ်လေးတစ်အုပ်နဲ့ အကြော်တစ်ခုတစ်မတ်၊ အချဉ်ထုပ်တစ်မတ်ကစ စာရင်းမှတ်ပြီး အင်မတန် စိစစ်စီစီ သုံးတတ်တာ။ မခိုင်လို လက်ထဲမှာ ငါးပြားမှမရှိတော့လောက်အောင် ဖြုတ်သွားတာမျိုး မဖြစ်အောင်တော့ သူနေတတ်တယ်။

ထူးတော့လဲ မထူးပါဘူးလေ။ ဟောဒီအလယ်ခေါင် ခုတင်ရောက်တဲ့သူတွေဟာ သိပ်တော့ ကံမကောင်းလှဘူး။

ကျန်တဲ့ ကျွန်မတို့အားလုံးလဲ ကံကောင်းလှတယ်လို့ မဆိုနိုင်ပါ။ တစ်လကို သုံးရာထက် ပိုပေးနိုင်တဲ့ မိဘမျိုးရဲ့သမီးတွေ မဟုတ်ကြဘူးလေ။ ဆောင်းတွင်း တစ်တွင်းလုံး၊ ယုန်မွှေးဆွယ်တာ အရောင်မထပ်အောင် ဝတ်နိုင်တဲ့၊ တစ်နှစ်လုံး အဆောင်ထမင်းမစားဘဲ အပြင်ဆိုင်မှာ သူငယ်ချင်းတစ်စုနဲ့ ဒကာခံ စားနိုင်တဲ့၊ အဆောင်ကျိတ်ဝိုင်းမှာ အပျင်းပြေ ဖဲကစားရင်း သုံးလေးထောင်ရှုံးနိုင်တဲ့ သမီးမျိုးဘဝကို ကျွန်မတို့တစ်ယောက်မှ မပိုင်ဆိုင်ကြပါဘူး။

ပိုက်ဆံသုံးရာကို ကျွန်မတို့တစ်တွေ တစ်လနဲ့တစ်လ အလျှင်မီရုံလေး သုံးစွဲကြရင်း အစားအသောက် ပို့ပေးတတ်တဲ့ တစ်ခါတစ်ရံ မုန့်ဖိုးပေးတတ်တဲ့ အမျိုးတွေကို ပိုပိုခင်လာကြတယ်။

အရင်က မကြိုက်တဲ့ အစားအစာတွေကိုလဲ ကြိုက်စပြုလာကြ တယ်။ (ကျွန်မဆို ငရုတ်သီး "နည်းနည်းစပ်တဲ့ လက်ဖက်သုတ်နဲ့ ထမင်းကို ကြိုက်စပြုလာပြီ)။ အိမ်က တစ်လ တစ်လ အပို့ဆာဒါလေး ပို့ပေးလိုက်တဲ့ ထဘီ



အကျႌ အသစ်ပါလာရင် မိုးမမြင် လေမမြင် ပျော်ကြတယ်။ ပြီးတော့ ကျွန်မတို့အားလုံးဟာ ပိုပြီးတော့ ချစ်ခင်ရင်းနှီးစည်းလုံးလာကြတယ်။

အိမ်အနီးဆုံး ကျွန်မရဲ့ တစ်ပတ်စာ အစားအသောက် ပုလင်းတွေဟာ လေးရက်ဆို အားလုံး ပြောင်သလင်းခါပြီ။ ရေဆေးစရာမလိုအောင် ထမင်းနဲ့တောင် လူးစားပြီးပြီ။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ကျွန်မတို့ ပျော်နေကြတယ်။

ကျွန်မ ဖတ်လက်စ ဆရာပါရဂူရဲ့ "အမ္ဗပါလီ" စာအုပ်ပေါ်ကို စာအိတ်ဖြူဖြူလေး ပစ်တင်လိုက်ပြီး အိပ်ရာပေါ် ခုန်တက်ဖို့ ဟန်ပြင်လိုက်တဲ့ ကျွန်မ ခြေထောက်တွေ အလိုလို ရပ်သွားကြတယ်။

စာအိတ်ပေါ်က လက်ရေးဟာ ကိုယ်ပျောက်ဝိဇ္ဇာရဲ့ လက်ရေးမဟုတ်ပါလား။ အထူးကြီးစား ဂရုတစိုက် ရေးသားထားတဲ့လက်ရေး ဝိုင်းစက်စက်တွေ။

ကျွန်မ ကပျာကယာ စာအိတ်ကို ဖောက်လိုက်တယ်။ ပန်းရဲရောင် နှင့်ရင့် စာရွက် စာရွက်။ "နှင်းရေ" တဲ့။

သော်သော်ရယ်ပါနှင်း။

အစ်မကြီးက နှင်းကိုပြောပြီးရောပေါ့။

နှင်းကို တို့တကယ်ချစ်တာပါ။ တကယ်လက်ထပ်ယူမှာပါ။

တို့အစ်မနဲ့ နှင်းကလဲ သူငယ်ချင်းတွေဆိုတော့ သမီးယောက်မ ပြဿနာလဲ ပေါ်စရာမလိုတော့ဘူးပေါ့။

ကျွန်မ အလွန်သဘောကျစွာ အော်ရယ်လိုက်မိပါတယ်။ ပြီးတော့ အိပ်ပျော်နေတဲ့ မေသူကို အတင်းနှိုးရင်း အပေါ်ထပ်ကို လှမ်းအော်လိုက်တယ်။

"မဝေရေ . . . အစ်မကြီးရေ၊ မြန်မြန် . . . မြန်မြန်၊ အမြန်ဆုံးလေး ပြေးခဲ့"

အိပ်ချင်မူးတူးနဲ့ မေသူက "ဘာလဲဟဲ့" ဆိုပြီး ထထိုင်တယ်။

"ခဏလေး လူစုံမှ ငါပြောပြမယ်"

"ဘာစားစရာလဲဟဲ့၊ နှင်းနှင်းလေးရဲ့"

အမြဲစားစရာ မျှော်လင့်တတ်တဲ့ မဝေနဲ့ အစ်မကြီး အခန်းထဲကို အပြေးဝင်လာကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ရော့ ဖတ်ပြလိုက်စမ်း၊ တော့်မောင်က ကျုပ်ကို ရည်းစားစာပေးတာလေ၊ ဒေါ်ခင်မှတ်ရဲ့"

သော်သော့်စာကို ဖတ်ပြီး ကျွန်မတို့အားလုံး သိပ်ပျော်စရာ ကောင်းသွားကြတယ်။

"သူ . . . သိပ်အတင့်ရဲလာပြီဟဲ့၊ ကဲ ဒေါ်ခင်မှတ် ယောက်မကြီးရဲ့၊ ဘယ်လိုရှင်းကြမလဲ"

'ဒီပေါ်တာများဟယ်၊ ရှင်းစရာမလိုပါဘူး၊ ရှင်းချင်ရင်နင်ပြန်ကြိုက်လိုက်ဖို့ပဲ ရှိတယ်'

'ကောင်းသားပဲ'

'ဟဲ့ ဟဲ့. . . နှင်းနှင်း၊ ဒီလိုလုပ်ရအောင်ဟာ သော်သော့်ကိုလေ၊ ဟီး ဟီး နင်က အဖြေပေးမယ်ဆိုပြီး ပြောလိုက်'

'အို မပြောနိုင်ပါဘူးတော်'

'ငါပြောတာ နားထောင်စမ်းပါ၊ နင်ကျောင်းအသွားမှာ လာစောင့် အဖြေပေးမယ်လို့ပြောလိုက်၊ ငါတို့က နောက်ကလိုက်ခဲ့မယ်၊ နင်ကခပ်တည်တည်ပေါ့၊ ဝမ်းနည်းတဲ့ ဟန်ပန်လေးနဲ့ ဆောရီးပဲသော်သော်ရယ်၊ သော်သော့်စာရတဲ့နေ့ကပဲ သူ့ကို သူများအဖြေပေးလိုက်မိတယ်။ သူက ရန်ကုန်စက်မှုတက္ကသိုလ်က ဖို့သ်ရီးယားလေလို့ ဘိုသံပါပါလေးနဲ့ ပြောလိုက်'

'အေး. . . ဟုတ်တယ်. . . ဟုတ်တယ်၊ ငါတို့က နောက်ကနေ လှည့်ပြန်လာမယ့် သော်သော့်ကို မသိချင်ယောင်ဆောင်ပြီး မုန့်ကျွေးခိုင်မယ်'

'ဟာ မလုပ်ချင်ပါဘူး၊ အဲလိုကြီးကျ၊ ငါဘယ်ပြောရဲမလဲ'

'ဘာဖြစ်လဲဟ၊ ငါတို့ နောက်မှာရှိတာပဲ'

'အေးပါဟယ်၊ နှင်းနှင်းကလဲ ငါ့မောင် ပေါ်တာကို ဘယ်လိုဖြစ်မလဲဆိုတာကို ငါကြည့်ချင်လွန်းလို့ပါဟဲ့'

အရေးထဲ အစ်မကြီးကပါဝင်ပြီး တက်ကြွနေတယ်။ မေသူတ 'နင်ဖတ်တဲ့ဝတ္ထုထဲကလိုပေါ့ဟယ်' တဲ့။ ဟင်း၊ ကျွန်မ အားတင်းကြည့်တယ်။ စာပေး ခံရဖူးတာကလွဲရင် ယောကျ်ားလေးတစ်ယောက် မျက်နှာကို ကြည့်ပြီး ရေး ကြိုက်ရေးအကြောင်း ကျွန်မ မပြောဖူးပါ။ ကြောင်တောင်တောင်နိုင်ပြီ



ရှက်စရာ ကောင်းမှာကတော့ သေချာပေါက်ပဲ။

'ဖြစ်မယ်မထင်ဘူးဟ၊ ငါက သော်သော့်မျက်နှာ ကြည့်ပြီး ရယ်ချင်ရင် ဘယ့်နှယ်လုပ်မလဲ'

'ဟာ နင်ကလဲ၊ ဒီလောက်တော့ အိုင်တင်လုပ်ရမှာပေါ့၊ ခဏပဲဟာ'

'မဖြစ်ဘူးထင်တယ်'

'ဖြစ်တယ်လုပ်မနေနဲ့၊ အစ်မကြီးက နောက်နှစ်ရက်နေရင် သော်သော့်ကိုပြောလိုက်တော့'

'အေး၊ နင်တို့ပဲနော်'

'စိတ်ချ'

'ဘုရား၊ ဘုရား' လို့ ရွတ်ရင် ကျွန်မအိပ်ရာပေါ် လှဲချလိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com

မှတ်မှတ်ရရ အဲဒီနေ့က မတ်လ ဆယ့်ရှစ်ရက်၊ ဧပြီလ ကျောင်းပိတ် ဖို့ တစ်ပတ်အလိုနေ့။

မနက် ခုနစ်နာရီကတည်းက ကျွန်မတို့အားလုံး တပျော်တပါးကြီးကြဲစည်ပြင်ဆင်နေကြတယ်။ မိန်းမ ဆန်ဆန်လှပနေစေရမယ်ဆိုပြီး သူတို့ဝယ်ခိုင်းတဲ့ လေယာဉ်မောင် နီညိုလက်ပြတ် ဝမ်းဆက်ကို ကျွန်မက ငြင်းဆန်ပြီးကျွန်မကြိုက်တဲ့ ဆဲဗင်းဒေး ရှပ်အင်္ကျီမီးခိုးရောင် အနုလေးကိုပဲဝတ်တယ်။ ထဘီအနက်။

"ဟဲ့ . . . အနက်ကြီးနဲ့ နင်က ဘယ်ဝမ်းနည်းကြောင်း အထိမ်းအမှတ်အတွက်သွားမှာလဲ၊ အချစ်၏ အရောင်ဝတ်ရမယ်ဟဲ့၊ "အ" လိုက်တဲ့ မိန်းမ"

"တကယ်မှမဟုတ်ဘဲနဲ့၊ ဘာဝတ်ဝတ်ပေါ့"

"မလုပ်ပါနဲ့ဟယ်၊ သော်သော် ရိပ်မိသွားလိမ့်မယ်၊ အခြားထဘီဝတ်ပါ"

သူတို့အလိုကျ ကျွန်မ မီးခိုးရင့်ရောင် ထဘီနဲ့ လဲဝတ်လိုက်ရတယ်။

"သော်သော်က ငါ့ကိုပြောတယ်ဟဲ့၊ ဘောင်းဘီ အသစ်နဲ့ ဖောင်းရှပ်အသစ်တစ်ထည် ဝယ်မလို့တဲ့၊ ပြီးတော့သူ့သူငယ်ချင်းတွေကို မိန်းပေါက်



မှာ စောင့်ခိုင်းထားတယ်တဲ့၊ နင်နဲ့အတူ ငါတို့ရော သူ့သူငယ်ချင်းတွေရော 'ချိုကြီး' လက်ဖက်ရည်ဆိုင် ခေါ်သွားပြီး လက်ဖက်ရည်နဲ့ မုန့်အဝကျွေးမှာတဲ့ သိလား"

"ပျော်စရာကောင်းလိုက်တာဟယ်"

"ဒုက္ခပါပဲ အစ်မကြီးရယ်"

ကျွန်မစိတ်ညစ်သွားတုန်း မနက် တစ်မနက်လုံး အဆောင်ရှေ့ကနေ လမ်းထိပ်ကို ထွက်ကြည့်ဖို့ တာဝန်ကျတဲ့ ခင်ချိုအေး အပြေးအလွှား ပြန်ဝင်လာတယ်။

"ဟေ့ . . . သော်သော်၊ လမ်းထိပ်မှာ ရောက်နေပြီ ဂျင်းပင် အသစ်ကြီးနဲ့"

"ဘုရား . . . ဘုရား"

"သူ သိပ်မချောနေဘူးလားဟင်"

သူတို့တွေ တဟားဟား အူမြူးနေကြသလောက် ကျွန်မက ရင်တုန်ခန်းတုန်ဖြစ်လာတယ်။

"ငါတို့ အစီအစဉ် ဖျက်သိမ်းလိုက်ကြရင် ကောင်းမယ်ထင်တယ်"

"နိုး" လို့သူတို့တစ်တွေ တက်ညီ လက်ညီ အော်လိုက်ကြရင်း "သွားမယ် သွားမယ်" ဆိုပြီး အခန်းထဲက အတင်းထွက်ကြတယ်။

"လာကြဟေ့"

ကြားသိထားပြီးတဲ့ သတင်းအရ ညနေပိုင်းမှ ကျောင်းသွားကြမယ့် ကျောင်းသူအားလုံးနဲ့ ရုံးမသွားသေးတဲ့ မမမြနဲ့ မမဝင်းပါမကျန် အဆောင်ရှေ့ကို ထွက်လိုက်လာကြတယ်။

"ဟယ် . . . သော်သော် ဘယ်လောက်တုံးတဲ့ ကောင်လဲ စက်ဘီးကြီးနဲ့"

ကျွန်မ ရယ်ချင်သွားတယ်။ ကြွား။

"ရှိ ပစ္စည်းအကုန်ယူလာတာပေါ့ဟယ်၊ အဆောင်အယောင်တွေပေါ့"

အဆောင်ရှေ့မှာ ကျွန်မတို့ တဝေါဝေါဖြစ်နေကြတယ်။

"ကဲ . . . တော်ပြီ နှင်းနှင်းသွားတော့"

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ သိပ်မဝေးစေနဲ့နော်"

"အေးပါ . . သွားပါ"

တွန့်ဆုတ်နေတဲ့ကျွန်မကို "ရယ်ဒီ၊ ဝမ်း၊ တူး၊ သရီး" ဆိုပြီး တာလွှတ်လိုက်ကြတယ်။

ကျွန်မ စိတ်တင်းပြီး ခပ်ဖြည်းဖြည်း လျှောက်ရင်း လမ်းထိပ် ရထားဂိတ်၊ လက်ဖက်ရည်ဆိုင်ရှိရာကို အသာကြည့်လိုက်တော့ မိန်းလမ်းနဲ့ ပထမဆုံး တမာပင်အောက်မှာ အကျီအကွက်ကျားကျား၊ စက်ဘီးကြီး ကိုးရိုးကားရားနဲ့ သော်သော်ရယ်။

ကျွန်မ ရယ်ချင်သွားပြီး နောက်ချင် ပြောင်ချင်စိတ်တွေ ရုတ်တရက် ဝင်လာရင်း ရင်တုန်ပန်းတုန်လဲ ပျောက်သွားခဲ့တယ်။ လမ်းထိပ်ကနေ မိန်းလမ်း၊မ ကို ချိုးကွေ့ခါနီး၊ နောက်က မဝေတို့ အစ်မကြီးတို့ကို လှည့်ကြည့်ချင်လိုက်တာ။

နောက်ကို လုံးဝလှည့်မကြည့်ရဆိုတဲ့ အမိန့်ကြောင့် ကျွန်မ ခပ်တည်တည်နဲ့ မိန်းလမ်းဘက်ကို ချိုးကွေ့လိုက်တယ်။

လက်ဖက်ရည်ဆိုင်ရှေ့မှာ ခေါင်းငုံ့ဖြတ်ပြီး လက်ဖက်ရည်ဆိုင်ကျော်တာနဲ့ ကျွန်မဘေးကို လူတစ်ယောက် ရောက်လာခဲ့ပါတယ်။

"မနှင်းနှင်းဦး"

ဘုရားရေ၊ သူ . . .။ သော်သော်မဟုတ်ပါ။ မျက်မှန်အောက်က ရီဝေနေတဲ့ မျက်လုံးအစုံနဲ့ ကျွန်မ မသိတဲ့ လူတစ်ယောက်။

"ဒီနေ့ အဖော်တွေ မပါဘူးလားဟင်"

ကျွန်မ ဘာမှ ပြန်မပြောမိပါ။ ဘုရား . . . ဘုရား၊ ဘာတွေဖြစ်ကုန်ပြီလဲ၊ ဘေးဘီကို ကျွန်မ ဘာမှ မမြင်တော့ပါဘူး။

"ကျွန်တော် ထည့်လိုက်တဲ့စာတွေ ရတယ်နော် မနှင်းနှင်းဦး"

"ဟင် . ."

ဘာဖြစ်လို့မှန်း ကျွန်မရင်တွေ တဒိတ်ဒိတ်ခုန်လာကြပြီး သူ့ကို အလျှင် အမြန် မော့ကြည့်လိုက်မိပါလိမ့်။

သူ ကျွန်မကို ပြုံးကြည့်နေတယ်။ သူ့မှာ ပါးချိုင့်မရှိပါ။ အသား



တော်တော်မြင့်တယ်။ အသားလတ်လတ်။ စတစ်ကော်လာအဖြူ မီးခိုးရောင် တိုက်ပုံ ခပ်ကြေကြေ၊ ယောလုံချည် အနက်ကွက်။

ကျွန်မ ကမန်းကတန်း ခေါင်းပြန်ငုံ့တယ်။ သူ့လက်ထဲမှာ အင်္ဂလိပ် ဝတ္ထု စာအုပ်တစ်အုပ် ကိုင်ထားတယ်။ သူတော်တော်ပိန်တယ်နော်။ ကတ္တီပါ သဲကြိုးအနက်နဲ့ မလိုက်ဖက်စွာ သူ့ခြေသည်းတွေ သိပ်ညစ်ပတ်တာပဲ။

"ကျွန်တော့်အပေါ် ဘယ်လိုသဘောထားလဲဟင် မနှင်းနှင်းဦး"

ကျွန်မ ခြေဖျားလက်ဖျားတွေ အေးစက်လာကြတယ်။ သူ့အသံဟာ ဘာဖြစ်လို့ ကျွန်မရင်တွေကို တလှပ်လှပ်ဖြစ်လာစေပါသလဲ။

"မနှင်းနှင်းဦး ကျွန်တော့်ကို စကားမပြောချင်ဘူးထင်တယ်"

"မဟုတ်ပါဘူး"

ကျွန်မကိုယ်ကျွန်မ ကျိန်ဆဲလိုက်မိတယ်။ ကျွန်မအသံက တုန်နေတယ်။ ပြီးတော့ စိတ်လှုပ်ရှားနေတဲ့ အသံမျိုး။ အို . . . တကယ်တော့ ကျွန်မသူ့ကို ဘာမှ ပြန်မပြောသင့်ပါဘူး။

"ဒါဖြင့် ပြောပါဦး၊ ကျွန်တော့်အပေါ်မှာ မနှင်းနှင်းဦးရဲ့ သဘောထား ကို"

". . . . . . . . . . . . . . ."

"ပြောလေ၊ မနှင်းနှင်းဦး"

"ကျောင်းထဲမှာ တခြားမိန်းကလေးတွေ အများကြီးပဲ ဥစ္စာ၊ ကျွန်တော့်ကို ဘာဖြစ်လို့ လာကြိုက်ရတာလဲ"

ဘယ်လောက်များ အူကြောင်ကြောင်နိုင်လိုက်တဲ့ ကျွန်မရဲ့ စကားပါလဲ။ သူမဖြေနိုင်ဘဲ ကျွန်မကို အံ့သြတကြီး ကြည့်နေတယ်။ ပြီးတော့မှ ရယ်တယ်။ "မနှင်းနှင်းဦးရယ်" တဲ့။

ကြည့်စမ်း၊ ကျွန်မနဲ့ သူလမ်းလျှောက်လာခဲ့တာ ကလပ်စ်ရှေ့နားထိ ရောက်ပါလား။ သော်သော်၊ အစ်မကြီးနဲ့ မဝေတို့ရော။ ကျွန်မ ရုတ်တရက် ရပ်လိုက်တယ်။

"ကျွန်တော်သွားတော့မယ်၊ ခင်ဗျား မလိုက်ခဲ့နဲ့တော့ . . ."

"သွားလေ၊ ကျွန်တော် ဒီကနေ ရပ်ကြည့်နေခဲ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



အို . . . ဒုက္ခပါပဲ၊ ကျွန်မ ကလပ်စ်ထဲကို ဝင်ဖို့ ပြင်လိုက်တယ်။

"မနှင်းနှင်းဦး"

ကျွန်မ လှည့်မကြည့်တော့ပါ။

"မနှင်းနှင်းဦး ကို ကျွန်တော် ချစ်တယ်"

ကျွန်မ ခြေလှမ်းတွေ ယိုင်သွားကြပါတယ်။ ဘုရားရေ ကလပ်စ် ထဲက ခုံပေါ်မှာ ထိုက်လိုက်တဲ့ထိ ကျွန်မ ရင်တွေ တလှပ်လှပ်နဲ့ တုန်ယင်မောပန်းလို့ နေဆဲပါလား . . .။

မြူဆိုင်းမှိုင်းဝေနေတဲ့ မန်းတက္ကသိုလ်ဟာ လွမ်းစရာကောင်းနေတယ်။ နက်ဖြန်ဆို ပေရယ်ကျောင်းပိတ်ရက်စပြီ။

ကျွန်မကို ဒီနေ့ညနေ အိမ်ကလာခေါ် လိမ့်မယ်။

ကျွန်မတို့ ကလပ်စ်ရှေ့ ရေပက်သူတွေ တဝုန်းဝုန်းကြားထဲကနေ ကျွန်မလွတ်အောင် ပြေးလာခဲ့တယ်။ မဝေနဲ့ အစ်မကြီး မိနေရစ်ခဲ့ပြီး ကောင်းတယ်။

ရွှေမန်းနဲ့ သစ္စာရှေ့မှာလဲ ရေပက် နှုတ်ဆက်နေကြသူတွေ၊ ရင်ခုန် ကြည်နူးစရာပါပဲ။

ရွှေမန်းဆောင်ရှေ့ကနေ မြောက်ဘက်ကို ချိုးတဲ့ ကျောင်းရောက်စော ကျွန်မသွားနေကျ ဖြတ်လမ်းလေးအတိုင်း ကျွန်မ လျှောက်လာခဲ့တယ်။

ရေနီမြောင်းကို ဖြတ်ကူးထားတဲ့ တံတားလေးပေါ် ရောက်ရင်တော့ အရှေ့ဘက်က မှိုင်းညို့ရီပြာ ရှမ်းရိုးမကို လှမ်းမျှော်ကြည့်မိတယ်။ သိပ်လှတဲ့ လွမ်းစရာ ရှမ်းရိုးမ။

ကျွန်မလိုပဲ ရှမ်းရိုးမချစ်သူတစ်ယောက်ကို သတိရမိတယ်။ ထူးဆန်း တဲ့သူ။ ပြီးခဲ့တဲ့ တစ်ပတ်က ကျွန်မ နောက်လိုက်လာ ကိုယ်ထင်ပြပြီးကတည်းက ပျောက်ကွယ်သွားခဲ့ပြန်ပြီ။

သူ့နာမည်က ဘယ်သူလဲ။ ဘယ်မေဂျာကလဲ။ ဘယ်မှာနေတာလဲ။ ရေနီမြောင်းဘေး လမ်းတစ်လျှောက်က တမာပင်လေးတွေမှာ ရွက်နုလေးတွေ ဝေစပြုနေပြီ။ ရဲရဲနီအောင် ပွင့်နေတဲ့ ကသစ်ပင်နှစ်ပင်ကိုလဲ မြင်ရတယ်။



တက္ကသိုလ်ပန်းခြံတစ်ခုလုံးလဲ ရွက်ကြွေတွေနဲ့ဖုံးလို့၊ အားလုံးဟာ လွမ်းစရာကောင်းပါတယ်။

ကျောင်းပိတ်ရက် သင်္ကြန်မှာတော့ ရထားအမိုးဖြူတ်လေး ငါးစင်း၊ ချစ်ကားအမိုးဖြူတ်လေး ငါးစင်း၊ စက်ဘီးတော်တော်များများ၊ နွားလှည်း တော် တော်များများ၊ ခြေကျင်သွားသူများ ပါဝင်ဆင်နွှဲကြတဲ့ ခြောက်သွေ့သွေ့ အင်းဝသင်္ကြန်ကို ကျွန်မ ငေးမောရင်း မေကြီးနဲ့ အတူ ဥပုသ်စောင့်ရလိမ့်မယ်။ ဘုန်းကြီးကျောင်းတွေ ရေလိုက် ကန်တော့ရလိမ့်မယ်။

မေမေတို့ ဖေဖေတို့နဲ့အတူ ကျွန်မတို့ မောင်နှမတွေ သက်ကြီးရွယ်ကြီး ဆွေမျိုး မိတ်သင်္ဂဟတွေကို ရေလိုက်ကန်တော့ရလိမ့်မယ်။ မီးရှိတဲ့ စစ်ကိုင်းရေ သဘင်ညရဲ့ တီးမှုတ်ဆိုကသံတွေကိုတော့ မြောက်လေနဲ့အတူ နားထောင်လို့ရ မယ်။

မန္တလေးက 'မြို့မငွေငန်း' ကြီး စစ်ကိုင်းကို လာမယ့်ညဆိုရင် စစ်ကိုင်း တံတားကြီးပေါ်မှာ မီးတထိန်ထိန်နဲ့ ရပ်တန့်နေတတ်တဲ့ 'ငွေငန်း' ကြီးကို မြောက် ရေဆိပ် ကမ်းနားကနေ သွားငေးလို့ရမယ်။

ကျန်တဲ့ ကျောင်းပိတ်ရက်တွေမှာတော့ ကျွန်မ စာဖတ်နေရမှာပေါ့ လေ။

'ကြည့်စမ်း. . . မကောင်းဘူးဟယ်၊ ကျောင်းကပြန်လာမှ ပက်ပါဆို'

ကျွန်မ လျှောက်နေတဲ့ ဖြတ်လမ်းဘေး အဆောင်က ကျောင်းသူတစ် ယောက်ရဲ့ အသံစူးစူးနဲ့ ရယ်သံတွေ ကြားရတယ်။ အင်း. . . ဒါဆို ကျွန်မတို့ အဆောင်မှာလဲ ရေပွဲသဘင် ကျင်းပနေကြရော့မယ်။

ကျွန်မ၊ မြန်မြန်လျှောက်လိုက်ရင်း ပန်းရိပ်ညိုရဲ့ ဘေးပေါက်ကို လှမ်း ကြည့်လိုက်တယ်။

ဘုရားရေ. . . ဟိုမှာ. . . သူ။

ကျွန်မရင်တွေ ပြင်းပြင်းထန်ထန် ခုန်လာပါပြီ။ အဆောင်ဘေးပေါက် နားမှာ သူရပ်နေတယ်။ ပလေကပ်နီညို ဖျော့ဖျော့ ကွက်စိပ်၊ စပို့ရှပ်အင်္ကျီ ချွတ်ဆွတ်၊ စီးကရက်က နှုတ်ခမ်းချိတ်တယ် ဆိုရုံလေး။

မျက်မှန်အောက်က ရီဝေတဲ့ မျက်လုံးအစုံကို ရင်ဆိုင်ဖို့ ကျွန်မမှာ

www.burmeseclassic.com

www.burmeseclassic.com



သတ္တိမရှိပါ။ ကြည့်စမ်း၊ သူ့လက်ထဲမှာ ရေဖလားတစ်လုံးနဲ့ပါလား။ ဟင့်အင့်. . တော်ပြီ။ ကျွန်မဘေးပေါက်က မဝင်တော့ဘူး။

'နေဦးလေ မနှင်းနှင်းဦး'

ဘာဖြစ်လို့ ကျွန်မက သူ့အမိန့်ကို နာခံရတာလဲ။ 'ရေနည်းနည်းလောင်းမယ်နော်' လို့ ပြောရင်း ကျွန်မကို သူ ရေလောင်းလိုက်တာကိုရော ဘာဖြစ်လို့ မငြင်းလိုက်ရတာလဲ။ လှိုက်ခနဲ ကြည်နူးသာယာသလိုမျိုး ဘာဖြစ်လို့ ဖြစ်ရတာလဲ။

'မနှင်းနှင်းဦးကို တစ်စုံတစ်ယောက်က ရေလောင်းမလို့ ပန်းရိပ်ညိုမှာ စောင့်နေတယ်လေ၊ မနှင်းနှင်းဦးကို ကျွန်တော်ပဲ ရေအရင်လောင်းချင်တယ်'

'လူလည်ကျလိုက်တာ' ဆိုတဲ့ ကျွန်မရဲ့အကြည့်ကို သူနားလည်တယ် ထင်တယ်။ သူရယ်တယ်။

'မတရားဘူးထင်လို့လား၊ ကျွန်တော်ကတော့ တရားတယ်ထင်တာပဲ ကျွန်တော် သွားတော့မယ်'

မျက်မှန်အောက်က ရီဝေဝေ မျက်လုံးတစ်စုံက ကျွန်မကို စူးစိုက်ကြည့် နေတယ်။

'ဒီနေ့ ကျောင်းပိတ်မှာ ကျွန်တော် အိမ်မပြန်ရဘူး၊ ဖိုင်နယ် တမ်းပေပါ အတွက် ဖီးလ်သွားရမယ်၊ အရက်နှစ်ဆယ်လောက်ပေါ့ ၊ပြီးနောက်ဆုံးပတ် ကျွန်တော် အဆောင်မှာ ရှိနေမယ်'

သူ့အိတ်ထောင်ထဲက စာရွက်ပိုင်းလေး တစ်ရွက်ထုတ်ပြီး ကျွန်မကို ပေးတယ်။

'ကျွန်တော့်ဆီကို စာတစ်စောင်လောက်တော့ ရေးစေချင်ပါတယ် ကျွန်တော်သွားမယ်နော်'

စာရွက်ပိုင်းလေးကို ကယောင်ကတမ်းကိုင်ရင်း ကျန်ရစ်ခဲ့တဲ့ ကျွန်မ သူ့ လှည့်မကြည့်ခဲ့ပါ။ စာရွက်ပိုင်းလေးပေါ်က လက်ရေးစောင်းစောင်းနဲ့ စာ လေးကြောင်းဟာလဲ ရှည်းစားစာ မဟုတ်ပါ။

မျိုးနိုင်

စတုတ္ထနှစ်သမိုင်း



ချမ်းမြေ့ရိပ်မွန်

ဗောဓိကုန်းအနောက်ပိုင်း

ဟင်း. . . ။ 'ချမ်းမြေ့ရိပ်မွန်' ဆိုတဲ့၊ တံခါး အမြဲပိတ်ထားတဲ့၊ ကျွန်မတို့ ခေါင်းရင်းက 'အိမ်ငြိမ်ကြီး' မှာ သူနေတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဖွင့်ချိန်ဟာ စိန်ပန်းတွေ မြေမှာ တကယ်ကြွပြန့်နေပါတယ်။ မိန်းမ္မေ စိန်ပန်းပင်ကြီး ပွင့်နေပုံက ကြည့်လို့မဝနိုင်ပါ။ ကျွန်မတို့ ဗောဓိကုန်းထိပ်၊ ရထား ဆိုက်ကားဂိတ်က စိန်ပန်းပင်လေး ရဲရဲနီအောင် ပွင့်နေတာလဲ လှတာပါပဲ။

ကျောင်းဖွင့်ပြီး နှစ်လနဲ့ ဆယ့်ငါးရက်၊ ဝါဆိုလပြည့်နေ့ မနက်သုံးနာရီ မှာ ကျွန်မဟာ ဆဲဗင်းဒေးနဲ့သာရောင် ရှပ်အင်္ကျီ လက်ရှည်ကိုလက်ခေါက်ရင်း တစ်စုံတစ်ယောက် နာကြဉ်းနေမိတယ်။

မေသူက အင်္ကျီလက်ရှည်၊ ချိတ်ထဘီနဲ့ မျက်ခုံးမွေးကို အကြီးအကျယ် ဆွဲနေပြီး၊ ခင်ချိုအေးကတော့ အင်္ကျီပုံဆန်း အပွင့်ဆုပ်ဆုပ်အပြာရောင် အသစ် လေးကို ဝတ်ကြည့်ရင် လက်ကိုင်မှန်လေးကို အားမလိုအားမရ ဖြစ်နေတယ်။ သူ့ခုတင်ပေါ်မှာ ထဘီတွေကလဲ အပုံလိုက်။

အပေါ်ထပ်က အစ်မကြီးရဲ့ 'ထကြပဟဲ့၊ ထကြပဟဲ့' နဲ့ အော်နိုးနေသံ အကျယ်ကြီးကြားရတယ်။ ကျောက်ပြင်ဆွဲသံ၊ သနပ်ခါးတုံး လွှတ်ကျသံ၊ တစ် ယောက်ယောက်က ဆွဲချလို့ ခုတင်ပေါ်က လူကျသံတွေ။

ကျွန်မတို့ တစ်ဆောင်လုံး ဆူညံလှုပ်ရှားနေကြတယ်။ ဝါဆိုလပြည့်



ဘုရားကြီး မျက်နှာသစ်တော်ရေ အမီသွားကြဖို့လေ။ မနက်လေးနာရီမှာ ဘုရား ကြီး မျက်နှာသစ်တော်ရေကျမယ်။

ကျွန်မတို့ ပထမနှစ် အဆောင်သူအားလုံး ဝါဆိုလပြည့် ဘုရားကြီး မျက်နှာသစ်တော်ရေကျချိန် မနက်လေးနာရီကို တစ်ခါမှ မကြုံဖူးကြသေးဘူး။

'နှင်းနှင်း၊ ငါ့ ဖွန်ပန်းကုံး သွားယူပေးစမ်းပါ၊ ရေအိုးစင်အောက်မှာ'

မြန်မာဆန်ဆန်လှပဖို့ ကြိုးစားနေတဲ့ မေသူက ကျွန်မကိုခိုင်းတော်မူ တယ်။ ဇွန်ပန်းကုံးကို ကျွန်မကြိုက်ပေမယ့် ပန်းကုံးတွေကို ကျွန်မ မပန်တတ်ပါ။ ဇွန်ပန်းကုံးကို ခေါင်းအုံးဘေးမှာပဲ ထားအိပ်တတ်ပါတယ်။

အခန်းပြင်ဘက် ရေအိုးစင်အောက်က အဝတ်စိုအုပ်ထားတဲ့ စကာခုံး အကြီးကြီးထဲမှာ ဇွန်ပန်းကုံးတွေ အများကြီးပဲ။ ညကတည်းက တစ်ယောက်တစ် ကုံး ဝယ်ပြီးထည့်ထားကြတာ။ ဇွန်ပန်းကုံး လာယူတဲ့ အပေါ်ထပ်က ဆွေဆွေနဲ့ ရေအိုးစင်မှာ ဆုံကြတယ်။

'ဟော့. . . ဆွေဆွေ၊ မလာသေးဘူးလား'

'လာလိမ့်မယ်၊ ငါ သုံးနာရီခွဲ ချိန်းထားတာ'

အထူးအခွင့်အရေးအဖြစ် မနက်သုံးနာရီ အဆောင်တွေအားလုံး တံခါးဖွင့်ပေးတယ်။ အဆောင်ရှေ့လမ်းမမှာ လူသံသူသံတွေ ဆူညံစပြုပြီ။ လေ ချွန် အချက်ပေးသံ ခေါ်သံတွေကိုလဲ ကြားနေရပြီ။

'ဟဲ့. . . အတွဲရှိတဲ့ဟာမတွေ၊ လေတွေချွန်ကုန်ကြပြီဟဲ့၊ အောက်ဆင်း ကြတော့'

အစ်မကြီးရဲ့ အသံကျယ်ကျယ် အော်သံဆုံးတာနဲ့ အဆောင်ရှေ့ကနေ 'အဝေရေ. . . အဝေး' ဆိုတဲ့ ကိုခင်မောင်မြင့်ရဲ့ အသံ မပီတပီကြီး ထွက်လာ တယ်။

'မဝေရေ. . .၊ ကိုခင်မောင်မြင့်ကြီး ရောက်နေပြီဟေ့. . .'

ကျွန်မက တမင်လှမ်းအော်ပေးလိုက်တော့ အပေါ်ထပ်က ရယ်သံ တွေ ထွက်လာပြီး မဝေရဲ့ 'နင်လိုက်သွား' ဆိုတဲ့ အသံနဲ့အတူ 'ဘယ့်နှယ်ဟော အတွဲလဲ မဟုတ်ရပါဘဲနဲ့ ခင်မောင်မြင့်တို့ ဝီရိယ ကောင်းပုံတွေ' ဆိုတဲ့ စီစီတို့သံ ကိုကြားရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရယ်မောရင်း အခန်းပေါက်ဝသွားပြီး ငွန်ပန်းကုံးတွေကို မေသူ ခုတင်ပေါ် ပစ်တင်ပေးလိုက်တယ်။

'ဆွေဆွေ'

အဆောင်ရှေ့က ဆွေဆွေ့နာမည် ခေါ်သံကြားရတယ်။ ပြီးတော့ မသိတာဆိုတဲ့ ခေါ်သံ။

လှေကားရင်းနားမှာ ဆွေဆွေနဲ့ တစ်ဆောင်လုံးက 'စီးစီး' လို့ခေါ်တဲ့ ဌေးဌေးတို့ ထုံးစံအတိုင်း ကျိတ်ကျိတ် ကျိတ်ကျိတ်နဲ့ ချေးကြ၊ ငှားကြတုန်း။

'ဒီမှာနော် ငါးဆယ်တိတိ၊ နင်တကယ်အတိုးပေး ရမှာနော်'

'အေးပါဟယ် စိတ်ချ၊ စိတ်ချ၊ လကုန်တာနဲ့ အတိုးရော အရင်းပါ ခုနစ်ဆယ်ပြန်ပေးမယ်. . . ကဲ'

'တကယ်နော်. . . မိဆွေ'

'နှစ်ကယ်ဟာ'

ဆွေဆွေက ပိုက်ဆံ ငါးဆယ်ဆွဲယူပြီး အဆောင်ရှေ့ ပြေးထွက်သွားတယ်။ ကျန်ရစ်ခဲ့တဲ့ မျက်မှန်ဝိုင်းအထူကြီးနဲ့ 'စီးစီး' ကို ကြည့်ပြီး ကျွန်မ ရယ်ချင်လာတယ်။

ဒါဆို သူပျော်နေပြီ။ လကုန်ရင် ငွေခုနစ်ဆယ် ရတော့မယ်ဆိုပြီးတော့ပေါ့။ တကယ် လကုန်တော့ ဆွေဆွေက တစ်ပြားမှမပေးဘဲ နောက်လရွှေ့သွားလိမ့်မယ်။

သူတို့နှစ်ယောက်က တကယ်ရယ်ရတယ်။ တစ်မြို့ထဲက သူငယ်ချင်းနှစ်ယောက်။ ဌေးဌေးက ကပ်စေးနဲ့ ကော်တစ်ရာ။ စာမေးပွဲနီးလို့ ညမအိပ်ချင်အောင် လက်ဖက်ရည် သောက်ချင်ရင်တောင်မှ တစ်ခွက်ကို နှစ်ယောက် သောက်ဖို့ ကြံစည်တဲ့ ဌေးဌေး။

တစ်နေ့ တစ်နေ့ များလာတဲ့ ပိုက်ဆံတွေကို ထုတ်ကြည့် ကျေနပ်တတ်တဲ့ ဌေးဌေးကို ပညာပေးတာကဆွေဆွေ။ ပိုက်ဆံတွေကို အတိုးပေးမယ်ဆိုချေးပြီး ဘယ်တော့မှ ပြန်မပေးတော့ဘူးလေ။

'သွားမယ်ဟေ့. . . ထွက်ကြ၊ ဒါနဲ့ပဲ မျက်နှာသစ်တော်ရေ မီမှာမဟုတ်တော့ဘူး'



အစ်မကြီးနဲ့ မမမြက နောက်ဆုံးအကြိမ် သတိပေးခြင်းဆိုပြီး အဆောင်ရှေ့ကို ထွက်ကြတယ်။ သူများအဆောင်တွေကလဲ ထွက်လာကြပြီ။

ဒါပေမယ့် 'အိမ်ငြိမ်ကြီး' ကတော့ ငြိမ်သက်လို့ နေဆဲ။ တံခါးတွေကလဲ ပိတ်ထားဆဲ။ ညာတဲ့သူဆို ကျွန်မမုန်းတယ်။ ကျောင်းပြန်ဖွင့်စကတည်းက နှစ်လလုံးလုံး၊ အဲဒီမှာ သူ့အရိပ်အယောင်ကို မမြင်ရပါ။

မိန်းလမ်း၊ တမာတန်း၊ သမိုင်းဌာနရှေ့၊ ကျွန်မတို့ ကလပ်စ်ရှေ့၊ ဘယ်နေရာမှာမှလဲ မမြင်ရတော့ပါ။ သူဟာ ကျွန်မကိုလာပြီး ဘာမှဒုက္ခပေးစရာမလိုပါဘူး။ ကျွန်မဘာသာ ကိုယ့်ဟာကိုယ်နေတာ။

'နှင်းနှင်း ပိုက်ဆံအိတ် လာယူလေ၊ တံခါးပိတ်လိုက်တော့မယ်'

'ဒီကို. . . ပစ်လိုက်'

မေသူ လှမ်းပစ်ပေးတဲ့ ပိုက်ဆံအိတ် အနက်လေးကို ဖမ်းယူရင်း ကျွန်မအဆောင်ရှေ့ကို ပြေးထွက်ခဲ့တယ်။ အဆောင်ရှေ့မှာ နည်းတဲ့လူအုပ်မဟုတ်ဘူး။ တဝေါဝေါ ဆူညံပြီး ပျော်စရာကောင်းနေတယ်။

မိန်းလမ်းမ တမာတန်းဟာ မာကျူရီမီးရောင်တွေအောက်မှာ အိပ်ပျော်နေဆဲပါ။ မိန်းအဆောက်အအုံကြီးကလဲ ဣန္ဒြေတခွဲသားနဲ့ အိပ်ပျော်နေဆဲ။

လပြည့်ည လရောင်ကလဲ ခုချိန်ထိ သာနေဆဲ။ မိန်းနောက်ဘက်ကနေ အရင် စိုက်ပျိုးရေးဆောင်တွေ၊ စပါး ဝါတို့၊ ရာကျော်တို့ (အခုကျောင်းသားဘော်ဒါဆောင်) နားကဖြတ်ပြီး အနောက်ဘက် ဆင်ဖြူကန်သုသာန်ဘက်သွားတဲ့ ဆင်ဖြူကန်လမ်းကို ကျွန်မတို့ ရောက်ရင်တော့ လမ်းပေါ်မှာ အုပ်စုချင်းဆက်ကုန်ကြပြီ။

မိန်းထဲ အဆောင်တွေက ထွက်လာကြတဲ့ ကျောင်းသား ကျောင်းသူတွေနဲ့ အပြင်ဆောင် ကျောင်းသူ ကျောင်းသားတွေ ရောနှောသွားကြပြီး ပိုပြီး ဆူညံပျော်စရာကောင်းလာတယ်။ ဒီလိုနေ့မှာ ဘယ်သူမှ စက်ဘီးမယူခဲ့ကြပါ။

အရုဏ်ဦး လေပြည်ထဲမှာပါလာတဲ့ ဝါဆိုနံ့ကို ရှူရှိုက်ရင်း လမ်းလျှောက်ရတာ သိပ်ကောင်းပါတယ်။ ဆင်ဖြူကန်လမ်းရဲ့တောင်ဘက် တစ်ခြမ်းတစ်ခေါ်ဟာ ကျယ်ပြန့်တဲ့ လယ်ကွင်းစိမ်းစိမ်းတွေ။ လယ်ကွင်းစိမ်းစိမ်းတွေပေါ်မှာတော့ လရောင်လက်လက်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့နောက်က မထိတထိ နောက်ပြောင်လိုက်တဲ့ ကျောင်းသား တစ်စုကို ရယ်မောရင်း ဆင်ဖြူကန်သုသာန်ဘေးနားက ကျွန်မတို့ဖြတ်တော့ မိုက် မဲလှတဲ့ ကျွန်မရဲ့ မှတ်ဉာဏ်ဟာ ကဗျာတစ်ပုဒ်ကို သတိရမှတ်မိလာတယ်။ သူ့ရဲ့ စတုတ္ထစာမှာပါတဲ့ ကဗျာလေးတစ်ပုဒ်။

. . . မြတမာပင်အောက်က

. . . ကျောက်ခဲလေးတွေ တစ်လုံးချင်း တစ်လုံးချင်းကောက်

. . . ဆင်ဖြူကန်က အုတ်ဂူတွေကို. . .

. . . သွား. . . သွားပြီး ပေါက်မယ်၊

မချစ်တတ်တဲ့ သူ့ရဲ့ အသည်းများ

ခင်ဗျားတို့နဲ့အတူ ယူထားလိုက်ကြစမ်းပါ. . . တဲ့။

ဟင်အင်း . . . သွား။ ကျွန်မဘာမှ သတိမရချင်ဘူး။

ဆင်ဖြူကန်လမ်းအတိုင်း မန္တလေး-ရန်ကုန် ကားလမ်းမကြီးကိုဖြတ်ပြီး ဘုရားကြီးသွားတဲ့ ဖြတ်လမ်းကြားလေးအတိုင်း ဆက်လျှောက်ကြတယ်။

ကျောက်ခဲတွေထူထပ်ပြီး ဒေါက်ဖိနပ်စီးသူတွေကို ဒုက္ခပေးတဲ့ ဖြတ်လမ်းကြားလေးဘေးမှာ အကြော်ဆိုင်လေးတွေ ထွက်ကုန်ကြပြီ။ အစားမက်တဲ့ မဝေက 'အပြန်ကျရင် ကြိတ်မယ်ဟေ့' လို့ အဖော်စပ်တယ်။

ဖြတ်လမ်းကြားလေးကနေ မန္တလေး-ရန်ကုန်မီးရထားသံလမ်း ကုန်းမြင့်ကို ကျော်လိုက်ရင်တော့ ရှမ်းစုဘူတာရုံလေးကို ရောက်သွားတယ်။

ရှမ်းစုဘူတာရုံဘေးကနေ လှမ်းကြည့်ရင် မီးရောင်လက်ဖြာနေတဲ့ ဘုရားကြီးရဲ့ မုခ်ဦးပြဿဒ်ကို မြင်နေရပြီ။ ရှမ်းစုဘူတာရုံနားမှာ အမှတ်(၁) ကားဂိတ်ရှိတယ်။

ဘုရားကြီး အရှေ့မုခ်ဝ ရောက်တာနဲ့ ကျွန်မတို့တစ်တွေ လက်ချင်းတွဲ ကြရတယ်။ လူတွေက သိပ်များတာပဲ။ ဖိနပ်ကို တစ်ဖက်ကကိုင်၊ တစ်ဖက်က လက်တွဲ။

'ပန်းယူမလားရှင်'၊ 'ရွှေချမလားရှင်'၊ 'ဖိနပ်လေးများ ထားသွားနိုင်ပါ တယ်' ဆိုတဲ့ အသံရှင်တွေကိုတောင် ကျွန်မတို့ မမြင်ရပါဘူး၊ အသံစာစနဲ့ အနံ့တွေပဲ ရတယ်။ အရှေ့မုခ် လမ်းတစ်လျှောက်လုံး ကျပ်ညပ်နေတဲ့



လူတွေကြားမှာ ကျွန်မတို့ ရောက်နေကြတယ်။

ဘေးက ဘုရားကြီးဈေးဆိုင်လေးတွေရဲ့ မီးရောင်လေးတွေ၊ ယွန်းသစ်စေးနံ့၊ အမွှေးတိုင်နံ့၊ ဖွန်ပန်းနံ့၊ အိုးစည်လေးတွေ၊ လင်ကွင်းလေးတွေ တီးကြည့်တဲ့အသံ၊ ဘုရားကြီးဈေးသူလေးတွေရဲ့ အသံချိုချို။ တရွေ့ရွေ့ သွားနေ တဲ့လူတန်းရှည်ကြီး။ အိပ်မက်တစ်ခုထဲမှာ ရောက်နေရသလိုပဲ။

ဘုရားကြီးတောင်မုခ်နဲ့ မြောက်မုခ်က လာတဲ့သူတွေနဲ့ ဆုံတဲ့နေရာ ရောက်တော့ လူကျပ်တာက ပိုဆိုးလာတယ်။ လူတွေကြားကနေ ခြေဖျား ထောက်ပြီး ကြည့်ရင် ကြည်နူးချမ်းမြေ့ ကြည်ညိုဖွယ် မဟာမြတ်မုနိ ဘုရားရှင် မျက်နှာတော်ကို ဖူးလို့ရပြီ။

"မျက်နှာသစ်တော်ရေ ကျနေပြီတဲ့၊ မြန်မြန်တိုးရအောင် . . ."

ရှေ့နားကနေ လူမမြင်ရဘဲ အသံနဲ့ ဆော်ဩနေတဲ့ မမြအသံကို ကြားရတယ်။ ဆရာတော်ကြီးတစ်ပါးက မျက်နှာတော်ကို အမွှေးနံ့သာရည်တွေ ပက်ဖျန်းပြီး မျက်နှာတော်သစ်နေတာကို လူတွေကြားကနေ တစ်စွန်းတစ်စ မြင်ရတယ်။

ပြီးရင် အဲဒီမျက်နှာသစ်တော်ရေကို ရဖို့ အောက်မှာ လူတွေအများကြီး စောင့်နေကြတယ်။ အန္တရာယ်ကင်းဘေးရှင်းစေဖို့လေ။ မျက်နှာသစ်တော်ရေ ကျပြီးတာနဲ့ မျက်နှာတော်ကို ခြောက်သွေ့အောင်သုတ်ဖို့ လှူထားကြတဲ့ မျက်နှာတော်သုတ် ပဝါတွေကလဲ တစ်ထပ်ကြီးပဲ။ အားလုံးကုန်အောင် ဆရာတော်က သုတ်ပေးရမယ်။

မျက်နှာတော်သုတ်ပြီးကျတဲ့ တဘက်ပဝါတွေကို အိမ်ဘုရားစင်မှာ တိုးကွယ်ပူဇော်ကြမယ်။

"နှင်းနှင်း၊ တိုးမယ်နော်၊ လက်ကိုမြဲမြဲကိုင်ထား"

"အင်းပါ"

အစ်မကြီးက ကျွန်မကို သတိပေးရင်း ရှေ့ကိုတိုးတယ်။ လူတွေက ပိုကျပ်လာသလိုပဲ။ ဘုရားဆောင်းတန်းကြီးထဲကို ရောက်ရင်တော့ နည်းနည်း ချောင်သွားမှာပါ။ဒါပေမယ့် ဘုရားကြီး မျက်နှာတော်ဘက် တန်ဆောင်းထဲမှာ တော့ ထိုင်စရာရှိတော့မှာ မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



"အစ်မကြီး . . . မလွယ်ဘူးဗျ"

"တိုးပါဟယ် . . . မတတ်နိုင်ဘူး"

ညက ဝါဆိုမိုးအရှိန်နဲ့ အေးမယ်မှတ်လို့ ဝတ်လာတဲ့ ကျွန်မရဲ့ ဆဲဗင်း အေးရှပ်အင်္ကျီလက်ရှည် ချွေးစိုစပြုပြီ။ "လာမိတာ မှားပါပြီတော်" လို့ ညည်းညူ လိုက်တဲ့ ကျွန်မနောက်နားက ရယ်ချင်စရာ မိန်းမကြီးကိုကျွန်မလှည့်ကြည့် လိုက်တယ်။

"မနှင်းနှင်းဦး"

ဘုရား . . ဘုရား ကျွန်မ နားကြားမလွဲနိုင်ပါ။ သူဘယ်မှာလဲ။ ကျွန်မ အတင်းပဲ နောက်ကို လှည့်ကြည့်လိုက်တော့ ဟိုးနောက်နားမှာ လူတွေကြားမှာ အတင်းတိုးလာနေတဲ့ မျက်မှန်နဲ့လူတစ်ယောက်။

အစ်မကြီးလက်ကို မြဲမြဲဆွဲထားတဲ့ ကျွန်မလက်တွေပြုတ်ထွက်သွားကြ တယ်။

"ဟဲ့ . . . နှင်းနှင်း" ဆိုတဲ့ အစ်မကြီးအသံနဲ့အတူ အစ်မကြီးတို့အုပ်စု ရှေ့ကို လူအုပ်နဲ့ ပါသွားကြပြီ။

လူအုပ်ထဲမှာ ခပ်ကြောင်ကြောင်နဲ့ ရပ်နေမိတဲ့ ကျွန်မကို လူတွေက တိုးတိုက်သွားကြတယ်။ အမြန်ဆုံးနည်းနဲ့ဘေးက အိုးစည်တွေ ဗီးကွက်ချွေ ရောင်းတဲ့ ဆိုင်တစ်ဆိုင်ရှေ့ ရောက်သွားတယ်။

"မနှင်းနှင်းဦး"

အို . . . ကျွန်မရင်တွေ ပျော်ရွှင်စွာ တဒိတ်ဒိတ်ခုန်လို့နေပါကလား လူတွေကြားကနေ အမောတကောနဲ့ သူကျွန်မနားရောက်လာပြီ။ ဝယ်သူမရှိ တဲ့ အိုးစည်ဆိုင်လေးရှေ့မှာ ကျွန်မနဲ့သူ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြတယ်။

"အကြာကြီးပဲ"

တရှိုက်မက်မက်ပြောလိုက်တဲ့ ကျွန်မရဲ့အသံ။ ဒုက္ခပါပဲ။ ဒီစကားဟာ ဘယ်အချိန်က ကျွန်မရင်ထဲမှာရှိနေခဲ့တာလဲ။

"ဘာရယ် မနှင်းနှင်းဦး"

ရီဝေနေကျ သူ့မျက်လုံးတွေ ဝင်းလက်တောက်ပ သွားတာကို ကြည့်



ကျွန်မ သိပ်ရှက်သွားတယ်။

"ဘာမှမဟုတ်ဘူး"

သူပြုံးတယ်၊ ဟင့်အင်း မပြုံးပါနဲ့။

"လာ၊ ရှေ့ဆက်သွားရအောင်၊ ဆိုင်ပေါ်က ဘုရားကြီး ဈေးသူ တ်ခမ်းစူနေပြီ"

"ဒုက္ခပါပဲ၊ သူငယ်ချင်းတွေကို ပြန်မတွေ့ရင်တော့"

"ပြန်မတွေ့တော့ ဘာဖြစ်သလဲ၊ ကျွန်တော်ပြန်လိုက်ပို့ပေးမှာပေါ့"

"ဟင့်အင်း"

သူ့သဘောကျ ရယ်မောရင်း ဆိုင်ဘေးနားလေးတွေက ကပ်ပြီး တ သွားတယ်။ နောက်က ကျွန်မကို စောင့်ခေါ်ရင်း၊ ကျွန်မလဲ ကြောင် ောင်တောင်နဲ့ သူ့နောက်က ထက်ကြပ်မကွာ လိုက်ရင်း မြန်ဆန်လှတဲ့ ပြောင်းအလဲတစ်ခုကို အံ့ဩရင်ခုန်ရင်း။

ဘုရားတန်ဆောင်းထဲရောက်တော့လဲ အစ်မကြီးတို့ကို မတွေ့ရတော့ ဘုရားရင်ပြင်ဘက် မီးရောင်မှောင်ရီရီအောက်မှာလဲ လူတွေရှုပ်ထွေးဆူညံ ဘယ်လိုလုပ်ရှာမှာလဲ။

"လာပါ မနှင်းနှင်းဦးရယ်၊ ကျွန်တော် တွေ့အောင်ရှာပေးပါ့မယ်၊ ဒီမှာ ထိုင်ပါဦး"

ကျွန်မငယ်ငယ်တုန်းက မေကြီးနဲ့လာတဲ့အခါ ပိုက်ဆံဆယ်ပြားထည့် အရုပ်လေးတွေ ထွက်လာတတ်တဲ့ ရုပ်စုံသေတ္တာရှိရာ ပြတိုက်ရှေ့ ားရှည်ကြီးပေါ်မှာ သူနဲ့ကျွန်မ ထိုင်မိကြတယ်။ကျွန်မသူ့ကို စကားမပြော၊ ကြည့်လဲမကြည့်ပါ။

"ကျွန်တော့်ကို စကားမပြောတော့ဘူးလား"

"......"

"မနှင်းနှင်းဦး"

"ခင်ဗျားကို မခေါ်ချင်ဘူး သိလား"

"ဟောဗျာ"

သူရယ်နေတယ်။ ပြီးတော့ ကျွန်မအသံလိုမျိုး တရှိုက်မက်မက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



"မနှင်းနှင်းဦး" ရယ်တဲ့။

"ကျွန်တော် ညကမှ အဆောင်ပြန်ရောက်တာ လူကိုလဲ ကြည့်ပါဦး ဖီးလ်က အပြန် ကျွန်တော်ဖျားလာလို့ အိမ်ပြန်သွားရတာ"

ကျွန်မရှေ့က ကျောက်ပြားကွက်လေးတွေဟာ အလွန်တရာ လှပကြပြီး ကျွန်မကြိုက်တဲ့ ဖွန်ပန်းနဲ့တွေ ပိုပြီးမွှေးလာကြပါတယ်။

"ဘယ်အိမ်ကိုပြန်သွားတာလဲ"

"ဟောဗျာ၊ ကိုယ့်အိမ်ကိုယ်ပေါ့ဗျ၊ မိဘတွေရှိတဲ့အိမ်ပေါ့"

"အိမ်က ဘယ်မှာလဲ"

"တောင်တွင်းကြီးမှာ"

"တောင်တွင်းကြီး . . . ဟုတ်လား၊ ရခိုင်ဘုရားကြီးရှိတဲ့အရပ်လား"

"ဟုတ်တယ်လေ၊ မနှင်းနှင်းဦး ဘယ်လိုလုပ်သိလဲ"

"သိတာပေါ့၊ မသိန်းရှင်ဆီပို့ပေးပါ ဝတ္ထုထဲမှာ ပါတာပဲ၊ ညီတို့ ထန်းလျက် မှောင်ခိုရထားကြီး ဘူတာဝင်လာရင် ရခိုင်ဘုရားကြီးကို လှမ်းမြင်ရ တယ်လေ၊ မီးရောင်တွေ တလက်လက်နဲ့၊ အဲဒီအတိုင်းပဲလားဟင်"

"အဲဒီအတိုင်းပဲပေါ့၊ ပြီးတော့ "ညို" သေခါနီးလေး ထန်းလျက် တောင်းပွဲခိုင်းတဲ့ မသိန်းရှင်ဆိုတဲ့ ထန်းလျက်ကုန်သည်မကြီးလဲ ဈေးထဲမှာ တကယ်ရှိတယ်၊ ဝတ္ထုအပြင်က မသိန်းရှင် ဇာတ်လမ်းအဆက်ကို ပြော မနှင်းနှင်းဦး နားထောင်ဦးမလား"

"ဘာလဲဟင်"

"ဝတ္ထုစာအုပ်ထဲမှာ မသိန်းရှင်ဆိုတဲ့ နာမည်ပါတယ်။ ဒေါ်သိန်းရှင် နာမည်ပါတယ်နဲ့ လူတွေက လာပြောတော့ ဒေါ်သိန်းရှင်က ဝတ္ထုကို ဖတ်ချင် လာတယ်။ ဒါပေမယ့် ဒေါ်သိန်းရှင်က စာမတတ်ရှာဘူးလေ"

"ဩော်"

"အဲဒါနဲ့ သူတူတစ်ယောက်က ဖတ်ပြရတယ်။ ဝတ္ထုနားထောင်ပြီး ဒေါ်သိန်းရှင်ကြီးက သနားလိုက်တာ၊ သနားလိုက်တာဆိုပြီး ငိုလိုက်တာ"

"ဩော်"

"ဆရာ နိုင်ဝင်းဆွေက မြို့သစ်မှာ ညရုံပိုင်လေး လုပ်သေးတယ်လေ"



"ဟုတ်လား"

ဘုရားရေ . . . ကျွန်မ သူနဲ့ အလွန်ရင်းနှီးစွာ စကားပြောမိနေပါ လားလား။ အို . . . ဒါကလဲ ဝတ္ထုနဲ့ပတ်သက်လို့ပါ။ မဟုတ်ရင်တော့ . . ကျွန်မ သူ့ကို ။

"ကျွန်တော် ဖီးလ်ကအပြန်၊ အဆောင်မှာ မနှင်းနှင်းဦးရဲ့ စာလေးများ ရောက်နေမလားလို့ မေးလိုက်ရတာ၊ လူကိုမောသွားတာပဲ။ ပိုပြီးတော့ ဖျားချင် သွားတယ်။ ဘာလို့ စာမရေးတာလဲ"

ကျောင်းပိတ်ရက်တုန်းက "ခင်ဗျားကို သတိရနေမိတယ်၊သိရဲ့လား" ဆိုတဲ့ စာကြောင်းတစ်ကြောင်း ရေးထားတဲ့ စာရွက်အပြာလေးကို စာအိတ်ထဲ ထည့်မယ်လုပ်ပြီးမှ ဆုတ်ပစ်လိုက်တဲ့အကြောင်းကိုတော့ ကျွန်မ မပြောချင်ပါ။

"ကျွန်တော် လကုန်တဲ့အထိ စောင့်နေသေးတယ်၊ ဖျားတာကနေ အသားဝါ ဝင်လာတာနဲ့ အိမ်ပြန်သွားရတာ၊ အဆောင်က ရေကြောင့်ဖြစ် တယ်ထင်လို့ အဆောင်လဲ ပြောင်းခဲ့တယ်၊ ဩော် . . . ကျွန်တော် ချမ်းမြေ့ ရိပ်မွန်မှာမဟုတ်တော့ဘူး"

ဖြစ်ရပြန်ပြီလေ၊ သူ့မျက်နှာ ဘေးတိုက်ကို ကျွန်မ အသာကြည့်မိ တယ်။ အသားဝါဆိုရင်တော့ တော်တော်ဆိုးမှာပေါ့။ မျက်နှာတွေ ကျသွား ပိတ်တာ။ ပါးရိုးနဲ့ မေးရိုးတွေပိုပြီး ထင်ရှားလာတယ်။ ရှားရောင်တိုက်ပုံ အစ်ကော်လာ နဲ့သာရောင်၊ ပလေကပ် မီးခိုးရောင် ကွက်စိပ်။

"ချမ်းမြေ့ရိပ်မွန်မှာ နေတုန်းက တစ်ခါမှလဲ ခင်ဗျားကို မတွေ့ပါဘူး"

"ဘယ်တွေ့မလဲ၊ ကျွန်တော်က ညလူဖြစ်နေတာကိုး။ ကျွန်တော်က ည . . ညဆို အိပ်မပျော်တတ်ဘူး။ အဆောင်ကို ညသန်းခေါင်မှ ပြန်လာ၊ ကော်လင်းထိစာဖတ်၊ လင်းမှ အိပ်ပျော်သွားတာ၊ ကျွန်တော် မနှင်းနှင်းဦးကို ချမ်းရိပ်ညိုမှာ နေတယ်ဆိုတာ သိကိုမသိဘူး။ သိလဲမသိနိုင်ဘူးလေ။ ကျွန်တော် အဆောင်ပြန်လာတဲ့အချိန်ဆို မနှင်းနှင်းဦး အိပ်နေပြီ။ ကျွန်တော်အိပ်တဲ့အချိန် ဆို မနှင်းနှင်းဦးက အိပ်ရာထတဲ့အချိန်။ ရယ်စရာတော့ ကောင်းသားပဲနော်"

ဩော် အမြဲတမ်း ရီဝေနေတဲ့ သူ့မျက်လုံးတွေဟာ အိပ်ပျက်မှုကလည်း ကြောင့်ပဲ။

www.burmeseclassic.com



"ဒါပေမယ့် မနှင်းနှင်းဦးကို ပန်းရိပ်ညိုမှာ တွေ့လိုက်တဲ့ညနေက ကျွန်တော့်အတွက် ရယ်စရာမကောင်းဘူး။ ငိုချင်စရာပဲ။ ကျွန်တော့်မှာ နွေး အိပ်ပျက်ခံပြီး ကျောင်းထဲမှာ လျှောက်ရှာလိုက်ရတာ။ တွေ့မယ့်တွေ့တော့ ပန်းရိပ်ညိုမှာ မနှင်းနှင်းဦးက ဧည့်သည်တစ်ယောက်နဲ့လေ"

"ဘာဖြစ်လဲ သူငယ်ချင်းဆိုတာ မရှိရတော့ဘူးတဲ့လား"

ကျွန်မ ကပျာကယာ ရန်တွေ့တာကို သူက ကြည်ကြည်နူးနူး တယ်။

"ဒါဖြင့် ကျွန်တော် နောက်မကျသေးဘူးပေါ့နော်"

ကျွန်မက ဘာလို့ ဖြေရမှာလဲ။ ဒါလောက်တော့ ကျွန်မ မ သေးပါဘူး။

"အခုရော အဲဒီဧည့်သည်လာသေးလား"

"လာသားပဲ၊ ဒါပေမယ့် ကျွန်တော်မှ ထွက်မတွေ့တော့တာ"

"ဘာဖြစ်လို့လဲဟင်"

ဒုက္ခပါပဲ။ မ"အ"ဘူးဆိုတဲ့ မနှင်းနှင်းဦးရေ။ ညည်းဘယ့်နှယ်လုပ် ကျွန်မ လှေကားပေါ်ကနေ ရုတ်တရက် ထရပ်လိုက်မိတယ်။

"ကျွန်တော် . . . ဘုရားလဲ ရှိမခိုးရသေးဘူး၊ သူငယ်ချင်းတွေ ရှာရဦးမယ်"

"လာလေ . . သွားမယ်၊ ကျွန်တော်လိုက်ရှာပေးမှာပါ မနှင်းနှင်းဦး ရယ်"

မိုးလင်းစပြုပြီပဲ။ ဘုရားမျက်နှာတော်ရှေ့ ရင်ပြင်မှာတော့ လူ ကြိတ်ကြိတ်တိုးစည်ကားမြဲ။ မိန်းမတွေရှိခိုးရတဲ့ နေရာအစပ်မှာ ကျွန်မ ထိုင် တော့ "ပေးလေ" ဆိုပြီး ကျွန်မ ပိုက်ဆံအိတ်နဲ့ ဖိနပ်ကို ပိုင်စိုးပိုင်နင်း သူ ယူထားတယ်။ ကျွန်မ ရှိခိုးပြီးလို့ ယောကျ်ားတွေ ရှိခိုးရတဲ့ ဘုရားရှေ့ သူသွားတော့လဲ "ပေးလေ" ဆိုပြီး သူ့ဖိနပ်ကို ကျွန်မ ယူထားလိုက်မိတယ်။

ဒါကိုပဲ ဘာဖြစ်လို့ ကျွန်မ ရင်ခုန်ကြည်နူးနေရတာလဲ။

ငယ်ငယ်တုန်းက ဘုရားကြီးမှာ ကစားစရာ အိုးကွက်ရုပ်တွေ၊ ချိန်ခွင် ဒန်အိုးအသေးလေးတွေ၊ ပစ်တိုင်းထောင်လေးတွေကို ပွေ့ပိုက်ပြီး အမေ



ဘုရားရှိခိုးနေတာကို စောင့်နေတဲ့ ကောင်မလေးတစ်ယောက်ဟာ ခုတော့ ယောကျ်ားစီး သားရေဖိနပ်လေးတစ်ရံကို ပွေ့ပိုက်ရင်း ဘုရားရှိခိုးနေတဲ့ ချစ်သူကို စောင့်လို့ နေတတ်ပါရောလား။

www.burmeseclassic.com

www.burmeseclassic.com

၁၉၇၈-ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

22. VII.77 Saturday

နှင်းရယ် . . .

တစ်ညနဲ့ တစ်နေ့လေး ခွဲရတာကိုပဲ တစ်သက်လုံး ကုစားလို့ မရတော့မယ့် ဒဏ်ရာရသလိုပဲ။

ခုညလေ . . . မီးတွေပျက်သွားတယ်။

တစ်ယောက်တည်း ကျောင်းထဲကို လျှောက်သွားမိတယ်။

ဆိတ်ငြိမ်နေတဲ့ တိုင်လုံးကြီးတွေအောက်မှာ ထိုင်ရင်း တစ်ယောက်တည်း နှင်းကိုချစ်တဲ့ အကြောင်းတွေပြောနေမိရဲ့။ ဒါပေမယ့် မပြေပါဘူး ကွယ်၊ နှင်းကို လွမ်းနေဆဲပဲ။

နေ့လယ်က အဖြစ်ကို ပြန်တွေးမိပြန်တယ်။

ကောင်မလေးတစ်ယောက်၊ ကြိမ်ဆွဲခြင်းလေး တစ်လုံးနဲ့ ရှပ်အကျီ မီးခိုးရောင်အကွက်၊ ထဘီအနက်လေးဝတ်ပြီး မိန်းပေါက်ဝကနေ (၃)ကား[illegible] ဆီလာနေတာ ကိုယ်မြင်နေရတယ်။

ကားဂိတ် စက်ဘီးဆိုင်လေးနားက ကုက္ကိုပင်[illegible]တွယ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



တိုယ်ကြည့်နေတာ သူမသိရှာဘူး၊ ဘတ်စ်ကားပေါ် သူတက်သွားတယ်။ ကားထွက်ပြီဆိုတော့မှ ကိုယ်ပြေးတက်ပြီး သူ့ဘေးက နေရာမှာ ဝင်ထိုင်လိုက်တော့ ကောင်မလေးတစ်ယောက် အံ့ဩသွားလိုက်တာ။ ပြီးတော့ မျက်လုံးလေးတွေ လက်သွားတယ်။

နှင်းပျော်သွားပါတယ်။ ဒါပေမယ့် ဟင့်အင်း . . . မဟုတ်ဘူး ဆိုတဲ့ စကားကိုပဲ နှင်း . . . မျက်စိမှိတ်ပြီး ပြောဦးမှာပဲ မဟုတ်လား။ "ခင်ဗျားနဲ့ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ" ဆိုတဲ့ စကားနဲ့ နှင်းကိုယ်နှင်း သတိပေးဦးမယ် မဟုတ်လား"

နှင်း ဟန်မဆောင်တတ်ပါဘူး။

"နှင်းတို့ အဆောင်ရှေ့မှာ ကိုယ်စောင်းလာတီးတာ သုံးညရှိပြီ။ နှင်းသိရဲ့လား" လို့ မေးလိုက်တော့လဲ နှင်းသိပ်ကို လှုပ်ရှားသွားပြီး "စိမ်း" သီချင်းတီးတာလေ၊ အဲဒါခင်ဗျားဟုတ်လား၊ အသံက တိုးတိုးဆိုတာကိုး ဘယ်သိပ့်မလဲ၊ ညနှစ်ချက်တီးလောက်မှာ လာတယ်လေ နဲ့ ကလေးလေးကျနေတာပဲ။

နှင်းက သီချင်းလဲ ကြိုက်တတ်သားပဲ။ "စိမ်း" သီချင်းတင်ပဲလား၊ သီချင်းကြီးတွေရော မကြိုက်ဘူးလား၊ ကိုယ်ဆိုတဲ့ "ဖော်ကွာဝေး" တို့ "ကိုယ်တော်နှင်းနဲ့" တို့၊ "ချစ်သမျှကို" တို့ရော မကြိုက်ဘူးလား။

ဈေးချိုရောက်တော့ ၂၈လမ်းထိပ်က ရှမ်းခေါက်ဆွဲဆိုင်လေးထဲမှာ ကြောက်နေတဲ့ နှင်းကို ကိုယ်သနားနေမိတယ်။ ဒါပေမယ့် နှင်းနဲ့ကိုယ်နဲ့ စကားတွေ အများကြီး ပြောမိကြတယ်နော်။

ဆိုင်ထဲမှာနဲ့ စစ်ကိုင်းကားပေါ်မှာ စကားတွေ တပြောပြောနဲ့ အတူနေခဲ့ရတာတွေဟာ ကြည်နူးစရာဖြစ်ပေမယ့် စစ်ကိုင်း တံတားကြီးဂိတ်က သဘြေ တန်းခံတပ် ရေဆိပ်မှာ နှင်းနဲ့ခွဲရတာကတော့ ကြေကွဲစရာပေါ့။

စစ်ကိုင်းတံတားကြီးကို ကျောခိုင်းပြီး ငှက်ကလေးနဲ့ အိမ်ပြန်သွားတဲ့ ကောင်မလေးတစ်ယောက်ကို ကိုယ်မျက်စိတဆုံး ကြည့်နေခဲ့မိတယ်။

ကိုယ် ပထမနှစ် ရောက်ခါစက ကိုယ်တို့မေဂျာနဲ့ နှင်းတို့ အင်းဝမြို့ဟောင်းကို လေ့လာရေး ရောက်ခဲ့တုန်းက နှင်းရှိနေမှာပဲနော်။

အဲဒီတုန်းက အင်းဝမြို့ဟောင်းက အပြန်လမ်း၊ စစ်ကိုင်းတံတားကြီး



နဲ့ စစ်ကိုင်းတောင် ရှုခင်းဟာ ကိုယ့်ကို ဖွဲ့လမ်းဖမ်းစားပြီး လွမ်းစရာ ကောင်းနေတယ်။ ရှေ့ပြေးနိမိတ်ပဲ ထင်ပါရဲ့။

နက်ဖြန်ဆို နှင်း ပြန်လာမှာပါနော်။

နှင်းပါလာမယ့် အမှတ် (၈) ကားကြီး ဂိတ်ဆုံးတဲ့ "သပြေ" အအေးဆိုင်ကနေ ကိုယ်စောင့်နေမယ်။

"ခင်ဗျား"၊ "ကျွန်တော်" ဆိုတဲ့ စကားစိမ်းတွေနဲ့ နှင်းကိုယ့်ကို ရှောင်ပြေးဦးမှာလား။

မကြောက်စမ်းပါနဲ့ကွယ်၊ ပန်းပွင့်တည့်တည့်ကို သွားရအောင်ပါ။

ဒဂုန်တာရာရဲ့ စကားလေးရှိတယ်။

တံလျှပ်နန်းပြင်များကို ဖြတ်ကျော်ကာ ကြယ်နီရောင် ဆင်သထားသော တစ်ဖက်ကမ်းပါးသို့ . . . တဲ့။

မျိုးနိုင်။

22. September 1977

နှုတ်ဆက်ခဲ့ပါတယ် နှင်း . . .

ထာဝရအတွက်တော့ မဟုတ်လောက်ဘူးထင်ပါရဲ့။

သနားကြောက်တဲ့နှင်းတစ်ယောက် စာမေးပွဲဖြေနိုင်ပ့်မလားလို့ ကိုယ်စိတ်ပူမိတယ်။

နှင်း . . . ပြန်တွေ့မယ်နော်။

ကိုယ်လဲ မနက်ဖြန်ပြန်မယ်။

ဒါပေမယ့် ကျောင်းပြန်ဖွင့်တဲ့အချိန်မှာ ကိုယ်ပြန်လာချင်မှ ပြန်လာရတော့မှာ။

နှင်းကို ကိုယ်သိပ်ချစ်တယ်။ နှင်းယုံပါတယ်နော်။ နှင်းကိုလဲ မေးခဲ့ပါတယ်။

နှင်း ဘယ်တော့မှ မဖြေခဲ့ဘူး။

အရာရာမှာ ပြတ်သားတဲ့ အတွေးအခေါ်၊ အယူအဆတွေ ရှိသင့်တယ်နှင်းရယ်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းကို ရဲရင့်ပြတ်သားသူတစ်ယောက် ဖြစ်စေချင်တယ်။

ကျောင်းပိတ်ရက်မှာ နှင်းဖတ်ဖို့ စာအုပ်တွေပေးခဲ့တယ်။

နှင်း ကိုယ့်ကို သတိရချင်မှ သတိရပါ။

ကိုယ့်အနားမှာတော့ နှင်းအမြဲတမ်းရှိနေမှာပဲ။

မျိုးနိုင်

၁၉၇၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်။ တတိယနှစ် ကျောင်းဖွင့်ပြီး သုံးရက်မြောက် မနက် ရှစ်နာရီအချိန်မှာ ကျွန်မတစ်ယောက်ဟာ "တီးတော တီးတောင်" လို့ ချစ်စရာအသံပေးတတ်တဲ့ မောင်ဗမာစက်ဘီးလေးရဲ့ ရှေ့ တန်းမှာထိုင်ပြီး စာနှစ်စောင်ထဲက စာလုံးလေးတွေကို တစ်လုံမကျန်ရွ နေမိတယ်။

"ကဲ . . . ယုံပြီလား၊ နှင်းကို ရက်ပေါင်းများစွာ အရူးတစ်ပိုင်း ဖြစ်အောင် လုပ်တဲ့ စာနှစ်စောင်ကို နှင်းဘာဖြစ်လို့ အလွတ်မရွတ်နိုင်ရမှာ

စက်ဘီးလေးကိုနင်းရင်း "သူ" က ကြည်ကြည်နူးနူးရယ်တယ်။

"နှင်း ဉာဏ်ကောင်းသားနဲ့၊ ဒါနဲ့တောင် သင်္ချာ ညံ့ရသေးတယ်

"သွား"

နှင်းတွေဝေနေတဲ့ "အေ" လမ်းမကြီးတစ်လျှောက်က မြင်မြင် အရာဝတ္ထုတွေအားလုံး လှပပျော်ရွှင်နေကြတယ်။ မနှစ်က ကျောင်းဂီတ ဆာမှာ "စိုင်းထီးဆိုင်" ဆိုသွားတဲ့ "ဘီးကလေးကိုစီး" သီချင်းလေးကို ရင်ထဲမှာ ကြည်နူးစွာ ဆိုနေမိတယ်။

ဂီတဆည်းဆာ အပြန်ည။ ဆိုကသူတွေ အားလုံးရဲ့ နောက်ဆုံး သီချင်းအသစ်တွေနဲ့ သီဆိုဖျော်ဖြေတတ်တဲ့ မန်းတက္ကသိုလ် စိတ် ကျောင်းသား "စိုင်းထီးဆိုင်" ရဲ့ သီချင်းတွေကို တကြော်ကြော် အော် လူတွေ တဝုန်းဝုန်းနဲ့ ပြန်ကြတဲ့ည။

ဂီတဆည်းဆာ စင်မြင့်ပေါ်မှာ စောင်းပိုက်တက်လာတဲ့သူတိုင်း မှတ်လို့ ကျွန်မ ကြည့်လိုက်ရတာ။ ကျောင်းသူ ကျောင်းသားအားလုံး ဆည်းဆာမှာ ရောက်နေတဲ့အချိန်၊ သူက ဗောဓိကုန်း အနောက်ရပ်



လှေကားထစ်ပေါ်မှာ စောင်းတစ်လက်နဲ့ တစ်ယောက်တည်း "ကိုယ်တော်နှင်းနဲ့" ကိုတီးလို့။ "ရွှေပြည်အေး" မှာ နေခွင့်မရတဲ့ ကျောင်းပွဲတွေကို သွားခွင့်မရှိတဲ့ ကျွန်မရဲ့ချစ်သူ။

"ကောင်မလေးတစ်ယောက် လူကိုမြင်တာနဲ့ အဆောင်ရှေ့ကို ပြေးထွက်လာလိုက်တာ မျက်ရည်တွေက ဝဲလို့"

"ဟင့်အင်း၊ မဟုတ်ဘူး"

"ကိုယ် ညကရောက်တော့ နှင်းတို့အဆောင်ရှေ့ စောင်းလာတီးဦးမလို့ နှင်းသိအောင်လေ၊ ဒါပေမယ့် အဆောင်မှာ နှင်းပြန်ရောက် မရောက် ကိုယ်မှ မသိဘဲ၊ မနက်အစောကြီးသာ ထလာရတယ်၊ တွေ့မှတွေ့ရပါ့မလားလို့ ရင်တထိတ်ထိတ်နဲ့"

"မာစတာ ဆက်မတက်ရရင် နှင်းဆီကို ပြန်မလာတော့ဘူးပေါ့ ဟုတ်လား"

"ကိုယ့်ကိုမှ မချစ်ပါဘူးဆိုတဲ့ သူဆီကို ကိုယ်ဘာလို့ ပြန်လာရမှာလဲ"

"ခုလဲ ခင်ဗျားကို ဘယ်သူက ချစ်တယ်ပြောလို့လဲ"

"နှင်းနော် . . ."

မေမြို့လမ်းအတိုင်း နှင်းတွေဖုံးနေတဲ့ ရှမ်းရိုးမဆီ ဦးတည်သွားနေတဲ့ စက်ဘီးလက်ကိုင်လေး ယမ်းခါသွားတယ်။

"သိပ်ခေါင်းမာတဲ့ ကောင်မလေး"

"ခေါင်းမာတာမဟုတ်ပါဘူး၊ စဉ်းစားတာပါ။ နှင်းကို သိပ်ချစ်တဲ့ သူဟာ နှင်းကလဲ သိပ်ချစ်တဲ့သူဖြစ်ချင်တယ်။ သူဟာ နှင်းနဲ့စိတ်တူ ကိုယ်တူ ဝါသနာတူတဲ့ ချစ်သူဖြစ်သလို စိတ်တူကိုယ်တူ သူငယ်ချင်းမိတ်ဆွေလဲ ဖြစ်ချင် တယ်"

"ကိုယ် ဖြစ်နိုင်လောက်ပါတယ်နော်"

"မဆိုးပါဘူး၊ ဒါပေမယ့် မတူတာ နှစ်ချက်တော့ရှိတယ်"

"ဘာလဲ"

"နှင်းက ဧရာ်သီး အစပ်မစားဘူး၊ အချဉ်ထုပ် မစားဘူး ဟို . . . ကိုက ဧရာ်သီးအစပ်လဲကြိုက်တယ်၊ အချဉ်ထုပ်လဲ ကြိုက်တယ် ဘူးစ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ နှစ်ယောက်လုံး ရယ်လိုက်မိကြတယ်။

"နှင်း လက်ဖက်ရည်တော့ ကြိုက်ပါတယ်နော်"

"အင်း ကြိုက်တယ်၊ ငယ်ငယ်ကတည်းက နှင်း ဘနဲ့ ဖျော်သောက်နေကျ"

"လောလောဆယ်မှာတော့ ကိုယ်တို့ဆိုင်က လက်ဖက်ရည် သောက်ကြရအောင်၊ကိုယ်လက်ဖက်ရည် သိပ်ဆာနေပြီ။ ခင်ဗျားလေးကို တွေ့ချင်လောနဲ့ လက်ဖက်ရည်တောင် မသောက်ဘဲ ထွက်လာခဲ့တာ"

"နှင်းလဲ ဘာမှ မစားရသေးဘူး"

ဆရာအတတ်သင်သိပ္ပံရှေ့က လက်ဖက်ရည်ဆိုင်လေး တစ်ဆိုင်မှာ ကျွန်မတို့ လက်ဖက်ရည် ဝင်သောက်ကြတယ်။

"ကိုယ်က ချိုပေါ့ကျ၊ နှင်းက ကျောက်ပန်းတောင်းပေါ့နော် ဟုတ်လား"

"အမယ် မဟုတ်ပါဘူးနော်၊ နှင်းက ဖန်ချို"

"အင်း၀ဆိုတော့ နည်းနည်းတော့ ချိုရမှာပေါ့"

စားပွဲပေါ်က သူ့အနွေးထည် အင်္ကျီလက်ဖျားကို ဆွဲဆိတ် ရန်လိုလိုက်တဲ့ ကျွန်မ လက်ဖျားလေးတွေ သူ ဆုပ်ထားတယ်။ မျက်မှန်အောက်က သူ့မျက်လုံးတွေ တလက်လက်တောက်ပနေတယ်။

"နှင်း . . . ချမ်းနေပြီလား၊ လက်ဖျားလေးတွေ အေးစက်နေတာပဲ"

"ဟင့်အင်း"

သူပြုံးတယ်။

"နှင်း . . . ဒီနေ့ ကလပ်စ်မရှိဘူးလား"

"ကျောင်းလစ်လာတာပါဆို"

သိရက်သားနဲ့မေးပြီး သူရယ်ပြန်တယ်။ ပြီးတော့ ကောင်မလေးတစ်ယောက် ရည်းစားလဲ ထားတတ်ပြီ ကျောင်းလဲ လစ်တတ်ပြီ တဲ့။ နှုတ်ခမ်းကိုက်ပြီး ရန်လိုတဲ့ ကျွန်မကို သူမြတ်မြတ်နိုးနိုးကြည့်နေတယ်။

"နှင်း ကိုယ်ပေးတဲ့ စာအုပ်တွေရော ဖတ်ရဲ့လား၊ ရည်းစားစာပဲ အလွတ်ကျက်နေသလား"

"နှင်းဖတ်ပါတယ်နော်၊ ကိုပေးထားတာ ရှစ်အုပ်၊ ခေးတောင်



ချည်တုပ်ခံ့ဝံ့ မခံ့ဝံ့၊ အလံမလှဲ့ စတမ်း၊ အိုယန်ဟိုင်းတေးသံ၊ ငုယင်ဗန်ထရိုင်း၊ နှစ်ဆယ်ရာစု ဂန္ထဝင်ဝတ္ထုများ၊ မြန်မာနိုင်ငံတော်သမိုင်း၊ နေရှင်လောက၊ မနေရှင်လောကရေးတဲ့ သခင်ဗဟိန်းက နှင်းတို့ အင်းဝသား၊ ကို သိရဲ့လား"

"သိပါတယ်ဗျာ၊ လူပုံချောနဲ့၊ သိမ်မွေ့နူးညံ့သလောက် စိတ်ဓာတ်ရေးရာ၊ အယူအဆရေးရာ သိပ်ပြတ်သား ခိုင်မာပြီး ချစ်သူကိုလဲ သိပ်ချစ်တတ်တဲ့သူ၊ သူ့ချစ်သူကို ရည်းစားစာ ဗလာစာအုပ်နဲ့ တစ်အုပ်ရေးပြီး ပေးတတ်တယ်တဲ့"

ပန်းကန်ပြားလေးနဲ့ လာချထားတဲ့ ဒူးယားစီးကရက် လေးလိပ်ထဲက ခဏလေးအတွင်း နှစ်လိပ်ကုန်သွားပြီ။ နောက်တစ်လိပ်ကို ယူပြီး နှုတ်ခမ်းဖျားမှာ ချိတ်ရင်း သူမီးညှိပြန်တယ်။ ကျွန်မ မတားချင်ပါ။ သူစီးကရက်မီးညှိပုံဟာ ကြည့်လို့ကောင်းပြီး နှုတ်ခမ်းဖျားမှာ ဒူးယားစီးကရက် ခိုတွယ်နေပုံကို ကျွန်မ ချစ်တယ်။

"ပြောပါဦး၊ ကျောင်းပိတ်ရက်မှာ နှင်းစာဖတ်တယ်၊ ကိုယ့်ကို လွမ်းတယ်၊ ပြီးတော့ ဘာတွေလုပ်နေလဲ"

"သီချင်းနားထောင်တဲ့ အလုပ်လုပ်တယ်။ နှင်းအခု စန္ဒရားချစ်ခွေ သီချင်းတွေကို အရူးအမူးကြိုက်နေပြီ။ ကိုတင်လှိုင်၊ကိုသန်းလှိုင်လဲ ကြိုက်တယ်၊ ဒိုးပိုင်နဲ့ စိုင်းထီးဆိုင်လဲ ကြိုက်တယ်၊ စောင်းနဲ့တီးတဲ့ သီချင်းကြီးတွေကိုလဲ မဆိုးပါဘူး"

"အင်း . . အဆင့်နည်းနည်းတော့ မြင့်လာပါပြီ"

"သွား"

"နှင်း . . . ကိုစောဖြိမ်း သီချင်းတွေရော မကြိုက်ဘူးလား၊ ခေါင်မောင်ညွှန့် ဆိုထားတာပေါ့လေ၊ ပွင့်ဦးတို့၊ သပြေရွက်ရေတို့၊ ဆောင်းနတ်ထယ်တို့၊ မှိုင်းမြမြ၊ စိမ်း၊ ချစ်ပြုံးနှင်းဆီ၊ သစ္စာ သိပ်ကောင်းတာ။ စကားလုံးတွေတစ်လုံးချင်းစီ တစ်လုံးချင်း ခံစားကြည့်လေ၊ ပိုကောင်းလာလေပဲ"

"အဲလိုတော့ နှင်းသေချာ နားထောင်မကြည့်ဖူးသေးဘူး။ အဲဒီ သီချင်းတွေကို နှင်းနားထောင်ဖူးတာက မနက်အစောကြီး လေးနာရီလောက် အိပ်ချင်မူးတူး အိပ်မက်မက်ရင်း နားထောင်ရတာ။ ဆောင်းတွင်း ဘုရားပွဲချိန်တွေဆို

www.burmeseclassic.com

www.burmeseclassic.com



ခုတ်စက်တွေကနေ ဖွင့်တာကြားရတာ။ ဘာလို့လဲမသိဘူး၊ မနက်အစောကြီး လေးနာရီလောက်မှာချည်းပဲ ဒီသီချင်းတွေကိုဖွင့်တယ်။ ဆောင်းလေရဲ့ စစ်ကိုင်းတံတားကြီးဆီက ဂျုတ်. . . ဂျုတ်. . . ဂျုတ် . . ဂျုတ် ဆိုတဲ့ မီးရထား သံကလဲ နားထဲမှာကြားပြီး အဲဒီသီချင်းတွေကို နားထောင်ရတာ ငိုချင်စရာ ကြီးလို့ပဲ”

“ကိုစောငြိမ်း ဆုံးရတာဟာလဲ ငိုချင်စရာ သိပ်ကောင်းတာနှင်းရဲ့ ကိုစောငြိမ်းလို အနုပညာသမားတစ်ယောက်ဟာ လူမှားဓားထိုးခံရပြီး ဆုံးရ တယ်လို့၊ သူ့ညီနဲ့ဖြစ်တဲ့ ရန်ပွဲကို သွားဖျင်တာလေ”

“အို . . . တစ်ခါတည်း သေသွားတာပဲလားဟင်၊ ဆေးရုံမပို့လိုက် ရတော့ဘူးလား”

“ဆေးရုံမှာ ဆုံးတာပဲ၊ သူသေတော့ ငယ်ငယ်လေးရှိသေးတယ်။ သူ့ စာချင်းပဲ အဆက်အသွယ်ရှိပြီး လူချင်း မမြင်ဖူးသေးတဲ့ သူ့ချစ်သူက သူ့ လူချင်းဆုံကြဖို့ လိုက်လာတဲ့နေ့၊ သူဆုံးတာလေ နှင်းရဲ့”

“အို . . .”

“သူ့ဘဝက တကယ်ရင်နာဖို့ကောင်းပါတယ်။ ပြီးတော့ သူက တစ်ချိန် ပဲ။ သူ့ရဲ့ ပထမဆုံး အချစ်ဦးတုန်းကကျတော့ ကောင်မလေးကို အရွယ်ရောက် ခွဲလမ်းပြီး ဒုတိယကမ္ဘာစစ်ကြီးဖြစ်လို့ ကွဲသွားတော့ စစ်အတွင်းမှာ တစ် တစ်လက်နဲ့ သူလိုက်ရှာတာ။ စစ်ပြီးသည်ထိ အကြာကြီး လိုက်ရှာခဲ့တာပဲ”

“တွေ့လားဟင်”

“တွေ့တယ် ၊ ဟိုမိန်းကလေးကလဲ သူ့ကို စောင့်နေဆဲပဲ။ ဒါပေမဲ့ သူက အဲဒီအချိန်မှာ သူ့အချစ်တွေ မရှိတော့ဘူးတဲ့”

“ဘာရယ်”

“သူ့ချစ်သူကို လိုက်ရှာနေတဲ့ တစ်လျှောက်လုံးမှာ ပြင်းပြင်းထန်ထန် ခံစားရပြီး ချစ်ခဲ့ရလွန်းလို့ သူ့အချစ်တွေ ကုန်ခန်းသွားခဲ့ပြီ။ အချစ်ပွင့် ကြွေသွားခဲ့ပြီတဲ့။ ပွင့်ဦးကြွေမှဖြင့်ကွယ် . . . မပန်ချင်ရက်တော့တယ် ဆိုတဲ့ လေ၊ “ပွင့်ဦး” သီချင်းက အဲဒီမှာ စပ်တာပေါ့”

“ဟင့်အင်း . . . သူ ဘာဖြစ်လို့ အဲလိုလုပ်ရတာလဲ”



“ကိုယ် ဘယ်သိမလဲ၊ အနုပညာသမားတွေရဲ့ စိတ်ဟာ ထူးဆန်း တယ်လေ နှင်းရယ်”

သူက ဒူးယားတစ်ပွဲ ထပ်မှာပြန်တယ်။ ပြီးတော့ . . . လက်ဖက်ရည် ဆိုင်မှာကပ်ထားတဲ့ အငြိမ့်ကြော်ငြာတစ်ခုကို ငေးကြည့်ရင်း . . .

“ဒီနှစ်ဆောင်းတွင်း ကိုယ်အငြိမ့် တစ်ခါမှမကြည့်ရသေးဘူး၊ သီတင်း ကျွတ်တုန်းက အငြိမ့်တွေကို လွမ်းလိုက်တာအရမ်းပဲ”

“နှင်းတော့ ကြည့်ရတယ်၊ နှင်းတို့ဆီက သီတင်းကျွတ် ရပ်ကွက် ဘုရားပွဲတွေမှာလေ၊ ဒါပေမယ့် နှစ်ငြိမ့်ပဲ ကြည့်လိုက်ရတာပါ။ နှင်းတို့ ငယ်ငယ် တုန်းကလို ဘုရားပွဲတွေက သိပ်မစည်တော့ဘူး၊ ရပ်ကွက်ဘုရားပွဲတိုင်း အငြိမ့် မပါတော့ဘူး”

“အင်းပေါ့ . . နှင်းရယ်”

“နှင်းတို့ ဘုရားပွဲတွေမှာကတဲ့ အငြိမ့်က မင်းသမီးတစ်ယောက်လေ၊ လေပါတီမမြရင် သီချင်းတွေ ဆိုသွားတာ သိပ်ကောင်းတာပဲ၊ အဲဒါကို နှင်းတို့က ချီးကျူးတော့ နှင်းတို့ ဘ က ပြောတယ်၊ အို . . . မမြရင်တော့ ဘယ်တော့မှ မမှီဘူးကွတဲ့ သိလား”

“နှင်းတို့ ‘ဘ’ လဲ မမြရင်ပိုးခဲ့တဲ့အထဲမှာ ပါတာပေါ့ ဟုတ်လား”

‘ဘ ကဘာဟုတ်သေးလဲ ကိုရဲ့၊ ဘရဲ့ သူငယ်ချင်းကမှ ပိုဆိုးတာပေါ့။ အခု နှင်းတို့ အရပ်ဘုရားပွဲ ဟိုရှေးတုန်းက ဘုရားပွဲပေါ့။ ဘ တို့က လူပျိုပေါ့။ အဲဒီဘုရားပွဲအတွက် လေပါတီ မမြရင်ကို ငှားလာတုန်းက လေပါတီ မမြရင်က နာမည်မကြီးသေးဘူးတဲ့။ ဘ တို့က ပွဲငှားလာတဲ့ လူတွေကို ဘယ်ကမင်းသမီး ငှားလာမှန်းလဲ မသိဘူး၊ နာမည်လဲ မကြီးဘဲနဲ့ဆိုပြီး ပြောကြဆိုကြတာပေါ့။ အမြင်မှာလဲ အေးတိအေးစက်၊ ဣန္ဒြေကြီးတစ်ခွဲသားနဲ့ မင်းသမီးဆိုပြီး သွက် သွက်လက်လက်လဲ မရှိဘူး၊ ဘာညာနဲ့ ပြောကြပြီး ညရောက်လို့ ကလဲက ရော . . . ဘတို့ ဒုက္ခရောက်ကုန်တော့တာပဲတဲ့။ အငြိမ့်ပွဲခင်းတစ်ခုလုံးကို တုတ် တုတ်မှ မလှုပ်နိုင်အောင် ဆိုလိုက်၊ ကလိုက်၊ ပြောလိုက်နဲ့ ဖမ်းစားသွားလိုက်တာ တဲ့။ ဘာပြောကောင်းမလဲ၊ ဘတို့ ကာလသားတွေ အရူးအမူးဖြစ်ကုန်ပြီး ဘ သူငယ်ချင်းတစ်ယောက်ကလေ၊ အဲဒီပွဲပြီးကတည်းက မမြရင် နောက်ကိုလိုက်

www.burmeseclassic.com

www.burmeseclassic.com



သွားတာ၊ မမြရင်ဆုံးတော့ အင်းဝကို ပြန်လာတာတဲ့၊ သိလား'

'အဲဒီ အဘိုးကြီး ခု ရှိသေးလား'

'ဟင်အင်း . . . သူပြန်လာကတည်းက ကောင်းကောင်း မကျန်းမာလာဘူးတဲ့၊ နောက်ကျ မကြာဘူး ဆုံးသွားတာပေါ့'

'နှင်း မမြရင် သီချင်းတွေထဲက 'ဦးသဝန်ကြောင်' နဲ့ 'ရှင်တစ်ခုပဲ' ဘယ်ဟာ ပိုကြိုက်လဲ'

နှစ်ခုလုံး ကြိုက်တာပေါ့၊ 'ရှင်တစ်ခုပဲ' ကို စစ်ကိုင်းထူပါရုံဘုရားထီးတင်ပွဲတုန်းက ကြွယ်ကြွယ်မြို့မနဲ့ ဆိုတာ နှင်းနားထောင်ဖူးတယ်။ သိပ်ကောင်းတာပဲ။ ဆရာမြို့မငြိမ်း သံစဉ်တွေအားလုံး တစ်မျိုးလေးတွေနော်၊ နန်းတော်ရှေ့ဆရာတင်ရော၊ ဆရာမြို့မငြိမ်းရော တစ်ယောက်တစ်မျိုးစီ ကောင်းတာပါပဲ'

'သူတို့ နှစ်ယောက်က မြင်ပုံချင်း မတူကြဘူး။ နှင်း ဆရာတင်ရဲ့ 'စစ်ကိုင်းတံတား' ကို သိတယ်မဟုတ်လား'

'သိတာပေါ့၊ နှင်း ငယ်ငယ်တုန်းက မေမေဆိုပြီး ချော့သိပ်တဲ့ သီချင်း'

'အဲဒီမှာလေ မြန်မာလူမျိုးတွေ အလုပ်မရှိလို့ တံတားကြီးကို ကြည့်တာ ငိုမိသည် ငိုမိပါသည်' ဆိုတဲ့ ဆရာတင် အမြင်လေး ထည့်ထားတယ် တွေ့လား'

'ဟုတ်တယ်၊ စစ်ကိုင်းတံတားကြီး ဆောက်တုန်းက တကယ်ငိုကြရတာက နှင်းတို့ အင်းဝက ငှက်သမားကြီးတွေပဲ။ နှင်း ဘ က ပြောဖူးတယ်။ အဲဒီတုန်းက စစ်ကိုင်းဘက်ကို ငှက်ပို့တဲ့ ငှက်သမားတွေ သိပ်ဒုက္ခရောက်ခဲ့ကြတယ်တဲ့'

'အင်းပေါ့ အဲဒီစစ်ကိုင်းတံတားကြီး ပတ်ဝန်းကျင်ကို ဖွဲ့နွဲ့တဲ့ သီချင်းပဲ ဆရာမြို့မငြိမ်းရဲ့ 'စစ်ကိုင်းတောင်ကျတော့ တစ်မျိုးဖွဲ့တယ်လေ'

'စစ်ကိုင်းတောင်ကို နှင်းသိပ်ကြိုက်တယ်'

'ကိုယ်ကတော့ ခုမှ ပိုကြိုက်လာတယ်'

'သွား'

သူက ကျွန်မကို ပြုံးကြည့်ရင်း ဒူးယား နောက်ဆုံးတစ်လိပ်ကို မီးညှိတယ်။

'ဆရာတင်နဲ့ ဆရာမြို့မငြိမ်းမှာ ဆရာတင်ကတော့ မြန်မာမှုနဲ့ မွမ်းထုံ



နေတဲ့ ရိုးရာသမားပေါ့၊ ဆရာငြိမ်းကတော့ ရိုးရာမပျက်စေဘဲ၊ အသစ်ဖန်တီးချင်တဲ့သူ။ ဒါပေမယ့် ဆရာငြိမ်းခမျာ သူဖြစ်ချင်တဲ့ ဩဂက်စတာ တီးဝိုင်းကြီးနဲ့ သံစဉ်သစ်တွေကို မဖန်တီးနိုင်ခင် အရင်းရှင်စနစ်က သူ့ကို သတ်ပစ်လိုက်တယ်လေ'

'သူ . . . သတ်သေပစ်လိုက်တာနော်၊ အုတ်ကားကြီးအောက်မှာ'

'ဒီလိုပဲပေါ့ နှင်းရယ်၊ ကဲ နှင်းကိုယ့်ကို ထမင်းမကျွေးတော့ဘူးလား၊ စကားနဲ့ပဲ ဧည့်ခံနေတော့မှာလား'

'ဟင် . . . ဟုတ်ပါရဲ့။ ကျွန်မတို့ စကားပြောနေကျတာ ဆယ့်နှစ်နာရီထိုးတော့မယ်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ကျွန်မတို့ ပြုံးမိကြတယ်။

'နှင်း . . . ဘယ်မှာစားချင်လဲဟင်'

'ဘယ်မှာဖြစ်ဖြစ်ပေါ့၊ နီးရာ ဆိုင်တစ်ဆိုင်ပေါ့'

လမ်းမပေါ်မှာ ဆောင်းနေရောင် စူးရှပူနွေးပြီး နှင်းတွေပျောက်သွားပြီ၊ ဒါပေမယ့် မန္တလေးဆောင်းက အနွေးထည်မချွတ်ချင်အောင် အေးမြနေတုန်း။

'နှင်း အနွေးထည်လေးက လှတယ်၊ ဟိုအနွေးထည် အဝါလေးရော'

'ရှိပါတယ်၊ ဒါက အသစ်၊ ခုကျောင်းဖွင့်ခါနီးမှ နှင်းတို့ညီအစ်မသုံးယောက်လုံးကို မေမေဝယ်ပေးတာ၊ နှင်းညီမလေးနှစ်ယောက်က ဒီနှစ်တစ်ပြိုင်တည်း တက္ကသိုလ်တက်ရမှာ၊ ဒေသကောလိပ်ပေါ့'

'ဟင်းအကြီးဆုံး အစ်မကြီးကလဲ ကိုယ်နဲ့ကျ ကလေးကျနေတာပဲ၊ ဆိုလိုက်တာ၊ ကိုယ်က အငယ်ဆုံးသားဗျနော်'

သူ့ ဂျစ်တစ်တစ်အသံကို ကျွန်မ သဘောတကျရယ်မိတယ်။ လမ်းချိုးအကွေ့မှာ ချစ်စရာအသံပေးတဲ့ စက်ဘီးဘဲလ်လေးကို သူတီးတယ်။

'ထမင်းစားပြီးရင် ကိုယ်တို့ ဘီးလျှောက်စီးမယ် နော် နှင်း'

'အင်း . . . ကောင်းတယ်'

'နက်ဖြန်ကျရင်ရော'

'နက်ဖြန်ကျရင်လဲ ဒီလိုပဲပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဟောဗျာ ၊ နှင်းကျောင်းမတက်ဘူးလား'

ကျွန်မ ခေါင်းခါပြတော့ သူက ကြည်ကြည်နူးနူးရယ်ရင်း ကျွန်မ လက်မောင်းကို ခပ်ဖွဖွလေး ရိုက်တယ်။

'ခွေးမလေး . . . မိုက်မယ့်မိုက်တော့လဲ သူ့ပြင် နှစ်ယောက်မရှိဘူး'

ကျွန်မကတော့ ကျောင်းမတက်ဘဲ မိုက်မဲခဲ့တဲ့ရက်တွေ ကို ပျော်ရွှင်စွာ ဖြတ်သန်းရင်းကပဲ နှမြောမဆုံးနိုင်ပါ။

ကိစ္စမရှိပါဘူး။ သင်္ချာဆိုတာ စာမေးပွဲနီးမှ ကျက်ဖြေလို့ရတဲ့ အရာ ဆိုတာ ဒုတိယနှစ်ကတည်းက ကျွန်မသိသွားပါပြီ။

ကော်ပီစာရွက် ဆယ်ရွက်လောက် တွက်ထားတဲ့သင်္ချာတစ်ပုဒ်ကို ဘာမှ နားမလည်ဘဲ အလွတ်ကျက်ပြီး ခေါင်းထဲကို ရိုက်သွင်းရတဲ့အလုပ်ကို လုပ်ရတာ ကျွန်မ အလွန်မုန်းပြီး အလွန်လဲ ပင်ပန်းပါတယ်။

နှစ်ပုဒ်ဖြေရင် အောင်တယ်ဆိုတဲ့ ဘာသာကို ကျွန်မ နှစ်ပုဒ်ပဲ ကျက်ဖြေပြီး တစ်ပုဒ်ဖြေရင် အောင်တယ်ဆိုတဲ့ ဘာသာကို ကျွန်မ တစ်ပုဒ် ပဲ ကျက်ပါတယ်။

သင်္ချာအရာမှာ ထူးချွန်ဖို့ ကျွန်မ မကြိုးစားချင်ပါ။

သင်္ချာစာသင်ခန်းဟာ ကျောင်းထဲက 'ချိုကြီး' လက်ဖက်ရည်ဆိုင် လောက် ထိုင်လို့ မကောင်းပါ။ ညစျေး စာအုပ်တန်းလောက်လဲ စိတ်ဝင်စား စရာမကောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးကလေးလိမ့်နေတဲ့ မန္တလေးမြို့ လမ်းမများပေါ် လောက်သဲ ဆော့စရာကောင်းပါ။

အဆောင်မှာ သချာင်္စာအုပ်တွေ ဖတ်ရတာထက် တတိယနှစ် မြန်မာစာကျောင်းသူ ခင်ချိုအေးရဲ့ ပြဒ္ဒါန်းစာအုပ်တွေကို ဖတ်ရတာက ပိုကောင်းပါတယ်။

မနက်ရှစ်နာရီ အဆောင်ရှေ့မှာ 'တီးတောင် . . . တီးတောင်' ဆိုတဲ့ မောင်ဗမာ စက်ဘီးဘဲလ်အသံ သုံးချက်တိတိမြည်လာမယ့် အချိန်ကို ကျွန်မ စောင့်နေတတ်တယ်။

ချစ်စရာကောင်းတဲ့ အဲဒီစက်ဘီးဘဲလ် မြည်သံလေးကို ဘယ်နေရာမှာပဲဖြစ်ဖြစ် ဘယ်စက်ဘီးတွေကြားထဲမှာ ဖြစ်ဖြစ် ကျွန်မ ခွဲခြားနိုင်ပါတယ်။

စက်ဘီးကလေးနဲ့ ကျွန်မတို့နှစ်ယောက် ကျောင်းထဲက 'ချိုကြီး' လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်ကြတိုင်း စက်ဘီးလေးခမျာ ဆိုင်ရှေ့မှာ တမေ့တမောစောင့်ရရှာတယ်။

မနက်တိုင်း 'ချိုကြီး' မှာပဲ ကျွန်မတို့ လက်ဖက်ရည်သောက်တယ်။ ချိုကြီးက လက်ဖက်ရည်ကောင်းတဲ့ပြင် လက်ဖက်ရည် တစ်ခွက်ကိုမှ လေးဆယ့်ငါးပြားပဲ ပေးရတယ်လေ။ စမူဆာသုတ်တစ်ပွဲမှ နှစ်ကျပ်။ အပြင်လက်ဖက်ရည်ဆိုင်တွေက လက်ဖက်ရည်တစ်ခွက် သုံးမတ်။ ဒူးယားကတော့ ဘယ်ဆိုင်ပဲဖြစ်ဖြစ် တစ်ကျပ်ဖိုးလေးလိပ်၊ သုံးလိပ်။

ချိုကြီးဆိုင်မှာ သူများတွေ ကျောင်းသွားချိန်ကစပြီး သူများတွေ နေ့လယ်ကလပ်စ်ပြီးလာတဲ့အချိန်ထိ ကျွန်မတို့ ထိုင်ကြတယ်။ စာအုပ်၊ သီချင်း၊ ဓာတ်ရှင် ဘာသာရပ်သုံးခုကိုပဲ မဝနိုင်အောင် ပြောမိကြတယ်။

လူရွှင်း Selected Works ၊ မှာတော်ပုံ၊ French Short Stories၊ ပြည်သူ ချစ်သော အနုပညာသည်များ၊ ရာဇာမိရာဇ် အရေးတော်ပုံ၊ အနုပဋိလောမ ရုပ်ဝါဒ၊ The Three Mother၊ စန္ဒရားချစ်ဆွေနဲ့ မာမာအေးနဲ့ မောင့်အချစ်မြှား၊ နံ့သာမြိုင်က ချစ်ဧည့်သည်၊ မိုးဒေဝါ၊ ဒီပါအေးမြ၊ ပန်းမှုံကြွယ် စိုင်းထီးဆိုင်ရဲ့ ကျောင်းပြေး၊ ဘီးနံပါတ် OK 0122၊ Night of the General မပြီးသည့်မိုး၊ နှမလက်လျှော့နေလေတော့ ၊ Brain Wash ။



"နှင်းလေ ရာဇာမိရာဇ်အရေးတော်ပုံထဲက အင်းဝဘုရင်ရဲ့ မွန်သူ့ပန်းသမိန်ဗရမ်းရဲ့ စိတ်ဓာတ်ကို သိပ်သဘောကျတာပဲ။ 'ကျွန်' ဆိုတာကို မုန်းတီးတဲ့စိတ်ဓာတ်၊ သူ့ရဲ့ကောင်းပီသတဲ့စိတ်ဓာတ်လေ။ ဘုရင်မင်းခေါင်မှာ သူ့ကို အင်းဝမှာနေစေချင်လွန်းလို့ အမျိုးမျိုးကြံဆောင်လိုက်ရတာနော်။ နောက်ဆုံး သမီးတော်ကို ချစ်သွားတော့မှပဲ။ နှင်းသဘောကျတာက ဘုရင်မင်းခေါင်ကို သူတောင်းဆိုပုံပါ။ သူ့ကို တစ်စုံတစ်ယောက်က 'ကျွန်' လို့ ခေါ်တာနဲ့ ဟံသာဝတီကို ပြန်ခွင့်ပြုရမယ်ဆိုတာလေ"

"ခေါ်မယ့်ခေါ်တော့ ဘုရင်မင်းခေါင်ကိုယ်တိုင် ဖြစ်နေလို့ သူပိုခံစားသွားရတာနဲ့ တူတယ်နော်"

"သမိန်ဗရမ်းကတော့ ဘယ်သူပဲခေါ်ခေါ်၊ ပြန်မှာပဲလို့ နှင်းထင်တယ်။ ဘုရင်မင်းခေါင်ကလဲ မြေးတော်က ညီလာခံမှာ ဆံပင်ဆွဲလိုက်လို့ ရုတ်တရက် 'ဟယ် . . . ကျွန်သား' ဆိုပြီး ယောင်ထွက်မိတာပါ။ တကယ်တော့ သမိန်ဗရမ်းကို 'ကျွန်' လို့ ခေါ်သူကို တစ်ဆွေလုံး တစ်မျိုးလုံးနှင့်တကွ ကွပ်မျက်မယ်' လို့ သူကိုယ်တိုင် အမိန့်ထုတ်ထားတာပဲ။ သမိန်ဗရမ်းနဲ့ သမီးတော်ကမွေးတဲ့မြေးတော်လေးကိုလဲ သူဘယ်လောက်ချစ်သလဲ"

"မင်းသမီးနဲ့သားတော်လေးကိုတော့ သူမခွဲချင်ရှာဘူး"

"ဒါပေမယ့် ဟံသာဝတီကို သူပြန်သွားခဲ့ပါတယ်ကိုရယ်၊ ပြတ်သားနိုင်လိုက်တာ။ မင်းသမီးလေးမှာတော့ ဘဝဆက်တိုင်း မကွဲမကွာ ပေါင်းသင်းနိုင်စေဖို့ ဘုရားမှာ ဆုတောင်းလျက်နေပါ့မယ်ဆိုတဲ့ သူ့စာလေးတစ်စောင်နဲ့ ရင်ကွဲ ကျန်ခဲ့ရတယ်"

"အင်းဝသူလေး သနားပါတယ်နော်"

"သွား"

ကျွန်မ စိတ်ဆိုးရင် မျက်မှန်အောက်က ကိုမျက်လုံး ရီဝေဝေတွေ အမြဲတောက်ပလာတတ်ပြီး ငေးကြည့်နေတတ်တယ်။ ကျွန်မ စိတ်ဆိုးတာဟာ ကြည့်လို့ကောင်းသတဲ့။

'ချိုကြီး' ဆိုင်ကနေ ဆယ့်နှစ်နာရီထိုးတာနဲ့ ဆိုင်ချင်းကပ်ရပ် ခေါ်တင်မေ ထမင်းဆိုင်မှာ ထမင်းဖြစ်ဖြစ် တစ်ခါတလေ အုန်းထမင်းနဲ့ ဝက်ကြော်

www.burmeseclassic.com



ပေါ့။ ကျွန်မတို့ စားကြတယ်။

တစ်ခါတစ်ရံ ရတနာပုံဆောင် ကင်တီး ဦးဘဦးဆိုင်၊ 'ချိုကြီး' တနေပြီးတော့ 'ရာဇတ်ခန်းမ' ကိုလဲ ကျွန်မတို့ သွားတတ်ကြသေးတယ်။ ရာဇတ်ခန်းမကို စာကြည့်တိုက်မှန်း ကျွန်မသိခဲ့ပြီး ရင်းလဲ ရင်းနှီးခဲ့ပြီ။

ရာဇတ်ခန်းမက အဆင်း ကျွန်မရဲ့ ဒေါက်ဖိနပ်ခွာပြုတ်သွားလို့ 'ကို' တစ်ယောက် ပျာယာခတ် အလုပ်ရှုပ်သွားဖူးတယ်။

ထမင်းစားပြီးတာနဲ့ ကျွန်မတို့နှစ်ယောက် လက်စွဲတော် စက်ဘီးလေးနဲ့ မန္တလေးမြို့အနှံ့ ခြေစကြာဖြန့်တော့တာပါပဲ။ မန္တလေးတောင်ခြေ ပန်းတျာကျောင်း၊ မေမြို့လမ်း၊ ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက် ဘာရယ်လို့ မဟုတ်ဘဲ လျှောက်သွားကြတယ်။ ရင်ထဲမှာ လွတ်လပ်ပြီး ပျော်ရွှင်နေတာပဲ သိတယ်။

စက်ဘီးနင်းရင်း ဝင်းလိုက်ရုံဘက် ရောက်လာလို့ ဓာတ်ရှင်ကားလဲရှိ ဝင်ကြည့်ကြတယ်။ မြန်မာကား ကောင်းရင်လဲ တော်ဝင်ရုံမှာ ဝင်ကြည့်ကြတယ်။ ဓာတ်ရှင်မကြည့်လဲ ညနေလေးနာရီ မထိုးမချင်း စက်ဘီးလျှောက်စီးလိုက် မောရင် လက်ဖက်ရည်ဆိုင် ဝင်ထိုင်လိုက်၊ စကားပြောလိုက်၊ စက်ဘီးပြန်နင်းလိုက်နဲ့။

ညနေ လေးနာရီကျော်ရင်တော့ ဈေးချို ညဈေးကို ကျွန်မတို့ပြေးပြီး ညဈေးစာအုပ်တန်းမှာ ညနေ ငါးနာရီ မခွဲမချင်း စာအုပ်မွှေနိုင်တယ်။

ညဈေး စာအုပ်တန်းက ဗန်းမော်တင်အောင် ဝတ္ထုတွေ စီးရီးလိုက် အုပ်သုံးဆယ်ကို တစ်အုပ်သုံးကျပ်နဲ့ ကျွန်မတို့နှစ်ယောက် ရဖူးတယ်။ နှစ်ယောက်သား သိပ်ပျော်နေကြတုန်း စာအုပ်ရောင်းတဲ့သူက 'စာသိပ်ဖတ်တဲ့ လူတစ်ယောက်ဗျ၊ စီးပွားရေးအခြေအနေကြောင့် သူ့ စာအုပ်စင်လေး ဖျက်လိုက်ရရှာတာ' လို့ ပြောလိုက်တော့ စာနာစိတ်နဲ့ ရင်ထဲမှာ ကျင်ခနဲတောင် နေမိတယ်။

ဝတ္ထုစာအုပ်လေးတွေရဲ့ ရှေ့မျက်နှာကို ကျွန်မ ဘယ်တော့မှ မကြည့်တော့ပါ။ စာအုပ်ရှေ့မျက်နှာစာ စာရွက်တိုင်းမှာ ရောင်းတဲ့သူ လက်မှတ်လေးတွေနဲ့ ဝယ်တဲ့ နေ့စွဲလေးတွေ ရေးထိုးထားတယ်လေ။



ညဈေးကပဲ မင်းလတ်ရဲခေါင်ရဲ့ 'နုရုံကလေး' ဆိုတဲ့ ဝတ္ထုစာအုပ်လေး တစ်အုပ် ရှားရှားပါးပါး ရဖူးတယ်။

ဒါပေမယ့် စာအုပ်တန်းကို ဘယ်လောက်ပဲ တဝဲလည်လည် လုပ်ချင် လုပ်ချင် ညနေ ငါးနာရီခွဲတာနဲ့ ခွဲခွာရတော့တာပဲ။ အဆောင်ပိတ်ချိန် ခြောက်နာရီ အမီကို လက်စွဲတော်လေးအားကိုးနဲ့ ဒုန်းစိုင်းရတယ်လေ။

ညကျရင်တော့ တစ်နေ့လုံး လျှောက်သွားထားလဲ မမောနိုင်ဘဲ 'ကို' က အဆောင်ရှေ့မှာ စောင်းလာတီးတတ်တယ်။

သူလာနေကျ တစ်ချက်နှစ်ချက်အချိန်ကို ကျွန်မကလဲ စာဖတ်ရင်း၊ အိပ်တဝက်နိုးတစ်ဝက်ဖြစ်ရင်း စောင့်မြဲ။ ကျွန်မကို အဆောင်ပြန်ပို့ပြီး သူတစ်ယောက်တည်း မနေတတ် မထိုင်တတ်နဲ့ စက်ဘီးလျှောက်နင်းတဲ့၊ စောင်းတီးချိန် ရောက်သေးတဲ့အချိန်မှာ အဆောင်ရှေ့က ဖြတ်သွားတဲ့ သူ့စက်ဘီး ဘဲလ် သံကြားရရင် ပိတ်ထားတဲ့ အဆောင်တံခါးဝနားထိ ကျွန်မ သွားကြည့်တတ်မြဲ။ ကျွန်မတို့နှစ်ယောက် မခွဲချင်ကြတော့ပါ။

မမမြတို့၊ အစ်မကြီးတို့ကတော့ ပေတေမိုက်မဲနေတဲ့ ကျွန်မကို ဆူပူလို့ ဆုံးနိုင်တော့ဘူး။ မဝေကတော့ ကျွန်မအတွက် စာကူးပေးရင်း ကိုဝေလွင် အသည်းကွဲတဲ့ အကြောင်းတွေ လာလာပြောတတ်တယ်။

မေသူနဲ့ ခင်ချိုအေးကလဲ အခန်းကို အခန်းလို့ မမှတ်တဲ့ ကျွန်မကို စားစရာ သောက်စရာတွေ ချန်ထားရင်းကပဲ အမျိုးမျိုး မြည်တွန်တောက်တီး ကြပါတယ်။

အဆောင်မှာ ဘာတွေဖြစ်ပြီး ဘာတွေလုပ်ကြတယ်ဆိုတာလဲ ကျွန်မ သိတော့ပါ။ ဆွေဆွေလက်ထပ်လိုက်ပြီး သူ့ကြွေးတွေ အများကြီးပါသွားလို့ 'စီးစီး' တစ်ယောက် မစားနိုင် မအိပ်နိုင် စိတ်ထိခိုက်နေတာ၊ တတိယ ကမ္ဘာစစ်ဖြစ်တော့မယ်လို့ မမမြက အတည်ပေါက်ခြောက်လှန့်တာကို ယုံကြည်ပြီး မမငင်းတစ်ယောက် ညတိုင်း ကြောက်လန့်ကျိတ်ငိုနေတာ၊ သော်သော်က မေသူကို ပြောခိုင်းတာ။

ပြီးတော့ အဲဒီနှစ်မှာ စတင်ခေတ်စားလာတဲ့ ဘွဲ့ရပီအေတီ [illegible] လုပ်သင့်။ ပြည်နယ်မှာ သွားလုပ်ရင် ရတဲ့ ဂျေအေတီ လုပ်သ[illegible]

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ပြန်ပြောသမျှတွေကို ဘာမှ စိတ်မဝင်စားနိုင်ဘဲ ဝတ်ကျေတန်းကျေ အင်းလိုက်ရင်း ညဈေးက ဝယ်လာတဲ့ စာအုပ်တစ်အုပ်ကို ဖတ်ချင်နေတာ၊ သန်းခေါင်ယံ စောင်းသံကို စောင့်မျှော်နေတယ်ဆိုတာကို သူတို့သိကြပြီး ထေ့ငေါ့လို့၊ ဆွဲဆိတ်လို့၊ စိတ်ဆိုးလို့ မဆုံးနိုင်တော့ပါ။

ကျွန်မ အလိုချင်ဆုံး စိတ်တူကိုယ်တူ သူငယ်ချင်းတစ်ယောက်တိုးရအောင်တဲ့ ကျွန်မကတော့ သူတို့အားလုံးကို သူငယ်ချင်းအဖြစ်က ဆုံးရှုံးစွန့်လွှတ်လိုက်ရလဲ တိစ္စမရှိတော့ပါ။

တော်တော်များများကိုလဲ ဆုံးရှုံး စွန့်လွှတ်ခဲ့တာပဲ။ ကိုလဲ ကျွန်မလိုပါပဲလေ။

ကျွန်မအပြင်က ပြန်လာတဲ့တစ်ညနေ။ ညဈေးကနေ ဆရာမြသန်းတင့် ဘာသာပြန်၊ မာဂရက်မစ်ချယ်ရဲ့ Gone With The wind (လေရူးသုန်သုန်) နှစ်အုပ်တွဲ ဝယ်လာတဲ့ညနေပေါ့။

အစ်မကြီးဟာ တော်တော်ရယ်စရာကောင်းတယ်။ "ဟဲ့ . . . မိနှင်းနှင်း၊ အဲဒါကြီးတွေ ဘာလုပ်မလို့လဲ၊ ရွှေမျက်မှန်ကပေးလိုက်တာလား" ဆိုပြီး ယူကြည့်တယ်။ ပြီးတော့ "မှန်းစမ်း ခေါင်းအုံးအိပ်ကြည့်ရအောင်" ဆိုပြီး ခေါင်းအုံးအိပ်ကြည့်တယ်။

"ကြည့်စမ်း၊ သူများစာအုပ်ကို စုတ်သွားရင် ခြောက်ဆယ် ရော်ပေးရမှာနော် . . . ခင်ဗျား"

ကျွန်မ ပြောလိုက်တာနဲ့ အစ်မကြီး အိပ်နေရာက လူးလဲထတယ်။

"ဘာဟဲ့၊ ဒါတစ်အုပ်ကို ခြောက်ဆယ်လား . . . ဟုတ်လား"

ကျွန်မ ပြုံးတူးပြဲတဲဖြစ်နေတဲ့ အစ်မကြီးကို ရယ်မောလိုက်တယ်။

"နှစ်အုပ်ကို ခြောက်ဆယ်ပါ၊ တစ်အုပ်သုံးဆယ်လေ"

"ဘုရား၊ ဘုရား မိနှင်းနှင်းရယ်၊ နင်ဟာ ရွှေမျက်မှန်နဲ့ပေါင်းပြီး တော်တော် ပျက်စီးနေပါ ပကောလား၊ ဒါကြီးတွေ ခြောက်ဆယ်ပေးဝယ်မယ့် အစား၊ အင်ဒိုနီးရှားဆေးရေးပါတိတ်လေးတွေ ဝယ်ပါလားဟဲ့၊ ခြောက်ဆယ့် ငါးကျပ်ဟဲ့၊ တရုတ်တန်းဈေးထဲမှာ လှလိုက်တာမှ"

ရယ်ပြီးရင်း ရယ်နေတဲ့ ကျွန်မကို အစ်မကြီးက အရူးတစ်ယောက်လို



သဘောထားပြီး ကြည့်နေတယ်။ တစ်ဆောင်လုံးကိုလဲ နှင်းနှင်းကို သတိထားပေါင်းကြဖို့ လိုက်ကြေညာသေးတယ်။

ကျွန်မနဲ့ 'ကို' နဲ့ အဲဒီအကြောင်းပြောပြီး ရယ်ကြတော့ 'ကို' က

"လေရူးသုန်သုန်ထဲမှာ ဂျရယ်အိုဟာရာက စကားလက်ကို အက်ရှလေ တို့ မိသားစုအကြောင်း ပြောသလိုပေါ့ နှင်းရဲ့၊ သူတို့မိသားစုဟာ ခပ်ဆန်းဆန်း မွေးလာကြတာတဲ့၊ ပိုက်ဆံတွေ အကုန်ခံပြီး နယူးရောက်တို့၊ ဘော်စတွန်တို့ သွားပြီး အော်ပရာဇာတ်တွေကို ကြည့်သတဲ့။ ပန်းချီ ပြတိုက်တွေ လျှောက်သွား သတဲ့။ ပြီးတော့ ဂျာမန် စာအုပ်တွေ၊ ပြင်သစ်စာအုပ်တွေကို သေတ္တာကြီးတွေနဲ့ မှာပြီးဖတ်သတဲ့။ ပြီးတော့ တစ်နေကုန် ထိုင်ပြီး စာအုပ်တွေဖတ်၊ အရေမရ အဖတ်မရတွေ လျှောက်စဉ်းစား၊ စာပေတဲ့၊ တေးဂီတတဲ့၊ ပန်းချီတဲ့၊ ဘာတွေမှန်းလဲ မသိပါဘူး ဆိုတာလေ"

"စကားလက်က သူ့အဖေ ဂျရယ်အိုဟာရာ ကို ပြန်ပြောတာကတော့ ကော၊ အို . . . ဖေဖေရယ် ဒါကတော့ မိန်းမအပေါ်မှာတည်တာပေါ့၊ မိန်းမက မြှပြင်ပေးရမှာပေါ့ . . . တဲ့"

ကို နဲ့ ကျွန်မ ရယ်မောမိကြတယ်။

ဒီလိုသာ ပြောနေရရင် ကျွန်မအတွက် အရာရာအားလုံးဟာ ပြည့်စုံနေသလိုပါပဲ၊ အစ်မကြီး စကားနဲ့ဆိုရင် တေပေမိုက်မဲနေတာကိုပဲ အဟုတ်ကြီး မှတ်လို့ နေတာပေါ့။

ကျွန်မတို့နှစ်ယောက်ဟာ ဘယ်လောက်များ ပေတေခဲ့ပါသလဲ။

စက်ဘီးလျှောက်စီးတဲ့ နေ့ဒဏ်၊ လေဒဏ်ကြောင့် အသားတွေ ညိုးပြာပြီး နှစ်ယောက်လုံး ပိန်ပိန်လေးတွေ။

ကျွန်မမှာ စက်ဘီးဘားတန်း အရာလိုက်ထင်နေတဲ့ ခွေစောင်းစောင်း ဒဏ်ရာ အညိုစင်းကြီးဖြစ်လာတယ်။

ပိုက်ဆံသုံးရာဟာလဲ ဘယ်လိုမှ သုံးမလောက်ကြတော့ဘဲ ကျွန်မတာ နေ-တနင်္ဂနွေ အိမ်ပြန်ရက်တိုင်းမှာ မေမေ မသိအောင် 'ဘ'နဲ့ မေကြီးဆီက ငွေဖိုးတွင်တွင်တောင်းတတ်ပြီး ကိုကလဲ သူ့အိမ်ကို 'အရေးကြီးသည်၊ ငွေအမြန်ပို့' ဆိုတဲ့ သံကြိုးတွေ ခဏခဏရိုက်တတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ တစ်နေ့တာ အစီအစဉ်လေး နေ့တိုင်း ဆက်လက် လည်ပတ်နေဖို့ကလွဲရင် ဘာကိုမှ ကျွန်မတို့ မတွေးခဲ့ကြပါ။

# ၁၉၇၉-ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

အစိမ်းရောင်တောက်တောက် ဆေးခြယ်ထားတဲ့ ဘီးကလေးနဲ့ ရထားလေး တစ်စင်းဟာ ရှမ်းရိုးမကို ကျောခိုင်း ပြီးရပ်နေတယ်။

ကျွန်မကို အိမ်အပြန် သယ်ဆောင်သွားဖို့လေ။

'ကို' နဲ့ ကျွန်မတို့ တမင်မေ့ထားခဲ့ကြတဲ့ နောက်ဆုံးနှစ် အိမ်အပြန်ဟာ သိပ်ကို မြန်ဆန်စွာ ရောက်လာခဲ့ပြီပဲ။

'ပန်းရိပ်ညို' မှာ ကျွန်မက ဦးဆုံးပြန်ရသူ။

ကျွန်မ အိပ်ရာလိပ်ကို သေချာလိပ်နေတဲ့ မေမေ့မျက်နှာဟာ အလိုလို ပြုံးနေတယ်။

ရှန်သားအဖြူ၊ ပါတိတ်ထဘီအညို၊ ကတ္တီပါဖိနပ် အနက်လေးတို့ကို သတ်စားဆင်ယင်ထားတဲ့ ကျွန်မရဲ့ မေကြီးဟာ အဆောင်ပိုင်ရှင် အန်တီလွင် နဲ့ စကားတွေ အများကြီးပြောခဲ့တယ်။ မေကြီးတစ်ချိန်လုံး နှုတ်နည်း တိတ်ဆိတ် နေခဲ့တဲ့ ပထမဆုံး ကျောင်းရောက်စနေ့ကို ကျွန်မ သတိပြန်ရလာတယ်။

"နှင်းနှင်းရယ်၊ နင်တို့နှစ်ယောက်စလုံးကို ငါအောက်မေ့နေမှာပါ။ ရွှေမျက်မှန်ခမျာ တစ်ယောက်တည်းနေခဲ့ရရှာမှာပဲ" လို့ တိုးတိုးပြောရင်း

www.burmeseclassic.com



သဘောဖြူ အူစင်း အစ်မကြီးက ရှိုက်ကြီးတငင် ငိုရှာတယ်။ မဝေကတော့ ငါ့ဆီစာရေးနော်၊ ငါအရှင်ထုပ်စားတိုင်း နင့်ကို သတိရနေမှာပဲ" တဲ့

စိတ်မကောင်းဖြစ်ပုံရပေမယ့် ဒီလိုပဲ ခွဲခွာနေကျ မြင်တွေ့နေကျ အန်တီလွင်က "နှင်းနှင်းကို နင်ဒီလို ရှစ်တာမြင်တော့ ငါစိတ်မကောင်းဘူး ဟယ်" လို့ မဝေကို နောက်နေတယ်။

ခင်ချိုအေးနဲ့ မေသူက ညက တစ်ညလုံး ကျွန်မ စောင်းသံနား ထောင် လူးလိုမ့်နေပြီး မသိမ်းမဆည်းဘဲ ထားခဲ့တဲ့ စာအုပ်တွေကို သိမ်းဆည်း ပေးကြတယ်။ ကြိုးတန်းပေါ်က အဝတ်တွေရော။

"သမီး နှင်းနှင်း၊ ရေပုံးတို့ ဖလားတို့ရော"

"ရေကန်နားမှာ"

မေမေ ပျာယာခတ်နေသလောက် ကျွန်မက ယောင်တီးယောင်အနဲ့ ရေအိုးစင်နားမှာ အစ်မကြီးတို့နဲ့ ပေကြောင်ကြောင်ရပ်နေမိတယ်။

"ဖြည်းဖြည်းပေါ့ အစ်မကြီးရယ်၊ အနီးလေးပဲ ဟာ"

အန်တီလွင်က ကျွန်မရဲ့ ရေပုံးနဲ့ဖလားကို ယူလာပေးရင်း မေမေ ကို ပြောတယ်။ မေမေက အားနာသလို ပြုံးရင်း။

"ကျွန်မက ရပါတယ်။ နှင်းနှင်းတို့ ဘိုးအေ့ကြောင့်လေ။ မနေ့ညနေကတည်းက သူ့မြေးကို သွားခေါ်ခိုင်းနေတာ၊ ဒီနေ့မနက်ထဲ အစောကြီးရှိသေးတယ်။ မသွားသေးဘူးလား၊ မသွားသေးဘူးလားနဲ့။ ဒါတောင် နောက်ကျတယ် လုပ်ဦးမှာ။ ကျွန်မ မလဲ မနက်က ဒီမလာခင် ဒေသကောလိပ် က အငယ်တွေဆီ ဝင်ခဲ့ရသေးတယ်လေ။ အဲ . . . သူတို့ကျတော့ ရှေ့လကျမှတဲ့ စာမေးပွဲက၊ အဲဒီကျအငယ်တွေ တစ်ခေါက်လာခေါ်ရဦးမယ်"

မေမေက စကားတွေ အလျင်မပြတ် ပြောနေတယ်။ မကြီးကတော့ အန်တီလွင်တို့ ထိုးလက်စ နတ်အုန်းဆိုင်းလေးတွေကို သွားကိုင်ကြည့်ပြီး ပြီးပြီ သား ကြိမ်နတ်အုန်းဆိုင်းတစ်ခုကို ဝယ်နေပြန်တယ်။

"ကျွန်မတို့က ရောင်းတာမဟုတ်ဘူး အမကြီးရဲ့၊ လက်ခစားထိုးတာ လေ။ အလကားနေ အလကားပေါ့ အမေကြီးရယ်"

"ဟုတ်လား တစ်ခုကို ထိုးခ ဘယ်လောက်ရလို့လဲ"



"မရပါဘူး အမေကြီးရယ်၊ တစ်ခုမှ ပြားခြောက်ဆယ်ပါ။ တစ်နေ့ ဆယ်ခုပြီးတော့ ခြောက်ကျပ်ပေါ့။ လုပ်ရတယ် အမေကြီးရေ။ ကျောင်းပိတ် ရင် ကျွန်မတို့ ဘော်ဒါဆောင်တွေလဲ မဟန်တော့ဘူး၊ ဘော်ဒါဆောင်ပိုင်ရှင် တွေ ကြိုးကြိုးစားစား အုန်းဆိုင်း ထိုးကြတော့တာဘဲ၊ ကျောင်းလေးပြန်ဖွင့်မှ"

"ဟုတ်တာပေါ့နော်၊ ကျောင်းဖွင့်တော့ရော အလွင်တို့ တစ်လ ဘယ်လောက်ဝင်သလဲ"

"ကျွန်မအိမ်မှာ လူနှစ်ဆယ်ရှိတယ်လေ။ တစ်ယောက်ကို အစိတ်၊ တစ်လငါးရာပေါ့။ လောက်ရုံပဲ အမေကြီးရေ၊ ကျွန်မက အပျိုကြီးပေမယ့် တူမ နှစ်ယောက်ကို ခေါ်ထားပြီး ကျောင်းထားပေးရတယ်။ အဒေါ်တစ်ယောက်လဲ ရှိတယ်"

"ဪ . . . ဪ၊ ဟုတ်တာပေါ့"

အမေကြီးဟာ ဒီနေ့မှ တကယ့်ကို စကားအများကြီးပြောနေတယ်။ ကျွန်မမှာ မေကြီးပြောတဲ့ စကားကိုတောင်မှ နားထောင်နိုင်စွမ်း မရှိတော့ ပါလား။

"နှင်းနှင်းရေ . . .၊ ချိုကြီးမှာ ရွှေမျက်မှန်တစ်ယောက်တည်း"

အဆောင်တံခါးဝကနေ အော်ဝင်လာတဲ့ စီးစီး တစ်ယောက် သွားလေး တစ်လစ်နဲ့ စကားတစ်ဝက်မှာ ရပ်သွားတယ်။ ဪ စီးစီးရယ်၊ ဘယ်သူများ တကာခံလို့ ဒီနေ့မှာမှ ချိုကြီးကို နင်ရောက်ခဲ့ရတာလဲ။

ဒီအချိန်ဟာ ကို နဲ့ ကျွန်မ ချိုကြီးမှာ လက်ဖက်ရည် သောက်တဲ့ အချိန်။ ဒီအချိန်လေးဟာ ကျွန်မတို့ နှစ်ယောက်တွေ့နေကျလေ။

ကျွန်မ ဒီနားကနေ မြန်မြန် လမ်းလျှောက်သွားရင် ခဏလေးနဲ့ ကျောင်းထဲကို ရောက်သွားနိုင်တာပဲနော်။ ချိုကြီးမှာ ကိုယ်ရှိနေတယ်တဲ့။

ကျွန်မ မနေတတ်တော့ပါ။ ကျွန်မဘာလုပ်ရမလဲ။ ရင်ထဲမှာ နင့်နေပြီး ကျွန်မ ငိုချင်နေပါတယ်။

'သမီး အဝတ်အစား လဲလိုက်ဦးလေ၊ အဝတ်အစားသေတ္တာ သော့ ခတ်ရအောင်'

ပစ္စည်း အတော်များများ ရထားပေါ် ရောက်ကုန်ပြီ၊ မေနှင့်ညနေ

www.burmeseclassic.com

www.burmeseclassic.com



တို နဲ့ စက်ဘီးလျှောက်စီးရင်း ဝတ်ခဲ့တဲ့၊ ကို နဲ့ စတွေ့တဲ့နေ့က ဝတ်ခဲ့တဲ့ ခဲ ဝင်းဒေး ရှပ်အင်္ကျီ မီးခိုးရောင်လေးကို ကျွန်မဝတ်တယ်။ ထဘီအနက်ကတော့ တို့နဲ့ ကျွန်မတို့ရဲ့ ခွဲခွာရခြင်းအတွက် ဝမ်းနည်းတဲ့ အထိမ်းအမှတ်ပေါ့နော်။

အဝတ်အစား သေတ္တာကို ကျွန်မနဲ့မဝေ နှစ်ယောက်မ ပြီး ရထားသ မားကြီးလက်ထဲ ထည့်ပေးပြီးတဲ့ အချိန်မှာတော့ ပန်းရိပ်ညိုကို ကျွန်မ နှုတ်ဆက် ဖို့ အချိန်ကျရောက်ခဲ့ပြီ။

ပြန်တော့မယ် ပန်းရိပ်ညိုရယ်။

အဆောင်ရှေ့ တံတားလေးပေါ်မှာ စုပြုံရပ်ရင်း မျက်ရည်တွေဝဲနေတဲ့ သူငယ်ချင်းတွေကို ကျွန်မ မချစ်ခင်စဖူး ချစ်ခင်လာနေမိတယ်။ ကျွန်မတို့တစ် တွေ လေးနှစ်တောင် တူတူနေခဲ့ကြတာပဲလေ။ သူတို့နဲ့ ကျွန်မ ဘယ်သောအခါ မှ ပြန်ပြီး တွေ့ကြရမှာပါလိမ့် . . . ။

'သွားမယ်နော်၊ အန်တီလွင်၊ အစ်မကြီးမဝေ၊ မိချို၊ မေသူ၊ စီးစီး အား လုံးပဲနော်'

'ကဲ . . . နေခဲ့ကြတော့နော် သမီးတို့'

'နှင်းနှင်း . . . စာရေးနော် သိလား'

'သွားတော့နော် . . . နှင်းနှင်း'

ကျွန်မတို့ရဲ့ ဝမ်းပန်းတနည်း နှုတ်ဆက်သံတွေကို ပန်းရိပ်ညိုကတော့ မဖြုံသလို ကြည့်နေလေရဲ့။ ဪ သူကတော့ ဒီလိုမြင်ကွင်းများစွာကို တွေ့ကြုံ ဘူးခဲ့တဲ့သူကိုး။

အစိမ်းရောင်ဘီးလေးနဲ့ရထား ထွက်ခွာလာခဲ့တယ်။

စံပယ်တစ်ခက်၊ စန်းသီတာ၊ သပြေညို၊ နှင်းသီတာ၊ နှင်းပုလဲ အားလုံး ကို နှုတ်ဆက်ပါတယ်ကွယ်။

ပြီးတော့ ဗောဓိကုန်းအနောက်ရပ် မြွှာရုံဝါဝါလေး၊ မြွှာရုံ လှေကား ထစ်လေးတွေရေ။ နောက်နေ့ညတွေ စောင်းပိုက်လို့ ရောက်လာတတ်သူ တစ် ယောက် မင်းဆီကို မရောက်လာခဲ့ရင် ခွင့်လွှတ်လိုက်ပါနော်။

ရထားလေးက ဗောဓိကုန်းထိပ်ကနေ မြောက်ဘက်ကို ချိုးကွေ့လိုက် တယ်။



ကျွန်မ နောက်ဘက်မှာ မိန်းလမ်းနဲ့ တမာတန်းတို့ ကျန်ရစ်ခဲ့ကြပြီနဲ့ ခွန်ခဲ့တဲ့ လေးနှစ်က ပထမနှစ် ကျောင်းသူလေးတစ်ယောက်ကို ဣန္ဒြေသိက္ခာ ကြီးမားစွာနဲ့ ဝမ်းပန်းတသာကြိုဆိုခဲ့တဲ့ မိန်းအဆောက်အအုံကြီးဟာ ခုတော့လဲ ကျွန်မကို ဣန္ဒြေသိက္ခာကြီးမားစွာနဲ့ပဲ ဝမ်းပန်းတနည်း နှုတ်ဆက်လို့။

တိုင်လုံးကြီးတွေရေ။ ချစ်သူကို လွမ်းလို့ရှိရင် တိုင်လုံးကြီးတွေအောက် လာပြီး စကားပြောတတ်တဲ့ သူတစ်ယောက် ရောက်လာလို့ရှိရင်လေ၊ စိတ် ရှည်ရှည်နဲ့ နားထောင်ပေးလိုက်စမ်းပါ။

နေရစ်ခဲ့တော့ တမာတန်းရယ်။

နေရစ်ခဲ့တော့ ရေနီမြောင်းရယ်။

ရထားလေးက 'အေ' လမ်းဘက်ကို ချိုးကွေ့လိုက်ပြီ။

အို . . . နေရစ်ခဲ့တော့ ရှမ်းရိုးမရယ်။

နေရစ်ခဲ့တော့ မေမြို့လမ်းရယ်။

နေရစ်ခဲ့တော့ ချစ်သူရယ်။

ကျွန်မ မျက်တောင်တွေကို တဖျပ်ဖျပ် ခတ်လိုက်တယ်။ မေကြီးက ကျွန်မ မျက်နှာကို စေ့စေ့ကြည့်လို့။ မေမေကတော့ ကျွန်မကို နည်းနည်းလေးမှ ဂရုစိုက်ထားမိပုံမပေါ်ဘဲ ရထားသမားကြီးနဲ့ စကားကောင်းလို့။

'သမီး . . . ဘာဖြစ်နေလဲ'

'ဟင့်အင်း . . . '

မေကြီးရဲ့ အသံတိုးတိုးကို ကြားရတာ ပိုပြီး ဝမ်းနည်းစရာကောင်းပါ တယ်။ မေကြီးက ငြိမ်သက်သွားပြီး သွားကြားထိုးတံယူဖို့ ရှေ့အင်္ကျီအိတ်လေးထဲ လက်နှိုက်လိုက်တယ်။

မေကြီး အိတ်ထောင်ထဲမှာ လေးနှစ်လုံးလုံး ထည့်ထားခဲ့တဲ့ ကျွန်မရဲ့ ခင်ခါတ်ပုံလေး မရှိတော့ပါ။

အဲဒီအချိန်မှာပဲ ကျွန်မအသည်းနှလုံးတွေ တုန်ခါသွားစေတဲ့အသံကို ကြားလိုက်ရတယ်။ 'တီးတောင် . . . တီးတောင်' ဆိုတဲ့၊ ဘယ်နေရာကပဲ ကြား ကြား ကျွန်မ မှတ်မိတဲ့ စက်ဘီးဘဲလ်သံလေး။

'ကို' ရင်ထဲကနေ ကျွန်မအော်ခေါ်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရထားနောက် ခပ်လှမ်းလှမ်းမှာ ကို လိုက်လာနေတယ်။

စက်ဘီး ဘားတန်းလေးပေါ်မှာ ထိုင်သူမရှိပါ။ မလိုက်ခဲ့ပါနဲ့ ကိုရေ . . . မလိုက်ခဲ့ပါနဲ့။

နှင်းတို့က ဈေးချိုရောက်ရင် အမှတ်(၈)ကားကြီးပေါ် တက်သွား အဲဒီကျ ကို ပြန်သွားရမှာ။ စက်ဘီးလေးတစ်စီးနဲ့ ကို ဘယ်ကိုလျှောက်သွား လဲ။ အဲဒီအချိန်က နှင်းတို့ စက်ဘီးလျှောက်စီးတဲ့အချိန်လေ။

မန္တလေးမြို့ရဲ့ လမ်းမကြီးတွေရယ်၊ စက်ဘီးလေးတစ်စီးနဲ့ ယောက်တည်း လျှောက်လိမ့်နေမယ့် သူတစ်ယောက်ကို နှစ်သိမ့်လိုက်ကြ နော်။

ရထားနောက်ကို တစ်ချိန်လုံး ငေးကြည့်နေတဲ့ ကျွန်မကို မေကြီး ကြည့်လို့နေတယ်။

၂၈လမ်းထောင့်မှာ ဖျပ်ဆို ကွယ် စက်ဘီးလေး ပျောက်ကွယ်သွား ကျွန်မ မျက်ရည်တွေ ပြည့်လျှံလာတယ်။ မေကြီးက 'သမီး'တဲ့။ အသံကတိုး လေး။ ကျွန်မ ငယ်ငယ်တုန်းက အိပ်ရာဝင်ခါနီး 'သမ္ဗုဒ္ဓေ' ရွတ်တဲ့အသံမျိုး

'မငိုနဲ့လေ၊ အင်း . . . သူငယ်လေးလဲ သိပ်မောရှာမှာပဲ'

ကျွန်မ မေကြီးကို အလန့်တကြား မော့ကြည့်လိုက်တော့ မေကြီး မျက်နှာ ဒေါသမရှိပါ။

မေကြီးမျက်နှာပေါ်က သနားကြင်နာခြင်းကို အံ့ဩဝမ်းနည်းနေမိ ကျွန်မဟာ ကူးတို့ဆိပ် အထက်ကနေ စောင့်ကြိုနေတဲ့ ဘ နဲ့ သမီးဆိုတဲ့ အသံ ကြားတာနဲ့ မျက်ရည်တွေ တားမနိုင် ဆီးမရ ကျလာပါတယ်။

ဒါပေမယ့် ဒီမျက်ရည်တွေဟာ ချစ်သူအတွက် ပထမဆုံး ကျရ မျက်ရည်တွေဆိုတာတော့ ကျွန်မတစ်ယောက်ပဲ သိပါတယ်။

ဘုတ်ချပ် မော်တော်လေးဟာ ဆူညံလှတဲ့ စက်သံနဲ့ ဧရာဝတီမြစ်ကို တလူးလူး တလိမ့်လိမ့် ဖြတ်ကူးနေတယ်။

'ထာဝရ ဘဝခရီးအတွက် ခဏတော့ ခွဲကြရမှာပေါ့ နှင်းရယ်' ဆိုတဲ့ ချစ်သူရဲ့စကားကို မြစ်ပြင်လေးနဲ့ တဖျပ်ဖျပ် လွင့်နေတဲ့ အသစ်ကျပ်ချွတ် 'လေဘာ' စာရွက်လေးကိုကြည့်ရင်း ကျွန်မ သတိရနေမိတယ်။

စစ်ကိုင်း မီးသွေးတိုက် ကူးတို့မော်တော် ဘုတ်ချပ်လေးပေါ်မှာ လူ တွေ၊ ပစ္စည်းတွေ ပြည့်သိပ်ကျပ်ညပ်နေကြတယ်။ ကျွန်မဘေးနားမှာ နွားနို့ပုံး အခွံတွေနဲ့ နွားနို့စက်ဘီးတွေ အစီအရီ ထပ်ထားတယ်။ မန္တလေးကို နွားနို့ပို့ပြီး အင်းဝကနေ ဆယ်မိုင်ကျော်ဝေးတဲ့ ရွာတွေဆီ ပြန်ကြရမယ့် နွားနို့စက်ဘီးသမား တစ်စုကို နေလောင်မျက်နှာမည်းမည်း၊ ကွမ်းတဖွီးဖွီးနဲ့ မော်တော်ဦးပိုင်းမှာတွေ့ရ တယ်။ နွားနို့ပုံးတွေဘေးမှာ ရွာတွေဘက်ညအိပ် ကြက်သွားဝယ်မယ့် ကြက်ဘိန်း သမားတစ်စုနဲ့ ကြက်ဘိန်းတွေ၊ ကြက်ခြင်းအခွံတွေ။ နောက်တစ်နေ့ သူတို့ပြန် လာရင်တော့ ကြက်ခြင်းထဲမှာ မျက်လုံးလေးတွေ ပြူးကြောင်ကြောင်နဲ့ ကြောက် ကြောက်အောက်ရင်း ပါလာမယ့် ကြက်ကလေးတွေကို မြင်ကြရလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



စစ်ကိုင်းဈေးက ဈေးရောင်းပြန်လာတဲ့ အဒေါ်ကြီးတွေက မော်တော်နံရံမှာမှီပြီး ငိုက်လို့။ စစ်ကိုင်းဘက်ကျောင်းပြန် ကျောင်းသားလေး နှစ်ယောက်ကတော့ ပြည့်ကျပ်လှူးလိမ့်နေတဲ့ ဘုတ်ချပ်လေးရဲ့ တစ်ခုတည်းသော အသက်ကယ် ဘောကွင်းကို ကိုင်ကြည့်နေကြတယ်။

သံပိုက်ကို ဖြစ်ကတတ်ဆန်းခွေထားတဲ့ ဘောကွင်းအတုလေ။ ဒီထဲမှာ ရေမကူးတတ်တဲ့သူ ဘယ်နှစ်ယောက်ပါမလဲ။ ဘယ်သူမှ မပြောနိုင်ပါ။

မီးသွေးတိုက် ဆိပ်ကမ်းဘက်ကနေ ထွက်လာတဲ့ ဘုတ်ချပ်မော်တော်လေးတစ်စင်းမှာလဲ အသက်ကယ်ဘောကွင်းတစ်ခုပါပါတယ်။ နှစ်စင်းပဲရှိတဲ့ ဒီဘုတ်ချပ်လေးတွေဟာ မီးသွေးတိုက်ဆိပ်ကမ်းနဲ့ စစ်ကိုင်း ဆိပ်ကမ်း အကူးအသန်းအတွက် အင်မတန် အသုံးဝင်ပါတယ်။ ငှက်ထက် အများကြီးမြန်တာကိုး။ ငှက်ကလေးတွေကို လူသိပ်မစီးကြတော့ဘူး။ စစ်ကိုင်းတံတားကြီး ဆောက်တုန်းကလိုပေါ့နော်။

မီးသွေးတိုက် ကူးတို့ကနေ စစ်ကိုင်းဆိပ်၊ စစ်ကိုင်းကနေပြီး မန္တလေးကို သွားဖို့က စစ်ကိုင်းကားလေးတွေက မြန်တယ်။ ဒီတော့ မီးသွေးတိုက်ကူးတို့ကနေ ကူးတဲ့လူ ပိုများလာတယ်။ မီးသွေးတိုက်ကူးတို့က ပိုစည်လာတယ်။

ကျွန်မတို့ အိုးထုတ်တန်းဆိပ် 'ဘ' တို့ရဲ့ ကူးတို့လေးမှာ လူပိုပြီး ခြောက်သွေ့လာတယ်။ ကားတွေလောက်ပဲ 'ဘ' တို့ ကူးတို့ဆိပ်က ကူးတော့တယ်။ အမှတ်(၈)ကားကြီးတွေပေါ်မှာလဲ ဟိုတုန်းကလို လူမပြည့်တော့ပါ။ 'ဘ'တို့လဲ ဒုဋ္ဌဝတီ ဟိုဘက်ကမ်း ဒီဘက်ကမ်းအတွက် ဘုတ်ချပ်ထောင်ဖို့ စဉ်းစားနေကြရပြီလေ။

ကျွန်မတောင်မှ ဒုဋ္ဌဝတီနဲ့ ဧရာဝတီမြစ် အလျှားရှည်ကြီးကို ငှက်နဲ့ အကြာကြီးဖြတ်ပြီး မသွားချင်တာနဲ့ စက်ဘီးနဲ့ မီးသွေးတိုက်ဆိပ်ကမ်းကိုလာ၊ အဲဒီကမှ ဘုတ်ချပ်နဲ့ စစ်ကိုင်းကို ခဏလေးပဲ။ ကူးတို့ကူးခက လူတစ်ယောက်ကို ငါးမူး။ ကျွန်မ ငယ်ငယ်တုန်းကလို ပြားနှစ်ဆယ် မဟုတ်တော့ပါ။ အေးလေ ပြားနှစ်ဆယ်ခေတ်တုန်းက ခေါက်ဆွဲတစ်ဂါလံ ငါးကျပ်ပဲရှိတာကိုးနော်။

စစ်ကိုင်းလေဘာရုံးမှာ လေဘာမှတ်ပုံတင်ရင်း လူတစ်ယောက်နဲ့ဆုံတော့ 'ကို့' ကို သတိရစရာ ဖြစ်ရသေးတယ်။ လေဘာစာရေးက လေဘာမှတ်ပုံ



တင်တဲ့ လူတိုင်းကို 'ဘယ်နှစ်တန်းလဲ ဆယ်တန်းအောင်ပြီးသားလား' ဆိုတဲ့ မေးခွန်းကို မေးတယ်။ ဆယ်တန်းအောင်ဆိုရင် 'က' လား 'ခ' လားဆိုပြီး မေးပြန်တယ်။ မှတ်ပုံတင်မယ့်သူက 'က' ဆို 'က' 'ခ'ဆို'ခ' ဘွဲ့ရပြီးသားဆို ဘွဲ့ရပြီးသား ဖြေရုံပေါ့။

လူတစ်ယောက်ကလေ 'ကို့' လိုပဲ မျက်မှန်နဲ့၊ ပိန်လိုက်တာအရမ်းပဲ၊ တိုက်ပုံလေးကလဲ နွမ်းလို့။ ပုဆိုးလေးကလဲ နွမ်းနွမ်းပါပဲ။

သူ့အလှည့်မှာ စာရေးက ထုံးစံအတိုင်းမေးတယ်။

'ဆယ်တန်းအောင်ပြီးသားလား'

'အောင်ပြီးသား'

'(က)လား၊ (ခ)လား'

'(ခ)။ မဟာဝိဇ္ဇာအပိုင်း (ခ)ပါ'

စာရေးက သူ့ကို အထိတ်တလန့်ကြည့်တယ်။ ကျွန်မနဲ့ ဘေးကလူတွေက အထူးအဆန်းလိုကြည့်တယ်။ သူကတော့ အေးအေးဆေးဆေး မထိတရိ ခပ်တည်တည်။

သူထွက်သွားတာကို ကျွန်မတို့ လေဘာမှတ်ပုံတင်တဲ့ ဘွဲ့ရပြီးသား၊ ဆယ်တန်း(က)အောင်၊ (ခ)အောင်၊ ကိုးတန်း၊ ရှစ်တန်းအောင်တွေအားလုံး ငေးကြည့် ကျန်ရစ်ကြတယ်။

မဟာဝိဇ္ဇာအပိုင်း(ခ)ချစ်သူ တစ်ယောက်ကို ပိုင်ဆိုင်ရရှိထားတဲ့ ကျွန်မရင်က အားလုံးထက် ပိုပူလောင်ပါတယ်။

လေဘာစာရွက်လေးကို ပိုက်ဆံအိတ်ထဲပြန်ထည့်ရင်း ကျွန်မနဲ့ ကိုတို့ သွမ်းတတ်၊ တွယ်တာတတ်တဲ့ စစ်ကိုင်းတံတားနဲ့ စစ်ကိုင်းတောင်မြင်ကွင်းကို မှန်းနိုင်သလို ကြည့်မိပြန်တယ်။ ရေစီးအရှိန်ကြောင့် စစ်ကိုင်းတံတားဘက်ဆီကို ဘုတ်ချပ်လေး ဦးတည်ဆန်တက် ခုတ်မောင်းနေတယ်။ ရွှေကြက်ယက်၊ ရွှေကြက်ကျရဲ့ အလှကိုလဲ မြင်ရတယ်။ ကျွန်မ စနေ၊ တနင်္ဂနွေ အိမ်အပြန် စစ်ကိုင်းကားပေါ်ကဆင်းပြီး 'ကို' စောင့်ကြည့်နေရစ်ခဲ့တဲ့ သပြေတန်း ခံတပ်ကိုလဲ မြင်နေရပါတယ်။

'ရောင်းကောင်းရဲ့လားလို့မေးတာ ဒေါ်မပုရဲ့'

www.burmeseclassic.com

www.burmeseclassic.com



'အင်း . . . အိပ်ချင်မူးတူးနဲ့ မကြားဘူး မမေရေ့၊ ဈေးကတော့ တောင်းလှတယ် မဟုတ်ဘူး၊ ဒီလိုပဲ ကိုယ်စိုက်ထား ပျိုးထားတာလေးတွေ၊ အလေ့ထားနေ အလကားသွားရောင်းတော့ ငါးကျပ်မြတ်တော့ ဆန်တစ်ပြည်ပေါ့။ နှစ်ကျပ်ခွဲမြတ်တော့ ဆန်တစ်ခွက်ပေါ့။ ဆီတစ်ဆယ်သားပေါ့။ ဈေးထဲမှာ ဈေးသည်တွေကလဲ များလာသတော့၊ မမေ ဘယ်ကလာတုန်း မန္တလေးကလား'

'မဟုတ်ပါဘူး ဒေါ်မပုရယ်၊ စစ်ကိုင်းကပါပဲ၊ မပိုက်တို့ ပန်းထိမ်ထားကြီးလေး သွားရောင်းရတာ၊ ပဲသိမ်းဖို့ စရိတ်လိုလို့'

'မမေတို့ ပဲတွေ ရိတ်ရပလား၊ ကျည်းတောက လူငှားတွေရောက်ပြီပေါ့'

'ရိတ်ပြီ၊ မနေ့ကပဲစရိတ်တယ်။ စရိတ်စကနဲ့၊ ဗိုင်သွင်းတာ ဘာညာပြီးရင် ကိုယ့်တွက် ကျန်ကောင်းပါရဲ့၊ ပဲဈေးက အေးနေတယ်၊ ဒီနှစ်အတွက်ထဲ နည်းမယ်ထင်တယ် ဒေါ်မပုရေ၊ အရင်ကများ ပဲသိမ်းပြီးရင် ကျွန်မရွှေတစ်ကျပ်သား တစ်ကျပ်သား အမြဲဝယ်နိုင်တယ်၊ ခုများဖြင့် . . .'

'ခုရွှေဈေးက ဘယ်လောက်တဲ့တုန်း'

'သူတို့ရောင်းဈေးကတော့ ထောင့်တစ်ရာ အစိတ်တဲ့၊ ကျွန်မရောင်းခဲ့တာကတော့ အထည်ပျက်ဈေးပေါ့။ ရှစ်ရာအစိတ်လျော့'

'အင်း၊ အေး . . . ငါတို့ဖြင့် ရွှေတစ်ကျပ်သား တစ်ရာ့ငါးဆယ်တည်းတုန်းကလဲ တစ်ရာ့ငါးဆယ်မရှိလို့ မဝယ်နိုင်ခဲ့ပါဘူး၊ လေးရာ ခေတ်တုန်းကလဲ လေးရာမရှိလို့၊ ခုသာဝေးသေးပေါ့ မမေရေ'

'ဒေါ်မပု တောင်တော်ဆိပ်မှာ မုန့်သွားမရောင်းဘူးလား'

'ရောင်းကောင်းတော့ဘူးအေ့ ကောင်မရဲ့၊ အရင်လိုမစည်တော့ဘူး ဟိုမှာကြည့်ပါလား'

ငိုင်နေမိတဲ့ ကျွန်မ တောင်တော်ဆိပ်ဆီကို သတိတရကြည့်လိုက်တယ်။ ဘုတ်ချပ်လေးက စက်ရှိန်လျှော့ပြီး မီးသွေးတိုက်ဆိပ်ကို ပြန်မျှောဆောင်နေပြီ။ တောင်တော်ဆိပ်ဟာ အရင်လိုမဟုတ်တော့ပါလား။ ကျွန်မတို့ရဲ့ ဆိုင်အပါအဝင် ဝါးလက်ကား ဆိုင်လေးတွေကို လူရှင်းခြောက်သွေ့စွာနဲ့ လှမ်းမြင်ရတယ်။ ကျွန်မ ရှစ်တန်းတုန်းက ဒီလိုအချိန်ဟာ အိမ်ဆောက်ဝါး၊ အလှူမဏ္ဍပ်ထိုး



တွေ သိပ်ရောင်းရတဲ့ အချိန်ပေါ့။ ဩော် . . . မမေ ဒါကြောင့် ခုတလော ညည်းညူတာပေါ့။ ဘွဲ့အသစ်ချပ်ချွတ်နဲ့ ကျွန်မမှာ အလုပ်တစ်ခု အင်မတန်လိုအပ်နေပါပြီ။ ဘွဲ့ရပီအေတီကလွဲရင်ပေါ့။ ဘွဲ့ရတစ်ယောက်အဖို့ အဲဒီထက်ပိုပြီး နည်းနည်းအဆင့်မမြင့်သင့်ဘူးလား။

မူလတန်းပြ ဆရာမတစ်ယောက်ဖြစ်ဖို့ ဆယ်တန်း(ခ)အောင်ရုံနဲ့ ရနိုင်ပါတယ်။ ကျွန်မ အစကတည်းက ဒီလောက်ပဲ မျှော်မှန်းခဲ့ရင် ဆယ်တန်း(ခ)နဲ့ အောင်တဲ့နှစ်မှာ တစ်ခါတည်း ပီအေတီ ဖြစ်သွားနိုင်ပါတယ်။

အရှိန်လျှော့ချ မျှောမောင်းနေတဲ့ ဘုတ်ချပ်လေး ဘေးနားမှာ အတူမျှောချစုန်ဆင်းရင်း ပိုက်ချနေတဲ့ တံငါလှေနှစ်စင်းကို မြင်ရတယ်။ အို တံငါလှေပေါ်က လူကြီးတွေကို ကျွန်မသိပါတယ်။ တောင်တော်ဆိပ်ကမ်းမှာ ဝါးထိုးဝါးဆင်လုပ်တဲ့ အလုပ်သမားကြီးတွေပါ။

ဘုတ်ချပ်လေး မီးသွေးတိုက် ဆိပ်ကမ်းကို လူးလိမ့်လူးလိမ့်နဲ့ တဖြည်းဖြည်းချင်း ကပ်တယ်။ လူတွေဆင်းဖို့ ပျဉ်ပြားချပ်ရှည် တစ်ခုထိုးလာတာနဲ့ အိတ်လေးလွယ်ရင်း ကျွန်မဘုတ်ချပ်ပေါ်က မြန်မြန်ဆင်းလာခဲ့တယ်။ စက်ဘီးအပ်ထားတဲ့အိမ်မှာ စက်ဘီး ဝင်ယူရဦးမယ်။

ကမ်းပေါ်မှာတော့ ဘုတ်ချပ်လေးပေါ် တက်ဖို့စောင့်ရင်း တာစူနေကြတဲ့ လူတွေ၊ ပစ္စည်းတွေ ရှုပ်ယှက်ခတ် ဆူညံလို့။ ကမ်းနားထိပ်တည့်တည့်မှာ ကျွန်မငယ်ငယ်က အလွန်ရင်ခုန် ပျော်ရွှင်စေခဲ့တဲ့ ရှမ်းပန်းနီစကြီး တလွင့်လွင့်နဲ့ လက်ဆိုင်း တငြိမ့်ငြိမ့် တီးသံကြားရတယ်။

'ဟော့ . . . နှင်းနှင်း'

'ကြည့်စမ်း . . . . ခင်စန်းဦး'

ခရီးဆောင်အိတ် အသေးတစ်လုံး၊ ခြင်းလေးတစ်လုံးနဲ့ မျက်မှန်ကြီး တပ်ထားတဲ့ ခပ်ဝဝမိန်းမဟာ ကျွန်မသူငယ်ချင်း ခင်စန်းဦးဆိုတာ မယုံနိုင်စရာ။

အနားရောက်သွားတာနဲ့ ငယ်ငယ်တုန်းကလို ကျွန်မတို့ နှစ်ယောက် ဖက်လိုက်မိကြတယ်။

'နင်ဘယ်သွားမလို့လဲဟင်၊ အိတ်တွေဘာတွေနဲ့'

'ငါ့ယောက်ျားဆီပေါ့ဟဲ့၊ သူက စစ်ကိုင်းမှာ၊ ဒီနေ့ သော်ကြာနေ့လေ

www.burmeseclassic.com

www.burmeseclassic.com



နုတ်ပြန်၊ သဘက်ခါ၊ ငါကျောင်းပိတ်တယ်လေဟာ'

ဟုတ်သားပဲ။ ကျွန်မရယ်ချင်သွားတယ်။ ခင်စန်းဦး ကျွန်မနဲ့အတူ ဆယ်တန်း(ခ)က အောင်တဲ့နှစ်မှာ ဆရာအတတ်သင် တက်သွားတာပဲ။

'နင် အခု ဘယ်ကျောင်းမှာလဲ'

'နည်းနည်းတော့ ဝေးတယ်၊ မြင်းသည်လေ၊ တံတားဦး အနောက်ဘက်ရွာ'

'ဪ. . . အေးအေး၊ နင်ဂျေဖြစ်ပြီလား'

'အေး ဖြစ်ပြီ၊ မနှစ်ကဖြစ်တယ်၊ ဒါပေမယ့် ငါ ဒီစစ်ကိုင်းဘက်ကို ပီအေတီဟဲ့ဒ်နဲ့ ပြောင်းမလားလို့ ယောကျ်ားနဲ့ နီးအောင်လို့'

'ကောင်းသားပဲဟဲ့'

'နှင်းနှင်း၊ နင်ရော အလုပ်ရပြီလား'

'ရှာနေဆဲပေါ့ဟာ၊ ခုလေဘာလုပ်ပြီး ပြန်လာတာ'

'ဟယ်. . .၊ နင် ငါနဲ့အတူ ဆရာမလုပ်ပါလားဟဲ့၊ ငါပြောင်းမယ့် ကျောင်းက ဒီစစ်ကိုင်းအတက်လေးတင်၊ နင်အဝေးလဲ မသွားရဘူး၊ နို့မို့ဆို နင်တို့ ဘွဲ့ရပီအေတီတွေ အကုန် အဝေးချည်းပဲပေါ့'

'ဟင့်အင်း ငါရုံးမှာပဲ လုပ်ချင်တယ်'

နှုတ်ခမ်းတင်းတင်းစေ့ပြီး ချက်ချင်း ကျွန်မငြင်းလိုက်ပြီးမှ စေတနာနဲ့ သူငယ်ချင်းကို အားနာသွားမိပြန်တယ်။

'နင်. . . သွားတော့လေ ခင်စန်းဦး။ ဟိုမှာ ဘုတ်ချပ် ထွက်တော့မှာ'

'အေး . . . ဟုတ်သားပဲ၊ ဒါဖြင့်. . . ငါသွားတော့မယ်နော် နှင်းနှင်း တွေ့ရတာ ဝမ်းသာလိုက်တာဟယ်၊ နောက်မှပေါ့ဟာ၊ ဟော့. . . သန်းသန်းမြင့် လေ ကလေးတွေ အများကြီးနဲ့ သူဌေးဖြစ်နေပြီသိလား၊ ဈေးထဲမှာ ဆေးဆိုင်ဖွင့် တာ'

ခင်စန်းဦးက စကားတွေ အမျှင်မပြတ်ပြောရင်း စက်နှိုးစပြုနေတဲ့ ဘုတ်ချပ်ဆီကို ပြေးဆင်းသွားတယ်။ သူငယ်ချင်းရယ် ပြန်တွေ့ရတဲ့အတွက် ငါလဲဝမ်းသာပါတယ်။ နင်အလုပ်ပေးတာကို ငြင်းဆန်မိတဲ့အတွက်လဲ စိတ်မကောင်းပါဘူး။ ဒါပေမယ့် နင်ကျောင်းအုပ်ဆရာမလုပ်တဲ့ ကျောင်းမှာ ငါက



လက်ထောက်ဆရာမ အဖြစ်နဲ့တော့ ငါမလုပ်ချင်တာ အမှန်ပဲ။ နင်သိရင်တော့ အံ့ဩဝမ်းနည်းမလားဘဲ။

ကိုနဲ့ ကျွန်မ နှစ်ယောက်လုံး နှစ်သက်ခံစားတတ်ကြတဲ့ နတ်ဆိုင်းသံနဲ့ နတ်သီချင်းကို ကမ်းပါးထိပ် နတ်ပွဲဘေးမှာ ကျွန်မ ငေးမောနားထောင်ရင်း တို့ဆီကို ရေးဖို့စာလုံးတွေ ရင်ထဲမှာ အစီအရီ ပေါ်လာတယ်။

'ကိုလိုပဲ ကျောင်းဆရာမလုပ်ခိုင်းတဲ့ ဆယ်တန်းတုန်းက (ခ)စာရင်းအတူအောင်ခဲ့တဲ့ သူငယ်ချင်းတွေနဲ့ တွေ့တယ်။ ဘာရယ်မဟုတ်ပါဘူး ကိုရေ၊ ဂေါ်ကီရေးတဲ့ Literary portrait of tolstoy ဆိုတဲ့ စာအုပ်ထဲမှာ ချက်ကော့ဖ် အကြောင်းရေးတဲ့အပိုင်းက ချက်ကော့ဖ်ပြောတဲ့ ကျောင်းဆရာတွေအကြောင်းကို နှင်းသတိရနေမိတယ်။

'ကျေးလက်တောရွာတွေအဖို့ တတ်သိလိမ္မာပြီး ပညာတတ်တဲ့ ကျောင်းဆရာတွေကို လုံးဝလိုအပ်နေတယ်။ ကျောင်းဆရာဆိုတာ ဇာတ်လိုက်မင်းသားတစ်ယောက်လဲ ဖြစ်ရမယ်။ ကိုယ့်အလုပ်ကို အလွန်ချစ်မြတ်နိုးတဲ့ လူလဲ ဖြစ်ရမယ်။ ကျေးရွာသူ ကျေးရွာသားတွေက ဂရုပြုလေးစားလောက်တဲ့ ပထမတန်းစားလူတွေ ဖြစ်သင့်တယ်။

ဒါပေမယ့် ကျွန်တော်တို့ဆီမှာရှိနေတဲ့ ကျောင်းဆရာတွေက ပညာတတ်တဲ့ လူတွေဖြစ်နေတယ်။ ကျေးရွာသွားပြီး စာသင်ရမယ့်ကိစ္စကို နယ်နှင်ခံရသလို သဘောထားနေကြတယ်။ အငတ်ငတ်အပြတ်ပြတ်လဲ ဖြစ်နေကြတယ်။ အောက်ကျနောက်ကျ ဖြစ်နေကြတယ်။

အသက်မွေးဝမ်းကျောင်းမှု ဆုံးရှုံးမှာကို စိုးရိမ်နေကြတယ်။ ပြီးတော့ သူတို့ကို ကျေးရွာပုလိပ်ကလဲအော်တယ်၊ ဈေးရောင်းတဲ့ သေဌေးကလဲအော်တယ်၊ ဘုန်းကြီးကလဲငေါက်တယ်၊ ကျောင်းနယက လူကြီးကလဲ အော်တယ်၊ ပညာအုပ်လုပ်တဲ့လူကလဲ အော်တယ်။ အဲဒီပညာရေး အခြေအနေတိုးတက်ဖို့ ဘာတစ်ခုမှ မလုပ်ဘဲ ခရိုင်အမိန့်စာတွေအတိုင်း ဆောင်ရွက်ရုံသက်သက်နဲ့ အလုပ်များနေကြတဲ့ လူတွေဟာ လူထုကို ပညာရေးပေးဖို့ တာဝန်လွှဲထားတဲ့ လူတွေ အပေါ်မှာ ကပ်စေးနှဲနေတာဟာ သဘာဝမကျဘူး။

ဒီလိုလူတစ်ယောက်ကို အစုတ်စုတ် အပြတ်ပြတ် ဝတ်ဆင်စေပြီး နှုတ်

www.burmeseclassic.com

www.burmeseclassic.com



နိုးထိုင်းမှိုင်းတဲ့ ကျောင်းမှာ စာသင်ခိုင်းထားတယ်၊ မီးဖိုကအနံ့အသက်ငွေ လုံးထွေးနေတယ်၊ အမြဲတမ်း အအေးမိနေတယ်။ အသက်သုံးဆယ်အရွယ် ရောဂါအမျိုးမျိုး စွဲကပ်နေတဲ့အဖြစ်မျိုးကို သည်းမခံနိုင်ဘူး။ သူတို့ကို လူတွေ အလကားလူတွေ၊ ထုံပေပေ လူတွေလို့ မြင်ကြတယ်' တဲ့။

ဘယ်လိုလဲ၊ ကို ဒီနှစ်ထဲမှာ ကျူတာတွေခေါ်မယ်၊ ကိုယ်ဝင်ငွေ မမလေး ထဘီဖိုးပဲ ရရပေါ့၊ နှင်းရေဆိုတဲ့ ကို့ စာကိုလဲ နှင်းသတိရပါတယ် လောလောဆယ်မှာတော့ နှင်းဟာ ချစ်သူကိုလွမ်းရင်း ငမ်းငမ်းတက် အလု ရှာဖွေနေတဲ့ ဘွဲ့ရအလုပ်လက်မဲ့လေး တစ်ယောက်ပါပဲ'

'ရွှေဆို ရွှေမရှား ငွေဆိုငွေမရှား စိန်ဆိုပတ္တမြားရကြပါစေ၊ ရှ ဖေဖေကျော်က ပို့တဲ့မေတ္တာရေ'

နတ်ကနားပွဲဆီက ကိုကြီးကျော်ချော့သံဟာ စိတ်ကို မြူးကြွပျော်ရွှ လာစေတယ်။ ကိုကြီးကျော် ဖလားထဲမှာ ကျပ်တန်နဲ့ ငါးကျပ်တန်တွေ ပြည့် နေတာမြင်ရတယ်။ မေကြီးနဲ့အတူသွားခဲ့တဲ့ ကျွန်မငယ်ငယ်တုန်းက နတ်ပွဲ လို ဆယ်ပြားစေ့၊ မတ်စေ့လေးတွေကို ဓားပေါ် စီတင်ပေးရတဲ့ ကိုကြီး မဟုတ်တော့ပါ။

ကိုကြီးကျော်ချော့တာပြီးတာနဲ့ ကျွန်မပြန်ဖို့ စက်ဘီးလေးကို စီး ဟန်ပြင်တုန်း နတ်ကနားပွဲ လူအုပ်ကြားထဲကနေ လူတစ်ယောက် ကပျာ တိုးထွက်လာတယ်။ ချွေးသံရွှဲရွှဲ မိတ်ကပ်ရဲရဲ ကိုကြီးကျော် လူဝတ်လဲထား မိန်းမလျှာ တစ်ယောက်ပါပဲ။

'ဟဲ . . . နှင်းနှင်းဦး နေပါဦးဟဲ့'

ဘုရားရေ ခြောက်တန်းတုန်းက သူငယ်ချင်း ညိုလုံးလို ထူးခြား အသံနဲ့ ကျွန်မကို နှုတ်ဆက်သူဟာ။

သနပ်ခါးအဖွေးသား၊ အားငယ်နေတဲ့ မျက်လုံးဝိုင်း ပုတ်ကသ ပုတ်ကလပ်၊ ကျွန်မလိုချင်လှတဲ့ အစိမ်းရောင်ကဗျာစာအုပ်လေးကို ပိုင်ဆိုင်သူ

'ဟယ် . . . အောင်နိုင်ဦး၊ နင်ဘာလုပ်နေတာလဲ'

အောင်နိုင်ဦးက နှုတ်ခမ်းနီရဲရဲ နှုတ်ခမ်းတွေကို ဟန်ပါပါမဲ့ပြတယ်

'မြင်တဲ့အတိုင်းပဲ သူငယ်ချင်းမရယ်'



'ဟင် နင့်ကြီးဒေါ်ကြီး နင့်ကိုမဆူဘူးလား'

'အို: . . သိပ်ဆူ၊ တအားဆူ၊ ခု သူနဲ့ ငါနဲ့ နိုးတော်ကီပဲ'

မဲ့ကာရွဲ့ကာနဲ့ မိန်းမတစ်ယောက်လို ပြောဆိုဝတ်စားထားတဲ့ သူဟာ ငါးတန်း တုန်းက ပုဆိုးစိမ်း၊ လွယ်အိတ်စလွယ်သိုင်းလေးနဲ့ ကျောင်းနဲ့ဆရာတို ကြောက်ပြီး ထွက်ပြေးသွားခဲ့တဲ့ ကျွန်မမုန်းတဲ့ သူငယ်တုံးအောင်နိုင်ဦး ဆတယ်ပဲလား။

'နင်. . ဒါကတာ၊ ပိုက်ဆံဘယ်လောက်ရလဲ'

'အို. . . မရပါဘူး၊ ဒါက အပျော်ပါ၊ ရေစင်သောက်ထားလို့ ငါလာ ချော့ရတာဟဲ့၊ တံတားဦးဈေးနားမှာ ငါဗြူတီပါလာ ဖွင့်ထားတယ်လေ မယ်မင်း ကြီးမရဲ့၊ ဆံပင်ကောက်ချင်ရင်လာ၊ မိတ်ကပ်လိမ်းချင်ရင်လာ'

'ငါ မင်္ဂလာဆောင်ရင် လာခဲ့မယ်လေ၊ ဘယ်နှယ့်လဲ'

'အို. . . သိပ်ရ၊ အရှေ့တောင်အာရှမှာ နင်အလှဆုံး ဖြစ်စေရမယ်'

ကျွန်မ အားရပါးရ ရယ်မောမိလိုက်တယ်။ အောင်နိုင်ဦးဟာ ငယ်ငယ် တလို မတုံးတော့ ပါ။

'အဲဒီ ဗြူတီပါလာဖွင့်တာ တစ်လဘယ်လောက်ရလဲဟင်'

'ကိုယ့်လက်ရာနဲ့ ဆက်ဆံရေးပေါ်မှာ မူတည်တာပေါ့ သူငယ်ချင်းမ ရယ်၊ တစ်လရှစ်ရာလောက်တော့ ကိုယ်ရပါတယ်'

ရှစ်ရာ။ စီးကရက်ကိုမီးညှိနေတဲ့ အောင်နိုင်ဦးကို ကျွန်မငေးကြည့်နေ မိတယ်။ ငါးတန်းကနေထွက်တဲ့ အောင်နိုင်ဦးဆိုတဲ့ မိန်းမလျှာတစ်ယောက် ဟာ တစ်လဝင်ငွေရှစ်ရာရှိပြီး သချာဘွဲ့ရ နှင်းနှင်းဆိုတဲ့ မိန်းမတစ်ယောက်မှာ တစ်လ ဝင်ငွေ ငါးပြားမှမရှိပါ။ ဝမ်းနည်းချင်စရာလဲ ကောင်းပြီး ရယ်စရာလဲ ကောင်းပါတယ်။

'သွားတော့မယ်ဟာ'

'နင် . . . မင်္ဂလာဆောင်ရင် ငါ့ကိုမမေ့နဲ့နော်'

ကျွန်မ စက်ဘီးလေးကို နင်းထွက်ခဲ့တယ်။ ကျုံးဟောင်းကြီးဘေးတစ်လျှောက် နင်းရတဲ့ မန်ကျည်းပင်တန်းတွေနဲ့ သေဒွေးလမ်းဖြူဖြူလေးကို ကျွန်မ ဒီနေ့ စိတ်မဝင်စားပါ။ သမိုင်းအဓိကကျောင်းသား ကျောင်းသူတွေ လာရောက်

www.burmeseclassic.com

www.burmeseclassic.com



လေ့လာသွားဖူးတဲ့ ဗားကရာကျောင်းကြီးကိုလဲ လှမ်းမျှော်မကြည့်ဖြစ်ပါ။ သူ့ရွှေလမ်းဆုံးလို့ မြောက်ဘက်ကျုံးဟောင်းကြီးနားက ကျွန်မတို့ မူလတန်းကျောင်းလေးကို လှမ်းကြည့်မိရင်တော့ လက်ပံပင်ကြီးဟာ ကျွန်မကို ပြုံးပြနှုတ်ဆက်နေပါတယ်။

လက်ပံပင်ကြီးရေ၊ ငယ်ငယ်တုန်းက မင်းအရိပ်အောက်မှာထိုင်ပြီး စကားတွေ အများကြီး ပြောခဲ့ဖူးတဲ့ ကောင်မလေးတစ်ယောက်ဟာ ခုအချိန်မှာ ဘွဲ့ရအလုပ်လက်မဲ့ဘဝနဲ့ အနာဂတ်ပျောက်နေရှာတဲ့ စိတ်တေလေ ကောင်မလေးတစ်ယောက် ဖြစ်လာလိမ့်မယ်လို့ များ မင်းဟိုတုန်းက တွေးခဲ့ပါ့မလားဟင်။

19.12.80

တနင်းလာ၊ ရန်ကုန်

နှင်းရေ . . . .

နှင်းစာ စနေနေ့ကမှ ရတယ်။

ကိုယ်တို့ နက်ဖြန် Personal ဖြေရမယ်။

ဖြေပြီး တစ်လလောက်နေရင် ရီဇတ်အောက်ပြီး ပို့စ်တင် ထွက်မှာပေါ့။

ကိုယ်တို့ မန္တလေးတက္ကသိုလ်ပဲ ပြန်ကျဖို့ များပါတယ်။

Personal ဖြေပြီးတာနဲ့ ကိုယ်ကတော့ ချက်ချင်း ပြန်ခဲ့မှာပဲ။

ရန်ကုန်မှာ ကိုယ်မပျော်ဘူးနှင်းရဲ့။ ဒါတောင် တစ်လပဲနေရတာနော်။ မျက်နှာတက္ကသိုလ်ကတော့ လှပါတယ်။

အင်းလျားကလဲ မပြောင်းလဲသေးဘူး။ သစ်ပုပ်ပင်ကလဲ မပြောင်းလဲသေးဘူး။ ဘွဲ့နှင်းသဘင်ကလဲ မပြောင်းလဲသေးဘူး။ ခု စာမရေးခင်လောင် ဦးယ်ပုဂံလမ်းကို လျှောက်ခဲ့သေးတယ်။ ပုဂံလမ်းဆိုတာ အင်းလျားဆောင်အေး

www.burmeseclassic.com

www.burmeseclassic.com



နားတာ တက္ကသိုလ်ဆရာကြီးတွေ နေတဲ့လမ်းလေ။ ဆရာမင်းသုဝဏ်တို့၊ ဆရာဇော်ဂျီတို့ နေသွားတဲ့လမ်းပေါ့ကွယ်။

ရန်ကုန်တက္ကသိုလ်မှာ ကိုယ်အားကျမိတာကတော့ အနုပညာအသင်းရဲ့ လှုပ်ရှားမှုတွေပဲ။ အနားယူခန်းမကြီးထဲမှာ ဆိုင်းခန်း၊ ပတ္တလားခန်း၊ စောင်းခန်း၊ စန္ဒရားခန်း၊ ပြဇာတ်ခန်း၊ အကခန်း၊ သူ့အခန်းလေးတွေနဲ့သူ။ စန္ဒရားတီးကြ၊ စောင်းတီးကြ၊ အကသင်ကြ၊ ပြဇာတ်တိုက်ကြတဲ့၊ အဲဒီထဲမှာ လက်ဖက်ရည်ဆိုင် လဲ ရှိတယ်။ နှင်း သိပ်သဘောကျမှာပဲ။

ဒါပေမယ့် ရန်ကုန်လူနေမှုကိုတော့ နှင်းသဘောကျမှာ မဟုတ်ဘူး။ တစ်မျိုးပဲ။ ကိုယ်တို့ အညာစရိုက်နဲ့ သိပ်ကိုက်မယ် မထင်ဘူး။ အိမ်ဈေးတွေကလဲ သိပ်ကြီးတာပဲ နှင်းရေ။ အိမ်စပေါ်တွေလေ။ အောက်ထပ်တစ်ခြမ်းကို စပေါ် ငါးထောင်လောက်ပေးရသတဲ့။ မြို့ထဲမှာဆို သောင်းချီတောင်းတာတဲ့။ ကိုယ်တို့ တော်သေးတာပေါ့နော်။ ကိုယ်တို့လက်ထပ်ပြီးရင် (ကိုယ်လဲ ထုံပေပေ ကျောင်းဆရာလေးဖြစ်ရင်ပေါ့လေ)ဇောတိကုန်းနားမှာပဲ ခြံဝင်းလေးနဲ့ အိမ်သေးသေးလေးတစ်လုံး ငှားနေကြတာပေါ့။

အင်း ခုချိန်ဆိုရင် ကျောင်းဆရာမ လုပ်ရမှာ ကြောက်ပြီး စာရေးမ တစ်နေရာအတွက် အသည်းအသန် အလုပ်ရှာနေရှာတဲ့ ကောင်မလေးတစ်ယောက်ဟာ ကြွေချိုင့်အဝါလေး တစ်ဖက်ကဆွဲ၊ တစ်ဖက်က တိုက်ပန်းကန်ပြား တစ်ချပ်၊ ဇွန်းနှစ်ချောင်း၊ လက်သုပ်ပဝါ တစ်ထည် ထည့်ထားတဲ့ ဆွဲခြင်းလေး ကိုင်ပြီး သူ့'ဘ' ကုးတို့ဆီကို ထမင်းသွားပို့ နေရှာရော့မယ်နော်။

နှင်းစာထဲမှာပါတဲ့ နှင်းထမင်းသွားပို့ရင်း နှင်းငယ်ငယ်တုန်းက သိပ်ကြောက်တဲ့ 'ဦးတေနောင်' ကြီးနဲ့ ပြန်တွေ့လို့ ရင်တွေ တထိတ်ထိတ် တုန်ပြီး ကြောက်နေမိသေးတယ်ဆိုတဲ့ စာကြောင်းလေးကို ဖတ်ပြီး ကိုယ့်မယ် သနားပြီး ရယ်မိသေးတယ်။

နှင်းဆိုတဲ့ ကောင်မလေးတစ်ယောက်ဟာလေ တစ်ခါတလေကျ သနားစရာ၊ ရယ်စရာကောင်းပြီး၊ တစ်ခါတလေကျတော့လဲ ခပ်စပ်စပ်လေး ရှိုက်ချင်စရာကောင်းအောင် ခေါင်းမာလှပါလားဟင်. . . .။ ဘာတဲ့၊ ကို တက္ကသိုလ်ဆရာဖြစ်ဖို့ သေချာသလောက်ရှိတဲ့အတွက် နှင်းမှုလတန်းပြဆရာမ



မလုပ်ဖို့ဆိုတာဟာ ပိုပြီး သေချာသွားပါပြီတဲ့။ ခွေးမလေး စနေသမီး မာနတိုးလေး။

ကျောင်းဆရာမ မလုပ်ချင်တာ တစ်ခုတည်းနဲ့ ဖွတ်စာရေးမ လုပ်မယ်လို့ ကြုံးဝါးနေတဲ့ ကောင်မလေးတစ်ယောက်ကို ချက်ကော့ဖ်ရဲ့ ဝတ္ထုလေးတစ်ပုဒ်ပြောပြရဦးမယ်။ Death of the cleark လို့ အမည်ရတဲ့ ဗြူရိုကရေစီ ယန္တရားဒဏ်ကြောင့် သေတောင်သွားရရှာတဲ့ စာရေးလေးတစ်ယောက်အကြောင်းလေ။

တစ်နေ့မှာ စာရေးလေးတစ်ယောက်ဟာ အော်ပရာ ကပွဲတစ်ခုကို အထူးတန်းရဲ့ နောက်က ဒုတိယခုံတန်းမှာ သွားကြည့်တယ်တဲ့။ စာရေးလေးဟာ သိပ်ကိုကြည့်လို့ကောင်းနေတုန်း ရုတ်တရက် ဟတ်ချိုးဆိုပြီး နှာချေချလိုက်မိတယ်။ ချေလိုက်မိပြီးမှ စာရေးလေး သွားသတိထားမိတာက သူ့ရှေ့တည့်တည့် ထိုင်ခုံမှာ ထိုင်နေတဲ့သူဟာ လားလား . . . သူတို့မြို့ရဲ့ အကြီးဆုံး လမ်းပန်းဆက်သွယ်ရေး အရာရှိကြီး ဖြစ်နေတာကိုး။ စာရေးလေးက ချက်ချင်းပဲ ရှေ့ကိုကုန်းပြီးတော့ သူနှာချေမိတဲ့အတွက် တောင်းပန်တယ်။ ဘာမှမသိတဲ့ အရာရှိကြီးကတော့ ကိစ္စမရှိဘူး ဆိုပြီး အော်ပရာကိုပဲ စိတ်ဝင်စားနေတယ်။ ဒါကိုပဲ စာရေးလေးက ထပ်တောင်းပန်တော့ အရာရှိကြီးက စိတ်တိုလာရော။ 'ငြိမ်ငြိမ်နေစမ်းပါကွာ၊ ငါ အော်ပရာက အသံတွေကို နားထောင်စမ်းပါရစေ' လို့ ပြန်ပြောတယ်။ အဲဒီမှာတင် စာရေးလေးက တအားကြောက်သွားပြီး သူ့ကို အရာရှိကြီးက စိတ်ဆိုးသွားပြီ ထင်လိုက်တယ်။

အားလပ်ချိန်လဲ ရောက်ရော စာရေးလေးက အရာရှိကြီးနား ပြေးကပ်သွားပြီး ထပ်တောင်းပန်ပြန်တယ်။ အရာရှိကြီးက စိတ်မရှည်နိုင်တော့ဘဲ 'သွားစမ်းပါကွာ၊ မင်းပြောတာတွေ ငါဘာမှ မသိဘူး' လို့ ပြောလိုက်တော့ စာရေးလေးမှာ ပိုဆိုးသွားတာပေါ့။ အဲဒါနဲ့ အော်ပရာပြီးတော့ စိတ်မချမ်းမသာနဲ့အိမ်ပြန်လာပြီး မိန်းမကိုပြောတယ်။ 'ငါတို့ ဌာနက အရာရှိကြီးတော့ မဟုတ်ပါဘူးကွာ။ ဒါပေမယ့် ဒီလို၊ ဒီလိုဖြစ်ခဲ့တယ်' လို့ပြောတော့ 'အို . . ရှင့်အရာရှိ မဟုတ် ပေမယ့် သူဘယ်လိုလုပ်မယ်ဆိုတာ ရှင်သိနိုင်ပါ့မလား၊ နောက်ထပ်တစ်ခါတော့ တောင်းပန်သင့်တာပေါ့' တဲ့။

မနက်ရောက်တာနဲ့ စာရေးလေးဟာ ရုံးယူနီဖောင်း အသစ်လေး ဝတ်

www.burmeseclassic.com

www.burmeseclassic.com



သပ်သပ်ရပ်ရပ်ဝတ်၊ ဆံပင်လေးကိုလဲ သပ်သပ်ရပ်ရပ် ညှပ်ပြီး အရာရှိကြီးနဲ့ ရုံးခန်းတို့ သွားတယ်။ အရာရှိကြီးက အခြားသူတွေနဲ့ အလုပ်ရှုပ်နေတယ်။ အရာရှိကြီး အလုပ်တော်တော်ပြီးတဲ့အချိန်မှာ ရုတ်တရက် မော့ကြည့်လိုက်တော့ သူ့တို့မြင်တယ်။ အဲဒီအခါ သူက ထစ်တီးထစ်အနဲ့ 'ကျွန်တော်နာရေတာ တောင်းပန်း ခွင့်လွှတ်' လို့လဲ ပြောလိုက်ရာ'အဓိပ္ပါယ်မရှိတာတွေကွာ' လို့ အရာရှိကြီးက တစ်ခွန်းပဲပြောပြီး တခြားတစ်ယောက်ဘက် လှည့်သွားတယ်။ သူ့တို့ လှည့်မကြည့်တော့ဘူး။ ပြီးတော့ သူ့ရဲ့ အနားယူတဲ့ သီးသန့်ခန်းထဲကို အရာရှိကြီး ဝင်သွားတော့တယ်။

စာရေးလေးဟာ မျက်နှာဖြူဖတ်ဖြူရော်နဲ့ သူတောင်းပန်ချင်တဲ့ စကားတွေကို တတွတ်တွတ်ရွတ်ပြီး အိမ်ပြန်လာတယ်။ အိမ်မှာကျတော့ စာနဲ့ ရေးတောင်းပန်ဖို့ စိတ်ကူးမြန်တယ်။ ဒါပေမယ့် ရှိုင်းရာကျနေပ့ါမယ်လေ၊ ငါ့ကို ပိုစိတ်ဆိုးသွားဦးမယ်ဆိုပြီး နောက်တစ်နေ့ကျ အရာရှိကြီးဆီကို တစ်ခါသွားပြန်တယ်။ အဲဒီအခါကျတော့မှ အရာရှိကြီးက ဝေါက်ထုတ်ပစ်လိုက်တယ်။

အရာရှိကြီး ဝေါက်ထုတ်လိုက်တဲ့ အသံဟာ စာရေးလေး ရင်ထဲမှာ တစ်ခုခုနဲ့ ပြင်းပြင်းထန်ထန် ထိုးနှက်လိုက်သလို ခံစားလိုက်ရပြီး အလွန်စိတ်ညစ်စွာနဲ့ လမ်းတကာကို စက်ရုပ်တစ်ရုပ်လို လျှောက်သွားနေမိရင်း အိမ်ကို ဘယ်လိုပြန်ရောက်လာမှန်းတောင် မသိတော့ဘူး။ အိမ်လဲရောက်လို့ ခုတင်ပေါ်ကိုလဲ လှဲချလိုက်ရော စာရေးလေးဟာ ရုံးယူနီဖောင်းလေး ဝတ်ဆင်လျက်နဲ့ဘဲ သေဆုံးသွားရှာတယ်တဲ့။

ဝတ္ထုလေးကတော့ ဒါပါပဲနှင်းရေ။

နှင်းပြုံးမိအောင်လို့ပါ။ စိတ်ဓာတ်မကျပါနဲ့နှင်းရယ်။ အိမ်မှာ အလကားနေရတဲ့ ဘဝကြီးကို စိတ်ကုန်လှပြီလို့လဲ ခဏခဏ မညည်းနဲ့နော်။ နှင်းတစ်ယောက်တည်းမှ မဟုတ်တာဘဲနှင်းရဲ့။

ကိုယ်ပြန်လာရင် နှင်းအတွက် စာအုပ်တွေ ဝယ်ခဲ့မယ်။ နှင်းဆီကို လာခဲ့မယ်နော်။ ပထမတစ်ခါတုန်းကလိုတော့ နှင်းမေမေက ကိုယ့်ကို မေးခွန်းတွေအများကြီး မမေးတော့ဘူးထင်ပါရဲ့။ အမေကြီးကလဲ 'စိန်ဖေကြီး'နဲ့ ကျွေးမယ်ထင်ပါရဲ့နော်။



နောက်ပြီးတော့ နှင်းရေ။ ကိုယ်ပို့စ်တင်ကျပြီလို့ လာပြောတဲ့ အခေါက်တုန်းကလေ၊ ကိုယ့်ဖေဖေနဲ့ မေမေကိုပါ ခေါ်လာခဲ့တော့မှာနော် နှင်း. . .။

မျိုးနိုင်

www.burmeseclassic.com

၁၉၈၁-ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မမျက်နှာတစ်ခုလုံး တင်းကျပ်နေပြီး တစ်ကိုယ်လုံးလဲ လေးလံ နေတယ်။ ကျွန်မဘေးမှာ အမွှေးနံ့တွေ အဝတ်အစား အသစ်နံ့တွေဟာ မူးနောက်ချင်စရာ ကောင်းတယ်။ တစ်ယောက်တစ်ပေါက် စကားပြောသံတွေနဲ့ ဆူညံသံတွေ ကြားမှာ ယစ်မူးသာယာဖို့ အကောင်းဆုံးကတော့'မြို့မ' ရဲ့ ဂီတသံ။

'မြို့မ' ရဲ့ ဂီတသံနဲ့ ချစ်သူမျက်နှာကတော့ သတို့သမီးကျွန်မကိုရင်ခုန် ကြည်နူးစေပါတယ်။

သိင်္ဂီရွှေဝါ ပုဆိုးရွှေဖလားရောင်၊ စတစ်ကော်လာအဖြူ တိုက်ပုံအဖြူ နဲ့ 'ကို' ဟာ သတို့သားပုံထက် အသစ်စက်စက် တက္ကသိုလ်နည်းပြဆရာ ပေါက်စ လေးပုံ ပေါက်နေတယ်။ 'ကို'နားမှာ တစ်ချိန်လုံးရယ်ပြီး စကားပြောနေကြတဲ့ သူ့သူငယ်ချင်းတွေကလဲ တက္ကသိုလ်ဆရာပေါက်စ ဂိုက်အပြည့် ဖမ်းထားတာ ပါပဲ။ ကိုစိုင်းဝဏ္ဏ။ ကိုအေးကျော်၊ ကိုသိန်းထွန်းဖေ။

အလှပြင်ပေးတဲ့ အမျိုးသမီးက ကျွန်မကို စိတ်တိုနေတယ်။

မနက်သုံးနာရီမှာ စပြီး ပြင်ရမယ်လို့ သေချာမှာထားရတာနဲ့ ကျွန်မက အိပ်ပျော်နေလို့တဲ့။ သုံးနာရီခွဲလို့ တစ်အိမ်လုံးက အိပ်ရာတွေမှာ

www.burmeseclassic.com



လိုက်ရှာတော့လဲ ကျွန်မကို မတွေ့လို့တဲ့။ ဘယ်တွေ့မလဲ။ ကျွန်မက မေကြီးတို့ အိမ်မှာ သွားအိပ်နေတာ။ ပြီးတော့ ဆွေမျိုးတွေနဲ့ စကားပြောနေတာရယ်၊ နှစ်အိမ်လုံး မှာ အိပ်စရာနေရာ ရှားပါးလွန်းလို့ လိုက်ရှာနေရတာရယ်နဲ့ ကျွန်မ အိပ်ရတာ နှစ်ချက်ထိုးနေပြီဥစ္စာ။ ခုတင်အသစ်၊ မွေ့ရာခြင်ထောင်၊ စောင်အသစ်နဲ့တွေ စုံရှုနေတဲ့ မင်္ဂလာဦးအိပ်ရာမှာလဲ ကျွန်မ မအိပ်ချင်ပါဘူး။

မေမေ့စိတ်တိုင်းကျ ကျွန်မတို့ရဲ့ မင်္ဂလာဦး အိပ်ရာခမ်းနားတွေကို သားသမီးမွေးဖွားတဲ့ အသက်ခြောက်ဆယ်ရှယ် ငယ်လင်ငယ်မယား ဘကြီးအေး တို့က ပြင်ဆင်ပေးထားတယ်။ အပြာနုရောင် အားလုံးလွှမ်းနေတဲ့ မင်္ဂလာအိပ် ရာခမ်းနား။ မေမေ စိတ်တိုင်းကျဆိုပေမယ့် အရောင်ရွေးတာမှာတော့ မေမေ သိပ်သဘောမကျဘူး။ မင်္ဂလာရောင်ဆိုတာ ပန်းရောင်နဲ့ ရွှေဖလားရောင်ပဲတဲ့။ သူတုန်းက ပန်းရောင်လုပ်ခဲ့တာတဲ့။ ဟင့်အင်း ကျွန်မက မကြိုက်ဘူး။ အပြာနု ရောင်ဟာလဲ အေးမြမင်္ဂလာရှိတဲ့ အရောင်ပါပဲ။

'လည်ပင်းမော့ထားစမ်း သမီး'

'ရှေ့ ဒါ ဆံထုံးဘေးမှာ စိုက်ဖို့'

'ပန်းရော၊ အောက်က ရေအိုးစင်မှာ သွားယူချေစမ်းတစ်ယောက်'

မေမေ့အသံ၊ ဒေါ်ဒေါ်အသံ၊ အမေကြီးအသံ။ အားလုံးဟာ အရေး တကြီး နိုင်နေကြပြီး မျက်စိမှိတ်ပြီး မော့ထားတဲ့။ ကျွန်မလည်ပင်း၊ တဖြည်းဖြည်း လေးလာတယ်။ အားလုံးပြီးလို့ မှန်ကြည့်လိုက်ရင် ကျွန်မ ဘယ်လိုဖြစ်နေမှာလဲ။ သတို့သမီးဆိုတာ အမြင်သာကြည့်လို့ ကောင်းပြီး နေရတာကတော့ အင်မတန် တင်းကျပ်လေးလံပြီး စိတ်မသက်သာစရာ ကောင်းပါလား။

အိမ်ပေါ်ဝရံတာဘက်က ညီမလေးနှစ်ယောက်နဲ့ သူတို့သူငယ်ချင်း တက္ကသိုလ်ကျောင်းသူအုပ်စုရဲ့ ပြင်သံဆင်သံ၊ အတောမသတ်နိုင်တဲ့ ရယ်မောသံ တွေ ကြားရတယ်။

ကျွန်မပြင်တာဆင်တာကို ထံခါးပေါက်နားကနေ ငြိမ်ငြိမ်လေး လာရပ် ကြည့်နေတဲ့ 'ကို့' မေမေ (ကျွန်မရဲ့ မေမေပဲပေါ့နော်) ကိုမြင်ရတယ်။ အရပ်ပုပု အသားညိုညို၊ မျက်နှာလုံးလုံး ၊ သေးသေးသွယ်သွယ် နဲ့ အင်္ကျီနုံ့သာရောင် ဝဝါအဖြူ ခြုံထားတဲ့ ကို့မေမေရဲ့ မျက်လုံးနဲ့ နှာတံဟာ ကို့ရဲ့ မျက်နှာနဲ့နှာတံ။



မနေ့ညက 'မြို့မ' မတီးခင်မှာ စိပ်ပုတီး တချောက်ချောက်စိပ်ပြီး မျက်မှန်ကြီး တဝင့်ဝင့်နဲ့ မဏ္ဍပ်ထဲမှာ လမ်းလျှောက်နေတဲ့ အဘိုးကြီးတစ် ယောက်ကို 'ကလေး သူက ဘယ်သူလဲဟင်'လို့ ကျွန်မကို မရဲတရဲ မေးတဲ့ 'ကို့' ဖေဖေဟာ ဘာကို ရှက်ကြောက်အားနာမှန်း မသိတဲ့ မျက်နှာနဲ့ ပြတင်းပေါက်နားမှာ ရပ်နေတယ်။

မနေ့ညက 'အဲဒါ မြို့မအဆိုတော် ဦးဖူးအုံ့လေ ဖေဖေ' လို့ ကျွန်မ ပြောလိုက်တုန်းက 'ဟင် . . . သူက သီချင်းဆိုမှာ' ဆိုပြီး အင်မတန် အံ့ဩသွား တဲ့ မျက်နှာကို မြင်ယောင်ရင်း ကျွန်မရယ်ချင်လာတယ်။ ကျွန်မ ဖေဖေနဲ့ ကို့ ဖေဖေတို့ရဲ့ အေးဆေး ရှက်ကြောက် အားနာ စရိုက်တွေဟာ တိုက်ဆိုင်စွာ သွားပြီး တူနေကြတယ်။

'ကဲ. . . ပြီးပလား၊ အင်္ကျီ လုံချည်မလဲခင် တစ်ခါတည်း ခြေချင်း ဝတ်ထားလိုက်'

မေမေ့အသံကြောင့် ကျွန်မလန့်ဖျပ်သွားပြီး ချက်ချင်းပဲ

'ဟင့်အင်း . . . ခြေချင်း ဘာလို့ ဝတ်ရမှာလဲ ၊ မေမေကလဲ ခြေကျင်း တ ခေတ်မှ မရှိတော့တာ'

အလှပြင်တဲ့ မန္တလေးသူ အမျိုးသမီးငယ်က ပြုံးတုံ့တုံ့ မျက်နှာနဲ့ ကျွန်မရှုက်တယ်။

'အို . . ဘာခေတ်မမီရမှာလဲ၊ ခြေချင်းဝတ်တာ အမြဲတမ်း တျက်သရေ ရှိတယ်၊ သတို့သမီးဆိုတာ ခြေချင်းပါမှ ပြည့်စုံတယ်'

'အို . . . မဝတ်ချင်ဘူး၊ မေကြီး'

ကျွန်မက ထုံးစံအတိုင်း အားကိုးရာ အမေကြီးကို တိုင်တည်တယ်။ နံ့သာဖြူ ၊ ကရက်မက်တွေ မွှေးကြိုင်ပြီး ရွှေဘီးကော့ကော့လေး ပတ်ထားတဲ့ မေကြီးမျက်နှာဟာ သိပ်ချစ်ဖို့ ကောင်းတာပဲ။ ကျွန်မကို အမြဲတမ်း အလိုလိုက် ခဲ့တဲ့မျက်နှာ။ မြေးစိတ်ချမ်းသာဖို့ တစ်ခုတည်းအတွက် သူ့ရင်ခွင်ထဲက ဆွဲထုတ် သွားမယ့် သူကိုတောင် ချစ်ခင်ကြည်ဖြူနိုင်တဲ့ သတ္တိတွေရှိခဲ့တဲ့ ကျွန်မရဲ့ ဘွားအေ။ သမီးဦးအိမ်ထောင်ပြုတာကို နှမြောတွန့်တိုနေတဲ့ မေမေ့ကြောင့် ခမ်းနည်းစိတ်ကောက်နေတဲ့ ကျွန်မကို မေကြီးမကြည့်ရက်နိုင်လို့ ထင်တယ်

www.burmeseclassic.com

www.burmeseclassic.com



တုန်းကလိုပဲ မကြည့်ရက်နိုင်ခဲ့ပါ။

'တလေး မဝတ်ချင် မဝတ်ပါစေနဲ့အေ၊ လမ်းလျှောက်လို့ ဘယ်ကောင်းမလဲ'

'ဟုတ်တယ် . . . မေမေ'

မေမေက သိပ်မကျေနပ်ဘူး။ 'သဘော၊ သဘော' ဆိုပြီး အဝတ်တွေနဲ့ အထပ်ထပ် ရစ်ပတ်ထားတဲ့ ခြေချင်းလေးနှစ်ကွင်းကို ပြန်သိမ်းနေတယ်။ ငယ်ငယ်တုန်းက အလှူမှာ နားဖောက်သည် လုပ်ရသလိုပါပဲလား။

'နှုတ်ခမ်းနီလေး၊ နည်းနည်းထပ်ဆိုးလိုက်ရအောင် နော်'

အလှပြင်တဲ့ အမျိုးသမီးကို ကျွန်မ ခေါင်းမော့ပြီး ပါးစပ်ဟပေးလိုက်ရတုန်း မဏ္ဍပ်ထဲ 'မြို့မ' ဆီက 'သံသာကမ်းတိုင်' ဆိုတဲ့ ခင်အုန်းမြင့်ရဲ့ အသံသာသာလေးကို ကြားလိုက်ရတယ်။

'ခဏလေး . . . ခဏခဏ'

ငယ်ငယ်ကတည်းက 'မင်္ဂလာမောင်မယ်' သီချင်း အစကို ကြက်သီးချမ်းမြထပြီး ခံစားမြဲ၊ စွဲလမ်းမြဲ ကျွန်မက သူ့လက်ကို တွန်းဖယ်လိုက်တာပေါ့ အလှပြင်တဲ့ အမျိုးသမီးက ကြောင်ပြီးကြည့်နေတယ်။ အသာနေစမ်းပါ။ ကျွန်မသိပ်ဝါသနာပါတဲ့၊ မေမေတို့လုပ်ချင်တဲ့ ဒီလိုမင်္ဂလာပွဲကြီးကို လက်ခံတဲ့အချက်မှာ ဒီသီချင်းကြောင့်လဲ ပါတယ်ဆိုတာ ဘယ်သူမှ မသိကြပါဘူး။

အကြိုက်ချင်းတူတဲ့ 'ကို' နဲ့ ကျွန်မ အကြည့်ချင်း ဖျတ်ခနဲဆုံတယ်။ 'နှင်းကလေ . . . နှင်းတို့လက်ထပ်ရင် ဘယ်နားမှာ ဘယ်လိုပဲ လက်ထပ်လက်ထပ် 'အတိုင်းမသိ' နဲ့ 'မင်္ဂလာမောင်မယ်' ကိုတော့ ကက်ဆက်လေးနဲ့ဖြစ်ဖြစ် ဖွင့်ထားချင်တယ်' ဆိုတဲ့ ကျွန်မကို 'ကို' က 'ကျေနပ်ပြီလား' ဆိုတဲ့မျက်နှာနဲ့ ပြုံးကြည့်နေတယ်။

'မဏ္ဍပ်ထဲဆင်းဖို့ နောက်ကျနေပြီမနှင်းရဲ့၊ ငြိမ်ငြိမ်နေပါဆို၊ ဒီမှာနှုတ်ခမ်းနီတွေ စွန်းကုန်ပြီ'

အလှပြင်တဲ့ အမျိုးသမီးက ကျွန်မကို စိတ်မရှည်နိုင်တော့ဘူး။ အို. . ပြီးပဲမပြီးနိုင်တော့ဘူးလား။ 'မြို့မ' က 'မုန့်စား' သီချင်းနဲ့ 'သက်ဆေ' ဆိုနေတယ်လေ။



'ဟာ . . . ငါ့သမီးက တယ်လှတာကိုးကွ'

လှေကားပေါ်ကအဆင်း 'ဘ' အသံကို ကြားရတာ ကျွန်မ မျက်ရည်ဝဲချင်လာတယ်။ ငယ်ငယ်တုန်းက ကျွန်မ ဂါဝန်အသစ်ဝတ်ပြီး ထွက်လာတိုင်း၊ စကတ်အသစ်ဝတ်ပြီးထွက်လာတိုင်း၊ အင်္ကျီအသစ်ဝတ်ပြီး ထွက်လာတိုင်း ဒီလိုပဲပြောခဲ့မြဲ 'ဘ' ရဲ့ အသံဟာ ဟိုတုန်းကအတိုင်းပဲ မပြောင်းလဲခဲ့ပါလား။

မဏ္ဍပ်ထဲက လူတွေများစွာကို သတို့သမီး ဘဝနဲ့ကြည့်ရတာတာတစ်မျိုးကြီးပါပဲ။ ကျွန်မကို သူပြင်မပေးရလို့ စူပုပ်ပုပ်မျက်နှာနဲ့ မဏ္ဍပ်ထောင့်တစ်နေရာမှာ ထိုင်နေတဲ့ အောင်နိုင်ဦးမျက်နှာ။ မူလတန်း ကျောင်းအုပ်ဆရာမကြီး ခင်စန်းဦးမျက်နှာ။ ဆေးဆိုင်ပိုင်ရှင် သေဌေးကတော် သန်းသန်းမြင့်မျက်နှာ။ 'ပန်းရိပ်ညို' အဆောင်ပိုင်ရှင် အန်တီလွင်နဲ့ မမမြ၊ မမဝင်းတို့မျက်နှာ။ ကျွန်မထက် တစ်နှစ်စောဘွဲ့ရပြီး ကျွန်မလိုအလုပ်မရှိသေးတဲ့ အိုကိုဆင်းသူငယ်ချင်း 'မိချစ်' ရဲ့မျက်နှာ။

ကို့ လက်မောင်းကို မှီတွဲထားတဲ့ ကျွန်မဟာ အိပ်မက်ထဲ လျှောက်နေရသလိုပဲ။

ကိုယ်တို့လက်ထပ်တဲ့ အချိန်မှာ လူတွေကို ပီတိမျက်ရည်ကျစေချင်တယ်ဆိုတဲ့ စောင်းသမားကြီး ကို့ရဲ့ အစီအစဉ်အတိုင်း စောင်းတွေ ပြိုင်တူတီးခတ်ပြီး 'မစိမ်းစိမ်း' နဲ့အခါတော်ပေးသံဟာ ဇမ္ဗူဂီတကို ရင်ထဲမှာ စွဲနှစ်ပြီးသား အညာသူ၊ အင်းဝသူ အဘွားကြီးတွေရဲ့ ပီတိမျက်ရည်ကို ချူယူနိုင်စွမ်းရှိပါတယ်။

ကျွန်မလျှောက်လာတုန်း မျက်ရည်တွေနဲ့ အဘွားကြီး တစ်ယောက်ကကုလားထိုင်ပေါ်ကနေ လှမ်းပြီး လက်ကိုဆွဲတယ်။ 'နှင်းနှင်း၊ ဘွားဆင်ကြီးလေ' တဲ့ . . .။ ဆံပင်တွေဖြူဖွေးပြီး ခေါင်းတဆတ်ဆတ်တုန်ရီနေရှာပြီ ဖြစ်တဲ့ဘွားဆင်ကြီးဟာ ကျွန်မငယ်ငယ် အလွန်ဆိုးသွမ်းတဲ့ အချိန်တုန်းက အရပ်ထဲမှာနာမည်ရလည်ရောင်းတဲ့ မုန့်သည်ကြီးပေါ့။ သူ့ဆီက နေ့တိုင်း မုန့်ပျစ်သလက် မစားရရင် လူးလိမ့်ငိုကြွေးတတ်တဲ့ ကျွန်မအတွက် အိမ်ကထွက်ကတည်းကအကောင်းဆုံး၊ အဖောင်းဆုံး မုန့်ပျစ်သလက်ကို ဈေးဗန်းထဲမှာ ဝှက်ယူလာခဲ့ရှာတဲ့သူပေါ့။

www.burmeseclassic.com

www.burmeseclassic.com

မေကြီးနားကနေ 'ကြည့်စမ်းပါဦး၊ ကြည့်စမ်းပါဦး' ဆိုပြီး မျက်ရည်ကျနေတဲ့ ဘွားချစ်စုကတော့ ကျွန်မငယ်ငယ် ဆိုးသွမ်းချိန်၊ မေကြီးနဲ့ မုံရွာသမ္ဗုဒ္ဓေ ဖိုးဝင်းတောင် ဘုရားသွားဖူးတုန်းက ကျောပိုးတက်ရတဲ့ မေကြီးကျောပေါ်ကနေ စိတ်ကောက်ငိုယိုမဆုံးတဲ့ ကျွန်မကို ကြံရာမရစိတ်တိုတိုနဲ့ ကွေးနေအောင် ဆိတ်ပြီး အငိုတိတ်စေခဲ့သူပေါ့။

ကျွန်မတို့အိမ်က ဝါးပေါပေါ်နဲ့ အကျယ်ကြီးဆောက်ထားတဲ့ မင်္ဂလာစင်မြင့်ပေါ်မှာ ဘိုးဘွားမိဘ ဆွေမျိုးတွေကို ကန်တော့ပြီး မင်္ဂလာစကားပြောမယ့်ဘိသိက်ဆရာက ဘိသိက်ပန်း ခရမ်းရောင်လေးတွေနဲ့ သပြေပန်းတွေဝေနေတဲ့ ငွေဖလားကြီးထဲက ရေထဲမှာ ကျွန်မတို့နှစ်ယောက်ကို လက်ထပ်ပေးလိုက်တော့ ကျွန်မတို့နှစ်ယောက်လုံး ရယ်ချင်နေကြတယ်။ ရေထဲမှာ ခဏနှစ်ထားရတဲ့ အချိန်မှာ ကို့လက်ကို ကျွန်မ ဆိတ်ဆွဲလိုက်တယ်။ ကို့ တိုက်ပုံအင်္ကျီလက်ဖျားရော၊ ကျွန်မ ဇာအင်္ကျီလက်ဖျားရော ရေတွေနဲ့ ရွှဲစိုလို့။ ကျွန်မ ငယ်ငယ်ကတည်းက အင်မတန်ကြိုက်တဲ့ မန္တလေး 'အောင်' ကိတ်မုန့်တိုက်က မုန့်တွေချထားတဲ့ စားပွဲတွေကို လှမ်းကြည့်ရင်း ကိုက်လိုက်ရင် ဖောက်ခနဲမြည်တဲ့ မုန့်လုံး ငါးလုံးလောက်ကို စားချင်စိတ်ကလဲ ရင်ထဲမှာ ဖြစ်လို့။

၁၉၈၁ ခုနှစ်၊ မတ်လ သုံးရက်နေ့ လေဘာမှတ်ပုံတင်ထားတာ တစ်နှစ်ပြည့်တဲ့အချိန်၊ ကို တက္ကသိုလ်နည်းပြ ဆရာပေါက်စလေးဖြစ်ပြီး ပိုစတင်ကျတဲ့အချိန်မှာ ကျွန်မတို့ လက်ထပ်လိုက်ကြတယ်။

ကို ပိုစတင်ကျတဲ့နေရာက ရန်ကုန်တက္ကသိုလ်တဲ့လေ။

'လိုရာခရီးကို ခလုတ်မထိ၊ ဆူးမငြိ၊ အန္တရာယ်ကင်း၊ ဘေးရှင်းစွာနဲ့ ရောက်ပါစေ။ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ သားတစ်ရာ ၊ မြေးတစ်ဖျာ ရတဲ့ထိ ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းရပါစေ၊ တနင်္ဂနွေသားနဲ့ စနေသမီး လေးကို အစစ အရာရာ ဘေးရန်ကင်းရှင်းအောင် သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များက စောင့်ရှောက်တော်မူကြပါ။ စနေသမီးလေးလဲ အလုပ်မြန်မြန် ရအောင် 'မ' တော်မူလိုက်ကြပါ။

ဆူညံ ပျော်ရွှင်ရယ်မောခဲ့ကြတဲ့ မနေ့ကနဲ့ ဘာမှမဆိုင်သလို ငြိမ်သက်တိတ်ဆိတ် ခြောက်ကပ်နေတဲ့ ကျွန်မတို့အိမ်ထဲမှာ 'ဘ' နဲ့ မေကြီးနဲ့ မေမေရဲ့ ဆုပေးသံပဲ လွှမ်းခြုံနေတယ်။ ဘယ်လိုမှ ထိန်းမရအောင် မျက်စိမျက်နှာ ပျက်နေတဲ့ ဖေဖေက အသံမထွက်ဘဲ တိုးတိုးလေး ဆုပေးနေတယ်။

မနေ့က သစ်လွင်တောက်ပနေခဲ့တဲ့ အပြာနုရောင် မင်္ဂလာခန်းဆီးတို့ မြင်လို့ မရတော့ပါ။ မင်္ဂလာခုတင်က ဝယ်လာခါစအတိုင်းလို စက္ကူပုတ်တွေနဲ့ မီးဖိုခန်းထောင့်တစ်နေရာမှာ။ ဇင်ပြာမင်္ဂလာမွေ့ရာက ပုဆိုးဟောင်းတွေနဲ့ ထုပ်ပြီး တုတ်တန်းပေါ်မှာ။ တက်ထရွန် အပြာနုရောင် ခေါင်းအုံးလေးလုံး

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအုံးတွေ ထည့်တဲ့ ကျွန်းသေတ္တာကြီးထဲမှာ။ တရုတ်ငွမ်းကပ်စောင် အပြာ ဖွင့်ကြီးတွေနဲ့ ခြင်ထောင်၊ တရုတ်အိပ်ရာခင်း အပြာနုရောင်တို့က ဗီရိုထဲမှာ ယက်ဖွဲ့ပစ္စည်းတွေက ကြောင်အိမ်အသစ်တစ်လုံးထဲမှာ သော့ခတ် သိမ်းဆည်း လို့။

အိမ်ရှေ့မှာ ကျွန်မယူသွားမယ့် ပစ္စည်းတွေက သံသေတ္တာတစ်လုံး အိပ်ရာလိပ်တစ်လိပ်၊ ဆွဲခြင်းတစ်လုံး၊ အားလုံးဟာ ကျွန်မကျောင်းသွားတုန်း က ပစ္စည်းလေးတွေပေါ့။ ဒါပေမယ့် ဆွဲခြင်းထဲမှာ ပါတာတွေကတော့ ဝက်သားကြော်ပုလင်း၊ သရက်သီးဆီစိမ်ပုလင်း၊ ခရမ်းချဉ်သီးကြော်ပုလင်း မုန့်ပုလင်းတို့ မဟုတ်တော့ပါဘူး။ မလိုလဲလိုလဲ ဧည့်သည်လာရင် သုံးဖို့ လက်ဖက်ရည် အချိုပန်းကန်စုံဂျပ်သေတ္တာလေး (လက်ဖက်ရည် အချိုပန်းကန် စုံတွေ လက်ဖွဲ့အများကြီးရတယ်လေ) တစ်ခု၊ ဓာတ်ဘူးတစ်လုံး၊ ရေနွေးပန်းကန် လုံးလေးတွေ၊ အပ်ချည်ဘူး၊ ထမင်းချိုင့်တစ်ချိုင့်၊ ရေဘူး၊ ဇွန်းနှစ်ချောင်း၊ လက် သုတ်ပုဝါ တစ်ထည်တို့ပါတယ်။

ဒီပစ္စည်းလေးများနဲ့ ကျွန်မ ချစ်သူနောက်ကို လိုက်ဖို့ အဆင်သင့် ဖြစ်နေပါပြီ။

ရန်ကုန်မှာ ကျွန်မတို့နှစ်ယောက်အတွက် နေစရာက ပြောသာပြော ထားတာ သိပ်မသေချာဘူးလေ။ သေချာပြီဆိုမှ အိမ်ထောင်တစ်ခုအတွက် ဆို အပ်တဲ့ ပစ္စည်းတွေ ပြန်သယ်ရမှာ။ ခုလောလောဆယ်မှာတော့ ကျွန်မတို့ နှစ်ယောက်မှာ ထမင်းဟင်း ချက်စရာ မီးဖိုချောင်ပစ္စည်းလဲ တစ်ခုမှမပါဘူး။

ဘေမိကုန်း အဆောင်မှာထားတဲ့ 'ကို့' အဝတ်အစားသေတ္တာ၊ အိပ်ရာ လိပ်နဲ့ စာအုပ်သေတ္တာရယ်၊ ကို့စောင်လေးရယ်ကို မန္တလေးမှာ ဝင်ယူရမယ်။ ကျွန်မရဲ့ စလင်းဘက်အနက်လေးထဲမှာ ငွေနှစ်ထောင်ကျော်ပါတယ်။

"သားရယ် . . . မောင်မျိုးနိုင်၊ နှင်းနှင်းကို မင်းမပါဘဲ ဘယ်မှမသွား စေနဲ့နော်၊ သမီးကလဲ တစ်ယောက်တည်းဘယ်မှမသွားနဲ့၊ မန္တလေး၊ အင်း မဟုတ်ဘူး သိလား၊ အိမ်မှာနေတုန်း ကျောင်းက မောင်မျိုးနိုင်က အခေါ်လွှတ် လိုက်တာပါလို့ လာခေါ်လဲ လိုက်မသွားနဲ့၊ ဟိုနားမှာ စောင့်နေတယ်ဆိုလဲ မလိုက်နဲ့၊ မောင်မျိုးနိုင် ကိုယ်တိုင် လာခေါ်မှ ယုံ သိလား"



"ဟုတ်ကဲ့၊ စိတ်ချပါ မေကြီး"

'ကို' က ပြုံးနေတယ်။ ကျွန်မကတော့ ဘာမှပြောချင်စိတ်မရှိလှဘဲ ငိုင်နေမိတယ်။ ရင်ထဲမှာ ဆို့နင့်တင်းကျပ်တဲ့ ဝေဒနာကို ကျွန်မ ဘာလို့ ခံစား နေရသလဲ။ ဒီဝေဒနာနဲ့ ကျွန်မ ပထမနှစ်ကျောင်းသူဘဝ ကျောင်းသွားခါနီး ဖြစ်တဲ့ ဝေဒနာတို့ဟာ တစ်ထပ်တည်းပါပဲလား။

"နှင်း . . . သွားရအောင်လေ"

နူးညံ့တဲ့ ကို့အသံကို အနီးကပ် ကြားရပြန်တော့လဲ ရင်ထဲမှာ လှုပ်ရှား သွားပြီး ကို့ကို ချစ်တဲ့စိတ်တွေနဲ့ တင်းကျပ်နေတဲ့ စိတ်တွေ လျော့ပါး သွားသလိုပဲ။

ကိုနဲ့ကျွန်မ အတည်ဆောက်ချင်ဆုံး နှစ်ယောက်ကမ္ဘာလေးဆီကို ကျွန်မတို့ သွားရတော့မှာလေ။ ဒါကို ကျွန်မ သိပ်မျှော်လင့်ခဲ့တာ မဟုတ်လား။ သိပ်ပျော်ချင်ခဲ့တာဟုတ်လား။

"မမနှင်း . . . ရော့၊ ငါ့လက်ဆောင်"

ကျွန်မရဲ့ အငယ်ဆုံးမောင်လေး လှပျိုပေါက်လေးရဲ့ လက်ဆောင်၊ ကျွန်မ နှစ်သက်တတ်တဲ့ ရောင်စုံလက်ကိုင်ပဝါလှလှလေးတွေ။

သိပ်ဝမ်းနည်းစရာကောင်းတာပဲ၊ မန္တလေးဘူတာကျရင် ကျောင်းကနေ ညီမလေးနှစ်ယောက်လာပြီး နှုတ်ဆက်ကြဦးမယ်။

"မင်း . . . မမနှင်းက မင်းလက်ကိုင်ပဝါတွေကို ဖျောက်ပစ်ဦးမှာပါ ကွာ၊ သူ့လက်ထဲကို ပစ္စည်းသုံးခုထည့်ပေးလို့ရှိရင် တစ်ခုကို ချပစ်ခဲ့ရော၊ လက်ကိုင်ပဝါပဲ အမြဲတမ်းချတယ်။ ငါပေးတဲ့ လက်ကိုင်ပဝါလေးတွေဆို တစ်ခု မှ မရှိတော့ဘူး"

ကိုက ကျွန်မတို့ မောင်နှမနှစ်ယောက်ရဲ့ ဝမ်းနည်းစိတ်တွေကို ပြေ သွားဖို့ ကြိုးစားတယ်။ မောင်လေးက ရယ်ပြီး 'ဟုတ်တယ်၊ မမနှင်းက' တဲ့။ ကျွန်မက တိုးတိုးလေးပြောလိုက်တယ်။

"မောင်လေး လက်ကိုင်ပဝါကို ငါမကိုင်ဘဲ သိမ်းထားမှာပေါ့"

"တဲ . . . လာ လာ ၊ သွားကြရအောင်၊ မန္တလေးကျ ပစ္စည်းတွေ ဘာတွေ ဝင်ယူရဦးမှာနဲ့၊ ကလေးတွေ နေမြင့်နေမယ်"

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူ၊ စိတ်လောတတ်တဲ့ ဘ က ပစ္စည်းတွေကို ခေါ်ထားတဲ့ ရထားပေါ် တင်ခိုင်းတယ်။ သူ့လက်စွဲတော် စက်ဘီးကြီး ကို ကပျာကယာ တွန်းထုတ်လာတဲ့ ဖေဖေက ကွဲစရာပါတဲ့ ဆွဲခြင်းကို စက်ဘီးကယ်ရီယာပေါ်မှာ တင်တယ်။ ပြီးတော့ ရထားနောက်ကနေ စက်ဘီးနင်းပြီး ရေဆိပ်ကို လိုက်သွားတော့တယ်။

ဘ၊ မေကြီး၊ မေမေ၊ မောင်လေး၊ ဒေါ်ဒေါ်နဲ့ ကျွန်မတို့ရယ် ဘတ်ကူးတို့ဆိပ်ကို လမ်းလျှောက်သွားခဲ့ကြတယ်။

ဘယ်သူမှ မသိအောင် ကျွန်မ အိမ်နှစ်အိမ်ကို လှည့်ကြည့်နှုတ်ဆက်လိုက်တယ်။ အိမ်နှစ်အိမ်ရေ ငါကျောင်းသွားတုန်းကလို တစ်ပတ်နေရင် ပြန်လာခဲ့မယ်လို့ ငါနှုတ်ဆက်လို့ မရတော့ဘူး။ အနည်းဆုံးကဟာ တစ်လလောက်နေရမှာ။

"သားတို့ သင်္ကြန်တွင်း ကျောင်းပိတ်မယ် မဟုတ်လား"

မေကြီးက ကိုကို မေးပြန်တယ်။ ကိုက အားနာသလိုပြုံးရင်း . . .

"ပြေ ကျောင်းပိတ်ရက်မှာ တောင်တွင်းက မိဘတွေက ကျွန်တော်တို့အတွက် မင်္ဂလာဆွမ်း ကျွေးချင်သေးတယ်တဲ့ မေကြီး၊ အဲဒါ"

"ဪ . . . ဟုတ်သားပေါ့၊ သွားလိုက်ကြလေ"

မေကြီး မျက်နှာညှိုးသွားတာ ကျွန်မ မြင်လိုက်ပါတယ်။ ကျွန်မတွဲထားတဲ့ မေကြီးလက်တွေ ချွေးစေးတွေနဲ့ စွတ်စို အေးစက်နေကြတယ်။ ရေဆိပ်ရောက်တော့ ကျွန်မတို့ပစ္စည်းတွေ ငှက်ပေါ်တင်ပြီးနေပြီ။

"ကဲ . . . ငါ့သမီး သွားတော့၊ လိမ်လိမ်မာမာနေနော် . . ."

ဘ က ကျွန်မခေါင်းကို ကိုင်ပြီး သူ့နဖူးနဲ့တိုက်ပြီး နှုတ်ဆက်တဲ့ အချိန်မှာ မေကြီးမျက်နှာပေါ်က မျက်ရည်တွေကို ကျွန်မ မြင်လိုက်ရတယ်။

"သမီး . . . သွားတော့မယ်"

ငိုချင်စပြုလာတဲ့ ကျွန်မက မေကြီးလက်ကို ဆတ်ခနဲ ဖြုတ်ပစ်ခဲ့ပြီး ငှက်ပေါ်တက်ခဲ့တယ်။ ကိုက ကျွန်မလက်ဖျားတွေကို လှမ်းဆုပ်ထားတယ်။

မေမေနဲ့ မောင်လေး၊ ပြီးတော့ ဒေါ်ဒေါ်၊ ပြီးတော့ ဖေဖေ။ ဖေဖေက သူ့စက်ဘီးကြီးကိုမှီပြီး အဝေးကို ငေးနေခဲ့တယ်။ ကျွန်မတို့ဆီကို မကြည့်ခဲ့ဘူး။

ညရောက်ရင် သူတို့အားလုံး ညအမြန်ရထားပေါ်က ကျွန်မတို့ကို



သတိရနေကြလိမ့်မယ်။ ရထားပေါ်မှာ ကျွန်မက ချစ်သူပခုံးပေါ်မှာ မှီတွယ်အိပ်ပျော်နေတဲ့အချိန်မှာ မေကြီးတစ်ယောက် ကျွန်မနဲ့အတူအိပ်နေကျ အိပ်ရာလေးမှာ ဘယ်လိုနေရှာမလဲ။

မေကြီးရေ ပြန်တော့လေ။ သမီးကို ရပ်ကြည့်မနေပါနဲ့တော့။ ငှက်ထွက်ခင်လေးမှာ မေကြီးဆီကို ကျွန်မ လှမ်းကြည့်တယ်။ အို . . . မေကြီးရဲ့ ရှုံ့သားအကျီအဖြူရှေ့ အိတ်ထောင်လေးထဲမှာ ကျွန်မရဲ့ လိုင်စင်ဓာတ်ပုံလေး ပြန်ရောက်နေပါပကောလား။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ပထမဆုံးအကြိမ် စီးဖူးတဲ့ လိမ္မော်ဝါရောင် အမြန်ရထားကြီး ရန်ကုန်ဘူတာကြီးမှာ ရပ်လိုက်ကတည်းက အရာရာအားလုံးဟာ ကျွန်မတို့ အစိမ်းသက်သက် ကြိုဆိုနေကြတယ်။ ပထမဆုံးအကြိမ် ရောက်ဖူးတဲ့ ရန်ကုန်မြို့ ဟာလဲ ကျွန်မအတွက် အစိမ်းသက်သက်ပါပဲ။

တစ်သက်လုံး ရှူရှိုက်ကြီးပြင်းခဲ့တဲ့ အညာနံ့ အညာလေတွေ ကျွန်မ နားတစ်ဝိုက်မှာ မရှိတော့တာကို ကျွန်မသိနေတယ်။ ရန်ကုန်ရဲ့ အနံ့ကို ကျွန်မ ကြိုးစားရှူရှိုက်ရဦးမယ်။ ရန်ကုန်ရဲ့ အနံ့ဟာ ကျွန်မအတွက် ချိုမြိန်စေ မှာလား ခါးသီးစေမှာလား ကျွန်မ မသိနိုင်သေးပါ။

ရန်ကုန်ဘူတာကြီးရဲ့ တိုင်ကြီးတစ်ခုနားမှာ ပစ္စည်းတွေနဲ့ ကျွန်မတို့ ထားရစ်ပြီး ကို ကားသွားငှားတော့ ကျွန်မလေ ရင်တထိတ်ထိတ်နဲ့။ မျက်နှာကို လဲ ခပ်တည်တည် လုပ်ထားရတယ်။ ပိုက်ဆံပါတဲ့ စလင်းဘက်လေးကိုလည်း ခပ်တင်းတင်း ဆုပ်လို့။ ကို ငှားလာတဲ့ လေးဘီးကား အပြာလေးပေါ် ရောက်မှ နည်းနည်း စိတ်အေးသွားတော့တယ်။ ဒီလေးဘီးကားမျိုးလေးကိုလဲ ကျွန်မ ပထမဆုံးအကြိမ် စီးဖူးခြင်းပါပဲ။



"နှင်း ဆာနေလားဟင်"

"ဟင့်အင်း"

ကတ္တီပါ နီညိုရောင်လေး စွပ်ထားတဲ့ သူ့စောင်းကို တယုတယ ပွေ့ထားတဲ့ ကို က ကျွန်မ လက်ဖျားလေးတွေကို လှမ်းဆုပ်တယ်။ ကို နဲ့ ကျွန်မ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးမိကြတယ်။

"နှင်းတို့က ခု ဘယ်ကို သွားမှာလဲဟင် ကို "

"တက္ကသိုလ်နားကိုလေ၊ မြကန်သာလမ်း ဆိုတာပေ့ါ"

"နာမည်လေးက လှသားပဲနော်၊ အင်းလျားနား နီးလို့လား"

"နီးတယ်လေ နှင်းရဲ့၊ အဲဒီနားက ကိုယ်တို့ တေမိကုန်းလိုပဲ အဆောင် တွေများတယ်၊ ခုအခန်းကိုလဲ အဆောင်နေတဲ့ ကိုယ့်သူငယ်ချင်း တစ်ယောက် ကို ပြောခိုင်းထားတာလေ။ ရမှာပါပဲ"

"မရရင် နှင်းတို့ ဒီနေ့ည ဘယ်လိုလုပ်မလဲ၊ အမျိုးတွေဆီ သွားမလား"

"ရမှာပါ နှင်းရယ်၊ စိတ်မပူစမ်းပါနဲ့၊ ကိုယ်သေချာ မှာထားခဲ့တာပါ"

"အဲဒီအခန်းက စပေါ်ပေးရမှာပေ့ါနော်၊ ဘယ်လောက်ပေးရမှာလဲ မသိဘူး၊ အိမ်လခရော"

"ကိုယ်လဲ မသိသေးဘူးလေ၊ ရောက်တော့မှ သိရမှာပေ့ါ နှင်းရဲ့၊ စိတ်မပူပါနဲ့၊ စပေါ်ပေးရလဲ ပေးတာပေ့ါ၊ ဘာဖြစ်သလဲ၊ ပိုက်ဆံမလောက်ရင် အိမ်လှမ်းမှာလိုက်မှာပေ့ါ"

ကို့ ကို ကျွန်မ နှုတ်ခမ်းကိုက်ပြလိုက်တယ်။

"ဘာလဲ၊ အရေးကြီးသည် ငွေအမြန်ပို့ လုပ်ဦးမလို့လား ကိုက၊ နှင်းတို့ နှစ်ယောက် သဘောတူထားတယ်လေ၊ အိမ်ကပိုက်ဆံ ပြန်မတောင်းကြေး၊ ကိုယ့်ခြေထောက်ပေါ်မှာပဲ ကိုယ်ရပ်ပြီး ကိုယ့်အိမ်ထောင်ကို ထူထောင်မယ် ဆိုတာလေ"

"ဟုတ်ပါတယ် မမနှင်းရယ်၊ ကျွန်တော်မျိုးကြီး မမေ့ပါဘူးခင်ဗျာ ဒါပေမယ့် ကျွန်တော့်မေမေ က အငယ်ဆုံးသား ကျွန်တော့်ကို ငွေလိုနိုင် စိတ်ဆင်းရဲမခံနဲ့၊ သံကြိုးရိုက် ငါ့သားလို့ မှာထားလို့ပါခင်ဗျာ၊ မမ မကြိုက်ရင်လဲ ကျွန်တော် မမှာတော့ပါဘူး၊ ကျေနပ်ပြီလား ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ကို နော်၊ သွား"

ကျွန်မက ကို့လက်မောင်းကို ဆွဲဆိတ်လိုက်တယ်။

"နှင်း အလုပ်ရရင် အားလုံး အဆင်ပြေသွားမှာပါ။ နှင်းကို အလုပ်မြန်မြန်ရအောင် ရှာပေးနော် ကို"

"အေးပါ နှင်းရယ်၊ ရှာပေးမှာပေ့ါ၊ ကဲ . . ပတ်ဝန်းကျင်လေး ဘာလေးကြည့်စမ်းပါဦး၊ စကားတွေချည်း ပြောနေတာပဲ၊ ဟိုမှာ မြန်မာ့အသံလေးဒီဘက်မှာ လိပ်ခုံး"

"ဒကာမတွေကို လိုက်ပြတဲ့ ဘုန်းကြီးလေသံကြီးနဲ့ မလုပ်နဲ့တွာကားသမားကြီးကို ရှက်ပါတယ်"

"နှင်း နော်"

ကိုက ဆုပ်ထားတဲ့ ကျွန်မ လက်တွေကို အတင်းဖျစ်ညှစ်ထားတယ်။ မျက်မှန်အောက်က မျက်လုံးတွေကတော့ ပျော်ရွှင်ရယ်မောလို့။

"ကျောင်းနား ရောက်တော့မယ်လေ နှင်း"

"မြန်သားပဲနော်၊ ကားခ ဘယ်လောက်ပေးရမလဲ ဟင် ကို "

"ရှစ်ကျပ်"

"ဈေးကြီးတာပေ့ါနော်"

"တက္ကစီကို နှင်းရဲ့၊ ဘတ်စ်ကားဆိုရင်တော့ ဈေးချိုတာပေ့ါ၊ ရန်ကုန်ဘတ်စ်ကားတွေက ဘယ်စီးစီး တစ်ယောက် ပြားသုံးဆယ်ပဲ"

"ဟုတ်လား၊ ဒါပေမယ့် လူတွေက အရမ်းကျပ်တာပဲ၊ ဟိုမှာကြည့်ပါလား"

"နှင်းတို့ စက်ဘီးလေး ယူလာလို့ရရင် သိပ်ကောင်းမှာပဲ"

"ရန်ကုန်မှာ စက်ဘီးမစီးကြဘူးနှင်းရဲ့၊ ကားတွေ ဒါလောက်များတဲ့ထဲဘယ်စီးလို့ရမှာလဲ"

"ကားတွေကို ကြည့်ရတာ မူးချင်စရာကောင်းတယ်"

"နှင်း ဒါ လှည်းတန်းလေ၊ ဒီမီးပွိုင့်ကနေ ဟိုဘက်ကို သွားတဲ့လမ်းမကြီးက အင်းစိန် လမ်းမကြီး၊ ဒီဘက် ကိုယ်တို့သွားမယ့်လမ်းက ပြည်လမ်းအရှေ့ဘက်တက်သွားတဲ့လမ်းမကြီးက ကုက္ကိုင်းလမ်းမပေ့ါ၊ ဟိုမှာ ကျောင်းဝင်း



ကို မြင်ရတယ်လေ၊ ကိုယ်တို့ဌာနကိုတောင် မြင်ရတယ်"

"ဟင် . . . ဘယ်လိုကြီးမှန်းလဲ မသိဘူး"

ကျွန်မစိတ်ထဲမှာ ရန်ကုန်တက္ကသိုလ်ရဲ့ တွေ့စဦးအရသာကို မနှစ်ခြိုက်နိုင်ပါ။ ရထားလေးနဲ့ သွားခဲ့ရတဲ့ မန္တလေး တက္ကသိုလ်ရဲ့ တွေ့စဦးလိုကျွန်မရင်ကို မခုန်စေပါ။ အုံ့ဆိုင်းညို့မှိုင်း စိမ်းစိုနေတာလေး တစ်ခုကတော့ လွမ်းစရာကောင်းသားပဲ။

"ဟိုမှာ အင်းလျားကန်ဘောင်လေ" လို့ ကို လက်ညှိုးထိုးပြတဲ့ နာမည်ကျော် အင်းလျားကို ကျွန်မ ငေးကြည့်နေမိချိန်မှာပဲ ကားလေးက အနောက်ဘက် လမ်းသွယ်လေးတစ်ခုထဲကို ချိုးဝင်လိုက်တယ်။ မြကန်သာက နာမည်လှပေမယ့် လမ်းကသိပ်ဆိုးတာပါပဲလား။ လမ်းထဲကို ကားလေး တလူးလူးတလိမ့်လိမ့်နဲ့ တော်တော်ဝင်ပြီးမှ ကိုက ရပ်ခိုင်းတယ်။ လမ်းထိပ်အစက တွေ့ခဲ့ရတဲ့တစ်ထပ်တိုက်၊ နှစ်ထပ်တိုက် လှလှလေးတွေ မဟုတ်တော့ပါ။ ခေါင်မိုး ပြန့်ပြန့်ကြီးတွေနဲ့ ရန်ကုန်ပုံစံ သစ်သားအိမ် ခနီမိုး အိမ်ကြီးတွေ။ အုန်းပင်တွေနဲ့ အုံ့ဆိုင်းသို့၊ ကျီးအော်သံတွေကလဲ ဆူညံနေတာပဲ။

တော်သေးတယ်။ ကျွန်မတို့ကားပေါ်က ဆင်းလာတာနဲ့ အိမ်ကြီးတစ်အိမ်ထဲက ကျောင်းသွားဖို့ ထွက်လာတဲ့ ကို့ မိတ်ဆွေနဲ့ သွားတွေ့ပေလို့။

'ဟေ့ ကိုမျိုးနိုင်၊ ကျွန်တော် မျှော်နေတာဗျ၊ ကျွန်တော် ချန်မာရီမှာသွားပြီ။ ဒီညနေ ပြောင်းတော့မလို့'

'ဟာ ဟုတ်လား၊ ကျွန်တော်တို့ အခန်းကိစ္စလေးရော'

ကို့ မိတ်ဆွေက ပျာသွားတဲ့ ကို့ ကိုကြည့်ပြီး ရယ်တယ်။

'ကျွန်တော်ပြောထားပါတယ်ဗျာ၊ အရင်ကျွန်တော် ပြောထားတဲ့အခန်းတော့ မရဘူး၊ အဲဒီအခန်းကို အဆောင်မရတဲ့ ကျောင်းသားလေး နှစ်ယောက်ကို ငှားလိုက်လို့၊ အခုဟာက ခင်ဗျားတို့အတွက် ပိုတောင်အဆင်ပြေမယ်ထင်တယ်ဗျ၊ အဲဒီအိမ်ဝင်းထဲမှာပဲရှိတဲ့ အိမ်လေး တစ်လုံးကို ကျွန်တော်ပြောတာနဲ့ အားလုံးပြန်ပြင်ပြီး ငှားမယ်တဲ့ဗျ'

'ကျေးဇူးပဲဗျာ၊ ပိုကောင်းတာပေ့ါ'

'စပေါ်လဲ မများပါဘူးဗျ၊ တစ်ထောင်ပဲ ပေးပါတဲ့၊ အိမ်လခတော့

www.burmeseclassic.com

www.burmeseclassic.com



ငါးဆယ်'

'ဟုတ်လား အိုကေတာပေါ့ဗျာ'

ကျွန်မတို့ ပစ္စည်းလေးတွေကို ကို့ မိတ်ဆွေရဲ့ အဆောင်ဝင်းထဲ ခဏထားပြီး ကျွန်မတို့ နေရမယ့် အိမ်ကလေးကို ကြည့်ဖို့လာခဲ့တော့ ကျွန်မရောကိုရော ပျော်နေတယ်။ အဆင်ပြေသွားတဲ့အတွက်ပေါ့။ ကို့ မိတ်ဆွေကို တကယ်ကျေးဇူးတင်ပါတယ်။ အိမ်ကလဲ ပိုက်ဆံပြန်တောင်းစရာ မလိုတော့ဘူးလေ။ အရာရာကို စိတ်ကူး မျက်စိနဲ့ ပုံဖော်ကြည့်တတ်တဲ့ အကျင့်နဲ့ အညာသူ ကျွန်မဟာ ကျွန်မတို့နေရမယ့် အိမ်ကလေးကို စိတ်ကူးထဲမှာ ကြိုတင်ပုံဖော်နှင့်တယ်။

အိပ်ခန်းကလေး၊ ဧည့်ခန်းကလေး၊ မီးဖိုခန်းကလေး၊ ဖိနပ်ချွတ်ကလေး၊ မြေပိုရှိရင် ဖိနပ်ချွတ်ကလေးမှာ ပန်းအိုးလေးတွေ စိုက်ထားလို့ရတယ်။ အိမ်လေးက မြေစိုက်ပဲလား၊ လှေကားလေး သုံးထစ်နဲ့ တက်ရတဲ့ အမြင့်အိမ်မျိုးလေးလား။

'လာ ကိုမျိုးနိုင်၊ အိမ်ရှေ့က အိမ်ရှင်အိမ်လေ၊ ဒီဘက်က အခန်းတွေက အရင်ပြောထားတဲ့ အခန်းတွေပေါ့။ ခင်ဗျားတို့အိမ်လေးက နောက်မှာ ဒေါ်လေးရေ၊ ဒီမှာ ကျွန်တော်ပြောထားတာလေ'

ကို့ မိတ်ဆွေရယ်၊ အိမ်ရှင်အဒေါ်ကြီးရယ်က ကျွန်မနဲ့ ကို့ကို ယှဉ်ဆောက်ထားတဲ့ အိမ်နှစ်အိမ်ကြားကနေ နောက်ထဲကို ခေါ်သွားတယ်။ နောက်ထဲမှာ ခြံကတော့ တော်တော်ကျယ်သားပဲ။ ဟင်. . . ဟိုမှာ ကျွန်မတို့ နေရမယ့်

'ကိုမျိုးနိုင် ဒါပဲဗျို့'

'ဒီက ဆရာပြောတာနဲ့လေ၊ သမီးတို့လဲ အဆင်ပြေသွားအောင် အန်တီအားလုံး ပြန်ပြင်ထားတယ်'

ကိုနဲ့ ကျွန်မ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြတယ်။ ကျွန်မတို့နေရမယ့် အိမ်ကလေးဆိုတာဟာ ထရံအသစ်ကျပ်ချွတ်၊ ဓနိမိုး မသစ်ကျပ်ချွတ်နဲ့ ပြတင်းပေါက်ကလေး တစ်ပေါက်ပဲရှိတဲ့ ဆယ့်နှစ်ပေ ပတ်လည်မြေစိုက်တဲကလေး တစ်လုံးပါပဲ။

'အထဲဝင်ကြည့်ကြဦးလေ၊ နှစ်ယောက်တည်းကတော့ နေလောက်ပါတယ်။ ဒီနေရာက ဆရာ့အတွက်လဲ ကျောင်းနဲ့နီးတော့၊ အိမ်လခတို့၊ စပေါ်တို့ကလဲ ဈေးချိုပါတယ်'



အိမ်ရှင်အဒေါ်ကြီးက တဲလေးရဲ့ တစ်ချပ်တည်းသော တံခါးလေးကို သော့ဖွင့်ပေးတယ်။

အထဲကို ကြည့်ပါဦး။ အိပ်စရာ နေရာအဖြစ် ခါးစောင်းလောက်မြင့်တဲ့ ကြမ်းစင်တစ်စင် ရိုက်ထားတယ်။ ခြောက်ပေလောက် ကျယ်ပါတယ်။ ကြမ်းစင်ဘေးမှာ စားပွဲခုံအဟောင်းကြီးတစ်လုံး ချထားတယ်။ အထဲမှာ ကြည့်စရာဆိုလို့ ဒါပါပဲ။ အောက်ကလဲ မြေစာတွေ ပွယောင်းနေတဲ့ မြေကြီးတွေ။ ကြမ်းစင်က အသစ်ကျပ်ချွတ် ဝါးစိမ်းနံ့ဟာ ကျွန်မကို မျက်ရည်ဝဲချင်လာစေပါတယ်။ ဖေဖေတို့ ဝါးဖောင်တွေပေါ်က ဖောင်တဲလေးတွေရဲ့ အနံ့။

မျက်စိမျက်နှာပျက်နေတဲ့ 'ကို' က ကျွန်မကို တစ်ချိန်လုံး လိုက်ကြည့်နေခဲ့တယ်။ ကိုရယ် နှင်းဘာပြောရမလဲ။

အိမ်ရှင် အဒေါ်ကြီးက ကြမ်းစင်ပေါ်တက်ပြီး ကြမ်းစင်ခေါင်းရင်းထရံက ကျွန်မပြတင်းပေါက်လို့ ထင်ခဲ့တဲ့ ကဲလားတံခါးလေးကို တုတ်ကလေးနဲ့ ထောက်ဖွင့်လိုက်တော့ မှောင်ရီရီ တဲလေး လင်းသွားတယ်။

ကြမ်းစင်က အစိမ်းရင့်ရောင် ဝါးခြမ်းလေးတွေကို ထင်ထင်ရှားရှား မြင်ရတယ်။ ရန်ကုန်တက္ကသိုလ်နဲ့ အလွန်နီးကပ်တဲ့ ခြံဝင်းတစ်ခုထဲမှာ လယ်တောထဲက တဲကလေးတစ်လုံးမျိုး တကယ်ရှိပါတယ်။

ဝမ်းနည်းရာက ကျွန်မပြုံးချင်လာတယ်။ ဒီလိုပဲပေါ့ကွယ်။ အလှည့်အပြောင်းလေးတစ်ခုရဲ့ အစဆိုတာ နည်းနည်းတော့ စိတ်ညစ်စရာ ကောင်းချင်ကောင်းမှာပေါ့နော်။ ဘာပဲဖြစ်ဖြစ် ဒီနေရာလေးဟာ ကို နဲ့ နှင်းတို့ရဲ့ လွတ်လပ်တဲ့ နှစ်ယောက်ကမ္ဘာလေးပါ။ ငိုင်နေတဲ့ ချစ်သူကို ကျွန်မ ပြုံးပြလိုက်တယ်။

'အိမ်လေးက ကောင်းပါတယ်၊ နှင်းတို့ နေမယ်လေ. . . ကို'

'နည်းနည်း ကျဉ်းသလားလို့ နှင်းရဲ့၊ နှင်းအတွက်'

'ကိုမျိုးနိုင်ကလဲ နှစ်ယောက်တည်းပဲ၊ မကျဉ်းပါဘူးဗျာ၊ ခုလောလောဆယ်တော့ ဒါကောင်းပါတယ်ဗျ၊ ကျောင်းနဲ့လဲနီးတယ်၊ နောက်မှ ကျယ်ကျယ်ဝန်းဝန်းလေး ရှာချင်ရှာပေါ့၊ အိမ်ခန်းရှာရတာ မလွယ်ဘူးနော် ခင်ဗျား ... သိပ်ကြီးတာ'

www.burmeseclassic.com

www.burmeseclassic.com



'အေးဗျာ'

ကို မငြင်းနိုင်ရှာပါဘူး။ ကျွန်မကို သေချာကြည့်ရင်း ခဏပေါ့နော် နှင်းလို့ တောင်းပန်သလို ပြောတယ်။ ကျွန်မပြုံးရပြန်တယ်။ အင်းပါ ကိုရယ်။ ခဏမဟုတ်ဘဲ တော်တော်ကြာကြာလေး နေရတော့ကော ဘာဖြစ်သလဲ။ နှင်းဘေးမှာ ကို ရှိတယ်လေ။ အရာရာကို နှင်း ရင်ဆိုင်ရဲရမှာပေါ့ကွယ်။

ရန်ကုန်မြို့ရဲ့ နာမည်ကျော် အင်းလျားကန် အနီး၊ အလွန်နာမည်လှတဲ့ လမ်းကလေးထဲက တစ်ခုသောခြံဝင်း အတွင်းမှာရှိတဲ့ မနိမ့်မိုး၊ ထရံကာ ကဲလားလေးနဲ့ တဲကလေးတစ်လုံးထဲမှာ ရန်ကုန်တက္ကသိုလ် နည်းပြဆရာလေးမျိုးနိုင်နဲ့ ဘွဲ့ရ အလုပ်လက်မဲ့မလေး နှင်းနှင်းဦးတို့ရဲ့ အိမ်ထောင်ဦး ဘဝလေးကို အားသစ် မွေးလို့ စတင်ကြမယ်လေ။

အိမ်ကလေးထဲက (တဲကလေးကို တဲလို့မခေါ်ဘဲ အိမ်ကလေးလို့ ခေါ်ကြေးဆိုပြီး ကျွန်မတို့နှစ်ယောက် သဘောတူထားလိုက်ကြပါပြီ) ကြမ်းစင်ပေါ်မှာ တစ်ယောက်အိပ် မွေ့ရာနှစ်ခုဆက်နဲ့ အရောင်မတူတဲ့ ခေါင်းအုံးလေး နှစ်လုံးရှိတယ်။ ခေါင်းအုံးဖုံး အပြာရောင်လေးတွေကတော့ မေကြီး တစ်စုံထည့်ပေးလိုက်တဲ့အတွက် ဆင်တူပါတယ်။ စောင်လေးတွေကလဲ အရောင်မတူတဲ့ ကျောင်းဆောင်နန်းက အညာစောင်လေးတွေ။ ခြင်ထောင်ကိုတော့ အိမ်မှာရှိတဲ့ နှစ်ယောက်အိပ် ခြင်ထောင်တစ်လုံး၊ မေကြီး ထည့်ပေးလိုက်တဲ့အတွက် အဆင်ပြေပါတယ်။

ကြမ်းစင်ဘေးက စာပွဲအိုကြီးပေါ်မှာ ကျွန်မအရေးပေါ် ဝယ်ယူလိုက်တဲ့ ပလတ်စတစ် စားပွဲခင်းနို့နှစ်ရောင်လေးကို ခင်းပြီး ကို့ စောင်းလေးကို တင်ထားတယ်။ နီညိုဝါ ရွှေရောင်စောင်းလေးနဲ့လိုက်အောင် စားပွဲခင်း နို့ရောင်နှစ်ရောင်ကို ကျွန်မ ရှာလိုက်ရတာ။

စောင်းလေး ဘေးတစ်ဖက်တစ်ချက်မှာ ဘုရားကို ရည်မှန်းတဲ့ ... န်းအိုးဆိုလဲဟုတ်၊ စိတ်ကြည်နူး ချမ်းမြေ့ဖွယ်ရာဆိုလဲဟုတ်တဲ့ ဖန်... အဖြူရောင်လေးရယ်၊ ပုဝိုင်းဝိုင်း ပြောင်ချောချော ရေမအေးလဲ့ ...

www.burmeseclassic.com



သောက်ရေအိုးလေးရယ် ရှိတယ်။ ကျွန်မ ကျောင်းတုန်းက ကြည့်တဲ့ ထောက်မျှ အပိုင်းလေးကိုလဲ ထောက်ထားတယ်။ ပြီးတော့ မှန်လေးဘေးနားမှာ ပလတ်စတစ်ဘီး၊ တို့ပတ်ပဝါတစ်ခု၊ ကရင်းပတ်ဘူးတစ်ခု၊ အာချိဘူးတစ်ခု နှုတ် ခမ်းနီတစ်ဘူးတို့ကို ထည့်ထားတဲ့ ကျောင်းတုန်းက ကို့လက်ဆောင် တောဓိကုန်းထွက် ကြိမ်ခြင်းလှလှသေးသေးလေး ရှိသေးတယ်။

လက်ဆွဲခြင်းထဲက သနပ်ခါးတုံးတွေ ထွက်လာပြီး ကျောက်ပြင် မတွေ့တော့ ကျောက်ပြင်မေ့ခဲ့ပြီလို့ ကျွန်မ ထင်တုန်း အဝတ်သေတ္တာ အောက်ဆုံးကနေ ကျောင်းတုန်းက ကျောက်ပြင်သေးသေးလေး ထွက်လာ တယ်။ ကိုကရယ်ပြီး "နှင်းနှင်းဦးရဲ့ မေကြီးပါတဲ့နော်"တဲ့။ ကျွန်မက မျက်စောင်း ဝဲချင်တယ်။ ကျွန်မတို့ရဲ့ အဝတ်အစား သေတ္တာနှစ်လုံးကို အိပ်ရာခြေရင်း ထရံမှာ ကပ်ထားလိုက်လို့ ရပေမယ့်၊ စာအုပ်သေတ္တာထားဖို့ကျတော့ ပြဿနာ တက်ရော။ အိပ်ရာဘေးမှာ ထားချင်ပေမယ့် နေရာကမဆန့်ဘူး။ စားပွဲအိုပြီး အောက်ထားဖို့လဲ မတွေးဝံ့စရာ။ မြေကြီးစိုစိုတွေထဲမှာ ခြတွေ သိပ်ရှိမှာပေါ့။

နောက်ဆုံးကျတော့ ကို့အဝတ်အစား သေတ္တာကို ဖယ်ပြီးစာအုပ် သေတ္တာ ပြန်တင်ရတာပေါ့။

ဒီမျှသာပဲရှိတဲ့ ပစ္စည်း ပရိဘောဂလေးတွေနဲ့ ပြင်ဆင်ထားတဲ့ ကျွန်မ တို့ရဲ့ အိမ်ကလေးဟာ ကျွန်မ မျက်စိထဲမှာ ချစ်စရာကောင်းနေတဲ့ပြင် ကို့ စောင်းလေးနဲ့ ပန်းအိုးလေးကြောင့်လဲ ပိုပြီး ကျက်သရေ ရှိနေသလိုပါပဲ။

မနက် အိပ်ရာနိုးလို့ ကဲလားတံခါးလေးကို ဖွင့်လိုက်တာနဲ့ အိမ်ကလေး ရုတ်တရက် လင်းသွားတတ်ပြီး ပန်းနှစ်ပွင့်ပုံ ပန်းချီကားလေး တစ်ချပ်ကိုပဲ အမြဲ ကြည့်ရ တတ်ပါတယ်။ အိမ်ကလေးခေါင်းရင်းမှာ ပန်းချဉ်ပေါက်ပင်လေး တွေ ရှိတယ်။ ပန်းရဲရောင် ပန်းချဉ်ပေါင်လေးနှစ်ပွင့်ဟာ ကဲလားတံခါးနဲ့ တည့်တည့် နေရာမှာ ပွင့်နေတယ် . . . ။

ပန်းနှစ်ပွင့်ပန်းချီကားလေးတွေကို ကြည့်ပြီးတာနဲ့ ကျွန်မတော့ အိမ်ကလေး ခြေရင်းမှာရှိတဲ့ ထရံရေချိုးခန်းမှာ ရေသွားချိုးတယ်။ စည်ပိုင်းက ဈေးကြီးတဲ့အတွက် သစ်သားစည်တစ်လုံးဝယ်လိုက်တယ်။ ရေကတော့ ရေတစ်ထမ်း တစ်မတ်နဲ့ဝယ်လို့ရတယ်။ ဒီနားတစ်ဝိုက်မှာ ဘယ်သူမှ ရေဝယ်



မချိုးကြဘဲ ရပ်ကွက်တစ်နေရာက ကန့်ဓာတ်ပါလို့ ဝါနေတဲ့ ရေတွင်းကြီး တစ်တွင်း က ရေဝါတွေကိုပဲ ချိုးကြတယ်လေ။ ကျွန်မမှာ အဲလောက်တော့ သတ္တိမရှိသေးပါ။ သစ်သားစည်တိုလေးထဲက လျှောင်ရေတွေကို ချွေချွေတာတာ ချိုးရင်း အညာအိမ် ရေတွင်းအနက်ကြီးထဲက အေးစိမ့် လက်ဆတ်တဲ့ရေတွေကို သတိရနေမိတတ်တာကိုတော့ မသိစေချင်ပါဘူး။ ရေချိုးပြီး ကျွန်မ သနပ်ခါးလိမ်းနေစဉ်မှာ ကိုက သီချင်းတအေးအေးနဲ့ မျက်နှာသစ်ရင်း 'လက်ဖက်ရည်ဆာလှပြီ နှင်းရဲ့' လို့ ကလေးလိုအော်တတ်တယ်။ ရေကြောက်တဲ့ ကိုက အပျင်းထူပြီး မနက်ကို ရေဘယ်တော့မှ မချိုးပါ။

ကျွန်မ အဝတ်အစားလဲပြီးတာနဲ့ ကျွန်မ အလုပ်ချင်ဆုံး ဝတ္တရား တစ်ခုဖြစ်တဲ့ ကို့အင်္ကျီနဲ့ လုံချည်၊ တိုက်ပုံထုတ်ပေးတဲ့အလုပ်ကို လုပ်တယ်။ ကြယ်သီးတပ်ပေးတဲ့အဆင့်နဲ့ တိုက်ပုံအင်္ကျီအဆင်သင့် ကိုင်ပေးထားတဲ့ အဆင့် ကိုတော့ ကျွန်မ မလုပ်ချင်လို့ မလုပ်ပါ။ ကော်လံခေါက်နေတယ်။ တိုက်ပုံစောင်း နေတယ် ဆိုတာမျိုးနဲ့ ဆရာလုပ်ရင်တော့ ကိုက 'နှင်းလုပ်ပေးပေါ့' ဆိုပြီး အယုယခံချင်တယ်။ မျက်မှန်ချွတ်ထားတဲ့ ကို့မျက်နှာနဲ့ နေသားမကျသေးတဲ့ ကျွန်မ 'မျက်မှန် မြန်မြန်တပ်ကွာ'လို့ ပြောရင်း ကျွန်မကိုယ်တိုင် မျက်မှန် တပ်ပေး ရင်တော့ ကိုက ကျွန်မ နဖူးကို နမ်းရှိုက်မြဲ။

အိမ်ကလေးကို တံခါးသော့ခတ်ပြီးတာနဲ့ စလင်းဘက် အနက်လေး လွယ်ထားပြီး တက္ကသိုလ်ကျောင်းသူပုံစံ မပျောက်သေးတဲ့ ကျွန်မရဲ့ ကချင် လွယ်အိတ် အနီလေးလွယ်ထားတဲ့ ဆရာပုံ မပေါက်တပေါက် ကို တို့ဟာ အင်းလျားကန်ဘောင်ပေါ်ကဖြတ်၊ အီကို တံခါးပေါက်ကနေ ကျောင်းထဲဝင်ပြီး အီကိုကင်တီးက ကိုအောင်ရင့်ဆိုင်မှာ လက်ဖက်ရည်သောက်ကြတယ်။ ကိုအောင်ရင့်ဆိုင်မှာ ကျွန်မတို့ဆီက ပဲကြော်လို့ခေါ်ပြီး ရန်ကုန်က 'မန္တလေး ပဲကြော်' လို့ခေါ်တဲ့ အကြော်ရတယ်လေ။

လက်ဖက်ရည်ဆိုင်မှာကိုးနာရီ မခွဲမချင်း ထိုင်ပြီး ကိုးနာရီခွဲရင်တော့ အမရဆောင်က ကိုတို့ဌာနကို လက်မှတ်သွားထိုးတယ်။ ကို လက်မှတ်သွားထိုး ချိန်မှာ ကျွန်မ အောက်မှာ ကြောင်တောင်တောင်နဲ့ ရပ်စောင့်ရတယ်။ လက်မှတ် ထိုးပြီးတာနဲ့ ကိုက ပြန်ဆင်းလာပြီး လက်ဖက်ရည်ဆိုင် ပြန်ထိုင်ကြရင်း ဒီတစ်ခေါက်

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တာ အစီအစဉ်ကို ရေးဆွဲကြတယ်။ ကိုတို့က သောကြာနေ့တစ်နေ့ ကလပ်စ်ရှိတယ်လေ။

ကျွန်မ မရောက်ဖူးသေးတဲ့ ရန်ကုန်မြို့ရဲ့ နေရာတိုင်းကို စိတ်ထင်ရာ လျှောက်သွားကြတယ်။ တွေ့တဲ့ဆိုင်မှာ ထမင်းဝယ်စား ဓါတ်ရှင်ရုံပေါ်ပေါ်နဲ့ ဓာတ်ရှင်ဝင်ကြည့်။ စပေါ်တစ်ထောင်ပေးပြီး ကျန်တဲ့တစ်ထောင်အားကိုးနဲ့ လေ။

ပျော်သလားလို့ တစ်ယောက်ကို တစ်ယောက် မေးစရာမလိုပါဘူး ကျိုးသံတွေ ဆူညံပြီး အုန်းပင်အင်မတန်ပေါတဲ့ ရန်ကုန်မြို့မှာ ကျွန်မ ရောက်ဖူး သမျှတွေထဲက စိတ်ညစ်ရွံစရာအကောင်းဆုံးအနံ့ကတော့ တိရစ္ဆာန်ရုံရဲ့ အနံ့ ဖြစ်ပြီး ပျော်စရာအကောင်းဆုံး၊ စွဲလန်းဖမ်းစားဆုံးအနံ့ကတော့ စာအုပ်တန်း တွေရဲ့ အနံ့ပေါ့။

ကျွန်မ နောက်တစ်ခု စိတ်ပျက်ရတာကတော့ ကျွန်မတို့ အမြဲစီးရတဲ့ အမှတ် (၉)ကားလေ။

အမှတ်(၉)ကားက ကားရဲ့ရှေ့တစ်ဝက်နောက်တဝက်ကို သံစကာ လေးနဲ့ ခြားထားတယ်။ ရှေ့က ယောကျ်ားချည်းစီးရတယ်။ နောက်က မိန်းမ ချည်းစီးရတယ်။ ကို့ကို မခွဲနိုင်လို့မဟုတ်ပါဘူး။ ဘယ်မှတ်တိုင်မှာ ဆင်းရမှန်း မသိတဲ့၊ အိမ်ကိုလဲ တစ်ယောက်တည်း မပြန်တတ်တဲ့ ကျွန်မဒုက္ခနဲ့ ကျွန်မမို့ပါ။

တစ်ခါဟာလေ ကျွန်မ သိပ်ကြောက်သွားတာပဲ။ ခါးပိုက်နှိုက် မ နဲ့ပါ တွေ့ရသေးတယ်။

မြို့ထဲကနေ ဓာတ်ရှင်ကြည့်ပြီး ကျွန်မတို့ပြန်လာတာ။ (၉)ကားကြီး နဲ့ပေါ့။

ကိုက ရှေ့ ကျွန်မက နောက်က။ ကိုက အိမ်လမ်းထိပ်မှတ်တိုင်ထိ မစီးဘူး။ လှည်းတန်းမှာ ထမင်းဝင်စားမယ်။ လှည်းတန်းဆိုရင် ဆင်းလို့ ကျွန်မ ကို ပြောထားတယ်။ လှည်းတန်းက တိုက်အပေါ်ထပ်မှာ ဖွင့်ထားတဲ့ 'ဝါးခယ်မ' ထမင်းဆိုင်လေးက အစားနည်းတဲ့ ကျွန်မတို့နှစ်ယောက်အတွက် အတော်ပဲ လေ။ တစ်ခါပြင်လေးကျပ်။ ဆန်နဲ့ငါးပိရေဖျော်ကလဲ ကောင်းတယ်။ ရွှေဘိုနှမ်း ငန်ပြာရည်ဆီသတ်နဲ့ ကြီးပြင်းခဲ့တဲ့ ကျွန်မဟာ ပေါ်ဆန်းမွှေးနဲ့ ငါးပိရည်ဖျော်



ကို အထူးအဆန်းဖြစ်ပြီး ကြိုက်နှစ်သက်လို့နေခဲ့တယ်။ ကားပေါ်မှာ ကျွန်မတော့ မှတ်တိုင်အော်တာတွေကိုလဲ နားထောင်ပြီး လိုက်လာတုန်း မတ်တတ်ရပ် ကျပ်ညပ်နေတဲ့ မိန်းမတွေကြားထဲမှာ ခါးပိုက်နှိုက်ခြင်းဆိုတဲ့ အဖြစ်ကို ပထမဆုံး အကြိမ် တွေ့လိုက်ရတယ်။ ခြင်းထဲက ပိုက်ဆံအိတ်ကို အနှိုက်ခံနေရတဲ့ မိန်းမ က မသိပါဘူး။ ဟိုမိန်းမက ပိုက်ဆံအိတ်ကို ခြင်းထဲက ယူသွားပြီး ဖွင့်နေပါပြီ။

"မလုပ်ပါနဲ့"

ကျွန်မ ဘယ်လိုဖြစ်ပြီး အသံထွက်သွားမှန်း မသိလိုက်ပါ။ ဟိုမိန်းမ ကလဲ ရုတ်တရက်လန့်ပြီး ပိုက်ဆံအိတ်ကို အောက်ပစ်ချလိုက်တယ်။ အနှိုက်ခံ ရတဲ့ အမျိုးသမီး 'ဒါကျွန်မ ပိုက်ဆံအိတ်၊ ပိုက်ဆံအိတ်' ဆိုပြီး တုန်တုန်ယင်ယင် နဲ့ကောက်ယူပါတယ်။ ဟိုမိန်းမကလဲ ခပ်တည်တည် သူမဟုတ်သလို၊ ကျန်တဲ့ မိန်းမတွေကလဲ ကိုယ်နဲ့မဆိုင်သလို ခပ်တည်တည်တွေပါပဲ။ ဘယ်လိုတွေလဲ။

နောက်တစ်မှတ်တိုင်မှာ ဟိုမိန်းမက ကျွန်မကို ခပ်စိုက်စိုက်ကြည့်ပြီး ဆင်းသွားပါတယ်။ ပိုက်ဆံအိတ်လေး ကျစ်ကျစ်ပါအောင် ဆုပ်ရင်း ဟိုအမျိုး သမီးက ကျွန်မကိုပြုံးပြသလို ကျွန်မ ဘေးနားကမိန်းမတစ်ယောက်က အသံကြိတ် ကြိတ်နဲ့ 'နောက်မှတ်ထား၊ ခါးပိုက်နှိုက်နေတာမြင်ရင် ဘယ်တော့မှ မပြောရဘူး၊ ကိုယ့်ကို ဓားနဲ့ထိုး၊ ဘရိတ်ဓားနဲ့ခြစ်လုပ်သွားတတ်တယ်၊ သိလား' တဲ့။

ဘုရားရေ ဒါဖြင့် ကျွန်မက ကိုယ့်ရှေ့မှာ မဟုတ်တာ လုပ်နေတာကို ဒီအတိုင်း ကြည့်နေလိုက်ရမှာလား။ အိုလူတွေဟာ ဒီလောက်ပဲ စိတ်ဓာတ် ပျက်ပြားနေပြီလား။ လူလူချင်း မတရားတာ လုပ်နေလဲ၊ အနိုင်ကျင့်နေလဲ ဒီတိုင်းပဲ ကြည့်နေရတော့မှာလား။

'စိုက်ပျိုးရေးပါလား၊ လိုင်းပေါက်၊ လှည်းတန်း' အတွေးကောင်းနေတဲ့ ကျွန်မက လှည်းတန်းလို့ အသံကြားတာနဲ့ ကပျာကယာ ထရပ်ပြီးသား ဖြစ်သွားတယ်။ ရှေ့ကို လှမ်းကြည့်တော့ ကျပ်ညပ်နေတဲ့ လူတွေကြားမှာ ကို့ကို လဲ မမြင်ရပါ။ လှည်းတန်းဆိုရင် ကိုလဲ ဆင်းမှာပေါ့ဆိုပြီး မှတ်တိုင်မှာ ကားရပ် တာနဲ့ ကျွန်မ တိုးပြီး ဆင်းလိုက်တယ်။ ကျွန်မအောက်ကိုရောက်တာနဲ့ ရန်ကုန် ဘတ်စ်ကားတို့ ထုံးစံအတိုင်း ကားက ဝူးဆို ချက်ချင်းထွက်သွားတယ်။ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



တို့ကို ကြည့်လိုက်တော့ ဒုက္ခပါပဲ။ ကားပေါ်က ဆင်းတဲ့သူတွေထဲမှာ ကို မပါပါလား။ ပတ်ဝန်းကျင်ကို ကျွန်မ ကြည့်လိုက်တယ်။ သွားပြီ။ ကျွန်မဆင်းတာ လှည်းတန်းမှမဟုတ်ဘဲ။ လိပ်ခုံးနဲ့ အ-ထ-ည အဆောက်အအုံကြီး ရှိတဲ့ နေရာဟာ စိုက်ပျိုးရေးမှတ်တိုင်လေ။

ကျွန်မ ရင်တွေ တထိတ်ထိတ်ခုန်လာပြီး ချွေးပြန်စပြုတယ်။ အရေးထဲမှာ မာကြျူရီလမ်းမီးတွေက တဖျပ်ဖျပ် ပွင့်လာကြသေးတယ်။ မိုးချုပ်ပြီ ဆိုတဲ့အသိနဲ့အတူ ကြောက်စိတ်က ဝင်လာတာပေါ့။ ရှေ့ဆက်လျှောက်ရင် လှည်းတန်း ရောက်မယ်ဆိုတာကိုတော့ ကျွန်မသိတယ်။ ဒါပေမယ့် လှည်းတန်းကနေ ကျွန်မ အိမ်မပြန်တတ်ပါ။ ကို ကတော့ လှည်းတန်းမှာဆင်းလို့ ကျွန်မကို မတွေ့ရင် ပြန်လိုက်လာကောင်းပါရဲ့။ ကျွန်မ ဘယ်မှတ်တိုင်မှာ ဆင်းခဲ့မှန်း သူမသိနိုင်တော့ လိုက်မလာဘဲ ရဲစခန်းတွေဘာတွေတိုင်ရင် . . . ဟုတ်ပြီ ကျွန်မ ကမာရွတ်ရဲစခန်းကို သိတယ်။ အဲဒီကို ကျွန်မသွားမယ်။

မှောင်ရီပိုးဝါး လမ်းဘေး ပလက်ဖောင်းပေါ်မှာ ခေါက်ထီးလေးကို အားကိုးတကြီးဆုပ်ရင်း လမ်းလျှောက်လာခဲ့ရတာလေ။ လှည်းတန်းနားမရောက်ခင် လိုင်းပေါက် ဆိုတဲ့နားအရောက် လမ်းမီးတိုင်မှာ လက်ခနဲဖြစ်သွားတဲ့ မျက်မှန်အရောင်ကို မြင်တာနဲ့ ကျွန်မ တအားပြေးတော့တာပဲ။ အဲဒီအချိန်ထ စပြီး ကို့လက်ကို ကျွန်မ တွဲထားတာ အိမ်လေးကို ပြန်ရောက်တဲ့အထိပါပဲ။ ဘယ်စီးစီး တစ်ယောက်ငါးမူးပေးရတဲ့ သဘော်သားကားလို့ခေါ်တဲ့ ဒတ်ဆန်း အမြန် ကားလေးကိုတော့ ကျွန်မကြောက်တယ်။ မောင်းတာက မြန်လွန်းပြီး အလယ်ခေါင်က ခုံပုလေးတွေပေါ်မှာ နောက်ပြန်ထိုင်စီးရင် ကျွန်မ မူးရော သမ္မတရုံရှေ့မှာ ကားပေါ်ကဆင်းပြီး ထိုးအန်တော့ ကိုက ကျောကိုနှိပ်ပေးတယ်။ လူတွေက ပြုံးစိစိနဲ့။ ရှက်စရာကောင်းလိုက်တာ။ ပြီးတော့ ကားတွေပေါ်မှာ ဘုန်းကြီးတွေ၊ အမျိုးသမီးတွေ၊ သက်ကြီးရွယ်အိုတွေကိုလဲ ဘယ်သူမှ ထပြီး နေရာလဲမပေးတတ်ကြဘူး။ ထပေးတဲ့သူကိုပဲ "ငတုံး၊ ငအ" ဆိုတဲ့ အကြည့်မျိုးနဲ့ ကြည့်တတ်ကြတယ်။ မြို့ပြယဉ်ကျေးမှုကို ကျွန်မ ဘယ်လိုနားလည်ရတော့မလဲ။



ချစ်သူနဲ့ လည်ပတ်ပျော်ရွှင်နေမိတဲ့ ရန်ကုန်ရောက်ခါစ အိမ်ထောင်ဦးအစမှာ ကျွန်မဟာ အလုပ်ကိုလဲမေ့၊ ဘနဲ့ မေကြီးတို့ကိုလဲမေ့၊ အားလုံးကို မေ့ထားခဲ့ပါတယ်လေ။

ပြီးတော့လေ ကျွန်မ ငွေတစ်ထောင်ကျော်ဆိုတာ တော်တော်ကြာကြာ လေးတော့ သုံးရလိမ့်မယ်လို့ ထင်ခဲ့မိတာ။

မတ်လကုန်ခါနီး ကျွန်မ အဝတ်သေတ္တာထဲမှာ သိပ်မကျန်တော့တဲ့ ပိုက်ဆံကို သတိထားတော့မှ ကျွန်မ အလုပ်ကို အရေးတကြီး သတိရလာတယ်။ မေမေ ပြောလိုက်တဲ့ အိမ်ရှင်မဆိုတာကို အမှတ်ရလာတယ်။ ပြီးတော့ အိမ်ကိုလဲ သတိရလာတယ်။

ဒါပေမယ့် ကျွန်မဟာ စနေ၊ တနင်္ဂနွေဆို ခြင်းလေးဆွဲပြီး ပြန်သွားလို့ရတဲ့ ပန်းရိပ်ညို အဆောင်သူလေး မဟုတ်တော့ဘူးလေ။

ကျွန်မစိတ်ထဲကို ကို့လခလေးရာ့ငါးကျပ်ကို လောက်ငှအောင် ခွဲဝေသုံးစွဲရေးအတွက် ပူပင်စပြုလာတယ်။ မေမေကပြောတယ်။ မိန်းကလေးဆိုတာ ဘယ်လောက်ပညာတွေတတ်တတ် အိမ်ထောင်ကိုတော့ နိုင်နင်းရမယ်တဲ့။ ကိုယ့်အိမ်ထောင်ကို နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်ရမယ်တဲ့။ ကိုယ့်ရဲ့ ခင်ပွန်းယောကျ်ားကို မသိတန် မသိစေရဘဲ ကိုယ့်အိမ်ပြဿနာကို ကိုယ်ရှင်းနိုင်ရမယ်တဲ့။ 'စီးတဲ့ရေ၊ ဆည်တဲ့ကန်သင်း၊ တည်တဲ့တင်း' ဆိုသလို မိန်းမပီသရမယ် ဆိုတာတွေလေ။

မေမေပြောတဲ့အထဲမှာ ငွေလေးရာနဲ့ တစ်လလုံးအတွက် ဘယ်လိုလောက်ငအောင် သုံးစွဲနည်းတော့ မပါပါ။ ကျွန်မသိချင်တာ အဲဒါတစ်ခုတည်းပါပဲ။ ကျန်တာတွေ ကျွန်မ မသိချင်ပါ။ ပြီးတော့ နှစ်ဦးသာရှိတဲ့ ဒီအိမ်ထောင်လေးထဲမှာ ဘာပဲဖြစ်ဖြစ် ကျွန်မ မျိုသိပ်နိုင်စွမ်းမရှိပါ။ ကို့ကို ကျွန်မပြောပြရမှာပဲ။ ဒီအတွက် မိန်းမ မပီသချင်လဲ နေပါစေတော့။

လကုန်ရက် တဖြည်းဖြည်းနီးလာတာကို ကျွန်မ တဖြည်းဖြည်း ကြောက်လန့်ရင်း နှစ်ယောက်သား အပြင်ထွက်ရမှာကို ကျွန်မ မသိမသာ တွန့်ဆုတ်စ ပြုလာတုန်း ကို့မိဘတွေဆီက ကားကြုံနဲ့ ပို့လိုက်တဲ့ ငမောင်းအိုး သေတ္တာလေး ရောက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒန့်အိုးနှစ်လုံး၊ ဒယ်အိုးလေးတစ်လုံး၊ ပန်းကန်ခွက်ယောက်၊ ရေ့ဆုံ ယောက်မ၊ သံမီးသွေးဖို၊ ငါးပိအိုး၊ ဆားအိုး၊ ဆီပုံလေး စတဲ့ မီးဖိုချောင် ပစ္စည်းတွေဟာ ဒီလောက် ကျက်သရေရှိပြီး ချစ်စရာကောင်းလိမ့်မယ်လို့ ကျွန်မ တစ်ခါမှ မထင်ခဲ့ဖူးပါ။

"၂၆. ၃. ၈၁ နေ့၊ ဈေးဖိုး"

| | |
|---|---|
| ဝက်သားအစိတ်သား | ၄ ၊ ၅၀ ပြား |
| ချဉ်ပေါင်ရွက်၊နံ့နံ့ပင် | ၅၀ ပြား |
| ငါးပိကောင်တစ်ဆယ်သား | ၂ |
| ချေ်သီးစိမ်း | ၂၅ ပြား |
| အစိမ်းကြော် | ၃ |
| | ၈ - ၂၅ ပြား |

ရန်ကုန်ရောက်မှ စပြီးရေးမိတဲ့ ကျွန်မ ဒိုင်ယာရီ စာမျက်နှာဟာ ပထမဦးဆုံး ကျွန်မ စတင်ချက်ပြုတ်ဖို့ ဝယ်ချမ်းလာတဲ့ ဈေးဖိုးစာရင်းပါပဲ။ အဆောင်မှာတုန်းက မေသူလုပ်သလိုမျိုး ကျွန်မ လုပ်ကြည့်တာပါ။

ကဲ ဟုတ်ပြီ။ ဒီနေ့ဝယ်လာတဲ့ စာရင်း ကျွန်မ ရေးပြီးပြီ။ နေဦး၊ ဒီထဲမှာ တစ်လစာမှန်းပြီး ကျွန်မ ဝယ်လာတဲ့ ကြက်သွန်နီ ငါးဆယ်သား နဲ့ ကြက်သွန်ဖြူ တစ်ဆယ်သား မပါသေးဘူးလေ။ အို . . . ဒါကမဆိုင်ပါဘူး၊ တစ်လစာ ဝယ်တာဆိုတော့ တစ်နေ့တာ စာရင်းထဲမှာ သွားထည့်လို့ မရဘူးလေ။ ခေါင်းထဲ သတ်သတ်ထား။

www.burmeseclassic.com

www.burmeseclassic.com



အဲ တစ်ပတ်စာ ဆန်နှစ်ပြည် ဆယ့်နှစ်ကျပ်ဖိုး ဝယ်လာတာက ရှိသေးတယ်။ အင်း ဒီနေ့က ဈေးဖိုး ၈ိ-၂၅ပြား ကုန်တယ်။ မှတ်တယ်၊ ဟုတ်ပြီ နက်ဖြန် ဝယ်တာ ကျွန်မ မှတ်မယ်။

ကဲ အဲဒီလိုမှတ်ရင်း တစ်လကုန်တော့ ပေါင်းကြည့်မယ်။ ကျွန်မ ဝယ်သလောက် ကုန်တဲ့ ပိုက်ဆံ အရေအတွက် ရမယ်။ အဲဒီ ပိုက်ဆံဟာ သုံးရာ ဖြစ်ချင်ဖြစ်မယ်၊ လေးရာ ဖြစ်ချင်ဖြစ်မယ်၊ ငါးရာ ဖြစ်ချင်ဖြစ်မယ်။

အဲဒီတော့ စာရင်းမှတ်တယ်ဆိုတာ ဘာအဓိပ္ပါယ်ရှိလို့လဲ၊ မင်ကုန် စာရွက်ကုန်တာပဲ မဟုတ်လား။ စာရင်းမှတ်ခြင်းအားဖြင့် ကျွန်မမှာ ဘယ်လောက် ချွေတာနိုင်မလဲ၊ ကျွန်မ နားမလည်ပါ။ ဂဏန်းဆိုတဲ့ ဟာတွေလဲ ကျွန်မ အလုပ်မရှုပ်ချင်ပါ။

ကျွန်မ လိုချင်တာက လကုန်ရင် ကျွန်မတို့ရဲ့ အထွေထွေ အသုံးစရိတ်ဟာ လေးရာငါးဆယ်ကျပ် ဖြစ်ဖို့ပဲ။ ဒိုင်ယာရီ စာအုပ်လေးကို ကျွန်မ သေတ္တာထဲ ပြန်ထည့်ပစ်လိုက်ပြီး ကျွန်မ ကြိုးစားပမ်းစား ချက်ပြုတ်ထားရတဲ့ ပထမဦးဆုံး တည်ခင်းမယ့် မနက်စာ စားပွဲဝိုင်းလေးကို အရသာခံကြည့်မိတယ်။

အိမ်ကလေးထဲက မြေကြီးပေါ်မှာ အရေးပေါ် ခင်းလိုက်တဲ့ အုတ်ခဲလေးတွေကြောင့် ချက်ပြုတ်ဖို့ နေရာနဲ့ ထမင်းစားပွဲဝိုင်းလေး ချဖို့နေရာရသွားပါတယ်။ အနောက်ဘက် ထရံအခြေမှာ ထမင်းအိုး သေတ္တာလေးကိုကပ် အထွက်တံခါးပေါက်နားမှာ မီးသွေးဖိုလေးချပေါ့။ ဒယ်အိုးလေးနဲ့ ချိုင့်လေးချိတ်ဖို့ အိမ်နဲ့တူအောင် မီးသွေးဖို့အထက်မှာ 'ကို' က သံငုတ်လေးတွေရိုက်တော့ အမိုးပေါ်က ပိုးမှုန်လေးတွေ တဖွားဖွားကျလာကြတယ်။ ကျွန်မ သိပါတယ်၊ ဝါးတွေက အနုလေးတွေဆိုတော့ ပိုးမြန်မြန်စားလွယ်တာပေါ့။

ထမင်းစားပွဲဝိုင်းလေးပေါ်မှာ အသစ်စက်စက် ဆင်တူ တိုက်ပန်းကန်ပြားလေးနှစ်ချပ်ကို မှောက်ထားတယ်။ အလယ်ခေါင်မှာ ချဉ်ပေါင်ဟင်း ခပ်စရာ ပန်းကန်လုံးလေး တစ်လုံး၊ ဝက်သားဟင်းခပ်စရာ ပန်းကန်တစ်လုံး၊ ငရုတ်သီး မပါတဲ့ ငါးပိကြော်ခပ်ဖို့ ပန်းကန်ပြားလေး သေးသေးတစ်ချပ်နဲ့ ကို့အတွက် ငရုပ်သီးစိမ်းတောင့်ထည့်ဖို့ လက်ဖက်ရည်သောက်ပန်းကန်လေး တစ်ခုကိုလဲ အဆင်သင့် မှောက်ထားတယ်။



ပြီးတော့ ရေနွေးအပြည့်နဲ့ဓာတ်ဘူး၊ လက်ဖက်ရည်ပန်းကန်ပြားပေါ်မှာ မှောက်ထားတဲ့ သောက်ရေဖန်ခွက်တစ်ခွက်။ ကျွန်မ စိတ်ထင်တာတွေ အကုန်လျှောက်တင်ပြီး ပြင်ဆင်ထားတယ်။

"နှင်းရေ . . . ."

ကျွန်မ နောက်ဆုံး စိတ်ကူးရတဲ့ ပန်းအိုးလေးကို စားပွဲဝိုင်းပေါ်ချလိုက်တုန်း ကို့အသံကို ကြားရတယ်။

"ထမင်းဆာလိုက်တာ နှင်းရယ်"

"သွား "

ကို့မျက်နှာက ပြုံးစိစိ၊ ထမင်းအိုး ဟင်းအိုးတွေကို သွားဖွင့်ကြည့်ရင်း

"ဟာ . . . ဝက်သားဟင်းပါလား၊ ကိုယ် ညက အိပ်မက် မက် နေတာ နှင်းရဲ့၊ ဝက်သားဟင်းလေးများ စားရရင် ကောင်းမှာပဲလို့"

"သွားစမ်းပါ၊ ရှေ့နေ ဦးပုတ်နီကလဲ"

ကျွန်မနဲ့ ကိုနဲ့ ပြိုင်တူ ရယ်မောလိုက်ကြတယ်။ ကိုက တိုက်ပုံ အင်္ကျီလေးချွတ်ပြီး အပေါ်စား ဖင်ထိုင်ခုံ အသစ်လေးနှစ်ခုကို သေချာခင်းတယ်။ ငရုတ်ဆီမပါတဲ့ ဖြူရော်ရော် ဝက်သားဟင်းနဲ့ ငရုတ်သီးမပါတဲ့ ငါးပိကောင်ကြော် ကို အားရပါးရ စားပြနေတဲ့ ကို က

"နှင်း ဒီလောက်တော်မှန်း ကိုယ်တကယ်မသိဘူးကွ သိလ.

"အဟုတ်လား"

"အဟုတ်ပေါ့ နှင်းရဲ့၊ ဆားနည်းနည်းပေါ့တာနဲ့ ငရုတ်သီးမပါတာ လွဲရင်လေ"

ကိုက နောက်တာပေမယ့် ကျွန်မ စိတ်မကောင်းဖြစ်တယ်။

"နှင်းကလေ . . . ငရုတ်သီးကို လုံးဝ မစားနိုင်လို့ပါ"

"အို . . . နှင်းကလဲ ဘာဖြစ်သလဲ မစားနိုင်တော့ ဒီမှာ ကိုယ့်အတွက် ငရုတ်သီးစိမ်းရှိတာပဲ၊ ငရုတ်သီးစိမ်း တို့စားမှာပေါ့"

"အစိမ်းကြော်စားဦးလေ ကို၊ ဒီက တရုတ်နံ့နံ့ တွေကလဲ မွှေးသလဲ မမွှေးဘူး၊ နော် . . . ကို၊ အနံ့ကလဲ မရှဘူးနော်၊ မွှေးကြည့်စမ်း၊ တရုတ်နံ့ကြိုက် အများကြီးတော့ရတယ်၊ ဟိုမှာ အများကြီး ကျန်သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ၊ နှင်း တရုတ်နံ့နံ့က "

ကျွန်မ လှမ်းပြတဲ့ မီးဖိုနား စကားခုံးလေးထဲက တရုတ်နံ့နံ့တွေကို ကြည့်ပြီး နားမလည်သလို မေးတဲ့ ကို့ကို ကျွန်မက -

"အဲဒီစကာခုံးထဲမှာလေ ကိုကလဲ"

"အဲဒါ တရုတ်နံ့နံ့ ဟုတ်လား"

ကိုက စကာခုံးထဲက တရုတ်နံ့နံ့တွေကို လှမ်းယူရင်း တဟားဟား ရယ်ပါတော့တယ်။

"နှင်းရယ် ဖြစ်မှ ဖြစ်ရလေ၊ ဒါတရုတ်နံ့နံ့မှ မဟုတ်တာ၊မြင်းခွာရွက် တွေပဲ"

"ဟယ် . . . ဒါမြင်းခွာရွက်"

ကျွန်မ အကြီးအကျယ် ရှက်ရယ် ရယ်ရင်း

"နှင်း ဘယ်သိမလဲ၊ နှင်းတို့ဆီက မြင်းခွာရွက်က ဒီလို အရွက်ကြီးကြီး တွေမှ မဟုတ်တာ၊ သေးသေးလေးတွေဥစ္စာ၊ ဒီလိုလဲ မစိမ်းဘူး"

ကိုက မဆုံးနိုင်အောင် ရယ်ပြီး "အညာသူမ" တဲ့။

"နှင်းတို့ တစ်နေ့စျေးဖိုးလေ၊ ခုနစ်ကျပ်ကုန်တယ် သိလားကို"

"ကုန်ပေ့စေပေါ့ နှင်းရဲ့"

"အဲဒါ များလား"

"ဟင့်အင်း မများပါဘူး၊ များတော့လဲ ဘာဖြစ်သလဲနှင်းရယ်၊ ကိုယ်တို့နှစ်ယောက် စားတာပဲဟာ၊ ပိုက်ဆံမလောက်မှာကို နှင်းမတွေးနဲ့နော်၊ ပိုက်ဆံ လိုရင် ကို ရှာပေးမှာပေါ့၊ ဟုတ်လား"

"ကိုက ဘယ်ကရှာမှာလဲ" လို့ ကျွန်မ မမေးရက်ပါ။ ထမင်းစားနေတဲ့ ကို့ ကိုကြည့်ပြီး 'နှင်းအလုပ်ရရင် အဆင်ပြေသွားမှာပါ ကိုရယ်' ဆိုတဲ့ စကားတို ပြောဖို့လဲ တွန့်ဆုတ်နေမိတယ်။ ဘာစာရင်းတွေပဲ မှတ်မှတ် တစ်လစာဆန်မိုး ၄၈၊ ဟင်းစရိတ် သုံးရာ၊ မီးသွေးတစ်အိတ် ဆယ့်ရှစ်ကျပ်၊ အိမ်လခ ငါးဆယ် လက်ဖက်ရည်ဖိုးနဲ့ အထွေထွေစရိတ်တို့ပေါင်းရင် ဘယ်နည်းနဲ့မဆို လေးရာ အများကြီး ကျော်နေတယ်ဆိုတာ ကိုသိနိုင်ပါ့မလား။

ဒါပေမယ့် ကျွန်မပြောချင်တာတွေ၊ ကျွန်မတွန့်ဆုတ်နေတာတွေ



ကျွန်မ စိတ်ပူနေတာတွေကို ကျွန်မမျက်နှာကို အလွတ်ဖတ်တတ်တဲ့ ကို - အိမ် ထောင်သက် တစ်လပြည့်တဲ့နေ့မှာ နှစ်သိမ့်ဖြေလျော့ဖို့ ကြိုးစားတယ်။

အိမ်ကလေးရဲ့ နောက် သရက်ပင် ခြေရင်းက ဖျာကလေးတစ်ချပ် ပေါ်မှာ။ လရောင်မှုန်မှုန် လင်းနေတဲ့ ညဦးပိုင်းလေး တစ်ခုမှာ။ ကို့ ရင်ခွင်မှာ ကျွန်မတို့ နှစ်ယောက်ချစ်တဲ့ စောင်းလေးလဲရှိတယ်။

'နှင်း ဘာတွေဖြစ်နေတယ်ဆိုတာကို ကိုယ်သိပါတယ် နှင်းရယ်၊ မဖြစ် ပါနဲ့လို့တော့ ကိုယ်ဘယ်ပြောလို့ ရမလဲ။ ဒါပေမယ့် နှင်းကို စိတ်ချမ်းသာစေချင် တယ်။ ဒီလို အခက်အခဲဆိုတာ ကိုယ်တို့နှစ်ယောက်တည်း ရင်ဆိုင်ရတာ မဟုတ် ဘူးနော် နှင်း။ နှင်းအလုပ်လိုချင်သလို လိုချင်တဲ့လူတွေ အများကြီး၊ နှင်းသူငယ် ချင်းတွေ၊ ကိုယ့် သူငယ်ချင်းတွေ အပါအဝင်ပေါ့၊ ခဏ ဒုက္ခလို့ပဲ သဘောထား စမ်းပါ။ ပြီးတော့ နှင်းကို ကိုယ် တောင်းပန်ရဦးမယ်။

'ဘာကိုလဲ. . . ကို'

ကိုက ကျွန်မ လက်ဖျားလေးတွေကို ဆွဲယူပြီး သူ့နှုတ်ခမ်းမှာ ကပ် တယ်။

'အိပ်ရာဘေးက ထရံမှာ ကလေးပုံတွေ မကပ်ပါနဲ့ နှင်းရယ်'

'အို. . . ဒါက နှင်းလေ'

'ကိုယ် နားလည်ပါတယ်၊ နှင်းနဲ့ကိုယ် သဘောတူ စာချုပ်ချုပ်ထားတာ . . . နှစ်နှစ်တည်းပါ နှင်းရဲ့၊ ကိုယ်တို့ အခြေတကျ မဖြစ်ခင်လေးလေ၊ မိဘငွေ ကိုလဲ နှင်းပဲ ဒုက္ခမပေးချင်ဘူးဆို၊ နှစ်နှစ်ကျော်ရင် နှင်းချီချင်တဲ့ ကလေး'

'သွားကွာ. . . '

ကိုက ကျွန်မကို ရယ်မောနေရင်း. . .

'သွား . . . ၊ မလုပ်နဲ့နော်၊ ကိုယ်တို့ ဧပရယ် ကျောင်းပိတ်ရင် တကယ် သွားရမှာ၊ တောင်တွင်းကြီးကိုလေ၊ နှင်းလဲ စိတ်ပြေလက်ပျောက် ဖြစ်တာပေါ့ ဟိုမှာပွဲတော်လဲရှိတယ်၊ ပြီးတော့လေနှင်း၊ တောင်တွင်းက ပြန်လာရင် ကိုယ်တို့ အိမ်ပြောင်းမယ်နော်၊ ဟင့်အင်း၊ နှင်း ဘာမှမပြောနဲ့။ ကိုယ်မိန်းမကို ဒီလိုအိမ် လေးထဲမှာ အကြာကြီး ကိုယ်ကိုယ် မထားနိုင်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'နှင်းပြောမယ်'

'မပြောရဘူး'

ကိုက ကျွန်မ နှုတ်ခမ်းတွေကို ချစ်စနိုး ဆွဲလိမ်နှုတ်ပိတ်စေပြီး သူ့စောင်းကို အသံစမ်းတယ်။ 'ငြိမ်ငြိမ်နေစမ်းနှင်းရယ်၊ နှင်းနားမှာထိုင်ပြီး ကိုယ်ပထမဆုံးအကြိမ် တီးပြရမှာလေ' တဲ့။

နှင်းလဲ ဒီအချိန်ကို အမြဲစိတ်ကူးယဉ်ခဲ့တာပါ ကိုရယ်။ ကို တီးတဲ့သီချင်းက ကျွန်မအရမ်းကြိုက်တဲ့ 'ကိုယ်တော်နှင်းနဲ့' . . .။

အဆောင်ပေါ်ကနေ ဒီစောင်းသံနဲ့ ဒီသီချင်းသံကိုကြားတိုင်း ကြည်နူးရင်ခုန်ခဲ့မြဲ ကျွန်မအတွက် ခုချိန်မှာတော့ ဒီသီချင်းဟာ ကြည်နူး ဝမ်းနည်းစရာကောင်းပါတယ်။

ကျွန်မ တစ်ကိုယ်လုံး မီးတောက်တွေလို တရှိန်ရှိန်ပူပြင်းလောင်ကျွမ်း နေသလိုပဲ။ အိမ်ကလေးထဲက ခြောက်ပေကြမ်းခင်းပေါ်မှာ ကျွန်မလူးလိမ့်နေမိတယ်။ မျက်လုံးတွေက ပူနေတာကလဲ မီးတောက်တွေလိုပဲ။ ပြီးတော့ ကျွန်မအာရုံထဲမှာ ထူလိုက်၊ ပါးလိုက်အရသာကို အတင်းငြင်းဆန်နေရက်က ထပ်တလဲလဲ ခံစားနေရတယ်။

ကျွန်မ ဘာဖြစ်နေတာလဲ။ ကျွန်မ ဘယ်ရောက်နေတာလဲ။ ဒါပေရယ် ကျောင်းပိတ်ရက်လား။ ကို့ မိဘတွေဆီ ကျွန်မတို့သွားခဲ့သလား။

ကောင်းကင်ထိ မြင့်တက် လောင်ကျွမ်းနေတဲ့ မီးတောက်တွေကို ကျွန်မ ချက်ချင်း သတိရလာတယ်။ ကျွန်မတို့ တောင်တွင်းကို သွားခဲ့ကြတယ်။ သွားခဲ့ပါတယ်။ သိပ်ပျော်ဖို့ကောင်းတာပဲ။ ပြီးတော့ သိပ်ဝမ်းနည်းဖို့ ကောင်းတာပဲ။ ကျွန်မတစ်ယောက်တည်းရယ်။

'ကို့ . . . ကိုရော'

'ကိုယ် ရှိတယ်လေနှင်း၊ ကိုယ်ရှိတယ်'

ကျွန်မက မီးလိုမျက်လုံးတွေကို ကြိုးစားဖွင့်ကြည့်တော့ မှတ်မှန်အ

www.burmeseclassic.com

www.burmeseclassic.com



ရောင်ကို ဝိုးတိုးဝါးတား မြင်ရတယ်။ ပြီးတော့ အေးစက်နေတဲ့ ကို့ လက်တွေက ကျွန်မရဲ့ မီးလိုလက်တွေကို လာဆုပ်တော့ ကျွန်မ သိပ်လန့်သွားတာပဲ။

'ကို့ . . . မသေဘူးနော်၊ ဟုတ်လား'

'မသေပါဘူး နှင်းရယ်၊ နှင်းဘေးမှာ ကိုယ်ထိုင်နေတယ်လေ၊ နှင်းကိုယ်ပူတွေ သိပ်တက်နေလို့ ကိုယ် ရေခဲတင်ပေးမလို့နော်။ နှင်း ခဏနေရင် နေကောင်းသွားမှာနော်'

'ကိုသေသွားလို့ ကို့လက်တွေ အေးနေတာ မဟုတ်ဘူးလားဟင်၊ နှင်းသိပ်ကြောက်တာပဲ ကိုရယ်၊ နှင်းတစ်ယောက်တည်းရယ်'

'နှင်းတစ်ယောက်တည်း မဟုတ်တော့ဘူးနော် နှင်း၊ စိတ်ထဲမှာ ဘာမှမတွေးနဲ့ ၊ အခု ကိုယ်တို့က မြကန်သာက အိမ်လေးထဲမှာ ပြန်ရောက်နေကြပြီ တောင်တွင်းမှာ မဟုတ်တော့ဘူး၊ တောင်တွင်းက မီးလောင်ပြင်ထဲမှာ မဟုတ်တော့ဘူးနော် နှင်း၊ နှင်းနေကောင်းအောင် ကိုယ်ရေခဲတင်ပေးမယ် ဟုတ်လား သနားပါတယ်ကွာ ကောင်မလေးတစ်ယောက်၊ ကိုယ်ပူတွေ မြန်မြန်ကျပါစေဗျာ'

ကျွန်မ နဖူးပေါ်မှာ အေးစိမ့်သွားပြီး ကျွန်မအာရုံထဲမှာ အထူးအရသာကြီးပေါ်လာပြန်တယ်။ ပြီးတော့ ပါး ပါးလိုက်သွားတဲ့ အပါးအရသာ။

ကျွန်မတို့လေ တောင်တွင်းကို ရိုးမ မီးရထားလမ်းကနေ နိုင်ဝင်းဆွေရဲ့ 'ညို' တို့စီးတဲ့ မီးရထားနဲ့ သွားကြတာ။

မီးရထားပေါ်မှာ 'ညို' တွေ အများကြီး တွေ့တယ်။

ဆန်အိတ်တွေ၊ ထင်းစည်းတွေ၊ ခရမ်းချဉ်သီးတောင်းတွေ၊ ဟင်းသီးဟင်းရွက် တောင်းတွေနဲ့ ကျပ်ညပ်နေတဲ့ကြားမှာ မီးရထား အရောင်းဈေးသည်တို့ရဲ့ အာဝဇ္ဇန်းကိုပါးစပ်ဟ ငေးမောနားထောင်ရှာတဲ့ ရိုးသားနွမ်းပါးတဲ့ နေလောင်မျက်နှာတွေ။

သစ်ပုပ်ပင်တဲ့၊ မင်းပြင်တဲ့၊ ဒလန့်ချွန်တဲ့၊ ကုလားမတဲ့၊ အိုးပေါက်တဲ့၊ စိမ်းညို့အုံ့ဆိုင်းမှောင်ရီသန်းနေတဲ့ ရိုးမပေါ်က ရွာဘူတာလေးတွေကို တစ်ဘူတာဖြတ်လာခဲ့တဲ့ မီးရထားလေး တောင်တွင်းဘူတာကိုဝင်တော့ မိုးချုပ်မှောင်မည်းစပြုပြီ။

'နှင်း . . . ဟိုမှာ ရခိုင် ဘုရားကြီးလေ'



ကိုက လှမ်းပြတဲ့ မီးရောင်လက်လက်နဲ့ ရခိုင်ဘုရားကြီး။ ညို့ကို လှမ်းတယ်။ ဆရာနိုင်ဝင်းဆွေကိုလဲ လှမ်းတယ်လို့ ကျွန်မက ပြောလိုက်တယ် ထင်တယ်။

ညိုတို့စီးတဲ့ ရထားမျိုးလေးတွေ ကျွန်မတို့ဆီမှာလို ခြေချပုံးမပါဘဲ တစ်ပြင်တည်း ထိုင်ရတဲ့ ရထားမျိုးလေးနဲ့ ကျွန်မ တစ်ခေါက်မှ မရောက်ဖူးသေးတဲ့ ကို တို့အိမ်ကို ကျွန်မတို့ သွားကြတယ်။ အဖေတို့ အမေတို့အိမ်မှာ အတူနေတဲ့ ကို့ အစ်ကိုလတ်တို့ ဝမ်းသာသွားကြတယ်။ ကို တို့အိမ်ရှေ့မှာ ရွှေအင်းတော်ဘုရားပွဲတော် ဈေးတန်းကြီးကလဲခင်းလို့။ ပွဲတော်သံတွေကလဲ ပျော်စရာကောင်းလောက်အောင် ဆူညံလို့။

အမေတို့ အဖေတို့က နေရေးထိုင်ရေး အဆင်ပြေရဲ့လားတဲ့။ သိပ်ကျယ်ဝန်းနေသလို ဖြစ်နေတဲ့ အိမ်ပေါ်ထပ်မှာ မနေတတ်မထိုင်တတ်သလို ဖြစ်နေတဲ့ ကျွန်မတို့ နှစ်ယောက်က ပြေပါတယ်တဲ့၊ ကိုကနောက်မှ အေးအေးဆေးဆေးပြောမယ် အမေရေတဲ့။

နောက်တစ်နေ့ကျ ပွဲတော်ဈေးတန်းထဲ လျှောက်သွားကြတယ်။ မြို့ဈေးကြီးထဲက ကို တို့ လက်ဖက်စို၊ လက်ဖက်ခြောက်ဆိုင်မှာ ဈေးကူရောင်းတယ်။ ပွဲတော်ဈေးတန်းထဲ တစ်ဆိုင်ခွဲ ဖွင့်ထားတဲ့ဆိုင်မှာ ကျွန်မနဲ့ကိုနဲ့ ရောင်းကြည့်ကြတာ ဘယ်လိုပျော်စရာ ကောင်းမှန်းမသိဘူး။

ချိန်ခွင်နဲ့အလေးကို ငယ်ငယ်တုန်းက ကစားရသလို ချိန်တွယ်ပျော်ရွှင်နေမိပြီး ဈေးသည်လုပ်ချင်စိတ်တောင် ဖြစ်မိသေးတယ်။ကျွန်မတို့ဆီကိုလေ အမြန်ဓာတ်ပုံရိုက်ခဲ့တဲ့ မိတ်ကပ်လိမ်း မျက်နှာနီနီတွေနဲ့ တောသူ တောင်သားတွေ လာဝယ်ကြတယ်။

ကိုက ဈေးသေတ္တာထဲ ထည့်ထားတဲ့ ဒူးယားဘူးထဲက ဒူးယားတွေ လိပ်ချင်း ဆက်သောက်နေခဲ့ရင်း အညာစာကြိုက်တဲ့ ကျွန်မကို အညာစာတွေ တစ်ခုပြီးတစ်ခု ဝယ်ကျွေးတယ်။

ကို့မေမေက ပြောတယ်။ နေ့ကောင်းရက်သာရွေးပြီး ကျွန်မတို့ မင်္ဂလာဆောင်၊ မင်္ဂလာဆွမ်းကျွေးမယ်တဲ့။ အိမ်နံ့ရံတွေကို ဆေးပြန်သုတ်ခိုင်းမယ်တဲ့။ မီးခိုးနုရောင်ဖျော့ဖျော့ ဆေးနံ့လေးတွေတောင် မပြယ်သေးဘူး ထင်တယ်နော်။

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ တကယ်ပဲဖြစ်ခဲ့တာပါ။ မီးလောင်တယ်ဆိုတာလေ။

မည်းမှောင်လိပ်တက်လာတဲ့ မီးခိုးလုံး မည်းမည်းကြီးတွေကို ကျွန်မ တစ်ခါမှ မမြင်ဖူးခဲ့ပါ။ ပွဲဈေးတန်းထဲမှာ လူတွေ၊ လူတွေ၊ အထိတ်တလန့်နဲ့ ပြေးနေ လိုက်ကြတာ။

'မေမေတို့ ပြေး . . . ပြေး ' တဲ့။ 'နှင်း ပြေး . . ပြေး' တဲ့။

ကိုနဲ့ ကို့ အစ်ကိုလတ်အသံ။ 'မေမေ . . နှင်းက ဘာမှ သိတာ မဟုတ်ဘူးနော်၊ နှင်းကို သေချာခေါ်သွားပါ' တဲ့။ ကိုတို့ကနောက်မှ ထွက်လိုက်ခဲ့မှာ တဲ့။ ဟင့်အင်း ကိုမပါဘဲ ကျွန်မ မသွားဘူး။ ရန်ကုန်က ပါလာတဲ့ ရှိုးနဲ့ အဝတ် အစား အိတ်လေးကို တင်းတင်းပွေ့ပိုက်ရင်း ကို့နားမှာ ရပ်နေခဲ့တဲ့ ကျွန်မ။

ကိုတို့ အဘွားကိုတစ်ဖက်၊ လက်ဆွဲခြင်းလေးနဲ့ ပင့်ထားတဲ့ ဘုရားရုပ်ပွားတော်လေးတစ်ဖက်နဲ့ကို့ မေမေက 'လာ . . သမီး ၊အကုန်သေကုန်လိမ့်မယ်' တဲ့။ 'လာပါ ညီမရယ်၊ မျိုးတို့ လိုက်လာမှာပါ၊ တို့အရင် ပြေးနှင့်ကြအောင်' တဲ့။ ကို့ အစ်ကိုလတ်ရဲ့ မိန်းမ မမတူးက။ 'လိုက်သွားလေ နှင်း၊ ကို့ကို ချစ်ရင် လိုက်သွား၊ ကိုချက်ချင်း လိုက်ခဲ့မှာဆိုပြီး ကိုနဲ့ အစ်ကိုလတ် သေတ္တာတွေကို ရေတွင်းထဲ ပစ်ချနေကြတယ်။

— အိပ်မက်တစ်ခုလိုပါပဲ။ ဘယ်တော့မှ ပြန်မမက်ချင်တဲ့ အိပ်မက်လေး

မီးတွေ တဝုန်းဝုန်းလောင်စပြုလာတဲ့ ပွဲတော်ဈေးတန်းရဲ့ နေပူခံ သက်ကယ် ပေါင်းမိုးအောက်မှာ ကျွန်မတို့ ပြေးနေကြတယ်။

ကိုရေ . . မြန်မြန်လာပါလား၊ မီးတွေ တကယ်လာနေပြီ။ သိရဲ့လား ကျွန်မ နောက်လှည့်ကြည့်လိုက်တယ်။ မီးတွေ . . . မီးတွေ။

ကျွန်မရှေ့မှာရော၊ မမျှော်လင့်တဲ့ ထတောက်တဲ့ မီးတောက်တွေ မည်းမှောင်တဲ့ မီးခိုးတွေ။ အမေတို့ကို ကျွန်မ မမြင်ရတော့ပါ။ 'ကန်တော်ကြီး ပြေးကြ၊ ကန်တော်ကြီး ပြေးကြ' တဲ့။ ဘယ်မှာလဲဟင် . . . ကန်တော်ကြီးလေ ကျွန်မ တကယ်မရောက်ဘူးလို့ပါ။



ပွဲတော်ဈေးတန်းထဲက ရန်ကုန်ဇာဘော်လီပုံ၊ ဒန်အိုး ဒယ်အိုးတုံး သင်ဖြူးလိပ်ပုံ၊ အထည်မျိုးစုံပုံတွေပေါ်ကနေ ပြေးနေကြတဲ့ လူတွေနဲ့အတူ မောဟိုက် ငိုချင်စွာ ကျွန်မ တအားလိုက်ပြေးနေတယ်။

ကန်တော်ကြီးဆိုတဲ့ နွေမှာ ရေစပ်စပ်ပဲရှိတဲ့ ကုန်းတစ်ဝက် ရေတစ်ဝက် ကွင်းပြင်ကျယ်ကြီးထဲမှာ မြောက်မြားလှတဲ့လူတွေ။ အဲဒီလူတွေထဲမှာ ဘယ်သူ့ကိုမှ မသိတဲ့မျက်နှာစိမ်း ကျွန်မက တစ်ယောက်တည်း။

တစ်မြို့လုံး လောင်သွားပြီတဲ့။

သေတဲ့လူတွေ အများကြီးတဲ့။

အိမ်ထဲမှာပင် ပိတ်မိပြီးတဲ့။

ကန်လယ်ခေါင် မြေပပ်ကြားပေါ်မှာ ပူရမှန်းမသိတဲ့ ခြေဗလာနဲ့ ကျောက်ရုပ်တစ်ရုပ်လိုရပ်ရင်း ကောင်းကင်ထိမတတ် မြင့်တက်လောင်ကျွမ်းနေတဲ့ မီးတောက်နီနီကြီးတွေကို ငေးကြည့်နေမိတဲ့ ကျွန်မ။

သူ မီးထဲမှာ ကျန်ရစ်ခဲ့တာ။

မေကြီးရေ . . . မေကြီးရဲ့ မောင်မျိုးနိုင်လေ၊ သမီးကို ထားရစ်ခဲ့ပြီ။ သူ သိပ်ပူမှာပဲ မေကြီးရဲ့ သမီးသိတာပေါ့။

တစ်စုံတစ်ယောက်က 'ပြေးလေ . . ပြေး' တဲ့။ ဖို . . . ကျွန်မ ဘယ်ကို ပြေးရဦးမှာလဲ။

ကန်လယ်ခေါင်ကို မီးလုံးတွေ ပြုတ်ကျလာကြတယ်။ ရေစပ်စပ်မှာ သွေးရူးသွေးတမ်း ရေဆင်းငုပ်တဲ့လူတွေ။ သူတို့ကိုယ်ပေါ်မှာ လောင်ကျွမ်းနေတဲ့ မီးလုံးတွေ။

ကျွန်မကို ဘယ်သူက ဆွဲခေါ်ခဲ့တာလဲ။ ဟင့်အင်း . . . ကျွန်မ ပြေးချင်ဘူး။

တစ်နေရာမှာ ကျွန်မ ပုံကျသွားခဲ့တယ်။ အုတ်နံရံလေးတစ်ခုနားမှာ။ ဒါကို ကျွန်မက မှီလို့။ ရင်ကွဲမတတ် မောဟိုက်ပူပြင်းလို့။ 'ဒါ နတ်မှီတောရလေ' တဲ့။ 'နတ်မှီတောရ ဟုတ်လား' နတ်မှီတောရဆိုတာ ဘုန်းကြီးကျောင်းလေးကို လိုက်ပို့မယ်တဲ့။

www.burmeseclassic.com



ကျွန်မ မှီထားတဲ့ အုတ်နံ့ရံလေးက စာတွေကို ကျွန်မ ခပ်ကြောင်ကြောင် စိုက်ကြည့်နေတယ်။

မှောင်သွားပြီ။

ကျောင်းဝိုင်းထဲမှာ ငိုသံတွေ၊ ဆူသံတွေ။ မီးလောင်ထားတဲ့ လူတွေတဲ့။ အုတ်နံ့ရံလေးကို မှီထားတဲ့ ကျွန်မ နည်းနည်းလေးမှ မလှုပ်ခဲ့ပါ။ ဘယ်သူမှလဲ ကျွန်မနားကို မလာခဲ့ကြပါ။

မြို့ထဲမှာ မီးတွေရဲတုန်းတဲ့။ လူသေတွေလဲ အများကြီးပဲတဲ့။ ဟုတ်လား၊ လူသေတွေတဲ့လား။ မီးကျွမ်းထားတဲ့ လူသေဆိုတာ ဘယ်လိုမျိုးလဲ တင်။

တဖြည်းဖြည်း ညဥ့်နက်တိတ်ဆိတ် ငြိမ်သက်သွားတဲ့ အမှောင်ထဲမှာ ကျွန်မ တစ်ယောက်တည်းရယ်။ ကျွန်မ မျက်လုံးတွေဟာ မှိတ်လို့ မရခဲ့ကြပါ။ 'နှင်း. . . နှင်း"တဲ့။ နှင်းနှင်းဦးတဲ့။ ဟိုအဝေးကြီးက သဲ့သဲ့လေး လွင့်လာတဲ့ အသံ။ ကျွန်မ မလှုပ်ခဲ့ပါ။ ကိုလာမယ်ဆိုတာ ကျွန်မ သိတာပေါ့၊ အကောင်အထည် ရုပ်ဒြပ်မရှိတော့တဲ့ ကို့ရဲ့ ဝိညာဉ်လေ။

'နှင်းရေ . . . တဲ့။ တဖြည်းဖြည်း နီးလာတဲ့အသံ။

'နှင်းနှင်းဦး၊ ဒီထဲမှာ နှင်းနှင်းဦး ရှိလား' တဲ့။ မောဟိုက်လှုပ်နှလှုပ်နေတဲ့ အသံ။

www.burmeseclassic.com



ကို့ အနားကို ဘယ်လိုရောက်သွားမှန်းမသိဘဲ ကျွန်မဟာ ကို့လည်ပင်းတို ကလေးတစ်ယောက်လို အတင်းအကျပ်ဖက်ထားရင်း 'ကိုသေသွားပြီမဟုတ်လား' တဲ့။

လကွေးကွေးလေး ရေးရေး သာနေတဲ့ လယ်ကွင်းများစွာကိုဖြတ်ရင်း မဆုံးနိုင်အောင် ရှိုက်ရင်း ကိုနဲ့ကျွန်မ ဖြတ်သန်းခဲ့ရတဲ့ မီးလောင်ည။

ကျွန်မတို့နှစ်ယောက်ရဲ့ ကျေပျက်သွားခဲ့တဲ့ မျှော်လင့်ချက် အမှုန်လေးတစ်မှုန်လိုပဲ ကျေပျက်သွားခဲ့ကြတဲ့ ဘဝများစွာတွေ။

တန်ခူးလရဲ့ အပူဒဏ်အောက်က မီးလောင်ပြင် ညှော်နံ့။ သိပ်ကြောက်စရာကောင်းတာပဲ။

အုတ်နံရံ လေးဘက်ပဲကျန်ရစ်ခဲ့တဲ့ ကိုတို့အိမ်ထဲက လက်ဖက်ခြောက်မီးကျီထဲကို နစ်မြုပ်သွားခဲ့တဲ့ မီးလောင်ပစ္စည်း လိုက်ကောက်တဲ့ ကလေးလေးရဲ့ ခြေထောက်ညှော်နံ့။ သိပ်ကြောက်စရာကောင်းတာပဲ။

ပြီးတော့လေ။ ကျွန်မ ငယ်ငယ် ကမ်းပါးပြိုတုန်းက စားခဲ့ဖူးတဲ့ ထမင်းထုပ်နံ့။ 'ဘ' ရေ ၊ မေကြီးရေ၊ သိပ်ဝမ်းနည်းစရာ ကောင်းတာပဲ။

'မေကြီး'

'. . . . . . .'

'မေကြီးရေ'

'အို . . နှင်းနှင်း မငိုနဲ့လေ၊ ကိုယ်ရှိသားပဲနှင်းရယ်၊ မငိုနဲ့နော်'

'နှင်းတို့မှာ ဆေးထိုးစရာ ပိုက်ဆံလဲ မရှိဘူးနော်၊ ကို ထမင်းစားပြီးပြီလားဟင်'

'စားပြီးပြီ ၊ နှင်းကို ဆေးထိုးဖို့ ပိုက်ဆံတွေလဲ ကို့မှာ အများကြီးရှိတယ် ဟုတ်ပြီလား'

'ကို ညာတယ်'

'ဩော် . . . နှင်းရယ်'

'ကို့ နှုတ်ခမ်းက အပူလောင်တဲ့ ဒဏ်ရာအမည်းတွေ ရှိသေးလား'

'မရှိတော့ဘူးလေ နှင်းရဲ့၊ ပျောက်သွားပြီပဲ'

'နှင်းတို့ ပြန်လာတော့လေ၊ ကို့ အမေက ငိုတယ်၊ ကိုကလဲ ငိုတယ်'



'နှင်းကလဲကွာ'

'နှင်း အလုပ်လုပ်ချင်တယ်၊ နှင်းကို အလုပ်ရှာပေးပါ၊ နှင်းလေ ဆရာမဆိုလဲ လုပ်ပါ့မယ်၊ သင်္ချာဆိုလဲ သင်ပါ့မယ်'

'. . . . . . . .'

'နှင်းမျက်လုံးဇတွေက မီးတွေလိုပဲ ပူတယ်'

'အေးပေါ့ နှင်းရယ်၊ နက်ဖြန်ကျ ပျောက်သွားမှာနော်'

'ကို နက်ဖြန် ကျောင်းသွားရင် အဖေ့ စတစ်ကော်လံ အကျႌကြီး မဝတ်နဲ့'

'အေးပါ နှင်းရယ်၊ မဝတ်ပါဘူး'

'နှင်းတို့အကျႌလေးတွေ၊ လုံချည်လေးတွေ မီးထဲကို ပါသွားပြီနော်၊ ကိုနဲ့ စတွေ့တုန်းက နှင်းဝတ်ထားတဲ့ အကျႌလေးလေ၊ ဆဲဗင်းဒေးမီးခိုးရောင်လေး၊ နှင်းသိပ်ကြိုက်တာ၊ မရှိတော့ဘူး၊ နှင်းကို ရေလောင်းတုန်းက ကို ဝတ်ထားတဲ့ စပို့ရှပ် အကျႌအဖြူလေးလဲ မရှိတော့ဘူး'

'ဘာဖြစ်လဲ နှင်းရဲ့၊ ကိုယ်တို့မှာ တခြားဝတ်စရာတွေ ရှိတာပဲ'

'အဲဒါတွေ ပြောမနေနဲ့နော်၊ ကိုယ် ရေခဲတင်ပေးတာနဲ့ နှင်း ကိုယ်ပူတွေ ကျတော့မယ်၊ နေကောင်းတော့မယ်နော်'

နေကောင်းတော့မယ် ဟုတ်လား။ ကိုက ကျွန်မရဲ့မီးလို လက်တွေကို ဆွဲယူနမ်းရှိုက် လိုက်သလား။ ကျွန်မနဖူးပေါ်က အေးစိမ့်စိမ့်အရသာလေး ပျောက်သွားမှာ ကြောက်တယ်။

'ကို'

'ဘာလဲ နှင်းရဲ့'

'နှင်းကို မေကြီးဆီ လိုက်ပို့ပေးပါ'

'. . . . . . .'

'နှင်း အိမ်ပြန်ချင်တယ်'

'. . . . . . . . . .'

'လိုက်ပို့ပေးပါနော်'

'. . . . . . . . . .'

www.burmeseclassic.com

www.burmeseclassic.com



'နော်လို့၊ ကို မကြီးဆီ နှင်းကို လိုက်ပို့ပေးမယ် မဟုတ်လား ဟင်လို့'

'အေးပါ နှင်းရယ် ၊ ကိုယ်လိုက်ပို့ပေးပါ့မယ်'

ကို့ နှုတ်ခမ်းပေါ်က ကျွန်မရဲ့ မီးလို လက်ဖျားတွေပေါ်ကို အေးစိမ့်စိမ့် ရေစက်ရေပေါက်လေးတွေ ဘာဖြစ်လို့ ကျလာကြပါသလဲ။ ကျွန်မ သိပ်သိချင်တာပဲ။

'အခက်အခဲကြုံလာတိုင်း စိတ်အားငယ်လာတိုင်း မိဘအိမ်ကို ပြန်ပြေးချင်တာဟာ မရင့်ကျက်လို့' တဲ့။

ကျွန်မဟာ ရင့်ကျက်တဲ့ မိန်းမတစ်ယောက် တကယ်ကိုဖြစ်ချင်ပါတယ်။ ဒါပေမယ့် ကျွန်မ 'ဘ' ကို လွမ်းတယ်၊ 'မကြီး' ကိုလွမ်းတယ်၊ ခြောက်ပေကြမ်းစင်လေးပေါ်မှာ တစ်ယောက်တည်း ကျန်ရစ်ရှာတဲ့ 'ကို့' ကို ရော ကျွန်မ မလွမ်းဘူးလား။

လိမ္မော်ဝါရောင် ရထားကြီးနဲ့ ကျွန်မ တစ်ယောက်တည်း အိမ်အပြန်ခရီးမှာ ကို မလိုက်နိုင်ခဲ့ဘူးလေ။ သုံးရက်ပဲ ရတဲ့ခွင့်ကြောင့်ရယ်။ ပြီးတော့ ကျွန်မကို လိုက်ပို့ရင် ကုန်နေမယ့် ခြောက်ဆယ့်လေးကျပ်ကြောင့်ရယ်ပေါ့။ ကျွန်မကပဲ 'ကို့' ကို ထားခဲ့တာပါ။

'နှင်း ပြန်လာမှာပါနော်' တဲ့။

ဘူတာရုံ သံစကာကွက်တွေ ခြားထားတဲ့ ချစ်သူရဲ့ ညှိုးငယ်မှု[illegible] သိပ်ဝမ်းနည်းစရာ ကောင်းတာပဲ။

"ဒီလိုဆို နှင်းမသွားတော့ဘူးလေ" လို့ ကျွန်မ ဘာလို့ မပြောလိုက်မိပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



လက်စွပ်ရာ ဖြူဖြူလေးထင်နေတဲ့ ကို့ ဘယ်လက်သူကြွယ်လေးကိုပဲ ကျွန်မ ကြည့်နေခဲ့မိတယ်။ ခုချိန်ဆိုရင် 'M' စာလုံးလေးထွင်းထားတဲ့ ကို့ လက်စွပ်လေး ဘယ်နေရာမှာလဲ။ ဘယ်သူ့ဆီမှာလဲ။ ကျွန်မ မသိနိုင်ပါ။

လက်စွပ်လေးနဲ့ လဲလှယ်ခဲ့ရတဲ့ ငွေ ငါးရာဆိုတာကကော ကျွန်မ အတွက် ဘယ်လောက်ကြာကြာများ စိတ်အေးချမ်းသာ နေရမလဲ။ ဇွန်လရဲ့ မိုးဦး ရေစက်တွေ မီးရထား ပြတင်းပေါက်ကနေ ကျွန်မ မျက်နှာပေါ်ကို တဖျန်းဖျန်း လာရိုက်နေတယ်။ ဒါပေမယ့် ကျွန်မကို တံခါးပိတ်ပေးမယ့်သူမရှိပါ။

ချစ်သူ့ပခုံးမှာ ပါးအပ်မှီတွယ်လိုက်ခဲ့ရတဲ့ လိမ္မော်ရောင် ရထားကြီး ပေါ်က ဘဝခရီးအစလေးကို ကျွန်မ မမေ့နိုင်သေးပါဘူး။

အဲဒီဘဝခရီးအစက ရင်ခုန်မက်မောစရာလေးတွေ ပျောက်ဆုံးသွား မှာကိုလဲ ကျွန်မ ကြောက်လှပါတယ်။ ဘာပဲဖြစ်ဖြစ် အချိန်တိုတိုလေးအတွင်း မှာတော့ ပျောက်ဆုံးမသွားသင့်ပါဘူးနော်။

"နှင်း၊ ဘယ်နှစ်ရက်ကြာမှာလဲဟင်"

"နှင်း ဆယ့်ငါးရက်လောက် မနေရဘူးလား"

"ဟင့်အင်း ဆယ်ရက်ပဲ၊ ဆယ်ရက်ပြည့်တဲ့နေ့ကစပြီး ကိုယ်လာကြို မယ်"

ကျွန်မဖတ်ဖို့ကြိုးစားတဲ့ My Brother-Ernest Heminway စာအုပ် မဲ့ စာမျက်နှာတွေပေါ်မှာ ကို့စကားစာကြောင်းလေးတွေ ထင်လာတယ်။ ပြီးတော့ ကို့မျက်နှာ။ ဘူတာကနေ အိမ်ပြန်သွားပြီ။

(၉)ကားပေါ်မှာကို တစ်ယောက်တည်းပေါ့။ ကားပေါ်က ဆင်းရင် နောက်ခန်းအပေါက်ကို ကပျာကယာ ပြေးစရာမလိုဘဲ မြကန်သာ လမ်းကလေး ထဲကို ဝင်သွားပေါ့။ အိမ်ကလေးထဲရောက်ရင်တော့ အရင်နှစ်ယောက် အတူ ပြန်လာတုန်းကလို အင်္ကျီ လုံချည်မြန်မြန်လဲပြီး ထမင်းစားပွဲဝိုင်းလေးမှာ ဝင်ထိုင် ပါ့မလား။

အင်္ကျီ လုံချည်တောင်မလဲဘဲ ခြောက်ပေ ကြမ်းစင်အိပ်ရာလေးပေါ် မှာ ပစ်လှဲလို့နေမလား။ ဆေးလိပ်ကိုလဲ အဆက်မပြတ်ဖွာရင်းနဲ့ပေါ့။ တစ်ကျပ်ဖိုး ခုနစ်လိပ်ရတဲ့ ဆေးပေါ့လိပ်ကိုလေ။ ကို ဒူးယားမသောက်တော့ဘူးနော်။ နှင်း



ဝမ်းအနည်းဆုံးက အဲဒါပါပဲ။

ကို့ကို သနားလွမ်းဆွတ် နာကျင်နေမိရင်းကပဲ ကျွန်မ စိတ်တွေဟာ အိမ်ကို မြန်မြန်ရောက်ချင်နေခဲ့မိတယ်။ ဘနဲ့မေကြီးကို အမြန်ဆုံး တွေ့ချင် နေခဲ့မိတယ်။

"နှင်းတို့နှစ်ယောက် ခုချိန်ကစပြီး ဘယ်သွားသွား အတူတူပဲနော်၊ ဘယ်တော့မှ ခွဲမသွားဘူး" ဆိုတဲ့ စကားတွေကို ဘဝခရီးအစ ဟောဒီ ရထား ကြီးပေါ်က ရိုးရိုးတန်း နှစ်ယောက်ထိုင်ခုံလေးပေါ်မှာ ကျွန်မပဲ ပြောခဲ့တာပါ။

ကျွန်မတို့နှစ်ယောက်ရဲ့ ရှေ့ဘဝခရီးမှာ ကိုမပါတဲ့ ကျွန်မ မပါတဲ့ ဒီလိုခရီးမျိုးတွေကို ကျွန်မတို့ ဘယ်နှစ်ခါလောက် သွားနေရဦးမှာလဲ။

အမြန်ရထားကြီးပေါ်က ရိုးရိုးတန်း ထိုင်ခုံလေးမှာ စာတစ်အုပ်နဲ့ ကျွန်မ မိုးလင်းခဲ့တယ်။

သုံးလကျော် ကွဲကွာနေခဲ့ရတဲ့ အညာရဲ့လေနုံ့၊ မြေနံ့၊ သစ်ပင်နံ့တွေ ဟာ ကျွန်မကို မျက်ရည်ဝိုင်းလာအောင် လွမ်းစေပါတယ်။

ပြီးတော့ ဇွန်လ လေထဲမှာ မသိမသာ ပါလာစပြုပြီ ဖြစ်တဲ့ ဝါဆိုနံ့။ ဝါဆိုတော့မှာပေါ့နော်။

မန္တလေးဘူတာကို ဖြည်းဖြည်းချင်း ဝင်နေတဲ့ ရထားကြီးပေါ်ကနေ လှမ်းမြင်နေရတယ်။ "ရှမ်းစုဘူတာ" တဲ့။

အဲဒီရှမ်းစုဘူတာ သံလမ်းရဲ့ အရှေ့ဘက်မှာ ကျောက်ခဲထူထပ် ကြမ်းတမ်းတဲ့ ဖြတ်လမ်းကလေး တစ်ခုရှိတယ်။

အဲဒီလမ်းကလေးပေါ်မှာ လွန်ခဲ့တဲ့ သုံးနှစ်တုန်းက ဘာအပူအပင်မှ မရှိတဲ့ မျိုးနိုင်နဲ့ နှင်းနှင်းဦး ဆိုတဲ့ သမီးရည်းစား အတွဲလေး တစ်တွဲ အကြိမ် ကြိမ်အခါခါ လျှောက်ခဲ့ကြဖူးတယ်။

ချစ်သူအနံ့လို့ ကျွန်မ ယစ်မူးခဲ့ဖူးတဲ့ ဝါဆိုနံ့ထဲမှာ ဘာဖြစ်လို့များ ဝမ်းနည်းနာကျင်စရာ ကောင်းတဲ့အနံ့တွေ ရောနှောပါဝင်လာပါလိမ့်။

၃၇-လမ်း၊ အေလမ်း။ ကျွန်မကို ဝမ်းသာအားရ နှုတ်ဆက်နေ စက်ဘီးလေးနဲ့ ကို့ကို မေးကြတော့ ကျွန်မ ဝမ်းပန်းတနည်းနဲ့ ခေါင်းညိတ်ပြ မိတယ်။ မန္တလေးမြို့ရဲ့ လမ်းမကြီးတွေရဲ့ စက်ဘီးလေး တစ်စီးရဲ့ အပူအောင်

www.burmeseclassic.com

www.burmeseclassic.com



မရှိ ရွာရိုးကိုးပေါက် လျှောက်သွားပြီး မင်းတို့နဲ့ တွေ့ဆုံနိုင်ခွင့်တို့မှာ မရှိတော့ပါဘူးကွယ်။

ကို့လက်စွပ်ကလေးနဲ့ လဲလှယ်ခဲ့ရတဲ့ ပိုက်ဆံလေးတွေပါတဲ့ အိတ်အနက်လေးကို လွတ်ပြီး အဝတ်အစားအိတ်လေးတစ်လုံး၊ မုန့်ထုပ် နှစ်ထုပ် သုံးထုပ် ဘည့်ထားတဲ့ ကျွတ်ကျွတ်အိတ်လေးတစ်လုံးကို ဆွဲထားတဲ့ ကျွန်မကို တရုတ်တန်း ခုံးတံတားကြီးကလဲ ပြုံးပြီး ကြိုရှာပါတယ်။

သူ့လှေကားထစ်တွေ ပေါ်ကနေ စက်ဘီးလေး တစ်စီးကို ပြိုင်တူ မပြီး ချစ်သူနဲ့ ပျော်ရွှင်ခဲ့ဖူးတဲ့ ကောင်မလေးတစ်ယောက်ကို သူမှတ်မိနေသေး တယ်။

ခုံးတံတားကြီးပေါ်က လှမ်းကြည့်ရင် မနက်ခင်း တရုတ်တန်းဈေး ဟာ စည်ကားလှုပ်ရှားနေမြဲ။

ဆယ့်တစ်နာရီထိုးရင် ဈေးသိမ်းတဲ့ ဒီဈေးထဲမှာ အင်္ကျီစလေးတစ်စ မြီးရှည်တစ်ပွဲအတွက် ကျွန်မတို့ သူငယ်ချင်းတစ်တွေ မနက်ခုနစ်နာရီကနေ ဆယ့်တစ်နာရီထိ ဈေးအနှံ့ လျှောက်သွားပျော်ရွှင်ခဲ့ဖူးတယ်။

နှစ်ဆစ်ချိုး ခေါက်ထီးလေးတစ်ချောင်းကို ကိုနဲ့အတူ လာဝယ်ဖူး တယ်။ ကို့အတွက် မီးခိုးရောင်ဆွယ်တာလေး တစ်ထည် လာဝယ်ဖူးတယ်။

ခုံးတံတားပေါ်က ဆင်းဆင်းချင်း နှာခေါင်းထဲဝင်လာတဲ့ မုန်ညင်း ချဉ်နံ့၊ ကြက်သွန်ချဉ်နံ့၊ ဆီတိုဟူးနံ့တွေဟာ မပြောင်းလဲတဲ့ တရုတ်တန်း အနံ့တွေ ပါပဲ။

၁၉ လမ်းတုန်းက ကျွန်မတို့နှစ်ယောက် ထိုင်နေကျတုန်း ဝင်စားဖူးတဲ့ ထမင်းတစ်ခါပြင် နှစ်ကျပ်ဆိုတဲ့ ထမင်းဆိုင်လေးလဲ ရှိသေးတယ်။ ဒါပေမယ့် မြေဖြူဆိုင်းဘုတ်လေးပေါ်မှာတော့ ထမင်းတစ်ခါပြင် လေးကျပ်တဲ့။

တရုတ်တန်းရဲ့ ရောင်စုံပြိုးပြက်နေတဲ့ အထည်တန်းကြားမှာ ဖြတ်လျှောက် နေတဲ့ ကျွန်မရဲ့ ရှပ်အင်္ကျီ အပြာစင်းလေးနဲ့ လေယာဉ်မောင် အပြာရောင် ထဘီလေးဟာ တဖြည်းဖြည်းနဲ့ မှိန်ဖျော့သွားသလိုပဲ။

ကို့လက်စွပ်ကလေးနဲ့ လဲလှယ်ရခဲ့တဲ့ ပိုက်ဆံထဲကနေ ကို ဝတ်ဝယ်ပေးခဲ့တဲ့ ကျွန်မရဲ့ ရှပ်အင်္ကျီလေးဟာ လက်ရွေးစင်အောက်က ကြိုက်



တာရွေးယူ သုံးဆယ့်ငါးကျပ်ဆိုတဲ့ လမ်းဘေးရှပ်အင်္ကျီ ပုံထဲကပါ။

ကျွန်မတို့ သူငယ်ချင်းတွေ ဟောဒီဈေးကို လာတဲ့နေ့ ဆိုရင်လေး အားလုံးအလှဆုံး၊ အတောက်ပဆုံးဖြစ်တဲ့ အင်္ကျီ ထဘီကို ရွေးဝတ်ခဲ့ကြ တာနော်။

“လှပါတယ် ညီမရဲ့၊ ဒီဖိနပ်လေးကမှ ပန်းတွန့်လေးတွေနဲ့ လှလွန်းလို့”

ကျွန်မခေါင်းချာခနဲလည်သွားတယ်။ ဒီအသံကို ကျွန်မ သိပ်သိ တာပေါ့။ ရိုးသားပွင့်လင်း ချိုအေးကျယ်လောင်တဲ့ အသံလေး။

“အစ်မကြီး”

အထည်ဆိုင်တွေကြားက ဖိနပ်ဆိုင်လေးရှေ့မှာ ရပ်နေတဲ့ ပန်းရိပ်ညို အစ်မကြီး သချာ်ဘွဲ့ရ မခင်မှတ်က ကျွန်မကို တအံ့တသြကြည့်လို့။

“ဟယ် . . . နှင်းနှင်းရယ်၊ ပိန်လိုက်တာဟယ်၊ မတရားပဲ၊ ခွေးကောင် မလေး၊ နင်ပေတုန်း တေတုန်းပဲလား၊ ရွှေမျက်မှန်ရော”

အစ်မကြီးက ဝမ်းသာအားရနဲ့ ကျွန်မရဲ့ လက်ချောင်း ပိန်ပိန်လေး ကို ဆုပ်ထားတယ်။

“ခင်ဗျားကြီးကရော၊ ဒီမှာဘာလုပ်နေတာတုန်း၊ မြင်းခြံမှာ မနေဘူး လား”

“ငါ့အခုမာစတာ လာတက်နေတာ၊ ကျောင်းမှာ ဆရာမ ပြန်လုပ်ရရင် မဆိုးဘူးပေါ့ဟယ်၊ ပန်းရိပ်ညိုမှာပဲ နေတယ်။ နင်တို့ကို သတိရလိုက်တာ အရမ်း ပဲဟယ်”

“ဟုတ်သားပဲ၊ အစ်မကြီးက ကွာလီဖိုင်းဖြစ်တာပဲ၊ မာစတာ သချာ်တန်း ဆိုတာ ကမ္ဘာပေါ်မှာ ကြောက်စရာ အကောင်းဆုံးဖြစ်မယ်”

“အေး . . . ဟုတ်တယ်ဟဲ့”

ရိုးရိုးသားသား ထောက်ခံလိုက်တဲ့ အစ်မကြီးရဲ့ မျက်လုံးဝိုင်းလေး တွေကို ကြည့်ပြီး ကျွန်မ ရယ်လိုက်မိတယ်။

“နင်နဲ့ ရွှေမျက်မှန်တို့ လက်ထပ်တာ၊ ရန်ကုန်မှာ သွားနေတာတွေ မမြတို့က ငါ့ကိုပြောပြတယ်။ သူတို့ နင်တို့ မင်္ဂလာဆောင် လာတယ်ဆို ခွေးကောင်မလေး၊ ဘွဲ့တော့ လာမယူဘဲ ယောက်ျားတော့ ယူသယ်၊ ချင်

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရပြီလား"

"ရပြီလေ၊ ထမင်းချက်၊ အဝတ်လျှော်ရတဲ့အလုပ်"

"သွားစမ်းပါဟယ်"

."တကယ်ပြောတာ အစ်မကြီးရဲ့၊ ကျွန်တော်လေ အလုပ်ရပြီလား ဘာ အလုပ်လဲလို့ မေးတဲ့သူတွေကို မရသေးပါဘူး။ အလုပ်မရှိသေးပါဘူး ဆိုတဲ့ အဖြေ ဖြေရတာ အခါပေါင်း တစ်သိန်းလောက်တောင် ရှိတော့မယ်၊ အဲဒီ အဖြေကြီးကို ငြီးငွေ့လှပြီ။ တစ်ခါတစ်လေ ရပြီဆိုတဲ့ အဖြေလေးကို သိပ်ဖြေ ချင်နေတယ် သိလား"

"အေးပါဟယ်"

အစ်မကြီးက ဖိနပ်လေးတွေကို သပ်သပ်ရပ်ရပ် ပြန်စည်းရင်း မျက်နှာလေး အိုအိုနဲ့ . . .

"ဒီဆိုင်က ငါ့အဒေါ်ဆိုင်လေ၊ ငါ့ကို တစ်လသုံးရာ မုန့်ဖိုးပေးတယ် ကျောင်းစရိတ်ပေါ့ဟာ၊ ငါ့အဖေ အမေတွေက အိုပြီဟဲ့၊ လယ်လုပ်ရတာကလဲ လွယ်တာမဟုတ်ဘူး၊ အိမ်က အကူအညီသိပ်မယူရအောင်လို့ပေါ့ဟယ်၊ တို့ အဆောင်မှာနေတုန်းကလို သုံးရာနဲ့ ခုမရတော့ဘူး သိလား၊ ငါးရာလောက်ရှ လောက်တယ်၊ အိမ်က နှစ်ရာပဲ ပို့ရတာပေါ့ဟာ၊ ငါ့ကလပ်စ်ကလဲ ဆယ့်နှစ်နာရီ ကျော်မှရှိတာဆိုတော့ မနက်ပိုင်း အားနေတဲ့အတူတူပေါ့"

"ကောင်းပါတယ် အစ်မကြီးရယ်"

"နင်တို့ ရန်ကုန်မှာရော အလုပ်မပေါဘူးလား"

"ဟင့်အင်း အလုပ်တော့ မပေါဘူး၊ ကျီးကန်းတွေ၊ အုန်းပင်တွေ ကားတွေ၊လူတွေ ပေါတယ်"

"အဲဒါတွေ ဘာလုပ်ရမှာလဲဟဲ့"

"မသိဘူးလေ"

ကျွန်မနဲ့ အစ်မကြီး ကျောင်းတုန်းကလို ဘာရယ်မဟုတ်ဘဲ ရယ်လိုက် မိကြတုန်း ဈေးဝယ်သူ ရောက်လာတယ်။

"ကျွန်တော် သွားတော့မယ်နော် အစ်မကြီး၊ အင်းဝကူးရဦးမှာမို့လို့ ခုမှ ရထားဆင်းလာတာ၊ ရွှေမျက်မှန်က ခွင့်မရလို့ အစ်မကြီးရဲ ကျွန်တော်



တစ်ယောက်တည်းရယ်"

"ဟဲ့ . . . နင်အဆောင် လာအိပ်ပါဦးလား၊ စကားပြောရအောင်လေ"

"မလာချင်ဘူး၊ လွမ်းစရာလေးတွေ ဖြစ်ကုန်မှာစိုးလို့"

"အောင်မယ်၊ နင်က ဘယ်သူ့ကို လွမ်းချင်သေးလို့လဲ ဝေလွင့်ကိုလား"

"အင်းပေါ့၊ သွားမယ်ဗျာ"

"အေး အေး . . .၊ ဟဲ့ နှင်းနှင်း၊ ရှေ့လမ်းချိုးအကွေ့လေးမှာ ဆွေဆွေတို့လင်မယားရှိတယ်"

ဆွေဆွေတို့လင်မယားရှိတယ်တဲ့။ အစ်မကြီး ဘာကို ပြောတာလဲ။

ဆွေဆွေ၊ ဆွေဆွေဆိုတာ ပန်းရိုပ်ညို အဆောင်သူ၊ စီးစီးကို ပညာပေး သူ။ ပြီးတော့ ကျောင်းတက်ရင်း လက်ထပ်ပြီး ကျောင်းဆက်တက်တဲ့သူလေ။ လူတွေရှုပ်ထွေးနေတဲ့ လမ်းချိုးအကွေ့မှာ ဆွေဆွေတို့ လင်မယားကို ကျွန်မ ရှာလို့မတွေ့ပါ။

ကျွန်မတို့ အမြဲစားနေကျ မြီးရှည်ဆိုင်လေးဆီကို လှမ်းကြည့်လိုက် တော့မှ မြီးရှည်ဆိုင်လေးဘေးက မြီးရှည်ဆိုင်လေး တစ်ဆိုင်မှာ အဆမတန် ဖြိုးနေတဲ့ မမှတ်မိချင်စရာ ဆွေဆွေနဲ့ သူ့အမျိုးသားကို တွေ့ရတယ်။ သူတို့ မြီးရှည်ရောင်းနေကြဝယ်လေ။

ဆိတ်တွေခွဲနေတဲ့ စဉ်းနီတုံးပေါ်က ဝက်သားတုန်းကြီးကို တဒေါက် ဒေါက် တင်လှီးနေတဲ့ မိန်းမဝဝကြီးကို ကျွန်မ နှုတ်မဆက်ခဲ့တော့ပါ။

သူတို့ဆိုင်လေး ဘေးနားက မြီးရှည်ဆိုင်လေးမှာ တစ်ယောက်နဲ့ တစ်ယောက် တစိမ့်စိမ့်ကြည့်ပြီး စားခဲ့ကြတုန်းက ဝက်သားဖတ်လေးတွေ တစ်ယောက်ပန်းကန်ထဲ တစ်ယောက်ထည့်ပေးခဲ့ကြတုန်းက တစ်နေ့နေ့မှာ ဒီလို မြီးရှည်ဆိုင်လေး တစ်ဆိုင်ကို ကိုယ်တိုင် ရောင်းချရလိမ့်မယ်လို့ ဆွေဆွေတို့ တွေးမိခဲ့ကြမှာ မဟုတ်ဘူးနော်။

ကျွန်မတို့တစ်တွေ ဟောဒီ ဈေးလမ်းမပေါ်မှာ လွတ်လပ်ပေါ့ပါး ပျော်ရွှင်စွာ လျှောက်ခဲ့ကြတာဟာ လွန်ခဲ့တဲ့ လေးနှစ်လောက်ကပါ၊ လေးနှစ် ဆိုတာ မကြာသေးတဲ့ အချိန်ကာလတစ်ခုပါနော်။ ကျွန်မတို့ရဲ့ ဘဝအလှည့် အပြောင်းဟာ ဒီလောက်ပဲ မြန်ဆန်သင့်ပါသလား။

www.burmeseclassic.com

www.burmeseclassic.com



ဈေးထိပ်က ဆိုက်ကား တစ်စီးရှေ့မှာ ကွန်ခြေမပျက် ခပ်တည်တည် ဝင်ထိုင်ပြီး၊ စစ်ကိုင်းကားဂိတ်ကို သွားဖို့ပြောပြနေတဲ့ ကျွန်မဟာ ပထမနှစ် ကျောင်းသူဘဝက ဆိုက်ကားစီးရမှာ အင်မတန် ရှက်တတ်တဲ့ ကောင်မလေး တစ်ယောက်နဲ့ ဘာမှ မဆိုင်တော့သလိုဘဲ။

ပထမနှစ်ရဲ့ တစ်ခုသောညနေ၊ မဝေနဲ့ ကျွန်မ မင်္ဂလာဈေးက ဈေးဝယ်ပြီး အပြန်လေ။ ဆေးကျောင်း ယောကျ်ားလေးဆောင်ရှေ့မှာပဲ ဆိုက်ကားငှားစီးကြမိတာ။ နှစ်ယောက်သား သူရှေ့ကထိုင်၊ ငါရှေ့ကထိုင် လုပ်ရင်း ကျွန်မက ဖြုန်းဆို ဆိုက်ကားနောက်ခုံကို ဝင်ထိုင်ချလိုက်တော့ ဆိုက် ကားကြီးက ထောင်သွားရော။ အဆောင်ရှေ့အုတ်ခုံပေါ်က ကျောင်းသားတွေ ရဲ့ ရယ်သံကို တစ်သက်မမေ့အောင် ရှက်ခဲ့မိတဲ့ အဖြစ်ဟာ ခုတော့လဲ အမှတ် ပြေ ရယ်မောစရာလေး တစ်ခုလိုပါပဲ။

နေပြည်တော် စစ်ကိုင်းကားလေးရဲ့ ရှေ့ခန်းထောင့်ကလေးကနေပြီး နှစ်ဆယ့်ရှစ်လမ်း ရှမ်းခေါက်ဆွဲဆိုင်လေးကို ကျွန်မ မြင်ခဲ့ရတယ်။ သခွေး အအေးဆိုင်လေးလဲ ရှိနေမြဲပါပဲ။ ‘နောက်ကျရင် ကိုယ့်သားနဲ့သမီးကို သခွေး အအေးဆိုင်မှာ အိုင်စကရင် လာကျွေးရင်း ပြောပြရမယ်နှင်းရဲ့၊ ဟောဒီဆိုင် ခုံလေးတစ်ခုံပေါ်ကနေပြီး မင်းမေမေ ပြန်အလာကို ဖေဖေ စောင့်ခဲ့ရတာပေါ့ ကွာလို့’ တဲ့။

ရိုးရိုးကလေး စိတ်ကူးယဉ်ခဲ့တာတောင်မှ နှင်းတို့ဘဝမှာ မဖြစ်နိုင် ခဲ့ဘူး၊ ကိုရယ် . . . နော်။ ရဉီးပေါက်ချိန်မို့ စက်ကတုံးပင်တွေ စီတန်းနေတဲ့ စစ်ကိုင်းလမ်းဟာ လေစိမ်းတွေ တအားတိုက်နေတယ်။ ပြာမှိုင်းနေတဲ့ စစ်ကိုင်း တောင်ရိုးဟာလဲ လွမ်းစရာကောင်းနေဆဲပါပဲ။

စစ်ကိုင်းတံတားကြီး ဒီဘက်ထိပ်၊သပြေတန်း ခံတပ်ဂိတ်မှာပဲ ကျွန်မ ဆင်းရတယ်။ တတိယနှစ် ကျောင်းသူ ဘဝက အိမ်ထိခေါ်ခွင့်မရှိတဲ့ ချစ်သူကို ဒီနေရာမှာတင် မခွဲချင်၊ ခွဲချင် ထားခဲ့ဖူးတယ်။

ခေါ်ခွင့်ရှိတဲ့အချိန်ကျတော့လဲ သူ့ကို ကျွန်မ ထားခဲ့ရပြန်ရော၊ အံ့ဩ စရာကောင်းသလို ဝမ်းနည်းစရာလဲ ကောင်းတယ်။

သပြေတန်းခံတပ် အခြေမှာတော့ ရေနစ်မြုပ်လို့ ယာယီပြောင်းရွှေ့



လာခဲ့စ ကူးတို့ဆိပ်လေးဟာ အရင်လို မဟုတ်ပေမယ့် ခြောက်ခြောက်သွေ့ သွေ့ လှုပ်ရှားနေမြဲပါပဲ။

ပိုပြီး အိုမင်းဟောင်းနွမ်းလာတဲ့ အမှတ် (၈) ကားအိုကြီးတွေလဲ ညောင်ပင်အောက်မှာ ပျင်းပျင်းရိရိနဲ့ လူစောင့်နေမြဲပါပဲ။

ရေနစ်မြုပ်စ သောင်ပြင်စပ်မှာ လူအပြည့်နဲ့ ထွက်ဖို့ ဟန်ပြင် နေတဲ့ စက်လှေတစ်စင်းနဲ့ ငှက်သုံးစင်းတန်းစီလို့။ ဆောက်လက်စ မုန့်တီဆိုင်၊ ထမင်း ဆိုင်တဲတန်းလေးတွေ ရှေ့မှာတော့ သုံးတန်ကားအိုကြီးနှစ်စီး။

ထွက်ခါနီး စက်လှေဆီကို ကျွန်မ မြန်မြန်ပြေးဆင်းခဲ့တယ်။ ပိန်လို နွမ်းဖျော့နေတဲ့ ကျွန်မကို တက္ကသိုလ် ကျောင်းသူဘဝ တစ်ပတ်တစ်ခါ အိမ်ပြန် လာတတ်တဲ့ ဟန်တစ်လုံး ပန်တစ်လုံး နဲ့ နှင်းနှင်းဉီးကို နှုတ်ဆက်သလို “ဟော . . . ဘိုးကျောက်မြေးလေး၊ ပြန်လာပလား” လို့ ဘယ်သူကမှ မနှုတ်ဆက် မမှတ်မိကြပါ။

ဒါပေမယ့် သုံးတန်ကားအိုကြီးနားက တစ်စုံတစ်ယောက်ကတော့ ကျွန်မကို မှတ်မိ နှုတ်ဆက်ခဲ့ပါတယ်။

“စက်လှေက မမီတော့ဘူးကလေး၊ မပြေးနဲ့တော့”

အပြေးဆင်းလာတဲ့ ကျွန်မကို ကားအိုကြီးနားမှာ ထိုင်ပြီး ထမင်းစား နေတဲ့ လူကြီးတစ်ယောက်က ပြောတယ်။ ဟုတ်သား၊ပဲ စက်လှေက ထွက်သွား ပြီ။ ကျွန်မ အပြေးရပ်ပြီး အသက်ပြင်းပြင်းရှူလိုက်ရင်း အဲဒီလူကြီးဆီကို ကြည့် လိုက်တယ်။

ကျွန်မကို ကြည့်နေတဲ့ လူကြီးရဲ့မျက်လုံးတွေဟာ နီနီရဲရဲ၊ မနေလောင် အသားမည်းမည်း၊ ဆံပင်ဖြူဖြူပေါ်မှာ ဖုန်မှုန့်တွေက ဖွေးလို့၊ လူကြီးရဲ့ မျက်လုံး နီနီတွေက ရုတ်တရက် ပြူးခနဲ ဖြစ်သွားပြီးအားရပါးရ ပြုံးလိုက်တယ်။ ဘုရားရေ ကျွန်မ တစ်သက်မမေ့တဲ့ ကျွန်မ အကြောက်ဆုံး သွားနီနီကြီးတွေ။

“အောင်မယ် . . . ညည်း ဘိုးကျောက်မြေး မဟုတ်လား”

ကျွန်မကို မြေကြီးပေါ်မှာ မှောက်ခုံလဲအောင် ကြောက်လန့်စေခဲ့တဲ့ အသံဟာ ဟိုတုန်းကလိုပါပဲ။ ဒါပေမယ့် ကျွန်မရင်ထဲ ထိတ်ခနဲ တစ်ချက်ခုန် တုန်သွားပြီး ဉီးတေနောင်ကြီးကို မကြောက်တော့ပါ။ အသက်ကြီးပြီး ဆံပင်ဖြူ

www.burmeseclassic.com

www.burmeseclassic.com



နေရှာတဲ့ ဦးတေနောင်ကြီးဟာ သနားစရာပဲ ကောင်းနေတယ်။

"ညည်း က ယောကျ်ားတွေ ဘာတွေရပြီဆို ဟုတ်လား"

ကျွန်မက ပြုံးပြီး ခေါင်းညိတ်ပြလိုက်ရင်း ကျွန်မ ဂျစ်တစ်တစ်လုပ်ရင်း

"နှင်းနော် . . . ဦးတေတောင်ကြီးကို ခေါ်လိုက်ရမလား" လို့ ဆို ခြောက်လန့်တတ်တာကို သတိရမိပြန်တယ်။

"အင်း . . . အင်း၊ ညည်း 'ဘ' နဲ့တော့ တွေ့တိုင်းပြောပဲ့ဗျာ၊ ရန်ကုန် မှာနေရဆို၊ မိန်းကလေးက ခုဘာအလုပ်လုပ်ရတုံး"

"ကျွန်တော်က အလုပ်မရသေးဘူး"

ကျွန်မ မုန်းတီးတဲ့အဖြေကို စိတ်ပျက်လက်ပျက် ဖြေရပြန်တယ်။ ဦးတေနောင်ကြီးက အလွန်အံ့ဩသွားသလို

"အလိုဗျာ၊ ဒီလောက်ပညာတွေ သင်ထားပြီးတော့များ၊ ဆရာဝန် လုပ်ပါလားအေ၊ ဝင်ငွေ ကောင်းတယ်ဗျနော"

ကျွန်မ သဘောတကျ ရယ်လိုက်တာကို ဦးတေနောင်ကြီးက နားမလည်သလိုကြည့်ပြီး "အဲဗျား" တဲ့။

"ဦးတေနောင်ကြီးကော၊ ခုဘာလုပ်နေလဲ"

"ဟ . . စပယ်ယာပေါ့ မိန်းကလေးရ၊ အရင်ကလို ပေါ့"

စပယ်ယာ အဘိုးကြီး ဦးတေနောင်က စားလက်စ ထမင်းလုတ်ထဲက ထမင်းကြီးတစ်လုတ်ကို အားရပါးရ လွေးရင်း ပလုတ်ပလောင်းသံနဲ့ဖြေတယ်။ ကျွန်မ ငယ်ငယ်တုန်းက ထရံပေါက်ကနေ ချောင်းကြည့်မြင်ခဲ့ဖူးတဲ့ ထမင်းလုတ် လို ဆီတွေ ရွှဲမနေတော့ပါ။

"ဟော မိန်းကလေး၊ ဟိုဘက်ကမ်းက စက်လှေကပ်ပြီ၊ သွား၊ နေရာ ရအောင်တက်ထား၊ ပစ္စည်းတွေနိုင်ရဲ့လား၊ ကျုပ်လိုက်ပို့ပေးမယ်လေ"

"ရတယ်၊ ကျွန်တော်နိုင်ပါတယ် သွားမယ်နော်"

ကျွန်မကို အားရပါးရ ခေါင်းညိတ်ပြုံးပြနှုတ်ဆက်လိုက်တဲ့ ဦးတေနောင် ရဲ့ သွားနီနီကြီးတွေဟာ ကွမ်းချိုးတက်လို့ နီရဲမက မည်းနေကြပြီ

လှူးလိမ့်၊ လှူးလိမ့် စက်လှေလေးရဲ့ ရေဂယက်တွေ နောက်မှာ အိပဲ့ အိပဲ့ အသံမြည်တတ်တဲ့ ငှက်ကလေးတွေ မျက်နှာငယ်နဲ့ ကျန်ရစ်ခဲ့ကြတယ်။



ငှက်ကလေးတွေပေါ်မှာ လူသိပ်မပါပေမယ့် အိပဲ့ အိပဲ့ အကြိမ်ပေါင်း များစွာ ကို ချွေးဒီးဒီးကျအောင် ခတ်ရရှာမှာပါပဲ။

ဧရာဝတီ တစ်ဖြတ်ရော၊ ဒုဋ္ဌဝတီတစ်ဖြတ်ရော ကို ခဏလေးနဲ့ ဖြတ်ပြီး ကမ်းကို ကပ်တဲ့ စက်လှေလေးပေါ်ကနေ ကျွန်မ 'ဘ' ရဲ့ ရေနစ်မြုပ်စ တူးတို့ဆိပ်လေးကို လှမ်းမြင်ရပြီ။ ကားတင်ကူးတဲ့ မော်တော်ကြီးကိုလဲ မြင်ရတယ်။

'ဘ' နဲ့တွေ့ရတော့မယ်။ ဘ ဘယ်နားမှာလဲ၊ စာရေး ခန်းလေးထဲမှာ လား။

စက်လှေပေါ်ကနေ အလျင်စလိုဆင်းလိုက်တဲ့ ကျွန်မကို စက်လှေ သမားလေးက ပိုက်ဆံတောင်းတော့ ကျွန်မ ကြောင်သွားတယ်။ ဘရဲ့မြေး ကျွန်မကို သူမသိရှာဘူး ထင်ပါရဲ့။ ကျွန်မက 'အစ်မ ဘိုးကျောက်ရဲ့ မြေးကွ' လို့ပြောပြီး ထွက်လာခဲ့တာကို ကောင်လေးက နားမလည်သလို ကြည့်ကျန်ခဲ့ တယ်။

ကျွန်မ သိပ်စဉ်းစားကြည့်မနေအားပါဘူး။ ကျွန်မရဲ့ ဘ ကို ကုန်းထိပ်က ကမူလေးပေါ်မှာ လှမ်းမြင်နေရပြီလေ။ ဘရဲ့ ပုံစံအတိုင်း ဖော့ဦးထုပ်ကို ဆောင်း လို့၊ လက်ကိုင်ပဝါအဖြူ သုံးထောင့်ချွန်ခေါက်ကို နှာခေါင်းမှာ ပိတ်ပြီး နားရွက် နောက်မှာချည်လို့။

စွပ်ကျယ်လက်စက ခံထားပြီး ကြယ်သီးတပ်မထားတဲ့ အကျီအဖြူ လက်တို။ ပုဆိုးကွက်ကျဲ၊ ဒါပေမယ့် တစ်ခု ထူးဆန်းတာက မော်တော်ပေါ် တင်နေတဲ့ လှည်းတွေ ဝရုန်းသုန်းကား ဖြစ်နေတာကို လက်ညှိုးတထိုးထိုးနဲ့ အမြဲ စီမံခန့်ခွဲနေတတ်တဲ့ ဘက ငြိမ်ငြိမ်လေး ရပ်ကြည့်နေတာပဲ။

"ဘ . . ."

ကျွန်မ ခေါ်တာကို ရုတ်တရက် ဘ မကြားပါ။ ကမူလေးဆီကို ကျွန်မ မြန်မြန် ပြေးသွားလိုက်ရင်း

"ဘ . . . ဘ"

ကျွန်မကို တွေ့လိုက်တဲ့ ဘမျက်နှာက ပြုံးသွားလို့ ထား ဆောင်းထားတဲ့ ဦးထုပ်ကို ဘ ချွတ်လိုက်ရင်း ကျွန်မပခုံးကို ဆီးပြီးဖွေ့ဖက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့အချိန်မှာ . . .

"သမီးလေး ပိန်လိုက်တာ"

သမီးနေမကောင်းလို့ဆိုတဲ့ ကျွန်မတို့ မြေးအဘိုးနှစ်ယောက်ရဲ့ ဝမ်းသာဝမ်းနည်း အသံနှစ်သံဟာ တစ်ပြိုင်တည်းထွက်လာတယ်။ ဘ နဖူးနဲ့ ကျွန်မနဖူး ထိမိတာနဲ့ ကျွန်မ ဘယ်လိုဝမ်းနည်းလာမှန်းမသိဘူး။ ဘ ဆံပင်တွေ တအားဖြူသွားပြီ။ပိန်လဲပိန်သွားတယ်။ ပြီးတော့ ကျွန်မကို ပြောပြနေတဲ့ ဘရဲ့ အားလျော့တဲ့အသံ။

"ခု . . . ဘတို့ ကူးတို့မလုပ်ရတော့ဘူး သမီးရဲ့၊ ဘ အလုပ်မလုပ်ရတာ တစ်လကျော်သွားပြီ။ ဘမနေတတ်တာနဲ့ မနက်တိုင်း ဒီနားမှာ လာရပ်ကြည့်နေတာ"

ဒီကမ္ဘူလေးပေါ်မှာ ကျွန်မ ဒီတစ်ခါကျတဲ့ မျက်ရည်တွေကတော့ သနားစရာကောင်းတဲ့ ကျွန်မရဲ့ ဘ အတွက် ပါ။ "အင်း၀ သမ/ကူးတို့" လို့ ရေးထားတဲ့ ကားတင်မော်တော်ကြီး မီးခိုးမည်းမည်းတွေ တအူအူနဲ့ ခုတ်မောင်း သွားတာကို မျက်ရည်ကြားကနေ ကျွန်မ မြင်နေရပါတယ်။

ညနေခင်း အညာနေရောင်ဝါဝါတွေ မီးဖိုခန်း ထရံကြားကနေ ထိုးကျ နေပြီး ထင်းမီးဖို အကြီးကြီးရဲ့ အသက်ကြီးလှ ရှာပြီဖြစ်တဲ့ ရေနွေးကရားအိုး မည်းမည်းကြီး ဆူပွက်နေချိန်။

ဝက်သားနီချက်၊ ပဲကြားဟင်းချို၊ ပြည်ပန်းညိုရွက်အုပ်၊ မန်ကျည်းသီး စိမ်းကြော်၊ ငါးပိတစ်ချက်၊ လတ်လတ်ဆတ်ဆတ် အတို့အမြုပ်စုံ၊ ဒယ်အိုးက ချခါစ ငါးနက်ပြာကြော်တွေက ထမင်းအုပ်အပြည့် ထမင်းစားပွဲဝိုင်းပေါ်က ကျွန်မကြိုက်တတ်တဲ့ ဟင်းခွက်တွေကိုကြည့်ပြီး ကျွန်မရင်ဘာဖြစ်လို့ နင့်နေရ သလဲ။

"စားလေ သမီး" တဲ့။ "စားလေ မမနှင်း" တဲ့။ ဘ၊ မေကြီး၊ ဖေဖေ မေမေနဲ့ မောင်လေးတို့ရဲ့ ကြင်နာသံတွေဟာ ကျွန်မကို မျက်ရည်ဝဲစေ ပါတယ်။

ဒီကြင်နာသံတွေကြားမှာ ကျွန်မတစ်ယောက်တည်း မဟုတ်ဘဲ ကို ပါရှိနေရင် ဘယ်လောက်များ ကောင်းလိုက်မလဲ။

ကျွန်မ ကျောင်းက ပြန်လာချိန်မျိုးမှာ ဒီလိုဟင်းတွေ၊ ဒီစားပွဲ ဝိုင်းပေါ်မှာ ဘယ်သူမှ မတိုက်တွန်းရဘဲ အားရပါးရ စားခဲ့ဖူးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခု ကျွန်မ ဘာဖြစ်လို့ ရင်နင့်တွန့်ဆုတ်နေရသလဲ။ ဒီဟင်းတွေကို ကျွန်မလိုပဲ ကို လဲ ကြိုက်တယ်လေ။ မုန့်တစ်စိတ်ရှိရင် တစ်ဖဲ့စီ စားရမယ့်သူ ကျွန်မမှာ ရှိနေခဲ့ပြီလေ . . . ။

"စားစမ်းသမီး၊ ငါ့သမီးကို ဝတုတ်ကလေး ဖြစ်လာအောင်ကို ကျွေးရမယ်။ ငါ့သမီး ကျောင်းပိတ်မှာ ဝလာသလိုမျိုးလေ။ အလှူက ကျန်တဲ့ သူ့အကြိုက် ဝက်သားဟင်းလေးချက်နဲ့ တစ်နေ့ကို ထမင်းသုံးလေးထပ် စားတာ။ ကျောင်းဖွင့်တော့ သူ့ကို သူငယ်ချင်းတွေ မမှတ်မိကြဘူး။ ခုလဲ မောင်မျိုးနိုင် မမှတ်မိဘဲ ဖြစ်သွားအောင် သမီးဝအောင်စားစမ်း၊ အေးနော်၊ မောင်မျိုးနိုင်ပါ လိုက်လာနိုင်ရင် ကောင်းမှာ"

စကားတွေ တတွတ်တွတ်ပြောရင်း ပေ့ါပါးသွက်လက်နေတဲ့ မေကြီးရဲ့ နဖူးဆံစ ဖြူတွေဟာ ချွေးစေးတွေနဲ့ ကပ်နေကြတယ်။ အရေတွန့်စ ပါးမို့ပေါ်မှာ တော့ အိုးမည်းတစ်စ လူးပေလို့။

ကျွန်မအတွက်နဲ့ တစ်အိမ်သားလုံးအတွက် ကျောင်းက ညီမလေး နှစ်ယောက်ဆီ ပို့ဖို့အတွက် မေကြီးတစ်နေ့လုံး မမောနိုင် မပန်းနိုင် ချက်ပြုတ် နေခဲ့တာ။ မေမေနဲ့ ဖေဖေက အရောင်းအဝယ်အတွက် တစ်နေကုန် သွားရ တယ်လေ။

မေကြီးက ဖေဖေတို့ မေမေတို့အိမ်မှာ လာနေရတယ်။ ဟိုဘက် အိမ်က အသက်ကြီးမှ ငယ်ချစ်ဦးနဲ့ လက်ထပ်လိုက်တဲ့ ဒေါ်ဒေါ်တို့ မိသားစု နဲ့ ဘဘပေ့ါ။

"နက်ဖြန်နေ့လယ်ကျမှ သမီးကြိုက်တဲ့ မုန့်ချည်ပါကြော်ရမယ်။ ဆန်မှုန့် လတ်လတ်ဆတ်ဆတ်ရှိတယ်။ ဟိုတစ်နေ့ကမှ သွားထောင်းထားတာ၊ သံတော်ဂျင်းထညက်ကြီးတွေလဲ ကောင်းလိုက်တာမှ၊ မောင်တေနောင် ဝင်ဝင် ပေးသွားတာ သမီးရဲ့သိလား"

"တေနောင် တစ်ယောက်ကတော့ ငါ့ကို အသိအမှတ်ပြုဖော်ရပါ သေးတယ်"

"အို . . အဖေကလဲ၊ ဘယ်သူအသိအမှတ်ပြုပြု၊ မပြုပေ့ါ၊ ဂရုစိုက် စရာလား၊ ကိုယ့်မှာ အသက်ကြီးပြီ။ သားတွေ သမီးတွေနဲ့ နားနားနေနေ နေစမ်း



ပါဆိုမှ၊ ဒီအလုပ်ပဲ စိတ်စွဲနေတာပဲ၊ဒီလောက်တောင်ရှိတာ မနှင်းရေ . . . သမီး ပြန်ရင် ညည်းဘိုးအေကို ခေါ်သွား၊ အဖေ့မြေးနဲ့ ဘုရားဖူး လိုက်သွား ဘယ်နှယ့် လဲ အဖေ၊ နှင်းနှင်းလဲ တစ်ယောက်တည်း ပြန်ရမှာနဲ့"

ဘဘက ကျွန်မကို လှမ်းကြည့်နေရှာတယ်။ မေမေကလဲ ကြည့်နေတယ်။ ပဲဟင်းချိုတစ်ဇွန်းကို ကွန်ရွှေမပျက် ခပ်သောက်ရင်း ကျွန်မကလေ . . .

"မေမေ ကလဲ ဘ ပင်ပန်းမှာပေ့ါ၊ သမီးက ပြန်ရဲပါတယ်"

ဒီလို ဟန်ဆောင် လိမ်ညာတတ်အောင်၊ ရက်စက်ငြင်းပယ်တတ် အောင် ကျွန်မကို ဘယ်အရာတွေကများ သင်ကြားပေးခဲ့သလဲ။ သိပ်ဝမ်းနည်း စရာကောင်းတာပဲ။

ကျွန်မကို မုန့်အိမ်လေးတစ်လုံးနဲ့ ညနက်သန်းခေါင် ရေဆိပ်ကို ခေါက် တုံ့ခေါက်ပြန် ပွေ့ချီထမ်းပိုး ပို့ခဲ့တဲ့ဘလေ။ လက်ဖက်ရည် ကိုယ်တိုင်ဖျော်တိုက် ခဲ့တဲ့ ဘလေ။ ကျောင်းသွားရာ လမ်းဘေးချောက်ထဲ စက်ဘီးနဲ့ ထိုးဆင်းလဲကျခဲ့ တုန်းက ကူးတို့ဆိပ်ကနေ ရထားစင်းလုံး ဖုန်းမောင်းခိုင်းပြီး ငါးတန်းကျောင်းသူ ကျွန်မဆီ စိုးရိမ်တကြီး ပြေးလာခဲ့တဲ့ ဘလေ။

ဘရယ် . . . သမီးရဲ့အိမ်ဆိုတဲ့ နေစရာလေးထဲမှာ အိပ်စရာဆိုလို့ ခြောက်ပေ ကြမ်းစင်လေးတစ်ခုပဲရှိတာ။ သမီးတို့မှာ ပိုက်ဆံလဲမရှိဘူး။ ဟင့်အင်း . . . ဘယူလာခဲ့မယ့် ပိုက်ဆံနဲ့လဲ ကျွန်မ ဘကို မပြုစုပါရစေနဲ့။

ဘ နဲ့ မေကြီးဆီက မုန့်ဖိုးဆိုတဲ့ (ကျွန်မအရင် တွင်တွင်တောင်းခဲ့တဲ့) ပိုက်ဆံကိုလဲ သိပ်လိုချင်နေရက်နဲ့ ကျွန်မမှာ တောင်းရဲတဲ့ သတ္တိတွေ မရှိတော့ ပါ။ မျှိုသိပ်နိုင်တဲ့ အတတ်ပညာကိုလဲ ကျွန်မ တတ်မြောက်ခဲ့ပါပြီ။

အဲဒီနေ့ ညဦးပိုင်းမှာ မမျှော်လင့်ဘဲ ညီမလေးနှစ်ယောက်ပါ ကျောင်းက ပြန်လာတော့ ပျော်စရာကောင်းသွားတယ်။ ကျွန်မရဲ့ မဖြစ်ညစ် ကျယ် လက်ဆောင်ခပ်ညှိုညှိုမုန့်ထုပ်လေးတွေကို ကမ္ဘာပေါ်မှာ အကောင်းဆုံး အစားအစာတစ်ခုလို အရသာခံ စားသောက်ကြရင်း 'မမနှင်း ငါတို့ပို့ ဘာပါသလဲ' ဆိုတဲ့ ညီမလေးနှစ်ယောက်ရဲ့ မေးခွန်းကို ကြားရင်တော့ မပြုံးနိုင် တဲ့ကျွန်မ ဝမ်းနည်းရာက ငိုချင်လာတယ်။

'ဟဲ့ မမနှင်းမှာမှ နေမကောင်းဖြစ်လို့ပါဆိုမှ ဘာဝယ်ပို့ရမလဲ' ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



မကြီးရဲ့ ကြင်နာသံက ကျွန်မကို ပိုငိုမိချင်လာစေတယ်။

ညအိပ်ရာဝင်လို့ အရင်က မေကြီးနဲ့ကျွန်မ အတူတူအိပ်နေကျ အိပ်ရာလေးပေါ်မှာ မေကြီးရဲ့ သံဗုဒ္ဓေသံကိုလဲ ကြားရော ကျွန်မ တင်းမထားနိုင်တော့ဘူး။ ယဉ်ပါးနေကျ စောင်နေ့သင်းနံ့ကို ရှူရှိုက်ရင်းမျက်ရည်တွေ တလိမ့်လိမ့်ကျလာခဲ့တယ်။

မေကြီးဟာ သံဗုဒ္ဓေကို ရွတ်ဖတ်ရင်းက ဟိုတုန်းကလိုပဲ ကျွန်မတို့ စကားတွေ ဖောက်ဖောက်ကြီးပြောနေခဲ့ပါတယ်။ ဒါပေမယ့် ရှေးစကားတွေ ပုံပြင်တွေတော့ မဟုတ်တော့ဘူး။

'သမီး နေမကောင်းဖြစ်တာ သွေးရိုးသားရိုးဆိုပေမယ့် ဆရာဝန်နဲ့ ခဏခဏပြကြည့်နော်၊ ဒီမှာနေတုန်းလဲ ပြကြည့်ရဦးမယ်၊ သမီးနေမကောင်းတာ ကလေးကြောင့်ပဲဆိုပြီး မေကြီးတို့က ဝမ်းသာသွားကြတာ၊ သမီးအမေကတော့ မွေးပြီးရင် သူယူမှာတဲ့၊ ယောကျ်ားလေးဖြစ်ပါစေတဲ့'

တားမနိုင် ဆီးမရ ကျလာတဲ့ မျက်ရည်တွေနဲ့ ကျွန်မ မျက်နှာကို ခေါင်းအုံးနဲ့ ဖိကပ်ထားတယ်။ မေကြီးရယ်၊ ဒါတွေမပြောဘဲ 'ရွှေယုန်နဲ့ ရွှေကျား သက်ကယ်ရိတ် သွားကြတဲ့ အကြောင်းလေး ပြောပြစမ်းပါလား။ မြွေမင်းသားနဲ့ မထွေးလေးအကြောင်း ဖြစ်ဖြစ်ပေါ့။

မေကြီး တကယ်ပြောပြရင် ကျွန်မ ငယ်ငယ်တုန်းကလို နှစ်ခြိုက်သဘောကျပြီး မျက်တောင်လေးလဲ အိပ်စက်သွားမှာလား။ လောလောဆယ်မှာတော့ ဝမ်းနည်းမျက်ရည်ကျနေတဲ့ ကျွန်မဟာ မျက်ရည်စိုလူးတဲ့ ပါးပြင်ကို နမ်းရှိုက်တီးတိုး ချော့မော့တတ်သူ တစ်ယောက်ကို သတိရ လွမ်းဆွတ်နေပြီလေ။

ဆယ်ရက်ကျော်ရင် သူ လာကြိုနေမှာဆိုတဲ့ အတွေးနဲ့ ရက်တွက်စပြုနေပြီလေ။

'အင်း . . . နက်ဖြန်နေ့လယ် မုန့်ချည်ပါကြော်၊ နောက်နေ့မနက် အုန်းထမင်း ချက်ရဦးမယ်၊ ရန်ကုန်မှာ အုန်းသီးပေါတယ်ဆိုပေမယ့် ငါ့သမီးတို့ နှစ်ယောက်တည်း ဘယ်ချက်စားဖြစ်ပါ့မလဲ။ ဝက်သားဟင်းလေးလဲ ချက်ကျွေးချင်သေးတယ်။ အိမ်မှာက အဆာမစုံဘူး ဖြစ်နေတယ်။ သရက်သီးခြောက်နဲ့



ဆီးဖြူသီးခြောက်ပဲ ရှိတယ်။ မရမ်းသီးခြောက်နဲ့ ဖန်ခါးသီးခြောက်က မရှိဘူး။ အဆာစုံအောင် ဝယ်ပြီး ဟင်းလေး ငါးပိသာချက်လောက်နဲ့ ဘုန်းကြီးဆွမ်းကပ်လေး လုပ်လိုက်မှနဲ့တူတယ်။ အန္တရာယ်ကင်း ပရိတ်လေးဘာလေးရွတ်၊ ဘုန်းကြီး ဆယ်ပါးလောက်နဲ့ လူနည်းနည်းပေါ့၊ ဆွေစုမျိုးစုလေးပေါ့။ ဆွေစုမျိုးစုတွေလဲ ဟိုတုန်းကလို ဆွမ်းကပ် ခဏခဏ မလုပ်နိုင်ကြတော့ပါဘူး။ အင်း . . . နေဦး ငါ့သမီး ကြိုက်တတ်တာ ဘာရှိသေးတုန်း'

အချစ်ဆုံးမြေးလေးအတွက် စေတနာတွေ သွန်ကျစီးဆင်းရင်း ဘွား အေလုပ်သူ အိပ်ပျော်သွားပေမယ့် မိုက်မဲလှတဲ့ မြေးလုပ်သူကတော့ ဆယ်ရက်မြောက်နေ့ကို တွက်ချက်စဉ်းစားရင်း အိပ်မပျော်နိုင်ခဲ့ပါ။

မနက်မိုးမလင်းတလင်း အိပ်ချင်မူးတူးနဲ့ မနိုးတနိုး ကျွန်မနားထဲကို မောင်လေးရဲ့ ကြက်ဖကြီးတွန်သံ၊ မေမေနဲ့ မေကြီးရဲ့ ဆွမ်းကပ်အတွက် တီးတိုးတိုင်ပင်သံ၊ ငှက်ကလေးတွေအသံတွေ ရောနှော ဝင်လာကြရင်တော့ ငယ်ဘဝကို ရောက်နေရသလို ကျွန်မ ခံစားရပြန်တယ်။

ခဏနေရင် ကြားရတော့မယ်၊ ဈေးသွားခါနီး မေမေ့သနပ်ခါးသွေးသံကို ကျွန်မ စောင့်နေမိတယ်။ သနပ်ခါးသွေးရင်း မေမေ အမြဲဆိုတဲ့ စစ်ကိုင်းတံတားသီချင်းကို နားထောင်ရင်း ငယ်ငယ်တုန်းကလို ကျွန်မ ကြည်နူးချင်တယ်။

ဟော. . . မေမေ သနပ်ခါးသွေးသံ၊ မှန်တင်ခုံနိမ့် အံဆွဲလေးကို ဖွင့်ပိတ်သံ။ အဆက်မပြတ် ထွက်လာတဲ့ သနပ်ခါးသွေးသံဟာ သိပ်နားထောင်လို့ကောင်းတဲ့အသံ။ ဆိုတော့လေ မေမေ၊ သမီးသိပ်ကြိုက်တဲ့ အပိုဒ်လေ။ 'ထပါတော်. . . မရာကျော် ဂဟေဆက်လို့ ရွှေကြက်ယက် ဘုရားဖူး စစ်ကိုင်းတံတားကူးတော့မည်' ငယ်ငယ်တုန်းကလိုပဲ ' ထပါတော် မရာကျော်' ဆိုပြီး ခြင်ထောင်ကို မေမေ လှမ်းဆွဲဦးမလား။

ဒါပေမယ့် မေမေဟာ ဘာသီချင်းကိုမှ မဆိုခဲ့ဘဲ တိတ်တိတ်ဆိတ်ဆိတ်နဲ့ သနပ်ခါးလိမ်းပြီး သွားခဲ့တယ်။ စောင့်စားနေတဲ့ ကျွန်မက မကျေမနပ် အံ့ဩစိတ်နဲ့ အိပ်ရာထဲက လူးလဲထထိုင်တော့ သနပ်ခါးလိမ်းပြီးသွားတဲ့ [illegible] ထရပ်တာနဲ့ သွားဆုံတယ်။

'ထပါတော်၊ မရာကျော် ဘာလို့ မဆိုတော့တာလဲ မေမေ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ငယ်တုန်းကလိုလေ'

မေမေက ကျွန်မကို ကြည့်တယ်။

'စိတ်မှ မပျော်တာပဲ သမီးရယ်၊ သီချင်းဆိုလို့ ဘယ်ရမလဲ၊ ဟိုတုန်းက လို မပျော်တော့ဘူး သမီးရဲ့'

မပျော်တော့ဘူးတဲ့။ မပျော်တော့ဘူး။ ဟုတ်တယ်နော် မေမေ။

သမီးတို့အတွက် ပျော်စရာအရပ်ဟာ ဘယ်မှာရှိလေမလဲ။ ပျော်စရာ အရပ်ဟာ မိဘရင်ခွင်ဆိုပြီး ပြန်ပြေးလာခဲ့တဲ့ ကျွန်မဟာ ဆယ့်ငါးရက်မြောက် နေ့မှာတော့ ပျော်စရာအရပ်လို့ တစ်ခါထင်မှတ်ပြန်တဲ့ ချစ်သူ့ရင်ခွင်ဆီကို ပြန် ပြေးလာခဲ့ပြန်တယ်။

လိမ္မော်ဝါရောင်ရထားကြီး ရန်ကုန် ဘူတာကိုဝင်တာနဲ့ ကြောက်စရာ ကောင်းလှတဲ့ ရန်ကုန်မိုးတွင်းက အညာသူ ကျွန်မကို ဆီးကြိုနေခဲ့ပြီလေ။

သဲသဲမဲမဲ ရွာနေတဲ့ မိုးကို တအံ့တဩ ငေးကြည့်ရင်း ဘူတာထဲမှာ ကျွန်မ ကို့ ကို အကြာကြီး စောင့်နေမိတယ်။

ဆူးလေကနေပဲ အမြန်ကားလေးတွေစီးပြီး အိမ်ပြန်တတ်တဲ့ ကျွန်မ ဟာ ဘူတာကြီးကနေ ဘယ်လို ဘတ်စ်ကားစီးရမှန်းမသိပါ။ ပြီးတော့ ကျွန်မမှာ အသွားတုန်းကလို အဝတ်အစားအိတ်လေးတစ်လုံးနဲ့ ကျွတ်ကျွတ်အိတ်လေး တစ်လုံးတင် မဟုတ်ဘူးလေ။

လိုအပ်တယ်ထင်တာမှန်သမျှ စုပြုံထည့်ပေးလိုက်တဲ့ မေကြီးရဲ့ ပစ္စည်း တွေအပြည့်နဲ့ ကြိမ်ခြင်းက ဘတ်စ်ကားစီးဖို့ မဖြစ်နိုင်ဘူး။ ကို့ ကိုလဲ မတွေ့ရ ဘူး။ ကို ဘာဖြစ်လို့ ကျွန်မကို လာမကြိုတော့တာလဲ ဆိုတဲ့ အတွေးကလဲ ကျွန်မရင်ကို ပူလောင်စေတယ်။

'လှည်းတန်း ၊ လှည်းတန်း' လို့ အော်ခေါ်နေတဲ့ မိုးရေထဲက စုပေါင်း လေးဘီး တက္ကစီလေးနဲ့ တစ်ဆယ်ပေးပြီး ကျွန်မ တက်လိုက်လာခဲ့တယ်။

မိုးရေတွေ ဖွေးနေတဲ့ လမ်းမကြီးတွေပေါ်မှာ အံ့မဆုံးနိုင်ရတဲ့ ထီးရောင်စုံ အုပ်ကြီးကိုကြည့်ရင်း လမ်းထိပ်က နေအိမ်ဆီသွားဖို့ကနေ့ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ငူတန်ပြန်တယ်။ ထီးမဆောင်းတတ်တဲ့ အညာသူ ကျွန်မမှာ ထီးမပါခဲ့ပါ။

နေပူရင် ဆောင်းဖို့ဝယ်ထားတဲ့ ကျွန်မရဲ့ နှစ်ဆစ်ချိုးခေါက်ထီးအနက်လေးကို အဝတ်အစား သေတ္တာထဲမှာ သိမ်းထားခဲ့တယ်။

တတ်နိုင်ဘူးလေ။ မိုးရေထဲမှာပဲ ပြေးရတော့မှာပေါ့။ ပြန်ဖျားတော့လည်း ဖျားပေါ့။ သူများတွေ ဒီလိုပဲ မိုးရေထဲမှာ သွားနေကြတာပဲ။

ရန်ကုန်က လူတွေဟာနော် အံ့ဩစရာ။ ကျွန်မတို့ အညာမှာ ဒီလောက်မိုးသည်းရင် ဘယ်သူမှ အပြင်မထွက်တော့ဘူး။ အိမ်ထဲမှာပဲ ကုတ်နေကြတာ။ ကျွန်မတို့ငယ်ငယ်တုန်းက မိုးရွာတဲ့နေ့ဆို ကျောင်းမလိုက်ရဘူး။

မြကန်သာ လမ်းကလေးထိပ်မှာ ကားရပ်တော့ ကျွန်မသိပ်လန့်သွားခဲ့တယ်။ နွေတုန်းက ခြောက်သွေ့ကြမ်းတမ်းတဲ့ အလှနဲ့ ချစ်စရာ မြကန်သာလမ်းကလေးဟာ ရွှံ့ရေတွေ တဝေါဝေါ စီးဆင်းနေပြီး ပုံပျက်ပန်းပျက် ဖြစ်လို့နေပါရောလား။

'ခင်ဗျား သားရေဖိနပ်ကို ချွတ်ပြီး ကိုင်သွား။ ဒီအတိုင်းဝင်လို့ ခင်ဗျားလမ်းက မလွယ်ဘူး'

ကားဆရာက မိုးရေထဲမှာ လမ်းကိုငေးကြည့်နေတဲ့ ကျွန်မကို အကြံဉာဏ်ပေးရင်း ညည်းညူတယ်။ 'မိုးတွင်းကြီး ထီးဆောင်းရတယ်ဗျ။ မိုးတွင်းစီးဖိနပ်လဲ စီးတာ မဟုတ်ဘူး' တဲ့။

ဘာလဲ မိုးတွင်းစီးဖိနပ်၊ ကျွန်မတို့ဆီမှာ မိုးတွင်းစီး ဖိနပ်၊ ဆောင်းတွင်းစီး ဖိနပ်ရယ်လို့ မရှိပေါင်၊ နွေနွေမိုးမိုး ဆောင်းဆောင်း၊ ဖိနပ်တစ်ရံပဲစီးတာပဲ။

ဖိနပ်မပါပဲ မြကန်သာလမ်း ကျောက်ခဲချွန်တွေပေါ်မှာ လမ်းမလျှောက်ရဲတဲ့ ကျွန်မက ကားဆရာ အကြံဉာဏ်ကိုမလိုက်နာဘဲ ဒီတိုင်းလျှောက်ခဲ့တော့ လမ်းတစ်ဝက်ရောက်တာနဲ့ ကျွန်မ ကတ္တီပါဖိနပ်လေး ပြတ်ရော။ အို ဒုက္ခပါပဲ၊ ကျွန်မ ဖိနပ်ဝယ်ရတော့မယ်။

အိမ်ခြံဝင်းထဲဝင်တာနဲ့ အိမ်ရှေ့က အန်တီက သော့ကလေး တယမ်းယမ်းနဲ့ ပြေးထွက်လာရင်း 'နှင်းနှင်း နဲ့ ဆရာနဲ့လွဲကြပြီထင်တယ်။ ဆရာနေ့တိုင်းသွားကြိုနေတာ ငါးရက်ခြောက်ရက်ရှိပြီ။ ဒီမှာ သော့'တဲ့ ဩော် ကိုရယ်။

ဆယ့်ငါးရက် ခွဲခွာထားခဲ့တဲ့ ကျွန်မရဲ့ အိမ်ကလေးထဲမှာတော့ ဖြစ်ချင်



တိုင်းဖြစ်လို့။ ထမင်းစားပွဲဝိုင်းလေးပေါ်က ဟင်းပန်းကန်လုံးထဲမှာ ဆေးလိပ်ပြာတွေအပြည့်။ ကြမ်းစင်လေးပေါ်က အိပ်ရာဘေးမှာလဲ စာရွက်ပိုင်းတွေနဲ့ ဆေးလိပ်ပြာတွေ။

မဖြုတ်ရသေးတဲ့ ခြင်ထောင်က တစ်ပိုင်းတစ်စ တင်လျက်။ စောင်တွေက အပုံလိုက်၊ တော်တော်ညစ်ပတ်တဲ့ ကို။

စားပွဲခုံအိုကြီးပေါ်က စောင်းသံလေးကို တို့ထိနှုတ်ဆက်ရင်း ကို့ကို ကျွန်မ တီးတိုးကြိမ်းမောင်းမိတယ်။ စာရွက်ပိုင်းလေးတွေကိုစုပြီး သိမ်းဆည်းလိုက်တော့ ကို့ လက်ရေးလေးတွေ။

'နှင်း . . . သော့ပေးထားခဲ့တယ်။ လွဲနေမှာစိုးလို့၊ နှင်းကိုလွမ်းတယ်'

'နှင်း. . . သော့ပေးထားခဲ့တယ်၊ လွဲနေမှာစိုးလို့၊ မနေ့က ဘာဖြစ်လို့ နှင်းပြန်မလာတာလဲ၊ ကိုယ် နှင်းကြိုက်တဲ့ ဝက်သားဟင်းချက်ထားတာ'

'နှင်း . . . သော့ပေးထားခဲ့တယ်။ လွဲနေမှာစိုးလို့၊ ဒီနေ့လဲ နှင်းပါမှ ပါပါ့မလား၊ နှင်းပြန်လာမှာပါနော်'

'ဒီနေ့ ကိုယ် အိမ်ပြန်ရောက်ရင်တော့ ကိုနဲ့လွဲပြီး အိမ်က စောင်နေတဲ့ နှင်းနဲ့တွေ့ပါရစေ၊ နှင်းကိုယ့်ဆီ ပြန်မလာတော့ဘူးလား'

'ကိုယ်သွားကြိုနေတုန်းပဲ နှင်း၊ ဒါပေမယ့် နှင်း ကိုယ့်ဆီပြန်မလာတော့ဘူးထင်ပါရဲ့'

စာရွက်ပိုင်းလေးတွေကို ကျွန်မ တယုတယ နမ်းရှိုက်လိုက်မိတဲ့ အချိန်မှာပဲ . . .

'နှင်း'

ကျွန်မရဲ့ နှစ်ဆစ်ချိုး ခေါက်ထီးလေးကို ကိုင်လို့ ကို ရယ်လေ။

'ကြည့်စမ်း ၊ နှင်း မိုးတွေရွှဲလို့'

နှုတ်ခမ်းမွေးရှည်ရှည်၊ မုတ်ဆိတ်မွေး ထူလပြစ်နဲ့ ပိန်လှီညှင်းသိုးသိုး လူတစ်ယောက်ဟာ ကျွန်မရဲ့ 'ကို' လား။ မျက်မှန်အောက်က ရီဝေရာတတောက်ပနေတဲ့ မျက်လုံးတွေကတော့ ကျွန်မရဲ့ ကိုပါ။

မိုးစိုရွှဲနေတဲ့ ခေါင်းနဲ့ ကို့ ရင်ခွင်မှာ တိုးဝှေ့ ဖိကပ်ရင်း 'နှင်း နောက်ဆို ပြန်မပြေးတော့ပါဘူး' လို့ ကျွန်မပြောတော့ ကိုက 'ခွေးမလေး' တဲ့။ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



နားရွက်ဖျားလေးတွေကို ညင်ညင်သာသာကိုက်တယ်။

'သွား သွား၊ လူဆိုး၊ လူညစ်ပတ်၊ တစ်အိမ်လုံး ညစ်ပတ်ရှုပ်ပွ နေတာပဲ'

တွန်းဖယ်ပစ်တဲ့ ကျွန်မလက်တွေကို 'ကို' က မြဲမြဲဆုပ်ကိုင်ထားရာက မျက်နှာတည်တည်နဲ့ . . .

'အဲဒါ နှင်းကြောင့်ပေါ့၊ နှင်းဘာဖြစ်လို့ ပြန်မလာသေးလဲ၊ ဆယ်ရက်မြောက်တဲ့နေ့က တစ်အိမ်လုံး သန့်ရှင်းသပ်ရပ်နေတာပဲ၊ ကိုယ့်မယ် ပြင်ဆင်ထားလိုက်ရတာ၊ ထမင်းလဲ ချက်ထားရသေးတယ်'

'ကောင်းတယ်'

'နှင်းနော်၊ အဲ . . နေဦး၊ ဟောဒီမယ် နှင်းကြောင့် ဖြစ်တာတစ်ခု ဒီနေ့မနက် လတ်လတ်ဆတ်ဆတ် ဖြစ်တာ'

'ဟဲတော်'

ထီးကလေးနဲ့ ပူးတွဲပစ်ချထားတဲ့ ကို့ သားရေဖိနပ် အပြတ်ကိုကြည့်ရင်း ကျွန်မ ရယ်ချင်လာတယ်။

'ဟောဒီမှာ ကို့ကြောင့် ဖြစ်တာတစ်ခုလဲ ရှိသေးတယ် ကိုလာမကြည့်လို့လေ' ဖိနပ်ပြတ်လေး နှစ်ဖက်ကို ကြည့်ရင်း ကျွန်မနဲ့ကို ရယ်မိကြတယ်။

'ဒါကြောင့် ကားဆရာကြီးက ပြောတာကိုး၊ မိုးတွင်းစီးဖိနပ် စီးရမယ်တဲ့။ နှင်းသဘောပေါက်သွားပြီ။ နှင်းတို့နှစ်ယောက်လုံး ကြက်ပေါင်ဖိနပ်ပဲ ပြန်ဝယ်ရမယ်'

ကျွန်မပြောတာကို 'ကို' က မရယ်ဘဲ ငြိမ်သက်သွားတယ်။ ပြီးတော့မှ ခပ်တိုးတိုးပြောတယ်။

'လခ ထုတ်ဖို့ ဆယ်ရက်လောက် လိုသေးတယ် နှင်းရဲ့'

'နှင်းမှာ ပိုက်ဆံရှိပါတယ်။ ဘ နဲ့ မေကြီးက ပြန်ခါနီး မုန့်ဖိုးပေးလိုက်တာ၊ နှင်းက မတောင်းပါဘူး'

'ကို့' ရဲ့ သက်ပြင်းချသံဟာ သနားစရာ ကောင်းပါတယ်။

ရန်ကုန်ရဲ့ ဩဂုတ်လ မိုးမှောင်ပုံက သိပ်ကြောက်စရာ ကောင်းပြီး မိုးရွာပုံကလဲ ရက်စက်လွန်းပါတယ်။

အံ့ဩစရာ၊ သနားစရာကောင်းတဲ့ လူငယ်လေးတစ်ယောက်ရဲ့ မျက်နှာ။ အခန်းပေါက်ဝမှာ နောက်ပြောင်ရပ်နေသလိုပါပဲ။ ခွပ်ကျယ်အင်္ကျီအဖြူ၊ ပုဆိုးကွက်စိပ်အပြာရောင်လေး တင်းတင်းဝတ်လို့။ အခန်းဝဘောင်မှာ ချည်ထားတဲ့ ဝါယာကြိုးကွင်းထဲမှာ တင်းကျပ်စွာ စည်းနှောင်ပြီးသား ဖြစ်သွားတဲ့ သူ့လည်ပင်းကလေး။ ခေါင်းကလေးငဲ့ပြီး ကြည့်နေသလို မတ်တပ်ရပ်လို့။ သူ သေဆုံးသွားခဲ့ပြီတဲ့။

သေခြင်းတရားကို ကျွန်မ နီးနီးကပ်ကပ် တစ်ခါမှ ရင်မဆိုင်ခဲ့ဖူးပါ။ ကြိုးဆွဲချ သတ်သေခြင်းတဲ့။ အင်မတန် ခါးသီးရက်စက်တဲ့ သေခြင်းမျိုးပဲ။ ဒါကို ကျွန်မ ဘယ်လိုလုပ် မေ့ဖျောက်ပစ်ရမလဲ။

ဩဂုတ်လရဲ့ မိုးတစ်ညနေ။ အိမ်ရှင် အန်တီရဲ့ ရူးရူးဝဲဝဲအော်သံ။ ပြီးတော့ ကျွန်မကို အားကိုးတကြီး ဖက်တွယ်ရင်း အခန်းငှားနေတဲ့ကျောင်းသားလေးတွေရဲ့ အခန်းပေါ်ကို အတင်းကြည့်ခိုင်းတဲ့ အန်တီရဲ့ 'လည်ဝင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ကြိုးကွင်းစွပ်လို့ အန်တီဆင်းပြေးခဲ့တာ။ ကလေးသေပလား၊ သေပလားဟင်တဲ့။ အဲဒီနေ့က ကံဆိုးစွာ ခြံဝင်းထဲမှာ ကျွန်မနဲ့ အန်တီကလွဲလို့ ဘယ်သူမှ မရှိခဲ့ပါ။

နှစ်ယောက်စလုံး ကျောင်းသားလေးကို မထိရဲ မကိုင်ရဲဘဲ 'ကျော်ကျော်စိုး . . . ကျော်ကျော်စိုး' လို့ အကြာကြီး အော်ခေါ်နေတဲ့ အန်တီနဲ့ကျွန်မ ကျွန်မလေ သူ့ မျက်နှာကို အကြာကြီး စိုက်ကြည့်နေခဲ့တာ။ လွန်ခဲ့တဲ့ သုံးရက်လောက်ကပဲ 'အစ်မ၊ ကျွန်တော်ကျိုင်းတုံက ပြန်လာလို့ လက်ဆောင် လာပေးတာ' တဲ့။

ကျွန်မ မမြင်ဖူးသေးတဲ့ ရေနွေးနဲ့ ပြုတ်စားလို့ရတဲ့ ရယ်ဒီမိတ် ခေါက်ဆွဲထုပ် လှလှလေးနှစ်ထုပ်၊ ကျွန်မနဲ့ မနီးမဝေးက ဒန်အိုးအသစ်လေးထဲမှာ ခုထိ ရှိနေသေးတယ်။

ညတွေမှာ တဖျပ်ဖျပ်လန့်နိုးပြီး ကျွန်မအိပ်မပျော်တော့ပါ။ ချောက်ချားတုန်လှုပ်နေတတ်ပြီး ကို့ လက်ကို တင်းတင်းဆုပ်ပြီး အိပ်တဲ့ ကျွန်မကို 'ကို' ကတော့ တဖျစ်တောက်တောက်နဲ့ 'သွားမကြည့်ရဘူး နှင်းရဲ့၊ ဖြစ်မှ ဖြစ်ရလေကွာ' နဲ့ မျက်နှာပျက်နေတတ်ပြီး ကျွန်မ ဘေးနားမှာ ဆေးပေါ့လိပ် တဖွာဖွာနဲ့ ထိုင်စောင့်နေတတ်တယ်။

တစ္ဆေတို့ ဘာတို့ဆိုတာတွေကို ကျွန်မ မယုံကြည်၊ မကြောက်တတ်ပါဘူး။ ဒါပေမယ့် နေ့ခင်းပိုင်း ကို ကျောင်းသွားနေတဲ့အခါ မိုးမှောင်ကျပြီး မိုးတွေ တအားရွာလာရင်တော့ ကျွန်မ ဘယ်လိုအားငယ် တုန်လှုပ်မှန်းမသိဘူး။

မိုးမှောင်ကြီးကျလာရင်လေ ဖြုန်းဆို မှောင်မိုက်သွားတတ်ပြီး ရွာလာရင်လဲ မိုးသံက ကြောက်စရာ။ မိုးသံကို တိုးပေါက်အောင် အော်ခေါ်ဖို့တောင် မလွယ်လှဘူး။

မိုးသံ ဆူညံဖုံးလွှမ်းထားတဲ့ အိမ်လေးထဲက ခြောက်ပေ ကြမ်းစင်လေးပေါ်မှာ မီးလုံး ဝါဝါလေးကိုပဲ အားကိုးရင်း ကျွန်မ တစ်ယောက်တည်း စိတ်အားတင်းပြီးနေရတယ်။ မိုးမှောင်ကို ကျွန်မ မုန်းတယ်။ မိုးသံကို ကျွန်မ မုန်းတယ်။

မိုးသံ တိတ်ဆိတ်သွားတဲ့အခါကျတော့လဲ ကျွန်မတို့ ခြံဝင်းတစ်ဝင်းလုံးဟာ ထူးထူးခြားခြား ငြိမ်သက်နေတတ်ပြန်တယ်။ ကျောင်းသားကလေးနဲ့ အခန်းချင်းကပ်ရက် အိမ်ငှားတွေ ပြောင်းကုန်ကြပြီလေ။



ကို ရော ကျွန်မပါ အိမ်ငှားတွေ ပြောင်းတဲ့အကြောင်းတို့ [illegible] ထည့်မပြောမိဖို့ သတိထားနေကြတယ်။

ကို က ကျွန်မကို နေ့ခင်းမှာ မထားခဲ့တော့ဘဲ ကျောင်းကို ခေါ်သွားတယ်။ ကျောင်း ကင်တီးထောင့်မှာ နှစ်ယောက်သား လက်ဖက်ရည် တစ်ခွက်၊ မုန့်တစ်ခုစီနဲ့ မနက်စာပြီးရင်း ကို စာသင်နေချိန်မှာ ကျွန်မက စာတစ်အုပ်နဲ့ စာကြည့်တိုက်ပေါ်မှာ အချိန်ဖြုန်းရင်းနဲ့ ရက်တော်တော်များများကို နေခဲ့ရသေးတယ်။ ကျွန်မစိတ်တွေ တည်ငြိမ်လာတဲ့အထိပေါ့။

အဲဒီရက်တွေမှာ ကို က ကျွန်မကို စကားတစ်ခွန်းပြောတယ်။ 'နှင်း . . . အိမ်တွေကို ကိုစုံစမ်းကြည့်ပြီးပြီ။ အခန်းတစ်ခန်းကို အိမ်စပေါ်က အနည်းဆုံး ငါးထောင်ဖြစ်နေပြီ'တဲ့။ နှစ်ထောင်ကျော်လောက်ရမယ့် ကျွန်မရဲ့ ဆွဲကြိုးနဲ့ နားကပ်လေးအားကိုးနဲ့ စိတ်ကူးယဉ်ထားတဲ့ ကျွန်မ၊ ဘာမှ မပြောနိုင်ခဲ့ဘဲ စပေါ် သုံးထောင်လောက်နဲ့ ရမယ့် နေရာဟာလဲ ကို လမ်းစရိတ်ကုန်မယ့် နေရာမို့ လခလေးရာထဲက တစ်မတ်အပွန်းမခံရဲတဲ့ ကျွန်မ မစဉ်းစားရဲဘဲ ဘာမှမဖြစ် သလို မျက်နှာမျိုးနဲ့ တစ်ချီတစ်မောင်း အားတင်းရပြန်တယ်။

'ကိုကလဲ နှင်းဖြင့် အိမ်မပြောင်းချင်ဘဲနဲ့၊ ဒီအိမ်လေးပဲ ကောင်းပါတယ်။ နှင်း ခုဆို ဘာမှ မဖြစ်တော့ဘူး၊ ဒီအိမ်လေးမှာပဲ နေမယ်'

www.burmeseclassic.com

www.burmeseclassic.com

၁၉၈၂-ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

'လုပ်ငန်းခွင်ကျွမ်းကျင်' လို့ ရေးထားတဲ့ အခန်းကျဉ်းကျဉ်း လေးပေါ် ကို မတ်စောက်ကျဉ်းမြောင်းတဲ့ လှေကားကနေပြီး ကို နဲ့ကျွန်မ တက်ခဲ့ကြတယ်။ အခန်းထောင့်က စာရေးမလေးဆီမှာ မေးကြည့်တော့ 'ဘာဖြေမှာလဲ' တဲ့။ 'ရာဖြတ်' လို့ ကျွန်မကပြောတော့ အနီးကပ်တစ်လ ကျူရှင်တက်လိုက်ပေါ့တဲ့။ တစ်နေ့တစ်ချိန်၊ တစ်နာရီ သင်မယ်။ မှတ်စုတွေလဲ အပြည့်အစုံရမယ်။ သုံးရာတဲ့။

ငွေသုံးရာ။ ကျွန်မတို့နှစ်ယောက် တစ်လသုံးရတဲ့ ငွေရဲ့ လေးပုံသုံးပုံ ရှင့်လို့ ဘာမှမဆိုင်တဲ့ စာရေးမလေးကို အော်ပြောချင်စိတ် ပေါက်လာတယ်။ နှစ်ယောက်သား ပြန်ဆင်းခဲ့ကြပြီး ထုံးစံအတိုင်း ကိုက မျက်နှာပျက် ငြိမ်သက်လို့ နေတယ်။

ရန်ကုန်မြို့ရဲ့ နာမည်ကြီး အထက်တန်း ကျောင်းတစ်ကျောင်းရဲ့ ခုံ စောင်းလေးတစ်ခုမှာ 'ရာဖြတ်' စာမေးပွဲကို ခပ်တည်တည်နဲ့ ကျွန်မဖြေနေတယ်။ မြန်မာစာမေးခွန်း။ မဆိုးဘူး။ ကျွန်မဖြေနိုင်တယ်။ အင်္ဂလိပ်စာမေးခွန်း။ မခက်လှ ပါဘူး။ သင်္ချာတရားရေးရာနဲ့ အထွေထွေဗဟုသုတမေးခွန်း။ ကျွန်မ ထုံးစ

www.burmeseclassic.com



မဖြေနိုင်တော့ပါ။

အဲဒီနေ့က စာမေးပွဲမဖြေနိုင်တဲ့ ကျွန်မကို ကို က သနားတဲ့ အနေနဲ့ တဲ့ သမ္မတရုံမှာ ဓါတ်ရှင်ပြတယ်။ တစ်လလုံး အသုံးစရိတ်လေးရာနဲ့ လောက်အောင်လို့ မြို့ထဲသွားတဲ့ နှစ်ယောက် ဘတ်စ်ကားစရိတ် တစ်ကျပ်နှစ်ဆယ်ကိုတောင် မသုံးရဲခဲ့တဲ့ ကျွန်မတို့ နှစ်ယောက်ဟာ အင်မတန်ကြိုက်တဲ့ ဓါတ်ရှင်နဲ့ ဝေးခဲ့တာ ကြာခဲ့ပြီ။ စာအုပ်တန်းဘက်ကိုလဲ ခြေဦးမလှည့်နိုင်တာ ကြာခဲ့ပြီး

'မြန်မာ့အသံ အစီအစဉ် ထုတ်လွှင့်ကြေညာသူ' တဲ့။ ဘွဲ့ရသူတိုင်း လျှောက်ထားနိုင်တယ်တဲ့။ စာမေးပွဲကြေး တစ်ဆယ်ပေးနိုင်တဲ့ ဘွဲ့ရသူတိုင်း ဝင်ရောက်ဖြေဆို လျှောက်ထားနိုင်တဲ့ အလုပ်တစ်ခုပေါ့။

ရာဖြတ်ဆိုတာထက် ကျွန်မပိုပြီး စိတ်ဝင်စားတဲ့ အလုပ်ပေါ့။ ရယ်စရာလဲကောင်းတယ်၊ အလုပ်ရှူးနေတဲ့ ကျွန်မဟာ ဘေးအိမ် ရေဒီယိုက အစီအစဉ်ကြေညာသူ အမျိုးသမီးအသံကို သေချာနားထောင်၊တိုးတိုးလေးလိုက်ပြောကြည့်၊ သတင်းကြေညာကြည့်၊ ရာဖြတ်ဖြေတုန်းက ဖြေခဲ့တဲ့ မေးခွန်းတွေကိုပြန်ကြည့်။ ကို့ ကိုလဲ သီချင်းနဲ့ပတ်သတ်တာတွေ ဘာတွေ မေးကြည့်နဲ့။

ဖြေခါနီးမှာ မြန်မာ့အသံက အစ်မကြီးတစ်ယောက်နဲ့ ဆုံတယ်။ သူတာ ပြောတယ်။ ရင်းရင်းနှီးနှီး စေတနာနဲ့ ပြောရရင် မဖြေပါနဲ့တဲ့။ ဒီအလုပ်မျိုးဟာ ကျွန်မတို့လို လူမျိုးတွေအတွက် မဟုတ်ဘူးတဲ့လေ။ ဒါပေမယ့် စိတ်ခပ်ပျက်ပျက် နဲ့ဘဲ ဇွဲမလျှော့စတမ်း ကျွန်မ ဝင်ဖြေခဲ့တယ်။ ဘာဖြစ်ရမလဲ။ ဝင်ဖြေတော့ ကျွန်မ စာမေးပွဲ ကျတာပေါ့။

'မိဘဆရာအသင်း ဆွဲခန့်ဆရာမတဲ့' . . . ။ ရန်ကုန်မြို့လယ်ခေါင်က အထက်တန်းကျောင်း တစ်ကျောင်းမှာတဲ့။ တစ်လ နှစ်ရာ့ငါးဆယ်ရမယ်း



အာမခံချက်မရှိဘူး။ မိဘဆရာအသင်းက ဖြုတ်ပစ်တဲ့အချိန် ဖြုတ်ပစ်လို့ရတယ်။

အလုပ်ရှူးနေတဲ့ ကျွန်မဟာ ဘာကိုမှ စဉ်းစားမနေပါဘူး လျှောက်လွှာ သွားတင်လိုက်တယ်။ ကျွန်မသင်ရမယ့် ကျွန်မမုန်းမယ့် သင်္ချာ တွေကို ပြန်လေ့လာတယ်။

ဒါပေမယ့် ကျွန်မဆီကို လူတွေ့စစ်ဆေးဖို့ ခေါ်စာလေးတောင် ရောက်မလာခဲ့ပါဘူး။

ဘွဲ့ရသူတိုင်း ဖြေဆိုနိုင်သည်ဆိုတဲ့ အလုပ်လေးငါးခု။ စိုက်ပျိုးရေး သုတေသန အရာရှိတို့၊ ဆိပ်ကမ်းအရာရှိတို့၊ အလုပ်ရုံခွဲမှူးတို့၊ သင်္ချာဘွဲ့ရ ကျွန်မ နဲ့မဆိုင်တဲ့ အလုပ်တွေပါပဲ။ ဒါပေမယ့် ကျွန်မ ဖြေခဲ့ပါတယ်။ ဘယ်စာမေးပွဲ မှလဲ မအောင်ခဲ့ဘဲ ဘာအလုပ်မှလဲ ကျွန်မ မရခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com

၁၉၈၃-ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

၈၃ ခုနှစ်ရဲ့ နံနက်ခင်းတစ်ခုဟာ မကြာခင် ကျရောက်လာတော့မယ်။

မနက်သုံးနာရီတိတိ။ ကျွန်မ တစ်စက်ကလေးမှ အိပ်လို့ မရခဲ့ပါ။ တက္ကသိုလ်စာကြည့်တိုက်က ကိုငှားပေးတဲ့ စာအုပ်ငါးအုပ်ထဲက နှစ်အုပ် ကုန်သွားပြီ။

ဒီစာအုပ်ငါးအုပ်ကုန်သွားတဲ့ သန်ဘက်ခါလောက်ကျ ကိုနောက်ထပ် စာအုပ်တွေ ငှားလာလိမ့်ဦးမယ်။ ကျွန်မ ဖတ်ရလိမ့်ဦးမယ်။ ကျွန်မမှာ ရှိနေတဲ့ မြောက်မြားစွာသော အလဟဿ အချိန်တွေကို စာဖတ်ခြင်းနဲ့ ဖြုန်းတီးပစ်ရတာကို ကျွန်မ မကြိုက်ဘူးလား။

ကျွန်မ စာဖတ်ဝါသနာ ပါခဲ့ပါတယ်နော်။ ဟုတ်ပါတယ်။ ဒါပေမယ့် အိပ်ပျက်ညများစွာကို စာအုပ်တွေနဲ့ ဖြတ်သန်းရင်းကပဲ ကျွန်မစိတ်တွေ မတည်ငြိမ်နိုင်ခဲ့ဘူးလေ။ ကျွန်မ စိတ်ဓာတ်တွေ သိပ်ကျနေတယ်။ အနာဂတ် ပျောက်တယ်ဆိုတာ ဒါမျိုးပဲ ဖြစ်လိမ့်မယ်ထင်တယ်။

ခဏနေရင် မိုးလင်းလာမယ်။ မိုးလင်းလာရင် ကျွန်မ အိပ်ရာက ထရမယ်။ မျက်နှာသစ် သနပ်ခါးလိမ်းပြီး ကို့ ကိုနှိုး။ ကို အဝတ်အစား လဲပြီးတာ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ခါ။ ကို့ ရင်ခွင်ကနေ ကျွန်မ ခွာထွက်လိုက်ရင်း

'ကို. . . ဒီတစ်ခါ အတည်ပြောတာနော်၊ မဟုတ်ရင်တော့ နှင်းတလမ်းဘေးမှာ ဈေးသွားရောင်းပစ်မှာ'

ကိုက ကျွန်မကို ကြည့်ပြီး ပြုံးတယ်။

'ကဲပါ. . . စနေသမီးရယ်၊ ကိုယ်တကယ်ရအောင် ရှာပေးမှာပါ။ ခုလောလောဆယ်မှာတော့ နှင်းအိပ်ရမယ်၊ နှင်း ညက မအိပ်ဘူး၊ ကိုယ်သိတယ်။ ဒီတော့ နှင်းအိပ်၊ ဒီနေ့ ထမင်းလဲ မချက်ရဘူး၊ အဝတ်လဲ မလျှော်ရဘူး၊ ကိုယ် နေ့လယ်ပြန်လာတော့ ကျောင်းက တစ်ခုခု ဝယ်ခဲ့မယ်'

'အဲဒီကျတော့ ပိုက်ဆံ. . .'

'ဟင့်အင်း. . .၊ နှင်း ဘာမှ မပြောရဘူး၊ ကိုယ်စီစဉ်တဲ့အတိုင်း နှင်းလိုက်နာရမယ်၊ အိပ် မျက်လုံးမှိတ်ထား'

'နှင်းကလေ. . .'

'အိပ်တော့နှင်းရယ်၊ ကိုယ့်စကားကို နားထောင်စမ်းပါ'

သွားစမ်းပါကိုရယ်၊ နှင်းသိပါတယ်။ ဒါဟာ နှင်းအတွက် ချော့နည်းအသစ်တစ်ခုပါ။

'Castle of sand ထဲက နောက်ဆုံးအခန်းဟာ သိပ်ကောင်းတာနော် နှင်း၊ သူငယ်ဘဝ ခံစားချက်တွေ အကုန်လုံးကို ဩဂတ်စတာ တီးလုံးကြီးတစ်ခုအနေနဲ့ တီးပြသွားတာ၊ အရုပ်တွေကို မကြည့်ဘဲနဲ့ တီးလုံးချည်း နားထောင်ပြီး ခံစားကြည့်ရင်ကို သူ့ဘဝကို ထပ်တူ ခံစားလို့ရတယ်။ သူ့အဖေ ကိုယ်အရေပြားရောဂါသည်ကြီးနဲ့ အိမ်တွေလိုက်တောင်းရတဲ့အခန်းတွေ၊ သူ့အဖေနဲ့ သူခွဲပြီး ဆေးရုံကို သူ့အဖေကြီး ပို့လိုက်တဲ့ အခန်းတွေ၊ ဘူတာရုံမှာ ဖက်ငိုကြတဲ့ အခန်းတွေ။ တီးလုံးကို Compose လုပ်ထားတာ၊ တကယ်ပေါ်လွင်တာနော်'

တက္ကသိုလ်ရိပ်သာလမ်းရဲ့ ညနေခင်းဟာ စိတ်ပျော်နေမယ် ဆိုရင်တော့ ကြည်နူး လွမ်းချင်စရာပါ။ သစ်ရွက်ဝါရွှေ အေးချမ်းငြိမ်သက်တဲ့ ပတ်ဝန်းကျင်၊ ကုံကော်တောက ဥဩချိုမြသံ။ ဒါတွေဟာ ကျွန်မအတွက်တော့ ခါးသီးလို့နေလေသလား။

'. . . . သိလား . . . နှင်း'

ကိုပြောနေတဲ့ စကားတွေကို ကျွန်မ မကြားပါ။ လမ်းလျှောက်နေရာက မြန်းဆို ကျွန်မ ရပ်လိုက်တော့. . .

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်တာလဲနှင်း'

ရုတ်တရက် ရင်ထဲမှာ အလိုမကျ၊ မကျေနပ်၊ အားငယ်နိမ့်ကျ ဝမ်းနည်းစိတ်တွေ ဝင်လာတဲ့ ကျွန်မဟာ. . .

'နှင်းဟာ အလကား အသုံးမကျတဲ့ သာမန်မိန်းမ တစ်ယောက်ပဲ'

'နှင်း . . .'

ကိုက မျက်နှာညှိုးညှိုး ပျက်ပျက်နဲ့ ကျွန်မ လက်တွေကို ဆွဲဆုပ်လိုက်တယ်။

'ဟုတ်တယ်၊ နှင်းဟာ အလကားပဲ၊ နှင်းဘဝဟာ ဒီလိုနဲ့ပြီးသွားမှာ နှင်းသိတယ်၊ ကို နှင်းကို ဘာမှ လာမပြောနဲ့'

'နှင်း . . . ဘာတွေ လျှောက်ပြောနေတာလဲ၊ နှင်း နားလဲလည်ရက်သားနဲ့၊ ကိုယ့်စိတ်ကို ကိုယ်တည်ဆောက်မှပေါ့၊ နှင်းဖတ်တဲ့ စာအုပ်တွေကို နှင်းမရှုက်ဘူးလားဟင်၊ ကမ္ဘာလောကကြီးမှာ နှင်းဘဝထက် ဆိုးရွားကြမ်းတမ်းတဲ့ ဘဝတွေ၊ လူတွေအများကြီးလေ နှင်း၊ နှင်းမှာ နေစရာ ရှိသေးတယ်၊ စားစရာ ရှိသေးတယ်လေ'

'သိပ်မကြာခင် နှင်းလဲ စားစရာရှိချင်မှ ရှိတော့မှာပါ။ နှင်းတို့ လခလေးရာနဲ့ ဘယ်လိုမှ မစားလောက်တော့ဘူး သိလား၊ နှင်း အလုပ်လုပ်ချင်တယ်ဆိုတာ အဲဒါတွေ'

'ကိုယ် နားလည်ပါတယ် နှင်းရယ်၊ အားလုံး ကိုယ့်တာဝန်ထား၊ နှင်း ဘာမှ မစဉ်းစားနဲ့၊ ကိုယ်အားလုံးပြေလည်အောင် လုပ်ပေးမယ်နော် နှင်း'

လေသံ ပျော့ပျောင်းတောင်းပန်ပြန်တဲ့ ကို့ ကို ကျွန်မ မညှာမတာဘဲ ခေါင်းယမ်းပြမိတယ်။

'ဟင့်အင်း . . . နှင်း အလုပ်လုပ်ချင်တယ်'

ကိုက ကျွန်မကို တစ်ခါမှ မကြည့်ဖူးတဲ့ အကြည့်နဲ့ စူးစိုက်ကြည့်နေတယ်။

'နောက်ပြီးတော့ အလုပ်ရှုးနေတဲ့ နှင်းကို ကို့အိမ်က ပိုက်ဆံ တိတ်တိတ်မှာပြီး အဝတ်အစား ဝယ်ပေး၊ စာအုပ်ဝယ်ပေး၊ တိတ်ခွေဝယ်ပေးနဲ့ ချော့လား ပြုလား အလုပ်နဲ့၊ နှင်း အဲဒါတွေလိုချင်တာ မဟုတ်ဘူး၊ နှင်းအလုပ်



လုပ်ချင်တာ၊ ဘဝအတွက် အမီပွါယ်ရှိချင်တာ'

ဒီလိုလေသံ၊ ဒီလိုစကားမျိုးတွေ ကို့ ကို ပြောရလိမ့်မယ်လို့ ကျွန်မ တစ်ခါမှ မထင်ခဲ့ဖူးပါ။

'နှင်းပြောတာ ကိုယ့်ကိုနော်'

ကို့ မျက်နှာကိုကြည့်ပြီး ကျွန်မ ငိုချင်နေရင်းက ခေါင်းညိတ်ပြလိုက်တယ်။ ကိုက ဆုပ်ထားတဲ့ ကျွန်မ လက်တွေကို လွှတ်လိုက်တယ်။

'နှင်း . . . ကိုယ့်ကို နားမလည်တော့ဘူး'

ကျွန်မ မျက်ရည်တွေ လိမ့်ဆင်းကျလာခဲ့တယ်။ ကို့ ကို ကျွန်မ ဒီလို ပြောသင့်ပါသလား။

ကိုဝယ်ပေးတဲ့ ရှားညိုကွက် ရှပ်အင်္ကျီ လက်တိုလေးကို မြင်တာနဲ့ ရုတ်တရက် ကျွန်မ ဝမ်းသာအားရဖြစ်ခဲ့တာပဲ မဟုတ်လား။ စန္ဒရားချစ်ဆွေ လက်သံတီးလုံးခွေကို စာအုပ်အငှားဆိုင်မှာ နားထောင်ရကတည်းက အရူးအမူး ကြိုက်ပြီး ကက်ဆက်ရှိတဲ့အခါ၊ ဒါမှမဟုတ် ကိုယ်နားထောင်ချင်တဲ့အချိန် လက်ဖက်ရည်ဆိုင်မှာ ဖွင့်ခိုင်း နားထောင်ဖို့အတွက် အပိုင်ဝယ်ချင်လိုက်တာလို့ ပြောတာလဲ ကျွန်မပဲ မဟုတ်လား။

ဒါပေမယ့် အိမ်ပြန်တောင်းဖို့ ကြိုးစားနေတဲ့ ကို့ မိဘတွေဆီကနေ ကို ပိုက်ဆံမတောင်းစေချင်ပါ။ နှင်း ဘာပြောရမလဲ ကိုရယ်၊ ကို့ လက်မောင်းကို ကျွန်မမှီတွယ်မိရင်တော့ ကိုက ကျွန်မ မျက်ရည်တွေ သုတ်ပေးတယ်။

'နှင်းစိတ်ကို နည်းနည်းလေး လျှော့လိုက်နော်၊ နှင်း စိတ်ချ၊ နှင်း မကြိုက်တာဆို၊ ကို ဘာမှမလုပ်ဘူး ဟုတ်ပြီလား'

ကို့ ကို ကျွန်မ ခေါင်းညိတ်မပြခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com

၈၃ ခုနှစ်ရဲ့ ရန်ကုန် ဝါဆိုလမှာ ဝါဆိုနံ့ကို ကျွန်မရှာလို့ မတွေ့ဘူးလို့ ထင်တယ်။

ရန်ကုန် ဝါဆိုနံ့ဟာ မိုးနံ့ပဲ။ အညာ ဝါဆိုနံ့ကတော့ မြေသင်းနံ့။ ပြီးတော့ ကျွန်မအတွက် ချစ်သူရဲ့ အနံ့။ ဟိုတုန်းက အနံ့။ အခုနေ ဘုရားကြီးရဲ့ မျက်နှာ သစ်တော်ရေကျချိန်ကို ကျွန်မ ရောက်သွားခဲ့ရင် ဝါဆိုနံ့ကို ချစ်သူအနံ့ လို့ စွဲထင်ရင်ခုန်ဦးမှာလား။

ကိုနဲ့ ကျွန်မကြားထဲမှာ ရင်ခုန်ခြင်းဆိုတာ မရှိနိုင်တော့ဘူးလား။ ဒီလောက် အချိန်ကာလအတွင်းမှာတော့ ပျောက်ကွယ်မသွားသင့်ပါဘူးလေ။

ရန်ကုန် ဝါဆိုမိုး ခပ်သည်းသည်းရွာနေပုံဟာ အညာသီတင်းကျွတ်မိုး ကို လွမ်းစေပါတယ်။ အညာက သီတင်းကျွတ်၊ တန်ဆောင်မုန်းကျမှ မိုးသည်း သည်းရွာတတ်တာ။

ဘုရားပွဲတွေမှာ မိုးလွတ်ဖို့ ဆုတောင်းကြရတာနော်။ မနေ့က ရောက်လာတဲ့ ဖေဖေရေးလိုက်တဲ့ စာလေးကို ကျွန်မ တတိယအကြိမ်မြောက် ထုတ်ဖတ်ချင်လာပြန်တယ်။

'. . . သမီးတို့နဲ့ မတွေ့ရတာကြာလို့ အိမ်သားအားလုံးက လွမ်းနေကြ



သည်။ သမီးအမေကြီးကတော့ ဝါတွင်းမှာ ဘုန်းကြီးကျောင်း ဆွမ်းချိုင့်ပို့ စီစဉ်ရင်း သမီးငယ်ငယ်တုန်းက ဝါတွင်းဥပုသ်စောင့်သွားရင် ဆိုးတာတွေ ပြောပြီး လွမ်းနေလေရဲ့။ ဝါဆိုလပြည့်နေ့ကြီး၊ ဘုန်းကြီးတွေဆွမ်းခံ ညချင်းသုပ်ကို မစားရလို့ ဘုန်းကြီးကျောင်းအောက်ထပ်ဆင်းပြီး စိတ်ကောက်တာ သူ့အကျင့်အတိုင်း အုတ်သမံသလင်းပေါ်မှာ လှိမ့်လိုက် တာ တစ်ခါတည်း မချစ်စု ပြောင်းဖူးဖက်ဆေးလိပ်မီးနဲ့ လက်ကောက်ဝတ်နဲ့ သွားတွေ့တာပဲတဲ့။ သူ့ ညာဘက် လက်ကောက် ဝတ်မှာ အမာရွတ် သေရာပါရောတဲ့။ ခုတော့ သမီးတို့ ငယ်ငယ်ကလို မေကြီးတို့လဲ ဘုန်းကြီး ကျောင်းသွားပြီး ဥပုသ်မစောင့်ကြတော့ဘူး။ တခြားသူတွေလဲ တတ်နိုင် တဲ့သူက ပို့ကြတော့တယ်။ လူတွေ စိတ်ပျော်ရွှင် လန်းမှုလဲ စီးပွား ရေး အခြေအနေကောင်းပြီ ကျောင်းကန်ဘုရား စည်ကားသိုက်မြိုက်တာကွယ်။

မနှစ်က သီတင်းကျွတ်ဘုရားပွဲတုန်းကလဲ သမီးနဲ့သားကို အထူးသတိ ရကြပါသည်။ ဘုရားပွဲကတော့ ပြောပလောက်အောင် မဟုတ်တော့ပါဘူး။ လူတွေရဲ့ စီးပွားရေး အခြေအနေကြောင့် ယခင် သံယာ အပါး တစ်ရာ့တစ် ဆယ်ကနေ ငါးဆယ့်ငါးပါးပဲ ဆွမ်းလောင်းနိုင်တော့သည်။ သမီးတို့ ငယ်ငယ်ကလို အတီးအမှုတ်၊ အငြိမ့်များ ပါဖို့ဝေး။ တချို့အိမ်တွေ ဧည့်တောင် မခံနိုင်ကြ။ ဖေဖေတို့လဲ ဆန္ဒင်းမကင်း၊ စိန်ဖေကြီးနဲ့ လက်ဖက်ပဲ လက်ဖရည်တိုက်နိုင်တယ်။ ထမင်းမကျွေးဘူး။

ဖေဖေ့စာထဲမှာ ပါသလိုဆိုရင်တော့ ကျွန်မ အမြဲလွမ်းခဲ့ရတဲ့ အညာဝါဆို နဲ့ အညာသီတင်းကျွတ်ဟာ ပျော်စရာ မကောင်းတော့ဘူးပေါ့နော်။

ဝါတွင်းဥပုသ်စောင့်ပရိသတ်ရဲ့ တခဲနက် ဘုရားရှိခိုးသံ။ ဆွမ်းစဉ်က သူ့ဖွယ်တွေ၊ စားစရာတွေ၊ ဆွမ်းစားကျောင်းပေါ်မှာ ပြည့်လျှံနေတဲ့ ဆွမ်းအုပ် တွေ၊ ဆွမ်းချိုင့်တွေ၊ တစ်ကျောင်းလုံး သင်းပျံ့နေတတ်တဲ့ ဆွမ်းစဉ် ဘဲဥကြော်နံ့ သာကူယိုနံ့။

ပြီးတော့ ဘုရားပွဲရဲ့မုန့်နံ့။ သဲသောင်ပြင်ပေါ်က အငြိမ့်ပွဲခင်းကြီး ညဉ့်နက်တဲ့အထိ ဝင်ထွက်သွားလာ စားသောက်နေကြတဲ့ ဘုရားပွဲဟာ ဝရှိ သက်။ ဒါတွေကို နောင် မမြင်ရတော့ဘူးလား၊ မတွေ့နိုင်တော့ဘူးလား။ သိပ်

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းစရာကောင်းတာပဲ။ ဘာဖြစ်လို့များ ဒီလိုဖြစ်ခဲ့ရတာပါလိမ့်၊ မဖြစ်သင့်ပါဘူးနော်။

ကြမ်းစင်အိပ်ရာပေါ်က ကျွန်မ မျက်နှာပေါ်ကို ပိုသည်းလာတဲ့ မိုးစက်လေးတွေ ကဲလား တံခါးပေါက်ကနေ အတင်းခုန်ဝင်လာကြတယ်။ ကဲလားတံခါးလေးကို ပိတ်လိုက်တော့ တစ်အိမ်လုံး မှောင်သွားပြီး မီးလုံးဝါလေးကို ဖွင့်ရပြန်တယ်။

ရန်ကုန်မိုးဦးကလဲ ကြောက်စရာကောင်းလှချည်လားကွယ်။ ကို တော့ ကျောင်းအပြန် မိုးမိတော့မှာပဲ။ ရန်ကုန်မိုး နှစ်မိုးဒဏ်နဲ့ စုတ်ချာပေါက်ပြဲနေတဲ့ ကျွန်မရဲ့ နှစ်ဆစ်ချိုး ခေါက်ထီးလေးနဲ့ ကို ပြန်လာလိမ့်မယ်။ ကို့ ကို ကျွန်မချစ်ပါတယ်။ စောင်းလေးရယ်. . . မင်းသိပါတယ်လေ။

အိပ်ရာဘေးက ဖတ်လက်စစာအုပ်ကို ကောက်ယူ၊ ရင်မှာပွေ့ဖက်ထားရင်း ကျွန်မ မျက်လုံးတွေ မှိတ်ထားမိတယ်။ ကျွန်မရင်ထဲမှာ နူးနူးညံ့ညံ့လေး လှုပ်ရှားနေတယ်။ ဟင့်အင်း . . . ကျွန်မ စာမဖတ်ချင်ဘူး။

အဲဒီနေ့က အိမ်မှာ ဘောလ်ပင်မရှိလို့ အပ်ချည်ဘူးထဲက ခဲတံလေးနဲ့ ကျွန်မ ဝတ္ထုလေးတစ်ပုဒ် စ ရေးမိတယ်။

# ၁၉၈၄-ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

လိမ္မော်ဝါရောင် ညရထားကြီးနဲ့ ကျွန်မရဲ့ ဒုတိယအကြိမ် အညာပြန် ခရီးမှာတော့ ကျွန်မဘေးမှာ ကို ပါတယ်။

နှစ်နှစ်ကျော် အိမ်မပြန်ဘဲ နေခဲ့တဲ့ ကျွန်မ တစ်ယောက်ဟာ တကယ်ပဲ ရင့်ကျက်တဲ့ မိန်းမတစ်ယောက် ဖြစ်ခဲ့ပြီလား။

၈၄ ခုနှစ်ရဲ့ ပွန်လမိုးရေစက်တွေက အညာပြန် ကျွန်မကို လိုက်ပို့ နှုတ်ဆက်ကြတယ်။

ရိုးရိုးတန်း ထိုင်ခုံထောင့်လေးမှာ ကွေးကွေးလေး မှီထိုင်ရင်း ရင်ခွင်ထဲက ပေဖူးလွှာ မဂ္ဂဇင်းကို ကျွန်မ တဖျပ်ဖျပ် လှန်လှောတော့။

'နှင်းမှာ ဖတ်စရာစာအုပ် တစ်အုပ်ပဲ ရှိတယ်နော်'

'သွား . . .'

ကို့ ကို ကျွန်မတွန်းဖယ်လိုက်ရင် ရှက်ရယ် ရယ်မိတယ်။

၁၉၈၄၊ မတ်လ၊ ပေဖူးလွှာ မဂ္ဂဇင်းကို ကျွန်မဖတ်နေတာ သုံး[illegible] ရှိနေပြီ လေ။ အို. . . ဘယ်သူပြောပြောပေါ့နော်။ အဲဒီမဂ္ဂဇင်းထဲမှာ [illegible] ဝတ္ထုလေးပါတယ်။ သိရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



တိုက်တိုက်ဆိုင်ဆိုင် ကျွန်မတို့ အိမ်ထောင်သက် သုံးနှစ်ပြည့်တဲ့ ဧပြီ ခုနှစ် မတ်လ သုံးရက်နေ့မှာ မဂ္ဂဇင်းလေးကို ကိုင်ပြီး ကျောင်းကနေ ကို အပြေး ပြန်လာတော့ ကျွန်မ ဘယ်လောက်ပျော်ခဲ့ရသလဲ။

ပျော်ရွှင်တုန်ယင်နေတဲ့ လက်တွေနဲ့ မဂ္ဂဇင်းစာရွက်လေးတွေကို တစ်ရွက်ချင်း လှန်လှောနေရတဲ့ အချိန်ကို ကျွန်မ ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ပါ။

ပေဖူးလွှာ မဂ္ဂဇင်းရဲ့ ကျဉ်းမြောင်းမတ်စောက်တဲ့ လှေကားကျဉ်းလေး ကို တက်နေရတဲ့အချိန်။ လက်ဆောင် မဂ္ဂဇင်းလေးကို လှမ်းယူတဲ့အချိန်။ ကျွန်မ ရင်တွေ တဒိတ်ဒိတ် ခုန်ပြီး လက်ဖျား ခြေဖျားတွေ အေးစက်နေခဲ့တယ်။ ပြီးတော့ စာမူခတဲ့။ ငါးကျပ်တန် အသစ်လေးတွေ ဆယ့်ငါးရွက်ကို ကြည့်လို့ မဝနိုင်ခဲ့ပါ။ ကျွန်မ ပိုက်ဆံအိတ်အနက် ဇစ်အိတ်လေးထဲမှာ စာအိတ်လေး အတိုင်း ရှိသေးတယ်။

'နှင်း . . . ထမင်းမစားတော့ဘူးလား'

'ကို. . . နော်'

မျက်မှန်အောက်က ကို့ မျက်လုံးတွေက ကျွန်မကို ပြုံးကြည့်နေကြ တယ်။

'နှင်းကို ဒီလိုပဲ ကိုယ်အမြဲ မြင်ချင်တယ်'

'. . . . . . . . . . . .'

'နှင်း မျက်နှာငယ်နေရင်၊ မျက်ရည်ကျနေရင် ကိုယ် တကယ်မနေ တတ်တာ သိလား'

'သိပါတယ်'

'ကိုယ့်ကို မနောက်နဲ့၊ ခွေးမလေး'

ကိုက ကျွန်မလက်ကို ဆွဲဆိတ်တယ်။ လိမ္မော်ဝါရောင် ရထားကြီး တံတားတစ်ခုပေါ် ဖြတ်တဲ့ အသံတဝေါဝေါက ကျွန်မရယ်သံကို ဖုံးအုပ်ပစ်လိုက် တယ်။

'နှင်း စာရေးဖြစ်တာ ကိုယ် သိပ်ဝမ်းသာတာပဲ။ နှင်း စာတွေအများ ကြီး ဆက်ရေးရမယ်'



'အို. . . နှင်းဖြင့် ဘာမှလဲ မဟုတ်ဘဲနဲ့၊ နှင်း အများကြီး ကြိုးစားရဦး မှာ၊ စာရေးဆရာဆိုတဲ့ အင်မတန် ကြီးကျယ်မြင့်မြတ် မြတ်နိုး ချစ်ခင်ရတဲ့ ဘဝကို နှင်းရနိုင်ပါ့မလား ကိုရယ်. . .'

'ဘာဖြစ်လို့ မရနိုင်ရမှာလဲ နှင်းရယ်'

'ဟင့်အင်း'

ကျွန်မ မယုံကြည်နိုင်စွာဘဲ ကို့ ကို ခေါင်းရမ်းပြမိတယ်။

'နှင်းဝတ္ထုလေးကို ကို ကြိုက်တယ်'

'နှင်းမှာ အမာခံ ပရိသတ် တစ်ယောက်တော့ ရှိပြီပေါ့နော်'

'ကိုယ်တကယ် ပြောတာကွ၊ နေဦး နှင်း ဘာလို့ အချစ်ဝတ္ထု မရေးတာ လဲ'

'နှင်းမရေးချင်လို့ပေါ့။ အချစ်အကြောင်းကို ကို့ ဆီရေးတဲ့ ရည်းစားစာ တွေထဲမှာ နှင်းရေးခဲ့ပြီးပြီလေ'

ကိုက ကျွန်မမျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေတယ်။

လိမ္မော်ဝါရောင် ညရထားကြီးရဲ့ မီးရောင်တွေ တဖျပ်ဖျပ် လင်းပွင့်လာ ကြတယ်။ ရထားပြင်ဘက်မှာ မှောင်ရိပ်သန်းစ ပြုနေပြီ။

မိုးမလင်းတလင်းမှာ ရထားကြီး ကျောက်ဆည်ကို ဖြတ်တော့ ကျွန်မ ရင်ခုန်စ ပြုလာတယ်။ ကျွန်မ ဒီလေ၊ ဒီမြေ၊ ဒီအနံ့ အသက်တွေနဲ့ နှစ်နှစ်ကျော် ခွဲခွာနေခဲ့ရတာ။ အားလုံးဟာ ဘာမှ မပြောင်းလဲသလိုပါပဲ။

'နှင်းရေ. . . ဒုဋ္ဌဝတီ ရေပြည့်နေပြီ၊ တွေ့လား'

မြစ်ငယ်တံတားပေါ်ဖြတ်တော့ ကို က ဝမ်းသာအားရအော်တယ်။ ရောဝတီနဲ့ ပေါင်းဆုံဖို့သွားမယ့် ဒုဋ္ဌဝတီမြစ်ရေ နီနီရဲရဲတွေ။ ရေကြီးချိန်ဟာ မကြာခင် ရောက်လာတော့မှာပေ့ါ။

မြစ်ငယ်၊ တံခွန်တိုင်၊ မြို့ဟောင်း၊ ရှမ်းစု။ ရှမ်းစုဘူတာရဲ့ အရှေ့ဘက် က ကျောက်ခဲထူထပ် ကြမ်းတမ်းတဲ့ လမ်းကလေးကိုကြည့်ဖို့ ကိုရော ကျွန်မပါ မေ့နေခဲ့တယ်။

ဘူတာကြီးကနေ တရုတ်တန်းကို ဖြတ်ရင်တော့ ဟိုတယ်ခေါင်ဘ အစ်မကြီး မခင်မှတ်နဲ့ တွေ့ခဲ့တဲ့ ဖိနပ်ဆိုင်လေးကို ကျွန်မ ကြည့်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးကို မတွေ့ရပါ။

လမ်းချိုးအကွေ့က ဆွေဆွေတို့ မြီးရှည်ဆိုင်လေးလဲ မရှိတော့ပါ။ လှုပခန်းညားလှတဲ့ တရုတ်စားပွဲရုံ အကြီးကြီးကိုပဲ တွေ့ရတယ်။ မန္တလေးမြို့ရဲ့ မြင်ကွင်းသစ်ဟာ တိုက်သစ်အိမ်သစ်၊ စားပွဲရုံအသစ်တွေ။

ကျွန်မ မရှူရှိုက်ရတာ ကြာပြီဖြစ်တဲ့ တရုတ်တန်းရဲ့ မုန်ညှင်းချဉ်နံ့ဟာ စူးစူးဝါးဝါး မွှေးပျံ့နေတယ်။ နှစ်နှစ်ကျော်၊ သုံးနှစ်တွင်းမှာ မန္တလေးဟာ ပြောင်းလဲခဲ့ပြီပဲ။

မပြောင်းလဲခဲ့တာကတော့ ရေဦးပေါက်ရင် ပြောင်းရွှေ့ရတဲ့ ကျွန်မတို့ရဲ့ သပြေတန်းခံတပ်က အင်းဝ ကူးတို့ဆိပ်လေးပေါ့။ ပြောင်းရွှေ့လာကာစ ဈေးဆိုင် တဲအိုလေးတွေ၊ ညောင်ပင်အောက်မှာ ငိုက်မြည်းလှူစောင့်နေတဲ့ အမှတ်(၈) ဘတ်စ်ကားအိုကြီးတွေ၊ ပြီးတော့ စက်လှေကို အနိတုဖက်ပြိုင်နေဆဲ ငှက်အိုလေးတွေ။ အားလုံးဟာ အရင်အတိုင်းပါပဲ။ ကျွန်မ မှတ်မိနေတဲ့ အမှတ်(၈)ကားဒရိုင်ဘာကြီးတောင် ဆံပင်တွေဖြူပြီး ရုပ်တွေ ကျသွားတာကလွဲရင် သူမောင်းနေကျ ကားအိုကြီးပေါ်မှာ ရှိနေသေးတယ်။ ကိုရော ကျွန်မပါ ငှက်စီးချင်တာနဲ့ ငှက်ဆိပ်ကို ဆင်းခဲ့တော့. . . .

'နှင်းနှင်း မဟုတ်လား'

ကျွန်မတို့ကို ခရီးဦးကြိုပြုတဲ့ ဆံပင်ဖြူဖြူနဲ့ ငှက်သမားအဘိုးအိုကြီးဟာ ဘုရားပွဲမှာ ဦးရွှေရိုးနဲ့တွဲကတဲ့ မိန်းမလုပ်တဲ့ ဘကြီးလှဆောင်။

'အလည်ပြန်လာကြတာလား'

'ဟုတ်ကဲ့ . . . ဘကြီး'

'ဘိုးကျောက်ကတော့ ဝမ်းသာမှာပေါ့ဗျာ'

'ဘ' လို့ ကျွန်မရင်ထဲမှာ တိုးတိုးလေး ခေါ်ကြည့်မိတယ်။ ဒီနေရာတွေဟာ အရင်တုန်းကတော့ ဘ သွားလာလှုပ်ရှားခဲ့တဲ့ နေရာတွေပေါ့လေ။

ဒုဋ္ဌဝတီမြစ်ရေ နီကျင်ကျင်ထဲမှာ ခါးတစ်ပိုင်းမြုပ်လို့ ငါးထောင်နေကြတဲ့သူတွေနဲ့၊ လှေကလေးတွေနဲ့ ပိုက်ချနေတဲ့သူတွေက ငှက်ခတ်လာတဲ့ ဘကြီးလှဆောင်ကို လှမ်းနှုတ်ဆက်ကြတယ်။

'အဲဒါ အရင်တုန်းက ယက္ကန်းလုပ်ကြတဲ့သူတွေပေါ့ကွာ' တဲ့။



ဘကြီးလှဆောင်အသံက ဝမ်းနည်းနေတဲ့အသံ။ ကမ်းပါးစပ်လေးတွေမှာတော့ ကြိုးစားပမ်းစား ရှေကျင်နေကြတဲ့ နေလောင် အသားမည်းမည်း လူထောင်းထူး

နေဝင်မြင်သည်၊ ဝရွှေပြည်ကို၊ ဆီးရည်ပတ်ချုပ်၊ မှိုင်းလျှက်ချွန် ပုညတောင်ဆီ၊ ရည်လျက်မလင်း၊ မဝင်းအုံ့မှိုင်း၊ ကွန်းများထင်ခွန် နန်းဗိမာန်ကိုတဲ့။

ရှင်ထွေးနားသိမ်ရဲ့ ကြီးကျယ်ခမ်းနားသာယာလှတဲ့ အင်းဝနေပြည်တော်ကို လွမ်းတဲ့အလွမ်းလေ။

တဖြည်းဖြည်းနဲ့၊ ဟောင်းနွမ်းယိုယွင်း၊ အိုမင်းခဲ့ရတဲ့၊ အင်းဝနေပြည်တော်၊ ခုချိန်မှာ . . . အင်းဝနေပြည်တော်ဟာ အရင်ကထက်ပိုပြီး ဟောင်းနွမ်းယိုယွင်း၊ အိုမင်းခဲ့ပြီလား။

ရေပြည့်လျှံနေတဲ့ ကမ်းပါးကို ငှက်ကလေး ငြိမ့်ခနဲ ဆိုက်တော့ ကျွန်မရင်ထဲ ထိတ်ခနဲ ဖြစ်သွားတယ်။ ကျွန်မတိမ်ကို ပြန်ရောက်ပြီ။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

"မမနှင်းတို့ လာတယ်ဟေ့" တဲ့။

မောင်လေးရဲ့အသံ။

"ဟုတ်တယ်ဟေ့" ဆိုတဲ့ ညီမလေးတွေ အသံ။

ပြီးတော့ အိမ်ရှေ့ကို ပြေးထွက်လာကြတဲ့ ဖေဖေ၊ မေမေ။

'ဘနဲ့ မေကြီးရော ဘယ်မှာလဲ'

လူတွေကြားကနေ ကျွန်မ ထိုးထွက်လိုက်တယ်။

'ဘ'

မယုံနိုင်လောက်အောင် အိုမင်းပိန်ကျနေတဲ့ ဘ ဟာ အရှေ့အိမ်လှေကားကနေ ကျွန်မဆီလာဖို့ ကြိုးစားနေတယ်။

ဘ ဆီ ပြေးပြီး ကျွန်မပွေ့ဖက်လိုက်တဲ့ အချိန်မှာ ဘ ရှိုက်ကြီးတငင်ငိုနေပြီ။ ဘရယ် . . . အရင်တုန်းက ဘ သတ္တိတွေ၊ အားအင်တွေ၊ တက်ကြွတဲ့အပြုံးတွေ၊ ဘယ်ကိုရောက်သွားကြပြီလဲ . . . ဟင် . . .။

"အဖေကလဲ ကလေးတွေ စိတ်မချမ်းသာအောင် မငိုပါနဲ့အဖေရယ်"

မေမေက ကျွန်မလက်ထဲကနေ ဘကို လာတွဲတယ်။ ဘဘ



ကလေးတစ်ယောက်လို မျက်ရည်တွေ သုတ်ရင်း နှုတ်ခမ်းပါးတွေ တဆတ်ဆတ်တုန်လို့။ "ဝမ်းနည်းနေတတ်နေတယ်။ ဝမ်းနည်းတတ်နေတယ်" တဲ့။ ကျွန်မရင်ထဲမှာ နင့်ပြီးနာကျင်နေတယ်။ မေကြီးရော ဘယ်မှာလဲ။

"ငါ့သမီး . . . ဘယ်မှာတုံး"

မေကြီးကို အိမ်ပေါ်ကနေ ညီမလေးနှစ်ယောက် တွဲချလာကြတယ်။ မေကြီးလက်မှာ တောင်ဝှေးနဲ့။

"သမီးမေကြီးရဲ့ မျက်စိတွေ သိပ်မှုန်သွားပြီ၊ မမြင်ရတော့ဘူး"

"မမြင်ရတော့ဘူး၊ ဟုတ်လား မေမေ၊ ဟင့်အင်း . . ကျွန်မ မယုံပါဘူး။ မေမေညာပြောတာပါ။ မေမေညာပြောတာ။

"မေကြီး"

မေကြီးရင်ခွင်ထဲကို ကျွန်မ တိုးဝင်လိုက်တယ်။ ဝမ်းပန်းတနည်းရှိုက်နေတဲ့ ကျွန်မ မျက်နှာကို ပွတ်သပ်ကိုင်တွယ် စမ်းကြည့်နေတဲ့ ကျွန်မရဲ့ မေကြီးဟာ တကယ်ပဲ ကျွန်မကို မမြင်တော့ဘူးပေါ့နော်။

မေကြီးရယ် . . . မေကြီးကို ပြဖို့ သမီးယူလာတဲ့ ပေဖူးလွှာ မင်္ဂလာစာအုပ်လေး သမီးအိတ်ထဲမှာရှိပါတယ်။ ။

**နုနုရည်အင်းဝ**

www.burmeseclassic.com